www.burmeseclassic.com

# လရောင်ကျူးရင့်

အဲ့ဒီမှာ စခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


ထုတ်ဝေသူ - ဦးကျော်ထွေး (၀၁၄၉၀)
ရွှေညာထိလင်းစာပေ၊ ၃၉/၄၄လမ်း။
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ - ဒေါ်နွဲ့နွဲ့ရီ (၀၀၇၁၁)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၆၆)၊ ပြည်တော်အေးလမ်း။
လေးထောင့်ကန်ရပ်ကွက်၊ သဃ်္ဃန်းကျွန်း
ရန်ကုန်မြို့။

အကြိမ် - ပထမအကြိမ်
၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀/-

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

လရောင်ကျူးရှင့် ၈၉၅.၈၃
အဲ့ဒီမှာ စခဲ့တာ/ လရောင်ကျူးရှင့်၊
ရန်ကုန်။ ရွှေညာထိလင်းစာပေ၊ ၂၀၁၅။
၃၂၀ စာ.၊ ၁၅ စင်တီ x ၁၈ စင်တီ ။
(၁) အဲ့ဒီမှာ စခဲ့တာ




## အခန်း (၁)

"မောင်ကောင်းစားတော့ နှမ မီးဖိုချောင်တဲ့ .."

"လာပြန်ပြီ အမေရာ .."

"ဟဲ့ကောင် .. နင် ငါ့စကားပြောရင် လက်ခါခြေခါနဲ့ 'အမေရာ' [illegible]တာကိုပြင်စမ်း .."

"ဒါပဲ .."

"အဲဒီ ဒါပဲဆိုတာရောပဲ .."

ဒေါ်ကြင်ကြင် က ဒေါသထွက်တာနှင့် ကြိမ်လုံးကိုလက်ကရောက် [illegible]သွား ..။

"နောက်တစ်ခါ ငါ့စကားကို ဖြတ်ပြောကြည့် .. ဟွန်း .."

'ဟွန်း' ဆိုတဲ့ အသံကိုလိုက်တုပြီး မျက်နှာကိုငုံ့ချ၍မဲ့သည်။ [illegible]က မမြင်ပေမယ့် ရာရာ က မြင်သည်။ ထို့ကြောင့် မောင်မောင်ဦး [illegible] ဘဲတောင်နဲ့လှမ်းတို့၍ မျက်ရိပ်ပြ၏။

မောင်နှမနှစ်ယောက်ကို ထမင်းကျွေးပြီးဆို အမေက သယ်တော့မှ

www.burmeseclassic.com



ဝင်မစားပေ။ ထမင်းပွဲသောနှာထိုင်၍ တစ်နေကုန်စုဆောင်းခံစားမိခဲ့တာတွေကိုပြောမည်။

နားမထောင်ဘူးထင်ရင်လည်း မကြိုက် ..၊ နားထောင်အာရုံစိုက်မိလို့ ထမင်းစားတဲ့နေရာမှာ နှေးကွေးသွားရင်လည်း မကြိုက်ချင် ..။

"စားလည်းစား နားလည်းထောင်လေ .. ဘာလဲ .. ဘာတွေစားထားလို့လဲ ..၊ ငါ ချက်တာ မကောင်းလို့လား .."

စသဖြင့်သော မေးခွန်းတွေကို အပိုဖြေရှင်းနေရတာလည်းရှိ၏။ တကယ်တော့ အမေ့ကို ရာရာ တို့မောင်နှမ ဂရုစိုက်အလိုလိုက်နေခဲ့ကြတာ အမေ့ ရောဂါကြောင့်ပါ။

ရောဂါဆိုတာလည်း ဆရာဝန်ဆီပြေးပြလို့ ချက်ချင်းသက်သာသွားနိုင်သည့်ရောဂါမျိုးမဟုတ် ..။

အဖေ တက္ကစီမောင်းရင်း ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံးသွားခဲ့သည်။ အဖေ့အလောင်းကိုမြင်တော့ အမေက သွေးနုသားနုဖြစ်၏။

ရာရာ့ အောက် ညီမလေးကို မွေးဖွားပြီးစ သုံးရက်ပဲရှိသေးသည်။ ဒါပေမယ့် ကလေးကလည်း အပြင်မှာ အသက်တစ်ရက်ပဲရှင်သည်။ ကလေးကလည်းဆုံး၊ အဖေ့အလောင်းကို လှမ်းမြင်လိုက်ရသဖြင့် အမေ့စိတ်တွေ ဟိုအရင်ကဆို တော်တော်ကို ကသောင်းကနင်းဖြစ်နေခဲ့သည်။

ဆွေမျိုးသားချင်းတွေက ဝိုင်းဝန်းဖေးမပြီး ဆေးကုပေးကြ ဂရုစိုက်ကြမို့ တဖြည်းဖြည်းတည်ငြိမ်လာခဲ့ပေမယ့် ဒီနေ့ ဒီပုံစံလေးအတိုင်း မှန်တာလေးတော့ သိသာစွာကျန်ရစ်ခဲ့၏။

"ရာရာ .."

"ရှင် .. အမေ .."

"ညည်းလည်း ဒါပဲ .."

"ဟင် .."

တွေးနေတုန်းမို့ ခေါ်လိုက်တာကို ကမန်းကတမ်းပြန်ထူးလိုက်ရ



လည်း အပြစ် ..၊

"ခေါ်လိုက်ရင် .. 'ရှင် .. အမေ ' .."

"ပြန်ထူးတာပဲကို အမေကလည်း .."

"အေးလေ .. ထူးတာပဲ၊ ဘေးလူကြားရင်တော့ ဒီကောင်မလေး ညက်ညောလိုက်တာ၊ ယဉ်ကျေးပြေပြစ်လိုက်တာပေါ့ .."

ရာရာ့ မျက်နှာလေး မသိမသာမှဲ့သွားတော့ မောင်မောင်ဦး က ထမင်းဝါးနေသည့် မျက်နှာကိုငုံ့ချပြီး တခွီခွီရယ်၏။

"ဟိုကောင် ဘာဖြစ်တာလဲ .. ထမင်းနင်သွားပြီ၊ ကျောကုန်းကိုထုပေးလိုက်စမ်း .."

"ဟာ .. ဟိုး .. ဟိုး .."

ထမင်းဝါးလက်စနဲ့ စကားမပြောနိုင်ဘဲ ကိုယ့်ကိုယ်ကိုယ် ဘေးတိမ်းလိုက်ပြီး လက်ကာသည်။ ပြီးတော့ မျက်နှာက ရယ်ချင်ပက်ကျိနှင့် ..၊

"မလုပ်နဲ့ .."

"အမေ့သားကြီး ထမင်းနင်နေတာမဟုတ်ဘူး .."

ရာရာ က မျက်စောင်းလေးရွယ်ပြီးတိုင်သည်။

"ရာရာ အဆူခံရလို့ အားရနေတာပါ .."

"ဟုတ်သလား .."

"အေး .. ငါပြောချင်တာ အဲဒါပဲ .."

သတိတွေဘယ်လောက်မကောင်းပါစေ သူပြောချင်တာကို ညကစားထားမိလျှင် စာနဲ့ရေးမှတ်ထားပြီး မနက်ကျပြောဖြစ်အောင်ပြောသည်။

တစ်ထိုင်တည်းပြောလက်စ စကားဆိုလျှင်တော့ ဒီစကားပြတ်သွားအောင် ဘယ်လိုအာရုံလွှဲပစ်ဖို့ကြိုးစားကြိုးစား အလကား ..၊

"ညီမလုပ်သူကတော့ .. သူ့အစ်ကိုကို ရိုက်နေရင် အတင်းပြေးကာတယ်၊ မရိုက်ပါနဲ့လို့ တောင်းပန်ပေးတယ်၊ အစ်ကိုကတော့ ညီမ အဆူခံရတာကို ကျေနပ်နေလိုက်တာ ..

www.burmeseclassic.com

www.burmeseclassic.com



"ဟာ .. အမေရာ .."

"ကြည့် .. ပြောပြန်ပြီ .."

"မပြောတော့ဘူး .."

"မပြောတော့ဘူး ပြန်ပြောလိုက်တာ မလေးစားတာပဲ .."

နောက်ထပ် စကားထပ်ပြောမိလျှင် နောက်ထပ်အပြစ်ထောက်ဦးမှာမို့ နောက်ဆုံးထမင်းတစ်လုတ်စာကို ပါးစပ်ထဲထိုးသိပ်ထည့်ပြီး လက်ဆေးလိုက်သည်။

"အံမာ .. ဒါက ဘာစတိုင်လ်နဲ့လဲ .."

"စားလို့ပြီးပြီလေ .."

"ဒါတိုင်းဆို ထပ်ထည့်နေကျ .."

"ဒီနေ့ ဝသွားလို့ပါ .. နေ့တိုင်း ပုံမှန်ကြီး နှစ်ခါထည့်နေတာလည်း မဟုတ်ဘဲနဲ့ .."

"အေး .. ဝသွားလည်း လက်သုတ်ပြီး ထမသွားနဲ့ .. ငါပြောတာကို နားထောင်ဦး .."

"ငါးတွေနဲ့ စားထားတာ .. ဆပ်ပြာမွှေးနဲ့ သွားဆေးဦးမှပေါ့ .."

"သွားဆေးပြီး ချက်ချင်းပြန်လာ .. ငါပြောတာကို နားထောင်ရမယ် .."

သေပြီ ...။

မောင်မောင်ဦး မျက်နှာလွှဲပြီးမှ မဲ့သွားသည်။ ကိုယ့်ကို ဆူခံထိမှာ သိသိကြီးနဲ့ ပြန်လာပြီး နားထောင်ရဦးမည်။ အခန့်မသင့်လျှင် ကြိမ်ဒဏ်သင့်ဖို့ကလည်း ရှိသေး၏။

"ဟဲ့ .. ဒီမှာ ရာရာ .."

"ဟုတ် .."

"ညည်းကရော ဆပ်ပြာမွှေးနဲ့ သွားဆေးချင်သေးလား .."

"မဆေးပါဘူး .. ရာရာ က လက်မှာအားထိထားလို့ ဇွန်းနဲ့စားနေ



တာကို .."

"အေး .. ဒါဆို ငါပြောတာကို နားထောင်စမ်း၊ ညည်းလင်ယူတော့.."

ရာရာ အသံလေးတိတ်နေကာ မျက်နှာလည်း မင့်တော့၊ ခေါ်ကြင်ကြင်က ထိုမျက်နှာကို သေချာပြူးပြဲပြီးလိုက်ကြည့်၏။

"ဟဲ့ .. တစ်ခုခုပြောလေ .."

"ပြောရင်လည်း အမေက 'ညည်းပြောလိုက်ရင် ဒါပဲ' လို့ပြောဦးမှာ .."

"ဒါပဲ မပြောနဲ့ပေါ့အေ .. ငါ မကြားဖူးတာတစ်ခုခုပြောပေါ့၊ ညည်းတို့မောင်နှမမှာ ငါ စိတ်ဝင်စားလောက်စရာ စကားလုံးဆန်းဆန်း မရှိတော့ဘူးလား .."

'အမေက ဒါပဲပြောနေတော့ သမီးလည်း ဒါပဲပြောရတာပေါ့' လို့ စိတ်ထဲကပြောလိုက်မိပေမယ့် ...။

"သမီးကခုမှ အငယ်လေးရှိတာကို အမေက ယောကျ်ားယူဖို့ပဲ.."

"ဘာ ငယ်တာလဲ ...၊ ဘယ်မှာ ငယ်တာလဲ ပြစမ်းပါ .."

"ဟာ .. အမေကလည်း .."

အမေ့ အသံကြီးကို သူများကြားသွားမှာစိုးကာ ရာရာ ထိတ်ထိတ်ပျာပျာထဖြစ်၏။ ထိုအခါ ရယ်သံသဲ့သဲ့နှင့် မောင်မောင်ဦး ရောက်လာခဲ့ပြီး ...။

"ကဲ .. ရပြီ အမေ .. အမေ့သားကိုလည်း ပြောလို့ရပြီ .."

"အေး .. ခဏနေဦး၊ ငါပြောချင်တဲ့အဓိကက ရာရာ ကို ယောကျ်ားရှာပေးဖို့ .."

"ညီမလေးက ငယ်ပါသေးတယ် အမေရာ .."

"လာပြန်ပြီ ငယ်ပါသေးတယ်၊ ဘာကိုငယ်ပါတယ်ပြောနေကြတာလဲ .."

"အသက်ငယ်တာလေ .. ခုမှ အမေ့ သမီး ဒုတိယနှစ်ပဲရှိသေးတာ.."

www.burmeseclassic.com

www.burmeseclassic.com



"တတိယနှစ်ရောက်တော့ရော အသက်တစ်နှစ်ပိုကြီးသွားတာနဲ့ လူက တစ်ထွာလောက် ရှည်ထွက်လာမှာလား .."

"ဒါကတော့ .."

"မလိုချင်ဘူး .. ဖြီးကောင်ပေါက်ဆိုတဲ့အရွယ်တွေတောင် လင်နောက်လိုက်ပြေးနေကြတာ၊ ယောကျ်ားပဒွင်း မိန်းမပုခက်တွင်းတဲ့ .."

စကားပုံတွေ မှတ်မိနေလိုက်တာများ ခုချက်ချင်း အလွတ်ကျက်ပြီး စာပြန်ပြနေတဲ့ အတိုင်း ..၊

"ဘူးသီးနုနု မခူးရဆိုတာလည်း ဒီအရွယ်မဟုတ်ဘူး၊ နောက်ပြီးတော့ .. ဘာလဲ တပေါင်ရှိတဲ့ ဟိုဥစ္စာ .. 'ဒန့်ကျွဲပင် သားလွှဲ' .."

အမေ ဘာတွေရွတ်နေတာလဲ ဘာတွေရွတ်ဖတ်ဖို့ကျန်သေးလဲ ..။ မျက်နှာလည်းမပျက်ရဲဘဲ မောင်မောင်ဦး မသိမသာခေါင်းကုတ်မိ၏။

"မိန်းကလေး ငယ်ငယ်ရွယ်ရွယ်လေးတွေနဲ့ ယောကျ်ားရမယ်၊ ကလေးမွေးမယ်ဆိုတာလေ၊ ကောသလအိပ်မက်တစ်ဆယ့်ခြောက်ချက်ထဲမှာ .."

တစ်ဆယ့်ခြောက်ချက်စလုံး ရွတ်ပြနေရင်တော့ သေပြီ ..၊

"နှင့်ညီမကို ငါ သေသေချာချာ ကြည့်ထားပြီးပြီ .. မငယ်တော့ဘူး .."

"ဟာ !..."

"ဒုက္ခပါပဲ အမေကတော့ .."

"ဟဲ့ .. ဒုက္ခဆိုတာ တမ်းတရေရွတ်နေလို့ကောင်းတဲ့အရာ မှတ်နေသလား၊ ယောကျ်ားယူရပြီဆိုတာ မင်္ဂလာစကား .."

"ဟုတ်ပါပြီ .. အမေ့အသံ နည်းနည်းလေးတိုးပြောပါ၊ သူများတွေကြားကုန်ရင် တော်ကြာ .."

"ကြားကြားပေါ့အေ .. ငါတို့က နိုးရာပါပစ္စည်းတွေ ခွဲတမ်းချနေတာမှ မဟုတ်ဘဲ .."

"မဟုတ်ပေမယ့် .. ဒီစကားမျိုးတွေကို မိန်းကလေးရှင်က .."



"ရှုပ်နေတာပဲ ရာရာ .. ငါအခု ပြောချင်တာက ညည်းလေးကို ယောကျ်ားလိုက်တောင်းပေးမလို့မဟုတ်ဘူး၊ မိန်းကလေးရှင်ဘက်ကတွေ၊ ယောကျ်ားရှင်ဘက်ကတွေ လာပြောမနေနဲ့ ..၊ ညည်းတို့မောင်နှမ ငါ မသေခင် အိမ်ထောင်တွေပြုရမယ် .."

"အမေက ခုမှ အလတ်ကြီးရှိပါသေးတယ် အမေရာ ..၊ ခုမှ လေးဆယ့်ခြောက်နှစ်ပဲရှိသေးတယ်၊ မသေသေးပါဘူး .."

"ဟဲ့ .. သေခြင်းတရားဆိုတာ ကျွေးသောလက် မဆန့်မီ၊ ဆန့်သောလက် .."

"ကျွေးသောလက် မဆန့်မီပဲ .. ဆန့်သောလက် ပြန်ကျွေးတာ မပါဘူး၊ သေချင်ရင် ခေါက်တုံ့ခေါက်ပြန် ဆန့်နေကျွေးနေတာကိုလည်း သေမင်းက မစောင့်ဘူး .."

"မောင်မောင်ဦး .."

"ဗျာ .."

"မင်းက ငါ့အမေလား .."

"အမေက ကျွန်တော့်အမေပါ .. အမေ အစအဆုံးပြောမနေရအောင် ပြောပြတာ .."

"မပြောနဲ့ .."

"မပြောတော့ဘူး .."

"ဒီတစ်ခါ ထပ်ပြောကြည့်လိုက် .."

ကြမ်းပေါ်ကို ဖျန်းခနဲရိုက်ချလိုက်သည့် ကြိမ်တုတ်သံကြောင့် မောင်မောင်ဦး ပခုံးကျုံ့သွား၏။ ပြီးတော့ ဒီတစ်ခါ ကိုယ့်ပါးစပ်ကို မဖွင့်မိဖို့ သတိချပ်လိုက်မိသည်။

"မင်းတို့လို အစ်ကိုတွေ၊ မောင်တွေက မိဘအရိပ်အောက်မှာနေရင်တော့ ဒီအစ်မ နှမကို ချစ်လိုက်တာ .. ဂရုစိုက်လိုက်တာမှ .. ဟွန်း .. မိန်းမလည်းရသွားရော .. တစ်မျက်နှာကလွှဲပြီး ဘာမှမမြင်တော့ဘူး .."

www.burmeseclassic.com



"အမေက လုပ်ပြီ .."

"မောင်ကောင်းစားတော့ နှမ မီးဖိုချောင်ဆိုတာ ဘယ်တုန်းကမှ မလွဲခဲ့တဲ့ ရှေးစကား .."

အစက စကားကို အဓိအရပြန်ကောက်ပြီး ပြောနေကျစကားကိုပဲ မရောက်ရောက်အောင်သွားကာ ..။

"မင်းက ရုပ်ဆိုးပေမယ့် ဒုရဲအုပ်ဆိုတဲ့ရာထူးရာခံနဲ့ မိန်းမတစ်ယောက်တော့ ဘယ်ကနှိုက်ယူယူရတယ် .."

"အမေ့ .."

"ဘာလဲ .."

"မိန်းမလား .. ငှက်သိုက်လား .."

"နှိုက်ချင်တာနှိုက် .. ယောကျ်ားဆိုတာ ယောကျ်ားနဲ့တူဖို့ပဲလိုတာ .."

"အမေ လွဲနေပြီ .."

မောင်မောင်ဦး က ခေါင်းခါပြီး မဲ့နေ၏။ ပြီးတော့ ..။

"ခုခေတ်မှာ ယောကျ်ားနဲ့တူတာ သိပ်မရှိတော့ဘူး၊ ဒါပေမယ့် ယောကျ်ားနဲ့တူတာတွေထက် သူတို့က ပိုထောတယ်၊ ယောကျ်ားနဲ့တူပြီး ယောကျ်ားမဟုတ်တာတွေရော .."

"ဘာတွေလျှောက်ပြောနေတာလဲ .. ရှုပ်နေတာပဲ၊ ငါပြောတာကို နားထောင် .."

"ဗျာ့ .."

"အား .. အမေ့ .."

တင်ပလ္လင်ခွေထိုင်နေသည့် ပေါင်တစ်ဖက်မှာ ကြိမ်ဒဏ်က ဖြန်းခနဲကျ၏။ ဒုရဲအုပ်ကြီးဖြစ်နေပေမယ့် ခုချိန်ထိ ရိုက်ခံထိနေရတဲ့ ကိုယ့်အဖြစ်ပါလား ..။

"တိတ်တိတ်နေဆိုတာ မှတ်မထားဘူး .."



"အမေ စကားပြောလို့ကောင်းအောင် စကားထောက်လုပ်ပေးတာ.."

"မလိုဘူး .."

"ပြီးရော .."

"ဘာ .."

"ဟား .. အမေ့ .."

လက်နှစ်ဖက်နဲ့ တစ်ကိုယ်လုံးပြည့်အောင် လျှောက်ကာနေသဖြင့် ခေါကြင်ကြင် ကြိမ်လုံးတမြှောက်မြှောက်နှင့်ပဲ အဆုံးသတ်သွားခဲ့လျက်..။

"ငါက သေရတော့မှာ .."

"အမေရယ် .. အမေ့ကို သမီးက ပြုစုလို့တောင်မဝသေးဘူး၊ အမေက သေစကားတွေ ပြောနေတယ်၊ အမေ ဘာမှမဖြစ်ပါဘူး .. သမီးကို အိမ်ထောင်မပြုခိုင်းပါနဲ့ဦး .. နော် အမေ .. နော်၊ သမီး ခုလိုပဲနေချင်သေးတယ် .."

"ခုလိုဆိုတာ ဘယ်လိုလဲ .. နင့်အစ်ကိုရဲ့လစာလေးနဲ့ အိမ်ဆိုင်ပိစိညှောင့်တောက်က ဖယောင်းတိုင်ငါးဆယ်တန်လေးရောင်းလိုက်၊ ကော်ဖီမစ် တစ်ရာတန်လေးရောင်းလိုက်နဲ့လား .."

"ဝင်ငွေနှစ်ရပ်ရှိနေတာပဲ အမေရာ .."

ပေါင်းကိုပွတ်နေတာ မရပ်သေးပေမယ့် ညီမလေးကိုတော့ အိမ်ထောင်မပြုစေချင်သေးတာမို့ မောင်မောင်ဦး က ဝင်ပြောသည်။

အမေက ထင်သလိုပြော၊ ထင်သလိုတွေးနေတတ်ပေမယ့် 'နင်တို့တွေမကို အိမ်ထောင်ချပေးချင်တယ်'၊ 'နင့်ညီမအတွက် အိမ်ထောင်ဖက်ကောင်းရှာပေး' စသည့် တစ်ခုခု လောဆော်လိုက်တာနှင့် အမေ့ကိုချစ်ကြသည့် မွေးချင်းအုပ်စုက အပီအပြင်ကြိုးစားကြတော့မှာမဟုတ်သည်။

ပြီးတော့ အမေ့မှာ ဝမ်းကွဲမောင်နှမ ညီအစ်မတွေများသလောက် တူမတွေ တူတွေဆိုတာ များမှများ ..။

ဒလေးလို နုနုဖက်ဖက် ချောချောလှလှလေးအတွက် လက်တွဲ

www.burmeseclassic.com

www.burmeseclassic.com



ဖော်ရှာကြမယ်ဆိုရင် သိပ်ခဲယဉ်းမှာမဟုတ် …။

"ဝင်ငွေနှစ်ရပ်ပဲရှိရှိ … သုံးလေးငါးရပ်ပဲရှိရှိ … အစု မအေရှိနေတဲ့ အချိန်ကိုပြောတာမဟုတ်ဘူး၊ ငါသေသွားရင် မင်းက မိန်းမယူမယ်၊ ညီမလေးကတော့ ငယ်ပါသေးတယ်ဆိုပြီး စောင့်ရှောက်ထားမယ်၊ ကြည့်ရှုထားမယ်ဆိုတဲ့ စေတနာတွေက ငါ့သမီး မီးဖိုချောင်ထဲက ထွက်ရမှာမဟုတ်မယ့် အပေါက်တွေ …"

"အမေက တစ်ခုခုဆို အသေစွဲထားတာပဲ အမေရာ … မိသားစု အပေါ် သိတတ်ပြီး တာကယ်တာဝန်ကျေကြတဲ့ သားလိမ္မာတွေမရှိလို့လား …"

"တစ်ယောက်တစ်လေ ရှိကောင်း၏ …"

ကဗျာဆိုသလို စာလိုလိုနှင့် ဒေါ်ကြင်ကြင် က ရွဲ့သည်။

"အဲဒီတစ်ယောက်တစ်လေက အမေ့သား မဖြစ်နိုင်ဘူးလား …ကဲ…"

"ဘယ်လိုမှ မဖြစ်နိုင်လို့ပြောနေတာပေါ့ မောင်မောင်ဦး ရယ် …"

"ကျွတ် …"

စုတ်သပ်မိတာတောင် မကြားအောင် တိုးတိုးလေးကို မျက်နှာလွှဲထားရတာက အဆစ် …၊

ဒေါ်ကြင်ကြင် ကတော့ မဖြစ်နိုင်တာတွေ ဆက်လက်ဖော်ပြဖို့ ကျန်ရှိနေသေးကာ …၊

"နမကြင်ရှိတယ် မောင်ကြင်မရှိဘူး၊ ကြင်နာပြီဆိုရင် နမကာသာ…"

"အဲဒါက တစ်ဆုံးပြောထားတဲ့ စကားကြီးပါ၊ အစ်ကိုကိုမ နမက မကောင်းကြံစည်တာတွေမှ စခန်းမှာ အများကြီးပဲ၊ မောင်ကို အစ်မက မလိမ့်တစ်ပတ်လုပ်ပြီး အမွေတွေ ခွစီးထားတာတွေရော …၊ သတ်မှုဖြစ်မှုတွေတောင် ပါသေးတယ်၊ အမေ့သား ကိုယ်တိုင် အဲဒီလို အမှုတွေ လိုက်ခဲ့ရတာ …"

"စကားရှည်မနေနဲ့ …၊ အကြောင်းပြစရာတွေ မလိုချင်ဘူး၊ တစ်



လောကလုံးမှာ ဘာတွေရှိရှိ ငါလိုချင်တာ မောင်ကြင်နာတယ်ဆိုတာ မရှိဘူး … ဒါပဲ …"

"ပြောပြတာပါ … သုဝဏ္ဏသာမဇာတ်တော်ထဲမှာလည်း သားကပဲ မိဘကို …"

"ဟဲ့ … အဲ့ဒါ ဘယ်သူ့မို့လို့လဲ … သုဝဏ္ဏသာမက ဘုရားအလောင်းလေ …၊ မိထွေးမကောင်းဘူးဆိုရင်လည်း မိထွေးတော် ဂေါတမီက မပါမပြီး၊ အဲ့ဒီပုဂ္ဂိုလ်တွေက ဘဝအဆက်ဆက်ဖြည့်ခဲ့ကြတဲ့ အထုံပါရမီတွေနဲ့ ထူးမြတ်တဲ့ပုဂ္ဂိုလ်တွေ …၊ မသေခင်တည်းက နိဗ္ဗာန်မဂ်လမ်းကြီးဖွင့်နေကြတာ၊ သူလိုငါလို ပုထုဇဉ်တွေထဲမှာ ဒီလိုပုဂ္ဂိုလ်မျိုးတွေမရှာနဲ့…ဘယ်တော့မှ တွေ့မှာမဟုတ်ဘူး …"

သူများတွေ ဒေါသထွက်ပြီဆို စကားမှားကြသည်၊ အမေကတော့ ဒေါသတွေထွက်လေ စကားလုံးတွေ စက်သေနတ်ပစ်သလို ထွက်လာတတ်လေ …၊

ငေးငိုင်ဆွေးငေးနေပြီဆိုလည်း သတိလွှတ်နေပြီမထင်လေနှင့် …၊ ဟိုးငယ်ငယ်က ရှေးဟောင်းနှောင်းဖြစ်ကအစ သူများမမှတ်မိတာတွေလည်း သူ မှတ်မိသည်။

ဖြစ်ရပ်၊ နေရာ၊ စကားလုံးတွေကအစ ဘယ်သူက ဘာအရောင်ဝတ်ပြီး ဆံပင်ဘယ်လိုချည်ထားတာအဆုံး …။

"ရာရာ ရယ် … ညည်း အမေပြောတာကို နားထောင်စမ်းပါ၊ အစ်ကိုတွေ မောင်တွေ ဘယ်လိုရက်စက်ပြီး ဘယ်လောက်ထိ နေစိမ့်တယ်ဆိုတာ ကိုထွန်း တို့ ချစ်စရာ တို့ ညီအစ်တွေပဲကြည့် …၊ ပြီးတော့ အုံမောင်တို့ မောင်နှမရောပဲ … ညည်းဦးလေးတွေကအစ သူ့မယားဘက်က တစ်ဆွေလုံးတစ်မျိုးလုံးကို အိတ်လိုက်သွန်ချပေးတယ်၊ ညည်းအမေ ကျွပ်ကိုတော့ ဘယ်တန်းမှာ ဂုဏ်ထူးတွေနဲ့ အောင်တာတောင် ဆုချတာ သုံးထေ … နဲ့ ဘောလ်ပင်နဲ့တစ်ချောင်းတဲ့ …"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတုန်းက ဦးစိုး တို့က သိပ်မပြေလည်လို့လို့ ပြောတယ်လေ.."

ဒေါ်ကြင်ကြင် ဒေါသတွေက မောင်မောင်ဦး ဆီ တစ်ပတ်ပြန်လည်၏။

"ကားနှစ်စီး တက္ကစီပေးမောင်းထားတဲ့ သူကလား .."

"မဟုတ်ဘူးလေ .. အန်ကယ်လ်မြင့် တို့ပြောတာ .."

"အဲဒီ အန်ကယ်လ်မြင့် ဆိုတဲ့သတ္တဝါက ငါ ဘွဲ့ယူတော့ ခြောက်ထောင်တန် အပြောင်သား ထမီလေးပို့ပေးလိုက်တယ်လေ၊ ကိုယ့်မှာမှ မပြည့်စုံတာ သူများတွေ လိုက်ကြည့်ပြီး မပြိုင်နဲ့တဲ့၊ သူတို့မှာ ကုန်ခြောက်ပွဲရုံကြီးမှ ဟီးထလို့လေ .."

"စိတ်ထိန်းပါ အမေရာ .. သူများမှာရှိတိုင်း ကိုယ် သုံးထိုက်နေတာမှ မဟုတ်တာ .."

"ဘာ .. အံမာ .. ဘာပြောလိုက်တယ် နင်က .."

တုတ်ကိုကိုင်လိုက်တာနှင့် မောင်မောင်ဦး ထိုင်လျက်ကနေ နောက်ကို ဇွေ့ခနဲ ရောက်သွားသည်။

"ငါက သူများချမ်းသာနေတာကို မက်မောနေတယ်များ ထင်လို့လား .."

"မဟုတ်ပါဘူး အမေကလည်း .."

"သူများရှိတာကို မစားရဝခမန်း မတော်လောတာတွေနဲ့ အကုသိုလ်တက်ခံပြီး နေ့ရှိသမျှ ထိုင်တမ်းတနေတယ်ပေါ့ .."

မမောဘူးလား အမေလို့ မေးတော့မလိုဖြစ်နေသည့် ကိုကြီးရဲ့ပေါင်ကို ရာရာ ဒီတိုင်းပဲလှည့်ထုပေးလိုက်သည်။ အမေကလည်း မြင်နေတာပဲမို့လို့ မတတ်နိုင် ..၊

ဒီနေ့ ထမင်းစားပွဲက ပိုရှုပ်ပြည်သွားခဲ့သည်။ အမေ့ကို ရေချိုးသနပ်ခါးသွေးပေးပြီး အိပ်တဲ့အဆင့်ရောက်ဖို့ကို ရာရာ တော်တော်လေး အားထုတ်လိုက်ရသည်။



"ကိုကြီးတို့ကလည်း မပြောချင်တော့ဘူး .."

"ဘယ်သူက မေးနေလို့လဲ .."

ခေါင်းဖြီးပြင်ဆင်နေရင်း မောင်မောင်ဦး က ရာရာ ကို မှန်ထဲကနေလှမ်းကြည့်ကာ ..၊

"တစ်ဆိတ်ရှိ ကိုကြီးကလည်း မပြောပါနဲ့ ..၊ ကိုကြီးနော် .. နင်.. ဒါပဲတတ်တယ် .."

"ဒါပဲတတ်နေရတာက ကိုကြီးကလည်း အမေ့ကိုပဲ ကလေးစသလိုနေတာကို .."

"အဲဒီ ကလေးဆိုးကြီးက ရိုက်ပြီဆို အရှိုးရာထင်အောင်ရိုက်တာနင်မှ မခံဘူးတာ .."

"ခံဖူးပါတယ် ကိုကြီးရာ .. အမေ့လက်က အငယ်ဆုံးဆိုပြီးရှောင်ဘာကျနေတာပဲ .."

"ဟုတ်တယ် .. မရှောင်ဘူး၊ ခုလည်း နင်က အငယ်ပေမယ့် နင့်ကိုသည်း ယောကျာ်းပေးစားမှာပဲ .."

"အဲ့ဒါ ကိုကြီးကြောင့်လေ .."

"ဘာ .."

"ကိုကြီးပဲ .. ♪ .. သူ့မှမရရင်လေ ဆွဲကြိုးချသေမယ်၊ အဆိပ်သောက်ပြီး သေမယ် .. ♪ .. နဲ့ဖြစ်နေတာ .."

"ဟား .. ဟား .. ဟား .."

ဘီးကိုင်ထားရင်း ရယ်ကာ ရာရာ့ ဘက်ကို သေချာလှည့်လာ၍..၊

"လုပ်ပါ .. ဆက်ဆိုပါဦး၊ ခုနလို တစ်ကိုယ်လုံး စပရင်တွန့်လေး .."

ရာရာ က မျက်စောင်းလေးရွယ်ပြီး ချာခနဲလှည့်ထွက်သွားသည်။ ..လာသည့် အကျီတွေကို မီးပူတိုက်ဖို့ ခြင်းထဲထည့်လိုက်ပြီးမှ ပြန်လှည့်ကြည့်၍ ..၊

www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး ရယ်မနေနဲ့နော် .. အမေ့ကိုလည်း စကားပြောရင် လေးစားသမှုမရှိဘူး၊ ကလေးစသလို ထိုင်စနေတာ .."

"ချစ်လို့ပါဟာ .. အမေ ရိုက်တာခံပြီး စနေတာ ..၊ ဘယ်လောက်နာတယ်မှတ်လို့လဲ .."

"ကိုကြီးကလည်း .. အမေက ဓေဒနာသည်လေ၊ ကိုကြီးက ချစ်လို့စပေမယ့် သူ့ကို မလေးစားဘူးထင်ပြီး ဝမ်းနည်းသွားရင် ဘယ်လိုလုပ်မလဲ .."

"မနည်းပါဘူး .. သူ ရိုက်တာခံလိုက်ရင်ပြီးပြီ .."

"မိန်းမယူမယ်လို့ပြောလိုက်တာကရော .."

"ဒါကတော့ စနောက်စရာလား .."

"အမေ့ကို ပြောသလို ကိုကြီးက တကယ်ကို သူ့မှမရရင် သေလောက်အောင် စွဲလမ်းနေတာပေါ့ .."

"ဟား .. ဟား .. ဟား .."

"ဘာရယ်တာလဲ .."

"ကိုယ် စွဲလမ်းနေတိုင်းပဲ လိုချင်ကိုင်းရတတ်လို့လား .."

"ဟင် .."

ဒီစကားကို ရာရာ နားလည်သွားသလိုဖြစ်ကာ မောင်မောင်ဦး မျက်နှာကိုလိုက်ကြည့်နေမိ၏။ မောင်မောင်ဦး က ဖြီးပြီးသားခေါင်းကို ဘီးနဲ့ နှစ်ချက်သုံးချက်ထပ်သပ်ကာ မှန်တင်ခုံပေါ် ပြန်တင်လိုက်သည်ပြီးတော့ တည်ကြည်သွားသည့်မျက်နှာနှင့် သက်ပြင်းရှည်ကြီးချကာ ..၊

"သူနဲ့ ငါနဲ့ အဆင့်အတန်းချင်းက ကွာပါတယ် ညီမလေးရာ .."

"ဟင် .. သူ့မိဘတွေကပါ ကိုကြီးကို ရင်းနှီးကြတယ်ဆို .."

"ဒါကတော့ ကိုကြီးက လူတော်တိုးနိုင်တဲ့ ပညာအဆင့်အတန်းလေးတော့ ရှိလို့ဖြစ်မှာပေါ့ .."



"သူနဲ့ ကိုကြီးက ချစ်သူတွေမဟုတ်ဘူးလား .."

"မဟုတ်ပါဘူး .. ဒါပေမယ့် .."

"သူကတော့ ကိုကြီးကို သဘောကျတဲ့ပုံပြတယ်ပေါ့ .."

"ခင်တာပဲနေမှာပါ .."

ကိုကြီးပုံစံက ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်ယူနေရတဲ့ပုံစံမျိုးပါလား။ အခြေအနေအဆင့်အတန်းကွာခြားနေတဲ့အတွက် တော်တော်မျိုသိပ်ခံစားနေရတာမျိုး ..။

"ကိုကြီးကလည်း .. သူက နားလည်ရင်လည်မှာပေါ့၊ ဖွင့်ပြောကြည့်လိုက်ပါလား .."

"ရာရာ .."

"ဟင် .."

"ခုနကတော့ .. ငါက အဲ့ဒီလို ဖျပ်ဖျပ်လူးနေပါတယ်လို့ နင်ပဲ ကဲ့ရဲ့နေတာ .."

"ဟုတ်တယ်လေ .."

"အင်း .."

"ဒါပေမယ့် ကိုကြီးက မဟုတ်ဘူးဆိုတော့ .."

"ဟုတ်စေချင် သွားပြန်ရောလား .."

"ကိုကြီး ရင်ကွဲပက်လက်ဖြစ်နေတာဆိုရင် .."

"ဘာမှ မပက်လက်ဘူး၊ အိပ်တာတောင် မှောက်ခုံပဲအိပ်တတ်တာ .."

"ကိုကြီးရယ် .. ကိုယ့်စိတ်ထဲမှာ ဘာမှမရှိဘဲနဲ့များ သူ ..ကို ဒုက္ခပေးရလား .."

"စိတ်ထဲမှာ မရှိဘဲတော့ နေမလားဟာ .. မတူတန်မှန်းသိတော့လည်း ဒီလိုပဲဖြေရတာပေါ့ .."

စကားပြောရင်း လှုပ်ရှားနေသမျှ ရာရာ က မောင်မောင်ဦး သွားတဲ့

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ဘေးကတကောက်ကောက်လိုက်နေလျက် ..။

"ဒါဆိုလည်း ကျွန်တော် မိန်းမမယူပါဘူး၊ ညီမလေးကို မပေးစားပါနဲ့လို့ ပြန်ပြောပေးလေ ကိုကြီးရဲ့ .."

"ညီမလေးကို မပေးစားပါနဲ့လို့ ကိုကြီး ပြောနေတာပဲ .."

"ကိုကြီးက မိန်းမ မယူပါဘူးလို့မှ မပြောတာ .."

"ဘာလို့ပြောရမှာလဲ .. ကြိုက်တာတွေ့ရင်တော့ ယူမှာပဲဟာ .."

"တွေ့လား .."

ရာရာ နှုတ်ခမ်းစူသွားတော့ မောင်မောင်ဦး က လှည့်ကြည့်ပြီး ရယ်ကာ ..။

"ရာရာ ရယ် .. အမေကလည်း အခုတွေ နောက်မှတွေ ခွဲခြားပြောနေတာမှမဟုတ်တာ .. ငါ မိန်းမယူဖို့ စကားဟလိုက်တာနဲ့ နင့်ရဲ့ နောင်ရေးအတွက် သတိပေးလိုက်သလိုဖြစ်သွားပြီး ခုလိုတွေ ထဖြစ်လာတာပဲ ..၊ ဘာပဲဖြစ်ဖြစ် .. အခု နင် ငယ်သေးပေမယ့် နင် ကျန်ခဲ့ရင်လည်း ငါ နောက်ဆံတင်းနေရမှာပဲ ..၊ အိမ်ထောင်ပြုသင့်တာတော့ အမှန်ပဲလေ.."

"ကိုကြီးက ရာရာ့ ကို အိမ်ဂျာခေါ်မထားဘူးပေါ့ .."

"အဲဒါပဲ .. အမေ အသည်းအသန်ထဖြစ်နေတာ အဲဒါ ..၊ ငါ မိန်းမယူပြီး နင်လိုက်နေရင် ငါ့အိမ်မှာ နင့်ဘဝ ဘာညာတွေတွေးပြီး .."

"ဒါကတော့ အမေ့ပတ်ဝန်းကျင်မှာ ဒါမျိုးတွေပဲရှိခဲ့တာကိုး .. စိတ်ကယောက်ကယက်ဖြစ်လာတော့ ဒါက အစွဲအလမ်းကြီးတစ်ခုဖြစ်နေခဲ့တာပါ၊ ရာရာ ကတော့ ကိုယ့်အစ်ကိုအိမ်မှာလောက် လုံခြုံတာ ဘယ်မှာမှ မရှိဘူးလို့ထင်တာပဲ .."

"အမေကတော့ ကိုယ့်ရဲ့ဘဝလက်တွဲဖော်လောက် ဘယ်သူကမှ မစောင့်ရှောက်နိုင်ဘူးလို့ထင်တာကိုး၊ သူ့စိတ်ထဲမှာ မိန်းကလေးတစ်ယောက်ရဲ့ဘဝ လုံခြုံတာ၊ မလုံခြုံတာတွေမပါဘူး ညီမလေး ..၊ သူ စွဲနေတာတစ်ခုကိုပဲ သိနေတာ၊ နင့်ကို ငါက ဂရုမစိုက်မှာ၊ ယောက်မက



မှာ နှိမ်ချမှာ ဒါတွေပဲ .."

ရာရာ က မောင်မောင်ဦး အိပ်ရာဘေးမှာ နောက်ပြန်လေးထိုင်ချလိုက်ကာ ..။

"အမေ စိုးရိမ်နေတာကိုလည်း သိပါတယ်၊ ဒါပေမယ့် စိတ်ညစ်တယ် .."

"ညစ်မနေနဲ့ .. ဒီလိုပဲ လှည့်ပတ်ရှောင်ထွက်နေလိုက် .."

"ကိုကြီးက မိန်းမယူမယ့်စကားတွေ ချစ်တာကြိုက်တာတွေ နောက်မစနဲ့တော့လေ .."

"အပွန်း .."

မောင်မောင်ဦး က ပြုံးလိုက်ပြီး ဆိုင်ကယ်လ်သော့ကို ဖြုတ်ယူလိုက်၏။

"ဘာပဲဖြစ်ဖြစ် .. နင့်ကို အိမ်ထောင်မရှိဘဲ အစ်ကိုအိမ်မှာ လိုက်ကပ်နေရတဲ့ ညီမတစ်ယောက်မဖြစ်အောင် အမေက အစွမ်းကုန်ကြိုးစားတော့မှာ .."

"ဟုတ်ပါတယ် .. ညီမကို နှစ်သိမ့်ချင်တော့ အဲ့လိုစိတ်ချမ်းသာစရာလေးတွေပြောပေးပေါ့ .."

"ဟား .. ဟား .. ဟား .."

"ကိုကြီး .."

သူမ မောင်မောင်ဦး လက်ကို လိုက်ဆွဲထားကာ ..။

"ကိုကြီးက နယ်ကိုခရီးထွက်ရဦးမှာဆို .."

"ဟုတ်တယ် .. အခု အဲဒီကိစ္စအတွက် ဆရာ့အိမ်ကို သွားမလို့.."

"သွားရင်ကြာမှာလား .."

"ဟိုတစ်ခါထက်တော့ ကြာမှာပဲ .."

"ဟင်!..."

ဟိုတစ်ခါ နှစ်လတောင်ကြာတာကို .. အခု [illegible]ကြာမယ်ဆိုတော့..။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးနော် .. အိမ်မှာ ရာရာ နဲ့ အမေ နှစ်ယောက်တည်း .."

"အေးပါ .. လူစားလွှတ်လို့ရတဲ့ကိစ္စဆိုရင် ကိုကြီး မသွားရအောင် ကြိုးစားကြည့်ပါမယ် .."

မောင်မောင်ဦး က ရာရာ့ ခေါင်းလေးပွတ်၍ ချော့သည်။ တစ်ခါ တစ်ခါမှာ အစ်ကိုကြီးတစ်ယောက်လို အလိုလိုက်ယုယပေမယ့် တစ်ခါ တစ်ခါကျတော့ မောင်မောင်ဦး က ရာရာ့ ကို သူ့ရဲ့ ကစားဖော်လိုမျိုး..၊

"ရာရာ .."

"ရှင် .. ကိုကြီး .."

"ဒီလ .. ပိုက်ဆံလောက်ရဲ့လား .."

"လောက်တော့ လောက်ပါတယ် .."

"မလောက်ဘူးလား .."

"ဖြစ်ပါတယ် ဘာမှမဟုတ်တော့ဘူး .."

ရာရာ ဘာမှမဟုတ်သလိုပဲ ညာပစ်လိုက်သည်။ ဒီလူသုံးယောက် အတွက် ကိုကြီးရဲ့ လစာလေးက အိမ်စရိတ်လောက်ရုံပဲရှိသည်။

သူမအတွက် ကျောင်းစရိတ်ကို ဆွေမျိုးတွေထဲက အဆင်ပြေသလို ထောက်ပံ့နေကြတာဖြစ်သည်။ တစ်ချို့ကတော့ ကြည်ကြည်နူးနူးပဲဖြစ် ကာ တစ်ချို့ကျတော့ ..၊

"ခုခေတ်မှာ ဘွဲ့ရတာနဲ့ ပညာတတ်ပြီလို့ ပြောလို့မရဘူး ရာရာ သင်တန်းတွေဘာတွေတက်နိုင်မှ စားလောက်သောက်လောက် အလုပ် အကိုင်လေးရတာ၊ ကိုယ်လည်းဘာမှ လက်လှမ်းမမီဘဲနဲ့တော့ လုပ်မနေ ပါနဲ့လား ..၊ ဘွဲ့ရဖို့ကြိုးစားနေမယ့်အစား ကိုယ် ကျွမ်းကျင်တာလေး တစ်ခုခု အလုပ်ရှာပြီး ဝင်ငွေရအောင်လုပ်ပေါ့ .."

"ရာရာ ရယ် .. နင့်အစ်ကိုကဖြင့်ပြောတော့ စကားလုံးက မိုးပေါ် မှာ၊ ကိုယ့်ညီမတစ်ယောက်ကိုတောင် ကျောင်းမထားပေးနိုင်ဘဲနဲ့ .. ငါတို့ က အန်တီကြင့် ရောဂါကို စာနာလို့ ကူညီနေကြတာ .." ဆိုတာတွေလည်း



ပြောကြသေးသည်။

တကယ်တော့ ကိုကြီးခမျာလည်း လူပျိုလူလွတ်တစ်ယောက်ရယ် လို့ ဘာမှလည်း မသုံးစွဲရရှာပါ။ သူမမှာလည်း ကိုကြီး ပေးသလောက်နဲ့ ဘယ်လိုမှ လောက်အောင်မသုံးနိုင်သလို ဆွေမျိုးတွေနဲ့လည်း မကင်းနိုင်..။

ကိုကြီးကတော့ ရာရာ မကင်းနိုင်တာကို သေချာမသိဘဲ ဆွေမျိုး တွေနဲ့ စကားအနှောင့်အသွားမလွှတ်ပြောဆိုမိကြတဲ့အခါ စိတ်တွေတိုနေ တတ်ကာ ..၊

"အန်ကယ်လ်မြင့် တို့က ဘာတွေလဲ၊ စကားပြောပုံက ငါတို့တစ် အိမ်လုံးရဲ့စရိတ်စကအဝဝကို သူတို့ပဲ တာဝန်ယူထားရသလိုလို .."

နားမလည်နိုင်စွာ ရေရွတ်ရင်းခေါင်းတခါခါနှင့် ..၊

"အမေ့ကို ဝိုင်းကြည့်ပေးကြလို့ ကျေးဇူးတင်နေတာတွေတောင် ခံစတနာပျက်ချင်လာပြီ၊ ညီမလေးနော် .. နင် အဲဒီအိမ်မှာ ချေးသေးကာအစ သွားပြီး လက်ဖြန့်မတောင်းနဲ့၊ ငါတို့က ကလေးတွေမဟုတ်တော့ဘူး၊ ကိုယ့်တာဝန်ကိုယ်ယူရမှာဖြစ်တဲ့အပြင် အမေ့တာဝန်ကိုလည်း ထမ်းရ မှာပဲ .. တတ်နိုင်သမျှ ကင်းကင်းနေ .." တဲ့ ..။

ရာရာ တစ်ယောက်တည်း မီးပူတိုက်ဖို့ပြင်ရင်း စိတ်တွေလေးနေ မိသည်။ ခုလည်း အန်တီဖြူ့ ကို အိမ်လာလည်ဖို့ အမေက ခေါ်နေပြန်ပြီ။

သူမအတွက် မင်္ဂလာကိစ္စတွေဘာတွေ ပြောလိုက်ရင်တော့ သွား ပါပြီ။

နေ့စဉ် စိတ်ညစ်စရာတွေနဲ့ လုံးထွေးနေရသည့် ဒုက္ခက လွတ်မြောက် ချင်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"ဒီတစ်နှစ်ဆို ပြီးပြီပဲဟာ .. ဘာဖြစ်လို့ မတက်တော့တာလဲ .."

သူငယ်ချင်းတွေက ဖုန်းဆက်မေးကြသည်။ သူမ ဘာတစ်ခုမှ ရေရေ ရာရာမဖြေခဲ့ပေ။ ဒေးတက်နေပေမယ့် အစစအရာရာ ချို့ငဲ့နေရသည့် အဖြစ် နဲ့ ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်ရခြင်းတွေကို မခံစားချင်တော့ပေ။

ဖုန်းတော့ ဝယ်ပေးထားပေမယ့် ပိုက်ဆံကုန်တိုင်း မထည့်နိုင်လို့ ပြောရင်း လိုင်းကျသွားတဲ့အခါတိုင်း သူမ ဘယ်တုန်းကမှ ပြန်ခေါ်နိုင်ခဲ့ တယ်ဆိုတာမရှိ ..။

ဒါတွေကြာလာတော့ သူငယ်ချင်းတွေကလည်း သိလာကြသည်။ စရင်းနောက်ရင်း ထည့်ပြောလာကြ၏။ ရာရာ တို့က တိုက်ခံပျဉ်ထောင် အိမ်လေးနဲ့တော့ နေနိုင်တာမို့ အမြဲတမ်းပိုက်ဆံမရှိဘဲ ဖြစ်နေသည့် ဖုန်း ရဲ့အဖြစ်ကို တစ်ချို့က မယုံ ..။

"ရာရာ က တမင်တင်စီးတာပါဟာ .. ဖုန်းတောင်ကိုင်ထားတာ



မှတော့ အမြဲတမ်းကြီးမရှိနေတာ ဖြစ်နိုင်ပါ့မလား .." လို့ပြောတဲ့သူကပြော..။

"နင်တို့ကလည်း သူ့မှာ စိတ်မနှံ့တဲ့ အမေတစ်ဖက်နဲ့ အိမ်မှာ စီးပွား ရေးလည်း ဘာမှမရှိဘူးဥစ္စာ ..၊ ဒီလောက်ဆင်းရဲတာဖြစ်နိုင်ပါတယ်ဟာ .."

စာနာတဲ့ သူက စာနာစကားပြောသည်။ ဒါပေမယ့် ဒီစကားတွေ ကို သူမ မကြားချင်တော့ပေ။ ခုကျမှ အဝေးသင်ပြောင်းယူဖို့လုပ်ဦး။ ပြန်တက်ဦးနဲ့လည်း မကြိုးစားချင်တော့ပါ။

သူမ ဒီနှစ်မဖြေတော့ဘူးဆိုတာ ကိုကြီး သိရင်တော့ ဒေါသပုန်ထ မှာပင် ..၊

"ရာရာ နော် .. သူတို့ပြောသလိုအဖြစ်မခံနဲ့၊ ဘွဲ့တစ်ခုခုရလို့ သုံး စားမဖြစ်ဘူးဆိုတာ အဲ့ဒီလိုလူတွေပါးစပ်ထဲက စဖြစ်လာတာပဲ၊ ငါတို့ ပညာသင်နေကြတာ အသိပညာကြွယ်ဝဖို့လည်းပါတယ်၊ ဘွဲ့လက်မှတ် ကို ကိုက်ဖြတ်စားဖို့မဟုတ်ဘူး .." တဲ့ ..။

ဆွေမျိုးတွေစကားကိုကြားပြီး ကိုကြီး ပြောခဲ့ဖူးသည်။ ခုတော့ ဘာ အတွက်နဲ့မှ သူမ ဖက်တွယ်ထားလို့မရတော့ပေ။ အသိပညာအတွက် ဖြစ်ဖြစ် ဘဝဝမ်းစာအတွက်ပဲပြောပြော ပညာရေးကို သူမ စွန့်လွှတ်ဖို့ ဆုံးဖြတ်လိုက် ပြီဖြစ်၏။

အလုပ်ရှာဖို့ စိတ်ကူးတွေနဲ့ မနက်တည်းက ထွက်လာခဲ့ပေမယ့် ဘယ်အလုပ်ဖြစ်ဖြစ် ခေါ်လိုက်တဲ့နေရာတွေက ကိုယ့်ပညာအရည်အချင်း လောက်လေးနဲ့ ဝင်တိုးဖို့မလွယ် ..၊

ကူညီနိုင်ချေရှိသော သူငယ်ချင်းတစ်ယောက်ဆီ ဖုန်းဆက်ခိုင်းဖို့ ကျတော့လည်း ဖုန်းထဲမှာပိုက်ဆံက ခြောက်ရာ့ငါးဆယ်ပဲကျန်တော့သည်။

ပိုက်ဆံ ဒီလောက်ပဲ ကျန်တော့ပြီဆို သေရေးရှင်ရေးဆိုသည့် မဖြစ် မနေကိစ္စများအတွက် ချန်ထားရဖို့ သတိချပ်ရင်း ဖုန်းခေါ်သည့်အလုပ်ကို

www.burmeseclassic.com

www.burmeseclassic.com



သူမ ရောင်ခဲ့ရ၏။

ဒါဆို ဘယ်လိုလုပ်ရမလဲ ...၊

ကြိုးသိုင်းအိတ်ရှည်လေးထဲက ပိုက်ဆံအိတ်ကို အားကိုးတကြီး ဖွင့်ကြည့်တော့လည်း သုံးထောင့်တစ်ရာပဲကျန်တော့သည်။

ဒါက အမေ့အတွက် သစ်သီးတစ်ခုခုနဲ့ မနက်ဖြန်အတွက် ဟင်းချက်စရာဝယ်သွားရမယ့် ပိုက်ဆံ ...၊

စိတ်မကြည်မသာနှင့် စိမ်းလန်းစိုပြည်ဥယျာဉ်ထဲ လှည့်ဝင်လာမိသည်။

အလုပ်တစ်ခုခုရှာရမည်။ ဒါပေမယ့် ဘယ်လိုလုပ်ရှာမလဲ ...၊

ဟောမာန် ကတော့ သူ့အစ်မရဲ့ ဘွဲ့ရလက်မှတ်ယူပြီး အလုပ်လျှောက်ဖို့ ကူညီမည်လို့ပြောသည်။

"မမကျော် က နင်နဲ့အရမ်းတူတာ၊ ဆံပင်ဂုတ်ဝဲလေးနဲ့ မျက်နှာသွယ်တာရော၊ အသားဖြူတာရော တတ်ပုံမြင်ရုံလောက်နဲ့ ရုတ်တရက် ဘယ်လိုမှ ခွဲခြားလို့မရနိုင်ဘူး .. နင် အဆင်ပြေမှာပါ .." တဲ့ ...။

ဒါပေမယ့် အဲ့ဒါမျိုးတွေလုပ်ဖို့ သူမရဲ့အသိစိတ်က ဘယ်လိုမှ တွန်းအားမပေးခဲ့ပေ ...။

အလုပ်ရဖို့ကိစ္စက သူမအတွက် ဘယ်လိုမှမဖြစ်နိုင်တော့သည့် ကိစ္စဖြစ်နေပြီလား ...၊

"ဟိတ် .. ရာရာ .."

တစ်ယောက်တည်း ဘယ်နေရာမှာထိုင်ရမှန်းမသိ ဖြစ်နေတုန်း နောက်ကခေါ်သံကြောင့် လှည့်ကြည့်လိုက်မိသည်။

"ဇော်ရဲ .."

"အေး .. နင်တစ်ယောက်တည်းလား၊ ဘာလဲ .., အဘန်းလစ်လာတာလား .."



"မဟုတ်ပါဘူးဟာ .. ငါ .."

ရာရာ ကိုယ့်အဖြစ်ကို သိပ်တော့ မပြောချင်ပေမယ့် ...၊

"ငါ ကျောင်းမတက်တော့ဘူး .."

"ဟင်!... တကယ်ကြီးလား .. ငါက ချော တို့ပြောတာမယုံဘူး.."

"အင်း .. ကိုကြီးက ခရီးထွက်သွားပြီလေ၊ အမေက ကျန်းမာရေး မကောင်းဘူး၊ ငါ ဒေးတက်နေလို့မရတော့ဘူး .."

"အေးလေ .. အဝေးသင်နဲ့ပဲ .."

"ဘာမှ မယူတော့ဘူး .."

"ဟင်!..."

"နင်ရော .. မန္တလေးပြောင်းသွားတာ ဟိုမှာအဆင်ပြေလား .."

"ပြေပါတယ် .. သူငယ်ချင်းဟောင်းတွေကို သတိရပေမယ့် နီးစပ်လာကြတော့လည်း ရင်းနှီးသွားကြတာပဲလေ၊ ငါ အခု ငါ့အစ်ကိုမင်္ဂလာဆောင်မှာမို့လို့လာတာ .."

"ဩော် .."

"ဘာလေဟာ .. ငါ့ဦးလေး ပန်းချီခန်းထဲ ဝင်ထိုင်ပါလား၊ နင်လည်း ဝါသနာပါတာပဲဟာ .."

"ဟင် .. ဟိုမှာ ရုပ်ပြောင်ပန်းချီဆိုတာ နင့် ဦးလေးဖွင့်ထားတာလား .."

"အေး .."

ဇော်ရဲ က ခေါင်းညိတ်ရင်း ရယ်သည်။ ပြီးတော့ အလှတ်လာခဲ့ကြရင်း အထဲမှာထိုင်မိကြပြီး ...

"နင့် ဦးလေးရော .."

"အပြင်ထွက်သွားတယ် .. သူက ဒီလိုပဲ ဆိုင်ဖွင့်ထားပေမယ့် ဖော်မ

www.burmeseclassic.com



မြဘူး၊ လူပျိုကြီးဆိုတော့ ဝါသနာပါလို့လုပ်နေတာလေ၊ သူ့အတွက်က ပိုက်ဆံလည်း ကုန်းကျူးရှာစရာမှ မလိုတာ ..”

သူတို့နှစ်ယောက်ထိုင်မိတာယ်ပဲရှိသေးသည်။ အသက်လေးဆယ် ကျော်အရွယ် စုံတွဲတစ်တွဲဝင်လာကြ၏။

“ပန်းချီဆရာက ဘယ်သူလဲကွဲ့ ..”

အမျိုးသမီးကြီးက နှစ်ယောက်စလုံးကိုကြည့်ပြီးမေး၏။ ရုပ်ပြောင် ပန်းချီဆိုတော့ လူငယ်တွေပဲဆွဲကြသည်လို့ ထင်သလားမသိ၊ ဇော်ရဲ က ရယ်၍ ..၊

“ကျွန်တော်တို့မဟုတ်ဘူး အန်တီ .. ပန်းချီဆရာ အပြင်ထွက်သွားလို့ ..”

“ကျွတ် ..”

“ဟုတ်တယ်ကွာ .. အချိန်မပေးနိုင်ပါဘူးဆိုမှ ..”

“ဒါပေမယ့် သူ ဆွဲနိုင်ပါ့မလား မသေချာပဲနဲ့ရှင် ..”

“အေးလေ .. ဆွဲနိုင်တယ်ဆိုလို့ ထိုင်စောင့်နေရရင် အမိပွာယ်ရှိသေးတာပေါ့ ..”

“ဆွဲနိုင်ပါတယ်ဗျာ .. အန်ကယ်လ်တို့က စုံတွဲပုံလား ..”

ဇော်ရဲ က မေးတော့ လူကြီးက ခေါင်းခါ၍ ...

“ဟုတ်ပေမယ့် မဟုတ်ဘူး ..”

“ဗျာ!...”

“စုံတွဲပုံလိုချင်တာ ဟုတ်တယ် .. ရုပ်ပြောင်မဟုတ်ဘူး ..”

“ပုံတူပန်းချီလား .. ဒါဆိုရင်တော့ ..”

“သူ မဆွဲနိုင်ဘူးလား ..”

“ခဏ .. ခဏလေးနော် ..၊ ကျွန်တော် ဖုန်းဆက်မေးကြည့်ပေးမယ်..”



ဇော်ရဲ က ဖုန်းခေါ်ပြီ ထထွက်သွား၏။ သူတို့က ရာရာ ကို လှမ်းကြည့်ပြီမှ စားပွဲရှေ့က ခုံတွေမှာ ဝင်ထိုင်လိုက်ကြပြီး ..၊

“ကျွန်မတို့ကလည်း လာလိုက်ရင် သမီးလေးနဲ့တစ်ခါမှ အေးအေးချမ်းချမ်းနေရတယ်မရှိဘူး၊ ကလေးက မိဘကို မခင်တာလည်းမပြောနဲ့ ..”

“သူ့အတွက်ဆိုတာ နောက်တော့သိလာမှာပါကွာ ..၊ မင့်အမေကလည်း အလိုလိုက်လွန်းလို့ပါ၊ ဆုံးမတန်တာဆုံးမပြီး ပြောပြတန်တာ ပြောပြထားရင် သမီးက ဒီလိုပုံစံဖြစ်နေပါ့မလား ..”

“ရှင်ကလည်း သမက်ပီသလိုက်တာ တကယ်ပဲ ..”

“အံမာ ..”

“ဟုတ်တယ်လေ .. မေမေ့ကိုဆို အကောင်းမှမမြင်တာ ..”

“အကောင်းမမြင်တာ မဟုတ်ဘူးလေ .. အခု ..”

စကားပြောနေကြတုန်း ဇော်ရဲ ပြန်ရောက်လာကာ ..၊

“ဆွဲပေးလို့ရတယ် .. ဒါပေမယ့် ဦးလေးက ဒီနားနီးနီးမှာမရှိဘူး၊ လောလောဆယ်လည်း မလာနိုင်သေးလို့တဲ့ ..”

လင်မယားနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြ၏။

“ဒီလိုလုပ်ပါလား .. ပန်းချီဆွဲတဲ့ စတူဒီယိုတစ်ခု ကျွန်တော်သိတယ်၊ အဲဒီမှာ ပုံအပ် ..”

“မဖြစ်ဘူး .. နောက်ထပ်တစ်နေရာသွားဖို့ရော .. အဲ့ဒီလို ငုတ်တုတ်ထိုင် အချိန်ပေးနေရမယ့် ပုံတူဆွဲနည်းတွေရော ဘာအတွက်မှ အချိန်မရှိတော့လို့ ဒီလို ပန်းချီလေးဆိုရင်တော့ အဆင်ပြေမှာပဲဆိုပြီး ခဏဝင်ထိုင်တာ ..”

“ဘာပဲဖြစ်ဖြစ် .. ပုံတူသီးသန့်ဆိုရင် ကြာမှာပဲနော့်လား ..”

“ဒါက မကြာတဲ့ ဟာသပန်းချီလေကွာ ..၊ ဟာသမဟုတ်တဲ့ နည်းနည်း

www.burmeseclassic.com

www.burmeseclassic.com



လေး အခန့်လိုင်းဖော်ပေးရုံပဲကို .."

"ဒီမှာ အန်ကယ်လ် .. ခဏ .."

ရာရာ က လည်ချောင်းတစ်ချက်ရှင်းလိုက်ပြီး လှည့်ကြည့်သည့် မျက်နှာတွေကို ပြုံးပြကာ ..၊

"အန်ကယ်လ်တို့ ပုံတူ သမီးဆွဲပေးမယ်လေ .."

"ဆွဲတတ်လို့လား .."

"အကောင်းဆုံးမဟုတ်ရင်တောင် အတတ်နိုင်ဆုံးတူအောင်ရမယ် .."

"ဟာ .. ဟုတ်သားပဲ၊ သူလည်း ပန်းချီသမားပဲ၊ အဆင်ပြေနိုင်တယ် အန်ကယ်လ် .."

ဇော်ရဲ က ထောက်ခံပေးလိုက်သည်နှင့် တစ်နေရာတည်မှာ နှစ်ဦးနှစ်ဖက်အဆင်ပြေသွားခဲ့၏။ ထို့ပြင် ရာရာ့ အတွက်လည်း ... ၁ပ် အကိုင်နေရာလေးတစ်ခု အံဝင်ခွင်ကျအဆင်ပြေသွားခဲ့ပြီ ..။



## အခန်း (၃)

"ဘယ်လိုဖေဖေ .. ဧက နဲ့ တူတူ ဟုတ်လား .."

".... .... .... ...."

"ဘယ်တုန်းက ပေါ်လာတဲ့ သူငယ်ချင်းသမီးလဲ၊ တောကလား အိမ်မှာလာနေမှာလား .."

".... .... .... ...."

"ဘယ်လိုကြီးလဲ .."

ဧက ဖုန်းပြောနေတာကို ဘေးမှာ ဘူးသီးကြော်စားနေကြသည့် သူငယ်ချင်းတွေက နားစွင့်ပြီး စိတ်ဝင်စားနေကြ၏။

"ဧက သင်တန်းတက်သမျှ လိုက်တယ်မယ် .."

".... .... .... ...."

"ဟာ .. သူ့ဟာသူ တက်ပါလား၊ ဘာလုပ် .."

".... .... .... ...."

"အာ .. ကျွတ် .."

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းချပြီးတဲ့အထိ အောင့်အည်းစောင့်နေကြရသည့် ခက်ခက် တို့က ပြောလို့ရသည်နှင့် အလုအယက် ...။

"ဟဲ့ .. ဘာတဲ့လဲ .. ဘယ်သူလဲ .. ကောင်လေးလား .."

"ချောချောလေးလား .. အိမ်မှာလာနေမှာဆိုတော့ နင့်အတွက် ရွေးချယ်လိုက်တဲ့ ဖူးစာရှင်ပဲထင်တယ် .."

"ဩော် .. သမီးပါဆိုမှ နင်တို့က တစ်မျိုး .."

ဇက သိမ်းကျုံးအော်ပစ်လိုက်မိကာ မျက်နှာကလည်း မဲ့နေတာ အသားကုန် ...။

"ဘာဖြစ်လို့လဲ .. ပြောပြလေဟာ .."

"ဖေဖေတို့က .. သူတို့ရဲ့ သူငယ်ချင်းရဲ့ သမီးတဲ့ .."

"အင်း .."

"စောင့်ရှောက်ရမယ့် ဝတ္တရားရှိလို့ စောင့်ရှောက်ပေးရမယ်တဲ့.."

"နင့်ဆီ လာနေမှာလား .."

"အဲ့လိုလည်း မဟုတ်ဘူး၊ ငါနဲ့အတူတူ သင်တန်းတွေလိုက်တက်မှာ၊ ငါသွားသမျှသူပါမှာ .."

"ဟင်!..."

"ငါပြန်ရင် သူလည်းပြန်မှာပေါ့ .."

"ဘယ်လိုလဲဟ .."

"အဲ့လိုပဲ .."

"ငါသိပြီ .."

အသေးလေး က မိန်းမလျာလေးပီပီ ကန့်ကလျဝင်ပြော၍ ...

"နင့် ဘိုးတော်ကြီး နင့်ကို ကျပ်ပေးလိုက်တာ .."

"အေးဟ .. ဖြစ်နိုင်တယ်၊ ဒီတစ်ခေါက် နင့်ကို အလိုလိုက်တယ် အလျှော့ပေးတယ်ပြောပြီး နင့်အသွားနဲ့ ကွိုင်တက်သွားတယ်ဆို .."

ဇက က ခေါင်းညိတ်လိုက်ရင်း နှုတ်ခမ်းတွေမဲ့ကာ ...။



"ငါသဘောပေါက်ပြီ ငါ့ကိုလည်း အပြင်ချည်းပဲ ထွက်နေလို့ဆိုပြီး တော်တော်ကိုပွားသွားတာ .."

"သေချာတာပေါ့ .. နင့်ကို အဲ့ဒီတစ်ယောက် စပိုင်လုပ်လိမ့်မယ်.."

"ဟွန်း .."

"ဒါဆို ပူမနေပါနဲ့ ဇက ရယ် .. စပိုင်ဖြစ်ဖြစ် ဆော်ဒီဂတ်ဒ်ဖြစ်ဖြစ် ကိုယ့်နိုင်းဘက်ပဲ .. နင် မသိသလိုနေပြီး ပါးပါးလေးပုတ်ပေးလိုက်၊ သူ့ဟာသူ လွင့်သွားလိမ့်မယ် .."

"ကြည့်နေစမ်းပါ .. ဇက ဘာလုပ်မလဲဆိုတာ သိသွားမှာပေါ့.."

"ဘယ်တော့ လာမှာတဲ့လဲ .."

"ခု .."

"ဟင်!...၊ အခု လာမှာ .."

သူတို့ပြောနေတုန်းမှာ စားပွဲပေါ်မှာ ချထားသည့် ဇက ရဲ့ ဖုန်းက အတ်ခနဲပွင့်သွား၏။ ကြည့်လိုက်တော့ မသိတဲ့ နံပါတ်ဖြစ်နေ၏။

"ဘယ်သူလဲ မသိဘူး .."

ဇက က ကောက်ကိုင်လိုက်ပြီး ...။

"ဟလို .."

"ဟလို .. မဇက လားဟင် .."

"ဟုတ်တယ် .. ခုပြောနေတာ ဘယ်သူလဲ .."

"ကြင်ရာတော် ပါ .. အန်ကယ်လ်ဦးအောင်ထက် က မဇက ကို ပြောထားမယ်လို့ပြောတယ် .."

"ကြင်ရာတော် .."

ဇက သံယောင်လိုက်ရွတ်လိုက်မှ ခက်ခက် တို့ မျက်လုံးချင်းဆုံကာ မျက်ခုံးတွေ ပြိုင်တူမြင့်တက်သွားကြ၏။

ပြီးတော့ ဆက်လက်နားစွင့်ကြလေသည်။

"ပြောထားတော့ အခု ဘာလုပ်မလို့လဲ .."

www.burmeseclassic.com

www.burmeseclassic.com



"ရာရာ က သင်တန်းရှေ့မှာရောက်နေပြီ .. မဧကေ ဘယ်မှာလဲ ဟင် .."

"သြော် .. တွေ့ချင်ရင်လည်း ရှာဖွေပြီး လာခဲ့ပေါ့ဟယ် .."

"ဟို .. ရာရာ က မဧကေ ကို မမြင်ဖူးလို့ .."

ထင်သားပဲ ..၊

ဧကေ မျက်နှာ ဝင်းထိန်ရွှန်းလက်သွား၏။ ပြီးတော့ အသေးလေးကို လှမ်းကြည့်ပြီး လက်မထောင်ပြလိုက်ကာ ..၊

"အခု တို့က အင်ယားကန်ပေါင်မှာ သင်တန်းမတက်ဘဲ လစ်နေတာလေ .."

"ဟင် .. လစ်နေတာ .."

"ဟုတ်တယ် .. နင် ငါနဲ့တွေ့ချင်ရင် လိုက်ခဲ့ပေါ့ .."

ဖုန်းချလိုက်ပြီး မျက်နှာမော့ရယ်ပစ်လိုက်တာ ဝါးလုံးကွဲ ..၊

"ဟဲ့ .. ဖြည်းဖြည်းရယ် .. သူများတွေကြည့်ကုန်ပြီ ကောင်မ .."

အသေးလေး က ကန့်ကွက်လျှလှမ်းရိုက်ပြီးတားဆီးနေကာ သူလည်း ရယ်နေခဲ့၏။

တွေ့မယ် .. ကြင်ရာတော် ..၊

နင်က ငါ့အတွက်တော့ ရုံရွှေဖော်ပဲ ..၊



## အခန်း (၄)

"လာနေပြီဟ .. ဟုတ်တယ် .. အသေးလေး တို့ ဝိုင်းကိုသွားနေပြီ .."

ခက်ခက် က သတင်းပေး၏။ လှည့်ကြည့်လိုက်တော့ ကော်လံပါသည့် တီရှပ်ပန်းရောင်လက်ပြတ်လေးနှင့် စကတ်ရှည်ပွပွလေးကို ဝတ်ထားသည်။

ဆံပင်က ပခုံးသာသာလေးပဲဖြစ်ကာ၊ လုံးဝနက်မှောင်နေလျက် သေသပ်မှုနည်းသော ခပ်အုပ်အုပ်၊ ဟဲစတိုင်လ် ဘာမှလုပ်မထားတာသိသာသည်။

ထို့ပြင် အသားဖြူဖြူလေးပေမယ့် နှုတ်ခမ်းမှာ အရောင်မရှိ၊ မျက်နှာလေးက ခပ်ဖျော့ဖျော့ ..။

တကယ့် ရော်ဘာလိုင်းပဲဖြစ်၏။

နှစ်ယောက်စလုံး သေချာအကဲခတ်နေကြတာမို့ ဧကေ က နှာခေါင်းရှုံ့၏။

"စုတ်ပြတ်နေတာပဲ .."

"ဟုတ်တယ် .. တကယ့် ရော်ဘာလိုင်း .."

www.burmeseclassic.com

www.burmeseclassic.com



ခက်ခက် က စိတ်ထဲမှာကောက်ချက်ချလိုက်တာကို ထုတ်ပြောပြီး အလားတူ မဲ့ရွဲ့နေလျက် ...။

"ဒီပုံစံက စပိုင်လုပ်နိုင်မယ့်ပုံ မရှိပါဘူး ကေ ရယ်၊ အချောမဟုတ် အကြမ်းမဟုတ်နဲ့ .. ကြည့်ပါဦး၊ စကတ်စကို 'မ' ထားရသေးတယ် အချိန်မရွေး ခလုတ်တိုက်လဲမယ့်ပုံ .."

"ဘာပုံစံဖြစ်ဖြစ် ဂရုမစိုက်ဘူး၊ ဆင်းရဲမွဲတေနေလို့ ခိုကပ်နေဖို့ လာဟာ .. တွေ့မှာ .. ဟွန်း .."

"အေး .. ဟိုမှာတွေ့နေပြီ၊ ဖုန်းခေါ်ပြီး အသေးလေး နဲ့ ချိတ်မိသွားပြီ.."

သူမတို့တွေ နှစ်ပိုင်းခွဲပြီး အစီအစဉ်သစ်တွေနဲ့ စောင့်နေတာကို ရာရာ က ဘာမှမသိ၊ တုတ်ထိုးဆိုင်ဘေးကို ရောက်လာတော့ ဖုန်းထောင်ပြီး ခေါ်သူက ထိုင်ဖို့မေးဆတ်ပြသည်။

ကြည့်လိုက်တာနှင့် ထိုသူက မိန်းမလျာမှန်း ရာရာ သိလိုက်သည်။ ထို့ကြောင့် ဟိုဘက်ဘေးက ဖြူဖြူသွယ်သွယ်တစ်ယောက်ကို လှမ်းကြည့်ရင်း ကော်ခုံလေးတစ်လုံးဆွဲပြီး ထိုင်လိုက်ကာ ...။

"ဟိုဘက်က မကေ ထင်တယ် .. ဟုတ်လားဟင် .."

"ဟင် .. ဒို့လား .."

သူမက ဟုတ်တယ် မဟုတ်ဘူးပြောဖို့ကို ခေါင်းညိတ်ခေါင်းခါ လုပ်ဖို့တောင် အချိန်မရနိုင်ဘဲ တုတ်ထိုးတွေ အချဉ်ရည်ထဲ နှစ်လိုက်၊ ပါးစပ်ထဲထည့်လိုက်နှင့် ဇယ်ဆက်သလိုလုပ်နေ၏။

ပါးစပ်တစ်လုံးကြီးရပြီဆိုမှ ဝါးမျိုခြင်းကိုလုပ်ရင်း လက်ကနားသည်။ ဒါပေမယ့် ရာရာ ကို ပြန်ဖြေဖို့ ပါးစပ်က မအားပြ ကာ၊ ပါးစပ်ကို လက်ညှိုးထိုးပြပြီး ခဏနေဖို့လက်ကာပြ၏။

ဘေးကတစ်ယောက် ကလည်း အပြိုင်အဆိုင်သွပ်သွင်းနေရင်း ခဏအတွင်းမှာ တုတ်တွေပုံထပ်နေတော့သည်။ ပြီးတော့ ...။

"ရော့ .. လုပ် .."



အသည်းချောင်းတွေယူပြီး ရာရာ့ လက်ထဲထည့်ပေးသည်။ စားဖို့ကို စကားတစ်ခွန်းနှစ်ခွန်းနှင့် လက်ကပဲ အမူအရာနဲ့ တိုက်တွန်းရင်း...။

"စား .."

"မစားတော့ဘူး .. ရာရာ က .."

"စား .. စားဆိုမှ .."

ဟိုဘက်က ကေ ကလည်း စားဖို့မေးဆတ်ပြနေသဖြင့် တစ်ချောင်းနှစ်ချောင်းတော့ ယူစားလိုက်ရင်း ကိုယ်ခေါ်သည့်ဖုန်းက ဒီမှာပဲမို့ ကေနဲ့တွေ့နေပြီပဲမှတ်ကာ စိတ်အေးသွားတာလည်းဖြစ်သည်။

"သမီးရဲ့ ဓာတ်ပုံတော့ မပါလာဘူး၊ အန်ကယ်လ်တို့မှာ သမီးအတွက် ဘာမှကိုစီစဉ်ပေးခဲ့ချိန်မရတော့ဘူးကွ ...၊ ညည်း ဆွဲပေးထားတဲ့ပုံတူလေးပြလိုက်ပါ၊ ဒါဆို ပြီးပြီ .." တဲ့ ...။

ပုံတူဆွဲပေးရင်း ကေ ဆိုသည့်တစ်ယောက်အကြောင်းကို ကိုယ့်ရှေ့မှာပဲ ပြောနေကြတာကြားလိုက်ရသည်။

"မင့်သမီးအတွက် အနီးကပ်စောင့်ရှောက်ဖို့ အဖော်တစ်ယောက်လိုတယ်၊ အဲဒါလည်း ဘော်ဒီဂတ်(ဒ်)လိုထားရင် မင့်သမီးအချိုးမျိုးနဲ့ မဖြစ်ဘူး၊ သူငယ်ချင်းလိုမျိုး သူနဲ့ သင့်တင့်မျှတစွာပေါင်းနိုင်တဲ့ မိန်းကလေးမှ အဆင်ပြေမှာ .."

"ဩော် .. စာမတတ်ပေမတတ် ဆင်းရဲမွဲတေနေတဲ့ မိန်းကလေးတွေကိုတောင် အိမ်ဖော်ခေါ်နိုင်းဖို့လွယ်တာမဟုတ်ဘူး၊ ကျွန်မတို့က ဒီညနေပဲ မြဝတီကို ပြန်ဆင်းကြမှာ၊ သမီးနဲ့ သူငယ်ချင်းဖြစ်လို့ရတဲ့ မိန်းကလေးမျိုး ဘယ်မှာသွားရှာရမှာလဲ .."

"ပြောပြတာလေ .. မင့်အမေလို နေတတ်သလိုနေတဲ့ ဘွားအေမျိုးနဲ့ ဒီတိုင်းဆက်ထားရင် မင့်သမီး မလွယ်ဘူး .."

"ကျွန်မသိပါတယ် .. ရှင်ပြောသလိုသာ အဆင်ပြေတယ်ဆိုရင် ပိုက်ဆံဘယ်လောက်ပဲ ပုံပေးရပေးရပါ .."

www.burmeseclassic.com

www.burmeseclassic.com



လင်မယားနှစ်ယောက် ပုံတူဆွဲခံရင်း အပြိုင်အဆိုင်ညည်းတွားနေကြတာတွေကို ကြားလိုက်သဖြင့် လိုအပ်နေကြသူချင်း အပေးအယူဖြစ်သွားခဲ့ကြသည်။

သူမ ဇေ ကေ ရဲ့ဘေးမှာ အမြဲအတူရှိနေပြီး သူမ ဘာတွေလုပ်နေနေ ကောင်းရာကောင်းကြောင်းလေး နည်းနည်းပါးပါးဖြောင့်မတ်ပေးရုံ၊ မိဘတွေဆီ၊ ဘွားအေဖြစ်သူထံ သတင်းပို့ပေးရုံနှင့် ကိုယ်လည်း သင်တန်းတွေတက်ရမည့်အပြင် တစ်လကို ရှစ်သောင်းတောင်ရဦးမည်။

လောလောဆယ် ပေးသွားတာက သင်တန်းကြေးနဲ့ မုန့်ဖိုး ...၊

"အဟွတ် .. အဟွတ် .. အဟွတ် .."

အတင်းနင်းကန်စားနေရင်း ဇေ ကေ က ချောင်းတွေထဆိုး၏။

"မဇေ .. ခဏလေး .."

အတွေးနယ်ချဲ့နေရာက ချက်ချင်းထရပ်ကာ ဇေဆီ သွား၍ ကျောကုန်လေးကို ဖိပေးမိ၏။

"ရေသောက်မလားဟင် .."

"သောက်မှာပေါ့ .. ရေသန့်ဘူးသွားဝယ်လိုက် .."

မိန်းမလျာနဲ့တူသူက လမ်းညွှန်နေသည်။ ရာရာ ခေါင်းညိတ်ပြီး ကပျာကယာပြေးဝယ်လိုက်၏။ မျက်နှာချင်းဆိုင်လေးမှာပေမယ့် ပြေးလွှားဝယ်ခြမ်းနေရတာမို့ ခလုတ်တွေတိုက်၊ ပြန်အမ်းလိုက်သည့်ပိုက်ဆံလွှတ်ကျလို့ ပြန်ကောက် ...၊

"အောင်မယ်လေးဟယ် .. ဒီမှာ သီးနေတဲ့လူက သူ့ကိုစောင့်နေတယ်၊ ဒီပုံစံနဲ့များ ရောက်လာတော့ ဘော်ဒီဂတ်(ဒ်)လိုလို ဘာလိုလို..

ရေသန့်ဘူးကို ခပ်ဆောင့်ဆောင့်ဆွဲယူ၍ ပြောပုံက နွဲ့တဲ့တဲ့ပါ။ ဒါပေမယ့် ယောကျ်ားသံခပ်ဩဩမို့ အသံက တိုးတိုးသက်သာမဟုတ်..

ရာရာ နည်းနည်းတော့ အောင့်သက်သက်ဖြစ်သွားမိသည်။ ဒါပေမယ့် ဇေ ကေ ရှိနေသဖြင့် ...၊



"အဟမ်း .. အဟမ်း .. ရေသောက်လိုက်မှပဲ အစပ်ပြေတော့တယ်.."

သူမကတော့ လည်ချောင်းတွေဘာတွေရှင်းနေလျက် အေးဆေးဖြစ်သွားမှ ရာရာ ကို ကြည့်ကာ ...၊

"မှတ်ထား .. သူက အသေးလေး တဲ့၊ နာမည်ရင်းရှိပေမယ့် ငါတို့ထဒီတိုင်းပဲခေါ်တာ .. ငါက ဒီဇင်ဘာ .."

"ဟင်!..."

ရာရာ မျက်ခုံးတွေ စုကျုံ့သွားကာ ...၊

"မဇေ မဟုတ်ဘူးလား .."

"ဩော် .. ဒီဇင်ဘာ လို့ဆိုမှ .. ငါ့ကို ဇင် လို့ပဲခေါ်ကြတာ .."

"မဇေ မဟုတ်ဘဲနဲ့ .."

"ဇေ က နင်လာမယ်ဆိုလို့ စောင့်နေတာပဲ .. ဒါပေမယ့် သူ့ဘဲက ခေါ်လို့ နင့်ရှေ့လေးတင်ထသွားတာ၊ ဒီမှာ ဖုန်းတောင်မေ့ကျန်ခဲ့တယ် ကြည့်ပါလား .."

ရာရာ ဟင်ခနဲဖြစ်သွားလေသည်။ ရည်းစားနဲ့ သွားချိန်းတွေ့တာလား ...၊

"ဒါဆို .. ရာရာ နဲ့ တွေ့လို့မရတော့ဘူးပေါ့ .."

"ရည်းစားကို ပစ်ထားပြီး နင့်ကိုပဲ စောင့်နေစေချင်တာလား မေးတာ .."

"မဟုတ်ပါဘူး .. ချစ် .. ချစ်သူနဲ့ တွေ့တာဆိုတော့ ကြာမှာလားလို့.."

"ကြာကြာ မကြာကြာ နင် စောင့်ရမှာပေါ့၊ ငါတို့ကတော့ သူ ဂျူတီချိန်းခဲ့လို့ နင့်ကိုငုတ်တုတ်ထိုင်စောင့်နေရတာ နာရီဝက်ကျော်တယ်.."

နာရီဝက်ကျော်တယ်ဆိုတော့ စားထားတဲ့ တုတ်ချောင်းတွေဆီ ရာရာ လှမ်းကြည့်ဖြစ်၏။ ဒီလောက်ထိစားထားတာဆိုတော့ နာရီဝက် စောင့်နေရတယ်ဆိုတာ ဖြစ်နိုင်သည်။ ဒါပေမယ့် သူမ ရောက်လာတာ မှ စားသောက်နေတဲ့ပုံကတော့ ခုမှ ရောက်လာပြီး ဆာလွန်းလို့ စားနေ

www.burmeseclassic.com

www.burmeseclassic.com



တဲ့ပုံစံပါလား ..၊

"အား!... ကျွတ်ကျွတ် .."

"ဟဲ့ .. ဘာဖြစ်တာလဲ ဇင် .."

"ဗိုက်!..."

"ငါထင်တယ် .. မနက်ကလည်း မြီးရှည်တွေစားတာ ငရုပ်ဆီတွေမှ ရဲရှိတ်နေတာပဲ၊ ခုနက မုန့်တီ၊ အခု တုတ်ထိုး .."

"ကဲပါ .. ငါ ဗိုက်အရမ်းနာနေပြီ .. ရှော့ .."

သူမရဲ့ အိတ်ကိုပါ ပေါင်ပေါ်တင်ပေးခဲ့ပြီး ဇင် က နေရာမှသွားတာ အပြေးတစ်ပိုင်း၊ အသေးလေး က ဈေးသည်ကို ရယ်ပြကာ ..၊

"ခဏလေးနော် .. ထပ်တော့ မစားနိုင်တော့ဘူး၊ သူများတို့ အများကြီးစားထားတာ ခဏထိုင်နေလို့ရသေးတယ်မို့လား .."

"အဟွန်း .. နောက်လူမလာသေးရင် ကြိုက်သလောက်ထိုင်ပါ.. ရပါတယ် .."

"တွေ့လား .. စားနေကျဖောက်သည်တွေတောင်မှ ဆက်ဆံရေးကျဲတာ၊ ဒီမှာ ဆုံကြဖို့ ချိန်းထားလို့ပါ .. ခဏပဲ .."

ပြောပြီး ဖုန်းထုတ်ဆော့နေ၏။ ထိုစဉ် ဖုန်းသံမြည်လာကာ ..၊

"ဟလို .. ပြော .. မယ်ဇင် .."

"…. …. …. …."

"ဟော့တော့ .. ဗွမ်းထုပ်ဟုတ်လား၊ ဘယ်လိုလုပ် ငါ့မှာ ဗွမ်းထုပ်ပါမှာလဲ .."

ပြောချလိုက်တာ အကျယ်ကြီးမို့ ရာရာ မျက်နှာလေး ရဲခနဲဖြစ်သွား၏။ ဘေးလူတစ်ချို့က လှမ်းကြည့်ကာ ဈေးသည်က ရယ်၏။

ဒါကိုတောင်းတဲ့လူကလည်း မိန်းမလျာလေးဆီမှာမှ တောင်းရလား ..၊

"နေပါဦး .. ဘာရယ် .. ဩော် .. အေး နင့်အိတ်ထဲမှာလား၊ နေဦး ငါ လာပေးမယ် .."



နှစ်ယောက်တည်း အလုပ်ရှုပ်နေကြကာ အသေးလေး က အိတ်ကိုဖွင့်နှိုက်ရင်း ကမန်းကတန်း ထထွက်သွား၏။

ပြန်လာနိုးနဲ့ မျှော်ကြည့်နေမိပေမယ့် တစ်ယောက်မှ ပေါ်မလာခဲ့ဘဲ ..၊

"တုတ်ထိုးစားရအောင် .."

"ဝက်သားတုတ်ထိုးနော် .."

"ဟုတ်ပါတယ် .. ဝက်သားတွေ ဟိုမှာမမြင်ဘူးလား၊ မင်း ပါးနှစ်ဖက်နဲ့ တစ်ပုံတည်းပဲ .."

"ခွေးကောင် .."

"ဟား .. ဟား .. ဟား .."

ယောကျ်ားလေးသုံးယောက် ဆိုင်ထဲဝင်လာကြတော့ ရာရာ ဘေးအစွန်ကို ကပ်ပေးလိုက်သည်။

"ဟာ .. ဒီတုတ်ချောင်းတွေက သိမ်းပါဦး ဆရာသမားရဲ့၊ ညစ်ပတ်နေတာပဲ .."

"ဆောရီး .. ဆောရီး .. ဒါတွေ ပိုက်ဆံမရှင်းရသေးလို့ မသိမ်းသေးတာ .."

ဈေးသည်က တုတ်တွေကို စုသိမ်းယူလိုက်ပြီး ထောင့်မှာ ကပ်ပေးထားလိုက်၏။ ထိုအခါ ရာရာ ထိုင်နေသည့်ရှေ့မှာဖြစ်လျက် ..၊

"ဟား .. တစ်ဆွဲက များလှချေလား .."

တုတ်တံတွေနဲ့ ရာရာ ကို တွဲစပ်ကြည့်ပြီး ဝတုတ်တုတ် ပါးဖောင်းဖောင်းနှင့် လူရှုယ်က ရယ်၏။

"အေးလေ .. ငါတို့ဖို့ ကျန်နေသေးတာ ကျေးဇူးတင်ရဦးမယ် .."

"ဒီလိုဆို မစဉ်းစားဘူးနော် .. ဝက်သားတုတ်ထိုးဖိုးနဲ့တွက်ရင်.."

"ဟော့ကောင် တော်တော့ .."

www.burmeseclassic.com

www.burmeseclassic.com



"တော်ပါပြီ .."

"ဂလု .."

သုံးယောက်စလုံး လူကိုတည့်တည့်ကြည့်ပြီး စနေကြသဖြင့် မျက်နှာကို ဘယ်ကိုလွှဲနေနေ ဒေါသက လွှဲလို့မရအောင်ဖြစ်လာခဲ့၏။ ထိုစဉ် ဇေကာ ရဲ့ ဖုန်းကမြည်လာ၏။

ရာရာ့ အဖြစ်ကိုသေချာကြည့်နေပြီးမှ လှမ်းခေါ်လိုက်တာမို့ ဇေကနဲ့ ခက်ခက် တို့ မျက်နှာချင်းကပ်ပြီး အသံမထွက်အောင် ကြိတ်ရယ်နေကြကာ ..။

"တိတ်တိတ်နေ .. ပြောမလို့ .."

ခက်ခက် ကို တံတောင်နဲ့တွတ်လိုက်ပြီး သတိပေးကာ ဇေကာက ချောင်းတစ်ချက်ဟန့်၍ ..။

"ကြင်ရာတော် ဆိုတဲ့တစ်ယောက်လာပြီလားဟင် .."

"ကျွန်မက .."

"ဟလို ကြားလား .. ဘာမှလည်း ကောင်းကောင်း ပြန်မပြောဘူး၊ ဇင့် .. ငါပြောတာကြားလား၊ နင်နော် .. နင့်ကောင် ဖုန်းဆက်ခေါ်တာနဲ့ ပြေးသွားဖို့ စိတ်မကူးနဲ့၊ အဲ့တစ်ယောက်ကို မြကျွန်းသာကန်ပေါင်ကို ခေါ်လာခဲ့၊ ငါပြန်မလာချင်တော့လို့ .."

"ဟလို .. မဇေ လားဟင် .. ခုပြောနေတာ မဇေ လား .."

"အေး .. ငါရယ်လေ .. ဇင် နင့် ဘာတွေဖြစ်နေတာလဲ၊ ဟင် .. ဘာ .. ဘာပြောလိုက်တာလဲ၊ ပြောနေတာလား .. မပြောဘူးလား၊ မကြားရဘူးလား ဘာမှ .. ကျယ်ကျယ်ပြောစမ်းပါ .."

သဘာဝကျအောင် ဒေါကန်ပြလိုက်ပြီး ဖုန်းကိုပိတ်၍ ခေါင်းချင်းဆိုင်ရယ်ကြသည်။ ပြီးတော့ ရာရာ့ ဆီကို လှမ်းကြည့်လိုက်ပြီး အသံကို ပြန်ထိန်း၍ ..။

"ငါပြောတာတော့ နင် ကြားရတယ်မို့လား ..၊ ဟဲ့ .. ကြားလား



လို့၊ ကြားရင်လည်း ချလိုက်တော့ဟာ .. တကယ်ပဲ .. စိတ်ပျက်လိုက်တာ .. တောက် .."

"ဟား .. ဟား .. ဟား .."

တက်ခေါက်သံလေးပါ ထည့်ပေးလိုက်ပြီး ဖုန်းချလိုက်သည်နှင့် ခက်ခက် က ခွက်ထိုးခွက်လန်ရယ်၏။ ပြီးတော့ လက်ဝါးချင်းရိုက်ကာ အပျော်ကြီးပျော်နေကြလေသည်။

နေရာချင်းက သိပ်မဝေးဘူးလို့ပြောလို့ရသလို၊ နီးလည်းမနီးပေ။ သူမတို့က ရာရာ့ ကို ရှင်းလင်းစွာမြင်နေရကာ လူများနေတဲ့ ဆိုင်ထဲက သူမတို့ကိုတော့ တစ်ခါမှ မမြင်ဖူးခဲ့သည့် ရာရာ က ဘယ်လိုမှ သိနိုင်မှာ မဟုတ် ..။

ဖုန်းကိုင်ထားရင်း ပြန်ခေါ်ရတော့မလိုလို၊ ထလိုက်သွားလို့လည်း မဖြစ်သောအခြေအနေနှင့် ခေါင်းနားပန်းကြီးနေခဲ့သော ရာရာ့ အဖြစ်ကလည်း ဘယ်ကိုလှည့်ကြည့်လို့မှလည်း ဇင် တို့ရဲ့ အရိပ်အယောင်ကို မမြင် ..။

ဒီမှာ စားထားတာတွေနဲ့ ငါ ဘယ်လိုလုပ်ရမလဲ ..၊

ကိုယ်ပြောနေတာတွေလည်း ဟိုက ဘာမှမကြား ..၊ ဘာမှလည်း ပြောခွင့်မရလိုက်ဘဲ သူချည်းပဲပြောချင်တာတွေပြောသွားသည်။

ဘုရား .. ဘုရား ..၊

ဇေ ပြောသွားသလို ဇင် တို့ တစ်ယောက်ယောက်ဖုန်းဆက်ခေါ်လို့ ချက်ချင်းထွက်သွားကြရတာမျိုး မဖြစ်ပါစေနဲ့ ..၊ ဒီတိုင်းဖြစ်နိုင်ချေများနေတာကို ခံစားမိနေပေမယ့် ဘုရားတရင်း ဆုတောင်းနေမိသည်။ ထိုစဉ် ...

"မစားပါနဲ့တော့ သားရယ် .. ထိုင်စရာဖြင့်မရှိဘဲနဲ့ .."

"ဟင့်အင်း .. စားမှာပဲ၊ မာမီပဲ ဝက်သားတုတ်ထိုးကျွေးမယ်ပြောထားပြီးတော့ .."

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ ခင်ရယ် .. မင်းတို့သားအမိ ဝင်စားလိုက်ပါ၊ မင်းမစားချင်လည်း သားစားပါစေ .. တစ်ခါတစ်လေ လမ်းလျှောက်ထွက်လာတာ အေးဆေးပေါ့ .."

"မအေးဆေးလို့ပြောနေတာမဟုတ်ပါဘူး၊ ဟိုမှာ ထိုင်စရာမှမရှိတာ .."

"ဩော် .. လာပါရှင့် .. ထိုင်ပါရှင် .."

မိသားစုသုံးယောက်၏ စကားတွေကို ကြားလိုက်ကာ ရာရာ ပျာပျာသလဲထဖယ်ပေးလိုက်သည်။ ကိုယ်က မစားသောက်ဘဲ ဒီတိုင်းကြီးထိုင်နေတာမို့ စာနာစိတ်နဲ့ပါ။ သို့သော် ...၊

"ဟာ .. ဟော့ .. ဒီမှာ ခင်ဗျား လစ်တော့မပြေးနဲ့နော် .. ဒီမှာ စားထားတာတွေက နည်းတာမဟုတ်ဘူး .."

ဆိုင်ရှင်က ဘယ်တုန်းတည်းက ပြောချင်နေသည်မသိ ...၊ ရာရာ ထရပ်လိုက်တာနှင့် လူကိုလက်ညှိုးပါထိုးလိုက်သေးသည်။

"ခင်ဗျားလူတွေက ပြန်လာကြမှာမဟုတ်တော့ဘူး၊ ဒီလိုအထာတွေက ရိုးနေပြီ .."

"သူတို့က ဒီနားတင်သွားကြတာပါ၊ ရှင်စကားပြောတာ မရင့်သီးပါနဲ့ .."

"မရင့်သီးစေချင်ရင်လည်း ခင်ဗျားပဲ ရှင်းခဲ့လိုက်ပေါ့ဗျာ .. တစ်ပတ်ရိုက်သွားတာ အသိသာကြီး .."

သူများတွေကတောင် သိသာနေတယ်ဆိုရင် သူမ ဘာလို့မသိခဲ့ရတာလဲ ...။ တကယ်ပဲ ဇင် တို့ ပြန်မလာကြတော့ဘူးလား၊ ပတ်ဝန်းကျင်က လူတွေ ဝိုင်းကြည့်ကုန်ပြီမို့ ရာရာ့ မျက်နှာလေး သွေးတွေဆုတ်ဖြူဖျော့ကာ လက်ဖျားတွေပါ အေးစက်လာခဲ့၏။

ချို့တဲ့ခဲ့တဲ့ ဘဝပေမယ့် သက်တမ်းတစ်လျှောက်မှာ သူမ ဤသို့သောအဖြစ်မျိုးနှင့် တစ်ခါမှ အရှက်မကွဲခဲ့ဘူးပေ။ ဝက်သားတုတ်ထိုး



က တစ်ချောင်းဘယ်လောက်လဲ၊ ဒီတုတ်ချောင်းတွေကိုတွက်လိုက်ရင် ဘယ်လောက်ဖိုးလောက်ရှိနိုင်သလဲ၊ ကိုယ့်မှာပါရဲ့လား ...၊

ရှက်လွန်းသဖြင့် ပတ်ဝန်းကျင်က ပျောက်ဆုံးသွားခဲ့လျက် မျက်လုံးထဲမှာ ပုံရိပ်တွေအပြင် ဖြူတာ,ဝါတာ ဘာမှ ခွဲခြားမသိတော့ပေ။

"ဟော့ ဒီမှာ စားထားကြတာတွေက တစ်သောင်းခွဲ .."

"ဟင်!..."

"စောစောက တုတ်လေးတွေနဲ့ပဲ ပါဆယ်ပေးပါဆိုပြီး ထုပ်ယူသွားတာတွေက ရှစ်ထောင် .."

"ဘာ!... ဘယ်လို .."

ရာရာ နားထဲမှာ သံပူရည်တွေအလုံးလိုက် စီးဝင်သွားသလိုပင်။ ကိုယ့်နားကိုယ် မယုံနိုင် ...။

"ရာရာ စားတာ နှစ်ချောင်းတည်း .."

"နှစ်ချောင်းသုံးချောင်းတွေ မသိဘူးလေဗျာ .. အဲဒီ အမျိုးသမီးတွေ လာကြတုန်းက တစ်အုပ်ကြီးပဲ၊ ခင်ဗျား မလာခင်လေးကမှ ခွဲထွက်သွားကြတာ .. ဘာလဲ ခင်ဗျား မယုံဘူးလား၊ ခုန သူတို့နဲ့ ဖုန်းပြောနေတာပဲ၊ ခု ချက်ချင်း ဆက်မေးလိုက်ဗျာ ...၊ တော်ကဲ .. ဈေးရောင်းရတာ မနိုင်နင်းရတဲ့အထဲ .."

ဈေးသည်က လှီးချွတ်နေတာတွေကိုပါ အသံမြည်အောင်ဖိတ်ကြိတ်လှီးချပြီး တက်ပါခေါက်၏။

"သူတို့ထားခဲ့လို့ ခင်ဗျားနေခဲ့တာပဲ .. ခင်ဗျား တာဝန်ယူရမှာပေါ့၊ ကျွန်တော့်ပိုက်ဆံ မပေးဘဲနဲ့တော့ လစ်ထွက်သွားဖို့ စိတ်မကူးနဲ့ .."

"ဟဲ .. ဟဲ .. ငါ့ညီကလည်း ဒေါသချည်းပဲ .. သူ ပေးမလို့ပါ .."

စောစောက စနောက်နေကြသည့် သုံးယောက်ထဲက မထိုဘ်ထိ အသံထွက်လာ၏။

"ဟုတ်ရဲ့လား .. မျက်နှာကိုသေချာကြည့်ပါဦး၊ ပိုက်ဆံမပါလို့

www.burmeseclassic.com

www.burmeseclassic.com



အင်ယားကန်ထဲ ပြေးခုန်ချတော့မယ့်ပုံ ပေါက်နေသလားလို့ ..."

"မင်းနော် .. ဟော့ကောင် သူ့ကို မစော်ကားနဲ့ .. ငါမခံဘူး .."

"အံမာ .."

"သူ့ဟာသူ ခံလိမ့်မယ်လို့ .."

"ခိ .. ခိ .."

"ဟား .. ဟား .."

ခပ်ကြိတ်ကြိတ်ပြောပြီး ပါးစပ်ပိတ်ရယ်ကြ၏။ ရာရာ့ တစ်ကိုယ်လုံး ပုရွက်ဆိတ်တွေ ဝိုင်းကိုက်ခံနေရသလို ခံစားနေရလျက် အံကြိတ်၍ ကိုယ့်စိတ်ကိုတင်းသည်။

မရှင်းလို့မရတော့သည့်အဖြစ်ကို ဒီတိုင်းနေနေလေ သူမသာ အဖြစ်ဆိုးလေ ရှိရတော့မှာကို နားလည်ကာ လွယ်အိတ်ကိုဖွင့်လိုက်သည်။

"ဟော .. ဟော .. တွေ့လား၊ ငါပြောသားပဲ .. သူပေးမှာပါဆို.."

နားထဲမှာ စနောက်သံတွေက ကြီးစိုးနေကာ တိတ်ဆိတ်စွာစိုက်ကြည့်နေသည့် မျက်ဝန်းတစ်စုံကို သူမ သတိမထားမိ။ ထို့ပြင် စာနာစွာ တီးတိုးပြောသံတွေကိုရော ကဲ့ရယ်သံတွေကိုပါ ဘာဆိုဘာမှ ဂရုမထားနိုင်ခဲ့ ...။

"စားထားတာတွေက မနည်းဘူးနော် .."

"ချောက်တွန်းခံရတာနေမှာ .."

"ဒီလောက်နဲ့တော့ သနားစရာမရှိပါဘူး .."

စသဖြင့်သော စကားသံတွေက အနီးအနားကလိုလို ဟိုအဝေးကြီးက လိုလို ...၊

"ဒီမှာ .. ရာရာ့ .. ကျွန်မမှာ နှစ်သောင်းပဲပါတယ်၊ အဲ့ဒါကိုမရရင်.."

"ရတယ်လုပ်လိုက်ပါကွာ .. ငါ့ညီက လျှော့လိုက်ပါ၊ နှစ်သောင်းဖိုးတောင် စားထားတာပဲ .."

"ရတယ် .. ထားခဲ့ .. ပေး .."



ဈေးသည်လူရွယ်က မျက်နှာကတော့ မှုန်တေတေရှိဆဲနှင့် ...၊

"သုံးထောင်တောင်မှ လျှော့လိုက်ရတာ မြတ်တာကုန်ပြီပေါ့ ...၊ စားသွားကြတာ မျက်လုံးတွေ အသည်းတွေ .. တကယ်ဗျာ .. လုံးဝ မမိုက်ဘူး .."

ပိုက်ဆံကိုဆောင့်အောင့်ဆွဲယူသွားကာ ...၊

"ရပြီ .. ခင်ဗျားသွားလို့ရပြီ .."

ဘယ်လိုပဲ မျိုသိပ်အားတင်းထားပေမယ့် ပိုက်ဆံကို ဆောင့်ဆွဲယူလိုက်သည်နှင့် မျက်ရည်တွေဝေ့ခနဲ ပြေးတက်လာသည်။

'သွားတော့' လို့ ခွင့်ပြုခြင်းအစား ခွေးတစ်ကောင်မောင်းထုတ်ခံရသလို ရင်ထဲမှာ စူးအောင့်သွားခြင်းက မျက်ရည်တွေမျက်ဝန်းအိမ်ကို ပုန်ကန်ဖွင့်ချာကြဖို့ အင်ပြည့်အားပြည့် ဖြစ်စေခဲ့လျက် ...၊

"မသွားသေးဘဲနဲ့ ဘာလုပ် .. အဲ့ .. ငိုနေတာလားမသိဘူး .."

မိန်းကလေးသံလေး တစ်သံ ...၊

ရာရာ ကိုယ့်အဖြစ်ကို ထိန်းချုပ်ဖို့ သတိရသွားသည်။ နေရာမှ ကမန်းကတန်းလှည့်ထွက်ခဲ့ပေမယ့် တုန်ယင်နွမ်းခွေနေသည့် ခြေထောက်တွေက ကျောက်ဖုလေးတွေ မညီမညာနှင့် လမ်းပေါ်ကျမှ ဒေါက်ဖိနပ်ပေါ်ကနေ ချော်ထွက်ကျခဲ့လျက် ...၊

"အား .."

ကိုယ့်ကိုယ်ကိုယ်ထိန်းဖို့ ဘယ်လိုမှ အချိန်မရလိုက်မိ လူက နောက်ပြန်လဲကျသွားလေသည်။

"ဟယ် .. ဟို .. ဟိုမှာကုန်ပါပြီ .."

ယိုအဖြစ်ကတော့ သူမတို့နဲ့ ပိုနီးနေပြီမို့ ဧက နှမ်းမျှောသွားအော်မိရင်း ...!

'ကြည့်စမ်း .. သင်းကဲ ပြာသို့ ရင်ခွင်ထဲမှာ .."

"ပင်!.. ပြာသို ရယ်တော့ .."

www.burmeseclassic.com

www.burmeseclassic.com



ခက်ခက် ပါးစပ်အဟောင်းနှင့် လိုက်ငေး၏။ ရာရာ ကတော့ သူမ ဘယ်သူ့ရင်ခွင်ထဲ ဘယ်လိုပြိုလဲသွားခဲ့ကယ်ဆိုတာ သတိမထားနိုင် ..။

သူမ မြေပြင်ပေါ်ထိကျပြီး အဖြစ်ဆိုးမသွားခဲ့ဘဲ တစ်စုံတစ်ယောက်နဲ့ တိုက်မိပြီး အရှိန်တန့်သွားခဲ့သည်။ ဒါပေမယ့် အားလုံးပဲ သူမ သွားလေရာကို လိုက်ကြည့်ပြီးရယ်နေကြ၏။

စိတ်သည် ရှက်နေခြင်းမှတစ်ပါး ဘာမှမသိခဲ့ဘဲ ကျောနဲ့ကပ်မိခဲ့သည့် ထိုရင်ခွင်ကို လက်ပြန်တွန်းဖယ်၍ နေရာမှ ခွာဖို့သာ အသည်းအသန် ကြိုးစားမိသည်။

ခုလောက်ဆို လူတွေ သူမကို မျောက်ပွဲကြည့်သလို သဘောတွေကျပြီး လက်တို့ရယ်နေကြပြီးလား၊ အင်းယားကန်ပေါင်မှာ လူမစည်တဲ့ အချိန်ဆိုတာမရှိ ..။

ဆိုင်တွေတန်းစီပြီး စားသောက်စရာမျိုးစုံရနိုင်သလောက် နေရာ ကျဉ်းကျဉ်းလေးမှာ ဆိုင်တွေက ကပ်ထပ်နေကြတာဖြစ်သည်။

ထူးခြားမှုတစ်ခုခုဆို မသိလိုက်၊ မမြင်လိုက်တဲ့လူ ရှိမည်မထင် ..။

လူတွေကွယ်ရာရောက်လျှင် ငိုချလိုက်ဖို့ ဘယ်လိုပဲ အပြေးတစ်ပိုင်း လျှောက်မိပေမယ့် လူတွေကွယ်တဲ့နေရာကလည်း မရောက်နိုင် ..။

မျက်ရည်ကလည်း အလိုက်ကမ်းဆိုးမသိ ..၊

"ဟ .. ဘယ်လိုဖြစ်သွားတာလဲ .."

ခပ်ဝဲဝဲ စကတ်စလေးကို တစ်ဖက်စ 'မ'၍ အပြေးတစ်ပိုင်းထွက်သွားသည့် ကျောပြင်လေးက ပြာသို တို့အဖွဲ့ကို ထူးဆန်းအံ့ဖွယ်မြင်ကွင်း တစ်ခုလိုဖြစ်စေခဲ့လျက် ..။

"ပြာသို .. မင်းတော့ ရာဇဝင်ပျက်ပြီ .."

"အဟွန်း .."

"ဘာရယ်တာလဲ .. မင်းရဲ့ ရင်ခွင်နန်းတော်ကြီးကို ဖြို့ခွင်းခြေကန် ထွက်သွားတာနော် .."



"သူ့ဟာသူ တစ်ခုခုကြောင့် ဟိ(ထ်)တက်သွားတာပါ .."

"အံမာ .. လာသေးတယ် .."

"ပြန်သွားပြီ .. အစအနတောင် မရှိတော့ဘူး .."

"ဟား .. ဟား .. ဟား .. ခံလိုက်ရပြီ ပြာသို .."

ဖြူဝင်းချောမွတ်နေသည့် မျက်နှာက ရယ်နေလေ ကြည့်ကောင်းလေ..။ သွားလေသူ၏ ကျောပြင်ဆီ လှမ်းကြည့်နေတာသိပေမယ့် ရယ်နေ တာကိုပဲ ဇေ နီးကပ်စွာလိုက်ငေးနေမိသည်။

"ဟဲ့ .. ဇေ .."

"အသာနေစမ်းပါ .."

ခက်ခက် က သတိပေးသည်။ လာတို့သည့်လက်ကို ဇေ က ပုတ် ထုတ်ပစ်၏။

"နင် အဲဒီလို အနေမတတ်တာတွေကြောင့် ဟိုက အထင်မကြီးတာ.."

"ဘာ .."

"ခုရော ဒီနားက ဖြတ်သွားပြီး နင့်ကို ငဲ့တောင်ကြည့်သွားလို့ လား .."

"သူတို့က ဟိုတစ်ယောက်နဲ့ တိုက်မိတာတွေပြောနေတာကြတာ ကိုး .. ငါ့ကိုမှ မမြင်တာ .."

"မြင်ရင်လည်း အရင်အတိုင်းပဲနေမှာ၊ ဘာမှ ထူးခြားမှာမဟုတ်ဘူး.."

ခက်ခက် က ကဲ့ရယ်တာတော့ မဟုတ်ပေ။ ဒါပေမယ့် စိတ်မရှည် တာနဲ့ ပြောမရတာနဲ့ ရှောပေါင်းစိတ်တိုကာ ဒီတိုင်းပဲ ပြောပစ်လိုက်၏။

ဇေ ကလည်း မျက်နှာညိုသွားပြီးမှ ခပ်မဲ့မဲ့လေးပြုံးလိုက်ကာ ..၊

"လက်ရှိ သူ့မှာ ရည်းစားရှိတယ်လေ၊ သူကလည်း ရည်းစားများ ပေမယ့် ဒီလောက်လေးနဲ့တော့ နောက်တစ်ယောက်ပြောင်းမှာ မဟုတ် သေးဘူး၊ ငါလည်း ကြောင်တောင်လုယူသလိုကြီးတော့ မဖြစ်ချင်လို့ပါ.."

"လုယူလည်း ရမှာကျလို့ .."

www.burmeseclassic.com

www.burmeseclassic.com



"ခက် နော် .. ငါ တင်းလာပြီ .."

"ကဲ .. တင်းမနေကြနဲ့၊ ဒီမှာ ဟန်ဆောင်ဗိုက်နာပြရင်းနဲ့ တကယ်ရစ်လာလို့ ဘယ်လောက်ဒုက္ခသွားလဲသိလား .."

"မသိဘူး .."

"ဘုန်း .."

ဇင် က လူမလာခင်တည်းက အသံကိုအရင်ပို့လွှတ်၏။ ပြီးတော့ သူမရဲ့အိတ်ကို စားပွဲပေါ်အသံမြည်အောင်ချလိုက်သည်။

"မသိဘူးလို့ပြောလိုက်တာ ဘယ်သူလဲ .."

"ငါ .."

ခက်ခက် က လည်ပင်းရှည်ပြပြီး ပေါ်တင်မဲ့ရွဲ့ကာ ..၊

"ဒီလိုပဲ ဧက ရဲ့ .. အက်တာလုပ်နေကျ၊ ခုမှ .. ညည်းနေလည်း ဘာမှ ပိုမစားရဘူး .."

"အေးလေ .. ငါ့ကောင်းမှုအကြောင်းပြုပြီး အခု ဝက်သားတုတ်ထိုးတွေ တဝတစ်ပြစားခဲ့ရတယ်မို့လား၊ အဲ့ဒါကြောင့် ဗိုက်နာတာမှန်းသိရင် ငြိမ်ငြိမ်လေးနေလိုက်တော့ .."

"ဟယ် .. စော်ကားတယ်ကြည့်စမ်း၊ အခု မြကျွန်းသာကို ဦးအောင်ပြေးသွားပြီး ဘယ်သူစောင့်ရမှာလဲပြော .."

"ဘယ်သူမှ စောင့်ဖို့မလိုဘူး၊ ထားလိုက် .."

"ဟင်!..."

"ဧက .. တကယ်လား .."

"နင်ကလည်း ကိုယ်ခိုင်းဖို့တောင် လူပိုရသေးတယ်ဟာ .. ဘာဖြစ်လဲ အခု တမင်လုပ်တာမှန်းမသိအောင် နည်းနည်းပါးပါးဖြီးဖြန်းလိုက်ရင် ရပြီဥစ္စာ၊ မတွေ့ရသေးဘူး ရန်မများချင်စမ်းပါနဲ့ .."

သူငယ်ချင်းတွေ ဘာပြောပြော ဧက ရင်ထဲမှာတော့ လှမ်းမြင်လိုက်တော့လည်း ခင်မင်နှစ်လိုဖွယ်ခံစားချက်မျိုးမဖြစ် ...။



ကိုယ်က ဒုက္ခပေးလိုက်နိုင်ပေမယ့်လည်း ကရုဏာစိတ်အလျှင်ရှိခဲ့ဘဲ ...။

"ငါမှ မခင်ချင်တာ .."

ထူပြည့်သည့် နှုတ်ခမ်းတို့ကို မဲ့ပြီးခေါင်းခါ၏။

"ခင်ဖို့မှမဟုတ်ဘဲ နောက်ဆုံး အဲဒီလိုမျိုး ကိုယ်လိုသလိုသုံးနေရင်တောင် ငါတို့ အပျင်းပြေတယ်လေဟာ .."

"အေးလေ .. အဲ .. ဒါပေမယ့် ခုကိစ္စကြီးက သိသာတယ်နော်၊ ဧက က နောက်ထပ်ဇာတ်လမ်းမဆက်တော့ဘူးဆိုပြီး တစ်ဆုံးလုပ်လိုက်ရတာကြီးရယ် .."

"ဟုတ်တယ် .. သူ့ပုံစံက နုနုငယ်ငယ်ပုံလေးတော့ပေါက်တယ်၊ ညိမ်နံ့တဲ့ပုံတော့မရှိဘူး .."

"ဘာပဲဖြစ်ဖြစ် သူက ဧက ကို တည့်အောင်ပေါင်းရမယ့်လူပဲ၊ ဒါတို့ပြောပြလိုက်ရင် မယုံဘူးဆိုပြီး ခေါင်းမခါရဲပါဘူး၊ စိတ်ချလက်ချနေကြ၊ ငါ ကြည့်လုပ်လိုက်မယ်၊ စီစဉ်သူ မခက်ခက်ပေ .. ဟဲ .. ဟဲ.."

ခက်ခက် ပုံစံကိုကြည့်၍ ဧက က ရယ်၏။

သူတို့ ပြုံးနိုင်ရယ်နိုင်ရှိနေကြပေမယ့် ရာရာ ကတော့ ခြေလှမ်းတိုင်းမှာ မျက်ရည်တွေနဲ့ ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"နင်ကလည်း ငိုလည်းငိုနေသေးတယ်၊ တရားနဲ့ ဖြေနိုင်သေးတယ် နော်၊ ဒီလောက် ပုတ်ထုတ်ပစ်လိုက်တာ သိသာနေတာကိုး .."

"မဟုတ်ပါဘူး .. ငါ ဘယ်မှာ ငိုလို့လဲ .."

"ရော့ .. ပြန်စမ်းကြည့်ဦး .."

ဇော်ရဲ က ရာရာ့ လက်တစ်ဖက်ကိုဆွဲ၍ မျက်လုံးအိမ်နဲ့ ထိကပ် ပေးလိုက်ပြီး ..၊

"တွေ့ပြီလား .. ကိုယ့်မျက်လုံးမှာ မျက်ရည်တွေပြည့်နေတာတော် ဘာလဲ .. ပိုးပိုးပေါက်ပေါက် မကျသေးလို့လား .."

"နင်ကလည်း .."

ရာရာ တစ်ရှူးထုတ်ပြီး ကုန်စင်အောင်သုတ်ပစ်နေရင်း ရှုံ့ရယ် ရယ်၏။ ဇော်ရဲ က မျက်စောင်းမထိုးတတ်ထိုးတတ်နှင့် မဲ့ရွဲ့ပစ်ကာ-

"ဟန်လုပ်ရယ်မနေနဲ့ .. ကြည့်ရဆိုးတယ် .."

ဖြစ်ပျက်သမျှကို ပြောပြထားသဖြင့် ဇော်ရဲ က ဒေါသထွက်နေသည်။



"နင်တို့အိမ်မှာ အစက်အခဲတွေ ဘယ်လောက်ဖြစ်နေသလဲတော့ ငါမသိပါဘူး၊ ဒါပေမယ့် တစ်သက်လုံးတည်းက ဒီလိုပဲနေလာတာမဟုတ် ဘူးလား ..၊ နင် ကျောင်းမပြီးသေးဘူးဆိုပေမယ့် အလုပ်တစ်ခုခုကတော့.."

"ဘယ်အလုပ်မှ မရဘူး ဇော်ရဲ ..၊ ခုခေတ်မှာ အနည်းဆုံးကွန်ပျူတာ ဗေ့ဆစ်လောက်တော့တတ်မှ .."

"ဒါဆိုလည်း နှစ်လလောက်ပဲ အချိန်ပေးရမှာ သွားတက်ပေါ့ဟ.."

"ငါ့လိုအပ်ချက်တွေက နှစ်လလောက်မစောင့်နိုင်ဘူးလေ ..၊ ဇော်ရဲ ရယ် .. နင်က ငါ့ရဲ့သူငယ်ချင်းလည်းမဟုတ်ပေမယ့် ဟောမာန် တို့ ချော တို့လိုပဲ ငါ နင့်ကိုခင်ပါတယ်၊ ရှက်လည်းမရှက်တော့ပါဘူး၊ ငါ့မိသားစုမှာ တောင့်တင်းတဲ့ အခြေခံစီးပွားရေး ဘာမှမရှိခဲ့ဘူး .."

"လူတိုင်း တောင့်တင်းနေကြတာလည်း မဟုတ်ပါဘူးဟာ .."

"မတောင့်တင်းတဲ့လူတိုင်းထက် ငါ့အဖြစ်က ပိုဆိုးတာပေါ့ .."

အိမ်မှာ အမေ့ အခြေအနေနဲ့ ကိုကြီး တစ်လုပ်စာတည်းရှိနေရတဲ့ အခြေအနေကို ပြောပြလိုက်မိသည်။ တကယ်ဆို ဇော်ရဲ က သူကျောင်း ပြောင်းတော့မယ်ဆိုမှ မသွားခင်မှာ သူမတို့နဲ့ ခင်မင်ရင်းနှီးသွားခဲ့တာ ဖြစ်သည်။

ပြောရမယ်ဆို ဇော်ရဲ နဲ့ ရာရာ တို့ ခင်မင်ခဲ့ကြတာ သုံးလလောက် ပဲရှိသည်။ ဒါပေမယ့် တော်တော်လေးခင်မင်တွယ်တာခဲ့ကြသည်။ ထို အထဲမှာမှ ဇော်ရဲ က သူမကို ပိုရင်းနှီးခဲ့သူ ..၊

ထို့ကြောင့် ပြန်ဆုံလိုက်တာနှင့် ငယ်ပေါင်းကြီးဖော်တွေ ကွဲကွာ သွားပြီးမှ ပြန်တွေ့ကြသလို နွေးထွေးလှိုက်လှဲခဲ့ကြ၏။

စေက တို့နဲ့ ဆုံခဲ့သည့် အဖြစ်တွေသာ မရှိခဲ့ပါလျှင် ချော တို့ ဟောမာန် တို့ကိုပါ ချိန်းလိုက်ပြီး သူငယ်ချင်းတွေ ခဏပြန်ဆုံကြတာ ပျော်စရာ အတိနဲ့ ရှိနေမှာဖြစ်သော်လည်း ..၊

"ငါ့အိမ်အခြေအနေကို ငါသိတယ် ဇော်ရဲ ..၊ ငါ ဒီတိုင်းထိုင်နေ

www.burmeseclassic.com

www.burmeseclassic.com



လို့ ဘယ်လိုမှမရတော့ဘူး၊ ကိုကြီးက အမေ့ကိုချစ်ပါတယ်၊ ဘာမှ အပိုဖြုန်းတီးတာမရှိဘဲနဲ့ အိမ်ကို သူ ရသမျှပြန်ပေးတယ်၊ ဒါပေမယ့် လောက်လား မလောက်ဘူးလား သူ မသိဘူး၊ ကိုကြီးက အရမ်းအေးတာ သူက တော်ပေမယ့် အိမ်မှာ မပြည့်စုံဘူးဆိုတော့ ..."

"ပြဿနာပဲဟာ .. ငါဖြင့် နင့်ပုံစံကိုကြည့်ပြီး ဒီလောက်ပူပင်သောက များတတ်လိမ့်မယ်လို့ လုံးဝမထင်ခဲ့ဘူး ..."

"အေးလေ .. ငါတို့က ကျောင်းသူအရွယ်တွေကို၊ ဒါပေမယ့် ငါက တော့ အဖေမရှိတော့တဲ့အပြင် အမေက ရောဂါသည်ဆိုတော့ ..."

"ကဲပါ .. မညည်းပါနဲ့တော့ .. နင်အခု ဇာ တွေ စတုရန်းတွေနဲ့ ဆက်လုပ်မှာပဲပေါ့ ..."

"လုပ်မှာပဲလေ .. သူတို့ကလည်း စတွေ့ကာစမို့လို့ စိတ်စမ်းကြ တာလည်းဖြစ်နိုင်ပါတယ် ..."

"လာပြန်ပြီ .."

"ဘာပဲဖြစ်ဖြစ် .. ဒီပိုက်ဆံလောက်ကတော့ အိတ်ထဲမှာပါမှာပဲလို့ ထင်လို့နေမှာပေါ့ ..."

"ထင်စရာလားဟ .. ဘတ်စ်ကားခလေးအိတ်ထဲထည့်ပြီး အိမ်က ထွက်လာရတဲ့ လူတွေမရှိလို့လား ..."

"ဒါပေမယ့် မဆင်းရဲဘူးတဲ့ လူတွေက ဆင်းရဲတဲ့လူတွေဘဝကို မသိကြဘူးဟ ..."

"ဟား .. နင်ကလည်း အထင်တွေစွတ်ကြီးနေပြန်ပြီ၊ ငါတို့ဆီမှာ ပန်းချီလာဆွဲခံတဲ့လူတွေက ဒီလောက်လည်း ..."

"သူတို့က မြဝတီနဲ့ မဲဆောက်မှာ ကုန်ရောင်းကုန်ဝယ်တွေလုပ် နေကြတာ ..."

"အဲ့ဒီတော့ တော်တော်ချမ်းသာတယ်ပေါ့ ..."

စိမ်းလန်းစိုပြည်ထဲက မြက်ခင်းပြင်တစ်နေရာမှာ အတူတူထိုင်နေ



ကြရင်း စကားပြောရတာ အဆင်ပြေပြေဖြစ်သွားလိုက်၊ ငြင်းရခုန်ရတွေ ဖြစ်လိုက် ...၊

"မဟုတ်ဘူး .. ငါ အဲဒီအန်တီတို့နဲ့ တစ်နေကုန်နီးပါးပြောလိုက် ရတာ ..."

"ဘာတွေလဲ .. ဘယ်လောက်ချမ်းသာတယ်ဆိုတာတွေပဲ စွတ်တင် သွားတာလား ..."

"နင်ကလည်း ငါပြောတာချည်းပဲ ခဏနားထောင်စမ်းပါ၊ တိတ်တိတ် လေး ခဏလောက်နေ ..."

"ဘုရားထူးရလောက်အောင် ဒါမှမဟုတ် သခင်မခေါ်ရလောက် အောင် ချမ်းသာနေလို့ ထုထောင်းနှိပ်စက်ခံပြီး ကျွန်လုပ်နေရတာတောင် ပြစရာရှိသေးတယ် ..."

"ခုဟာက .. သူ့အိမ်မှာ အိမ်ဖော်သွားလုပ်ရမှာမှ မဟုတ်ဘဲ ..."

"နင့်ကို အဲ့ဒီလို ခိုင်းလိုက်တာပဲ ရာရာ၊ သူ့အိမ်မှာ သွားမနေရ ပေမယ့် သူ့ဘေးမှာ သွားသမျှ နင် လိုက်ရမှာ၊ သူ့နားမှာနေရမှတော့ သူခိုင်းသမျှလည်း နင်လုပ်ရမှာပဲ၊ ကြည့်ရတာ ဒီမိန်းမ စိတ်ကောင်းလည်း ရှိပုံမပေါ်ပါဘူး ..."

"ငါတောင် မမြင်ဖူးသေးဘူး၊ ရမ်းသမ်းဝေဖန်နေပြန်ပြီ .."

"ဒါ တမင်ယုတ်မာတာဆိုရင် အသိသာကြီးပဲဟ ..."

"ယုတ်မာတယ်လို့လည်း အတပ်ပြောလို့မရပါဘူးဟာ .. သူ့သူငယ် ချင်းတွေက ငါတို့ချင်း မတွေ့ဖူးသေးတာကို သိပြီးတမင်ဒုက္ခပေးတာ နေမှာပါ၊ ကျောင်းသူကျောင်းသားတွေဆိုတာ .."

"ကျောင်းသူမဟုတ်တော့ဘူး ကျောင်းပြီးနေပြီ .."

"သင်တန်းတက်နေတာလည်း အတူတူပဲဟာ .. ထားလိုက်ပါတော့ ဟာ .. ငါလည်း .."

ဘတ်စ်ကားခတောင်မရှိတော့လို့ ဒီထိ ခြေလျင်လျှောက်လာခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com



တာ ခုထိ ဒူးတွေချောင်နေတုန်း ...။

ဒါပေမယ့် ...၊

"ငါလည်း ဒါမျိုးမကြုံဖူးတော့ အရမ်းရှက်သွားလို့ ငိုမိတာပါ၊ တကယ်တော့ ကျောင်းသားကျောင်းသူဘဝ ငါတို့အရွယ်တွေမှာ ဒီလို စနောက်မှုတွေက အနာဂတ်မှာ ပြန်ပြောဖြစ်ရင် ရယ်စရာဟာသတွေပဲ.."

"သြော် .. အေး ငါ့ကို ပြန်တရားပြပါ .."

ရာရာ က ရယ်ပြီး သူ့လက်မောင်းကို လှမ်းထုသည်။ နှုတ်ခမ်းလေးတွေချည်းပဲ သိသာအောင် လှသလောက် ရယ်လိုက်တိုင်း ညီညာလှပသော သွားတန်းလေးတွေနဲ့ ချစ်စဖွယ်ဖြစ်သွားတတ်သည့် မျက်နှာလေးကို ဇော်ရဲ စိုက်ကြည့်ရင်းက ကရုဏာစိတ်တွေဖြစ်နေမိ၏။

ခင်မင်ခဲ့ကြပေမယ့် တွေ့ကြသည့် သက်တမ်းကတော့ သိပ်မကြာရှည်ခဲ့ပါ။ ဒါပေမယ့် သူမလေးကို သူ စိတ်ဝင်စားခဲ့သည်။

စကားပြောလျှင် တိုးတိုးမပြောတတ် ...။ လူတစ်ယောက်ကို တည့်တည့်ကြည့်တာထက် မျက်စောင်းထိုးလောက်အကွာကျမှ မျက်နှာငဲ့ပြီး မျက်လွှာပင့်ကြည့်တတ်တဲ့ ကောင်မလေး ...။

သူများတွေကတော့ မာယာများတယ်လို့ထင်ကြမှာပါ။ ဒါပေမယ့် သူမကို သတိထားကြည့်မိတာနဲ့ သိသွားမှာဖြစ်၏။ သူများစိတ်ဝင်စားလောက်သည့် တစ်စုံတစ်ရာကို သူမက အမြဲတမ်းအမှတ်တမဲ့ဖြစ်နေတတ်ကာ၊ သူများလက်တို့ပြောမှ ဘယ်မှာလဲ၊ ဘယ်သူလဲဆိုပြီး နောက်ကျစွာ စိတ်ဝင်စားတတ်ခြင်းက သူမရဲ့ မျက်ဝန်းလေးတွေ ဤသို့ကြည့်လာခြင်းကို ဖြစ်စေခဲ့၏။

သူမကို သတိထားမိတာနှင့် စိတ်ဝင်စားခြင်းနဲ့ သဘောကျစိတ်က ဒွန်တွဲဖြစ်ခဲ့သည်။ သူမကို ခင်ချင်တာကြောင့်ပဲ အားလုံးနဲ့ ရင်းနှီးဖို့ ကြိုးစားခဲ့ရ၏။

ဒါပေမယ့် သူကပဲစပြီး နှုတ်ဆက်ထွက်ခွာခဲ့ရသည်။ ခုချိန်ထိလည်း



သူမကို မရိုးမသားဆက်ဆံပြောဆိုဖို့ဆန္ဒတွေ သူ့မှာ မဖြစ်မိတော့ပါ။

အဘယ့်ကြောင့်ဆိုလျှင် .. သူမဘက်က ရိုးသားမှုတွေ ဖုံးပေါလအော သွန်ချပေးနေသည့်ကြားထဲမှာ ပြန်လည်နှီးစပ်နိုင်ဖွယ်မရှိကြသည့် အဖြစ်တွေကို သူ လက်ခံထားလိုက်ခြင်းကြောင့် ...၊

"ဇော်ရဲ .."

"ဟင် .."

"ဘာဖြစ်သွားတာလဲ .."

"စဉ်းစားနေတာ .."

"ငါပြောတာတွေကိုလား .."

"မဟုတ်ပါဘူး .. နင့်ရဲ့ စတုရန်းဇကကို ငါ စိတ်မဝင်စားပါဘူး.."

"ဒါဆို ဘာလဲ .."

"နင့်ကို ဘယ်လိုကူညီနိုင်ရင် ကောင်းမလဲလို့ .."

"တော်သေးတာပေါ့ .."

ရာရာ က စိတ်သက်သာရာရသွားသလို ရယ်လိုက်ရင်း ...၊

"နင် ငါ့ကို စိတ်တိုသွားတာလားလို့ .."

"စိတ်တိုတာက နင့်ကို သနားလို့ပါ၊ ပြီးတော့ အံ့လည်းအံ့ဩတယ်၊ ထားလိုက်ပါတော့ဟာ .. ဒါပေမယ့် တစ်ခုတော့ ပြောချင်သေးတယ် .."

"ပြောလေ .."

"နင် မျှော်လင့်ထားသလို၊ သူနဲ့အတူ သင်တန်းလေးလိုက်တက်ပြီး ပညာလည်းရ လစာလည်းရ အရမ်းကောင်းတဲ့အလုပ်လို့ နင်ထင်ပေမယ့် နင် သင်တန်းဖြောင့်ဖြောင့်တက်ရမယ်လို့ ငါမထင်ဘူး .."

"ဟင် .."

"လစာကတော့ နင် ဒဏ်ခံနိုင်သရွေ့ ရချင်ရနေမှာပေါ့၊ ဒါပေမယ့် အဲဒီဒဏ်ကို ခံနေရင်း နင် လူလုံးမလှဖြစ်လာလိမ့်မယ် .."

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို .. နင် ဘာတွေပြောနေတာလဲ .."

"ငါ ဘာတွေပြောနေတယ်ဆိုတာ နင် သိလာမှာပါ၊ ဘာဖြစ်လို့လဲ ဆိုတော့ နင်က ဆက်လုပ်မှာပဲလေ ...၊ နင် သတိထားဖို့က နင့်ကို လစာပေးနိုင်းတဲ့လူတွေက တခြားမှာနော် ...၊ နင့်ကို ဒုက္ခပေးမယ် သူက တော့ နင့်နားမှာ .."

"သူ ဒုက္ခမပေးလောက်ပါဘူး၊ ပေးဖို့ စိတ်တွေရှိခဲ့ရင်လည်း ငါ့ ကို သူ ကြည့်မရစရာတွေ ငါ မဖန်တီးဘူးဆိုရင် အဆင်ပြေသွားမှာပါ.."

ဇော်ရဲ ခပ်မှုံမှုံမျက်နှာနှင့် ခေါင်းညိတ်သည်။ သူ့စိတ်က ထင်နေ တာနဲ့ ရာရာ စိတ်ထဲကယုံကြည်နေတာ ဘာဖြစ်လို့ မတူညီဖြစ်နေရတာ လဲဆိုတာကတော့ ...၊



## အခန်း (၆)

"ဘာ!..."

ခြံရှေ့မှာ ရောက်နေပြီဆိုတော့ ဒေါသထွက်သွားကာ၊ နေရာမှ ထပြီး ပြတင်းပေါက်ကနေ လှမ်းကြည့်လိုက်မိသည်။ ခြံရှေ့က အုတ် ဘောင်နားမှာ မတ်တတ်လေးရပ်နေတာ ကြင်ရာတော် ...။

"နင့်ကို ဘယ်သူလာခိုင်းလို့လဲ .."

"အန်တီကပါ .. မဧက သင်တန်းမှာမရှိရင် ပြီးတော့ .. သင်တန်း မတက်ရင် .."

"တော်ပြီ .. တော်ပြီ .. အဲ့ဒီမှာပဲစောင့် .. ငါလာခဲ့မယ် .."

ဖုန်းပြောပြီး တက်ခေါက်လိုက်မိသေးသည်။ ဒီနေ့ သင်တန်းသွား ဖို့ စိတ်ကူးမရှိခဲ့ပေမယ့် သင်းနဲ့ ရှင်းရဖို့ကိုတော့ သွားရဦးမှာဖြစ်...

"ဘယ်သူ့ဖုန်းလဲ .."

"ဟင်!..."

ဒီဘက်ကို ဆတ်ခနဲလှည့်လိုက်တော့ သူမရှေ့မှာ ဘွားဘွား ...

"သူငယ်ချင်းဆီကပါ.."

www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်းတွေကို ဒီလိုလေသံနဲ့ ငါ့မြေး မပြောဖူးပါဘူး၊ မှန်မှန်ပြောစမ်း ကြင်ရာတော် ဆိုတဲ့ မိန်းကလေးမို့လား .."

"ဘွားဘွားကလည်း ရှုပ်ရှုပ်ဝေးဝေးတွေ ရှင်းမပြချင်တော့လို့ လွှဲပြောတာလည်း မရဘူး၊ ကြင်ရာတော် ဟုတ်တော့ ဘာဖြစ်လို့လဲ .."

"ရှုပ်ရှုပ်ဝေးဝေးတွေ ညည်းက ရှင်းမပြရပါဘူး၊ ဘွားကို ညည်းအမေ အားလုံးပြောပြထားပြီးသား၊ မိဘက ကိုယ့်အတွက် အနီးကပ် မိန်းကလေးအဖော် ထားပေးထားတာ ဝမ်းတောင်သာရဦးမှာ၊ ညည်းလေးက ဘွားကို ဘာဖြစ်လို့ ပြောပြဖော်တောင် ့ရရတာလဲ .."

"အိမ်မှာခေါ်ထားမယ့် လူမှမဟုတ်တာ၊ ဘွားသိတော့ ဘာလုပ်မှာလဲလို့ .."

ဖုန်းကို မွေ့ရာပေါ်ပစ်ချလိုက်ကာ ဧက က နှုတ်ခမ်းကိုစူထော်ထား၏။ ဒီဘွားအေကိုတော့ သူမ ဆိုးနေကျမို့ စိတ်တိုင်းမကျဖြစ်လာပြီဆို မလေးစားရာရောက်တာတွေဘာတွေမသိ ..။

"မေမေတို့ကလည်း အိုဗာတွေ သိပ်လုပ်တာပဲ၊ ဆော်ဒီဂတ်(ဒ်) ထားတာများ ကိုယ် လခပေးခိုင်းတာပဲ လူမြင်ရင်ရှိန်သွားလောက်တဲ့ ဝိုက်ဆိုဒ်နဲ့ ရုပ်ဆိုးဆိုးယောကျ်ားကြီးတစ်ယောက်ဆို တော်သေးတယ်၊ ခုတော့ ဆင်းရဲမွဲတေစုတ်ပြတ်သပ်နေတဲ့ အူကြောင်ကျားလေးကိုများ .."

"ဟဲ့ .."

"အသက်ကလည်း ဧက ထက်တောင်ငယ်သေးတယ်၊ အဲ့ဒါလေးကို ဘာလုပ်ရမှာလဲ၊ ကိုယ်ကတောင် သူ့ကို ပြန်စောင့်ရှောက်ရဦးမယ့်ကိန်း .."

"သူများတကာကို မဲ့ရွဲ့ကဲ့ရယ်နေလိုက်တာ ငါ့မြေးရယ်..၊ ညည်းကဲ့ရယ်နေတာက ဒီမိန်းကလေးကိုပေမယ့် ဒီကိစ္စကို စီစဉ်ပေးလိုက်တဲ့မိဘကို ကဲ့ရယ်နေတာနဲ့ အတူတူပဲ .."

ဧက က ဘွားအေမမြင်အောင် နှုတ်ခမ်းမဲ့ပြီး အပြင်ထွက်ဖို့ အကျီလဲနေ၏။ အဝတ်ဗီရိုနှစ်ဖက်စလုံးကို ယောလောဖွင့်ပစ်ကာ ကိုင်ကြည့်ဖြန့်ကြည့်ပြီးတော့ မှန်ရှေ့မှာပဲ ကိုယ်နဲ့ကပ်ကြည့်ပြီး ပစ်ချ၏။



စွပ်ချလိုက်ပြီးမှ ပြန်ဆွဲချွတ်ပြီး ပစ်ချတာလည်းရှိကာ ပစ်တာကတော့ မွေ့ရာပေါ်ကိုပေမယ့် အကျီ့စကတ်တွေက မွေ့ရာပေါ်မှာ တစ်ချို့ ကြမ်းပေါ်မှာ တစ်ချို့ ..။

တစ်ထည်တစ်လေက မွေ့ရာပေါ်ကနေ ဖောက်ထိုးလျှောဆင်းဖို့ ကြိုးစားရင်း အထက်မကျအောင်မကျနှင့် တန်းလန်း ..၊

"ညည်းရဲ့ အနေအထိုင် ပြောပုံဆိုပုံတွေကို ဘွား တော်တော်ပြုပြင်ရဦးမှာ ဧက၊ ညည်းလေး ဒီလောက်ထိဆိုးနေတာ .."

"ဟာ .. ဘွားကလည်း ဧက ကို ရုပ်ကြည့်ပြီး ပြောနေတာပဲ .."

"ရုပ်ကြည့်မနေလည်း ညည်း ထွက်သွားတာနဲ့ ဖြူပြာ အခန်းထဲဝင်ရှင်းရတာ အနည်းဆုံး တစ်နာရီပဲ .."

"ရှင်းပေါ့ .. သူတို့အလုပ်ပဲဟာ .."

"ဖြူပြာ့ ကို ဘွားကိစ္စတွေရော တခြားနေရာတွေမှာပါ ခိုင်းနေရတာလေ၊ တစ်ခါတစ်လေ မိလုံးခင် ချက်တာတွေမကြိုက်ပါဘူးဆိုပြီး ဖြူပြာ့ ကို မီးဖိုချောင်ထဲ ခေါ်ခိုင်းသေးတယ် .."

စိတ်ကြိုက်တွေ့သည့်အကျီကို အကျအနဝတ်နေရင်း ဧက က ခေါ်သို ဘက်ကို လှည့်လာသည်။ ပြီ့ခတော့ ...

"အဲ့ဒါတွေ လူများမှ ပွဲစည်မှာ ဘွားရဲ့ ..၊ ကြင်ရာတော် ဆိုတဲ့ မတန်မရာနာမည်မှည့်ထားတဲ့ အဲ့တစ်ယောက်ကို အိမ်မှာခိုင်းဖို့ခေါ်လိုက်လေ .. ဧက အတွက်မှမလိုတာ .."

"သူက အိမ်ဖော်လုပ်ဖို့လာတာမှမဟုတ်ဘဲ .. ဘာဖြစ်လို့ လူတစ်ယောက်ကို ချိုးချိုးဖွဲ့ဖွဲ့ပြောချင်နေတာလဲ ..၊ မြေးနော် .. စကားပြောတာ သိပ်ကြမ်းတာပဲ၊ နှုတ်ကြမ်းလာတာက စိတ်ဓာတ်ကြမ်းတမ်းတာကို ဖော်ပြတယ်၊ စိတ်ကြမ်းတော့ကိုယ်ကြမ်း (ပမ်း)တယ်တဲ့ ..၊ ရှိနေတဲ့ ရုပ်လေး လှတာပတာက ရုန့်ရင်းကြမ်းတမ်းတဲ့ပုံကြီးဖြစ်လာလိမ့်မယ်.."

ဧက က အသံထွက်အောင်ရယ်ပြီး ဖိနပ်ထုတ်စီးသည်။ ထို့ပြင် ဘွားအေကို လှောင်ပြောင်စရာပုံစံနှင့် ပြန်မော့ကြည့်၍ ..

"ခုခေတ်မှာ မလှတဲ့လူမရှိတော့ဘူး ဘွားရဲ့၊ လူတိုင်းလှလို့ရ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဆေးဝါးအကူတွေ အလှုပြင်ပစ္စည်းတွေမှ ပေါ်မှပေါ်ပဲ ..၊ ဘွားတို့ခေတ်လို မဟုတ်တော့ဘူး ..

"အတုတွေ အပြိုင်အဆိုင်ပေါ်များလာတာကို ဂုဏ်ယူနေတာလား.."

"မဟုတ်ပါဘူး ဘွားရဲ့ လိုတရဖန်တီးနိုင်လာတဲ့ခေတ်ကို ပြောပြတာပါ၊ တိုးတက်လာတာတွေကတော့ ဂုဏ်ယူထိုက်တာပဲဟာ .."

"ဘယ်လောက်တိုးတက်နေတဲ့ နိုင်ငံဖြစ်ဖြစ် လူတွေ မအို၊ မနာ၊ မသေအောင် ဖန်တီးနိုင်တဲ့ နည်းပညာမျိုးရှိလို့လား .."

"ဘွားက ရစ်ပြီ .."

"ဘာ .. ဘွားအေက ရစ်တယ် .. ဟုတ်လား .."

"မဟုတ်ပါဘူး .. အဟွန့် .. သွားတော့မယ် ဘွားရာ၊ ဟိုဟာမလေးစောင့်နေလိမ့်မယ် .."

သူများ ဘာပြောနေနေ အထူးသဖြင့် ဘွားအေထံက ဆုံးမစကားနှင့်တူတာ စလာပြီဆို ဧကေ တို့က ရှုတ်ခနဲ ထပြေးဖို့လည်း ဝန်မလေး..၊

"တော်ပါတော့ ဘွားရာ .." လို့ ခေါင်းကိုစုံကုတ်ပြီး ပိတ်ပင်တားဆီးဖို့လည်း အဆင်သင့် ..။

ဒေါ်သီ ကလည်း ဒီတိုင်းပဲ ကျန်ခဲ့နေကျမို့ ကိုယ့်ကိုယ်ကိုယ် တရားနဲ့တော့ ဖြေတတ်နေပါပြီ။

သို့သော် ဒီနေ့ကတော့ သမက်ထံမှ ကဲ့ရယ်စကားတွေကို ထပ်မံမကြားလိုသည့်အတွက် မြေးဖြစ်သူကို သေသေချာချာဖျောင်းဖျဖို့ ဆုံးဖြတ်ခဲ့မိ၏။ ဒါပေမယ့် ..၊

ဒီလိုထွက်ပြေးသွားအောင်ပဲ ပြောလိုက်မိတော့ ကိုယ့်အပြစ် ..၊

အပြောအဆိုတတ်အောင် ကြိုးစားရပါဦးမည် ..။



## အခန်း (၇)

"ကန်ပေါင်ကို သူလိုက်လာတယ်၊ ငါက အတွေ့မခံဘူး၊ အိမ်ရှေ့ထိရောက်လာတယ်၊ ငါက ဆေးတံခါးကနေ ရှောင်ထွက်လာခဲ့တယ်၊ ဟွန်း .. သင်းကို ငါမလိုလားမှန်း ခုလောက်ဆိုသိသွားပြီပေါ့ .."

"အေးနော် .. ပြီးတာပဲ၊ ငါတို့အုပ်စုထဲမှာ နောက်ထပ်လူပိုကြီးမလိုပါဘူး .."

"ကဲ .. အားလုံးပြီးသွားပြီဆိုရင်လည်း ဗိုက်တွေဆာနေပြီ၊ ဘယ်ကိုရှေ့မှာလဲပြောဦး .."

"ကြိုက်တဲ့ဆီကိုရှေ့ကြ .. သင်တန်းမတက်ရရင်ပြီးတာပဲ .."

"အဲ့ဒီလိုကြိုးစားနေတာ ဧကေ တို့ .."

"ဟား .. ဟား .. ဟား .."

အနားမှာနေမယ့် တစ်ယောက်ယောက်ကို မလိုချင်တာ ဒါတွေကြောင့်ပဲဖြစ်သည်။ သင်တန်းတွေများများတက်နေလေ အပြင်မှာ လွတ်လပ်စွာနေဖို့ အခွင့်အရေးတွေပိုရလေ ..။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သင်တန်းတက်တယ်ဆိုတာလည်း ကိုယ်တက်ချင်မှ ဖြစ်တာ၊ သင်တန်းကြေးတွေ နှစ်ဆသုံးဆတောင်းပြီး မုန့်ဖိုးဆိုတာ အလျှံပယ် ..။

မေမေတို့က အနားမှာမရှိသလို ဘွားဘွားက အပြင်ကို တစ်လတစ်ခါတောင် ထွက်ခဲတဲ့သူ ..။

ဒီလောက်ထိ လွတ်လပ်ရေးတွေရနေတဲ့ ကိုယ့်ဘဝကို ဘာဖြစ်လို့ ခြေထိပ်ခတ်ခံရမှာလဲ ..၊ မေမေတို့ ဘယ်လိုစီစဉ်လိုက်တယ်ဆိုတာ စေ သိနေသည်။

သိလို့ပဲ တမင်ပညာပြနေတာပါ ..။

"ကဲ .. သွားမယ်ဆိုရင်လာကြ .. ငါပဲ ဦးဆောင်မယ် .."

"ဒါရိုက်ရှင်က .."

"စိမ်းလန်းစိုပြည် .."

"ဟင် .."

နှစ်ယောက် ရှုံ့မဲ့ကုန်ကာ မရှုံ့မဲ့တာ စေ တစ်ယောက်ပဲကျန်၏။ ခက်ခက် က ခါးထောက်လိုက်ပြီး ..၊

"ဒါက ဘာတွေဖြစ်နေကြတာလဲ .."

"စိမ်းလန်းစိုပြည်က မုန့်တွေ ဈေးကြီးတယ် .."

"ကန်ပေါင်က ဆိုင်တွေကရော .."

"မသက်သာဘူး .."

"ကန်တော်ကြီးကို သွားမလား ဒါဆို .."

"ပိုဆိုးသွားပြီ .."

"ဒါဆိုလည်း .. ငါတို့လျှောက်ပတ်ရင်း ဗိုက်ဆာလာတာနဲ့ ကန်ထဲ ခိုင်ဗင်ထိုးချပြီး ရေတစ်ဝမျိုပြီးမှ ပြန်တက်မယ်လေ အဆင်ပြေလား.."

"ပြေတယ် .. ပြေတယ် .."

"အဲဒီ အကြံမဆိုးဘူး .."



"ဟား .. ဟား .. ဟား .."

"ဟင်!..."

လက်ခုပ်လက်ဝါးတီးရယ်ရင်း မျက်လုံးက ဂိတ်တံခါးဆီရောက်သွားလျှင် စေ မျက်လုံးပြူးသွားသည်။

ရယ်လက်စ မျက်နှာက ဟိုမရောက်ဒီမရောက်နှင့် ရပ်တန့်စေလျက် ..၊

"ကြင်ရာတော် .."

"ဟင် .. ဘယ်မှာလဲ .."

ကားတံခါးကို ဖွင့်အုံ့ဆဲဆဲလက်တို့ ပြုတ်ကျကုန်ကာ ခက်ခက်တို့ လှည့်ကြည့်လိုက်ကြ၏။ စိမ်းပြာရောင်ပေါ်မှာ ရှားရင့်အခက်လေးတွေပါသော ခါးရှုံ့နှင့် ဂါဝန်ရှည်လေးကိုဝတ်ထား၏။

ပြီးတော့ အပေါ်ထပ် ဂျင်းအကျႌက တမင်လှအောင်ဝတ်ထားတာ မဟုတ်မှန်း သိသာစွာ လက်ရှည်ခါးရှည်ပွပွဖားဖားကြီး ..၊

မျက်နှာလေးကတော့ လှပေမယ့် ဆံပင်ကလည်း သေသပ်စွာဖြီးထားတာဖြစ်သော်ငြား ပါးကွက်လေးနှစ်ဖက်နဲ့ အနက်ရောင်ဆံပင် ခပ်ပွပွက သူမကို ဘာပုံပေါက်နေစေလဲဆိုတာ သိရဲ့လား ..။

ကြင်ရာတော် ကို သူတို့လေးယောက်စလုံး အသံတိတ်ငေးကြည့်နေကြကာ ခေါင်းတွေခါ၍ သက်ပြင်းတွေလည်း ကိုယ်စီချမိ၏။ ဘယ်လိုမှ ရောက်လာနိုင်ဖွယ်မရှိတော့ဘူးလို့ တွက်ထားပြီးမှ မြင်လိုက်ရပေမယ့် အံ့သြသွားတာ ခဏပဲဖြစ်လျက် ..၊

"ဒီလိုလည်း ရှိလာနိုင်တယ်ဆိုတာ ငါတို့က ထည့်မတွက်မိတာကိုး .."

"ဒီထက် မျက်နှာပြောင်နိုင်ဖွယ်ရှိသေးတယ်ဆိုတာလည်း ထည့်တွက်ထားဦးမှ .."

ကိုယ့်မျက်နှာကိုကြည့်၍ နှုတ်ခမ်းတွေတလှုပ်လှုပ်ရေရွတ်နေကြ

www.burmeseclassic.com

www.burmeseclassic.com



တာကိုမြင်နေရသည်။ ကောင်းရောင်းကောင်းဝယ်ပြောနေကြတာ မဖြစ်နိုင်မှန်းလည်းသိပေမယ့် လိုက်ရှာနေတာကိုက မကျေနပ်ရင် ပြန်လှည့်သွားဖို့မဟုတ် …။

ထို့ကြောင့် ရာရာ အားလုံးကို ပြေပြေပြစ်ပြစ်လေးကြည့်၍ လျှောက်လာခဲ့ရင်း ဒီထဲမှာ သူမ မမြင်ဘူးသေးတာ နှစ်ယောက်ရှိနေသည်။ ဘယ်သူက ဇကေ လဲဆိုတာ …၊

"ရာရာ က ကြင်ရာတော် ပါ …"

ခက်ခက် နဲ့ ဇကေ ရှေ့မှာ သွားရပ်ပြီး ကိုယ့်ကိုယ်ကိုယ်ထပ်၍ မိတ်ဆက်ကာ …၊

"မဇကေ က ဘယ်သူလဲ မသိဘူး …"

"ငါပဲ …"

ဇကေ က လွယ်အိတ်ကို ပခုံးပေါ်ထပ်ဆွဲတင်လိုက်ပြီး တင်းမာနေသည့် မျက်နှာနှင့် ရှေ့တိုးလိုက်၏။ ပြီးတော့ ရာရာ ကို စူးရဲပြင်းထန်သော အကြည့်တွေနှင့် ခပ်မဲ့မဲ့ စုန်ချီဆန်ချီကြည့်၍ …၊

"နင်က ငါ့နောက်ကိုလိုက်ကပ်နေမှ စားရသောက်ရမှာလား၊ ဒါမှမဟုတ် မေမေတို့က လစာတွေ နင့်လောက်အောင်ပေးထားလို့လား…"

"လစာကို ရာရာ မက်ပေမယ့် နင့်လောက်အောင်တော့ မဟုတ်ပါဘူး …"

"နင့်လောက်အောင် လိုချင်သေးတဲ့ပုံပဲ …"

"မဟုတ်ပါဘူး … ရာရာ ကို ပေးထားတဲ့အတိုင်း တာဝန်ကျေအောင် ပြန်လုပ်ပေးချင်တာပါ …"

"စိတ်ပျက်စရာကောင်းတဲ့ တော့ဂ်ကီတွေ နားစမ်းပါ၊ ဒီမှာ ကြင်ရာတော် မေမေတို့ကို နင် ငါ့အကြောင်းတွေ သတင်းပို့ပေးနိုင်ရင် နင် စွမ်းဆောင်နိုင်သလောက် လစာတွေမြင့်လာနိုင်သေးတယ်၊ ဒါပေမယ့် နင ငါ့အကြောင်း ဘာမှသိရမှာမဟုတ်ဘူး၊ ငါ ဘာလုပ်လုပ်သိရအောင်



နင်ကြိုးစားလေ ဒုက္ခရောက်လေ … အဲ့ဒါ သနားလို့ကြိုပြောထားတာ…"

လက်ညှိုးထိုးထားသည့် ထိုလက်ချောင်းလေးမှာ စိန်လက်စွပ်က ပြူးပြက်လက်နေသည်။ ကွေးထားသည့် တခြားသောလက်တွေမှာလည်း ထိုနည်းတူ …။

လည်တိုင်မှာ ကပ်ဆွဲထားသည့် ပလက်တီနမ်ကြိုးပြားကြီးကလည်း စိန်လော့ကတ်လေးတလှုပ်လှုပ်နှင့် ဝင့်ထည်နေ၏။ ဇကေ ဆိုသောသူမက လှပထည်ဝါခြင်းကိုနှစ်သက်သူဖြစ်သလို စိန်ကိုတော်တော်ကြိုက်မှန်းလည်းသိသာ၏။

နဖူးဝိုင်းပုံ မေးဖျားရှည်၍ နှုတ်ခမ်းထူပုံကအစ သူမ မျက်နှာတစ်ခုလုံး၏ ပုံသဏ္ဍာန်က ဘဲဥပုံခပ်လုံးလုံး၊ ပြီးတော့ နှာတံပေါ်ပေမယ့် အဖျားနားကျမှ ခပ်ပွပွဘောကားသလိုရှိကာ နှာတံပေါ်တာထက် နှာခေါင်းကြီးသည့်ဘက်ကို ပိုများနေသည်။ မိတ်ကပ်ထူထူအောက်မှာ ဝက်ခြံဖုအစ်ချို့ကို မြင်နေရပေမယ့် သူမအလှကိုတော့ သိသာစွာ ပျက်စေတာမျိုးမဖြစ်ပေ။

"ဘာကြည့်နေတာလဲ … ငါပြောတာ ကြားရဲ့လား …"

"ကြားပါတယ် …"

"အဲဒီတော့ နင်က သတ္တိဘယ်လောက်ရှိလို့ ငါ့နားမှာနေချင်ရတာလဲ …"

ရာရာ က ခေါင်းလေးခါပြပြီး ဆံပင်တစ်ဖက်ကို နားနောက်မှာ သိမ်းညှပ်လိုက်ကာ …၊

"အဲ့လိုမဟုတ်ပါဘူး၊ မဇကေ ဆားမှာသွားအတူလာအတူ ရှိနေမယ့် ဒီအလုပ်ကို လက်ခံခဲ့တာမို့လို့ပါ …"

"ငါ့ကို မဇကေ လို့မခေါ်နဲ့ … ကျွတ် … နားကြားပြင်းကပ်လိုက်တာ …"

"ဟုတ်တယ်လေ … နင်က သူ့အလုပ်သမားပဲ နာမည်ကိုခေါ်စရာ

www.burmeseclassic.com



လား .."

"ဟုတ်တယ် .. မမလေး လို့ခေါ် .."

အိမ်ရှင်နဲ့ အိမ်ဖော်လို နေရာချထားပေးလိုက်တာမှန်း ရာရာ သိလိုက်သည်။ ဒါပေမယ့် သူမ ဒီအလုပ်ကို လုပ်ခွင့်ရဖို့သာအဓိကမို့ ...၊

"ဟုတ်ကဲ့ပါ .."

အားလုံး၏ မျက်နှာတွေမှာ မဲ့ပြုံးတွေ စွန်းထင်းသွားကြ၏။ ကေက ခေါင်းညိတ်၍ ...၊

"အေး .. နင်က ငါ ဒီလောက် မလိုလားတာတွေပြထားတာတောင် ရှေ့တိုးလာတယ်ဆိုတော့ နင်က ငါးဖယ်ဆိုရင် ငါက နာနာထောင်းပေးရမယ့်သူပဲ .."

သူမက ခပ်မိန့်မိန့်လက်ပိုက်ပြီး ကားနောက်မှာ ပြန်မှီ၍ ...

"အဲ့ဒီတော့ နင်လိုက်နာရမှာတွေ ငါပြောပြမယ်၊ နံပါတ်တစ် ငါတို့အုပ်စုနဲ့ ခပ်လှမ်းလှမ်းမှာနေရမယ်၊ နံပါတ်နှစ် မခေါ်ဘဲ မလာရဘူး၊ ခေါ်လိုက်တာနဲ့ ချက်ချင်း ငါ့ရှေ့ရောက်လာရမယ်၊ နံပါတ်သုံးက အရေးကြီးတယ်၊ နင် ငါ့ရဲ့မျက်နှာသာပေးမှုကို လိုချင်တယ်ဆိုရင် ငါ ခိုင်းသမျှလုပ်၊ ငါ မကြိုက်တာ ဘာမှမလုပ်နဲ့ ...၊ ဥပမာ မေမေတို့က မေးသမျှ ဘယ်လိုဖြေရမယ်ဆိုတာ နင် သိတတ်ဖို့ .."

ရာရာ က သူမမျက်နှာကို စိုက်ကြည့်ငေးနေခဲ့ပြီး သူမ စကားဆုံးသွားမှ ...

"ကောင်းပါပြီ .."

"အိုခေ .. အခုလောလောဆယ် ဒီထဲက အခင်းယူသွား၊ စိမ်းလန်းစိုပြည်ထဲမှာ ကန်ရေပြင်နဲ့ နီးနီး အလှဆုံး အသန့်ဆုံးနေရာကို ဦးပေးထား .."

"ဟင် .. နေရာဦးရမယ် .."

"ဟုတ်တယ် .. စုံတွဲတွေနဲ့ ဝေးဝေး၊ မြက်ခင်းစိမ်းစိမ်း ရေပြင်ကို



ရှင်းရှင်းမြင်ရမယ့်နေရာ .."

ကေ ပြောလိုက်တာနှင့် အသေးလေး က ကားနောက်ဖုံးထဲက ခေါက်ထားသည့် ကော်ဇောကိုထုတ်ယူပြီးဖြစ်ကာ ...

"ရော့ .."

ရာရာ့ လက်နားရောက်အောင် လှမ်းထိုးပေး၏။ ရာရာ က ကြောင်တောင်တောင်လေးယူလိုက်ကာ ...၊

"စုံတွဲတွေနဲ့ဝေးဝေး၊ မြက်ခင်းစိမ်းစိမ်း ရေပြင်ကို ရှင်းရှင်းမြင်နေရမယ် .."

ကေ ပြောသွားတာကို တိုးတိုးလေးသံယောင်လိုက်ရွတ်ရင်း လှည့်ထွက်သွား၏။

"ဟုတ်တယ် .. တစ်ခုခုမှားသွားလို့မရဘူး .. သေချာရွတ်သွားနော် .."

"နင့်ကိုပြောနေတာ .."

ပြောလိုက်တာကို ပြန်လှည့်ကြည့်နေသေးသည်။ အသေးလေး က သွတ်ကော့နေသည့်လက်ညှိုးကို ထပ်ပြီး ကန့်ကလန့်ထောင်ပြကာ စိတ်ရှည်စွာထပ်ပြော၏။

ပြီးတော့ စိတ်မရှည်သလို မျက်စောင်းထိုးသည်။

ပြီးတော့ အားပါးတရ ရယ်ကြလေသည်။

ပြီးတော့ ...၊

"ကောင်းတယ်ဟေ့ .. ဒီနေ့ကစပြီး ဆားဖုံ့နံ့တစ်ယောက်ကောက်ရလိုက်တော့ အဆင်ပြေပြီ .."

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

စိမ်းလန်းစိုပြည်ထဲမှာ ဘယ်ကိုကြည့်ကြည့် စုံတွဲတွေကင်းရှင်းနေတဲ့ နေရာဆိုတာမရှိ၊ လှပတဲ့ ကန်စပ်လေးတွေမှာ ထိုင်ခုံရှိတဲ့နေရာတိုင်းမှာ ပြီးတော့ မြက်ခင်းစိမ်းစိမ်းနဲ့ ဒန်းတွေရှိသမျှ ...၊

ဘယ်နေရာမှာဖြစ်ဖြစ်၊ စုံတွဲတွေသာမက မိသားစုတွေ အေးချမ်းစွာ နေနေကြတာလည်းရှိ၏။ ကိုင်ထားသည့် ကော်ဖောကိုပိုက်ထားရင်း ဆံပင်တွေမျက်နှာပေါ်ကျလာတာကို ခါထုတ်လိုက်၊ လက်နဲ့သိမ်းလိုက်နှင့် ကော်ဖောကို ဟိုဘက်လက် ဒီဘက်လက်ပြောင်းကိုင်နေသေးသည်၊

"ဘာလုပ်နေတာလဲ ရာရာ .. ခိုးရာပါပစ္စည်းတွေဝှက်ထားချင်လို့ နေရာရှာနေတာလား .."

ထိုအသံကိုကြားလိုက်တော့ ရာရာ ဝမ်းသာသွားကာ ချာခနဲနောက်လှည့်မိကာ ...၊

"ဇော်ရဲ နင် မပြန်ဖြစ်ဘူးလား .."

"ဟုတ်တယ် .. ငါ့အစ်ကိုစုံတွဲကလည်း ဟိုကိုလိုက်လည်မလို့လေ



သူတို့ကိုပြန်စောင့်နေတာ .. ငါကတော့ ဦးလေးဆီမှာပဲ အချိန်ပြည့်လာထိုင်နေတာ .."

"ဘာလဲ .. မန္တလေးကိုလွမ်းပြီး မနေတတ်တာလို့လား .."

"မဟုတ်ပါဘူး၊ နင် ရောက်လာမှာသိလို့ တမင်လာစောင့်နေတာ.."

ဟင် ...၊

ဘာလိုလိုစကားကြောင့် ရာရာ ကြောင်သွားသည်။ ဒါပေမယ့် ဇော်ရဲ မျက်နှာက မရိုးသားမှုလို့ စွပ်စွဲလောက်စရာ အရိပ်အယောင်ဘာမှ မထင် ...။

"ကော်ဖောနဲ့ ဘာလုပ်မလို့လဲ .. ပွဲဈေးတန်းမှာ နေရာဦးမလို့ ပြေးလာတာကျနေတာပဲ .."

"ငါ့ကို နှိုင်းစရာဘာကျန်သေးလဲ ဇော်ရဲ .. ခုနကပြောတော့ ခိုးရာပါဖြစ် ပစ္စည်းတွေ ဝှက်ဖို့ နေရာရှာနေတာဆို .."

"ဟုတ်တယ် .. ပါးကွက်နှစ်လုံးပြူးတူးပြဲတဲ့နဲ့ .."

"မပြူးတူးပြဲတဲပါဘူး နင်ကလည်း ပါးပါးလေးပါ .."

ရာရာ ကိုယ့်ပါးလေးကို ပြန်စမ်းပြီးပြောတော့ ဇော်ရဲ က ရယ်သည်။

"ငါ့ကို တောသူများမှတ်နေလို့လား၊ ဒီလောက် မတုံးသေးဘူး.."

ပြောပြီး ဟိုဒီလည်ပင်းရှည်ကြည့်နေပြန်သည်။ ဇော်ရဲ က ပို၍ကျယ်အောင် ရယ်ချလိုက်ပြီး ...၊

"တောသူတွေ တုံးတယ်လို့ နင့်ကိုဘယ်သူပြောလဲ ရာရာ .. ရန်ကုန်မှာ သင်တန်းလာတက်နေကြတာ၊ အလုပ်လုပ်နေကြတာတွေ တောက မိန်းကလေးတွေက သုံးပုံနှစ်ပုံလောက်ရှိတယ်၊ ဘယ်တောသူမှလည်း ကိုယ့်ကိုယ်ကိုယ် တောပုံပေါက်အောင် ဗန်းတင်မနေကြဘူး၊ မြို့က မိန်းကလေးတွေတောင် ရှုံးသွားကြမယ် .. ယုံလားတော့မသိဘူး .."

"အေးပါ .. ကဲပါ .. ငါ တုံးတယ်ပဲထားလိုက်ပါ၊ ငါ့ကို နေရာ ကောင်းကောင်းလေးတစ်နေရာလောက် ရှာပေးစမ်းပါ .."

www.burmeseclassic.com

www.burmeseclassic.com



"ဘာ!..."

"နေရာဦးပေးစမ်းပါလို့ .."

"ဘယ်လို .."

"ဇော်ရဲ ရယ် .."

သင်းကပဲ ခေါင်းတွေဘာတွေကုတ်လို့ ...၊

ဇော်ရဲ ခေါင်းတခါခါနှင့် ကြည့်နေမို့၏။ ရာရာ က စိတ်ပျက်ခြင်းတွေနှင့် အကြာကြီး ရှုံ့မဲ့သွားပြီးမှ ဧက နဲ့ သဘောတူခဲ့တာတွေကို ပြောပြလိုက်လျှင် ...၊

"ဘာ!..."

"လန့်လိုက်တာဟယ် .. ဘယ်လိုဖြစ်နေတာလဲ .. တဘာဘာနဲ့.."

"ရာရာ .."

"ဘာလဲ .."

"လူလူချင်း နင် ဒီလောက်လုပ်ပေးပြီးပေါင်းရအောင် နင် ရူးနေလား .."

"ဟာ .. ရှင်းပြထားသားနဲ့လည်း .."

"ရှင်းပြပြ မပြပြ .. နင် ဒါကို ဒီလောက်ဖက်တွယ်မက်မောနေရအောင်၊ ဒါမှမလုပ်ရရင် ငတ်သေသွားနိုင်သလား .."

"မဟုတ်ဘူးလေ .. ငတ်လို့မသေနိုင်ပေမယ့် ရှက်လို့သေသွားနိုင်တဲ့အဖြစ်မျိုးနဲ့ ငါ ကြုံခဲ့ရတာ၊ ငါ့အမေအတွက် ငါ့မိသားစုအခြေအနေအတွက် ငါဘာမှမလုပ်နိုင်ပါလားဆိုတဲ့ ကြေကွဲစိတ်နဲ့ အလုပ်ရှာရင်းမရရင်းနဲ့ ငါ ဘယ်လောက်ခံစားခဲ့ရလဲ နင်သိလား .."

"မသိဘူးလေ .. ဒါပေမယ့် လူတိုင်းမှာသောကရှိကြတယ်၊ နင်ခံစားရတာလည်း အဲဒီလိုသောကမျိုးထက် ဘာမှမဆိုးဝါးသေးဘူး၊ နင်ကိုက စိတ်ပျော့တာ .. စိတ်ပျော့တော့လည်း ပျော့ချင်တဲ့နေရာမှာပျော့နေပြီး ခုကျတော့ မာလိုက်တဲ့ခေါင်း၊ တားနေရင်းနဲ့ ဒါပဲဆက်လုပ်



နေတယ် .."

"ငါ သူများပိုက်ဆံတွေ သုံးပြီးနေပြီ .."

"ဘယ်လောက်တောင်မို့လို့လဲ .."

"နင် စိုက်ပေးမယ်များပြောမလို့လား .. နင်နဲ့ ငါ သူငယ်ချင်းစာရင်းပါ ဖြတ်သွားမယ်နော် .."

"ရာရာ .."

"ငါ့အလုပ်ကို ငါ ပြီးအောင်လုပ်မယ် ဇော်ရဲ၊ မိန်းကလေးချင်းအောက်ကျခယယပေါင်းနေရလို့ ငါ့ကို ဘယ်သူအထင်သေးသေး၊ ကိုယ်မှန်တယ်ထင်လို့ စခဲ့ပြီးပြီ .."

"အခု မှားနေတယ်မို့လား ရာရာ .. နင့်ရဲ့ ဧက က နင့်အတွက် ပုံမှန်အလုပ်ရှင်မဟုတ်ဘူး .."

"ဘာဖြစ်ဖြစ် .. ဒီသင်တန်းပြီးဆုံးတဲ့အထိ ငါ ရဲရဲဝင့်ဝင့်ဆက်လုပ်မယ်၊ ခုမြင် ခုတွေ့ပြီး ငါ့ကို ဒါလေးလုပ်ပေးပါလို့ ငွေတွေယုံယုံကြည်ကြည်ပေးသွားခဲ့တာ .."

"ငွေချေးစာချုပ်နဲ့ မဟုတ်ဘူးလား .."

"ဘာဖြစ်ဖြစ် ငါ ပြန်ဆပ်ရမှာပဲ .. ဘယ်လိုအပေးအယူနဲ့ဖြစ်ဖြစ် ငါ ကိုယ်တိုင်သဘောတူခဲ့တဲ့ကိစ္စ .."

"ခု အိတ်(ဂ်)စ်ဆဲလ် ရောတက်နေပြီလား .."

သူပဲ အလျှော့ပေး၍ မေးခွန်းတစ်ခုထုတ်ရင်း လေပြည်ထိုးရတော့သည်။ ရာရာ့ မျက်နှာလေး ချက်ချင်းပြေပြေပြစ်ပြစ် ပြန်ဖြစ်သွားသည်။ ပြုံးပြရင်း ခေါင်းလေးညိတ်ကာ ...၊

"အဲဒီ သင်တန်းက အစ်မက ငါ့ကိုခင်တယ်၊ သင်တန်းရှိန်သုံးချိန်မှာ ငါ အဆင်ပြေသလိုဝင်တက်ခွင့်ပြုတယ် .."

"ဒီလိုလူရှိလို့လည်း တော်သေးတာ .."

တမင်ငေါ့လိုက်မှန်းသိပေမယ့် ရာရာ က ဘာမှမဖြစ်သလိုရယ်

www.burmeseclassic.com

www.burmeseclassic.com



ကာ …။

"လာပါ .. ငါ့ကိုကူညီပါဟာ နော် .."

"အေးပေါ့ .. နိုင်းပါ၊ ဒီက လုပ်ပေးချင်လွန်းလို့ ပန်းခြံထဲကနေ ခင်ဗျားအလာကို ထိုင်စောင့်နေတာဆိုတော့ .."

ဘယ်သူတွေဘယ်လို ဒုက္ခများနေနေ ဇေကာ နဲ့ သူငယ်ချင်းတွေက အေးဆေးသော ခြေလှမ်းတို့နှင့် ကားသော့လေးတယမ်းယမ်း၊ ရယ်သံတွေ တလွင်လွင်နှင့် …။

"ဟဲ့ .. ဟိုတစ်ယောက် ဘယ်မှာလဲ မသိဘူး .."

"ဖုန်းခေါ်လိုက် .."

"ဟုတ်ကဲ့ပါ .."

ဇေကာ အမိန့်ပေးတာကို ခက်ခက် က ခပ်ရွှံရွှံ့ပြောပြီး နိုင်းတဲ့အတိုင်းပဲ လုပ်နေရကာ …။

"ဟလို .."

"ရာရာ နင်ဘယ်မှာလဲ .."

"ရာရာ က …. …. …. နားမှာ"

"အိုခေ .. လာကြည့်မယ် .."

ဘယ်လိုဖြစ်ဖြစ် အပြစ်ရှာဖို့ စိတ်ကူးတွေက အစီအစဉ်တကျရှိနေခဲ့ကြပေမယ့် …။

"ဘယ်လိုလဲ ဇေကာ .."

ကန့်စပ်စပ် မြက်ခင်းစိမ်းလေးမှာ အေးမြနေသည်။ နေပူတယ်ပြောဖို့ မော့ကြည့်လိုက်တော့လည်း မပြောနိုင်၊ ညစ်ပတ်သေးတယ်ပြောဖို့လည်းမရှိ …။

ဘယ်ကိုကြည့်ကြည့် မြင်ကွင်းက ရှင်းလင်းစိုပြည်နေလေသည်။ သို့သော် …

"ဟိုမှာ မြင်နေရတဲ့ခုံ တွေ့လား .."



ဇေကာ လက်ညှိုးထိုးလိုက်သည်နှင့် ရာရာ ထိတ်ခနဲဖြစ်သွားသည်။ ညွှန်ပြလိုက်သည့် ဇေကာ ကိုယ်တိုင် ကိုယ့်လက်ညှိုးညွှန်ရာစားပွဲမှာ ထိုင်နေတဲ့သူကို မြင်လိုက်ပြီး မျက်လုံးဝိုင်းသွား၏။

ပြာသို …။

"ဟယ် .. ပြာသို မို့လား .. အဲဒါ .."

"ဟုတ်တယ် .. အသာနေ .."

ဇင် က ကပ်မေးတော့ ဇေကာ က လက်ကိုအသာဖိဆွဲပြီး ခေါင်းခါပြကာ …။

"အဲဒီခုံမှာ ငါတို့ထိုင်ချင်တယ် .."

"မဇေကာ .. အဲ့ .. မမလေး အဲ့ဒါ ခုံတန်းမှမဟုတ်တာ၊ စားသောက်ဆိုင်က စားပွဲလေ .."

"အဲဒါကြောင့် ပြောတာလေ .. နင့်ကို ငါ ပြောခဲ့တာပဲ ဘယ်ကိုကြည့်ကြည့် ငါ့သေးအနီးအနားမှာ .."

"မမလေး ပြောတာ စုံတွဲတွေ မတွေ့ချင်ဘူးပဲပြောတာ၊ ပြီးတော့ ခုံတန်းတွေဆိုတော့ .."

"အဲဒီလောက်ကို ငါသိတယ်၊ သူ အဲဒီမှာ ရည်းစားနဲ့ ချိန်းပြီး ထိုင်စောင့်နေတာ .."

အဲ့ဒါ သူ့ကိစ္စပဲ မဟုတ်ဘူးလား …။

ရာရာ မျက်နှာလေးငယ်လျက်၊ ရှပ်အင်္ကျီအဝါနုနုနှင့် သုံးချိုးတစ်ချိုးပုံစံကို လှမ်းကြည့်လိုက်မိသည်။ ခုနေ ဇော်ရဲ သာ တစ်နေရာကနေကြည့်နေမည်ဆို သူမ ဘာလုပ်ဖို့ရှိနေသေးတာကို မြင်သွားမှာပဲဖြစ်၏။

ဒါပေမယ့် သူ့အိမ်ကဖုန်းဆက်၍ ဇော်ရဲ က ပြန်သွားပါပြီ။

ရာရာ့ခြေလှမ်းကိုနှေးနိုင်သမျှ နှေးကာ ထိုစားပွဲဝိုင်းနားကို လျှောက်လာခဲ့သည်။ ပန်းခြံလှလှ၊ ထိုင်ခုံလှလှလေးတွေနဲ့ ရေစပ်မှာ သူများတကာသာသာယာယာထိုင်နေတဲ့ဟာ …။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့တိုးလာရင်း စိတ်ညစ်ရင်းနှင့် သူ့နောက်နားကိုရောက်မှ ဒေါက်ဖိနပ်ကညပ်ပြီး လူက လေးဘက်ထောက်လျက်သားကျ၏။

"အား!..."

ပြာသို ဆတ်ခနဲလှည့်ကြည့်လိုက်သည်။ ဘယ့်နှယ် သူ့နောက်ကို မိန်းကလေးတစ်ယောက်က တိတ်တိတ်ဆိတ်ဆိတ် ..။

"ဘာဖြစ်သွားတာလဲ .."

မြေပြင်မှာ ဂါဝန်စလေးကပုံနေသည်။ ဘာငုံ့လုပ်နေမှန်းမသိသော မျက်နှာလေးက ဆံပင်တွေအောက်မှာ ပျောက်နေ၏။

"ခလုတ်တိုက်တာလား .."

"ဟင့်အင်း .. ဖိနပ်ညပ်နေတာ .."

"ဆွဲကြည့်လို့မရရင် ဖြုတ်ဆွဲမနေနဲ့လေ .."

ပြာသို မနေနိုင်မထိုင်နိုင် ဝင်ပါလိုက်မိကာ၊ သူမဘေးမှာ ငုတ်တုတ်ထိုင်လိုက်မိတဲ့အထိ ဘယ်လိုဘာညာထင်ဖို့ကို အာရုံမရောက်ခဲ့ ..။

"မင်း လက်ဖယ် .."

အသားရောင် ဒေါက်မြင့်ဖိနပ်လေးက ကြိုးလေးတွေတောင် အနားစလေးတွေ ပွန်းနေပြီဖြစ်၏။ ထိုဖိနပ်လေးကို ဝင်ကိုင်လိုက်တဲ့အထိ သူမ ဒီနားကို ဘာလာလုပ်တာလဲ မတွေးမိ ..။

"ရပြီ .."

ရာရာ ကိုယ်တိုင် ယောကျ်ားလေးတစ်ယောက်ရှေ့ကျမှ ခလုတ်တိုက်လဲရတဲ့အဖြစ်ကို ရှက်ရှက်နှင့် ခေါင်းငုံ့နေမိကာ .. ပြီးပြီဆိုမှ ဒီမျက်နှာကို ဆက်လက်ငုံ့ကွယ်ထားလို့လည်း မရတော့ရာ ..။

"ကျေးဇူးပဲနော် .."

မော့လိုက်ကာမှ ထိုလူ့ကိုယ်က နှစ်သက်ဖွယ်ကောင်းသော ရေမွှေးနံ့ကို တစ်လုံးတစ်ဝကြီး ရှူရှိုက်မိလိုက်၏။ လူချင်းဒီလောက်နီးကပ်နေတာကိုလည်း မျက်လုံးချင်းဆုံမှ သတိထားမိကာ ထိုင်လျက်လေး



ကနေ နောက်ကို ခြေထောက်ရွှေ့ဆုတ်၍ ..။

"ဟို .. ဒါပေမယ့်လေ .."

ကျေးဇူးတင်ပါတယ်ဆိုပြီး ဒါပေမယ့်လို့ ပြောလာကာမှ သူမ ဒီနားကိုရောက်လာရသည့်အကြောင်းက သူနဲ့သာ တိုက်ရိုက်သက်ဆိုင်နေမှန်းတွေးမိသွား၏။

နှစ်ယောက်စလုံး ပြိုင်တူ ထရပ်လိုက်ကြပြီး ..။

"မင်းက ဒီကိုဘာလာလုပ်တာလဲ .."

"ဟုတ် .. ရှင့်ဆီကိုပဲ .."

ပြာသို မျက်ခုံးတန်းတွေ မသိမသာမြင့်တက်သွားသည်။ ပြီးတော့ ပါးကွက်ပါးလေးနှစ်ဖက်နဲ့ မျက်နှာကို သေချာစိုက်ကြည့်မိ၏။

သူ့ဘေးကို မိန်းကလေးတွေ ဤသို့သောအကြောင်းပြချက်အမျိုးမျိုးနှင့် ချဉ်းကပ်ရောက်ရှိလာကြတာတွေ အများကြီးပဲကို ဘာလို့မတွေးမိရတာလဲ .. ငတုံး ..။

နှုတ်ခမ်းမှာ မဲ့ပြုံးတစ်ချက်ထင်သွားကာ ..။

"ဒါပေမယ့် မင်းနောက်ကျသွားပြီ .. မင်းရှေ့မှာ စီနီယာတွေရှိတယ် .."

"ဟင်!..."

ရာရာ မျက်နှာလေး ကွက်ခနဲပျက်သွားသည်။ ကိုယ့်ကို ဘယ်လိုထင်သွားပြီလဲ ..။

"ဟွန်း .."

ပြာသို က ပြုံးလိုက်ပြီး တစ်ရှူးစလေးကိုပစ်ချ၍ နောက်ထပ်တစ်ခု တစ်စထုတ်သည်။ လက်ကိုထပ်၍ပွတ်သုတ်ရင်း စားပွဲမှာပြန်ထိုင်၏။

ရာရာ မျက်နှာပျက်သွားတာလေးကို သူ့အတွေးနဲ့ သူ သဘောပေါက်လိုက်ကာ ..။

မင်းလို ပုံစံမျိုးနဲ့ ဘယ်လိုလုပ်ရင်ခုန်မလဲ ..။

www.burmeseclassic.com



တော်တော်ကြောင်တဲ့ ကောင်မလေး ...၊

"ရှင်ထင်သလိုမဟုတ်ဘူး .."

သူ့အကြည့်တွေ အပြုံးတွေကို မိန်းကလေးတို့တတ်အပ်သော ပညာဖြင့် နားလည်လိုက်ကာ၊ ရာရာ ကမန်းကတန်း ခေါင်းခါ၏။

"ရာရာ ပြောတာက ရှင့်ကို တောင်းပန်စရာရှိလို့ ဒီထိလာခဲ့တာကို ပြောချင်တာ .."

"ဘာ!..."

"ဟိုလေ .. ဒီ .. ဒီဝိုင်းကနေ ရှင်ဖယ်ပေးလို့ရမလားဟင် .."

"ဘယ်လို .. ဘယ်လို .. ကိုယ် နားကြားမှားသွားတာလား .."

စိတ်တိုသွားပုံပေါ်သည့် မျက်နှာကြောင့် ရာရာ သူ့ရှေ့ထိတိုးသွားလိုက်ပြီး နဖူးကဆံပင်တွေကို လက်တစ်ဖက်နဲ့ ဖိသပ်သိမ်း၍ ...၊

"ဒီ .. ဒီလိုပါ .. ဟိုလေ .."

"အင်း .. ဘယ်လိုလဲ .."

"ဒီနေ့က .. ဒီနေ့က .."

ပြောချလိုက်စမ်း ...၊

ဒီလိုလူမျိုးကို တော်ရုံအကြောင်းပြချက်လောက်နဲ့ ဖယ်ပေးပါ သွားခိုင်းလို့ ဘယ်တော့မှ မရဘူး ...။ ပြောဖို့စိတ်ကူးမိတဲ့အတိုင်းပြော လိုက်တော့ ...၊

တံတွေးတစ်ချက်မျိုမိရင်း ရာရာ မျက်နှာမော့၍ စိတ်တင်းလိုက်သည်။

"ဒီနေ့ ကျွန်မချစ်သူဆုံးသွားတာ တစ်နှစ်ပြည့်သွားပြီ"

"အဲ့ဒီတော့ မင်း ဒီနေရာကနေ ကန့်ထဲခုန်ချတော့မလား .."

"မခုန်ချပါဘူး၊ ဒါပေမယ့် သူနဲ့ ရာရာ ဒီမှာထိုင်နေကျ .."

"ထိုင်နေကျတော့ .."

"သူ ဒီမှာပဲ ဟတ်(တ်)အတဲ့(ခ်)ရပြီး ဆုံးသွားတာ .."

"ဘာ!..."



"အဲ့ဒီလို ထိုင်နေတုန်းမှာ .."

"ဟော့ .. လျှောက်မပြောနဲ့၊ ဒီခုံထပ်တိုးလိုက်တာ တစ်နှစ်မပြည့်သေးဘူး၊ ငါ ဒီကိုလာနေကျ .."

ရာရာ ထိတ်ခနဲဖြစ်သွားသည်။ ဒါပေမယ့် ပြောမိလက်စကို အရှုံးမပေးနိုင် ...၊

"ဒါပေမယ့် ဒီနားမှာ ခုံတွေရှိတယ်လေ၊ အလှအပတွေနဲ့ ပြင်ဆင်မထားရသေးပေမယ့် ဒီဝင်းထဲမှာ နေရာတိုင်းက လှနေတာပဲဟာ ...၊ ရှင့်ကို ရာရာ တောင်းပန်နေတာပါ၊ ဒီနေ့ရောက်တိုင်း ဒီမှာ ရာရာ လာထိုင်နေကျ .. ပြီးတော့ သူ့အတွက်ပါ စားစရာတွေမှာပြီး သူနဲ့အတူ ထိုင်နေရသလို စကားတွေပြောနေကျ .. တစ်နာရီလောက်ဖြစ်ဖြစ် ဖယ်ပေးပါနော် .."

ပြာသို စိတ်တိုသွားသည်။ ဘာအကြောင်းနဲ့ ငြင်းလို့မှမကောင်းတော့အောင် ဒီလောက်တောင်းပန်နေတာ ဘယ်လိုလုပ်မလဲ ...၊

ယောကျ်ားမတန်မယ့် နေရာလုနေတယ်လို့လည်း အပြောမခံချင်တော့သည်မို့ သူမတစ်ကိုယ်လုံးကို စေ့စေ့ကြည့်၍ ...၊

"ငါက တစ်ဝိုင်းစာမှာထားပြီးသား၊ အဲ့ဒီတော့ မင်းရှင်းလိုက်တော့ .. ဟင် ...၊"

ရာရာ မျက်လုံးလေးတွေ ပြူးထွက်လာချိန်မှာ သူက ထွက်သွားပြီဖြစ်၏။

ဘယ်နေရာရောက်ရောက် ပိုက်ဆံကုန်ရပါလို၏ လို့လည်း သူမ ဆုမတောင်းခဲ့ဖူးပါ။

ဒါပေမယ့် တစ်ခါပြီးတစ်ခါ .. သူမ ...၊

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၉)

"ရှင်!..."

"ဘာအကြောင်းနဲ့မှ နောက်ဆုတ်ဖို့မစဉ်းစားပါနဲ့ သမီးရယ်၊ သမီးက ဆိုးတာကိုသိပါတယ်၊ ဒါပေမယ့် သည်းခံပါ .. အဲ့ဒီအတွက် မင်းကိုထပ်ပေးမယ်၊ မင်းအခု မထင်မှတ်ဘဲ ထုတ်ကုန်နေရတဲ့ ပိုက်ဆံတွေလည်း အန်တီ ထပ်ဖြည့်ပေးပါ့မယ် .. နောက်ဆိုရင် အကျိုးအကြောင်းရှိရင် အခုပေးထားတဲ့ ဖုန်းနံပါတ်ကို ဆက်လိုက်နော် ..၊ အဲဒါက သမီးစေ နေတဲ့အိမ်က ဖုန်းနံပါတ် .."

"အန်တီ .. ရာရာ ပြောတာက .."

"ဟုတ်ပါတယ် .. သမီး ပြောချင်တာကိုသိပါတယ်၊ ဒါပေမယ့် ဒီအလုပ်ကို ပြောတဲ့အတိုင်း အနည်းဆုံးခြောက်လလောက်တော့ ဆက်လုပ်ပေးပါ၊ အန်တီတို့ ဖုန်းခေါ်မှ သမီးပြောလို့ရသလိုဖြစ်နေလို့ သမီးအတွက် အဆင်ပြေအောင် ရန်ကုန်က အိမ်ဖုန်းကို ပေးထားတာ .."

"အန်တီ .. အခု ရာရာ ပိုက်ဆံကုန်နေတာကို ရှိပါစေတော့ ..



ဒီအလုပ်ကို လက်ခံခဲ့တာလည်း .."

"သမီးရယ် .. အန်တီ သမီးကို တစ်လနှစ်သိန်းပေးပါ့မယ် .."

"ဟင်!..."

"ဒီကြားထဲမှာ သမီးစေ ကြောင့် စိုက်ထုတ်ကုန်ရတာရှိရင်လည်း အန်တီပြန်ထည့်ပေးမှာပါ၊ ဒါပဲနော် သမီး .. အန်တီအချိန်မရလို့ .."

သူမဘာသာပြောပြီး ဖုန်းချသွားသည်။

ပိုက်ဆံကုန်တာကို စိတ်ပျက်လို့ပြောလိုက်မိတာက အမှန်ပါ။ ဒါပေမယ့် အစားပြန်လိုချင်လို့တော့မဟုတ်ပေ။ ဒီအလုပ်ကို မလုပ်ချင်တော့တာဖြစ်၏။

ကိုယ့်ကို ဒုက္ခပေးချင်တာသက်သက်ကြီးနဲ့ နေ့စဉ်ဆုံဆည်းနေရရင် နောက်ထပ်ဘယ်လိုဖယားတွေခင်းပြီး ချောက်ချဦးမယ်ဆိုတာ မသိနိုင်..။

သို့သော် ...

"ရာရာ ရေ .."

"ရှင် .. အမေ .."

"အမေ့ကို အသာထား .. လူအရင်လာခဲ့ .."

"ဟုတ် အမေ .. လာပြီ .."

ရာရာ ဖုန်းကိုအပေါ်အင်္ကျီအိတ်ထဲထည့်ကာ အိမ်နောက်ထဲပြေးဝင်သည်။

"ဟင် .. အမေ .. အမေ ဘာလုပ်နေတာလဲ .."

"ထမင်းအိုးထဲနှိုက်လိုက်တာ .."

ဘုရား .. ဘုရား ..၊

"အမေ .. အမေ့လက်ကို ရေထဲမနှစ်လိုက်နဲ့ .. နေဦး .. ခဏလေး.."

မီးဖိုပေါ်မှာ ပွက်ပွက်ဆူနေသော ထမင်းအိုးကို မီးပဲပိတ်ခဲ့ပြီး လည်ကြည့်အားပေ။ လက်ကောက်ဝတ်ထိ ထမင်းရည်ပူတွေ စိုရွှဲနေသော အမေ့လက်ကို ဆေးပြောလိမ်းပေးဖို့ ပြေးလွှားလှုပ်ရှားနေရှာ၏။

www.burmeseclassic.com

www.burmeseclassic.com



"အမေရယ် .. ဘာလုပ်လိုက်တာလဲ .."

"ထမင်းအိုးက ဝေကျလာတာကိုးအေ့ .."

"အဲဒါကို ယောင်းမနဲ့ မမွှေဘဲနဲ့ .."

"ငါ မေ့သွားတာ .."

အမေက မျက်နှာတော့မဲ့သွားပေမယ့် တစ်ချက်မှ မအော်ပေ။ ဒီလောက် အပူထဲကို နှစ်မွှေပြီး လှမ်းခေါ်တော့လည်း ပူလှလောင်လှချေ ရဲ့လို့ အော်ခေါ်တာမျိုးမဟုတ် ..။

"မပူဘူးလား အမေရယ် .. ဆူနေတဲ့အိုးထဲကို လက်နှစ်ရင် ပူမယ် ဆိုတာတော့ သိရမှာပေါ့ .."

ကရုဏာဒေါသနှင့် ပြောရင်း ရာရာ မျက်ရည်တွေကျလာခဲ့သည်။ အမေ့ရောဂါအခြေအနေ တစ်စထက်တစ်စ ဆိုးလာပြီကို တွေးမိကာ ရှိုက်ငိုမိတဲ့အထိ ရင်ထဲမှာ နင့်နေကာ ..။

"နောက်ကို အမေ ဘာမှမချက်နဲ့တော့ .. ရာရာ အကုန်လုံးချက် ပြီးမှ အပြင်ထွက်မယ် .."

"အိုအေ .. ငါက အိမ်ရှင်မပဲဥစ္စာ၊ ညည်းက အလုပ်သွားတယ် ငါက ထမင်းချက်တယ် .. အဲ့ဒါ ဘာဖြစ်လဲ .."

"အမေမှ နေမကောင်းတာ .."

"ကောင်းပါတယ် .."

"အမေ အေးဆေးနားပါ၊ သားသမီးဆိုတာ မိဘကို ရှာဖွေကျွေး အပြင် ပြုစုစောင့်ရှောက်ရမယ့်ဝတ္တရားလည်းရှိတယ်၊ ရာရာ အမေ့ကို ပြုစုရင် ကုသိုလ်လည်းရတယ်လေ .. အမေ ဘာမှ မချက်နဲ့တော့နော်.."

"အဲဒါလေးပြောတာ ဘာကိစ္စမျက်ရည်ကျရတာတုံး .. ကျက်သ မရှိလိုက်တာ .."

လက်တစ်ချောင်းလုံး ရဲညိုလာတာကို ပါးစပ်လေးနဲ့ ကပ်မှုတ်ပေး ရင်း ရာရာ ရှိုက်သံမထွက်အောင် ထိန်းနေရသည်။ အပူလောင်ကြီးမှု



ကြောင့် ဒဏ်ရာအရှိန်က ညဘက်ထိတောင် မရောက်လိုက်ပေ ..။

"ရာရာ .. ရာရာ .."

"ရှင် .. အမေ .."

သင်တန်းကစာတွေကြည့်နေတုန်း မှေးခနဲအိပ်ပျော်သွားမိစဉ် အမေ က သူမဘေးမှာ အိပ်နေရင်းကနေ လက်ကိုကိုင်လှုပ်မှ နိုးလာ၏။

"အမေ့လက်တွေ ပူခြစ်လို့ပါလား .. အမေ .. အမေ ဘာဖြစ်တာ လဲ .."

"မသိဘူး .. ငါတို့အိမ်ကြီးကို တစ်ယောက်ယောက်ကိုင်လှုပ်နေ တယ်၊ ထွက်ကြည့်စမ်း .. ထွက်ကြည့်စမ်း .."

နေ့ခင်းကြောင်တောင်ကြီး ပုံမှန်အတိုင်းရှိနေသည့် ပတ်ဝန်းကျင် မှာ ကိုယ့်အိမ်လည်း ဘာမှမဖြစ် ..။

"ဟဲ့ .. ငါပြောနေတာကြားလား .. ငါ့ကိုယ်ကြီး ယိမ်းထိုးနေတယ်၊ ငါလဲတော့မယ် .. အိမ်ကိုမလှုပ်ကြနဲ့လို့ .. ဟဲ့ .. သွားကြည့်ပြီးပြော.."

"အမေ .. အမေ့ .."

ခေါကြင်ကြင် လက်ထောက်ပြီး ထထိုင်မလို့ကြိုးစားနေရင်း ပုံခနဲ သဲကျသွား၏။

"အမေရေ .."

စိုးရိမ်ထိတ်လန့်ရခြင်းတွေ ကြုံလာတိုင်း မျက်ရည်ကသာ သစ္စာ ကြီးစွာပြေးရောက်လာတတ်ခဲ့ပေမယ့် သူမဘေးမှာ တွဲမည့်ကူမည့်သူ ကာယ်သူမှမရှိ ..။

www.burmeseclassic.com



## အခန်း (၁၀)

"အာရုံကြောတွေ ချို့ယွင်းမှု ပိုပိုဆိုးလာတာပဲ .."

"ဟင်!..."

ဆရာဝန်ပြောသည့်စကားကို ကြားလိုက်ရမှ လူက ဗုန်းဗုန်းလဲချင်သွားသည်။ မျက်လုံးအကြောင်သားနှင့် ဟိုကြည့်ဒီကြည့် ချာချာလည်နေသည့် အမေ့မျက်နှာလေးကို မကြည့်ရက်အောင်ဖြစ်ရကာ ..၊

"ဆရာ .. အမေက စိတ်ဝေဒနာသည်ပါ၊ အဲဒါ အာရုံကြောထိခိုက်ခဲ့တာပဲ မဟုတ်ဘူးလားဟင် .."

ဆရာဝန်က ရာရှာ မေးခွန်းကြောင့် ကရုဏာသက်သည့် အပြုံးနှင့် ခေါင်းညိတ်သည်။ ပြီးမှ ...

"အာရုံကြောဆိုတာ ဦးနှောက်အာရုံကြောတစ်ခုပဲမဟုတ်ဘူး သမီးရဲ့ .. လူတစ်ကိုယ်လုံးမှာ အာရုံကြောတွေကပဲ ထိန်းချုပ်ထားတာ .. သမီးရဲ့အမေ ဒီဝေဒနာစဖြစ်ခဲ့တာလည်း အက်ဆီးဒင့်တစ်ခုခုကြောင့် မဟုတ်ခဲ့ဘူးလေ .. သွေးနုတဲ့အချိန်ဟာ လူတစ်ကိုယ်လုံးက အသား



အတိုင်းပြန်တည်ဆောက်နေတဲ့ကာလပဲ .. အဲဒီအခါမျိုးမှာ မိန်းမတစ်ယောက်အတွက် သိပ်ကို ဂရုစိုက်ရမယ့်အချိန် .."

ဒီဆရာဝန်ကြီးက သူမတို့မိသားစုနဲ့ မစိမ်းသက်ပေ။ ဒါကြောင့် အမေ့ရောဂါအခြေအနေကို အခြေခံကစပြီး သိနေခဲ့တာဖြစ်၏။ ထို့ပြင် ...

'ရောဂါသိရင်ဆေး' ရှိပေမယ့် လူနာကိုထိရောက်တဲ့ ကုသမှု မပေးနိုင်ခဲ့တာတွေကိုလည်း သိနေတဲ့သူဖြစ်သည်။

"အခု အမေက သူ့လက်တွေပူတာအေးတာ ဘာမှမသိတော့ဘူး ပေါ့နော် .."

"အဲ့ဒီဂိုဖြစ်နိုင်တယ် .. ထမင်းအိုးဆူနေတဲ့ထဲကို လက်နဲ့မွှေပြီး သမီးကို ခေါ်တာ ပြန်စဉ်းစားလေ .."

"ဟုတ်တယ် .. ပူလို့အော်တာမဟုတ်ဘဲနဲ့ .. ပူတာကိုဘယ်လိုကြီးမှန်းမသိဘူးဆိုပြီး ခေါ်တာ၊ ဒါပေမယ့် ပူမှန်းသိလို့သာ သူ ရာရှာ ကို ခေါ်တာ မဟုတ်ဘူးလားဟင် .."

"ဒါတော့ ပြောရခက်မယ်ထင်တယ်၊ ခန့်မှန်းကြည့်ရရင်တော့ သူ(စ်) ဖြစ်တာမျိုးပေါ့ .. တစ်ချက်တစ်ချက် လွတ်သွားတာလေ ..၊ အဲ့ဒီအချိန်မှာ ပူတာမပူတာ၊ နာတာကျင်တာ သူ လုံးဝမခံစားမိတော့ဘူး၊ ဆိုလို့ထိမှန်းမသိတဲ့အချိန်မျိုး .. ဒါကို ကြာကြာ ဒီတိုင်းထားလို့ မကောင်းဘူး သမီး၊ ဦးနှောက်အာရုံကြောအထူးကုသမားတော်ကြီးတွေနဲ့ ပြကြည့်သင့်တယ် .."

"ရာရှာ တို့ ပြတော့ပြဖူးပါတယ် ဆရာရယ် ..၊ ဒါပေမယ့် ထိထိရောက်ရောက်ကုဖို့ကျတော့ .."

သူမ ဆက်မပြောတော့ပေမယ့် ဆရာဝန်က နားလည်သည့်မျက်နှာနှင့် ခေါင်းညိတ်နေ၏။

"အေးလေ .. ဆရာ နားလည်ပါတယ်၊ သမီးတို့မောင်နှမ အဆင်

www.burmeseclassic.com

www.burmeseclassic.com



ပြေတဲ့အခါ လူနာအတွက် လိုအပ်တာရှိရင် ဆရာ့ကိုပြောလေ .. နော် မိုးမှာ သမီးအမေ သမီးကိုရှာနေပြီ .. သွားတော့ .. သွားတော့ ..”

ဆရာဝန်က သူ့ ကားဆီကိုထွက်သွားလျှင် ..၊

“ဆရာ .. အမေ့လက်က အပူလောင်ဖုတွေ လက်တစ်ပြင်လုံးထွက် လာမှာလားဟင် ..”

ရာရာ နောက်က လိုက်မေးတော့ ဆရာဝန်က ပြန်လှည့်ကြည့်ပြီး ရှင်းပြ၏။

“ထပ်မထွက်ဘူး သမီး .. အဲ့ဒါ အဖုတွေကိုတော့ ဖောက်မပစ်ဖေ နဲ့၊ သမီးက ဆေးပြောလိမ်းထားလိုက်တော့ တစ်ပြင်လုံးတော့ အပူဖုမထွက် တော့ဘူး၊ ဒါပေမယ့် ဒဏ်ရာပြင်းတော့ လူက ဒဏ်မခံနိုင်ဘူးလေ၊ အ ဝင်ပြီး ဖျားတာပေါ့၊ အထူးသဖြင့် သူ့ကို အရမ်းကြောက်အောင် မလုပ် စေနဲ့ .. ဒေါသအရမ်းထွက်ရတာမျိုးတွေလည်းရှောင်၊ သူ့စိတ်ဒိုထက် ဆိုးသွားရင် သမီးတို့ထိန်းရခက်လိမ့်မယ် ..”

ကြားရတာ နားဝမှာ မချမ်းသာပေ ..။ ဒါပေမယ့် သူမ ဒေါ်သီတာသိ ကို သတိရသွားမိကာ ..၊

“ဆရာ .. အထူးကုသမားတော်ကြီးတွေနဲ့ပြရင် ပိုက်ဆံဘ လောက်လောက် ကုန်နိုင်လဲဟင် ..”

“တစ်ခါတည်း အော်ပရေးရှင်းဝင်လိုက်ရမှာမျိုးမှမဟုတ်ဘဲ သမီး ရဲ့ ..၊ လူနာကိုစမ်းသပ်တယ် .. ရောဂါရှာဖွေမယ် .. တစ်ဆင့်ချင်း ပေါ့၊ သိပ်လည်းစိုးရိမ်မနေပါနဲ့ .. သမားတော်ကြီးနဲ့ပြကြည့်ဖို့ ဆရာ ကူညီပါ့မယ် ..”

“ဟုတ်ကဲ့ပါဆရာ .. ကျေးဇူးတင်ပါတယ်၊ ရာရာ အဆင်ပြေ အောင် ကြိုးစားကြည့်ပါ့မယ် ..”

တက္ကစီပေါ်ပြန်ရောက်လာတော့ အမေက ရာရာ ဝင်ထိုင်လိုက်တာ တွေ့မှ ကူရှင်မှာ စိတ်ချလက်ချလေးမှီနေလိုက်ကာ ..၊



“ယောက်ျားတွေကို မယုံနဲ့အေ့ .. ဘာဖြစ်လို့ လူတွေကြားထဲမှာ စကားရပ်ပြောနေရတာလဲ ..”

“အဲ့ဒါ ဆရာဝန်ပါ အမေရဲ့ ..၊ အမေ့ကို လက်ကဒဏ်ရာ ကုပေး တာလေ ..”

“ဆရာဝန်က နာမဘူးပါဘူးလို့ ဘယ်သူပြောလဲ၊ ခုနက ငါ့ကို ဒီလိုဒီလို စမ်းသပ်နေတာကြည့်ပါဦး ..”

ဒေါ်ကြင်ကြင် က ကိုယ့်ရင်ဘတ်ပေါ်မှာ နာကျပ်ထောက်သလို ပြန်ထောက်ပြရင်း ရှုံ့မဲ့လျက် ..၊

“နားကျပ်ကိုင်တာများ ဆီမီးခွက် မငွေလှိုင် ကနေတာကျနေတာ ပဲ၊ လက်ငါးချောင်းစလုံးပါရတယ်လို့ မကြားဖူးဘူး ..”

“အမေရယ် .. ကျွတ် ..”

“ဘာကျွတ်တာလဲ .. ညည်း သတိထားဖို့ပြောပြနေတာ .. ငါက ညည်းအမေမို့လို့နော် .. ညည်း အဲ့ဒီဆရာဝန်နဲ့ပြရင် အစမ်းမခံနဲ့၊ ‘ဆရာ နားထောင် သမီးဘာသာ လိုက်ထောက်ပေးမယ်’ လို့ပြောပြီး ကိုယ့် သက်နဲ့ကိုယ်လုပ် ..”

“အမေ့ ..”

“ဟား .. ဟား .. ဟား ..”

တက္ကစီမောင်းတဲ့လူကရယ်တော့ ရာရာ စိတ်ညစ်သွားမိ၏။ တကယ် တော့ အမေ့ မျက်လုံးတွေ မှိတ်ကျနေပါပြီ။ လက်က ဒဏ်ရာကို တခြား လက်နဲ့ပြန်ကိုင်ထားပြီး ကိုယ်တွေပူနေတာကို ကိုယ့်ကိုယ်ကိုယ် ဘာဖြစ် နေမှန်းလည်းမသိရှာ ..၊

“သူတို့က ရယ်နေသေးတယ်၊ ငါ မပြောလိုက်ချင်ဘူး ..”

မကျေနပ်တာတွေ ရေရွတ်နေရင်း အမေ အိပ်ပျော်သွားရှာ၏။ အပူမလောင်သည့် လက်ဖဝါးကို ထွေးဆုပ်ထားရင်း ရာရာ ဘာဆက် လုပ်ရမည်ကို စဉ်းစားနေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးကို လှမ်းပြောနေလည်း ဟိုမှာစိတ်ညစ် ဦးနှောက်ခြောက် ရတာပဲရှိမှာပါ။ သူ့အလုပ်သူလုပ်ပြီး လစာထုတ်မှ ပိုက်ဆံကိုင်ပြီး ပြန်လာတတ်တဲ့ ကိုကြီးခေါင်းထဲမှာ ဒီကြားထဲမှာ မလောက်ငတာတွေကို ဘယ်လိုဖြေရှင်းမလဲဆိုတာ ဦးနှောက်ခြောက်ခံနိုင်မည်မထင် ..။

အိမ်ပြန်ရောက်တော့ အိမ်နီးချင်းတစ်ယောက်အကူအညီနှင့် အမေ့ကို အိပ်ရာထဲမှာ သက်တောင့်သက်သာလှဲနေစေပြီး ..၊

"ဟလို .."

ဖုန်းခေါ်လိုက်တာနှင့် အသက်ကြီးကြီး အမျိုးသမီးအသံကို ကြားလိုက်ရကာ ရာရာ ဝမ်းသာသွား၏။

"ဟလို .. ဟုတ်ကဲ့ .. ဘွားဘွားဒေါ်သီသီ လား ရှင့် .."

"အေး .. ဘယ်သူလဲ .."

"သမီးက .. ကြင်ရာတော် ပါ .."

"သြော် .. အေး .. ပြော .."

"ဟိုလေ .. အန်တီက သမီးကို လစာနှစ်သိန်းပေးမယ်ပြောထားလို့ပါ ..၊ အဲဒါ ဘွားဘွားကိုလည်း ပြောပြထားတယ်လို့ပြောလို့လေ .."

"အေး .. မင်းအကြောင်းပြောတယ်၊ လစာနှစ်သိန်းဆိုတာတော့ မသိဘူး .. အဲဒီတော့ ဘာဖြစ်လို့လဲ .."

ဖုန်းထဲက ခပ်မာမာပြတ်တောက်သည့် လေသံကြောင့် ရာရာ ဆက်ပြောဖို့ ခွန်အားမဲ့သွားခဲ့၏။ ဒေါ်သီတာသိမ့် နဲ့ပြောပြီးတာ မကြာသေးဘူးဆိုတော့ ဒီအဘွားကို ပြောမထားရသေးတာလည်းဖြစ်နိုင်သည်။

ဧက အတွက် သူငယ်ချင်းထားပေးဖို့ စီစဉ်သည့်ကိစ္စကို အဘွားကတော့ သဘောမကျတာလည်းဖြစ်နိုင်နေကာ သူမ ငွေကိစ္စပြော၍ အခက်တွေ့နေတော့သည်။

"ဟလို .. ကြင်ရာတော် မင်း ကိုင်ထားသေးလား၊ တစ်ခုခုပြောနေတာလား .."



"ရှင် .. ဟုတ်ကဲ့ .. ရာရာ ကိုင်ထားပါတယ်၊ ဒီလိုပါ ဘွားဘွားရယ် .. အခုလေ ရာရာ့ အမေ နေမကောင်းဖြစ်နေလို့ လစာ .. လစာကို ကြိုထုတ်လို့ရမလားဟင် .."

"ပေါက်ပေါက်ရှာရှာအေ .."

ရာရာ ကြားလိုက်ရတာ လက်ဖျားတောင်တုန်၏။ ပြီးတော့ .. ဘာထပ်ပြောရမှန်းလည်း မသိတော့ဘဲ အိပ်ပျော်နေသည့် အမေ့မျက်နှာကို လှမ်းကြည့်လိုက်မိသည်။

သူမ အမေ့အတွက် စွန့်စားရမည်။ ဒါဟာ ကိုယ်တတ်နိုင်တဲ့ ဘက်က မိဘကို ပြုစုစောင့်ရှောက်တာပဲမို့ ရှက်စရာမလို ..၊ ကိုယ့်စိတ်ကို တင်းရင်း ဖုန်းကို ဖိဆုပ်ကိုင်မိသည်။

ပြီးတော့ အနားမှာ ကိုကြီးလည်းမရှိ၊ အားကိုးတိုင်ပင်စရာ အုပ်ထိန်းသည့်လူကြီးသူမဆိုတာလည်း ဘယ်တုန်းကရှိခဲ့လို့လဲ ..၊

"ဘွားဘွားရယ် .. ဒီလိုပါ .. ရာရာ ကလေ .."

"နေပါဦး .. မင်းတို့ပြောနေတဲ့ နှစ်သိန်းဆိုတာက ငါနဲ့မဆိုင်ပါဘူး၊ မင်းအကြောင်း ပြောပြထားတယ်၊ အကူအညီလိုတယ်ဆိုရင် ပေးဖို့လည်းပြောတယ်၊ ဒါက ငွေရေးကြေးရေး မပါသေးဘူး .. ငါ့မြေး ဧက နဲ့ အဆင်မပြေဖြစ်လာရင် ငါ ရှင်းပေးလို့ ရတာလေးတွေပေါ့ ..၊ မင်းကို အလုပ်လုပ်ဖို့ ခိုင်းတာက ငါမှမဟုတ်ဘဲ .."

"ဟုတ်ကဲ့ပါ .. အန်တီက ဘွားဘွားကို ပြောလို့ရတယ်ဆိုလို့ ပြောကြည့်တာပါ၊ ဘွားဘွားက မဆိုင်ဘူးဆိုရင်နေပါစေ .."

"ဟော့ .. မဆိုင်တာမဟုတ်ဘူးလေ .. ငါ့မြေးအတွက်လိုအပ်လာရင် ငါ ဖြေရှင်းရမှာပေါ့၊ ဒါပေမယ့် မင်းကို ငါ့သမီးပြောတုန်းကတော့ မင်း ဒီအလုပ်ကို မလုပ်ချင်ဘူးပြောတယ်ဆို .."

"ဟုတ်ကဲ့ .. နောက်ဆိုရင် ရာရာ အဲဒီလိုမပြောအောင်ကြိုးစားပါ့မယ် .. မမလေးနဲ့ အဆင်ပြေအောင်နေပါ့မယ် .."

www.burmeseclassic.com

www.burmeseclassic.com



"မမလေး .. ဟုတ်လား .."

"မကေ ကိုပြောတာပါ၊ အားလုံးအတွက် ရာရာ ကြိုးစားဆောင်ရွက်ပါ့မယ်၊ ဖြစ်နိုင်မယ်ဆိုရင် ဒီတစ်လစာလေးတော့ .."

"နေဦး .. မင်းကို ငါ မမြင်ဖူးသေးဘူး၊ နာမည်နဲ့ ဒီဖုန်းနံပါတ်ကိုပဲ ငါကသိတာ၊ မင်းက တစ်သိန်းနှစ်သိန်းကိစ္စကို ခြံထဲမှာ ချုံရှင်းခ တောင်းသလို တောင်းနေလို့ ဘယ်ရမလဲ .."

"ရှင်!..."

"မင်း ကိုယ်တိုင်လာခဲ့ .."

"မမလေးက အိမ်ကို မလာရဘူးလို့ပြောလို့ပါ .."

ဒေါ်သို့ ထံမှ ခဏတိတ်သွားသည်။ ပြီးမှ ...

"မရှိတဲ့အချိန်ကိုလာခဲ့ .. ငါ မင်းကို မေးစရာတွေရှိတယ်၊ ပိုက်ဆံပေးသင့်ရင်လည်းပေးမယ်၊ လိုအပ်ရင် စာချုပ်မှာ မင်းလက်မှတ်ထိုးယူပေါ့၊ လန့်မသွားနဲ့နော် .. စာချုပ်ဆိုတာ မင်းကို ငါနိုင်းထားတယ်၊ ဒီလောက်ပေးထားတယ်၊ မင်းက တာဝန်ကျေပါ့မယ် ဒါပဲ .. ငါကတော့ ငါ့သမီးလို အလုပ်တစ်ခုကို ဗယားမရှိဘဲ ဖုတ်ပူမီးတိုက်မလုပ်ဘူး .."

ဖုန်းချသွားတော့ သူမ ဝမ်းသာရမှာလား၊ ဝမ်းနည်းရမှာလား မသိဘဲ ကျန်ရစ်၏။

သေချာတာကတော့ သူမ ဒေါ်သို့ ဆီကိုသွားရမှာဖြစ်၏။



## အခန်း (၁၁)

"ဘာပြောတယ် .. နင်က .."

"မမလေးကို ရာရာ ဒီတစ်ခုပဲ တောင်းဆိုတာပါ၊ အန်တီတို့က မမလေးကို သင်တန်းတွေတက်နေတာမှန်းသိတယ်၊ တကယ်တတ်စေချင်လို့ အစစအရာရာ စီစဉ်ပေးနေကြတာ၊ ရာရာ ကလည်း မမလေးနဲ့ သင်တန်းအတူတက်ခွင့်ရပေမယ့် မမလေးက မတတ်ဘူးဆိုရင်တော့ ငွေလိမ်ယူသလိုမျိုးမလုပ်ချင်ဘူး .."

"ဟဲ့ .. နင် လိမ်တာမလိမ်တာ ငါပဲသိတာ၊ ဒီမှာ ရာရာ နီးရာအားကို ကြောက်တတ်ရတယ်ဆိုတာ နင် နားမလည်ဘူးလား ဟင် .."

အေးလေ ဆိုသည့်မျက်နှာတွေနှင့် ခက်ခက် တို့က စိတ်မရှည်ခြင်းကို ဖော်ပြနေကြသည်။ ဂျပန်သင်တန်းရဲ့ရှေ့မှာ အများနဲ့ကင်းယောက်မညီမညွတ်ဖြစ်နေရပေမယ့် ကိုယ့်လူဘက်က အပြတ်အသတ်ကိုအနိုင်မယူနိုင်သည့်အဖြစ်ကြောင့် မျက်နှာတွေမှဲ့ ခေါင်းခါနေရုံအပြင် ဘာမှလည်း မတတ်နိုင် ...။

www.burmeseclassic.com

www.burmeseclassic.com



"နင့်ရဲ့ နီးရာဓားက ငါပဲ၊ နင် နေတတ်ရမှာက ငါ ကျေနပ်ဖို့၊ အခု နင် ဒီသင်တန်းတက်ဖို့အတွက် ငါ့ကို အသည်းအသန်မဲဆွယ်နေတာ ငါ့ရဲ့ဒေါသကို .."

"မဟုတ်ဘူး မမလေး .. သင်တန်းကြေးက သွင်းထားပြီးသားပါ၊ မမလေး နှစ်ရက်မတက်ခဲ့ပေမယ့် ရာရာ က တက်တယ်၊ သုံးရက်ထိ လာမတက်ဘူးဆိုရင် မမလေး တက်လို့မရတော့ဘူး၊ အဲ့ဒါလည်း မမလေး ပဲ နစ်နာမှာ .."

"နာတော့စေ .. ဒီသင်တန်းအပ်လိုက်တည်းက တက်ဖို့အပ်တာမဟုတ်ဘူး၊ ငါ ဘာမှလုပ်စရာမလိုဘဲ ကြိုက်သလိုထိုင်ဖြုန်းနေနိုင်လျက်နဲ့ ဘာကိစ္စ စာတွေကျက်ပြီး အပင်ပန်းခံရမှာလဲ .."

"ဒါဆိုရင် .. သင်တန်းမတက်ဘူးဆိုတဲ့ အကြောင်းရင်းတစ်ခုကိုတော့ ရာရာ သတင်းပို့ရမှာပဲ .."

"ဘာပြောတယ် .."

ဧက ဒေါသထွက်လွန်းသဖြင့် ဇွေ့ဇွေ့ခုန်သွားသည်။ ဒါပေမယ့် သူမစိတ်ထဲမှာ ပေါက်ကွဲချင်နေသလောက် ရာရာ့ အပေါ်မှာ သက်ရောက်နိုင်စွမ်းမရှိခဲ့ခြင်းသည် ...၊

"သမီးကို သင်တန်းတွေ တက်ချင်ပါတယ်ဆိုလို့၊ ညည်းအဖေက လည်း စီးပွားရေးမှာ အထောက်အကူရတာပေါ့လို့ပြောလို့ မေမေ ခွင့်လွှတ်ထားတာ၊ သင်တန်းမတက်ဘူး၊ သွားလာပျော်ပါးနေတယ်လို့ ကြားတာနဲ့ မေမေကိုယ်တိုင် လာခေါ်မယ်၊ မိဘစီးပွားရေးမှာပဲ လာဝိုင်းကူရမယ် .. ဒါ နောက်ဆုံးသတိပေးတာပဲ .."

ဒီတစ်ခေါက် မေမေ ပြန်ခါနီးတော့ ဒေါသတွေလည်း ထွက်သွားသည်။ ဒီတိုင်း ကြိမ်းဝါးသွားခြင်းသည် တမင်တကာ ခြိမ်းခြောက်သွားတာမဟုတ်မှန်း စိတ်ထဲက အလိုလိုသိနေခဲ့သည်။

အဘယ့်ကြောင့်ဆိုလျှင် ဖေဖေက ဘွားဘွားနဲ့ စကားပြောမတည့်။



မေမေနဲ့ အခန်းထဲမှာ ရန်တွေကြိတ်ဖြစ်ကြသည်။ ဘွားဘွားကလည်း သမက်ဖြစ်တဲ့သူက အမြင်မကြည်မှန်းသိတော့ မကျေနပ်ပေ ...။

ထိုနည်းအားဖြင့် သုံးယောက်စလုံးက မျက်နှာချင်းဆိုင်လို့ မရခဲ့ဘဲ သုံးယောက်၏ဒေါသတွေကလည်း သူမထံမှာပဲ စုပြုံကျရောက်နေခဲ့လျက် ...၊

"မိန်းကလေးတစ်ယောက်ကို မွေးမြူထားတာ ဒီပုံစံလား .." တဲ့ ...။

"ရှင် မေမေ့ကို ဘာလို့ ဒီလောက်တောင် ပြောချင်ဆိုချင်ဖြစ်နေရတာလဲ ...၊ ဗီဇဆိုတာ ဖျောက်လို့ရတဲ့အရာမဟုတ်ဘူး၊ ရှင့်သမီးကိုက ဆုံးမ မလွယ်တာလို့ရော နည်းနည်းပါးပါးမတွေးတော့ဘူးလား .."

"ဟော့ .. ငါ အထိန်းသိမ်းမတတ်ဘူးထင်ရင် ကိုယ့်သားသမီး ကိုယ်ခေါ်မွေးကြ၊ မိဘက စီးပွားရေးနောက် ကောက်ကောက်ပါနေလို့ အထီးကျန်နေတဲ့ကလေးကို ငါက တုတ်တစ်ချောင်းကိုင်ပြီး မျောက်ရှူမ်းထိုးသင်သလို ထိန်းကျောင်းမနေနိုင်ဘူး .."

ဤကဲ့သို့သော လူကြီးတွေရဲ့ အဆင်မပြေမှုအားလုံးဟာ ကိုယ့်ကြောင့်ချည်းပဲဖြစ်နေခဲ့ရကာ၊ ဖေဖေတို့က ခေါ်ပြီဆိုလျှင် ဘွားဘွားကလည်း 'လိုက်သွားတော့' လို့ပြောနိုင်ဖွယ်ရှိနေသည်များကြောင့် ...၊

"ကောင်းပြီ .. ငါ သင်တန်းဝင်တက်မယ်၊ ငါ သင်တန်းတက်ဖို့ နင်က တာဝန်ကျေချင်တယ်ဆိုရင် ငါ သင်တန်းပြစ်ခုမပြီးမချင်း နင့်ရဲ့ မနက်ဖြန်တွေ ဘယ်လိုလာမလဲဆိုတာ ခံနိုင်ရည်ရှိအောင်ကြိုးစားထား .."

လူသတ်ချင်နေသည့်အကြည့်တွေနဲ့ ကြိမ်းဝါးပေမယ့် ရာရာ ကတော့ မမြင်နိုင်တဲ့အရာကို ဘယ်လောက်ထိ ကြောက်မက်ဖွယ်ရှိနေမလဲ ဆိုတာ မတွေးမိခဲ့ပေ ...။

"တစ်နေ့ကို သင်တန်းနှစ်ခု၊ မနက် ရှစ်နာရီမထိုးခင် ဒီရှေ့ကို နင် အမြဲကြိုရောက်နေရမယ်၊ ငါ နိုင်းတာမပြီးဘဲ သင်တန်း မိမိ မခီခီ

www.burmeseclassic.com

www.burmeseclassic.com



ဝင်မတက်ရဘူး ..."

ရာရာ မျက်မှောင်လေးကုတ်သွားတော့ ဧက ကျေနပ်စွာပြုံး၏။

ထိုနေ့မှာ သင်တန်းကို သေချာဝင်တက်လိုက်ရကာ ခက်ခက် တို့က မကျေနပ်ကြဘဲ ...၊

"နင်က ဘယ်လိုဖြစ်တာလဲ .. သူ့လိုလူကိုများ အလျှော့ပေးရတယ်လို့ .."

"အေးလေဟယ် .. ပြောရရင် ကိုယ့်ရဲ့နိုင်းဖတ်ပဲ ..၊ အိမ်ဖော်လောက်တောင် အဆင့်မရှိတာကို .."

"နင်တို့မသိပါဘူး အသေးလေးရယ် .. မေမေတို့ဆီ ငါ့ဆီက မကောင်းသတင်း ဒီတစ်ခါထပ်ရောက်သွားလို့မဖြစ်ဘူး၊ အဓိကက ငါ့ကို မေမေတို့က သင်တန်းတွေ တက်စေချင်လို့ ဒီမှာထားခဲ့တာ၊ သင်တန်းမတက်တဲ့အပြင် ငါ ဒီလိုနေနေတာတွေသိသွားလို့ကတော့ .."

"ဒါပေမယ့် နင့်ကို အညှာကိုင်လိုက်တာ အောင်မြင်သွားပြီလေ၊ ဒီလိုမိန်းမမျိုးကို နောက်ဆို နင် ဘယ်လိုကိုင်တွယ်မလဲ .."

"ကြည့်နေစမ်းပါ ဖင် ရယ် .. သူက ကြင်ရာတော်၊ ငါက ဧက.."

"အဲ့ဒီတော့ ဘာဖြစ်လဲ .."

"ငါက သူ့လို သူများမြှောက်စားမှ တောက်ကြွားရမယ့်သူ မဟုတ်ဘူးလေ၊ ကိုယ့်နေရာ ကိုယ့်အရှိန်အဝါနဲ့ ရပ်တည်တဲ့သူ၊ သင်းကို ငါ ဘယ်လိုကော်ထုတ်ပစ်မလဲဆိုတာ စောင့်ကြည့်လိုက်၊ ကြင်ရာတော် ဆိုတဲ့ မိန်းမ ငိုကြီးချက်မနဲ့ကို ထွက်ပြေးစေရမယ် .."

ဟုတ်ပါ့မလားဆိုသည့် အကြည့်တွေနှင့် ခက်ခက် တို့က ဝိုင်းကြည့်နေကြသည်။ သူမတို့လေးယောက်စလုံး မိဘတွေက ချမ်းသာပြည့်စုံသူတွေချည်းပဲဖြစ်သည်။

မွေးချင်းလည်း မများကြဘဲ တစ်ဦးတည်းသော သမီးတွေ၊ နှစ်ဦးတည်းသော သမီးတွေသာဖြစ်ကြလျက်၊ အလိုလိုက်ခံ နွဲ့ဆိုးဆိုးကြတာ



ချင်းလည်း တူသည်။

ပိုပြီးတူညီကြတာက လွတ်လပ်ပျော်ရွှင်စွာနေထိုင်ခြင်းကို အလိုရှိကြသူများဖြစ်ကြခြင်းကြောင့် ...၊

သူမတို့အားလုံး စိတ်တူသဘောတူတွေ စုဝေးခင်တွယ်နေကြတာမှန်း နားလည်သွားသည့် ရာရာ ကတော့ ဧက ပြောလိုက်သည့်စကားတွေကို တွေးလို့မဆုံးနိုင် ...၊

'မနက်ဖြန်တွေ ဘယ်လိုလာမလဲ' ဆိုတာ ဘာကိုပြောတာလဲ ...။ ငါ့ကို နေ့တိုင်းနေ့တိုင်းပဲ ဒုက္ခပေးမယ်လို့ ကြိမ်းဝါးလိုက်တာလား ...၊

ဒါ ဖြစ်နိုင်သည်ပဲ ...၊

ခြေလှမ်းတွေ ပိုမိုနှေးကျသွားရကာ ဝက်သားတုတ်ထိုးဆိုင်မှာ ကြုံခဲ့ရသည့်အဖြစ်ကို သတိရလိုက်မိ၏။ ပြီးတော့ အိမ်ရှေ့မှာ သွားစောင့်နေတုန်းက တစ်ခါ ...။

တစ်နာရီခွဲတိတိစောင့်နေရပြီးမှ သင်တန်းရှေ့ကိုရောက်နေပြီဆိုပြီး ဖုန်းဆက်သည်။ သင်တန်းကိုလိုက်သွားတော့ ဟိုသင်တန်း ဒီသင်တန်းလျှောက်ပြောလို့ တစ်နေကုန်ပတ်ရှာရင်း ဖက်ဖက်မောခဲ့ရ၏။

ပြီးတော့ စိမ်းလန်းစိုပြည်မှာ ယောကျ်ားတစ်ယောက်ရဲ့ထိုင်ခုံကို သွားလုပေးခဲ့ရသေးသည်။ သူမ ပြောလိုက်တဲ့မနက်ဖြန်တွေက ဒီ့ထက်ဆိုးဦးမှာလား ...၊

"တီ .."

ကားဟွန်းသံကြောင့် ပလက်ဖောင်းပေါ်မှာ လျှောက်နေပြီး ဘေးကို ထပ်ကပ်ပေးလိုက်မိသေးသည်။ ပြီးမှ ကိုယ့်ဘာသာ အတွေးလွန်နေတာကို သတိရပြီး သက်ပြင်းချမိလေသည်။ ထိုစဉ် ...၊

"ဟော့ .. ရာရာ .."

လှည့်ကြည့်လိုက်တော့ ကားက သူမဘေးမှာ ခပ်ဖြည်းဖြည်းလိုက်မှ လာတာဖြစ်လျက် ...၊

www.burmeseclassic.com

www.burmeseclassic.com



"လာ .. ကားပေါ်တက် .. ငါ နင့်ကို မေးစရာရှိလို့ .."

"ချော .."

"ဟုတ်ပါတယ် .. လာပါဆိုမှ .. တော်ကြာ ငါ့ကားကို ရဲလာဆွဲတော့မှာပဲ .."

ကားကို ရပ်မထားရဲဘဲ ရာရာ တက်ပြီးတာနှင့် ချက်ချင်းပြန်ထွက်ကာ ..၊

"ဦးလေး .. အိမ်ကိုမမောင်းနဲ့ဦးနော် .. ချော တို့ စားနေကျမင်းလမ်းမုန့်တီဆိုင်ကိုသွားမှာ .."

ချော တို့က သိပ်တော့ ချမ်းသာသည်မဟုတ်ပေမယ့် အစ်ကို၊ အစ်မတွေက အိမ်ထောင်တွေကျနေပြီဖြစ်ကာ မိဘကအစ အငယ်ဆုံး ဖြစ်သည့် ချော ကို ဂရုစိုက်ကြသည်။ ထို့ပြင် ..၊

ချော နဲ့ ရာရာ က ဆွေမျိုးမကင်းဘူးလည်းပြောနိုင်တာမို့ ..၊

"နင်တို့ ဘာဖြစ်ကြတာလဲ ရာရာ ရယ်၊ အန်တီတို့ နင့်အကြောင်းပြောနေတာ ငါဖြင့် မယုံနိုင်ဘူး .."

"ဘာအကြောင်းလဲ .. ငါတို့ဘာမှမဖြစ်ပါဘူး .."

"နင်က ငါနဲ့ သွေးမတော်ပေမယ့် ဦးလေးတွေ၊ အဒေါ်တွေက စပ်ကြည့်ရင်တော့ ဆွေမျိုးတော်လို့ရပါတယ်ဟ ..၊ ငါတို့ဆွေမျိုးတွေထဲမှာ နင်တို့အကြောင်းက ဘယ်အိမ်သွားသွားကြားနေရတာပဲ .."

ရာရာ က ခပ်ယဲ့ယဲ့လေးပြုံးကာ ..၊

"ဒါပေါ့ .. ငါတို့က အမွဲဆုံးကို .."

"ငါက အဲဒါပြောချင်တာမဟုတ်ဘူး၊ တစိမ်းတွေမှမဟုတ်ကြတာ သူ့အကြောင်းပြော၊ ကိုယ့်အကြောင်းပြော ဒီလိုပဲလေ ..၊ နင်အခုသူဌေးသမီးတစ်ယောက်ရဲ့ .."

ဘယ်လိုပြောရမှန်းမသိတော့ ချော က စကားမဆက်နိုင် ..၊

"ဟုတ်တယ် .. သူတို့ပြောနေကြတာ ဟုတ်တယ်လို့ပဲမှတ်လိုက်



တာ၊ ငါ ကျောင်းဆက်မတက်တော့ဘူးဆိုတည်းက ရာရာ ဘာတွေလုပ်နေလဲဆိုပြီး အားလုံးက စောင့်ကြည့်နေကြတာပဲ ..၊ ခုလောက်ဆို သိနေကြမှာပေါ့ .."

"နင်ကလည်း ရာရာ ရယ် .. တခြားမှာ .."

"တခြားမှာ လိုက်လျှောက်ကြည့်တာ ငါ့ပညာအရည်အချင်းနဲ့ ခယ်မယ်ရရ အလုပ်ဘာမှမရှိဘူး၊ ဒီအလုပ်ကိုလည်း ငါလုပ်ဖို့ဆုံးဖြတ်လိုက်တုန်းက ငါ့အဖြစ်ကို ငါ ဘယ်လောက်ထိ ဆိုးမယ်ကောင်းမယ်ဆိုတာ မတွေးမိဘူး ချော ..၊ အဲ့ဒါအမှန်အတိုင်းပြောတာ .. ဒါပေမယ့်ဖြစ်လာတော့ ငါ မထင်မှတ်တဲ့ ပုံစံတွေနဲ့ .."

"ဒါဆိုလည်း နောက်ပြန်ဆုတ်ပေါ့ဟ .. နင်က ကြိုတင်ငွေတွေဘာတွေယူထားလို့လား .."

"ဘယ်လိုပြောရမှန်းမသိတော့ဘူး .. ဒါပေမယ့် ငါ နောက်ဆုတ်ဖို့စဉ်းစားတော့ဘူး ချော၊ အခု အမေ့ကို ငါ ဆေးကုပေးနိုင်တယ်၊ ငါ့အလုပ်က လူအထင်သေးစရာဖြစ်ရင်ဖြစ်မယ်၊ မိန်းကလေးချင်း အောက်ကျို့ခယနေရတာက ကိုယ့်ကိုယ်ကိုယ် တန်ဖိုးမထားဘဲ ငွေနောက်လိုက်တဲ့ အဖြစ်ထက် အများကြီးသာပါတယ် .."

"အဆိုးရွားဆုံးကို ပြန်ငုံ့ကြည့်ရင်တော့ သိပ်မဆိုးဘူးပေါ့ဟာ .. ဒါပေမယ့် လူဆိုတာ ကိုယ့်ဘဝကိုယ်ပဲ မြှင့်တင်ရတာ၊ မြင့်သထက်မြင့်အောင်သာ ကြိုးစားရမှာလေ ..၊ နိမ့်ကျသွားတာတော့ မကောင်းဘူးပေါ့၊ နင့်ကို ငါက နားလည်ပါတယ်၊ ရှင်းရှင်းပြောရရင် ကိုကြီးမောင်ကိုပဲ စိတ်ဆိုတယ်၊ သူက ယောကျ်ားလေး .. သားအကြီးလည်းဖြစ်သေးတယ်.."

"ကိုကြီးလည်း သူ ရသမျှ ပြန်ပေးတာပဲဟာ .."

"ယောကျ်ားဆိုတာ ဦးစီးခေါင်းဆောင်ပဲဟ ..၊ 'ငါထိုင်နေတာမှမဟုတ်ဘဲ' ဆိုတဲ့စကားတစ်ခွန်းနဲ့ နေလို့မရဘူးလေ၊ 'ခရုမှာ အဆံနဲ့ လူမှာအကြံနဲ့' တဲ့ .."

www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့ဟာ .. ကိုကြီး ဒီအလုပ်ကိုပစ်ပြီး အပြင်စီးပွားထွက်ရှာလည်း ခုခေတ်မှာ ဝင်ငွေကောင်းတဲ့အလုပ်ဆိုတာ မရှိပါဘူး၊ ကိုယ်ပိုင်စီးပွားရေးမှ မလုပ်နိုင်ရင် ကျောမွဲလူတန်းစားတွေဘဝက ယက်ကန်ယက်ကန်ဖြစ်နေမှာပဲ၊ ဒီခေတ် ကုန်ဈေးနှုန်းနဲ့ အလုပ်လက်မဲ့လူတန်းစားက ဘယ်လိုပြေလည်မှာလဲ .."

"နှင့်ကို အိမ်ထောင်ချပေးဖို့ ဒေါ်ဒေါ်က အန့်တို့ကို ဖုန်းဆက်တယ်တဲ့ .."

"ဘယ်လို!..."

အန့်တီဆိုတာက ချော ရဲ့ အစ်မဝမ်းကွဲဘက်က ယောက္ခမဖြစ်သည်။ ဆွေမျိုးတွေထဲမှာ သူမ ဆွေမျိုးဝေးပေမယ့် ပွဲစားပီပီအပေါင်းအသင်းစုံသည်။

အလှအစုံပေါင်းသင်းနိုင်သလောက် ဒေါ်စန်းမြမြ က စည်းကမ်းရှိသည်။ ကိုယ့်ဘက်ကိုယ် ယက်တတ်သည့်အကျင့်ရှိသူမို့ ဆွေမျိုးချင်းလိုလားတာ မလိုလားတာထား ..၊

ဆေးတစ်မိန်နဲ့ယှဉ်ရင်တော့ အမျိုးထိ မချိအောင် နာတတ်တဲ့ အာဇာနည် မိန်းမမျိုး ..။

ထို့ကြောင့် အမေက ယုံယုံကြည်ကြည် ဖွင့်ဟတိုင်ပင်ခဲ့တာဖြစ်သည်။ အမေ့စိတ်တွေ ဘယ်လိုပဲ အပြောင်းအလဲမြန်ကာ သတ်လွတ်သွားပါစေ ဆွေမျိုးတွေကိုလည်းသိသည်။ အဖြစ်သနစ်တွေကိုလည်း မမေ့ ..၊

ဒါတွေကလည်း အမေ စဖြစ်ကာစက ဆွေမျိုးတွေ ဂရုစိုက်ခဲ့ဖြစ်လေသည်။

"အန့်တီက ပြန်ပြောနေတာ ငါ ကြားခဲ့တာ .."

"ဘယ်သူ့ကို ပြန်ပြောနေတာလဲ .."

"အိမ်မှာပါပဲ .. ငါက ဒီရက်ပိုင်း မမမိုး တို့ဆီ နေ့တိုင်းလိုလိုရောက်နေတာ .."



"အင်း .. ဘယ်လိုပုံစံ ပြောနေကြတာလဲ .."

"အန့်တို့အကြောင်း နင် သိသားနဲ့ ..၊ ကိုယ့်လူကို တစ်မိန်းပြောရင်တော့ မကြိုက်ဘူး၊ သူကလည်း မညှာမတာပြောတာပဲ .."

ဒီလောက်ဆို နားလည်သွားပြီမို့ ကားပြေးနေသည့် မှန်အပြင်ကိုသည့်ငေးရင်း ရာရာ က မချိပြုံးနှင့် ငြိမ်နေ၏။ ချော က သူငယ်ချင်းသည်းဟုတ်၊ ဆွေမျိုးလည်း ဖြစ်တော့ ရာရာ ကို သနားပေမယ့် မခြွင်းချန်ပြောပြလေသည်။

"သူက မျက်နှာငယ်ရမယ့်ဘက်က ဘယ်တော့မှ မရပ်တည်ခဲ့ဘူးဘဲ ..၊ နင်က ပညာလည်း မဆုံးသေးဘူး၊ အသိုင်းအဝိုင်းက မတောင့်တင်းတဲ့အပြင် .."

"တော်ပါပြီ ချော ရယ် ..၊ နင် ငါ့ကို ပြည့်ပြည့်စုံစုံသတင်းပေးတာ ကျေးဇူးတင်ပါတယ်၊ အန့်တို့ကိုလည်း စိတ်မဆိုးပါဘူး၊ ဘာပဲဖြစ်ဖြစ် ဒီဆွေမျိုးတွေကပဲ ပြောပြောဆိုဆိုနဲ့ ကူညီထောက်ပံ့ခဲ့ကြတာပါ ဒါပေမယ့် .."

"ငါကလည်း ပြောချင်လို့မဟုတ်ပါဘူး၊ နင် အဲ့ဒီအလုပ်ကိုလုပ်တာတော့ တားချင်တယ်၊ နင်ပြောသလို ဘဝပျက်ခံပြီး စီးပွားရှာတာကောင်းတာတယ်ဆိုပေမယ့် အဲဒီတစ်ယောက်နဲ့ နင့်ရဲ့ ဒီနေ့ပတ်သက်မှုက နင်မလုပ်တော့ဘူးဆိုတဲ့နေ့မှာ ပြီးဆုံးပျောက်ပျက်သွားမှာ မဟုတ်ဘူးနော် .."

ချော က လူကြီးလေးလို သေချာပြောပြနေသည်။ ပြီးတော့ .. ကားခိုင်းထားရသည့်ရှေ့ကို လှမ်းမျှော်ကြည့်ကာ ..၊

"ဦးလေးရေ .. ကားတွေ ကျော်မတက်နဲ့နော်၊ ချော တို့ အရေးတကြီးသွားဖို့မလိုဘူး၊ ကားတွေက မီးပွိုင့်မှာပေမယ့် စည်းကမ်းရှိကြတာမဟုတ်ဘူး၊ ဖြစ်လာရင် ကိုယ်ပဲရှင်းရမှာ .."

"အေးပါ .. ဦးက ကျော်မတတ်ပါဘူး၊ သူတို့ကချည်းပဲ ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ထိုးနေကြတာ ..”

ချော က ဒရိုင်ဘာကို လှမ်းပြောပြီးမှ ပြန်လှည့်၍ ..၊

“ငါပြောတာ နင့်အတွက်ပါ ရာရာ ရယ်၊ လူတတ်ကြီးလုပ်နေတာ မဟုတ်ပါဘူး၊ သူငယ်ချင်းပေမယ့် ငါ့စကားကို နည်းနည်းတော့ ခေါင်းထဲထည့်စမ်းပါ၊ နောင်အနာဂတ်မှာ သူ့ကလေး ကိုယ့်ကလေး တွေကြ ရင်တောင် နင့်အမေက ငါ့အမေရဲ့ဘာညာဆိုတဲ့ ဂုဏ်ပုဒ်တွေ ထွက်လာ လိမ့်မယ်၊ ဘာမဟုတ်တာလေးနဲ့ ကိုယ့်အနာဂတ်ကို ပျက်စီးမခံပါနဲ့..”

“ဘဝဆိုတာ ပစ္စုပ္ပန်ပဲ ချော .. ငါတော့ အဲဒီလိုပဲမြင်တယ်၊ အနာဂတ် အတွက် အကောင်းဆုံးနေထိုင်ဖို့ ပြင်ဆင်ထားတဲ့သူ ဘယ်သူရှိလို့လဲ၊ ရှိခဲ့ရင်လည်း အူမတောင့်လို့ သီလစောင့်တာပဲ၊ လောလောဆယ် အူမ တောင့်ဖို့ထက် ပိုအရေးကြီးတာက ငါ့အမေပဲ .. အမေ့ကို ဒီ့ထက်ပိုပြီး အဖြစ်ဆိုးမခံနိုင်ဘူး ..”

အမေ ထမင်းရည်ပူလောင်တဲ့အဖြစ်ကို ပြောပြလိုက်ရင်း ရာရာ မျက်ရည်ဝဲနေရှာသည်။ ချော က ခေါင်းလေးတညိတ်ညိတ်နှင့် ရာရာ့ လက်ဖဝါးလေးကိုကြင်နာစွာ ဖိဆုပ်ထားကာ ...

“အေးပါ .. ဟုတ်ပါတယ်၊ လူတိုင်းမှာ ကိုယ့်သောကနဲ့ကိုယ် အခက်အခဲတွေနဲ့ပါ၊ ငါ နင့်ကို မစာနာလို့ မဟုတ်ပါဘူးဟာ ..၊ နင့် ဘက်က မခံချင်ဒေါသတစ်ခုတည်းနဲ့ အကြံပေးမိတာပါ၊ ငါ့ကိုခွင့်လွှတ် ပါ ..”

“မဟုတ်တာ ချော ရယ် .. နင်က သူငယ်ချင်းကောင်းပီသတဲ့ သူပါ၊ ငါကတောင် ကျေးဇူးတင်ရဦးမှာကို ဘာဖြစ်လို့ လျှောက်ပြော နေတာလဲ ..၊ နင့်ကို အကူအညီတစ်ခုတော့ တောင်းချင်တယ် ..”

“ဘာလဲဟင် .. ပြောလေ ..”

“အန်တီစန်းမြမြ ကို ပြောပြပေးစမ်းပါ၊ အမေ့ကိုတော့ စိတ်ဆင်းရဲ စရာစကားတွေ သွားမပြောပါနဲ့လို့ .. နော် .. သူ တစ်ခုခုတောင်းဆိုလာ



ရင် အလိုက်အထိုက်လေးပါ ပြန်ပြောပေးပါလို့ ..”

“အေးပါ .. စိတ်ချပါဟာ .. အန်တီတို့ကလည်း ကွယ်ရာမှာ ပြောနေကြပေမယ့် ဒေါ်ဒေါ် ကျန်းမာရေးကို ငဲ့ကြပါတယ်၊ ဒီကိစ္စ ဘယ်လိုလုပ်ပေးမလဲဆိုပြီးတော့တောင် စိတ်ညစ်နေကြတာ၊ အဲဒါ ဒေါ်ဒေါ် စကားကို အလေးထားလို့ပေါ့ ..၊ ငါတို့အားလုံး ဒေါ်ဒေါ်ကို မထိခိုက်စေချင်တဲ့လူတွေပါဟာ .. စိတ်မပူပါနဲ့ ..”

“အေးပါ .. ပြီးတော့လေ .. ငါ့ကို လက်ထပ်ပေးဖို့လည်း မကြိုး စားပါနဲ့လို့၊ အမေ့ စကားကြောင့်ဖြစ်ဖြစ်၊ ငါ့တူမလေး အားကိုးမဲ့ရှာ တယ်ဆိုပြီးတော့ဖြစ်ဖြစ် မလုပ်လိုက်ပါနဲ့လို့ ..”

အမေ့ရောဂါအခြေအနေနဲ့ သူမ ချစ်သူထားဖို့လည်း စိတ်မကူး နိုင်။ အိမ်ထောင်ပြုဖို့ဆိုတာ ဝေလာဝေး၊ အမေ့ကို ဘယ်လိုသူစိမ်းက နားလည် ကြည်ဖြူနိုင်မှာလဲ ..။

အနာဂတ်လှပဖို့ဆိုတာ မပြောနဲ့၊ ပစ္စုပ္ပန်မှာတောင် မလှပတဲ့ ကိုယ့် ဘဝဟာ ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

"ပြာသို .."

လှည့်ကြည့်လာသည့် မျက်နှာကို ဇေ ငေးခနဲဖြစ်၏။ သမင်လည်ပြန်လှည့်ကြည့်တာတွေမှာ ကော့ထင်းနေသည့် နှာတံနဲ့ ပိရိကျနသော နှုတ်ခမ်းသားတို့က ဆွဲဆောင်သည်။

အေးတိုက်တည့်တည့်ရောက်မှ မျက်တောင်ဖျားတို့ နည်းနည်းလေး လှုပ်ခတ်သွားရုံ မေးစင်းကြည့်တာတွေမှာ ခိုက်၏။

ပြာသို ဆိုသည့် ယောကျ်ားတစ်ယောက်ကိုမှ သူမ မမုန်းနိုင် ..၊ ဥပေက္ခာများစွာနဲ့ ကျန်ခဲ့ရဖန်များပေမယ့်လည်း မမေ့နိုင်ဘဲရှိကာ ..

"ပြာသို .. ပြာသို့ ကို မွေးနေ့ဖိတ်ချင်လို့ .."

"ဘယ်နေ့လဲ .."

"မနက်ဖြန်လေ .. ပြာသို ကလည်း ကြိုပြောထားတာကို .."

"ပြာသို့ ကို ဇွေမယူနဲ့၊ ဒီကောင်က သူ့မွေးနေ့သူတောင် မှတ်ထားတာမဟုတ်ဘူး .."

"မွေးနေ့မသိတာ မဟုတ်ဘူး၊ သူ့မွေးနေ့လုပ်ဖို့ ဘယ်တော့မှ သတိ



မရတာကိုပြောတာ .."

"ဘယ်သတိရမလဲ .. ကျွေးမွေးရသက်သာတာကိုး .."

ပြာသို မဖြေရှင်းရဘဲ အေးကသူငယ်ချင်းတွေက ဝင်ဖြေကြသည်။ ပြီးတော့ အစက မကျေနပ်ခဲ့တာတွေပါ သူတို့ချင်းပြောနေကြကာ ပြာသို ကတော့ ပန်းနဲ့ပေါက်နေတဲ့အတိုင်း ..။

"အဲ့ဒီတော့လည်း မကျေးချင်မှန်းသိလျက်နဲ့ မျက်နှာပြောင်ပြောင်နဲ့ သတိပေးနေကြတာတွေလျှော့ .."

"မပြောတော့ဘူးလို့ကို ဆုံးဖြတ်ထားတာ .."

"နောက်နှစ် မွေးနေ့မတိုင်ခင်ထိလား .."

"ဟုတ်တယ် .."

သူတို့ချင်း ရယ်မောနေကြပြီး ထွက်သွားတော့ ဇေ က ပြေးလိုက်ကာ ..၊

"ဟာ .. ပြာသို ကလည်းကွာ ..၊ ဒီက မေးနေတာကို မဖြေဘဲနဲ့.."

"သြော် .. ဟုတ်တယ်၊ အဲဒါကိုပြောမလို့ .. ဆောရီးပါ ဇေ ရယ် မနက်ဖြန် သဒ္ဒါ မွေးနေ့နဲ့တိုက်နေတော့ .."

"ဘယ်လို .. သဒ္ဒါ မွေးနေ့ ဟုတ်လား .."

"ဟုတ်တယ် .. ဇေ ကို ဖိတ်ထားသေးလား .."

"မဖိတ်ပါဘူး .. ခင်မှမခင်တာ .."

ဇေ မျက်နှာက သိသာစွာတင်းနေပြီဖြစ်ကာ ..၊

"ဒါပေါ့လေ .. ချစ်သူရဲ့မွေးနေ့ကိုပစ်ပြီး လာရလောက်အောင် ဇေ ရဲ့မွေးနေ့က အရေးမပါဘူးကိုး .."

"အဲလိုမဟုတ်ပါဘူး .. လာမယ်ဆိုရင်တော့ လာလို့ရပါတယ်၊ ဒါပေမယ့် မလာဖြစ်ဖို့လည်း များနေတော့ .."

"ရပါတယ် ဘယ်တတ်နိုင်မလဲ .."

ဥပေက္ခာတွေ ထပ်ရောက်လာဦးမှာကိုသိပေမယ့် တတယ်ခံလိုက်ရတော့လည်း နာကျင်သည့်ဝေဒနာ အတိမ်အနက်က လျော့ပါးမသွားခဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘဲ ပိုလို့သာတိုးလျက် ...၊

"နှင့်ကို ငါပြောသားပဲ ဧက ရယ်၊ သဒ္ဒါ မွှေးနေ့ရှိတယ်လို့ ပြောသံကြားပါတယ်ဆိုမှ ..."

"ပြီးသွားပြီလို့လည်း သိထားတာကိုဟ .. ဒီမိန်းမက မြန်မာလိုလုပ်လိုက်၊ အင်္ဂလိပ်လိုလုပ်လိုက်၊ သူ့ကျမှ မွှေးနေ့က တစ်နှစ်ကို ဆယ့်သုံးလလောက် လုပ်ချင်နေသလားမသိဘူး ..."

အသေးလေးက ဇင် ပြောတာကို ဒေါသနှင့် ဖြည့်စွက်ပေးရင်း ဧကေ မျက်နှာတင်းနေတာကို လှမ်းကြည့်သည်။ ပြီးတော့ ထွက်သွားကြသည့် ပြာသို တို့ လူစုကို မျက်စောင်းရွယ်ရင်း လှမ်းကြည့်ကာ ...၊

"အဲ့ဒီ ပြာသို က အလကားပါဟယ် .. ဘယ်သူ့ကိုမှ စွဲလမ်းတာမဟုတ်ဘူး၊ အားလုံးကို အပျော်တွဲတွဲနေတာ .."

"ဘယ်သူကရော သူ့ကိုတွဲပါရစေ၊ ယူပါရစေ ဖြစ်နေလို့လဲ .. ဟွန်း .."

ဇင် က မကျေမချမ်းဖြစ်နေဆဲ ...၊

ပြောသွားပုံကိုက သူများမျက်နှာကို တစ်ချက်လေးတောင် ငဲ့ညှာစာနာစိတ်နဲ့ မကြည့် ...။

'မွှေးနေ့ဖိတ်ပါတယ်' ဆိုတာပဲ 'အင်း .. လာမယ်' ဆို ပြီးရောပေါ့၊ လာနိုင်တာ မလာနိုင်တာက နောက်တစ်ပိုင်းကိစ္စ ...။ သူမတို့ကလည်း အကယ်၍ သူ ရောက်မလာခဲ့ရင်ဆိုတာကို ကြိုတွက်ထားပြီးသားဖြစ်သည်။ ယောကျ်ားလေးနဲ့ မိန်းကလေး ဒီလိုပဲ သူမှားတာ ကိုယ်လွန်တာတွေ တောင်းပန်ရင်း နှုတ်ဆက်ရင်း ပိုရင်းနှီးသွားကြတာပဲ ...။'

ခုတော့ ဧက တစ်ယောက် ပြာသို့ ကို တမ်းတမ်းစွဲပြီး တကောက်ကောက်လိုက်နေတာကို လူတွေသတိထားမိကုန်ကြတာပဲ ရှိသည်။ အခြေအနေကတော့ ဘာမှ ထူးခြားမလာသေး ...။

"နင်လည်း ရည်းစားမထားဘူးတာမှမဟုတ်ဘဲ ဧက ရယ် ...၊ သူလိုမ်ချာတဲ့ကောင်တွေလည်း ပေါတာပဲ ...၊ ဒီကောင်မျိုးကိုပဲ တယော



တိုးမနေစမ်းပါနဲ့ .."

"လူ့သဘာဝကိုကလည်း မရလေလိုချင်လေဟ ...၊ သူ့ရဲ့ သဒ္ဒါဆိုတာ ညွှန်မှူးသမီးဆိုလားပဲ ...၊ ဝမ်းပွိုင်းသရီးလေးမောင်းပြီး ဆောင့်ကြွားဆောင့်ကြွား ရောက်ရောက်လာတဲ့ တစ်ယောက်လေ၊ သူ ငါ့ထက်သာတာ ဘာရှိလို့လဲ .."

"ရည်းစားမထားဖူးသေးဘူးလို့ကြားတာပဲ .."

"ဘာ!..."

အသေးလေးက အလိုက်ကမ်းဆိုးမသိ ခေါင်းညိတ်ပြနေသေးသည်။

"ဟုတ်တယ် .. အဲ့ဒီကောင်မလေးက ခုမှ ဆယ့်ရှစ်နှစ်တောင်မပြည့်သေးဘူးတဲ့ ...၊ သင်တန်းတိုင်းမှာလည်း အရမ်းတော်တယ်လို့ ပြောတယ်၊ ဧက ရယ် နင်က ခုမှ အဲ့ဒီတစ်ယောက်အကြောင်းကို စိတ်ဝင်စားရမှန်း သိတာပါ၊ ငါကဖြင့် ပြာသို နဲ့ ပတ်သက်နေသမျှ မသိတာမရှိအောင် စုံစမ်းပြီးသားပဲ .."

"အေးပါ .. နင် ဧက ကိုတောင် သူငယ်ချင်းချင်းမို့ ကြည်ဖြူပေးနေတာမို့လား ...၊ ပြာသို ဆိုရင် တပို့တွဲမလိုဘူး၊ အသေးလေး တို့ နှဝေးပြီးသားပဲ .."

ဇင့် ကို အသေးလေး က လက်သီးဆုပ်လေးနဲ့လှမ်းထုကာ ဂါဝန်တစ်ဖက်စလေး,မ ၍ ခြေဆောင့်မဲ့သည်။

"မိဇင် နော် .. ငါက ကိုယ့်သူငယ်ချင်းအတွက် စိတ်တိုလို့ အချိန်တိုင်း ဒါကိုပဲ ခေါင်းထဲထည့်ထားရတာ .."

"ငါကတော့ ပြာသို့ ကို အချိန်တိုင်းသတိရနေတာလို့ ထင်တာပဲ.."

"ဟုတ်တော့ရော ဘာဖြစ်လဲ .. ကဲ .."

"ဝန်ခံရင် ပြီးတာပါပဲ .. ဟဲ .. ဟဲ .. ပြာသို့ ကို မြင်လိုက်ရင်၊ အသေးလေး တို့ အသံသာတိတ်ကျသွားတာ မျက်လုံးလေးကလယ်ကလယ်နဲ့ .."

"ဟုတ်တယ်နော် တို့လည်းရိပ်မိတယ်၊ အပြန်း .. ဧက အတွက်

www.burmeseclassic.com



ဆိုပြီး သူချည်းပဲ ..”

“ဟုတ်တယ်ဟေ့ .. ပြောချင်သလိုပြောကြတော့ ..၊ နောက်ထပ် သိထားတာတွေတောင်ရှိသေးတယ်၊ ဒါပေမယ့် လူကိုယုံထင်ကြောင်ထင် တွေနဲ့တော့ မပြောတော့ဘူး ..”

“ဘာမှမထင်ဘူး၊ ငါတို့ရဲ့ အသေးလေး လို့ပဲထင်တာ .. ကဲ ပြော..”

ဇကော က လက်ကိုကိုင်ပြီး သေချာလှုပ်မေးမှ မျက်စောင်းလေးထိုး ပြီး စိတ်ကိုလျှော့၏။ အသေးလေး က ပြာသို့ ကို ငယ်ချစ်ဖြစ်သည်။

ဟိုးငယ်ငယ်တည်းကတော့ မဟုတ်ပါ။ အထက်တန်းကျောင်းမှာ အတူဆုံဖူးကြတည်းက ကြိတ်ပြီးသဘောကျနေခဲ့တာဖြစ်ကာ ပြာသို ကတော့ သူ့ကို ယောကျ်ားလေးချင်းမို့ ရင်းနှီးတယ်လည်းမဟုတ်၊ စိမ်း တယ်လည်းမဟုတ် ..။

သင်တန်းတွေတက်ရင်း ပြန်တွေ့ဖြစ်ကြတော့ အသေးလေး က သာ မှတ်မိနေကာ ပြာသို က အထူးသိရှိကြောင်း မပြခဲ့ပေ။ မသိတာ လည်း မဟုတ်ဘဲ ..၊

“သူကသာ ငါ့ကို မသိသလိုလုပ်နေတာ၊ ငါက သူ့ကိုသိနေတော့ နှုတ်ဆက်ချင်လို့ကြည့်တာပါ၊ မိန်းမတွေ .. ငါ့ကိုပဲပြောဖို့ချောင်းနေကြတယ်..”

“ကဲပါ .. အဲဒါကိုတောင်းပန်ပါတယ်ဆိုမှ .. အခု ပြာသို့ အကြောင်း ဘာသိထားသေးလဲပြောလေ၊ ဘာလဲ .. နောက်ထပ်ရည်းစားပြောင်းမယ့် အစီအစဉ်တွေမြင်နေတာလား ..၊ နှစ်ယောက်ပူးထားဖို့ရှိနေတာလား ..”

“ဇကော ရယ် .. ကိုယ်နဲ့ပတ်သက်တာ ဘယ်ကဏ္ဍကပါသလဲပဲ မေးစမ်းပါ၊ ဒီကောင် ရည်းစားများတာတွေကို ခေါက်ထားလိုက် ..”

“ဘယ်ကဏ္ဍမှာမှ မပါဘူး၊ သူ့ရဲ့ ဒသနက သူ့ကိုပဲ ရည်းစားဦး ဖြစ်ရမယ်၊ သူ့ရဲ့ ရည်းစားဦးတော့ ဖြစ်မှာမဟုတ်ဘူးတဲ့ ..”

“မှုမှုတတပါပဲ ..”

“ငါထင်တယ် .. အဲ့ဒါကြောင့် အသေးလေး ရည်းစားမထားတာ..”

“သူကလည်း ငါ့ကိုဘယ်တော့မှ ကြိုက်မှာမဟုတ်ပါဘူး ..”



ယောကျ်ားချင်းဖြစ်နေတာကို သဘောမပေါက်ဘဲ အသေးလေး က အပီအပြင်ဆွေးနေသည်။ ပြောတော့ မဟုတ်ဘူးဆိုပြီး သူငယ်ချင်း တွေက စွပ်စွဲလိုက်မှ ရင်ဖွင့်ရရှာပုံပေါ်၏။ ဇင် ကလည်း စာနာသည့် မျက်ဝန်းလေးတွေနှင့် ခေါင်းညိတ်၍ ..၊

“အင်း .. ဇကော နဲ့ ပြာသို ကြိုက်သွားကြရင် နင် ပိုပြီးခံစားရတော့ မှာပဲ အသေးလေး ရယ် ..”

“ကြိုက်ဖို့မှ မရှိတာ ဘာလို့ ခံစားရမှာလဲ ..”

“ဘယ်လို ..”

ဇကော ကစပြီး သုံးယောက်စလုံး တအံ့တသြတွေ ပြူးပြဲဖြစ်ကုန်၏။ အသေးလေး က အေးဆေးမျက်နှာနှင့် ဆံပင်သပ်လိုက်သေးသည်။

“အဲ့ဒီသတင်းကြားပြီးမှ ငါ တွေးပူတာကိုပြောတာပါ၊ ဇကော က ရည်းစားသုံးယောက်တောင် ထားခဲ့ဖူးတယ်လေ၊ ငါတို့ ဇကော က ဒီလောက် လိုက်ကြိုက်နေရတော့ တစ်နေ့နေ့ နီးစပ်သွားမှာပဲ ငါတို့က ထင်နေကြ တာမို့လား ..”

“အခု မနီးစပ်နိုင်ဘူးလို့ ငါ့ကိုပြောလိုက်တာပေါ့ ..”

“စိုးရိမ်သွားတာပါဆိုမှ ..၊ ဒီမယ် ဇကော ရေ .. အသေးလေး တို့က လည်း မတန်မရာမှန်းပြီး အိပ်ပျက်မခံဘူးနော်၊ အစတည်းက ချောလို့ ကြည့်တာ၊ မစားသင့်တဲ့အသီးဆိုတာ သိပြီးသား ..”

“ငါကလည်း ချောလို့ ခိုက်နေတာပဲဟ .. ယောကျ်ားတစ်ယောက် ကိုများ ဖျတ်ဖျတ်လူး ရူးသွပ်တဲ့အထိဖြစ်ရင် ဇကော တို့ ဒီလိုမနေဘူး အခု သူနဲ့ ကြွေမလိုဝေမလို ဆက်ဆံရေးလေးမှာ မပြတ်သားနိုင်လို့..”

“အခု သိပြီဆိုတော့ နင်ဘာလုပ်မလဲ၊ ငါတို့လည်း ဒီကောင် လုပ်[illegible] သွားတာတွေကို ကြည့်မရတာကြာပြီ၊ သူနဲ့ တွဲနေတဲ့ သတ္တဝါတွေဆို ပိုတောင် မုန်းဖို့ကောင်းသေးတယ် ..”

“အဲ့ဒီ သတ္တဝါတွေထက် အဆမတန်ပိုမုန်းဖို့ကောင်းတဲ့ သတ္တဝါ လေးလာပြီ ..”

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း ဆေားခွဲထိုင်နေပြီး ဘယ်စကားထဲမှာမှ မပါသေးတဲ့ နေကြာစေ့ ထိုင်စားနေသည့် ခက်ခက် က သတင်းပို့၏။

သူတို့တွေ လှည့်ကြည့်လိုက်ကြတော့ အင်္ကျီလက်ရှည် ခါးရှည်ပွပွ ပန်းရောင်လေးနှင့် ဂျင်းဘောင်းဘီရှည်နဲ့ ရာရာ က ဆောင်ထားတဲ့ထီးကလည်း ပန်းရောင်လေး ...၊

"လှုပုံကသာ ဟိုမရောက်ဒီမရောက် မသေမသပ်နဲ့ .. သူကပဲ ဘယ်သွားသွား ထီးလေးတကိုင်ကိုင်နဲ့ .."

"ဟိုမရောက် ဒီမရောက်လို့ မပြောနဲ့နော် ...၊ ပြာသို့ ကို ခပ်တည်တည်နဲ့ သွားမောင်းထုတ်နိုင်တာ နည်းတဲ့အရည်အချင်းမဟုတ်ဘူး .."

"ဟုတ်တယ် .. ဟုတ်တယ်၊ ပုံပန်းမကျဘူးမပြောနဲ့ စီးတဲ့ ဖိနပ်တွေက ဒေါက်မမြင့်ပေမယ့် စလစ်ပါတစ်ရံမှ မတွေ့ဘူးနော် ...၊ တစ်ခါတစ်လေ အညိုရောင်ကွင်းထိုးဖိနပ်လေးဘွေတောင် စီးထားသေးတယ်၊ အဲဒါတွေက စလစ်ပါပေမယ့် ဘရဲန်း(ဒ်)တွေချည်းပဲ .."

"ဘရဲန်း(ဒ်)တွေဖြစ်တော့ ဘာလုပ်ရမလဲ .."

ခက်ခက် က မဲ့ရွဲ့ပခုံးတွန့်ကာ ...၊

"ငါဆိုရင် နှစ်လ,သုံးလ တစ်ခါ ဖိနပ်တွေ စုပုံရှင်းနေကျ၊ သင်းပုံစံက လူပေးသူပေးလောက်ပဲ သုံးနိုင်တဲ့အဆင့်မျိုးပါ၊ ပြီးတော့ ငါကြားတာ သူ့ဆွေမျိုးတွေက တောင့်တင်းကြတယ်တဲ့၊ သူတို့ကို ထောက်ပံ့နေကြတာဆိုပဲ .."

"အင်း .. ခေါ်ခိုင်းနေတဲ့ ငါတောင် ဒီလောက်မသိဘူး .."

ဇေ က သူငယ်ချင်းတွေပေးသည့်သတင်းကို ကြားနာရင်း ကိုယ့်အဖြစ်ကို သုံးသပ်မိသလိုပြောသည်။ ဇင် က သူမကိုပြန်ငဲ့ကြည့်ကာ...

"နင်ကတော့ ဘာမှသိမှာမဟုတ်ဘူး ဇေ၊ ဘာကိုမှဲ့မှ အလေးအနက်မထားတာကို၊ အဲ့ဒါကြောင့် ပြောတာပေါ့ .. ပြာသို့ ကိုလည်း မရရင်သေရပါတော့မလို ဖြစ်နေသလား ...၊ မဖြစ်ဘူးဆိုရင် နားလိုက်တော့ .."

"ဟွန်း .."



ဇေ က လျှောက်လာနေသည့် ရာရာ့ ခြေလှမ်းတွေအတိုင်း စိုက်ကြည့်နေကာ ...၊

"မနားဘူး ဇင် .. ငါက ငယ်ငယ်တည်းက ငါ မစားတော့ဘူးဆိုရင် အဲဒီမုန့်ကို ခွေးကောက်စားတာတောင် မကြိုက်လို့ သဲနဲ့လူးပြီးမှ လွှင့်ပစ်တတ်တာ .."

"ဟင်!..."

"ကစားစရာဆိုလည်း လွှင့်ပစ်တော့မယ်ဆို တစ်စစီချိုးဖဲ့ဖျက်ဆီးပြီးမှ ရေထဲသွားပစ်ချပြီး တုတ်နဲ့ ထိုးနှစ်သေးတာ .."

"စိတ်ကောင်းနှလုံးကောင်း ရှိရှာသား .."

"အခု ငါ့ရဲ့ ဦးနှောက်ကွန်ပျူတာမှာ ဆော့ဖ်ဝဲအသစ်တွေနဲ့ ဟိုငယ်ငယ်ကထက်ပိုပြီးဒေါ်နေပြီ၊ နင်တို့ကြည့်ထား .."

ရာရာ့ ကို ကြည့်ပြီး ကြိမ်းဝါးနေတာတော့ သိကြသည်။ ဒါပေမယ့် ပြောနေကြတာက ပြာသို့ အကြောင်းကလည်း လက်စမသတ်ရသေးတော့ ...၊

"ရာရာ .. ဒီမှာ ခဏလာထိုင်ဦး .."

ရာရာ က ခက်ခက် ရဲ့ ဟိုဘက်အစွန် ခပ်လှမ်းလှမ်းမှာထိုင်နေမလို့ ကုန်းကုန်းကွကွလေးဖြစ်နေပြီးမှ ပြန်ထရပ်သည်။

'ငါတို့အုပ်စုနားမှာ နီးနီးမနေရဘူး' လို့ သူမပဲ ကန့်သတ်ခဲ့တာမို့ အနားမှာ လာဖို့ပြောလိုက်တာနှင့် ထိတ်ခနဲဖြစ်သွား၏။

"အတန်းချိန်လိုသေးတယ်၊ ငါ့ကို နင်တစ်ခုလုပ်ပေး .."

"ဘာလဲဟင် .."

"နင် ဟိုတစ်ခါ စိမ်းလန်းစိုပြည်မှာ နေရာသွားဖယ်ခိုင်းခဲ့တဲ့ တစ်ယောက်ကို မှတ်မိလား .."

"စိမ်းလန်းစိုပြည်မှာ .."

သံယောင်လိုက်ရွတ်ရင်း စဉ်းစားနေရတဲ့ပုံက လွန်ခဲ့သောကာလတစ်ခုထဲက အမှေ့တလျော့ ဖြစ်ခဲ့သည့် တစ်စုံတစ်ရာကို ခက်ခက်ခဲခဲ

www.burmeseclassic.com



နှိုက်ထုတ်စဉ်းစားနေရပုံမျိုး ..၊

"ဘာတွေစဉ်းစားနေတာလဲ ..၊ လူတစ်ယောက်လုံးကို မျက်နှာချင်းဆိုင် စကားပြောခဲ့တာတောင် မေ့ချင်ယောင်ဆောင်ပြနေတယ်၊ ဘာလဲ လူရှိန်အောင်လား .."

ဧက မျက်နှာလေးက စောစောက အရှုံးနှင့် ပူးပေါင်းကာ ဒေါသကြောင့် နီရဲတင်းမာနေ၏။ တခြားသူတွေမျက်နှာကလည်း ဒီတိုင်းပဲ ဖြစ်ကာ .. အဆိုးဆုံးက အသေးလေး ဖြစ်၏။

'ပြာသို့ မျက်နှာကို တစ်ခါမြင်ပြီး ထပ်မမှတ်မိဘူးဆိုတာ အရူးစကား' လို့ စိတ်ထဲက ကျိန်ဆဲရင်း မဲ့ရွဲ့သွား၏။ ဧက ဆို ပြာသို့ ကို အတန်းရှေ့က ဖြတ်လျှောက်သွားတာလေး လှစ်ခနဲမြင်လိုက်တာနဲ့ ချက်ချင်းထလိုက်ကြည့်ရတဲ့အထိ ဖူးခြေပျက်ခဲ့ရတာ ဒီနေ့ထိ ကောက်ကောက်ပါရနေဆဲ ..။

"လူရှိန်အောင် မဟုတ်ပါဘူးဟယ် .. ဒီ ရုပ်ရည်နဲ့ ဘယ်လိုပုံဖမ်းဖမ်း လူရှိန်ဖို့မှ မရှိတာ၊ ဖြစ်နိုင်တာကတော့ အဲ့ဒီနေ့တည်းက ပြာသို့ ကို တွေ့ပြီး တစ်ခန်းလွတ်သွားတာပဲ .."

"ခစ် .. ခစ် .."

"ဟုတ်တယ် .. အဲဒါ အပိုတွေ .."

တစ်ယောက်တစ်ခွန်းပြောနေကြတာကြောင့် ကိုယ် ဘာပြောလိုက်မိလို့လဲဆိုတာတောင် မသိတော့ပေ။ ရာရာ က အားလုံးကို တစ်ယောက်စီကြည့်ပြီးမှ ဧက ဘက်ကိုပြန်လှည့်၍ ..၊

"ဘာဖြစ်လို့လဲဟင် .. အဲဒီလူကို ပြန်ရှာပေးရမှာလား .."

"ပြန်မမေးပါနဲ့ .. ငါမေးတာကို အရင်ဖြေ .."

"ကဲ .. မမှတ်မိစရာလား ဧက ရယ် ..၊ နင် ဘာခိုင်းမှာလဲသာ ပြောလိုက်၊ ခိုင်းတာကိုဖြစ်အောင်လုပ်ပေးဖို့က သူ့ကိစ္စ၊ သိသိ မသိသိ သိကိုသိရမှာပဲ .."

ခင် က ရာရာ ကို မျက်စောင်းရွယ်ပြီး ဝင်ထောက်ပေး၏။ ဧက



က ရာရာ ကို စိုက်ကြည့်ကာ ..၊

"အဲ့ဒီတစ်ယောက်က ငါ့ကို သစ္စာဖောက်သွားတဲ့ တစ်ယောက်ပဲ.."

"ဟင်!..."

"အံ့သြမနေနဲ့ .. အခု ထလိုက်ခဲ့ .."

"ဘာလုပ်မလို့လဲ .."

"နင် မရှည်ပါနဲ့ ငါ နင့်ကို ဘယ်လိုစီရင်မယ်ဆိုတာ ပြောထားပြီးသား ..၊ ငါ ဖြစ်ချင်တဲ့ လိုအပ်ချက်မှန်သမျှ လုပ်ပေးရမှာပဲ၊ တစ်ခွန်းမှ ပြန်မမေးနဲ့ .."

အားလုံး၏ အကြည့်တွေက မောက်မာရိုင်းစိုင်းလွန်းသည်။ ဧက ပြောသမျှ ရက်စက်ရင့်သီးလွန်း၏။ ဒါပေမယ့် သူမ ဘာကိုမှ တုံ့ပြန်တော်လှန်နိုင်စွမ်းမရှိ ..။

သူမ မျက်လုံးထဲမှာ မြင်ယောင်လာတာက သူမ လဲလှယ်ယူခဲ့ရသည့် ဆေးထုပ်တွေနဲ့ ပိုက်ဆံအထပ်လိုက် ..၊

"နှစ်ဆယ့်နှစ်ရက်နေ့ကျရင် ပြန်လာပြရမယ်နော် ..၊ ဆေးက တစ်နေ့နှစ်ကြိမ် .. ဆယ့်ငါးရက်စာ .."

ဆီးစစ် သွေးစစ် ဘာညာအမျိုးမျိုး စစ်ဆေးခြင်းတွေနှင့် တစ်မနက်စာလုံးဆေးခန်းမှာ အချိန်ကုန်ခဲ့ရသည်။ ပြေစာထွက်လာတော့ အားလုံးကိုးသောင်းနီးပါး ..၊

"ဟဲ့ .. လာလေ .. ဘာလုပ်နေတာလဲ .."

ဟင် ..၊

ရာရာ ဆတ်ခနဲဖြစ်သွားသည်။ စိတ်က ဧက တို့ကိုမလွန်ဆန်နိုင်ရခြင်းအကြောင်းတရားတို့ပေါ်မှာ ရှုပ်ထွေးစွာ လွင့်မျောနေခဲ့သည်ပြီး ရင်ထဲမှာ နေဆယ်စင်း ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

"ကြည့်လုပ်ပါဦး ဇကု ရယ် .. တော်ကြာ ကိုယ်က ဇာတ်လမ်းထွင်ပေးသလိုဖြစ်နေမယ်နော် .."

"ဖြစ်စရာလား ခက်ခက် ရယ် .. ဒီလောက် အနုအရွအလှအပကြိုက်တဲ့ ကောင်က နှင်းတောထဲပစ်ချတာတောင် လန်းလာမှာမဟုတ်တဲ့ ဒီလိုအကြေပန်းကို .."

"အကြေပန်းလုပ်ပါဟယ် .. တော်လ်ကီအသစ်တွေနဲ့ နားရှုပ်အောင်လုပ်မနေစမ်းပါနဲ့ .."

"သူက အဲ့လောက်တော့မဟုတ်သေးဘူးလေ ..၊ ဒါပေမယ့် ဘယ်လောက် မီးပူတိုက်တိုက် ပြန့်စန့်လာဖို့မရှိတဲ့ အကြေသားမျိုးပေါ့၊ အော်ကြေ .. အော်ကြေ .."

"အော်ကြေဆိုတာလည်း ရှိသေးသလား .. ဟား .. ဟား .. ဟား.."

မှန့်ဆိုင်ထဲက ထွက်လာသည့် ရာရှ ကို လှမ်းကြည့်ပြီး သူတို့တွေ



သဘောတွေကျနေကြ၏။ ရာရှ ကတော့ သူ့ကို ကော်ဖီဘာလို့ ဝယ်နိုင်ခွန်းမသိ၊ သူတို့ရယ်နေတာမြင်ပေမယ့် ကိုယ့်ကံကြမ္မာကိုလည်း မတွေးဆနိုင်ခဲ့ပေ ..။

ကော်ဖီပူပူက ကော်အပျော့သားလေးကို ထွင်းဖောက်၍ လက်ထိသာပူနေသည်။ ထို့ကြောင့် ပခုံးက ကြိုးသိုင်းအိတ်လေးကို ဆွဲတင်လိုက်၊ ကော်ဖီဘူးကို လက်ပြောင်းကိုင်လိုက်နှင့် ..၊

"ရော့ .. ပူပူလေးပဲ .."

ခြေလှမ်းမြန်မြန်လျှောက်သွားပြီး ဇကု ကို လှမ်းပေးလိုက်သည်။

"ကိုင်လာခဲ့ .."

ဒါပဲပြောပြီး ဇကု က ဦးဆောင်ထွက်သွားသည်။ ခက်ခက် တို့က ရယ်သွန်ရစ်၏။ 'ကိုင်လာခဲ့' ဆိုတော့ ကိုယ့်ကို လိုက်ခဲ့ဖို့ခေါ်တာမှန်းသိသည်။

ဒါပေမယ့် သူမတို့အုပ်စုရဲ့နောက်ကပဲ ခပ်ခွာခွာနေခဲ့ကျမို့ ရုတ်တရက်ခြေလှမ်းဖြစ်ဘဲ ခက်ခက် တို့ကို ရပ်စောင့်နေမိလျှင် ..၊

"ဘာလုပ်နေတာလဲ .. သွားလေ .."

ဟင် ..၊

လှမ်းကြည့်လိုက်တော့ ဇကု ကလည်း စိတ်တိုနေသည့်မျက်နှာနှင့် နောက်ပြန်လှည့်ကြည့်နေ၏။ နေရပ်နှစ်ခုမှ မလိုလားသော မျက်စောင်းအကြည့်တွေအလယ်မှာ ရာရှ ဘာလုပ်ရမယ်ဆိုတာ မြန်မြန်ဆန်ဆန်ဆုံးဖြတ်ရသည်။

ပြီးတော့ ဇကု နောက်ကို ကော်ဖီခွက်ကိုကိုင်ရင်း ကမန်းကတန်းလိုက်ရလေသည်။ ထိုအခါကျမှ ခက်ခက် တို့က သူမနောက်ကနေ ခပ်သွှပ်လှုပ်ပါလာကြ၏။

ဒါကို ပြန်လှည့်မကြည့်ရဲပေမယ့်သိနေကာ ထူးဆန်းနေသည်ကို

www.burmeseclassic.com

www.burmeseclassic.com



တွေးမိလိုက်တာနှင့် သူမရဲ့ ပစ္စုပ္ပန်ကို ခန့်မှန်းမိသွား၏။

မကောင်းနိုင်တော့တာကို သေချာပေါက်တွေးလိုက်မိကာ ဘာလဲ ဆိုတာက ...၊

"အမေ့ရေ!..."

ရုတ်တရက် နောက်ကနေ ဆောင့်တွန်းပစ်လိုက်သဖြင့် ကိုယ့်ကိုယ်ကိုယ် ဘယ်လိုမှ မထိန်းလိုက်နိုင်ဘဲ ရှေ့ကို ပစ်စလက်ခတ် ငိုက်ကျသွားခဲ့ပြီး...

"ဟာ!..."

"ဟော့ .. ဟော့ .."

"သွားပြီ .. အဲဒါ တကယ်သွားတာ .."

ရင်ဘတ်နှစ်ခု ပစ်ကပ်ထပ်သွား၏။ ကော်ဖီက မပူတော့ပေမယ့် ရင်ဘတ်မှာ တစ်ပြင်လုံးပွစိုသွားခဲ့ပြီး ရင်ဘတ်ချင်းပြန်ကွာသွားချိန်တွင် ဝိန်ရှုံ့တွန့်လိမ်နေသည့် ကော်ဖီဘူးက သူ့ ခြေဦးထိပ်ကို နှုတ်ဆက် အနမ်းနှင့် ခုန်ဆင်း၏။ ထို့နောက် ...၊

နက်ပြာနှင့် အပြာဖျော့ ပင်နီကီရှူးဖိနပ်ပေါ်မှာ ကော်ဖီလက်ကျန်တို့ကို အိတ်သွန်ဖာမှောက် ချန်ရစ်ခဲ့ပြီးမှ ဘူးကာလမ်းပေါ်မှာ ကျေနပ်ငြိမ်သက်သွားခဲ့လေသည်။

"သွားပြီကွာ .. တောက် .."

"သွားပြီလို့ ငါ ပြောသားပဲ .."

"မ .. မဟုတ်ပါဘူး .. တောင်းပန်ပါတယ်ရှင် .. တကယ်တောင်းပန်ပါတယ် .. ရာရာ ကလေ .."

"ဘာ!..."

ရာရာ ...၊

ဒီနာမည်နဲ့ ဒီအသံ ...၊



ရာရာ ဆိုတာကြားလိုက်တာနှင့် ပြာသို ချက်ချင်းမှတ်မိသွားသည်။ မြင်လိုက်ရလျှင် မလိမ်မိုးမလိမ့်မှာ ကြောင်သေရုပ်လေးနဲ့ သူ့ကို ဒုက္ခပေးတာ နှစ်ခါရှိပြီ ...၊

"မင်း ငါ့ကိုတွေ့တိုင်း ဒီလိုအချိုးတွေနဲ့ချည်းပါလား ... ဒီ့ထက် စိတ်ဝင်စားစရာကောင်းတဲ့နည်းလေးဘာလေး မရှိတော့ဘူးလား .."

"မဟုတ်ရပါဘူးရှင် .."

"မဟုတ်ရင် ဘာလဲ .."

ကိုယ်မှာ ပေကျံကုန်တာတွေကို ငုံ့ကြည့်ရှုံ့မဲ့ကာ လက်နဲ့ခါချမလို့ ဆေမယ့် မခါဖြစ် ...၊

သူများတွေ ရယ်ကုန်ကြတော့ ပြာသို့ မျက်နှာရဲရဲနီ၏။

"တောင်းပန်ပါတယ် .. ရာရာ တမင်လုပ်တာမဟုတ်ပါဘူး၊ တကယ်ပြောတာပါ .."

တတွတ်တွတ်တောင်းပန်ရင်း လွယ်အိတ်လေးထဲက တစ်ရှူးထုပ်လေး ထုတ်ယူလိုက်ပြီး ...၊

"သုတ် .. သုတ်ပေးမယ်နော် .."

"မလိုဘူး .."

တစ်ရှူးစလေးနဲ့ မရဲတရဲလှမ်းလာသည့်လက်ကို ပုတ်ထုတ်ပစ်ကာ...၊

"နောက်ကို အဲဒီလိုနည်းတွေထပ်သုံးရင် မင်း ငါ့ရဲ့စိတ်ဝင်စားမှုတော့ ရမှာမဟုတ်ဘူး .. ဒါပဲရမယ် .."

လက်သီးဆုပ်ကြီးနဲ့ မျက်နှာရှေ့ကို တိုးကပ်လိုက်သဖြင့် ရာရာ့မျက်နှာလေး နောက်တွန့်သွားသည်။ ပြီးတော့ ဖွေးနုသော ပါးပြင်လေးနှင့်ဖက်က နီမြန်းသွားကာ ...၊

"ရှင် ဘာပြောလိုက်တာလဲ .."

www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ်ထင်လဲ .."

ရန်လိုသည့် မျက်နှာနှစ်ခုက အနီရောင်ချင်းလည်းအပြိုင် ..၊

"ခိုးချင်တာလည်း ပျာလို့၊ နှေးလိုက်တာလည်း ချာလို့ .."

"ရှင်နော် .."

"အံမာ .. မင်းက .."

"ကဲ .. တော်ပါတော့ ပြာသို ရာ .."

"ထားလိုက်တော့ ပြာသို၊ အဲ့ဒါ ရှက်မဲမဲတာလို့ခေါ်တယ် .."

"ရှင်တို့ထင်ရာတွေ စွတ်မပြောကြနဲ့ ..၊ ရာရာ အဲ့ဒီလို မိန်းမမဟုတ်ဘူး.."

အော်ပစ်လိုက်မိရင်း မျက်ရည်တွေလည်း ဝိုင်းလာ၏။ ရယ်သံတွေ စီခနဲထွက်သွားကာ ..၊

"ရှင်တို့ဆိုတော့ ငါတို့ပါလာပြီ .. လစ်မယ် .. လစ်မယ် .."

ရာရာ လက်သီးလေးဆုပ်ထားရင်းကျန်ခဲ့လေသည်။ သူငယ်ချင်းတွေ တွန်းထိုးဆွဲခေါ်သွားရာ ပါသွားရင်း လူကို မျက်တောင်ဖျားတွေ စင်းကြည့်ပြီး ရယ်မလို မဲ့မလို လုပ်သွားသည့် မျက်နှာကို မေ့ပျောက်လို့မရ..

သူ့ကို တစ်ဖက်သတ် ပိုးပန်းပြီး အကြောင်းရှာသည်လို့ ပြောသွားခဲ့သည်။ သူမ မျက်နှာမှာ ယောကျာ်းတစ်ယောက်ကို ပိုးပန်းပြီး ကြိုက်မရှက် ငိုက်မရှက် ဖြစ်နေတဲ့အထိ ဘယ်လိုအမူအရာလက္ခဏာတွေ ရှိနေခဲ့သလဲ ..၊

"မင်း ငါ့ကို တွေ့တိုင်း ဒီအချိုးတွေနဲ့ချည်းပဲ .."

"မလိုဘူး .."

"နောက်ကို အဲ့ဒီလိုနည်းတွေထပ်သုံးရင် မင်း ငါ့ရဲ့စိတ်ဝင်စားမှုတော့ ရမှာမဟုတ်ဘူး .. ဒါပဲရမယ် .."



လက်သီးဆုပ်ပြပြီး ကြိမ်းဝါးသွားသည်။ အဲ့ဒီလက်သီးနဲ့ထိုးပြီး ရိုက်ပုတ်နိုင်စက်သွားပါ .. ရှင့်အကျီစွန်းထင်းသွားသလို ကျွန်မမျက်နှာမှာ သွေးထွက်သံယိုဒဏ်ရာတစ်ခုခုရသွားအောင် ရှင် ဒေါသထွက်လို့ရတယ်..၊

ဘာဖြစ်လို့ ဒီလောက်တောင် ရက်ရက်စက်စက်ပြောသွားခဲ့တာလဲ..၊

ရှင့်ကို ဘယ်သူက ချစ်နေလို့လဲ ..၊

လမ်းပေါ်မှာ ဝပ်စင်းနေသည့် ကော်ဖီဘူးကို ငုံ့ကြည့်လိုက်မိစဉ် မျက်ရည်နှစ်စက် လက်ခနဲကြွေဆင်း၏။ သူမအဖြစ်က ဘာနဲ့တူသလဲ..၊

ကြေးစားလူသတ်သမားလည်းမဟုတ်၊ ကိုယ်ရံတော်လည်းမဟုတ်..၊

ဒါဆို သူမက ဧက ရဲ့ ရံရွေဖော်လား ..၊

ဒါလည်း မဟုတ်နိုင်ပါ။ ရံရွေဖော်ဆိုရင်တောင် သခင်မရဲ့ ချစ်ခင်အရေးပေးမှုကို ရယူနိုင်တဲ့ ရံရွေဖော်မျိုး သူမက မဟုတ်ခဲ့ ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"ဟား ... ဟား ... ဟား ... ရယ်ရတယ် ..."

"ကြင်ရာတော် ... ကြင်ရာတော် ... ဒီနာမည်လေးပေးပြီး မိဘတွေက သူ့သမီး အချကြောင်ကျားလေးကို ဘာတွေဖြစ်ဖို့များ စိတ်ကူးယဉ်ခဲ့ကြသလဲမသိဘူး ... ဟား ... ဟား ... ဟား ..."

ခေါင်းလေးခေါင်းဆိုင်ပြီး လက်ခုပ်လက်ဝါးတီး ရယ်မိကြ၏။ အသေးလေးက လက်ဖျားလေးတခါခါနှင့် မဲ့ရွဲ့နေကာ ...။

"ခုတော့ ကြင်ရာတော် မဖြစ်ရရှာဘဲ ဟိုက လက်သီးဆုပ်ပြပြီး ကြိမ်းမောင်းသွားတာခံရပြီ ... ကျွတ် ... ကျွတ် ... ကျွတ် ..."

"ဟုတ်ပ ... ပြာသို တော်တော်တင်းသွားတာနော် ...။ တင်းမှာပေါ့ သူဝတ်တဲ့ ဘရန်းတွေက တကယ့်အမြင့်စားတွေချည်းပဲ၊ ရှေ့တစ်ပြင်လုံး ကော်ဖီတွေ စွန်းကုန်တာ ဘယ်လိုလုပ် ဖျက်လို့ရတော့မှာလဲ၊ ဖိနပ်ပေါ် ထိတောင် စွန်းသွားလိုက်သေးတယ် ..."

"အဲ့ဒါ ငါတို့ရဲ့ စေ အကွက်ရွှေ့ကောင်းလို့လေ၊ ရွှေ့ပေးလိုက်တာ ပစ်မှတ်ကို တည့်တည့်ထိရုံတင်မကဘူး၊ ကော်ဖီတွေကတောင်



လိုချင်တဲ့နေရာတွေကို တမင်ပက်ပေးလိုက်တာကျနေတာပဲ ..."

"ဟား ... ဟား ... ဟား ... ဝိုင်းပြောလွှတ်လိုက်တာ ကြင်ရာတော်လေး မျက်ရည်လေးစမ်းစမ်း စမ်းစမ်းနဲ့ ..."

"သူမြင်တာကျလို့ ..."

"နေမှာပဲလို့ ... မှန်းကြည့်လိုက်တာလေ ..."

"ဘာလဲ ဇင် ... နင်က ရာရှ ကို သနားစိတ်ဝင်သွားလို့လား ..."

"နိုးပါ ... ဟွန်း ..."

သနားသလား မေးခံလိုက်ရတာကိုတောင် ဇင် က စိတ်တိုသွားပုံပေါ်ကာ ...။

"ငါက ဘာလို့ သနားရမှာလဲ၊ သူ့ကြောင့် ငါတို့ရဲ့ ပုံမှန်လွှင့်ထုတ်နေတဲ့ ချန်နယ်လ်တွေ လိုင်းပျောက်ကုန်တာ ..."

သူတို့လေးယောက် စုစည်းမိပြီဆိုတည်းက လေးယောက်ရဲ့ သဘောတူညီမှု မရလျှင် ဘယ်သူကမှ တစ်စုံတစ်ရာကို ဖောက်ထွက်ဆုံးဖြတ်ခဲ့တယ်ဆိုတာမရှိ ...။

ဘာပဲလုပ်လုပ် ဘာအတွက်ပဲဆုံးဖြတ်ကြပါစေ တစ်သဘောတည်း တစ်စိတ်တည်းအတိုင်း ...။

"ခုတော့ ... သူ့ကြောင့် မလုပ်ချင်တာတွေလည်းလုပ်ရ၊ လုပ်ချင်တာလည်း မလုပ်ရ ..."

"ဟုတ်တယ် ... အဲ့ဒီ မိန်းမပုံစံလေးက အိသြောင့်အိသြောင့်နဲ့ စေကို အညှာကိုင်ဖို့ကျတော့ ပြောတတ်လိုက်တာမှ ..."

"စေ ကို မပြောနဲ့ ... ပြာသို့ ကို ပြန်ရန်တွေ့နေတာ မမြင်ဘူးလား၊ သူ မကျေညက်လို့ ဟိုက ဝိုတင်းတာ ..."

စေ က ခက်ခက် ပြောတာကို ထောက်ခံနေသလို ခေါင်းတညိတ်ညိတ်နှင့် ပြုံးနေလျက် ...။

"ကောင်းတယ် ခက်ခက် ငါအစက သူ့ကိုဒုက္ခပေးဖို့ပဲ စိတ်ထဲမှာရှိတာ၊ ခုတော့ မြားတစ်စင်းနဲ့ ငှက်နှစ်ကောင်ပစ်လို့ရပြီ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟင် .. ဘာလဲ ပြာသို လား .."

"ဟုတ်တယ် .. အခု သူ့ကို မိန်းမနောက်ပိုးလုပ်နေပါတယ်လို့ ပြာသို က ထင်သွားပြီ၊ အဲ့ဒီလိုဖြစ်အောင် ငါ တမင်လုပ်ခဲ့တာမဟုတ်ဘဲနဲ့ တစ်ဖက်က အနိုင်အမာထင်သွားတာကြည့်စမ်း .. ဒါ သူ့ကံကြမ္မာပဲ .."

"သိပ်ဟုတ် .."

"ဒါပေမယ့် ဒီတစ်ခါတော့ ငါ သေချာအကွက်ချပြီး အတိအကျ ရွှေ့တော့မှာ .."

"ဘာအကွက်တွေ ရွှေ့ကြမလို့လဲ မြေး .."

ဟင် ..၊

လေးယောက် ခေါင်းချင်းဆိုင်နေတုန်းမို့ အနားကို ဒေါ်သီ ရောက်လာတာ သတိမထားမိလိုက်ကြ ..။

လူကြီးမို့ အကွက်ရွှေ့တာတွေ ပြောင်းတာတွေ လူငယ်တွေ၊ ဘန်းစကားတွေကို ဒေါ်သီ ရုတ်တရက် နားမလည်လိုက်သဖြင့် မိန်းကလေးတွေကို သေချာကြည့်ပြီး ပြုံးပြကာ ..၊

"ဆက်ပြောကြလေ .. ဘွား လာမှ ဘာဖြစ်လို့ ရပ်သွားကြတာလဲ.."

"ဘာမှ မဟုတ်ပါဘူး ဘွားဘွားကလည်း သင်တန်းကကိစ္စတွေကို ပြောနေတာပါ .."

"မြေး .. ခုတက်နေတဲ့ ဂျပန်စာသင်တန်းက ဘယ်တော့ပြီးမှာလဲ.."

သူမတို့နဲ့ အနီးအနားမှာ ဝင်ထိုင်လိုက်တော့ ခက်ခက် တို့ ကိုယ်လေးတွေရို့ကာ မျက်နှာတွေကိုပါ မသိမသာ ငုံ့ထားကြ၏။

ဒေါ်သီ က တစ်ခုခုမေးပြီဆို ဆွဲရှရှေ့နေထက် ဆိုးသည်။ လေးယောက်စလုံးဆီက အဖြေတစ်ခုတည်းထွက်လာဖို့ မေးခွန်းတစ်ခုကိုပဲ လှည့်ပတ်မေးတတ်၏။

ထိုအခါ မိုးလင်းတာနဲ့ မုသာဝါဒတွေ ငုံခဲဝါးမျိုပြီး အိမ်ကထွက်လာခဲ့ကြသည့် သူမတို့အတွက် စိုးရိမ်စိတ်တွေကဲ မလုံမလဲနှင့် တစ်



ယောက်တစ်ခွန်းအဖြစ်တွေက အိုးနင်းခွက်နင်း ..၊

"မြေးရေ .. ဘွားမေးနေတယ်လေ .."

"ဟင် .. ခြောက် ..၊ ခုမှ စတက်တာ ရက်ပိုင်းလေးပဲရှိသေးတယ် ဘွားကလည်း .."

"အေးလေ .. လပိုင်းလေးပဲတက်နေတာမို့လို့ မေးနေတာပေါ့၊ မြေးရဲ့ အမေက သူ့သမီးကို မဲဆောက်မှာခေါ်ထားဖို့ပဲ ဟန်ပြင်နေတာ.."

"ဟင် .. ဘွားဘွားကိုရော ပြောနေပြီလား .."

စကေ မျက်နှာပျက်သွားတော့ ဒေါ်သီ က စိတ်မကောင်းဖြစ်သွားသည့်မျက်ဝန်းတို့နှင့် ပင့်သက်ရှိုက်၏။

"ပြောတာပေါ့ .. မြေးရောက်လာရင် ဘန်ကောက်မှာ လုပ်ငန်းတိုးချဲ့ဖို့ လုပ်ကြမှာတဲ့ ..၊ အခု မြေးရဲ့ ဖေဖေကလည်း ဘွားနဲ့မထားချင်ဘူး၊ မြေး မေမေကလည်း ယောကျ်ားကို မလွန်ဆန်နိုင်ဘူးလေ၊ အကြောင်းကြောင်းကိုငဲ့ပြီးတော့သာ ဒီမှာ ဆက်ထားနေကြတာ .."

"ဘွားဘွား .."

"ဟင် .."

"မေမေတို့က သူများတွေလို ကိုယ့်နယ်ကိုယ့်ဒေသမှာ စီးပွားမရှာဘဲနဲ့ ဘာဖြစ်လို့ နယ်စွန်နယ်ခြားမှာ သွားလုပ်နေကြတာလဲ၊ စကေ အဲ့ဒီနေရာတွေမှာ လိုက်မနေချင်ပါဘူး၊ အဲဒါကြောင့် ထိုင်းစကားပြောတတ်ရင် တန်းခေါ်မှာစိုးလို့ ထိုင်းဘာသာကို သင်ကိုမသင်ချင်တာ .."

ဒေါ်သီ က ပြုံးလိုက်ပြီး စကေ ဆံပင်လေးကိုသပ်၍ ..၊

"ဘွားလည်း ဘယ်လိုလုပ်သိမှာလဲကွယ် .. ဒါပေမယ့် မြေးရဲ့ ဖေဖေက ဘွားကို မုန်းတယ်လေ .."

"ဘာဖြစ်လို့လဲ .."

"မြေးရဲ့ မေမေနဲ့ လက်ထပ်တုန်းက ဘွားက မရမကခွဲဖို့ ကြိုးစားခဲ့တာကိုး .."

"ဒါကတော့ .."

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အမေက ဆင်းရဲခဲ့တာကို မပြောချင်သဖြင့် ဧက စကားမဆက်နိုင် …၊

မိဘတိုင်းက ကိုယ့်သားသမီးကို ဆင်စီးမြင်းရံဖြစ်သွားစေချင်ကြတာပဲ …၊ ကိုယ်လည်း မိဘဖြစ်နေပြီဥစ္စာ ကိုယ်ချင်းစာကြည့်လိုက်ပါလား …၊

ကိုယ်ကိုယ်တိုင်က မိဘမေတ္တာကိုနားလည်ဖို့ မကြိုးစားပေမယ့် မိဘကို ပြန်ပြီးအပြစ်ထောက်ဖို့ကျတော့ ဦးနှောက်က သိနေတာတွေ အများကြီးပါလား …၊

ကိုယ့်ကိုယ်ကိုယ် မလုံမလဲတော့ တွေးမိပေမယ့် …၊

"ဘွားဘွားကို ကြည့်မရရင်လည်း မမြင်ကွယ်ရာသွားနေလို့ရတာပဲ ဘွားဘွားရယ် … ရန်ကုန်မှာ ငွေရှိရင် စီးပွားရေးဖြစ်ဖြစ် နေရာဖြစ်ဖြစ် ကိုယ်ကြိုက်သလို စီစဉ်လို့ရပါတယ်၊ ဧက က တစ်ဦးတည်းသောသမီးပဲ၊ ဒီသမီးကိုထားခဲ့ပြီး ဘေးထွက်သွားတာက သူတို့ပဲ …"

"မဟုတ်သေးဘူး မြေးရဲ့ …"

"ဟုတ်တယ် … ဟုတ်တယ် … ခုကျမှ ချစ်တာတွေရှုတ်ပြပြီး ဘာဖြစ်စေချင်တာတွေ၊ ဘယ်လောက်ချစ်တာတွေ လာပြောနေလို့မရတော့ဘူး၊ ဧက ရန်ကုန်ကနေ ဘယ်မှမသွားဘူး၊ ဘွားနဲ့ပဲနေမှာ …"

မြေးအဘွားကိုကြည့်၍ ခက်ခက် တို့က ပြုံးနေကြကာ ဘာမှ ဝင်မပြောဘဲနေကြ၏။

"ပြီးတော့ … နယ်စွန်နယ်ဖျားမှာဆို တစ်ချို့နေရာတွေမှာ ဥပဒေကို အလွယ်တကူချိုးဖောက်နေကြတာ …"

ဒေါ်သီ မျက်နှာ ကွက်ခနဲပျက်သွား၏။ ဘေးမှာရှိကြသည့် မိန်းကလေးတွေဆီ မျက်လုံးရောက်သွားပြီးမှ ဧက ကို ပခုံးလေးဖက်လိုက်ပြီး ပြုံးကာ …၊

"ကဲ … အဲ့ဒါတွေပြောမနေကြနဲ့တော့၊ မြေးတို့ နေ့လယ်စာအဆာပြေစားဖို့ တစ်ခုခုလုပ်နိုင်းလိုက်မယ်၊ ဘာစားကြမလဲ …"



"နေဦး … ဘွားဘွားကို ဧက မေးစရာရှိသေးတယ် …"

"ဟင် … ဘာလဲ …"

"ကြင်ရာတော် ကို ဘွားဘွားခေါ်တွေ့တာ ဧက သိတယ် …"

"အင်းလေ … ဘွားက လူမသိအောင် ခေါ်တွေ့တာမှ မဟုတ်ဘဲ၊ သူကလည်း မြေးက အိမ်ကိုလာတာမကြိုက်ဘူးဆိုလို့ မြေးမရှိတဲ့အချိန်လာတာပါ …"

"ဘာဖြစ်ဖြစ် ဧက အဲဒါကိုသိချင်တာမဟုတ်ဘူး၊ ဘွားဘွား ဆီက ပိုက်ဆံထပ်တောင်းသေးလား … မတောင်းဘူးလား …"

ဒေါ်သီ က စဉ်းစားသလိုခဏတော့ ငြိမ်သွားသည်။ ပြီးမှ ခေါင်းညိတ်၍ …၊

"သူ့အမေ နေမကောင်းဘူးလို့ပြောတယ် … မိန်းကလေးက သနားစရာလေးပါ …"

"သနားစရာကောင်းအောင် ပြောတတ်မှ တောင်းလို့ရမှာကိုး ဘွားဘွားရဲ့ …၊ ဘယ် သူတောင်းစားက ခါးထောက်လက်ယပ်ခေါ်ပြီး တောင်းတယ် ကြားဖူးလို့လဲ …၊ အဲ့တစ်ယောက် ဘယ်လောက်မွဲသလဲဆိုတာ သေချာစုံစမ်းရမယ်၊ သူတောင်းစားသာသာ အဆင့်လောက်နဲ့ အနားမှာ လာနေချင်လို့မရဘူး …"

"မြေးရယ် … အဲဒီလို ရင့်ရင့်သီးသီးတွေ မပြောရဘူးလို့ ဘွား ပြောထားတယ်လေ …၊ သူ ဆင်းရဲတော့လည်း နိုင်းတော့ အပိုးကျိုးတာပေါ့ …"

"အပိုးမကျိုးဘူး ဘွားဘွားရဲ့ အဲ့ဒါကြောင့် ဧက စိတ်တိုနေတာ…"

အသေးလေးက နေရာတကာ ဝင်ပါတတ်သည့်အကျင့်ကို မှတ်ခမ်းကိုက်ထားပြီး မျိုသိပ်နေရတာဖြစ်ကာ မနေနိုင်သည့်အဆုံးမှာ သူမ အသံပဲ ဦးဆုံးထွက်လာ၏။

"သူက အန်တီတို့ကို တိုင်မှာပဲ၊ ပြောမှာပဲဆိုပြီး ဧက ကို ကျပ်ပေးနေတာ သိလား ဘွား …"

"ဟုတ်လား … ငါ့မြေးခက်ခက်ကြက အဲဒီလိုသည်းခံနေရတာ

www.burmeseclassic.com

www.burmeseclassic.com



လား ..."

"ဘွား မရယ်နဲ့နော် .. ဧက ဘယ်လောက် စိတ်တိုနေလဲ သိလား..."

ဧက က ဘွားအဖြစ်သူပြုံးနေတော့ ဒေါသတွေ ပိုထွက်ပြရင်းရင်ထဲရှိတဲ့အတိုင်း ပြောနေခဲ့၏။

"သင်းအကြောင်း စုံစမ်းပြီး ကောင်းကောင်းနှိပ်ကွပ်ရမယ်၊ ဘွားဘွားဆီက ပိုက်ဆံတွေတောင်းနေတာ အစကမသိလို့ ပုံမှန်လစာလေးနဲ့ သည်းခံနေရတာမှတ်တာ၊ သင်းက နင့်လောက်အောင် .. အဲ .. သူ ဘယ်လောက်တောင်းသွားလဲ ဘွား ..."

"နှစ်သိန်း ..."

"နှစ်သိန်းတောင် ..."

"ဘွားက ဘာလို့ကြိုထုတ်ပေးလိုက်တာလဲ၊ မေမေတို့ရော သိလား..."

"သိတာပေါ့ .. အစတုန်းက ဒီမိန်းကလေးက သိပ်လုပ်ချင်ပုံမရဘူးတဲ့၊ ဒီအလုပ် သူ ဆက်လုပ်ပေးဖို့ကို သိတာ က စည်းရုံးနေရတာ၊ နောက်မှ သူကိုယ်တိုင် ဘွားကိုဖုန်းဆက်ပြီး အကူအညီတောင်းတာ၊ ဒါ တကယ်လိုအပ်လို့နေမှာပါ ..."

"ဘွားဘွားကလည်းလေ ..."

"မြေးရယ် ငွေနှစ်သိန်းဆိုတာ နှစ်ရာမှမဟုတ်တာ၊ ပိုက်ဆံနှစ်ရာတန်တစ်ရွက် အလှူခံပုံးထဲထည့်ဖို့တောင် လူတိုင်းမတတ်နိုင်သေးတဲ့ဟာ .. ငွေနှစ်သိန်းကို ဘွားက လက်လွတ်စပယ် ချပေးရတာ မယုံကြည်ထိုက်ဘဲ ပေးပါ့မလား ..."

ဒေါ်သီ က ရာရှု အကြောင်း စုံစမ်းလို့ရထားသမျှ ပြောပြသည်။

"သူ့အမေက လူမမာဆိုတော့ ဘာဖြစ်တာတဲ့လဲ .. မျက်စိကန်းနေတာလား၊ လေဖြတ်နေတာလား၊ ဆွေဂုဏ်မျိုးဂုဏ်လေးတော့ ရှိပါတယ်ဆိုရင်ရော ဆွေမျိုးတွေရဲ့ ဂုဏ်ကျက်သရေတွေကို စောင်လုမြုံသလို ဆွဲယူမြုံလိုက်လို့ရသလား၊ မွဲရင်မွဲတယ်ပေါ့ .. ဘွားဘွားကရော ဘာဖြစ်လို့ ဖေးဖေးမမလေသံတွေ ဖြစ်နေတာလဲ ..."



"ရော် ..."

"ဘာရော်တာလဲ ဘွားရဲ့ .. ဒီလောက်ထိ မုန်းစရာကောင်းနေတဲ့မိန်းမကို ..."

"မြေးက ဘာလို့မုန်းနေတာလဲ၊ ကြည့်ရတာတော့ မြေး မဟုတ်တာတွေ လျှောက်လုပ်ထားလို့ ဖော်ကောင်လုပ်မယ့်လူကို ..."

"ဟာ .. ဘွားဘွားက စွပ်စွဲပြန်ပြီတွေ့လား ..."

ဒေါ်သီ့ စကားကို ဆုံးအောင်နားမထောင်ရဲသဖြင့် ဧက က ခေါင်းလေးဖွပစ်ပြီးအော်သည်။ ဒေါ်သီ က ရယ်နေကာ ..၊

"မဟုတ်ရင် ကိုယ့်ထက်နိမ့်ပါးတဲ့လူကိုမြေးက အေးချင်းယှဉ်နေစရာ မလိုဘူးလေ၊ အတိုက်အခံစိတ်မှ မရှိရင် မုန်းတီးစိတ်ဆိုတာလည်းဖြစ်မလာဘူး ..."

"အေးချင်းယှဉ်တာ မဟုတ်ပါဘူး ဘွားဘွားရာ .. တစ်ခါတစ်လေ သင်တန်းမတက်ဘဲ ဧက တို့ ရုပ်ရှင်သွားကြည့်တာ လျှောက်လည်တာတွေရှိတယ်လေ၊ အဲ့ဒါမျိုးဆို ကြင်ရာတော် ဆိုတဲ့ မိန်းမက ပြဿနာရှာပြီး သူ့ကိုယ်သူ ဧက ကို ထိန်းချုပ်ဖို့ ခန့်အပ်ထားခြင်းခံရတဲ့ စပိုင်လိုလို ..."

"ဟုတ်တယ် .. ထစ်ခနဲရှိရင် စုံစမ်းမယ်၊ သတင်းပို့မယ်ဆိုတာချည်းပဲ .. ဧက နဲ့အတူတူ သမီးတို့ပါ လိုမ့်ခံရတာ ..."

ဒေါ်သီ က သိနေပါသည်။ ဒီလောက်အပြစ်လေးတွေဆိုတာ ကိုယ့်မြေး အလွယ်တကူကျူးလွန်နေကျ ..၊

မိဘတွေလည်း မသိဘဲနေမလား၊ ဧက က မိဘကိုတွေးပြီးကြောက်လန့်ရှိသေနေတဲ့ မိန်းကလေးမျိုးမဟုတ် ..၊ ဒီအဖြစ်တွေက အပြစ်ဖြစ်နိုင်သည့်အပြစ်တွေမို့သာ ခုလို ပြဿနာတွေရှိလာခဲ့တာဖြစ်လိမ့်မည်။

"မြေးတို့ကတော့ လူငယ်တွေဆိုတော့ ထစ်ခနဲဆို ဟိုလူ့ကြောင့် ဒီလူ့ကြောင့်လို့ တန်းတွေးကြတာပေါ့၊ တကယ်တော့ ဒါက ဘွားတို့လူကြီးချင်းရဲ့ အတွင်းလှိုက်ပင့်ပက္ခလေးတွေပါ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ ဘွားဘွား .."

"မြေးရဲ့ ဖေဖေက ဘွားကို အားမကိုးချင်ဘူးလေ .."

"အဲဒါ ဆိုင်လို့လား .. ဘွားဘွားရယ် .."

"ဆိုင်တယ် .. ဟိုအစက မကျေလည်မှုက သူ့ရင်ထဲမှာ အမြဲရှိနေတယ်၊ မြေးကို ဘွားရဲ့ အုပ်ထိန်းမှုအောက်မှာ ထားရုံနဲ့ စိတ်မချနိုင်သေးဘူးဆိုတဲ့ သရုပ်ကို ပေါ်စေချင်တာ၊ ဘွားက မြေးကို လူငယ်သဘာဝတွေနဲ့ လွတ်လပ်မှုတွေ အပြည့်အဝပေးထားတယ်၊ ဆိုဆုံးမမတတ်ဘူး၊ အဲဒါတွေကို သူ မကျေနပ်ကြောင်း လုပ်ရပ်နဲ့ သက်သေပြတာ .."

"ဟုတ်လည်းမဟုတ်ဘဲနဲ့ ဇေက ကဖြင့် ဘွားကို ပိုချစ်တာပါ၊ ဘယ်မိဘ ဖြစ်ဖြစ် ချစ်ရင်အလိုလိုက်ကြတာပဲ .."

ဒေါ်သီ ပြုံးလိုက်မိသည်။ ဒါပေမယ့် အပြုံးတို့က ကျေနပ်ကြည်နူး၍ မဟုတ်ပေ ..။

တကယ်တမ်း သူမမှာ အပြစ်ရှိနေတာမှန်ပါသည်။ မြေးရဲ့ ဆိုးနွဲ့ခြင်းအလီလီက ဆိုးသွမ်းခြင်းဘက်ကို ဦးတည်နေခဲ့ပြီမှန်း သိလိုက်ရကာမှ သူမ နောင်တရခဲ့မိတာဖြစ်၏။

ခုတော့ မြေးရဲ့ ခေါင်းလေးကို ပွတ်သပ်ရင်း မချိပြုံးပြုံးနေရပေမယ့် ရင်ထဲမှာ မကောင်း ..။

"မြေးရဲ့ ဖေဖေ စိတ်ပူတာကို မြေးရဲ့ မေမေကလည်း အပြစ်ပြောလို့ မရဘူးလေ ..၊ ဘွားက အသက်ကြီးပြီမို့လား၊ အပေါင်းအသင်း သူငယ်ချင်းမင်တဲ့ မိန်းမငယ်လေးတစ်ယောက်ကို မျက်လုံးဒေါက်ထောက်ကြည့်ပြီး ထိန်းကျောင်းနိုင်မှာ မဟုတ်မှန်း သူ နားလည်တာ့ကိုး .."

"ဘွားဘွားကလည်း ဇေ က ဘွားဘွားကို ဆိုးနေလို့လား၊ ဒီလောက်တောင် ဇေ လိမ္မာနေတာကို .."

"ဟုတ်ပါတယ် ဘွားဘွားရယ် .. သမီးတို့က ပျော်တတ်ကြတာပဲရှိတာ၊ မဟုတ်တာ ဘာမှမလုပ်ဘူး .."

"မသိအောင်လုပ်နေတာရှိရင်တော့ မြေးတို့ ဒုက္ခရောက်လို့အော်



တော့မှ လူကြီးက သိရမှာလေ၊ ပြောပြတာပါ .."

ဒေါ်သီ က တစ်ခွန်းတစ်လေ ဝင်ဝင်ပြောပေးကြသည့် သူငယ်ချင်းတွေပါ နှစ်လိုဖွယ်ပြုံးပြလိုက်ကာ ..၊

"မြေးအတွက် တိုးတိုးဖော်သူငယ်ချင်းဖြစ်မလာပေမယ့် မိဘကတော့ မြေးနဲ့ အနီးကပ်နေနိုင်တဲ့သူ၊ ပြီးတော့ သူတို့ရဲ့မျက်လုံးတစ်ဖက် ဖြစ်နိုင်ကောင်းမယ့်သူလို့ တွက်ဆပြီး ကြင်ရာတော့် ကို .."

"ဟား .. ဟား .. ဟား .."

ဇေ က ခုန ကလေးဆန်ဆန် နွဲ့ဆိုးဆိုးသည့် အမူအရာတွေ ပျောက်ရှုကုန်အောင် အေးစက်စက် ဟားတိုက်ရယ်သည်။ ပြီးတော့ သူငယ်ချင်းတွေကို ငဲ့ကြည့်၍ ပခုံးတွန့်ပြီးမှ ဒီဘက်ပြန်လှည့်၍ ..၊

"ဖေဖေ့ရဲ့ မျက်လုံးတစ်ဖက်ဖြစ်ရအောင် သူက ဘာမို့လို့လဲ .."

"မဟုတ်ဘူးလေ .. မြေးတို့သိသာအောင် ဘွားကပြောပြတာ၊ ပြီးတော့ လူကြီးတွေရဲ့ဆန္ဒက ဒီတိုင်းရှိနေလို့ ပုံချရေးခဲ့တာပေါ့၊ ဖြစ်လာတာ မလာတာက .."

"ဟုတ်တယ် ဖြစ်လာတာ မလာတာက ဇေ လက်ခံမှုဖြစ်တာ.."

မျက်ဝန်းလေးတွေမှာ ဖြစ်တည်နေသော အေးစက်သည့်အမုန်းတရားက ကလေးဆန်တာ တစ်စွန်းတစ်စမှ မရှိခဲ့ဘဲ ..၊

"ဇေ က မေမေတို့ အတင်းအကျပ်ကြီးလာခေါ်ကြမှာတစ်ခုပဲ ကြောက်တာ၊ ဘွားဘွားကလည်း ဖေဖေ့ကိုဆို စကားသိပ်ပြောတာ မဟုတ်ဘူးလေ၊ ဖေဖေ ရောက်လာရင် ဇေ့ ကို 'ခေါ်ချင်ခေါ်သွား' ဆိုပြီး ထည့်လွှတ်လိုက်မှာ၊ ဘွားဘွားကို အပြစ်ပြောတာမဟုတ်ဘူးနော်၊ ဖေဖေ အစွမ်းဆန်တာတွေကို စိတ်ပျက်လို့ပြောပြတာ .."

မိဘအကြောင်းပြောလာတိုင်း ဇေက မျက်ဝန်းလေးတွေမှာ ချစ်ကြောက်ရိုသေဟန် အလျှင်းမရှိ ..၊

"ကြည့်နေ .. ဖေဖေ့ကို ဘွားဘွား တိုင်စရာမလိုဘူး၊ ဒီကိစ္စကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဧက မေဖေ့ကို အပီအပြင်ဆန္ဒပြမယ် ..”

“မြေးရယ် ..”

“ဘာဖြစ်လဲ ဘွားဘွားရဲ့၊ သားသမီးဖြစ်တိုင်း ကိုယ့်ဆန္ဒမရှိတာကို မျိုသိပ်ခေါင်းညိတ်နေရမှာလား၊ ဒီခေတ်မှာ မိဘနဲ့ သားသမီး လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးနေကြပြီ၊ ကျွန်လောက် အဆင့်ရှိတဲ့မိန်းမကို ဘုရားထူးခိုင်းနေတာ ဧက သည်းမခံနိုင်ပါဘူး ..”

ကြည့်စမ်း ...၊

ဒေါ်သီ ပါးစပ်အဟောင်းသားနှင့် ငေးငိုင်သွားခဲ့၏။ ကိုယ်ပြောလိုက်တဲ့စကားတွေက မိဘကို ပုန်ကန်ခြားနားလိုတဲ့စိတ်တွေ ဖြစ်လာစေဖို့လား ...၊

သူမ စကားတွေမှားသွားပြီဆိုတာ နားလည်လိုက်မိ၏။ တကယ်တော့ မိဘကို နားလည်သွားစေချင်၍ ရှိခဲ့တဲ့အကြောင်းတွေကို ဖော်ပြပြောခဲ့မိတာပါ။

ကိုယ့်ကြောင့်ဆိုတာကို ပေါ်လွင်စေချင်တာပေမယ့် မြေးကတော့ မိဘကိုပဲ လူဆိုးကြီးထင်သွားခဲ့ပြီဖြစ်သည်။

ပြီးတော့ နှုတ်မှဖွင့်ဟပြောဆိုလိုက်သော ရှန်းရင်းကြမ်းတမ်းသည့် စကားလုံးတွေ ...၊

‘ဝဋ်ဘေဒ ထိတိုင်းရှ၏’ ဆိုတာ မကြောက်ဘူးလား ...၊



## အခန်း (၁၅)

“တောက် .. ဖိနပ်ကဘာဖြစ်သွားတာလဲ ..”

လှုပ်စိလှုပ်စိကို ခံစားလိုက်မိသဖြင့် ဂျုန်းရှင်းစင်တာထဲမှာ အပေါ်ဆပ်မတက်ခင် ဘေးကပ်ပြီး ငုံ့ကြည့်မိသည်။ ဖိနပ်က ဒေါက်ကျွာတော့မလိုဖြစ်နေ၏။

သူမ ဒေါက်ဖိနပ်စီးရသည့်အကြောင်းရင်းက လမ်းသွားလျှင် ဖနောင့်သံကြမ်းသည်လို့ အမေ အမြဲတမ်းရှုံ့မဲ့ညည်းတတ်လို့ ဖြစ်သည်။

“ကြမ်းပေါ်မှာ အိပ်နေတာ ညည်းလမ်းလျှောက်လာရင် ငါ့ခေါင်းက ဗျမ်းထိုးနေသလားမှတ်ရတယ် ရာရာ ရယ် ...၊ မိန်းကလေးဖြစ်ပြီးတော့များ ဒီလောက်တောင် စိတ်မြန်ကိုယ်မြန် အသွားကြမ်းအစားကြမ်းနဲ့ ..”

ပြောစရာရှိပြီဆို အမေက မကောင်းခြင်းအားလုံးကို တန်းစီရွတ်ပြသွားတတ်တာ အကျင့်တစ်ခုပင် ...။

ထို့ကြောင့် စလစ်ပါစီးခြင်းကို စွန့်လွှတ်ကာ ဒေါက်မြင့်တွေပဲ စီးဖြစ်ခဲ့တာဖြစ်၏။ ဒါကျတော့ ဒေါက်ဖိနပ်သံမို့ အမေအသံတိတ်

www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့သည်။

အိမ်မှာ တစ်လက်မဒေါက်လေးတွေချည်းပဲရှိနေကာ အဆင်မပြေဖြစ်လာလေ အသစ်မဝယ်နိုင်တော့တဲ့အဖြစ်ကြောင့် အဟောင်းတွေက ပိုပိုစုတ်လာရခြင်းသို့ရောက်လေ ...၊

"ဒီဖိနပ် အပြင်ပြန်ရောက်အောင် ခံပါ့မလား .."

လမ်းမှာ ဖိနပ်ပြတ်လို့ ဖိနပ်ပြတ်ကိုကိုင်ပြီး လျှောက်ရတာ လူမြင်ကောင်းသေးသည်။ ဒါမှမဟုတ် ခြေဖဝါးချည်းပဲ ဒီတိုင်းလျှောက်ရမလား ...၊

ဖိနပ်ချုပ်ဆိုင်မှာ ဝင်ချုပ်ပြီး တစ်ခါတည်းထိုင်စောင့်ယူရလည်း ပြဿနာမရှိ၊ စင်တာထဲမှာ ဖိနပ်ပြတ်သွားရင်တော့ အသစ်တစ်ရံလှည့်ဝယ်လိုက်လို့ရတာကို မဝယ်ဘဲ ဘယ်လိုလုပ်မလဲ ...၊

အိတ်ထဲမှာ ပိုက်ဆံအပိုထည့်မထားနိုင်သည့်အဖြစ်က ထည့်ခဲ့မိတဲ့နေ့တွေဆိုလည်း ကုန်စရာအကြောင်းက အဆင်သင့်ပေါ်လာတတ်တာမို့၊ ပိုက်ဆံရှိရှိ မရှိရှိ အိတ်ထဲထည့်မသွားဖို့ ဆုံးဖြတ်ထားခဲ့သည်။

ခုတော့ ဆုံးဖြတ်ပါဦးလား ...၊

စကတ်ရှည်၏ တစ်ဖက်စကို မသိမသာ 'မ' ထားရင်း တစ်ယောက်တည်း စိတ်အိုက်နေမိသည်။

ဝင်လာတုန်းကလို တလျှားလျှားဖြစ်မနေတော့ဘဲ လှေကားဆီတစ်လှမ်းချင်းလျှောက်လာခဲ့ရင်း ဖိနပ်အခြေအနေကိုပဲ စိတ်ကရောက်နေမိသည်။

သူမအတွက် ကံမကောင်းသည်က လှေကားရင်းရောက်ကာမှ စက်လှေကားကပျက်နေသဖြင့် ခြေထောက်နဲ့ တက်ရတော့မည့်အဖြစ်...။

ထိုအချိန်တွင် ပြာသို တို့ သူငယ်ချင်းတစ်စုကလည်း ဗဲ့လဲ့(န်)တိုင်း(န်)ဒေး အတွက် လက်ဆောင်ပစ္စည်းဝယ်ရန် စိတ်ကူးတွေကိုယ်စီနှင့် ချီတက်ရောက်ရှိလာကြသည်။

"ဟော့ကောင် .. ဒီလှေကားက ပျက်နေတယ်၊ ဟိုဘက်သွားရအောင် .."



"ပျက်တော့ ပြေးတက်မယ်ကွာ .. ရေသာမနိုစမ်းပါနဲ့ .."

ထိုအကြံကိုပေးတာလည်း ပြာသို ပဲဖြစ်ကာ သူပဲရှေ့ကနေ တက်သွားခဲ့ပြီး သူ့ရှေ့က တစ်ထစ်ချင်း လေးပင့်စွာတက်နေသော တစ်စုံတစ်ယောက်ကိုလည်း အမှတ်တမဲ့ပဲဖြစ်ကာ ကျော်ရှောင်တက်သွားဖို့ စိတ်ကူးနှင့် ခြေလှမ်းရွှေ့လိုက်ပေမယ့် ...၊

ဟင် ...၊

ရာရာ လိမ့်ခနဲချော်သွားသည့် ကိုယ့်ခြေထောက်ကို အာရုံရောက်သွားကာ ခြေထောက်ကနောက်တစ်ဆင့် လှမ်းနေပြီးမှ ငုံ့ကြည့်မိ၏။

ထိုအခါ လှုပ်ရှားမှုက တခြား၊ အာရုံကတခြားနှင့် ခြေဦးထိပ်က လှေကားထစ်ကို ခလုတ်ပြန်တိုက်ကာ ...၊

"အ .. အား .."

"ဟာ!..."

ပြာသို့ ရင်ခွင်ထဲကို နောက်ပြန်ထွေးခနဲ ပစ်ဝင်လာသည်။ ပြာသိုကနေ နောက်က တည်ကြည် နဲ့ ပခုံးချင်းထပ်ငြိ၏။ ဘာတွေဘယ်လိုဖြစ်ကုန်မှန်းမသိဘဲ ရာရာ ကို ဖက်လျက်သားနှင့် ယောကျ်ားလေးတွေ အထွေးလိုက် ဖရိုဖရဲ ...၊

"တောက် .. မင်း .."

"တွေ့လား .. သူပဲ .."

"ကံကောင်းလို့ အုတ်ဆက်ပွင့်မသေတာ .."

ရင်းနှီးနေသည့်အသံတွေ မစိမ်းသက်သောမျက်နှာတွေ ...၊

ရာရာ လှေကားလက်ရမ်းမှာ ကျောလေးကပ်မိနေကာ ရှေ့မှာပုံစံကျစွာ ဝိုင်းရံနေသည့် မျက်နှာတွေကို သေချာကြည့်လိုက်တာနှင့် မျက်လုံးက ပို၍ ပြူးကျယ်သွား၏။

"မင်း ဘာထပ်ပြောချင်သေးလဲ ရာရာ .. ဘာလဲ .. တောင်းပန်ပါဘယ်လား၊ တမင်လုပ်တာ မဟုတ်ဘူး၊ ဒါလား လုပ်ပါ .. ပြောစမ်းပါ

www.burmeseclassic.com

www.burmeseclassic.com



ဦး .."

ဒေါသတွေနှင့် တင်းနေသည့်မျက်နှာကို မော့ကြည့်နေမိပြီးမှ လက်မောင်းတစ်ဖက်မှာ ဖိကိုင်ထားသည့် ပြာသို့ လက်ကို ဖယ်ချပစ်မိသည်။

ပြီးတော့ ဘယ်သူမှ မတားဆီးနိုင်မီ ချာခနဲ ဆင်းပြေးသွားလေသည်။

"ဟာ .. ဟာ .."

ပြေးပြီဆိုမှ လက်က လှမ်းဆွဲလိုက်ဖို့ပြင်မိသည်။ မမီတော့မှန်းသိတော့ စိတ်တိုသွား၏။ ဒီလိုပုံစံတွေနဲ့ ဘာလုပ်လုပ်သွားတာလဲ ..။

"တောက် .. လူကို အသည်းယားအောင်လုပ်သွားတာ .."

"ထားလိုက်တော့ ပြာသို၊ ဟိုမှာ ဖိနပ်ကျွတ်ကျန်ခဲ့တာတောင် ပြန်မကောက်နိုင်ဘဲ ထွက်ပြေးသွားတာ .."

"ဘာ!..."

"ဟိုမှာလေ .."

စိုးထက် က မေးဆတ်ပြမှမြင်သည်။ သူ့ရှေ့ လှေကားထစ်ပေါ်မှာ အသားရောင် ဒေါက်ဖိနပ်လေးတစ်ဖက် ..။

"ဖိနပ်က ကျွတ်ကျန်ခဲ့တာမဟုတ်ဘူး .."

သူ့ရဲ့ ခြေဦးထိပ်က ဒေါက်ဖိနပ်ခွာလေးကို ပြာသို က ကောက်ယူလိုက်ကာ ..။

"ဒါ .. ဒီဖိနပ်က ပြုတ်သွားတာဖြစ်မယ် .."

ဖိနပ်ကိုပါ ကောက်ယူပြီး ကပ်ကြည့်လိုက်သည်။

"ဟေ့ကောင် ပြာသို ရာ .. ဖိနပ်ပြတ်ကြီးကိုချထားစမ်းပါ .."

ပြာသို က မချဘဲ ဖိနပ်ကိုငုံ့ကြည့်ရင်း မျက်မှောင်ကုတ်ငြိမ်သက်နေ၏။

"ဘာလဲ .. ဖိနပ်ပြတ်လေးကိုကြည့်ပြီး သနားသွားတာလား .."

"အေးလေ .. မိန်းမဟာယာသည်းကိုးဖြာတဲ့ ..၊ ဒီလောက်အကွက်ရှေ့ပြီး စွန့်စားနေမှတော့ ဒီကောင် ဟက်(ထ်)ထိပြီပေါ့ .."



"ငါတော့ စဉ်းစားလို့မရဘူး၊ ဒီလောက် ဆင်းရဲစုတ်ပြတ်နေတဲ့ ပို့(စ်)တွေပေးနေတာကို ဘယ်သူက စိတ်ဝင်စားမှာမို့လို့လဲ .."

"ပြာသို က ဝင်စားနေပြီ .."

သူတို့အကြည့်တွေ ပြာသို့ ဆီ ရောက်သွားကြသည်။ ညွှန်ပြတဲ့လူက ပြပေမယ့် မယုံနိုင်သည့်အကြည့်တွေနဲ့ ဖြစ်သည်။ ပန်းနုရောင်တီရှပ် စင်းကျားနှင့် ဆင်စွယ်ရောင် ချိုင်းပြတ်အပေါ်ထပ်ကိုဝတ်ထားသော ပြာသို့ မျက်နှာက အကျိုရောင်ထက် ပိုပြီးဝင်းစိုနေသည်။

ယောကျ်ားမတန်မယ့် ပါးပြင်တွေ နီမြန်းနေတတ်ကာ နှုတ်ခမ်းသားတို့က အညိုဘက်လုနေသဖြင့် အထူအပါးညီသော နှုတ်ခမ်းထောင့်တွေက ထင်းနေ၏။

ယောကျ်ားချင်း အားကျလောက်အောင် ချောသည့် ပြာသို ..။

ထို့ပြင် မိဘဘိုးဘွား ဆွေတော်မျိုးတော်တွေကအစ ဝိုင်းဝန်းချစ်ခင်အလေးထားခြင်းခံရသည့် ကုဋေကြွယ်သူဌေးသား ..၊

"စိတ်မဝင်စားနဲ့ ပြာသို၊ မက်လောက်စရာ ဘာမှမရှိတာကို .."

တည်ကြည် က စိတ်ထဲရှိတဲ့အတိုင်း တန်းပြောသည်။ ပြာသို က သူ့ဘက်လှည့်လာတော့ သူ့စကားကို ဖြေရှင်းဖို့မဟုတ်ဘဲ ..၊

"သူက ငါတို့ထင်သလိုမဟုတ်ဘူးထင်တယ် .."

လှေကားမှာ ဖြတ်သန်းနေကြသည့် ပတ်ဝန်းကျင်ကလူတွေ ငုံ့ကြည့်သွားကြသဖြင့် စိုးထက် က ပြာသို့ လက်ထဲကဖိနပ်ကို အောက်ချလိုက်ဖို့ သူ့လက်နဲ့ ဖိချပြီး အချက်ပြ၏။

ပြာသို က စိုးထက် လက်ကို ရှောင်လိုက်ကာ လှေကားအတိုင်း ဆက်တက်သွားလျက် ..၊

"ကိုယ်ထင်ရာကိုယ်လုပ်ကြေးပဲ .. ဘာကို ဂရုစိုက်ရမှာလဲ .."

"ပြာသို .."

"ပြာသို .. ဟေ့ကောင် .. မင်း ဒါတော့ မဖြစ်သင့်ဘူး .."

သူငယ်ချင်းတွေက သူ့ကိုအမီလိုက်ပြီး ဖိနပ်ကိုပဲ မလိုလားစွာ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်၍ ရှုံ့မဲ့နေကာ ...၊

"သူ့အကြောင်းပြောမယ်ဆိုလည်း ပြောမယ်ကွာ ...၊ အဲ့ဒါကြီး ချထားလိုက် .."

"နံပါတ်ဖတ်မရလို့ ယူလာတာ .."

"ဘာ!..."

"မင်းက အသစ်ပြန်ဝယ်ပေးမလို့လား .."

"ဟော့ကောင် .. သူ့ဖိနပ်က အစုတ်ကြီး၊ မင်းကြောင့်မဟုတ်ဘူး၊ အစတည်းက ပြတ်နေတာနော် .."

"ချက်ချင်းကြီး ဘာဖြစ်သွားတာလဲ ...၊ အဲဒါ စင်ဒရဲလား ဖိနပ် မဟုတ်ဘူး .."

"ရှူးလောက်အောင် လှနေရင်လည်း တော်သေးတယ် .."

"ဟာကွာ .. ဒီကောင် ဖွတ်ပဲ .."

တတွတ်တွတ် တားဆီးသည်းတွားရင်း ပြောမရရင်းနှင့် တည်ကြည်တို့ ခပ်သုတ်သုတ်ကနေ ပြေးလွှားလိုက်ရခြင်းသို့ရောက်ရှိခဲ့ပြီး ...၊

ရာသီဥတုကတော့ ဖောက်ပြန်နေပါပြီ ...။



အခန်း (၁၆)

"ရာသီဥတုက သိပ်မကောင်းဘူး မမကြီး၊ နောက်ပြန်လှည့်မလား..."

"မလိုဘူး ဆက်မောင်း .."

"ဟုတ်ကဲ့ .."

မိုးအုံ့သလို ညှို့မှောင်နေသဖြင့် အချိန်အခါမဟုတ်ဘဲ မိုးသက်လေနှင့် တွေ့ပါ ရနေ၏။ မိုးအေးလျှင် ကျန်းမာရေးမကောင်းတတ်သည့် ဒေါ်ပြာညိုရောင် က ကိုယ့်ကျန်းမာရေးကို ဂရုမစိုက်နိုင်ဘဲ သင်တန်းဝင်းထဲကို ပဲ လှည့်ပတ်ရှာဖွေနေခဲ့၏။

"တက်တိုး .. သား ဘယ်မှာလဲ၊ ရှာကြည့်စမ်း .."

"ဟုတ်ကဲ့ မမကြီး၊ ကျွန်တော် ရှာနေပါတယ် .."

ကားကို ခပ်ဖြည်းဖြည်းလိမ့်ရင်း ဝင်းထဲမှာ တစ်ပတ်ပတ်လုကာမှ ...

"ဟိုမှာ .. ရေကူးကန်ဘက်က ထွက်လာတယ် မမကြီး .."

ဒေါ်ပြာညိုရောင် မျက်မှန်ကိုပင့်၍ သေချာကြည့်လိုက်သည်။ သားကို မြင်လိုက်ရတိုင်း ဘေးမှာ မိန်းကလေးတစ်ယောက်ယောက် အမြဲ

www.burmeseclassic.com



တမ်းလိုလို ရှိနေတတ်သည့်အဖြစ်က ဒေါ်ပြာညိုရောင့် မျက်နှာကို မှုန်မှိုင်းသွားစေခဲ့လျက် …၊

"တက်တိုး အယ်လ်ဘန် ဖွင့်စမ်း …"

"ဖွင့်နေပြီ မမကြီး …"

တက်တိုး ကလည်း သူ ဆောင်ရွက်နေကျတာဝန်ကိုကျေပြီးသား…

"တွေ့ပြီ မမကြီး …"

ဖုန်းထဲမှာ ဓာတ်ပုံလေးနဲ့တကွ သတင်းအပြည့်အစုံပါလာ၏။

"ဘယ်သူတဲ့လဲ … ဒီမိန်းကလေးမျက်နှာကို သေချာကြည့်နော်၊ ဓာတ်ပုံထဲနဲ့ အပြင်ဘက်က တစ်ခါတစ်လေ သိပ်မတူတတ်ဘူး …"

"ဟုတ်ကဲ့ … အခု တူတယ် မမကြီး၊ ဒီကောင်မလေးက 'ပန်းမြတ်သရဖီ' တဲ့ …၊ စိန်ကုန်သည် ရတနာဆိုင်ပိုင်ရှင် ဒေါ်မြင့်မြတ်သူ ရဲ့ တစ်ဦးတည်းသော သမီး …"

"ကျွတ် …"

"မိဘမျိုးရိုး အစဉ်အလာကောင်းတယ်၊ ပြီးတော့ … နိုင်ငံခြားလုပ်ငန်း …"

"တော်ပြီ … တော်ပြီ … ကားပြန်လှည့်တော့ …"

"ဗျာ … ဟုတ်ကဲ့ …"

တက်တိုး က အမိန့်အတိုင်းနေရာမှ ထွက်လာခဲ့၏။ ဒေါ်ပြာညိုရောင် ကူရှင်မှာ စိတ်ပင်ပန်းစွာ မှီနေလိုက်ကာ …၊

"ဒီမိန်းကလေးကို သားဘေးမှာတွေ့တာ ဒီတစ်ခါပဲမို့လား –"

"ဟုတ်တယ် မမကြီး …"

"သားရဲ့ဘေးမှာ အများဆုံးတွေ့တာ ဘယ်သူလဲ မှတ်ထားလား–"

"ဟုတ်ကဲ့ မမကြီး၊ ဒါပေမယ့် အများဆုံးဆိုတာမရှိဘူး၊ နှစ်ကြိမ် တွေ့တာ နှစ်ယောက် … တစ်ကြိမ်စီ သုံးယောက် …"

"ရပြီ … ကားဆက်မောင်း …"

"ဟုတ် …"



စိတ်ပင်ပန်းခြင်းက ရုပ်ခန္ဓာကြီးကိုပါ ချုံးချုံးကျသွားစေကာ အိတ်ထဲက ရှူဘူးလေးထုတ်ကိုင်လိုက်ရတဲ့အထိ ရင်ထဲမှာမကောင်း …၊

သားကို လက်ထပ်ပေးဖို့ စီစဉ်နေကြသည်။ ဒါပါနဲ့ဆို သားရဲ့ အိမ်ထောင်ရေးကို သူတို့တွေ လုံးပမ်းကြတာ နှစ်ကြိမ်မြောက် …၊

သားကလည်း ငြင်းပဲငြင်းနေကာ လူကြီးတွေ ဘယ်လောက်ထိ ယောက်ယက်တိုက် ပူလောင်နေကြတာလည်း ဂရုစိုက်ရမှန်းမသိ …။

သား ဘာဖြစ်လို့ လက်မထပ်ချင်ဖြစ်နေရတာလဲဆိုတာကို ရှာဖွေ စုံစမ်းဖို့ကျတော့ မအေဖြစ်သည့် ကိုယ်ပဲ တာဝန်ကျ၏။ ခုချိန်ထိ သိရသလောက်မှာ သားက ရည်းစားတွေထားနေသည်။

ဘယ်ရည်းစားကို အချစ်ဆုံးလဲဆိုတာကျတော့ လိုက်လေဝေးလေ၊ ဘယ်လိုမှ အကဲခတ်စုံစမ်းလို့မလွယ်ဘဲ ဖြစ်နေခဲ့၏။

"ပြာပြာ နော် … စုံစမ်းလို့သိရတာနဲ့ ကိုကြီးတို့ကိုဖုန်းဆက်၊ အားလုံးဆုံးဖြတ်မယ်၊ ငါတို့ကလေးရဲ့ အိမ်ထောင်ရေးကို နှင့်သဘော တစ်ခုတည်းနဲ့ ဆုံးဖြတ်လို့မရဘူး၊ ကိုကြီးတို့ပေးစားတာကို မယူနိုင်ရင်လည်း ကိုကြီးတို့ သဘောတူမှ သူ ယူလို့ရမှာ၊ ပေါက်ကရလေးဆယ်တွေနဲ့ လက်ထပ်မပေးနိုင်ဘူး …"

အကြီးဆုံးအစ်ကိုက ရာဇသံပြင်းပြင်းနဲ့ အမိန့်ထုတ်သည်။ မောင်နှမ ငါးယောက်မှာ သုံးယောက်စလုံးက လူပျိုအပျိုကြီးတွေဖြစ်ကြလျက် ကိုကြီးကတော့ အကြီးဆုံးလည်းဖြစ်သလို အိမ်ထောင်လည်းရှိ၏။

ဒါပေမယ့် သားသမီးမထွန်းကားကြပေ …၊ သူမတစ်ယောက်သာ အိမ်ထောင်ကျပြီး တစ်နှစ်ကြာတာနှင့် သားလေးကိုရခဲ့တာဖြစ်၏။

ဟိုအရင်တုန်းကတော့ အားလုံးရဲ့ လက်ပေါ်မှာ မင်းသားတင်ပါး လို ထွေးပွေ့ယုယခံပြီး ကြီးပြင်းလာခဲ့တဲ့ သားလေးအတွက် ပျော်နေခဲ့ဖူးသည်။

"ငါတို့မှာ ပိုင်ဆိုင်သမျှ ငါတို့ကလေးအတွက်ပဲ …" လို့ ပြောကြသည့် ကိုကြီးတို့၊ ကိုလေးတို့စကားလုံးတွေက နားထဲမှာချိုမြနေခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ခုချိန်မှာတော့ လူကို ထုထောင်းရိုက်ပုတ်ခံနေရသလို တင်းကျပ်လွှမ်းမိုးလွှမ်းနေသည့် သူတို့ရဲ့အချစ်တွေက ကြည်နူးဖွယ်ရာ ဘာမှမရှိ ..၊

ထစ်ခနဲဆို ကိုယ့်ကိုပဲ အပြစ်တင်၊ ကိုယ့်မှာပဲ အပြစ်တွေရှိနေခဲ့သည်။

ကိုယ့်အစ်ကို အစ်မတွေမို့ သူတို့တူလေးကို ချစ်ကြတာပဲလို့ တွေးပေးနေရတာလည်း ကြာတော့ စိတ်ညစ်လာမိ၏။

အသက်နှစ်ဆယ်ကျော်နေပြီဖြစ်တဲ့ သားယောကျ်ားလေးတစ်ယောက်ကို ရည်းစားမထားအောင် ဘယ်လိုထိန်းရမလဲ ..။ ဒီမိန်းမကို မလိုချင်ပါဘူးပြောနေတဲ့ကိစ္စ၊ ယူရမှာပဲဆိုပြီး ကော်ပတ်ရုပ်တစ်ရုပ်ပေးသလို လက်ထဲအတင်းထိုးထည့်ပေးလို့ရော ရသလား ..၊

စိတ်တွေလည်း ညစ်လှပါပြီ ..။

ဒီသားနဲ့ ဒီ ဦးလေး ဘကြီးတွေကြားမှာ ဒေါ်ပြာညိုရောင် လူမမာရုပ်လေးတောင်ပေါက်နေရသည့်အဖြစ် ..။

"မမကြီး ဖုန်းလာနေတယ် .."

တက်တိုး မှန်ထဲက လှမ်းကြည့်ပြီး သတိပေးတော့ ဒေါ်ပြာညိုရောင် လက်ကာပြ၏။ ပြီးတော့မှ ဗွိုင်(စ်)မက်ဆေ့ချ် ကို ပြန်ဖွင့်ပြီး နားထောင်လိုက်၏။

"ပြာပြာ ကလေးကို ရုပ်ရည်ခပ်ကြမ်းကြမ်းနဲ့ မိန်းကလေးတစ်ယောက် အတင်းချဉ်းကပ်နေတယ်၊ ညီမလေး ဘာတွေလျှောက်လုပ်နေတာလဲ ..၊ ကလေးကို ဂရုမစိုက်ဘဲနဲ့ကွာ ..၊ အဲဒီ တစ်ယောက်က လုံးဝ သမိုင်းမကောင်းဘူးလို့ ကြားတာနော် ..၊ ညီမလေး ရအောင်လိုက်၊ ကိုကြီးတို့လည်း လိုက်မှာပဲ .. ဒီလိုဟာမျိုးနဲ့တော့ ကလေးကို အသေရရ အရှင်ရရ လုံးဝ ထည့်မပေးလိုက်နိုင်ဘူး၊ မိန်းကလေးရဲ့ ဓာတ်ပုံ ပို့လိုက်တယ်၊ မက်ဆေ့ချ်ဖတ်ပြီး ဖုန်းပြန်ဆက်ဦး .."

ပြောသွားလိုက်တာ တစ်ချက်မှ မနားပေ ..။ ဒေါ်ပြာညိုရောင်



ကိုယ်တိုင် ကူရှင်မှာ မှီနေရင်းကနေ လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့ရ၏။

"ရုပ်ရည်ခပ်ကြမ်းကြမ်းနဲ့ မိန်းကလေးတစ်ယောက် .."

"လုံးဝ သမိုင်းမကောင်းဘူးလို့ ကြားတာနော် .."

ကိုကြီး ပြောသွားတာတွေ သတိရရင်း ကိုယ်က မိခင်မို့ ပူပင်သောကက ချက်ချင်းကြီးထွားလာ၏။

သားကို ဒီလိုတော့ အဖြစ်မခံနိုင်ပါ။ သူမ တကယ်ပဲ တာဝန်မဲ့နေပြီထင်၏။ ကိုကြီးတို့ ဝိုင်းဝန်းတင်းကျပ်နေကြတာကို စိတ်ညစ်ရင်း ခုလေးတင် တွေးနေတုန်း ..၊

မဖြစ်သေးဘူး၊ သားနဲ့ ခုချက်ချင်းတွေ့မှဖြစ်မည်။ စောစောက ရယ်မောပြောဆိုရင်း တွဲထွက်လာသည့် မိန်းကလေးကို သတိရလိုက်ကာ စိတ်က ဓာတ်ပုံဆိုတာဆီ ပြန်ရောက်သွားခဲ့ပြီး ..၊

"တက်တိုး ရော့ .. ဒီမှာကြည့်စမ်း၊ ဒီပုံထဲက မိန်းကလေးက ခုနက မိန်းကလေးလား .."

အရေးထဲမှာ ဓာတ်ပုံက တော်တော်နဲ့ ရှာမရဘဲ တက်တိုး ကလည်း နောက်ကို သမင်လည်ပြန်ကြည့်နေရရင်း လမ်းဘေးမှာ ကားရပ်ထားလိုက်ရသည့်အဖြစ်ကို ရောက်ခဲ့၏။

"ဒီမှာ .. ဒီမှာ .. ရော့ .."

တက်တိုး က ပုံကိုယူကြည့်၍ ..၊

"မဟုတ်ဘူး မမကြီး၊ ခုနက ကောင်မလေးက ငယ်ငယ်ချောချောလေးပါ၊ ဒီပုံထဲက အသက်နည်းနည်းပိုကြီးမယ်ထင်တယ် .."

"ဟုတ်လား .."

ကိုကြီးက နာမည်ဘာလို့ ထည့်မပြောခဲ့တာလဲ ..၊ မေ့သွားလို့လား မသိသေးလို့လား ..၊

နာမည်သိရရင်တော့ သားတွဲနေတဲ့ မိန်းကလေးတွေထဲကလား ဆိုတာ ..၊

"ကျွန်တော် အဲဒီဖုန်းထဲက မိန်းကလေးကို ငါးသားလေးဆောမှာ

www.burmeseclassic.com



မတွေ့ဖူးသေးဘူး ..."

"ဟင်!..."

မမေးဘဲနဲ့ တွက်တိုး က ဖြည့်စွက်ပြောသည်။ ဒေါ်ပြာညိုရောင် စိတ်ညစ်ခြင်းတစ်ရစ် တိုးသွားခဲ့၏။

"မမကြီး ကျွန်တော် ဘယ်သွားပေးရဦးမလဲ .."

"ခဏနေဦး .."

ဒေါ်ပြာညိုရောင် က ပြာသို့ ကို ဖုန်းဆက်၍ ..၊

"ဟလို .."

"သား .. မေမေ .. သားတို့သင်တန်းရှေ့မှ .."

"ဗျာ .. မေမေ ကျွန်တော့်ဆီလာတာလား .."

"သားဆီလာတာတော့မဟုတ်ဘူး၊ ဒါပေမယ့် အခု သားနဲ့တွေ့ချင်တယ် .. ထွက်လာလို့ရလား .."

"ရတယ် မေမေ .. ခဏလေးနော် .. ဆယ်မိနစ်လောက် .."

'သား .. မအားဘူး၊ သင်တန်းတက်နေတယ်' လို့ မညာလိုက်သည့်အတွက် ဒေါ်ပြာညိုရောင် မျက်နှာကြည်လင်သွားသည်။

သားလေး အဲ့လောက်ထိ မဆိုးသေးဘူးဆိုတာ သိတာပေါ့ ..။



## အခန်း (၁၇)

"အဲ့လောက် မဆိုးသေးပါဘူးလို့ ဘာဖြစ်လို့ထင်ရတာတုံး 'မ' ဘက်လိုက်တော့ မိုက်ဖက်ပါ' တဲ့ .."

အမေ့ဆီက ဥပမာ ဥပမည်းယျတွေ စတင်ကြားရပြီမို့ စိတ်ချမ်းသာသွားမိသည်။ အစတုန်းက နားညည်းလိုက်တာဆိုပြီး ဒီလိုစလာတိုင်း မျက်နှာလေးမဲ့သွားမိပေမယ့် ခုတော့ ပျော်သွားခဲ့၏။

'ရောဂါအခြေအနေဆိုးလာရင် သူ့ရဲ့ မှတ်ဉာဏ်တွေလည်း ဒီ့ထက်ပိုဆိုးသွားနိုင်တယ်' လို့ ဆရာဝန်ကြီးကပြောထားလို့ပါ။ ဒါဆိုရင်တော့ အမေ့အခြေအနေ ဆိုးရွားသွားတာမျိုး မဖြစ်သေးတာ သေချာပါ၏။

"ခုပဲ ညည်းအစ်ကို ထွက်သွားတည်းက စာမလာလှူကြုံမပါးနဲ့လေ.."

"အမေရယ် .. မိဘ မိသားစုအပေါ် အရမ်းဆိုးတဲ့ သားတွေနဲ့စာရင် အမေလည်း ကိုကြီးကြောင့် ဝဋ်သိက္ခာမကျခဲ့ရဘူး၊ ရာရာ လည်း ကိုကြီးကြောင့် အရှက်မရခဲ့ဖူးဘူးလေ ..၊ ကိုကြီး ပိုက်ဆံတောင် သုံးနေရသေးတာကိုး .."

"အခု မပို့ဘူးမို့လား .."

www.burmeseclassic.com

www.burmeseclassic.com



ရာရာ မျက်နှာလေးပျက်သွားပေမယ့် ခေါင်းညိတ်လိုက်မိသည်။

"ပို့ပါတယ် .. ပို့လို့ ရာရာ တို့ ခါတိုင်းလို အရှိန်မပျက်စားနေနိုင်တာပေါ့ .."

"ညည်း ဦးလေးတွေက မပေးဘူးလား၊ ငါ သူတို့ဆီက ပိုက်ဆံရစရာတွေရှိသေးတယ်လေ .."

ရာရာ က ဒေါ်ကြင်ကြင် စကားကြောင့် ပြုံးလိုက်ကာ ..၊

"အမေရယ် .."

"ဘာလဲ .. သူတို့က ငါ့ကို သတိမကောင်းတော့ဘူးဆိုပြီး ကလေးတွေကို ညှပ်ချနေတာလား၊ ဒါမျိုးဆို ငါမခံဘူး .."

"မဟုတ်ဘူးလေ .. ပေးကြပါတယ် အမေရဲ့၊ အမေပဲ ဖွဲ့ဆပ်ပေါ့လို့ပြောထားတာလေ .."

"ပြီးတာပဲ .. မပေးလို့ကတော့ တွေ့မယ် .."

အမေ့ကို သနားကြင်နာစွာ ကြည့်နေမိသည်။ ဟိုးအတိတ်က ချေးခဲ့ ယူခဲ့ကြဖူးတာတွေကိုပဲ သတိတရရှိနေခဲ့သော အမေ့ စိတ်ထဲမှာ တကယ့်ကလေးလေးလို တစ်ခါတစ်ခါ ချစ်ဖို့လည်းကောင်းနေ၏။

တစ်ခါတစ်ခါကျတော့လည်း ကြေကွဲမိရလေသည်။

"ရာရာ .."

"ရှင် .. အမေ့ .."

"ညည်းကရော တစ်နေ့လုံးပဲ အပြင်ထွက်နေတာ ဘာထွက်ထွက်လုပ်နေတာလဲ .."

"သင်တန်းတက်ရင်းနဲ့ အလုပ်ဝင်လုပ်နေတာလေ အမေရဲ့ ..၊ ကိုကြီးတစ်ယောက်တည်းအလုပ်လုပ်နေရတာ သနားလို့ပါ၊ ပြီးတော့ အိမ်စရိတ်ဆိုတာ ဝင်ငွေနည်းရင် မလောက်ငှာဘူး .. အမေ သိရဲ့သားနဲ့.."

တစ်ချို့ အခက်အခဲတွေကိုတော့ အမေ့ကို တိုင်ပင်လို့ရပါသေးသည်။ ရာရာ့ စကားကြောင့် ဒေါ်ကြင်ကြင် မျက်မှောင်ကုတ်လျက် အကြာကြီး ငြိမ်ကျသွား၏။ ပြီးမှ ...



"အဲ့ဒါကြောင့် ညည်းကို ယောကျ်ားယူစေချင်တာ၊ မိမြ တို့ကလည်း အားမကိုးရပါဘူး၊ ဖုန်းဆက်လိုက်ရင်တော့ ဟုတ်ကဲ့ဆိုတာချည်းပဲ.."

"အမေရယ် .."

"ဘာ အမေရယ်လဲ .. မိန်းမဆိုတာ 'ဘူးကောင်းချင် စင်ခံ .. လင်ကောင်းမှ စံ' ရတာ .."

"အဲ့ဒါ ဟိုတုန်းက ရှေးရိုးစကားတွေ အမေရဲ့ ..၊ ခုခေတ်မှာ 'လင်ကောင်းမှစံရ' တယ်ဆိုတဲ့ စကားက မှန်ပေမယ့် အဲ့ဒီမိန်းမမှာ မိန်းမကောင်းပီသခြင်းဂုဏ်ကျက်သရေတွေ ပြည့်ဝနေရုံနဲ့ မရတော့ဘူး .."

"ဘာတွေ အပိုပါရသေးလို့လဲ .."

"ဉစ္စာပေါ .. ရုပ်ချော .. ပညာတတ်မှ .."

"အဲဒါက ယောကျ်ားလေးကိုကြည့်ပြီး ရွေးချယ်ဖို့ပါအေ .. ယောကျ်ားလေးက အဲ့ဒီလိုမိန်းမကိုရှာပြီးတော့ .. ဘာလဲ .. မိန်းမယူပြီး အားတိုးရှာမှာလား .."

"နှစ်ဦးနှစ်ဖက် အရည်အချင်းကောင်းတွေ ပြည့်ဝနေဖို့လိုတာကို ပြောတာလေ ..၊ ရာရာ့ မှာ ဘာတစ်ခုမှမရှိတာ .."

"တစ်ခုတော့ ရှိပါတယ်အေ .."

"အမေကလည်း လုပ်ပြီ .."

"ညည်းပြောတာ ဉစ္စာပေါ .. ရုပ်ချော .. ပညာတတ်ဆို .."

ဒေါ်ကြင်ကြင် က လက်သုံးချောင်းထောက်၍ သူမဘာသာရေတွက်နေကာ ..၊

"ညည်းက လှတာပဲဉစ္စာ .."

"မလှပါဘူး အမေရယ် .. အမေက အမေ့သမီးမို့လို့ .."

"လှပါသော်ကောအေ .. ငါ့သမီးလောက်လှတာ ရှိကိုမရှိဘူး၊ နေဦး ငါ ကိုယ်တိုင်ရှာဖွေပြီး ပေးစားမယ်၊ ဘယ့်နှယ် တစ်ခုမှမရှိဘူးလဲဖြစ်ရတယ်လို့ တစ်ခုရှိတယ် .. အဲဒါက ငါ့သမီးကလှတယ် .. ဒါပဲ .."

ရာရာ စိတ်ညစ်သွားမိသည်။ ထိုစဉ် နောက်လမ်းကြားထဲက ခေါ်

www.burmeseclassic.com

www.burmeseclassic.com



ထားသည့် ကောင်မလေး အိမ်ထဲဝင်လာတာမြင်လျှင် ..။

"မှဲ့လား .. ဒီကောင်မလေးဆို နှုတ်ခမ်းလေးလန်ပြီး မျက်ခွံး မရှိ၊ မျက်ခုံးမရှိ၊ မိန်းမဖြစ်နေပြီး ရုပ်ဆိုးနေရင်ရော ဘယ်ယောကျ်ားက ကြိုက်မှာဘုန်း .."

"လာ .. စံပယ် .. ငါ နင့်ကိုစောင့်နေတာ .."

"ဟုတ်ကဲ့ .. အစ်မ သွားတော့လေ၊ ကျွန်မ မီးဖိုချောင်ထဲတစ်ခါ တည်းဝင်လိုက်မယ် .."

စံပယ် က အမေ့အကြောင်းကိုသိနေပြီမို့ ဘာပြောပြောစိတ်လည်း မဆိုးရှာပါ။ နောက်ဖေးချောင်ထဲတန်းဝင်သွား၏။ ထိုအခါကျမှ ရာရာ လက်ကနာရီလေးကို ငုံ့ကြည့်ကာ ..၊

"အမေ နေကောင်းတယ်နော် .."

"ဘာလဲ .. သွားတော့မလို့လား၊ အပြင်ထွက်ခါနီးတိုင်း ကျုပ်ကို မေးပြီး ဘာလုပ်တာလဲ ..၊ နေကောင်းလို့ ညည်းနဲ့ စကားပြောနေတာပေါ့.."

"လူကြီးဆိုတာက ထိုင်တစ်ချက် ထတစ်ချက်မှာ ဖြူးခနဲဖျတ်ခနဲ ဖြစ်သွားတတ်တယ် အမေရဲ့ ..၊ အမေ့ ဘေးမှာ ဖုန်းအမြဲထားနော်၊ တစ်ခုခု နေမကောင်းဖြစ်တာနဲ့ ဖုန်းဆက်နော် အမေ့ .."

"အေးပါ .. ဒါပေမယ့် နေပါဦး၊ ငါပြောနေတာ မပြီးသေးဘူး လေ .. ညည်း ယောကျ်ားယူဖို့ကိစ္စ .."

"အမေရယ် .. မိန်းမတစ်ယောက်ရဲ့ ဒုက္ခအဝဝက ယောကျ်ားယူ လိုက်တာနဲ့ ငြိမ်းချမ်းသွားတာမှမဟုတ်တာ၊ တကယ်တော့ ဒုက္ခဆိုတာ အိမ်ထောင်ကျကာမှစတာ .."

"ဖြစ်ရတယ်လေ .. ညည်းကျမှပဲ အိမ်ထောင်ပြုတယ်ဆိုတာ ဆိုးတိုင် ပင် ကောင်းတိုင်ပင် ရဲဘော်ရဲဘက်ရှာတာ၊ အေးအတူ ပူအမျှ ဦးခေါင်း ဆံမြွေ ရိုးမြေကျပေါင်းသင်းသွားမယ့် ဘဝကြင်ဖော် .."

"အမေ .."

"ဟေ .."



"ရာရာ အလုပ်သွားရဦးမှာလေ .. နော် .. အဲဒါတွေပြန်လာမှ ပြောမယ်လေ .."

"ညည်း ပြန်မလာခင် ငါသေသွားရင် ညည်းကို ဘယ်သူကပြော တော့မှာလဲ .."

"အမေ့ .."

"ဘာတုံး .."

"ရာရာ သွားလို့မဖြောင့်အောင် အမေရယ် .."

"ဒါဆို .. ငါ့ကိုပါခေါ်သွားပြီ .. မြ တို့ အိမ်ပို့ထားခဲ့ .."

ရာရာ မျက်လုံးပြူးသွားသည်။ ဟိုတုန်းက ချစ်ခဲ့ကြတဲ့ ညီအစ်မ ဝမ်းကွဲတွေပေမယ့် အဲဒီတုန်းက အရှိန်နဲ့မို့လို့ ခုချိန်မှာ မကင်းရာမကင်း ကြောင်း ထောက်ပံ့ကူညီနေကြတာပဲရှိမည်။ အမေ အိမ်ကိုအလည်ရောက် သွားရင် ဘယ်သူက ကြိုက်မှာလဲ ..။

ပြီးတော့ အန်တီစန်းစန်းမြ တို့က ဟိုတုန်းကထက် အများကြီးမြင့် မားနေကြပြီဖြစ်ကာ အပေါင်းအသင်းနယ်ပယ်ကလည်း ကျယ်ပြန့်နေပြီ..။

အမေ ရောက်သွားပြီး ဟိုပြောဒီပြောတွေနဲ့ စကားမှားခဲ့ရင် ကြိုက် မှာမဟုတ် ..၊

အန်တီမြ က သည်းခံနေရင်တောင်မှ တူ့တူမနဲ့ တစီမ်းတွေက ရှိသေးသည်။ လူငယ်တွေက မချေမငံဝင်ပြောကြလျှင် အမေ ဘယ်လိုမှ သည်းခံမှာမဟုတ် ..၊

ရာရာ လည်း အမေ့ကို သူများငြိုငြင်မှာ မခံနိုင်ပါ။

"မသွားပါနဲ့ အမေရယ် .. သူတို့က စီးပွားရေးပြေလည်နေကြ တော့ အန်တီကလည်း အိမ်သိပ်မကပ်နိုင်ဘူး၊ အမေ သွားလည်း မတွေ့ ရကများတယ် .."

"ငါ ဖုန်းဆက်မှာပေါ့ .."

"အန်တီ အလုပ်ကိစ္စပြောနေတုန်း အမေ ဖုန်းဆက်လိုက်မိရင် အန်တီ ဘယ်ကြိုက်မလဲ၊ အမေ့သားကြီးတောင်မှ သူ အပြင်ရောက်နေ

www.burmeseclassic.com

www.burmeseclassic.com



ရင် ဖုန်းမဆက်ပါနဲ့လို့ မှာထားတာလေ ..."

ဒေါ်ကြင်ကြင် ငိုင်တွေသွားခဲ့သည်။ တစ်ခါတစ်လေကျတော့လည်း ရာရာ ရှင်းပြတာတွေကို အမေ သေချာစဉ်းစားပေးရှာသည်။ နားလည်ပေးခဲ့တာတွေလည်း ရှိခဲ့တာမို့ ...။

"ရာရာ တို့က အရမ်းဆင်းရဲတာ အမေရယ် ...၊ အန်တီက ရာရာ့အတွက် အိမ်ထောင်ဘက်ရှာပေးချင်ပေမယ့် ချမ်းသာပြည့်စုံတဲ့ ယောကျ်ားကောင်းကိုရှာဖို့ကျတော့ ကိုယ့်တူမ ဘဝအဆင့်အတန်းကိုကြည့်ပြီး မျက်နှာငယ်ရမှာတွေကို သိနေမှာပေါ့ ...၊ ဒါကြောင့် အားလုံးအဆင်ပြေပြေဖြစ်လာအောင် အချိန်ယူနေတာဖြစ်မှာပါ၊ အမေ သွားမလောပါနဲ့..."

"ဒါဆိုရင် ငါ့သမီးက ဆင်းရဲနေလို့ သူဌေးနဲ့ မတူတန်နိုင်ဘူးပေါ့..."

ဒေါ်ကြင်ကြင် တမ်းတမ်းတတပြောရင်း မျက်ဝန်းတွေက ငိုချ လိုက်တော့မလို တုန်ယင်လှုပ်ရှားနေခဲ့၏။

ရာရာ အမေ့လက်လေးကို ဆုပ်ကိုင်ထားလိုက်ကာ ...၊

"အန်တီဘက်က ဖြစ်နိုင်တာကိုပြောတာပါ၊ အမေ အန်တီ့ကို စိတ်တိုနေမှာစိုးလို့ ..."

အန်တီမြ ဘယ်တော့မှ ဒီကိစ္စကိုခေါင်းထဲမထည့်ဘူးဆိုတာ အမေ့ကို မသိစေချင်တာပါ။ စိတ်ကစဉ့်ကလျားဖြစ်နေသည့် အမေ့ကို နားလည်ခွင့်လွှတ်နိုင်ပေမယ့် ဒီကိစ္စ အမေ ကြိုးစားနေတာ ဆွေမျိုးတွေထဲမှာ သူမ ခေါင်းမဖော်နိုင်အောင်အရှက်ရခဲ့သည်။ ဖြစ်နိုင်လျှင် အားလုံးနဲ့ အဝေးဆုံးကို ထွက်ပြေးချင်ခဲ့မိ၏။ အမေ့ကိုတော့ ဘာမှမပြောရက်ခဲ့ဘဲ...

"အမေ အေးဆေးနေနော် ... ရာရာ က အမေ့ကို အိမ်ထောင်မပြုသေးဘဲ ပြုစုကျွေးမွေးချင်သေးတာ ..."

"ငါသေသွားရင် ညည်းကို ဘယ်သူက ယူတော့မှာလဲ ..."

ဒေါ်ကြင်ကြင် မျက်ရည်တွေ ဝဲလေသည်။

"ဟိုကောင်က မိန်းမယူပြီး ဒီအိမ်ပေါ်မှာ ခေါ်လာမယ်၊ ညည်းကတော့ သူတို့ရဲ့ခိုင်းဖက်လေးဖြစ်မှာ ..."



"အမေ့ ..."

အမေ တရှိုက်ရှိုက်ငိုလေသည်။ ရာရာ လည်း မျက်ရည်တွေဝေ့လည်လာကာ အမေ့ကို ဖက်ထားမိ၏။ သူမ အိမ်ထောင်ပြုမှ ငြိမ်းချမ်းမည်လို့ထင်နေသော အမေ့ရဲ့ စိတ်စွဲလမ်းမှုကို ဘယ်လိုဖျောက်ဖျက်ပစ်ရမလဲ...။

ထိုစဉ် ဒေါ်ကြင်ကြင် က မျက်ရည်တွေကိုရော နှပ်တွေပါ တရှုံ့ရှုံ့ ညှစ်ချထုတ်ပစ်နေကာ ...၊

"မပေးနိုင်ဘူး ... သင်းက ယောကျ်ားလေး၊ ကိုယ့်ဘာသာရှာကျွေးနိုင်လို့ယူတာ ... ငါ့အိမ်ကို မပေးဘူး၊ ငါ့သမီးကို မခိုင်းရဘူး၊ ငါ့သမီးကို ဘယ်သူမှ ကျွန်လိုမခိုင်းရဘူး ..."

အမေ့ ရေရွတ်သံတွေကြောင့် ရာရာ အိမ်ကထွက်လာခဲ့တော့ မျက်ရည်တွေ ဝေ့နေဆဲ ...၊

"ရာရာ ..."

လမ်းထိပ်ရောက်တော့ အမေ့ မိတ်ဆွေ ဒေါ်တရုတ်မ နဲ့ ဆုံမိကာ ရာရာ တစ်ကိုယ်လုံးကိုလည်းကြည့်၏။ ဒါပေမယ့် စိုးရိမ်သော ကရုဏာ မျက်ဝန်းတို့နှင့်ကြည့်တာဖြစ်လျက် ...၊

"သင်တန်းလား ... အလုပ်လား ..."

"နှစ်ခုစလုံးပါပဲ ..."

ငိုချင်နေတာမို့ ကိုယ့်အသံကို ရိပ်မိသွားမှာစိုးကာ တိုတိုတုတ်တုတ် ဖြေလိုက်မိသည်။

"အေးပါအေ ... ညည်းကို ဘာ့အလုပ်လုပ်နေတာလဲလို့ အန်တီ မေးချင်ပါဘူး၊ ဒါပေမယ့် ကိုယ့်တူမလေးလိုသဘောထားပြီး တစ်ခု လောက် မေးချင်တယ်၊ စိတ်မဆိုးနဲ့နော် ..."

"ဟုတ်ကဲ့ မေးပါ ..."

ဒေါ်တရုတ်မ က သက်ပြင်းချလိုက်ပြီးမှ ကိုင်ထားသည့်အိတ်ကို လက်မှာချိတ်လိုက်ကာ ...၊

"ညည်းက ထမင်းဟင်းချက်ပေးရုံနဲ့ လူတစ်ယောက်လုံးထားတယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ညည်းရဲ့အလုပ်က ဘယ်လိုဝင်ငွေတွေရနေတဲ့ အလုပ်မျိုးလဲ..."

"ရှင်!..."

"တစ်ချို့ကတော့ ညည်းကိုထင်ကြေးတွေနဲ့ လျှောက်ပြောနေကြ ပြီ၊ မောင်မောင်ဦး က ဘာသိဘာသာနေတတ်တဲ့ လူလေ၊ ခုလည်း ထွက် သွားပြန်ပြီ .. သူက ထွက်သွားတာနဲ့ အိမ်ကိုမေ့တဲ့သူ၊ ပြောရရင် သူ့ အကူအညီကိုမရနိုင်ဘူးဆိုတာ လူတွေကသိနေကြတာကိုး .."

လူတွေဆိုသည့် ပတ်ဝန်းကျင်ကြောင့် ရာရာ မျက်နှာလေး ညှိုးကျ သွားခဲ့၏။ ဘဝတစ်ခုဟာ အဆောက်အဦးတစ်ခုနဲ့တူသည်ဆိုလျှင် ပတ် ဝန်းကျင်က ပြတင်းပေါက်တွေနဲ့တူလေသည်။

အဆောက်အဦးတစ်ခုအတွက် ပြတင်းပေါက်တွေမပါလည်း ဖြစ် ပေမယ့် မပါလို့လည်းမရ ...၊

ပြတင်းပေါက်တိုင်းက လေကောင်းလေသန့် မရနိုင်ပေမယ့် ...

"ရာရာ မဟုတ်တာ ဘာမှမလုပ်ဘူး အန်တီ၊ ကိုကြီးက အားမကိုး ရပေဘူးဆိုတာလည်း ပတ်ဝန်းကျင်က သေးကကြည့်ပြီး ထင်ကြေးတွေ ပေးနေတာ၊ ရာရာ မနေ့တစ်နေ့ကမှ ကျောင်းမတက်တော့ဘဲနေခဲ့တာ လေ ...၊ အမေနဲ့ ရာရာ ကိုကြီးအရိပ်အောက်မှာပဲ ရပ်တည်နေခဲ့ကြတာပါ..."

ဒေါ်တရုတ်မ က 'ဟုတ်တော့ဟုတ်ပါတယ်' လို့ ခပ်တိုးတိုး ပြောပြီး ခေါင်းညိတ်နေ၏။

"ခုလည်း ရာရာ အလုပ်လုပ်တယ်ဆိုတာ စက်ရုံကုမ္ပဏီတစ်ခုခု မှာ မဟုတ်ပါဘူး၊ သူငယ်ချင်းချင်းကူညီကြတဲ့အလုပ်နဲ့ အလုပ်ပေးထား တဲ့ သဘောမျိုးပါ .."

"ဟုတ်လား .."

"ဒါကြောင့် သင်တန်းတက်ရင်း အလုပ်လုပ်နိုင်တာလေ၊ ခုတစ် လော အမေ့ ကျန်းမာရေးက လွှတ်ထားလို့မရတော့ မီးဖိုချောင်ထဲ အဓေ မဝင်ဖြစ်အောင် ချက်ပြုတ်ပေးမယ့်လူ ခေါ်ထားရတာ .."

ဒေါ်ကြင်ကြင် ထမင်းအိုးဆူနေတာကို လက်နဲ့မွှေပစ်လိုက်သည်



သတင်းတော့ သူတို့ကြားထားတာမို့ ဒေါ်တရုတ်မ ချက်ချင်းနားလည်သွား၏။

"အဲ့ဒါလည်း မိတ်ဆွေတစ်ချို့က ကူညီလို့ပါ .. လာချက်ပြုက်တဲ့ သူကလည်း အလုပ်သမားမဟုတ်ဘူး၊ မုန့်ဖိုးပဲဖိုးလောက်နဲ့ပဲ စေတနာ နဲ့ ကူညီနေတာ .."

"အေးပါ သမီးရယ် .. အန်တီက သမီးကို အထင်သေးလို့မဟုတ် ပါဘူး၊ ဒါကြောင့်လည်း သမီးတို့ဘက်က ရပ်တည်ချင်လို့ ကိုယ်တိုင် စိတ်ရှင်းသွားအောင် မေးကြည့်တာပါ၊ တကယ်ဆို သမီးတို့မောင်နှမက တော်ပါတယ်၊ မောင်မောင်ဦး ကလည်း အေးစက်စက်နေတတ်ပေမယ့် ပျော်ပျော်နေတယ် ရိုးသားတယ် မအေကိုလည်း ချစ်တဲ့ကလေးပါ .."

ကိုယ်တိုင် ရာထူးရာခံနဲ့ ခန့်ခန့်ညားညားနေပေမယ့် ဒီအရွယ်ထိ အမေဖြစ်သူကရိုက်လျှင် ကျောကော့ပြေးတုန်း ...။

ဒေါ်တရုတ်မ က နှုတ်ဆက်ပြီးထွက်သွား၏။

သူမ စိတ်လက်မကြည်သာစွာ လျှောက်လာခဲ့ရင်း မျဉ်းကြားကူး ခါနီးမှ တစ်ဖက်မှာ ဘတ်စ်ကားထိုးရပ်လိုက်တာမြင်လျှင် ...၊

"ဟယ် .. ကားက လူချောင်လိုက်တာ .."

ကားကိုလှမ်းကြည့်ပြီး သတိလက်လွတ် ဖြတ်ကူးပစ်လိုက်လျှင်...၊

"တီ .."

"ကျွိ .."

"အား!..."

မျက်လုံးထဲမှာ ပြာခနဲဖြစ်သွားသည်။ မျဉ်းကြားမှာမို့ ကားက အရှိန် မများပေမယ့် သူမက နီးနီးကပ်ကပ်ကြီး ဖြတ်ကူးပစ်လိုက်သဖြင့် ဘွား ခနဲပေါ်လာသည့် ကားဦးခေါင်းကြီးက သူမရဲ့ ခါးစောင်းနဲ့အထိ ...၊

အရှိန်ဘယ်လောက်နှင့် ပစ်တိုက်မိသည်မသိသော်လည်း ရာရာ ပုံခနဲ လဲကျသွားတာ ဘာဆိုဘာမှမသိတော့ပေ ...၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

ကားက မေတ္တာမွန် ဆေးခန်းကြီးရှေ့မှာ အလျှင်စလိုရပ်သွား၏။ စိုးထက် ပါကင်သွင်းနေတုန်း ပြာသို က ဆေးခန်းထဲကို တလွှားလွှားဝင်သွားကာ ...၊

"ဦးတိုး မေမေ ဘာဖြစ်သွားသေးလဲ .."

"မမကြီး ဘာမှမဖြစ်ဘူး .."

တက်တိုး က မိန်းကလေးတစ်ယောက် အတင်းကြီးဖြတ်ကူးပစ်လိုက်တာကို ပုံသဏ္ဍာန်တွေလုပ်ပြီး သေချာရှင်းပြ၏။

"ဦးက လူကူးမျဉ်းကြားမှာ အရှိန်ချပြီးသားပါ၊ ပြီးတော့ သူ့ကိုလည်းမြင်တယ်၊ လူတိုင်းပဲ ရပ်စောင့်နေကြတာဆိုတော့ ကားကြောမပြတ်သေးဘဲ ကူးလာမယ်မထင်လို့လေ ...၊ ကားက ကပ်လာကာမှ ဖွတ်ဖြတ်ကူးတာကွ ...၊ တမင်တကာ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံသလိုပဲ ...၊ ဘေးလူတွေလည်း ဒီတိုင်းပြောကြတာ .."

တက်တိုး က သူ့အပြစ်မရှိကြောင်းလည်း သိစေချင်သဖြင့် သေချာရှင်းပြရင်း ဘေးက ကပ်ပါလာ၏။ ပြာသို က အခန်းတစ်ခန်းရှေ့မှာ



မျက်စိမျက်နှာပျက်ပျက်နှင့် ရပ်နေသည့် ဒေါ်ပြာညိုရောင် ရှေ့ကို ရောက်သွားခဲ့လျက် ...

"မေမေ .."

"သားရယ် .. ကံကောင်းလို့ သိလား .."

ဒေါ်ပြာညိုရောင် က ပြာသို့ လက်ကို ဆီးကြိုကိုင်လိုက်ကာ .. လက်ဖျားတွေပါ အေးစက်နေလျက် ...၊

"မေမေဖြင့် ကားအောက်မှာ ဒီမိန်းကလေး ပြားနေပြီထင်တာ.."

"ကျွန်တော် မေးကြည့်ပြီးပြီ .. ဘာမှ မစိုးရိမ်ရတော့ဘူးတဲ့ မေမေ"

"ဟင်!..."

"မေမေ ပြန်တော့လေ .. ကျွန်တော် ကြည့်ရှင်းလိုက်မယ် .."

"မဟုတ်ဘူးလေ သား .. ခုမှ သေချာစမ်းသပ်ရမှာ၊ အသက်အန္တရာယ်မရှိတော့ပေမယ့် .."

"မသေနိုင်ဘူးဆိုတာ သိရင်ပြီးတာပဲ မေမေ .. မေမေ အရမ်းစိုးရိမ်မနေပါနဲ့၊ ဦးတိုး မေမေ့ကို အိမ်ပြန်ပို့ပေးလိုက်ပါ .."

"သား .."

"စိတ်မပူပါနဲ့ မေမေရာ .. လေးလေးကျော် လည်းလာမှာပါ၊ ကျွန်တော်တို့ ပြေလည်သွားအောင် အစအဆုံးရှင်းပေးမှာပါ .."

"ဟုတ်လား .. မောင်လေး လာမှာတဲ့လား .."

ဒေါ်ပြာညိုရောင် က စိုးရိမ်စိတ်မပြေသေးပေမယ့် ထိတ်လန့်ရလွန်းသဖြင့် ခေါင်းတွေပါ မူးနောက်နေပြီမို့ လက်လျှော့လိုက်ပုံရှိကာ ...၊

"သားလေး .. ဒီလိုကိစ္စမျိုးက လူနာကျေနပ်ဖို့ အဓိကနော် ...၊ သားရဲ့ လေးလေးကလည်း သိပ်စိတ်ရှည်တတ်တာမဟုတ်ဘူး၊ သားက သည်းခံပြီး ပြေလည်အောင်လုပ်ခဲ့နော် .."

ဖုန်းဆက်ဖို့ပါ တရရမှာပြီး ပြန်သွား၏။

"အန်တီ တော်တော်ထိတ်လန့်သွားပုံပဲ ...၊ နှလုံးရောဂါသာရှိနေရင် မလွယ်ဘူး .."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် … မောင်နှမတွေထဲမှာ မိန်းကလေးနှစ်ယောက်ပဲပေါ်တာ၊ မေမေနဲ့ အန်တီသီဂီ က အပြင်သိပ်ထွက်တဲ့အကျင့် မရှိဘူး …"

အစ်ကိုတွေ မောင်တွေကလည်း အစ်မနဲ့ ညီမတွေကို လေတိုက်မခံလောက်အောင် သိမ်းထုပ်ယုယခဲ့ကြတာဖြစ်သည်။ ဒေါ်ပြာညိုရောင်သည် မိဘက လက်ထပ်ပေးသူကိုသာ ကြည်ဖြူစွာ ခေါင်းညိတ်ခဲ့ပြီး ခင်ပွန်းသည်ကိုယ်တိုင်ကလည်း ဇနီးဖြစ်သူကို မြတ်နိုးယုယခဲ့သည်သာ…၊

ခုတော့ ပြာသို့ ဖေဖေ ဆုံးသွားခဲ့တာ သုံးနှစ်ကျော်ခဲ့ပြီဖြစ်၏။

"ဒေါက်တာ …"

"ခုန လူနာရှင် ဘယ်ရောက်သွားလဲ …"

"ကျွန်တော်တို့ပါပဲခင်ဗျာ … မေမေက သိပ်နေမကောင်းလို့ ပြန်နားနေပါတယ်၊ လူနာနဲ့ပတ်သက်တာအားလုံး ကျွန်တော် တာဝန်ယူမှာပါ၊ အခု လူနာ့အခြေအနေလေးသိပါရစေ …"

လူနာအခန်းထဲက ထွက်လာသည့် ဆရာဝန်က သူတို့သုံးယောက်ကို တစ်ယောက်စီကြည့်ပြီးမှ …၊

"ပြင်းပြင်းထန်ထန် ဒဏ်ရာတော့ ရှာမတွေ့ဘူး၊ ခန္ဓာကိုယ်ထဲမှာ ထိခိုက်မှု ရှိ၊မရှိကိုတော့ လူနာသွားလာလှုပ်ရှားကြည့်မှာ …၊ အခု လဲကျထားတဲ့အရှိန်နဲ့ ခေါင်းမှာ နည်းနည်းထိထားတယ်၊ လက်တံတောင်တစ်ဖက်မှာ ဒဏ်ရာရထားသေးတယ်၊ သိပ်တော့ စိုးရိမ်စရာမရှိပါဘူး…"

"အခု လူနာသတိရပြီလား ဒေါက်တာ …"

"သတိရနေပြီ … ဝင်တွေ့လို့လည်း ရပါပြီ …"

သူတို့ သိချင်ဇောနှင့်အထဲကို ဝင်သွားခဲ့ကြလျှင် လူနာခုတင်ပေါ်မှာ ပက်လက်ကလေးရှိနေသော မိန်းကလေး၏ ဟိုကြည့်ဒီကြည့်အကြည့်တွေက သူတို့ထံ တန်းခနဲရောက်လာ၏။

ပြာသို့ ခြေလှမ်းတွေလည်း တုံ့ခနဲရပ်တန့်သွားကာ …၊

"မင်း!…"

"ဟင်!…"



ရာရာ့ မျက်လုံးတွေ ဝိုင်းစက်ပြူးကျယ်သွားခဲ့၏။ ကိုယ့်ကို တိုက်မိတဲ့ကားက ပြာသို ဆိုသူရဲ့ကားလား …၊

"မေမေ့ ကားရှေ့ ပြေးဝင်တာ မင်းပေါ့ …"

ပြာသို့ လေသံတွေ ချက်ချင်းပြောင်းလဲ အေးစက်သွားခဲ့ပြီး ပျာယီပျာယာခြေလှမ်းတွေက တစ်လှမ်းချင်းဖြစ်သွားခဲ့လျက် …၊

"ဖြစ်နိုင်တယ် … ဒီနေ့ မေမေ စီးသွားတဲ့ကားက ငါ စီးနေကျကား၊ မင်းက ငါမောင်းလာတယ်ထင်လို့ ကားရှေ့ ပြေးဝင်လိုက်တာလား …"

"သေချာတာပေါ့ … ကိုယ့်ကိုယ်ကိုယ် ထိခိုက်ဒဏ်ရာဖြစ်ခံပြီးတော့…"

"စွန့်စားတဲ့တွေ … စွန့်စားတာတွေ … ဟဲ … ဟဲ … ဖွဲဆုပေးဖို့ကောင်းနေပြီ …"

"ရှင်တို့ ဘာတွေပြောနေကြတာလဲ …"

ပြာသို က သူမကိုစိုက်ကြည့်၍ ခုတင်နားမှာရပ်လိုက်၏။ ပြီးတော့ …

"ဒီအမူအရာတွေလည်း ထပ်နေပြီ …"

"ရှင်တို့လည်း မိန်းကလေးမြင်တိုင်း ကိုယ့်ကိုကြိုက်တယ်ထင်ပြီး ဘဝင်လေဟပ်နေတာ ရူးသွားဦးမယ် …"

ဒေါသသည် စိတ်ရှိသလောက် ပြောမထွက်နိုင်ဘဲ ရာရာ တက်ခေါက်မိ၏။ ပြီးတော့ ခုတင်ပေါ်ကဆင်းဖို့ ကြိုးစား၏။

ဒီဘက်ကိုခြေချဖို့ပြင်ပြီးမှ ဟိုဘက်ကို ခြေထောက်ပြန်ရွှေ့၏။ သို့သော် တစ်ဖက်က နံရံနဲ့ကပ်နေသဖြင့် ဒီဘက်ပြန်လှည့်ရလျှင် …၊

"ဟား … ဟား … ဟား …"

ဖင်ထိုင်လျက်ကနေ ခြေနှစ်ဖက်စုံလွှဲ၍ ဆော့နေသလိုဖြစ်နေခဲ့ရာ စိုးထက် တို့ ဝိုင်းရယ်ကြ၏။ ခေါင်းမှာ ပတ်တီး၊ လက်မှာ ပလာစတာတွေနှင့် သူမ ဒေါသဖြစ်သွားတော့ ပြာသို့ မျက်နှာမှာလည်း လှောင်ပြုံးတွေဖြစ်နေခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ရာရာ ရှက်လည်းရှက်၊ ဝမ်းနည်းလာတာကိုလည်း ထိန်းမရတော့ဘဲ နှုတ်ခမ်းလေးကိုက်ထားရင်း မျက်ရည်တွေဝဲလာခဲ့၏။

ပြာသို ရပ်နေသည့်နေရာနှင့် လွတ်အောင် ခြေရင်းဘက်ကိုတိုး၍ ခုတင်ပေါ်က ဆင်းလိုက်တော့ ကားတိုက်ခံထားရသည့် တင်ပါးစောင်းထဲက မျက်ခနဲဖြစ်ကာ ...၊

"အ .."

လက်က ခုတင်စွန်းကိုပြန်ဆွဲလိုက်ပေမယ့် မမီ ...၊

ဒါပေမယ့် သူမ ပုံလဲမသွားခဲ့ဘဲ ပြာသို က လှမ်းဆွဲလိုက်သဖြင့် သူ့ဘက်ကို ယိမ်းယိုင်ပါသွားခဲ့၏။

"ဖယ် .. မကိုင်နဲ့ .."

လူကိုမြင်တိုင်း နောက်ပိုးပိုးနေသည်ပဲ အပြောခံနေရသဖြင့် လူကိုထိကိုင်ခံလိုက်ရတော့ မာနက ထောင်းခနဲခေါင်ပြူ၏။ ထို့ကြောင့် သူ့လက်ကို ဖယ်ချခါထုတ်ပစ်၍ ရင်ဘတ်ကိုပါ တွန်းပစ်လိုက်မိသည်။

ကိုယ့်ကိုယ်ကိုယ် မဟန်နိုင်ပေမယ့် ခြေတစ်ဖက်ဒရွတ်ဆွဲလေးအတိုင်းပဲ ရာရာ အပြင်ကိုအတင်းထွက်သည်။

"ဟား .. ဟား .. ဟား ... ဒီလိုလေး .. ဒီလိုလေး .."

စိုးထက် က အစအနောက်သန်သလောက် ရာရာ ထော့နင်းလေးထွက်သွားတဲ့ပုံကို တစ်ထပ်တည်းတူအောင် လိုက်လုပ်ပြ၏။

"ဟား .. ဟား .. ဟား .."

တည်ကြည် က အရယ်မသန်တတ်ပေမယ့် စိုးထက် လုပ်ပြနေတာကိုတော့ ဝါးလုံးကွဲရယ်လေသည်။ ပြာသို က စိုးထက် ကို တွန်းဖယ်ပစ်ကာ ...၊

"နေဦး .. ဒီကောင်မလေး ရှိဆက်ပ်ရှင်မှာ ပြဿနာသွားရှာလိမ့်မယ် .."

မေမေ သေချာပြောခဲ့သဖြင့် သူ့မှာ ပေါ့ပေါ့ပါးပါးမရယ်နိုင် ...၊

"ဟေ့ .. နေဦး .. ခွေးကျ ကျဦးမယ် .."



လှေကားကနေ ယီးလေးနိုသလို ဆင်းနေသဖြင့် လှေကားထိပ်ကနေ လှမ်းအော်ပြီး သူ ကမန်းကတန်းဆင်းလိုက်ခဲ့မိ၏။ နောက်က တည်ကြည်တို့ပါလာကြကာ လှေကားအလယ်မှာပဲ ရာရာ ကို ပြန်မိကြ၏။

"လူကို လာမထိနဲ့နော် .."

"မင်းကို ဘယ်သူက ထိချင်လွန်းလို့လဲ .. လူမမာက လူမမာလိုနေပါလား .."

"ရာရာ ဘာသာ သေသွားသွား ရှင်တို့အပူမပါဘူး၊ ဒီမှာ ရှင်တို့ဆက်လိုက်လာရင် ရာရာ ကို ပြန်ပေးဆွဲပြီး မဟားတရားကြံဖို့ ကြိုးစားနေတာပါ .. ကယ်ကြပါဦးလို့ အော်ဟစ်လိုက်မှာနော် .."

"ဘာ!..."

သူတို့ တုံ့ဆိုင်းသွားချိန်မှာ ရာရာ က လက်ရမ်းကိုခိုပြီး ဖရိုဖရဲဆင်းပြေးသွားလေသည်။ ပြာသို့ မျက်နှာမှာ ရယ်မြူးရိပ်တွေ ပျောက်ဆုံးသွားခဲ့ပြီး ...၊

"ကျွတ် .. လုပ်ချသွားပြန်ပြီကွာ .. ကို့ယို့ကားရားနဲ့ .."

"သွားပေ့စေကွာ .. ဒါလည်း လက်နက်သုံးသွားတာဖြစ်နိုင်တာပဲ .."

ပြာသို က မျက်မှောင်ကုတ်နေဆဲ ...၊

"မျက်နှာပုံအရ ပြောရရင် တကယ့် ဒေါသမာနတွေလည်းဖြစ်နိုင်တယ်ကွ .."

တည်ကြည် က ရယ်လက်စမျက်နှာကိုပြင်၍ စတင်ဝေဖန်၏။ ထိုစဉ် ဖုန်းသံမြည်လာကာ ပြာသို က ထုတ်ကိုင်လိုက်၏။

"ဟလို .."

"မင်းသားလေး .. မမကြီးက လူနာအခြေအနေသိရပြီလားတဲ့ .."

"လူနာ .. အဲ .. သိရပြီ ဘာမှမဖြစ်ဘူးလို့ .. ဒါပေမယ့် .. ဒါပေမယ့် .. ဘာမှမဖြစ်ဘူး စိတ်မပူနဲ့လို့ .."

စကားတွေလည်း မှားကုန်၏။ ပြီးတော့ ဖုန်းကိုပိတ်ထဲပြန်ထည့်

www.burmeseclassic.com

www.burmeseclassic.com



၍ လေ့ကားအတိုင်းပြေးဆင်းလိုက်ကာ ...။

"ငါလိုက်ကြည့်မှဖြစ်မှာ .. တော်ကြာ မေမေ ဆူလိမ့်မယ် .."

သူ ပြေးလိုက်တော့ တည်ကြည် တို့လည်း ပါလာကြကာ ...။

"တက္ကစီ တစ်စီးစီး တားစီးသွားပြီနေမှာပေါ့ကွ .."

"နေဦးကွ ပြာသို .. သူ့လိပ်စာဆေးခန်းမှာ မေးရင်ရနိုင်တယ်.."

"အေး .. ဟုတ်တယ် .."

သူတို့ ပြန်လှည့်လာခဲ့ပေမယ့် ...။

"ရွှေတောင်ကြားလိပ်စာပဲ ပေးထားတာ .. လူနာရဲ့လိပ်စာကို မမေး ရသေးဘူး .."

သွားပြီ ...။

မေမေက အိမ်လိပ်စာပေးထားတာဖြစ်ကာ သူမက သတိလစ်နေသဖြင့် မမေးရသေးတာဖြစ်နိုင်၏။

"အဲဒါ မင်းတို့ကြောင့် .."

"ဟမ် .."

"ငါတို့နဲ့ ဘာဆိုင်လို့လဲ .. မင်းပဲ မတည့်အောင်သွားပြောတာ.."

"အဲ့ဒါပြောတာမဟုတ်ဘူး .. လမ်းပေါ်ရောက်နေကာမှ ဆက်မရှာဘဲ ပြန်လှည့်လာတာလေ ...။ တကယ်ဆို သူ့ခြေထောက်က ကောင်းတာမှမဟုတ်တဲ့ သိပ်ဝေးဝေးသွားနိုင်မှာမဟုတ်ဘူး၊ ဆက်ရှာရင် တွေ့မှာပဲ.."

"ဟ .. ခြေထောက်နဲ့သွားနေရာမှာမှမဟုတ်ဘဲကွ .. ကားပေါ်ရောက်သွားရင် ဒုက္ခိတလည်း မြန်သွားမှာပဲ၊ မင်းကိုက ပျာနေတာ .."

စိုးထက် က တိုက်ရိုက်စွပ်စွဲသည်။

"ဘာကွ .."

"ဟုတ်တယ် .. အဲဒီကောင်မလေး မြင်လိုက်ရင် ပါးစပ်ကတော့ ဟိုပြောဒီပြောပဲ .. ပြီးရင် .. မင်း .."

"ဘာဖြစ်လဲ .."

"မင်းမျက်နှာကြီး အီးမှန်ပြီး ကျန်ခဲ့တာပဲ .."



"ဟော့ကောင် .. အခု မေမေ မေးနေပြီ၊ ငါ ဘာမှပြန်မပြောနိုင်ရင် အဲ့ဒါကွိုင် .."

"သူ့သဘောနဲ့သူ သွားတာပဲကွ ...၊ မင်း ကန်ထုတ်လိုက်တာမှ မဟုတ်တာ .."

"စိုးထက်ရာ ခုလည်း ပြာသို့ အပြစ်မကင်းပါဘူးလေကွာ၊ သူ ပြောချလိုက်တာ ဟိုက ရှက်ပြီး ထွက်ပြေးတာလေ .."

"ငါတော့ အဲ့လိုမထင်ပါဘူး၊ ရာရာ ဆိုတဲ့ကောင်မလေးက လည်တယ်၊ တစ်ချက်ပစ် တစ်ချက်ထိနေတာ .."

ပြာသို့ မျက်နှာက ရှုံးသိုးသိုးနှင့် ...။

"ဘာကိုထိတာလဲ .."

"မင်း ရင်ဘတ်ကြီးကို ငုံ့မေးပေါ့ .."

"မေးစရာမလိုဘူး ဟော့ကောင် .. ရင်ဘတ်ကိုလာထိလို့ကတော့ ကောက်ထည့်ထားလိုက်ရုံပဲ .. ပြာသို့ ဘဝမှာ ဆွေးတာဇေးတာမရှိဘူး.."

"သိတယ် .. သိပ်မကြာတော့ဘူး .. ကောက်ထည့်တော့မှာ .."

"ကောက်ထည့်မှပြော .. သွားမယ် .."

ပြာသို က စိုးထက် လက်မောင်းကို လက်သီးနဲ့လှမ်းထိုးလိုက်ပြီး ရှေ့က ဦးဆောင်ထွက်၏။ စိုးထက် က ပါတော့ပါလာပေမယ့် ပွစိပွစိ ရေရွတ်နေဆဲ ...။

ထိုစဉ် ဖုန်းဝင်လာပြန်ကာ ...

"ဟလို .."

"ကောင်လေး လူနာဘယ်လိုလဲ .."

"ပြန်သွားပြီ .."

"ဟော !..."

ဖုန်းထဲမှာ လေးလေးကျော် အသံကြီးက တအံ့တသြ ...။

"ဘာလဲ .. လူနာက ဘာဒဏ်ရာမှ မရဘူးလား .."

"ရလည်း မလိုဘူးတဲ့ .."

www.burmeseclassic.com

www.burmeseclassic.com



"ဟော .."

"သူက ကျွန်တော့်ရန်ဘက် သူငယ်ချင်း .."

"ဟုတ်လား .."

အံ့ဩပေမယ့် ဝမ်းသာသွားပုံလည်းပေါ်လျက် ..။

"အဲ့ဒါကို မင်းအမေသိအောင် ဘာလို့မပြောလိုက်တာလဲကွ ..။ မမက စိတ်ပူပြီး လေးလေးဆီ ဖုန်းတဂွမ်ဂွမ်ဆက်နေတာ၊ မင်းဆီ မရောက်သေးဘူးဆိုလို့ ခုပဲ လေးလေးကို ဆူသွားသေးတယ် .."

"အဲ့လိုလည်းမဟုတ်ဘူး .. နောက်မှပြောပြမယ် လေးလေးကျော်ရာ၊ မေမေ့ကိုတော့ ပြီးသွားပြီပဲပြောပေး .."

"ဟ .. ဘယ်လိုကြီးလဲ၊ မင်း အဆင်ပြေရဲ့လား ကလေးရာ ..။ လေးလေးက လှည့်ပြန်လိုက်ရမှာလား .. လာခဲ့ရမှာလား .."

"မလာနဲ့တော့လေ .. လူနာကပြန်ပါပြီဆို၊ ကျွန်တော် ဘို့လည်းပြန်နေကြပြီ၊ ဒါပဲ လေးလေးကျော် .. အဲ့ဒီကိစ္စ ပြဿနာမရှိဘူးလို့သာမှတ်လိုက်၊ အားလုံးအေးဆေး .."

"အေး .. ပြီးရောကွာ .. လေးလေး ကတော့ထင်တယ်၊ ခုလောက်ဆို ဒီကိစ္စ ကိုကြီးတို့ သိကုန်ကြလောက်ပြီ၊ မင်း ဖုန်းကိုင်ထားပြီး ဒိုင်ခံ ဖြေပေတော့ .. အဖြေမတတ်ရင်တော့ မင်းဆီ ပေါက်ချလာကြမှာပဲ.."

ပြာသို့ မျက်နှာမဲသွားသည်။

အဲ့ဒီပြဿနာကလည်း ပေါ့သေးသေးမဟုတ် ..။



## အခန်း (၁၉)

"သူ့ကိုသိတယ် .. ဒါပေမယ့် ဒီမှာမရှိဘူး .."

"ဗျာ!..."

ပြာသို နဲ့ သူငယ်ချင်းတစ်စုကို အမျိုးသမီးက သေချာကြည့်ပြီး ဘာတွေ အတွေးနက်နေသည်မသိ ..။

"ဒီမှာမရှိဘူးဆိုတော့ ဒီအိမ်ကတော့ သူ့အိမ်မို့လား .."

"သူ့မှာ အိမ်လည်းမရှိဘူး .."

"ဗျာ!..."

"မင်းကလည်း တဗျာဗျာနဲ့ .."

တည်ကြည် က ပြာသို့ ဘေးမှာ ဝင်ရပ်လိုက်ကာ ..။

"ဒီလိုပါခင်ဗျ .. အစ်မက ရာရာ နဲ့ ဘာတော်တာလဲမသိဘူး၊ သူ ဒီနေ့ အိမ်ကို .."

"သူက ပြန်အိပ်ချင်မှ အိပ်တာ .."

"ဗျာ!..."

သူလည်း 'ဗျာ' စာရင်းဝင်သွားတော့ စိုးထက် က ခွီးခနဲထရယ်၏။

www.burmeseclassic.com

www.burmeseclassic.com



"မင့်ဘိုးအေအမွေရလို့ အူမြူးနေတာလား .. သေနာ .."

စိုးထက် က တံတောင်နဲ့တွတ်ရင်း လှည့်ဆဲသည်။ ပြီးတော့ ရှေ့ပြန်လှည့်၍ ..।

"ကျွန်တော်မေးတာက သူ ဒီမှာနေတယ်လို့ အတိအကျသိထားသို့ပါ၊ ပြီးတော့ .. မနက်က သူ့ကို ကျွန်တော်တို့ကားနဲ့ တိုက်မိပြီး .."

"မသိဘူး .. သူ့အကြောင်းက ရှုပ်နေတာပဲ ငါ့အလုပ်ရှိသေးတယ်.."

ဟာမ် ..।

မျက်နှာက ချက်ချင်းတင်းသွားကာ အိမ်ထဲပြန်လှည့်ဝင်သွား၏။ ဒီလိုဆက်ဆံရေးမျိုး ဒီတစ်ခါပဲတွေ့ဖူးပါ၏။

တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ရက်ရက်နဲ့ရယ်ရမလား၊ ဒီလောက်တော့ရှိမှာပေါ့ဆိုပြီးတော့ပဲ သဘောထားပြီး သူတို့ထုံးနှလုံးမူပြီး လှည့်ပြန်ရမလား ..।

စပ်ဖြဲဖြဲ စိုးထက် မျက်နှာကလည်း မျက်တောင်လေးပုတ်ခတ်ပုတ်ခတ်နှင့် ..।

"ပြန်ရတော့မှာလားဟင် .."

"မပြန်ချင်ရင် မင်းလိုက်ဝင်သွားလေ၊ ကျကျနန ဧည့်ဝတ်ကျေလိမ့်မယ်.."

သုံးယောက်သား လှည့်ပြန်ခဲ့ကြတော့ ပြာသို က တိုက်ခံပျဉ်ထောင်အိမ်လေးကို သမင်လည်ပြန်လှည့်ကြည့်မိသေးသည်။

ဖိနပ်ချွတ်အုတ်ခုံ လှေကားထစ်ရဲ့ ခြေရင်းဘက်မြေကြီးပေါ်မှာ ကျွတ်ကျွတ်အိတ်လေးနဲ့ လိပ်ပတ်ထုပ်ထားသည့် ဒေါက်ဖိနပ်ပြတ်လေးတစ်ဖက်ကို သူ တွေ့ခဲ့သည်။

ဂျုန်းရှင်းစင်တာထဲမှာ ခွာပြုတ်ကျန်ခဲ့တဲ့ ဖိနပ်လေးရဲ့ ဘယ်ဘက်ဖြစ်သည်။ သူမ ဒီမှာနေတာကတော့ သေချာပါသည်။ ဒါပေမယ့် ဒါ သူမရဲ့အိမ်မဟုတ်ဘူးဆိုတာက ဘာလဲ ..।

ကြည့်လိုက်တော့လည်း ပတ်ဝန်းကျင်မှာ ဒီလိုအိမ်ပုံစံလေးတွေပဲ



ရှိနေကာ တိုက်ကြီးတာကြီးရယ်လို့ သိပ်မတွေ့ပေ။ ပြီးတော့ .. ကားလမ်းဆိုတာကလည်း မြက်ခြောက်ငုတ်တိုတွေကြားက ဘီးရာထင်နေသောလမ်းနှစ်သွယ်ပဲဖြစ်လျက် ..।

"သူ့မှာ ဒီလိုအိမ်မျိုးတောင်မရှိဘူးဆိုတာ ငါမယုံဘူး .."

သူ ပြောလိုက်တော့ တည်ကြည် က ပြန်လှည့်ကြည့်ပြီးရယ်သည်။

"ဒီလိုအိမ်မျိုးဆိုတာ မင်းက ဘာကိုပြောတာလဲ၊ ဒါကို အိမ်စုတ်လို့ပြောတာလား .."

"မဟုတ်ဘူးလား .."

"မဟုတ်ဘူးလေ ဆိုတာက ဟုတ်တယ်လို့ပြောနေတာပဲ၊ မင်းပြာသို့ ကို သွားမေးမနေနဲ့၊ ဒီကောင်က မြေမထိ နေမထိမွေးလာတဲ့ကောင်၊ ဆင်းရဲတယ်ဆိုတာ ဘယ်လောက်ထိ တွင်းနက်သလဲ ခုထိ သိတာမဟုတ်ဘူး.."

"မင်းကရော သိလို့လား .."

"မင်းထက်တော့ ပိုတယ် .."

စိုးထက် က ကော်လံတာသသနှင့် ဆရာကြီးစတိုင်လ်ထုတ်၏။ သူတို့တွေအားလုံး ဆင်းရဲတာကို နဖူးတွေ့ဒူးတွေ့ ခံစားဖူးတဲ့သူ မပါပေ။

ဒီထဲမှာ ပြာသို ကတော့ အပိုဆုံးဖြစ်သည်။ အိမ်ထောင်မရှိ သားသမီးမရှိကြသော လူပျိုအပျိုကြီးတွေလက်ပေါ်မှာ မင်းသားတစ်ပါးလိုမြှုစောင့်ရှောက်ခံပြီး ကြီးပြင်းလာတဲ့သူ ..।

"မင်းဘာတွေ မယုံနိုင်ဖြစ်နေတာလဲ ပြာသို .. သူ့ပုံစံနဲ့ သူ့ဘဝအပ်စပ်နေတာပဲဟာ .."

"မအပ်စပ်ဘူး .."

"ဟင်!..."

"ငါတို့အမြင်မှာ မေးနေတည်းက သူသိနေတာဖြစ်မယ်၊ ဒါ ငါတို့ကို တမင်ထွက်ပြောခိုင်းတာ .."

"အခ်ပွာယ်ရှိရှိ တွေးစမ်းပါကွာ ..၊ ဘယ်မိန်းကလေးက ကိုယ့်ကိုယ်ကိုယ် ဟိုလိုဒီလိုအထင်သေးခံပြီး ဒီလိုလုပ်မှာလဲ .."

www.burmeseclassic.com

www.burmeseclassic.com



"သူများတွေ တမင်တကာ အလိမ်ဖော်ချင်လို့ အိမ်ထိလိုက်ဖမ်းကြတာ ...၊ မင်းကျမှ အိမ်မှာလက်ထိကွက်ကျလာသိရတာတောင် မယုံဘူးဖြစ်ရတယ်လို့ ..."

"မင်းတော့ တဖြည်းဖြည်း ထိချက်ပြင်းလာပြီ ပြာသို ...၊ အင်း ... ငါ့အထင်ပြောရရင် ဒီကောင်မလေးကျမှ ခဏခဏ တိုက်မိငြိမိတွေဖြစ်ပြီး..."

"စွဲနေပြီ ... ဟီး ... ဟီး ... ဟီး ..."

"တော်ကြစမ်းပါကွာ ... အာရုံနောက်ရတဲ့အထဲ ..."

"မင်းဘာသာ အနောက်ခံချင်လို့ ဒီထိလိုက်ရှာတာလေ၊ ကိုယ့်တာဝန်မရှိဘူးဆိုပြီးတာပဲ၊ နောက်ထပ်ပြဿနာရှာမယ့်သူ မဟုတ်ဘူးဆိုတာ အန်တီ့ကိုပြောပြလိုက်ရင် ပြီးပြီ ..."

သူ ဘာတွေရှုပ်ထွေးနေမှန်း ကိုယ့်ကိုယ်ကိုယ်လည်းမသိတော့ပေ။ စိတ်ထဲမှာရှိနေတာက ရာရာ ဆိုတဲ့မိန်းကလေး အိမ်ထဲမှာရှိနေသည်လို့သာ...၊

"နင်ရှိနေသားနဲ့ ရာရာ ရယ် ...၊ ပြောခိုင်းလို့သာပြောလိုက်ရတာ လည်ချောင်းထဲမှာ ခြောက်ကပ်တင်းကျပ်နေသလိုပဲ ..."

အိမ်ထဲမှာ တကယ်ရှိနေသည့်လူတစ်ယောက်လုံးကို မရှိပါဘူး ထွက်ပြောလိုက်ပြီးမှ မချို က ရှုံ့မဲ့ညည်း၏။

သူမက ရာရာ တို့နဲ့ မျက်နှာချင်းဆိုင်အိမ်က စက်ချုပ်သည့် ချိုချိုမာ ဖြစ်သည်။ ဆိုက္ကားနဲ့ ပြန်ရောက်လာပြီး အိမ်ထဲမဝင်ိုင်အောင် ခြေတစ်ပေါင်ကျိုးဖြစ်နေသည့် သူမကို လှမ်းမြင်လိုက်သဖြင့် အကျိုးအကြောင်း သတင်းလာမေးတာဖြစ်၏။

ကားတိုက်ခံခဲ့ရမှန်းသိတော့လည်း လိုအပ်တာလေးပိုင်  ူလုပ်ပေး ရင်း အိမ်ဘက်ကို ပြန်ပြေးလိုက်၊ ပြန်လာလိုက်နှင့် ပြာသို  ရောက်လာ တာဖြစ်သည်။

"ပြောပါဦး ... သူတို့ကတောင နင့်ဒဏ်ရာပြင်းမှန်းသိလို့ အိမ်ထိ လိုက်လာတာမလား ...၊ ဘာဖြစ်လို့ ညာပြောခိုင်းတာလဲ ..."

"မချို မသိပါဘူး ..."



"အေးလေ ... မသိလို့မေးတာပါ ..."

မေးနေတာကိုလည်း ရာရာ က မဖြေပါ။ သူ  ယ်လာသည့် လိမ်းဆေးပုလင်းလေးကိုပဲ အကြိတ်အနယ်ဖွင့်နေသဖြင့် မချို က ဝိုင်းကူဖွင့်ပေးလိုက်သည်။

"ရာရာ လို့ မေးပုံက အစတည်းက သိနေသလိုပဲ ..."

"ရာရာ့ အလုပ်ရှင်ရဲ့ ရည်းစား ..."

"ဟင်!..."

အံ့သြသွားပြီးမှ ထင်တော့ထင်သားလို့ တီးတိုးပြောမိ၏။ သူတို့နှစ်ယောက်ပုံစံကို အကဲခတ်ပြီး ချစ်သူတွေများလားလို့တော့ တွေးမိသေးသည်။

ဒါပေမယ့် ဒီအဆင်နဲ့ ဒီအဆင် သိပ်တော့မဖြစ်နိုင်တာကိုလည်း သိနေခဲ့၏။ ကောင်လေးက ဖြူဝင်းချောသန့်နေကာ ဝတ်စားထားပုံကို ကြည့်တာနှင့် ဘယ်လိုအဆင့်အတန်းမျိုးလဲဆိုတာသိသာသည်။

ရာရာ ကတော့ လှတော့လှပေမယ့် ...၊

"နောက်ကို ဘယ်သူလာမေးမေး ရာရာ ဒီမှာမနေဘူးလို့ပဲပြောပေးပါ ..."

"ဘာရယ် ..."

"အိမ်ကို ဘယ်သူလာတာမှ မကြိုက်လို့ ..."

"ဒါပေမယ့် ခုနကောင်လေးကတော့ နင်နဲ့သိနေတယ်မို့လား၊ သူက ရင်းနှီးတဲ့လူတွေမို့လို့ စိတ်ဖြောင့်လို့လိုက်လာတာနေမှာပါ ..."

မချို သိချင်တာတွေကို တမင်လှည့်ပတ်မေးနေမှန်းသိသည်။ ဒါပေမယ့် စိတ်တော့မဆိုးပါ။ မပြောချင်ဘဲဖြစ်နေတာက ကိုယ့်အကြောင်းနဲ့ကိုယ် ...၊

အစတည်းက လူကို အထင်မြင်သေးပြီး ချိုးဖဲ့ဆက်ဆံခဲ့တဲ့လူတွေ၊ သူမ ဒီလိုဆင်းရဲတယ်ဆိုတာ သေချာသိသွားရင် ပိုဆိုးပြီပေါ့ ...။

ဒါကြောင့် သူတို့ပြောစရာမကျန်အောင် အစွမ်းကုန်စိတ်ပြတ်သပ်

www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်တာ ..။

"ကိုယ်က မိန်းကလေး ရာရာ .. နင် ကိုယ့်ကိုယ်ကိုယ် ဒီလောက်ထိ.."

"ဘယ်လောက်လောက်ကို အကောင်းချန်ပြောသင့်သလဲ မချို ..၊ လူတွေက မြင်နေရတဲ့ပေါ်မှာပဲ သုံးသပ်ကြတာ၊ အဲ့ဒီ သုံးသပ်ချက်တွေကလည်း ဖေးမစာနာမှုနည်းတတ်ပါတယ်၊ ရာရာ ကတော့ ဂရုမစိုက်ဘူး၊ ကြောက်ရင် နစ်ခါသေတယ်၊ သေရမှာ လူတိုင်းကြောက်ပေမယ့် ကြောက်တတ်တာ မကောင်းမှန်းတော့ နားလည်နေပြီ .."

ဒီကောင်မလေးက ပေကပ်ကပ်လေးပါလား ..၊

"ခြေထောက်ကရော လိမ်းဆေးလောက်နဲ့ သက်သာပါ့မလား၊ နင့်ကြည့်ရတာ ခြေဒရွတ်ဆွဲမတတ်ပဲနော် ..၊ ဒါမျိုးက ဖြစ်ကာစမှာတော့ ဆေးခန်းသွားပြသင့်တယ်၊ မြန်မာဆေးနဲ့ နောက်မှအမြစ်ပြတ်အောင် ကုတာက ကုတာပေါ့ .."

"ဆေးခန်းပြပြီးပါပြီ .."

"ဟုတ်လား .."

မချို နောက်ထပ်မေးခွန်း ထွက်မလာမီ ဖုန်းသံထွက်လာသဖြင့် ရာရာ စိတ်သက်သာရာရသွားမိ၏။ သို့သော် ကြည့်လိုက်တော့ ကေရဲက ဖုန်း ..၊

"ဟလို .."

"ရာရာ မနက်ဖြန် စောစောထွက်ခဲ့နော် ..၊ ကန်ပေါင်မှာဆုံမယ်၊ အနည်းဆုံး တစ်နာရီခွဲလောက်စောရမယ် .."

"မမလေး .."

သူမ ဘာမှမပြောရသေးခင် ကေ ဖုန်းချသွား၏။ ဘယ်ငို့မှ ထော မရအောင်နာနေသည့် ခြေထောက်နဲ့ ဘယ်လိုလုပ်မလဲ ..၊



## အခန်း (၂၀)

"နင့်ကြောင့် ငါက သင်တန်းချိန်မှန်မှန်တက်နေတဲ့အလုပ်ကြီးကို လုပ်နေရတာလေ ..၊ နင့်ဘာသာ ခြေထောက်ဘာဖြစ်ဖြစ် အပြန်အလှန်ပေးဆပ်နေကြတယ်လို့ပဲ မှတ် .. ရော့ .. ရေသန့်ဘူးသွားဝယ်၊ ပြီးရင် ငါတို့နဲ့ ခပ်လှမ်းလှမ်းမှာ ထိုင်နေ .."

ခြေထောက်က အရမ်းနာနေသဖြင့် လမ်းလျှောက်လျှင် ဘယ်လိုမှ ကြည့်ရှု့ကောင်းမှာမဟုတ် ..၊ ပြီးတော့ ကန်ပေါင်ကနေ မုန့်ဆိုင်တွေဆီသွားရမယ့် အကွာအဝေးက တစ်မျှော်တစ်ခေါ် ..၊

"သွားလေဟာ .. ရေဆာလှပါပြီဆို .."

"နင့်ကို ငါ့အတွက်လိုအပ်လို့ မေမေတို့က ငါ့နားမှာထားတာ ဘာလဲ နင်က အောက်ကျတယ်ထင်လို့လား ..၊ လူအောက်ကျခံရဲတိုင်း ခိုက်ဆံလိုသလောက် တောင်းသုံးလို့မရဘူးနော် .. သဘောပေါက် .."

ရာရာ ခေါင်းညိတ်လိုက်သည်။ ဒီရက်မှာ မေမေ့ မျက်နှာလေး ကြည်လင်နေသည်။ ဟိုတုန်းက ပြောနေကျစကားလေးတွေလည်း ပြောနေပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဒါ မေမေ့ကို ဆရာဝန်နဲ့ ဂရုစိုက်ပြပေးနေလို့ပဲ ဖြစ်သည်။ ထို့ကြောင့် မေမေ့အတွက် သူမ ငြူစူလို့မဖြစ် ...၊

"ဟုတ်ကဲ့ပါ .. ရာရာ ဟိုနားမှာ ထိုင်နေပေးပါ့မယ် .."

ပေးသည့်ပိုက်ဆံလေးကိုယူပြီး လှည့်ထွက်သွားတော့ ခြေထောက်လေးတစ်ဖက်က နိမ့်ခနဲနိမ့်ခနဲ ...၊

"ခစ် .. ခစ် .. ခစ် .."

"ဟား .. ဟား .. ဟား .. ခါးလေးက သေးသေး၊ ဖင်တုံလေးက ပြည့်ပြည့်နဲ့ ခုလို လိမ်ဖယ်လိမ်ဖယ်လေး ဖြစ်နေတော့ ကြည့်ပါဦး ပဲပေးနေသလိုပဲ .. ဟိဟိ .."

သူတို့တွေ ခိုးခိုးခစ်ခစ်ရယ်နေကြပေမယ့် ရာရာ အံကြိတ်ထားရတာ ပါးရိုးနဲ့ နားထင်တစ်ဖက်တောင် ကိုက်ခဲသလိုဖြစ်လာခဲ့သည်။

ဆိုင်ကိုရောက်တော့ ရေသန့်က မအေးသေးတဲ့ဆိုင်နဲ့ ရေခဲဖြစ်နေတဲ့ဆိုင်ရယ် အဆင်မပြေဖြစ်ကာ အနေတော်ရေအေးတဲ့ဆိုင်ကျတော့ နှစ်ဘူးမှာလိုက်ပေမယ့် တစ်ဘူးပဲရသည်။

မုန့်ထုပ်များဝယ်နိုင်းဦးမှာလားလို့ တွေးမိသေးသည်။ ဖုန်းဆက်မေးဖို့ ခေါ်တော့လည်း မကိုင်ပေ ...၊ တကယ်တော့ ဧကတို့က ဖုန်းမြည်နေတာကိုထောင်ကြည့်ပြီး ရယ်နေကြလျက် ...၊

"သူ့ကိုများ ငါက သက်တောင့်သက်သာနေခိုင်းမယ် ထင်နေလား မသိဘူး .. အရူးမ .."

"အေးလေ .. အဲ့ဒီတစ်ယောက် ပိုက်ဆံမက်တာတော့ လက်လန်တယ်၊ တကယ်ပဲ ရွယ်တူချင်း ဒီလောက်တောင် အောက်ကျနောက်ကျ .."

"ရုပ်လေးကလည်း လှတပတပါဟယ် .. သူ့ကိုက ကျွန်ဇာတာပါလာတာနေမှာပါ .."

အသေးလေး က ပြောလိုက်ရင် အတုံးလိုက်အတစ်လိုက်၊ ဧကက ခေါင်းညိတ်ထောက်ခံ၏။



"ဟုတ်တယ် .. လုံးဝမှန်တယ် .."

"သူ့မှာ မာနတော့ရှိပုံပဲဟ .. တစ်ခါတစ်ခါ တင်းသွားရင့် မျက်လုံးတွေက ကြောက်စရာနော် ...၊ ပြီးမှသာ ပြန်လျှော့သွားတာ .."

"ဒါမျိုးတွေက ဒီလိုပဲလေ၊ သူတို့ကို အရေးပေးကြည့်ပါလား ခေါင်းတက်နင်းသွားမှာ .."

သူတို့ပြောနေကြသလိုမဟုတ်ဘဲ ရာရာ ကတော့ အမေ့မျက်နှာကို ပြန်မြင်ရင်း အားတင်းထားခဲ့ရတာဖြစ်သည်။ ကားတိုက်ခံထားရသည့် ကိုယ်တစ်ခြမ်းက ပေါင်းရင်းကနေစပြီး နာကျင်နေတာ ခြေသလုံးရိုးတွေအထိပင် ...။

"ကျွတ် .. ကျွတ် .."

သွားစေ့အံကြိတ်ထားရင်း မျက်နှာမမဲ့မိအောင် ကြိုးစားနေရ၏။ ဧက တို့ဆီရောက်လာတော့ သူမအတွက် အမောမပြေနိုင်သည့် ဧက မျက်နှာက ရှုံ့မဲ့နေကာ ...၊

"ထွက်သွားလိုက်တာ မြန်သလားမမေးနဲ့ .. ဒီက မုန့်မှာမလို့ဟာ.."

"ဟယ် .. ကြည့်ပါဦး ရေတွေခဲနေလိုက်တာ ဘယ်လိုလုပ်သောက်ရမလဲ .."

"သွား .. သွား .. မုန့်သွားဝယ်ရင်းနဲ့ အဲဒါပါ ပြန်လဲခဲ့ .."

"မမလေးတို့ ဒီတစ်ဘူးသောက်လို့ မကုန်ခင် ပျော်ကျသွားမှာပါ.."

"အံမာ နင်ကပဲ စီမံခန့်ခွဲနေသေးတယ်၊ ရေခဲတွေနဲ့ ရေကိုသောက်ရင် ဆီးကျင်တယ် နားမလည်ဘူးလား .. မုန့်ဝယ်ရင်းနဲ့ ပြန်လဲရမှာလေးကို ဘာဖြစ်တာလဲ .."

ရာရာ ဘာမှမတတ်နိုင်တော့ပေ။ ဧက သူမကို မနေနိုင်အောင် ဒုက္ခပေးပြီး ပုတ်ထုတ်ဖို့ ကြံနေတာပါ။ ဒါနဲ့ပတ်သက်ပြီး အမျိုးမျိုးတွေးတော့မှာက ကြိမ်းသေနေ၏။

နင်က မာနကြီးနိုင်တဲ့ အခြေအနေလား ရာရာ ...၊ နင့်အခင်အားနဲ့ နင့်အမေ ဆေးဖိုးနဲ့ အိမ်စရိတ်တွေကို ဒီက မရရင် ဘယ်လိုရှာမလဲ ...။

www.burmeseclassic.com



ပိုက်ဆံကိုကိုင်ရင်း ပြန်ထွက်လာခဲ့ရပြန်သည်။ ဒါပေမယ့် နောက်ထပ်ပြန်သွားဖို့အကြောင်းက ဝက်သားတုတ်ထိုးစားချင်ပြန်သည်ဟု..၊

"မျက်စိနောက်လိုက်တာကွာ .."

"နောက်စရာလားကွ .. လှုပ်လီလှုပ်လဲ့လေးကို .."

"သုံးဆယ့်လေး .. နှစ်ဆယ့်လေး သုံးဆယ့်ခြောက် အလှအပအရပ်အမြင့်က ငါးပေခြောက်၊ ရှူး .. လို့ .. ငါ့မှာ ဂေါက် .."

"ဂေါက်မနေနဲ့ မင်းလိုက်လာမှာလားလို့၊ ဒီနားမှာ ရီပိ တူ ရီပိ အသေရန်း(န်)နေတာ အေးဆေး .."

အုပ်စုတစ်စုထံမှ အသံတွေကြားလိုက်ရ၏။ နောက်တစ်ခေါက်ကျတော့ နောက်တစ်စုထံမှ ..၊

"သိပြီ .. မြင်ပြီ .. အိုခေ .. နားလို့ရပြီ .."

"စဉ်းစားပေးမယ် အချစ်လေး .. မောနေပြီနော် .. သွားနားတော့.."

"တောက် .."

ရာရာ ခြေလှမ်းရပ်မိတော့မတတ် ဒေါသက ထောင်းခနဲဖြစ်၏။ ခေါက်တုံ့ခေါက်ပြန် ခြောက်ခေါက်ရှိနေပြီမို့ ခြေထောက်တွေလည်း ဆတ်ဆတ်တုန်နေပြီ ..။

ပင်ပန်းနာကျင်မှုကြောင့် မျက်ရည်တွေက မခေါ်ရဘဲ ဝေ့တက်လာ၏။ ထိုအချိန်မှာ ပြာသို့ လူစုက မင်းလမ်းရခိုင်မုန့်တီဆိုင်မှာ ရှိနေကြသဖြင့် ..၊

"ခြောက်ခေါက်ရှိသွားပြီ .."

စိုးထက် က ကပ်ပြော၏။ ပြာသို က စိုက်ကြည့်နေသည်။ သဒ္ဒါ က သတိထားမိသွားကာ ..၊

"ဘာလဲဟင် .."

"ဘာမှမဟုတ်ပါဘူး .."

တည်ကြည် က ကြားဝင်ခေါင်းခါပြတော့ သဒ္ဒါ က မကျေနပ်ဘဲ ..၊



"သူတို့ပြောနေတာကိုမေးတာ .."

ပြောပြီး လည်ပင်းလေးလိမ်၍ ဟိုဒီလိုက်ရှာ၏။ ပြာသို က အကြည့်ကို ရုတ်သိမ်းလိုက်ပြီး ရေသန့်ဘူးဖွင့်နေရင်း အလုပ်ရှုပ်ကာ ..၊

"စိုးထက် နဲ့ ဖိုးကြည် မင်းတို့လမ်းလေးဘာလေး မလျှောက်ချင်ဘူးလား .."

ချက်ချင်းကြီး နင်လွှတ်လိုက်တော့ စိုးထက် တို့ အကြည့်တွေက အံ့သြခြင်းနှင့် နားလည်ခြင်းဆက်တိုက် ဖြစ်ပေါ်သွားခဲ့ပြီး ..၊

"ဘာလဲ .. သွားစေချင်တာလား၊ ဒီတိုင်းကြီးတော့ ဘယ်ရမလဲ.."

"အေးလေ .."

သဒ္ဒါ ကို ကြည့်၍ မျက်နှာတွေက မချိုချဉ်ဖြစ်နေကြသဖြင့် အခိပ္ပာယ်က ကိုယ့်ဘက်ကို ဦးတည်လာတာသိကာ ..၊

"အံမယ် .. သဒ္ဒါ နဲ့ မဆိုင်ပါဘူး .."

သဒ္ဒါ မျက်နှာလေးက ရှက်ကိုးရှက်ကန်းပြုံးလျက် ..၊

"သို က ဘာလုပ်မလို့လဲ .. ရှင်းအောင်ပြောလိုက်လေ .."

"သို က သို ဆိုတဲ့အတိုင်း သိပ်သိုနေတာ၊ တို့ကိုပြောမှာမဟုတ်ဘူး၊ သူပြောချင်တာက တစ်ယောက် .."

ပြာသို့ မျက်လုံးတွေ စူးခနဲလက်သွားတာကြည့်ကာ စိုးထက် က ကြိတ်ပြုံးသည်။ တည်ကြည် က ရယ်ချင်ပက်ကျိဖြစ်သွားသည့်မျက်နှာနှင့် ..၊

"ကဲ .. ကဲ .. လစ်ပြီ .. ပြောစရာရှိတာပြောကြ .."

လူကို ချောက်တွန်းပြီး ထသွားကြသဖြင့် ပြာသို စိတ်ထဲကကြိတ်ပြီး ကျိန်ဆဲပစ်၏။ သဒ္ဒါ မျက်နှာသွယ်သွယ်သေးသေးလေးက တအားရယ်နေတိုင်း နှုတ်ခမ်းလေးတွေ ပျောက်သွားတတ်ကာ ကလေးပေါက်စလေးနဲ့ တူသွားတတ်၏။

စိုးထက် တို့ပြောသွားတာကို သူမ ရယ်နေတာ မပြီးနိုင် ..၊

"သို တစ်ခုခု ပြောစရာရှိလို့လားဟင် .."

www.burmeseclassic.com

www.burmeseclassic.com



"ဟင် .. အဲ .. မရှိပါဘူး .. တစ်ခုပဲမေးချင်တာ .."

"မေးလေ .. သို မေးပြီးရင် .. သဒ္ဒါ လည်း မေးစရာရှိတယ် .."

"ဒါဆိုမေးလေ .. လေဒီဖက်(စ်)ပေါ့ .."

"ဟင့်အင်း .. သို မေးမှာကို သဒ္ဒါ ပိုစိတ်ဝင်စားတယ် .. မေး.."

"ဟွန်း .."

ပြာသို က ပြုံးလိုက်ရင်း အမှတ်တမဲ့အကြည့်မျိုးနဲ့ ကန်ပေါင်ဘက်ကို လှမ်းကြည့်၏။ ခြေထောက်တစ်ဖက် ထော့နင်းနဲ့ လှုးလာ ခေါက်တုံ့သွားနေသည့် ရာရာ ကိုတော့ မတွေ့တော့ပေ။

သူမကိုရှာနေတုန်းက မတွေ့ ..၊

မရှာကာမှ ကိုယ့်မျက်စိရှေ့မှာ ခေါက်တုံ့ခေါက်ပြန် ..၊

"ထမသွားနဲ့ ပြာသို၊ ဒီကောင်မလေးက ဖြောင်လိမ်တာနော် .. မင်းကိုတွေ့ရင်လည်း ဘာမှမဟုတ်သလိုနဲ့ အော်ထုတ်နိုင်တယ် .."

သူတို့ထိုင်ကာစမှာပဲ သူမကို လှမ်းမြင်လိုက်တာဖြစ်သည်။ ဒုတိယ တစ်ခါ ဒီဘက်ကိုလာနေတော့ သူမ ပုံစံကို စိုးထက် ကရယ်၍ ...

"ခုမှ အခြောက်တွေ ပဲပေးနေတာကျနေတာပဲနော် ..၊ ဟို ဧကတို့အုပ်စုထဲက အသေးလေးထက် ပိုသေးတယ် .."

"သူ ခြေထောက်နာနေတာထင်တယ် .."

"ဟုတ်ရင်လည်း ဟုတ်မှာပေါ့၊ ဒါပေမယ့် လူထူထူမှာ ခြေထောက်နာရတာကောင်းမှန်းသိနေတာလည်း ဖြစ်နိုင်တာပဲ၊ တစ်လမ်းတည်းရှိတာကို ခေါက်တုံ့ခေါက်ပြန် ဝယ်ခြမ်းနေပုံထောက်ရတာ ကန်ပေါင်တစ်နေရာက တစ်အုပ်စုကို ဖော်ရှိုးနေတာဖြစ်ရမယ် .."

သူတို့ လွတ်လွတ်လပ်လပ်ပြောလို့ကောင်းနေတုန်း သဒ္ဒါ ရောက်လာတာဖြစ်သည်။ ထို့ကြောင့် သူမ လျှောက်လာတိုင်း မျက်လုံးတွေကို အသံတိတ်ပို့လွှတ်နေရခြင်းသို့ရောက်ခဲ့၏။

စိုးထက် တို့တောင် ဒီလိုထင်နေကြတာ သူမ ခေါက်တုံ့ခေါက်ပြန် ဒီလောက်သိသိသာသာ ဖြစ်နေတာ တခြားယောကျ်ားလေးတွေမျက်လုံး-



ထဲမှာ ဘယ်လိုနေမလဲ ..၊

ရာရာ ဆိုတဲ့ မိန်းကလေးကိုကြည့်လိုက်မိတိုင်း နားမလည်ခြင်းတွေသာ ဖြစ်ခဲ့ရလျက်၊ သူ့အတွေးထဲမှာ သူမက အချိန်တော်တော်များများ စိုးမိုးနေပြီဖြစ်၏။

"သို .."

"ဟင် .. သြော် .. ဟုတ်တယ်၊ ဒါပေမယ့် မမေးတော့ပါဘူး၊ သိပ်အရေးမကြီးဘူး .. မင်း အရင်မေး .."

"တစ်ခုတည်းမဟုတ်ဘူးနော် .. စိတ်ရှည်ရှည်ဖြေရမှာ .."

"မေးကြည့်လေ .. အဖေ အမေ အလုပ်အကိုင် အမျိုးသားမှတ်ပုံတင် .. အဲ .."

"ခစ် .. ခစ် .. သို က လျှောက်နောက်နေပြန်ပြီ .."

နောက်တာမဟုတ်ပါ။ စိတ်ကိုက ဒီမှာ ရှိမနေတာဖြစ်သည်။

"အဲ့ဒါတွေ မဟုတ်ပါဘူး၊ သဒ္ဒါ က သို ရည်းစားများတာသိသိကြီးနဲ့ ချစ်နေရတဲ့သူပဲ၊ အဲဒါတွေမလိုပါဘူး .. အခု သိချင်တာက ဧကတို့နဲ့ သို အရမ်း .. အဲ .. ရှင်းရှင်းပဲမေးမယ်ကွာ .. သို နဲ့ ဧက ချစ်ခဲ့ဖူးလားဟင် .."

"နိုး .."

"ဒါပေမယ့် သူကတော့ သို နဲ့ ချစ်ခဲ့ဖူးသလိုလိုပြောနေတာနော်၊ အယ်သူမှတော့ ယုံမှာမဟုတ်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူက သို တွဲနေတဲ့ မိန်းကလေးတွေလောက်မှ မလှတာ၊ ပြီးတော့ .. သဒ္ဒါ နဲ့ စကားခဏပဲပြောဖူးပေမယ့် လေသံထွက်အရမ်းကြမ်းတာ နားဝင်ဆိုးတယ် .."

"မင်းကို ဘာတွေလာပြောလို့လဲ .."

"ဘာရယ်တော့မဟုတ်ပါဘူး၊ ဒါပေမယ့် သို နဲ့ သဒ္ဒါ ဘယ်အဆင့်ထိ ပတ်သက်နေသလဲဆိုတာ သိချင်နေတဲ့ပုံပဲ၊ သဒ္ဒါ သူငယ်ချင်းကပြောဘာတော့ သူတို့အဆင့်က သိပ်တော့မဟုတ်ပါဘူး၊ အထက်မရောက်

www.burmeseclassic.com



အောက်မရောက်နဲ့ လွတ်နေတာမျိုး ..”

“လွတ်နေမှန်းသိရင်လည်း ကိုယ်နဲ့ လာမငြိအောင်ရှောင်ပေါ့၊ တို့ကတော့ မျက်စိရှေ့မှာမြင်ရင် ကြည့်တယ်၊ သူ့နောက်ကြောင်းတွေ စိတ်မဝင်စားဘူး၊ ကိုယ်နဲ့မှ မဆိုင်တာ ..”

“သဒ္ဒါ ကိုရော ..”

“ဘယ်သူ့ကိုဖြစ်ဖြစ် ဒီတိုင်းပဲ ..”

“ဒါပေါ့ .. ကိုယ့်ကိုချည်းပဲ အချစ်ခံနေရတဲ့လူက သူများကိုမချစ်တတ်တော့ဘူးတဲ့ ..”

“ဘယ်သူပြောတာလဲ ..”

“ဒီလိုပဲ ..”

“ဟွန်း ..”

ပြာသို က ရယ်သည်။ ပြီးတော့ သဒ္ဒါ မျက်နှာလေးကိုကြည့်၍...

“အချစ်ကို လူတိုင်း ကိုယ်ခံစားရသလို ဝေဖန်သုံးသပ်နေကြတာပဲ ..”

“သို ကရော ..”

“ကိုယ်မှ မခံစားရတာ ..”

“ဘယ်ရည်းစားကိုမှ မချစ်ခဲ့ဘူးလား ..”

“အဲ့လိုတော့ မဟုတ်ဘူးထင်တာပဲ၊ ဒါပေမယ့် အချစ်ကိုခွဲခြမ်းစိတ်ဖြာကြည့်ဖို့တော့ စိတ်မဝင်စားဘူး ..”

အနီးကပ်ကြည့်လည်း မျက်လုံးထဲမှာ စွဲထင်နေအောင်ချောသည့် မျက်နှာကို သဒ္ဒါ က အအေးသောက်နေရင်းငေးသည်။ အထူအပါးညီ၍ ထောင့်ချိုးလေးတွေပေါ်နေသော နှုတ်ခမ်းသားတို့က ဆေးလိပ်သောက်တဲ့သူမဟုတ်ဘဲ အညိုရောင်သမ်းနေတာဖြစ်သည်။

ဒါပေမယ့် ဒါကြောင့် ပိုချောနေသည်။ ဖြူဝင်းနေသည့်မျက်နှာက ထိုနှုတ်ခမ်းတို့ကြောင့် ထင်းနေအောင်ချောတာဖြစ်နိုင်၏။

“နောက်တစ်ခုကလေ .. သို လက်ထပ်တော့မှာဆိုတာ ဟုတ်လား



လို့ ..”

“လက်ထပ်ပေးဖို့တော့ အိမ်ကအမြဲတမ်း ကြိုးစားနေတာပဲ ..”

“သို က လက်မခံတာပေါ့ ..”

“အင်း .. ဆိုပါတော့ ..”

“သို က ကိုယ်ချစ်တဲ့သူကိုမှ လက်ထပ်ချင်တာလား ..”

“ခုထိတော့ ဘာရယ်လို့မဟုတ်သေးပါဘူး ..”

“သို ရယ် .. တစ်ခုမှလည်း ရေရာတာမရှိဘူး၊ သဒ္ဒါ ကိုပဲ မပြောချင်တာလား၊ တကယ် ရင်ထဲမှာ ဘာမှမရှိတာလား ..”

ပြာသို က သဒ္ဒါ ကို ကြည့်ပြီးရယ်သည်။ ပြီးတော့ ဘာမှမပြောဘဲ ရေသန့်ဘူးကိုင်ပြီး ဒီတိုင်းမော့သောက်၏။

စားပွဲပေါ်မှာ စားစရာလက်စတွေရှိနေပေမယ့် ပြာသို့ ရှေ့မှာတော့ ရေသန့်တစ်ဘူးပဲရှိနေကာ ရေကိုပဲ အအေးသောက်သလိုသောက်နေသည်။

သောက်တိုင်းလည်း ဒီတိုင်းကောက်မော့ပစ်တာပဲဖြစ်ကာ ..၊

“မာမီကပြောတယ် .. ရေသန့်ဆိုတာတွေ ခုနောက်ပိုင်းကျမှ ပေါ်လာတာတဲ့၊ ရေဆိုရင် ‘ရေတစ်ပိသာရှိရင်သန့်တယ်’ လို့တောင်ပြောကြတာဆိုပဲ .. တကယ်လို့ ခုနေ ရေသန့်ဘူးတွေသာမရှိရင် သို ဆိုင်မှာထိုင်ပြီး ရေတောင်သောက်မှာမဟုတ်ဘူးထင်တယ် ..”

“ဘာဖြစ်လို့လဲ ..”

“ဒါတော့ ကိုယ့်ဘာသာသိမှာပေါ့၊ ဘယ်ဆိုင်မှာထိုင်ထိုင် သို က ဘာမှမှ ဟုတ်တိပတ်တိမစားတာ ..”

“စားသောက်ချင်လို့ ဆိုင်ထိုင်တဲ့အခါတော့ စားဖြစ်ပါတယ် ..”

မှသားပါသွားပြီကို သဒ္ဒါ ကလည်းသိသည်။ ပြာသို ဆိုတဲ့ယောကျ်ား အကြောင်းက လူကိုမမြင်ဖူးခင်တည်းက အပြည့်အစုံကြားထားပြီးသားပါ။

မူလတန်းအရွယ်ကနေ ဆယ်တန်းဖြေတဲ့အထိ ကျောင်းကို အဆောင်

www.burmeseclassic.com

www.burmeseclassic.com



အရောက် အခြေအရုံတွေနဲ့လာပြီး ကျောင်းပြန်ချိန်အထိ ထပ်ချပ်မကွာပါသွားတတ်သည့် အထိန်းတော်၊ အချော့တော်တွေအကြောင်း ...။

ပြီးတော့ တက္ကသိုလ်ကို လွတ်လပ်စွာတက်ခွင့်ရဖို့ ပြာသို ဘယ်လောက်ထိ အလံမလှဲကြိုးစားတောင်းဆိုခဲ့ရတဲ့အကြောင်း ...၊

"သို ..."

"မေးစရာမကုန်သေးဘူးလား ..."

"ဒီတစ်ခုပါပဲ ..."

ပြာသို က အပြုံးမပျက်ခေါင်းညိတ်၍ ...၊

"မေး ..."

"သို့ နာမည်က 'ဦးမြတ်သျှောင်' ဆို ..."

"ပြာသို ပါပဲ ..."

ပြာသို ညာပြန်ပြီဆိုသည့် မဲ့ပြုံးလေးနှင့် သဒ္ဒါ က ခေါင်းညိတ်၏။ ခမ်းနားချဲ့ထွင်ခြင်းတွေကို ပြာသို ဆိုသည့်လူငယ်လေးက လုံးဝမကြိုက်ခဲ့တာလည်း သူမ သိထားခဲ့သည်။

'ဦးမြတ်သျှောင်' ဆိုသည့် နာမည်ကြီးမကြိုက်ပါဘူးဆိုပြီး နာမည်တွေ အရှေးလွန်ကာ နောက်ဆုံး 'ပြာသို' ဆိုတာလေးပဲတင်ကျန်ရစ်တာထိ ...။

"ဆောရီးနော် .. သို စိတ်ဆိုးသွားပြီထင်တယ် .."

"စိတ်မဆိုးပါဘူး .. ဒါပေမယ့် မင်း ဘာဖြစ်လို့ တို့အကြောင်းတွေ ဒီလောက်စိတ်ဝင်စားနေတာလဲဆိုတာ အံ့သြတယ် .."

"သို့ ကို စိတ်မဝင်စားတဲ့ မိန်းကလေးရောရှိလို့လား .."

"မင်းလောက်တော့ မဟုတ်ကြဘူးထင်တာပဲ .."

"ဟွန်း .."

"မင်းကို ပြန်ဖြေခဲ့သလောက်လည်း တို့ ဘယ်သူ့ကိုမှ အချိန်မပေးခဲ့ဘူး .."

"အိုး .."



သဒ္ဒါ က မျက်ခုံးလေးပင့်လိုက်ပြီး ကံထူးသူပါလားဆိုသည့် မျက်နှာလေးနှင့် သဘောတွေကျနေ၏။ တကယ်က ပြာသို့ ကို ကျောင်းမှာစာသင်ပေးခဲ့ပြီး စပယ်ရှယ်ဂိုက်(ဒ်)လုပ်ပေးခဲ့တဲ့အထိ အိမ်မှာ ဝင်ထွက်ရင်းနှီးခဲ့တဲ့ ဆရာမ ဒေါ်ဝင်းမင်းသန့် က သဒ္ဒါ အဒေါ်ရင်း ...၊

"သို့ ကို ကျေးဇူးအရမ်းတင်ပါတယ် ...၊ အဲဒါကြောင့်ထင်တယ် တခြားမိန်းကလေးတွေက သဒ္ဒါ ကို မျက်မုန်းကျိုးနေကြတာ .."

"အဲဒါကြောင့်ဆိုတာက .."

"သို က သဒ္ဒါ ကို ဂရုစိုက်လို့လေ .."

မဟုတ်ဘူး .. တို့စိတ်က တခြားရောက်နေလို့ ...၊

အသံတိတ်ပြောမိရင်း ပြုံးလိုက်မိသည်။ သူ့စိတ် ဘယ်ရောက်နေသလဲဆိုတာကို လိုက်ဖမ်းမှာစိုးလို့ ဟန်မပျက်နေရင်း မေးသမျှဖြေနေမိတာဖြစ်သည်။

သဒ္ဒါ ဆိုတဲ့ ကောင်မလေး စိတ်ချမ်းသာပါစေ ...။

သူ ဒီတိုင်းပဲ ငြိမ်နေလိုက်ရင်း ...၊

"ပြန်ကြမလား .."

"ဟင် .. ပြန်မယ် .."

သဒ္ဒါ ကိုယ်လေးတောင့်သွားကာ တအံ့တသြပြန်မေး၏။ ပြီးတော့ ကန်ပေါင်ကိုလှမ်းကြည့်၍ ...၊

"ကိုစိုးကက် တို့ကို မစောင့်တော့ဘူးလား .."

"ပြန်လာကြပြီ .."

မေးခတ်ပြတော့ သဒ္ဒါ နောက်ထပ်လှည့်ကြည့်မိပြန်၏။ ဒါပေမယ့် ။မ မပြန်ချင်သေး ...၊

"သို က ဘာမှပြောစရာမရှိတော့ဘူးလား .."

"အင်း .. အမြဲတွေ့နေတာပဲ၊ နောက်မှ ပြောကြတာပေါ့ .."

"ဟင် .."

သဒ္ဒါ က နှုတ်ခမ်းလေးစူသွားကာ ...၊

www.burmeseclassic.com

www.burmeseclassic.com



"သဒ္ဒါ ဆိုရင် စိတ်ထဲမှာတစ်ခုခုသိချင်လာရင် မျိုသိပ်မထားတတ်ဘူး၊ ပြောစရာရှိရင်လည်း ဒီတိုင်းပဲ၊ ပြောချင်ပြီဆိုတာနဲ့ ပြောလိုက်ရမှ .."

"ဒါဆို တို့က သိပ်မပြောချင်သေးတာဖြစ်မယ် .."

စနောက်သလိုရယ်ရင်း ပြာသို နေရာမှ ထရပ်လိုက်သည်။

"သို သဒ္ဒါ ကို အမေးအမြန်းထူတယ်ဆိုပြီး စိတ်ဆိုးတာတော့ မဟုတ်ပါဘူးနော် .."

"မဟုတ်ပါဘူး .."

"ဒါဆို တစ်ခုသိချင်သေးတယ်၊ သို့ အိမ်က အတင်းအကျပ်လက်ထပ်ပေးရင် သို က လက်ခံမှာလား .."

ပြာသို့ မျက်နှာတည်သွားသည်။ စိတ်ပျက်သည့်အရိပ်အငွေ့တစ်ချို့နှင့် ပြန်ငဲ့ကြည့်တော့ သဒ္ဒါ က မေးလေးဆတ်ပြပြီး ထပ်မေး၏။

"မဟုတ်ပါဘူး .. သို တွဲခဲ့တဲ့ ချစ်သူတွေထဲကပဲ ရွေးမှာလားဆိုတာ သိချင်လို့ .."

"ဘာဖြစ်လို့ အဲ့ဒါတွေသိချင်နေတာလဲ .."

သဒ္ဒါ့ မျက်နှာလေး ပျက်သွားသည်။ ရှက်သွားတာလား၊ ကြေကွဲသွားတာလားမသိဘဲ ခဏငိုင်သွား၏။ ပြီးမှ ...

"သူများတွေလို သဒ္ဒါ မကျန်ခဲ့ချင်လို့ .."

"ကဲ .. မကျန်ခဲ့ချင်ရင် ပါဆယ်ထုပ်နိုင်းလိုက်တော့၊ ရှင်းပြီးရင် ပြန်ကြမယ်၊ ငါ့အမေ ဖုန်းဆက်နေတယ် .. ကားပျက်နေလို့ လာခေါ်ပါတဲ့ .."

အနားရောက်လာကြတော့ တည်ကြည် က ပြန်ဖို့လောဆော်သည်။ သဒ္ဒါ က ထရပ်လိုက်ပြီးမှ ပြာသို့ လက်မောင်းကို လှမ်းဖက်၍ ဆိုင်ထဲက ထွက်၏။

သူတို့တွေ အတူတူရောနှောလျှောက်လာကြပေမယ့် သဒ္ဒါ က ပူးကပ်ပါလာသဖြင့် စကားပြောဖို့ အဆင်မပြေပေမယ့် ပြာသို က လှမ်းကြည့်ပြီး မေးဆတ်၏။



စိုးထက် က ပခုံးတွန့်၍ ...၊

"ထိုင်နေတယ် .."

ပြာသို က မျက်မှောင်ကုတ်သွားကာ ...၊

"တစ်ယောက်တည်းလား .."

"အင်း .. ဒါပေမယ့် ငိုနေတယ် .."

မျက်နှာချင်းကပ်ပြီးပြောသလိုဖြစ်နေသဖြင့် အရပ်ပု၍ ဘေးရောက်နေသည့် သဒ္ဒါ က သိပ်မကြားလိုက်ဘဲ ...၊

"ဘာပြောနေတာလဲဟင် .."

"ဘာမှမဟုတ်ဘူး .."

နောက်က တစ်ယောက်တည်းလျှောက်လိုက်လာသည့် တည်ကြည့်အသံ ...၊

ပြောနေကြတာက စိုးထက် နဲ့ ပြာသို ...၊

ခုနကလည်း သူပဲဘေးကနေ မဆီမဆိုင်ဝင်ဖြေခဲ့တာ ...၊

သဒ္ဒါ က လှည့်ကြည့်ပြီး မဲ့ပြတော့ တည်ကြည် က စပ်ဖြဲဖြဲနှင့်...

"သူတို့အစား ဖြေပေးတာလေ .. ဘာလဲ .. မဖြေရဘူးလား .."

"ဖြေရတယ် .. ဖြေရတယ် .. ကျေးဇူးပါပဲ .."

"ဟား .. ဟား .. ဟား .."

တည်ကြည် က အကျယ်ကြီးထရယ်၏။ 'ဒီလိုရှိတယ် ကလေးမရဲ့ ...၊ မင်းက မင်းချစ်သူရဲ့ အမိကလူ ဖြစ်မဖြစ် ...၊'

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

"ပြာသို .."

ပြာသို က ဖုန်းပြောနေရင်း လှည့်ကြည့်သည်။ ပြုံးပြပေမယ့် ပြန်လှည့်သွားသဖြင့် အောင့်သက်သက်ဖြစ်သွား၏။ ဆက်လုပ်ဆိုသည့် အထာနှင့် ဇင် က လက်မောင်းချင်းတိုက်၍ အချက်ပြနေ၏။

ခဏကြာမှ ပြာသို က လှည့်လာ... ..၊

"ဇေ ဘယ်သွားမလို့လဲ .."

"ပြာသို့ ကို ဒီနားမှာ တစ်ယောက်တည်းတွေ့လို့လေ .. အဖော် မပါဘူးလား .."

"အဖော်မှ မလိုတာ .."

"အဲ .. မဟုတ်ဘူးလေ၊ သူငယ်ချင်းကို မေးတာပါ .."

ပြာသို က ရယ်ကာ ..၊

"သူငယ်ချင်းကိုပြောတာပါပဲ .. မေမေ့ကို ဒီစိုင်နာဆီလိုက်ပို့ပေး တာ၊ အိမ်က ထွက်လာတာ သူငယ်ချင်းတွေဘယ်ပါမလဲ .."

"သြော် .."



ပြောရင်း ရယ်မိကြကာ ဇေ မျက်နှာလေး ဖျတ်ခနဲပြောင်းသွား၏။ ပြီးတော့ တိုက်ခန်းနပူးစည်းက ဆိုင်းဘုတ်ကို ပြန်ဖတ်လိုက်မိ၏။

'မင်္ဂလာပွဲနှင့် ပွဲထိုင်ဝတ်စုံအမျိုးမျိုးအတွက် စိတ်ကြိုက် ..'

ဆိုင်းဘုတ်ကို ပြီးဆုံးအောင် မဖတ်နိုင်ဘဲ ပြာသို့ ဆီကိုပြန်ကြည့်၍ ...

"ပြာသို့ အမေက ဒီကိုလာတယ်ဆိုတော့ .."

"ဟော .. သား သူငယ်ချင်းတွေလား .."

ဟင် ..၊

ပြာသို့ အမေဆိုသည့်အသိနှင့် လှည့်မကြည့်ရသေးဘဲ ကိုယ်က သတိအနေအထားနှင့် တောင့်မတ်သွား၏။ ကြည့်လိုက်တော့ ခန္ဓာကိုယ်သွယ်သွယ် အရပ်မြင့်မြင့်နှင့် မျက်နှာကလည်း ပိန်ချင်သလိုပါ။

ဒါပေမယ့် ပြာသို နဲ့ အတော်ကြီးဆင်တူကာ အမျိုးသမီးကြီး၏ ပုံစံက သေသပ်နပျိုနေ၏။ ပတ္တမြားတွေကို စပျစ်ခိုင်သဖွယ်ပြုလုပ်ထားသည့် လော့ကတ်နဲ့ ကြိုးပါးအရှည်လေးတစ်ကုံးတည်း လည်တိုင်မှာရှိကာ ရင်ဖုံးလက်ရှည်အင်္ကျီလေးနဲ့ ယဉ်သည်။

ဒေါ်ပြာညိုရောင် ကလည်း ဇေ ကို စူးစိုက်ကြည့်၍ ..၊

"သမီးက ဇေ ဆိုတာများလား .."

"ရှင် .. အယ် .. ဟုတ် .. ဟုတ်ကဲ့၊ အန်တီက ဇေ ကို သိနေတာလားဟင် .."

သိတာပေါ့ ..၊ မင်းက သားရေးနေတဲ့ စာမျက်နှာတွေထဲက မိုင်းနက်(စ်)နဲ့ အဖြေထွက်ထားတဲ့ မိန်းကလေးပဲ၊ ပြီးတော့ ..၊

"မိန်းကလေးက မျက်နှာပုံကြမ်းတယ်၊ ဘက်ခ်ရောင်းနည်းတယ် ဒါပေမယ့် ရဲတင်းမှုမှာတော့ သတိထားသင့်ဆုံး မိန်းကလေးပဲ ..၊ နာမည်က ဇေ တဲ့ ..၊ သူ့အကြောင်းစုံစမ်းရင် မကပ်မိစေနဲ့ .."

လို့ ကိုကြီးက သေချာမှာခဲ့တာ ..။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလေ .. သားတို့ လူငယ်တွေက အိမ်မှာစုမိကြရင် သူတို့ရဲ့ ရည်းစားတွေကို လွတ်လွတ်လပ်လပ်ပြောနေကြတာ ဧက ဆိုတာ ခဏခဏ ကြားမိနေလို့ .."

ကိုယ်က ရည်းစား မိန်းမအဖြစ်နဲ့လား ..၊

ဝမ်းသာရွှင်မြူးသွားသည့်မျက်နှာက လပေတိဖမ်းသလို ချက်ချင်း ညှိုးမှောင်သွားခဲ့၏။ ဒေါ်ပြာညိုရောင် က ထိုမျက်နှာကို မျက်ခုံးခပ်တွန့် တွန့်နှင့် စိုက်ကြည့်ပြီး ပြုံးလိုက်ကာ ...

"အန်တီက သား မင်္ဂလာပွဲအတွက် ပွဲထိုင်ဝတ်စုံလာအပ်တာလေ.."

"ဟင်!..."

ဧက တအံ့တသြဖြစ်ရင် ဘဲ ကိုယ့်မျက်နှာကို သတိတရပြင်ဆင်၍ ဟန်ဆောင်ပြုံးရယ်လိုက်၏။

"ဟုတ်လား .. ပြာသို က ပြောတောင်မပြောဘူး .."

"သားကတော့ ဒီလိုပဲလေ၊ ဘာကိုမှ သဘောကျလှတယ်မရှိဘူး၊ သူ စိတ်မဝင်စားရင် လှ ညွှဲကိုမကြည့်တာ .."

စိတ်မဝင်စားရင် ငြင်းလို့ရတာပဲ ..၊ ဒီရပ်ကလား မိဘကို မလွန်ရဲလောက်အောင် နုံအ မှာ ..။

"အဟမ်း .."

ပြာသို က ဆံပင်တစ်ချက်သပ်ရင်း ပြုံးပြလိုက်ကာ လည်ချောင်းအရင်ရှင်း၏။ ပြီးမှ ...

"ဒီလိုပါ .. မင်္ဂလာကိစ္စ မေမေတို့စီစဉ်နေတာရှိပေမယ့် ဖြစ်မြောက်မယ် မမြောက်မယ်လည်း မထင်လိုက်ဘဲနဲ့ သေချာပေါက်ဖြစ်သွားတာ သူငယ်ချင်းတွေကိုတောင် အားလုံး မပြောမိသေးဘူး .."

"အင်း .. အင်း .. အစတည်းက ဧက က မျှော်လင့်ပြီးသားပါ ပြာသို့ ဘက်က ဆုံးဖြတ်ခွင့်ရှိနေတာပဲ .. ရှင် ပျော်ပါစေ .."

မျက်နှာသည် ပြုံးနေပေမယ့် အဆမတန်ကြေကွဲသွားခဲ့ခြင်းကို



ဖော်ကျူး၍ ပြောသွားပုံက ဘာလိုလို ..၊

သူမတို့ မရှိတော့သည့်နောက်မှာ ဒေါ်ပြာညိုရောင် ၏အကြည့်တွေက ပြာသို့ မျက်နှာဆီသို့ ..၊

"သား .."

"ပြောချင်ရာတွေ ပြောသွားတာ မေမေ .. သူတို့အုပ်စုက ဒီတိုင်းပဲ.."

"သားကိုလည်း ဒီလိုမိန်းကလေးမျိုးနဲ့ မေမေ မထင်ချင်ပါဘူး၊ သားသိထားဖို့က ငါတွဲနေတာ လူကုံထံအသိုင်းအဝိုင်းက မိန်းကလေးတွေပဲဆိုပြီး မေမေတို့ ကျေနပ်နေမှာပဲလို့ မထင်ဖို့ .."

"မေမေရာ .. ကျွန်တော်က .."

"သား ချစ်သူတွေအများကြီးထားနေတာ မေမေတို့ အကုန်သိတယ်.."

"ဘဘထွန်း တို့ စုံစမ်းနေကြတာမို့လား .."

"ဟုတ်တယ် .. အခုဆို မေမေလည်းပါတယ် .."

"မေမေက ဘာဖြစ်လို့လဲ၊ ကျွန်တော် ချစ်သူတွေထားပေမယ့် စည်းနဲ့ ကမ်းနဲ့နေတာပါ၊ ခုလည်း ဘဘထွန်း တို့ စီစဉ်မယ့်ကိစ္စကို ကျွန်တော် ခေါင်းညိတ်ခဲ့တာပဲ .."

ဒေါ်ပြာညိုရောင် က လက်ကိုင်အိတ်ကို လက်မှာချိတ်လိုက်ပြီး ကားဆီကို ခပ်လှုပ်လှုပ်သွားနေရင်း ..၊

"ရှေ့မှာ စီစဉ်ခဲ့တုန်းက သား ငြင်းခဲ့တာနှစ်ခါ၊ တစ်ခါကတော့ ထိထိရောက်ရောက် ပြောဆိုကြဘဲ့ အဆင့်မရောက်သေးဘဲ ပျက်ခဲ့ရတယ်၊ ဒါပေမယ့် အဲဒီတုန်းကလည်း အိမ်ထောင်မပြုချင်သေးဘူးလို့ပဲ သား ငြင်းခဲ့တာ .."

"ကျွန်တော် ခုချိန်ထိလည်း အိမ်ထောင်ပြုချင်စိတ် လုံးလုံးမရှိဘူး မေမေ .."

"ဒါပေမယ့် သား လက်ခံခဲ့လို့ အခု စီစဉ်နေကြပြီလေ၊ လက်မခံခဲ့တုန်းက ဘာကြောင့်လဲ၊ လက်ခံလိုက်တာကရော ဘာအတွက်လဲ ..၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒါကို မေမေ သိချင်တယ်၊ အဲဒီလို သိချင်လာတဲ့အတွက် သားကို နားလည်ချင်လာတယ်၊ ဒါကြောင့် သားနောက်ကို တကောက်ကောက် လိုက်ရတာပဲ .."

ပြာသို ရဲ့ တအံ့တသြမျက်နှာက ကားနားရောက်တော့ တံခါးဖွင့်ပေးရင်း မျက်နှာငုံ၍ ...

"တကောက်ကောက်လိုက်တော့ မေမေ သိချင်တာတွေသိရလား.."

"သိရတာပေါ့ .. သားက ချစ်သူတွေထားနေပေမယ့် သား ရင်ထဲမှာ အချစ်မှမရှိတာ၊ ဒါကြောင့် သားက မင်္ဂလာကိစ္စကို လိမ်လိမ်မာမာ လက်ခံခဲ့ပေမယ့် ဝမ်းမသာနိုင်ဘူး၊ ခုချိန်မှာ အချစ်နဲ့ အိမ်ထောင်ရေး တစ်ထပ်တည်းကျခြင်း မကျခြင်းက သားအတွက် အရေးမပါပေမယ့် အရေးပါတယ်ဆိုတာ နားလည်လာတဲ့အချိန်မှာ သား ဘာမှပြင်ဆင်ခွင့် မရှိတော့ဘူး .."

"မေမေက .."

"မေမေ့သား ချစ်သူတွေထားတဲ့အလုပ်ကို ပျော်စရာလို့ မြင်နေတယ်၊ အဲဒါ အန္တရာယ်ပဲ .."

"မဟုတ်ပါဘူး မေမေရာ .. တစ်ယောက်ပြီးတစ်ယောက် ပြောင်းဖြစ်သွားတာက .."

"သားကမှ မချစ်ဘဲ .."

"မေမေက ကျွန်တော့်ကို ချစ်သူတစ်ယောက် သတ်သတ်မှတ်မှတ် ရှိစေချင်တာလား .."

"အဲ့ဒီလိုများရှိနေမလားလို့ မေမေ စိတ်ပူပြီး လိုက်ကြည့်တာလေ၊ သား ဘယ်သူတွေနဲ့ တွဲနေသလဲ၊ ဘယ်သူ့ကို အချစ်ဆုံးလဲဆိုတာ သားကို မေမေ နားလည်ချင်လို့၊ အစစအရာရာပြည့်စုံတဲ့ ကြင်ဖော်ကြင်ဖက်မျိုးနဲ့ လက်ထပ်ပေးချင်ပေမယ့် သားက တစ်ခုခုတောင်းဆိုလာခဲ့ရင် မေမေတို့ ဘယ်လောက်ထိ လျှော့ပေးနိုင်မလဲ ...၊ သားနဲ့ မေမေတို့ကြား



မှာ ဘယ်လိုပဋိပက္ခမျိုးတွေ ရှိလာနိုင်မလဲ .. မေမေ စိတ်ပူသွားတာ အများကြီးပဲ .."

ပြာသို က လည်ပင်းတစ်ချက်ပွတ်ရင်း ရယ်သည်။ ဒေါ်ပြာညိုရောင် က ကားထဲကိုဝင်မထိုင်သေးဘဲ သား မျက်နှာကို ချစ်စနိုးကြည့်ကာ...၊

"သားကတော့ ပေါ့ပေါ့ပါးပါးပဲ .."

"ပေါ့ပါးတာတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် မင်္ဂလာကိစ္စကို ကျွန်တော် ငြင်းလိုက်တိုင်း ဘဘထွန်း က ပိုပိုပြီးစောင့်ကြည့်လာတယ်.."

"သား ဒီလောက် လွတ်လပ်ခွင့်တွေရနေတာကိုများ ကျဉ်းကျပ်သေးတယ်ထင်လို့လား .. ဟင် .."

"မဟုတ်ဘူးလေ .. ဒါပေမယ့် .."

"ဟုတ်ပါပြီ .. သားကို မေမေနားလည်ပြီ၊ ဒါဆိုရင် အခု 'အလင်းအိမ်' နဲ့ လက်ထပ်ဖို့အတွက် သား လိုလိုလားလားလက်ခံလိုက်တာလို့ မေမေ ယူဆလိုက်မယ်နော် .."

"လေးလေးကျော် က ပြောတော့ စေ့စပ်ထားရုံပဲဆို .."

"ဒါပေမယ့် နှစ်ဖက်ဆွေဂုဏ်မျိုးဂုဏ်နဲ့ လက်ထပ်ပွဲကြီးတစ်ခုကိုပဲ ခမ်းခမ်းနားနားကျင်းပကြမှာလေ ...၊ စေ့စပ်ပွဲဆိုတာ လက်ထပ်တာ မဟုတ်သေးဘူးဆိုပြီး သား လွယ်လွယ်ခေါင်းညိတ်တာဆိုရင် အားလုံး သိက္ခာကျ အရှက်ရစရာတွေ ဖြစ်လာနိုင်တယ် .."

"အဲ့ဒီ တခမ်းတနားကြီးကို ဘယ်သူက စီစဉ်နေတာလဲ၊ ကျွန်တော်လည်း ဘာမှမသိရဘူး မေမေရာ .."

ဒေါ်ပြာညိုရောင် ပြုံးပြုံးနှစ်သိမ့်နေရင်း ပင့်သက်ရှိုက်မိသည်။ ကားထဲဝင်ထိုင်လိုက်ရင်း သားရဲ့ ငြိငြင်မှုကို ဥပေက္ခာထားဖို့ကြိုးစားပေမယ့် ပြာသို က ဟိုဘက်ကနေ ဝင်ထိုင်လိုက်ကာ ...၊

"ကျွန်တော်က မေမေ ပြောသလိုသဘောနဲ့မဟုတ်ပါဘူး၊ ဒါပေမယ့် အခြေအနေအချိန်အခါဆိုတာကိုငဲ့ပြီး စေ့စပ်ထားကြမယ်ဆိုတာတွေ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာတာမို့လား၊ စေ့စပ်ထားခြင်းရဲ့ သဘောကိုက ..."

"သား ပြောတာမှန်တယ်၊ ဒါပေမယ့် အခု စေ့စပ်ထားတဲ့ သဘောကတော့ ခြင်္သေ့ချက်လိုချင်တာမဟုတ်ဘူး သား ..၊ အခြေအနေအချိန်အခါ ပြောင်းလဲနိုင်တာတွေကို ထည့်တွက်မယ်ဆိုရင် ငွေကုန်ကြေးကျတွေခံပြီး နှစ်ဖက်အသိုင်းအဝိုင်း ဂုဏ်သိက္ခာတွေကို လူသိရှင်ကြား ကြော်ငြာပါ့မလား .."

"မေမေရာ .."

"အခု .. အလင်းအိမ် ဘက်က မောင်နှမတွေက ပြင်သစ်တွေ ဂျပန်တွေ ရောက်နေကြလို့ သူတို့ဘက်က မိသားစုစုံစေချင်လို့ လက်ထပ်ပွဲ မလုပ်သေးတဲ့သဘော .."

"ဘာလို့ သူတို့သဘောချည်းပဲလဲ မေမေ၊ မိသားစုစုံချင်ရင် မိသားစုစုံမှ လက်ထပ်လို့ရတာပဲ၊ ကျွန်တော်ကတော့ စေ့စပ်တာကို စေ့စပ်တာအပြင် ထပ်ပြီးမလေးနက်နိုင်ဘူး .."

"ဘာ!..."

"မေမေ့ကို ခံပြောနေတာမဟုတ်ဘူး .. သူတို့ဘက်ကိုပြောတာ.."

"မေမေ အဲ့ဒါတွေကိုကြိုမြင်နေလို့ စိတ်ပူတာ .. အခု သား ပြဋ္ဌာန်းချင်တဲ့ ချစ်သူတစ်ယောက်မှမရှိဘဲနဲ့တောင် ကလန်ကဆန်တွေ သား ပြောနေပြီ .."

"မေမေ့ .."

"မေမေတို့ အိမ်ရောက်မှ ဆက်ပြောရအောင် သားရယ် .. အခု ကားမောင်းတော့ .."

"အိမ်ရောက်ရင် ဘာဘထွေး တို့ လေးလေးကျော် တို့က သူတို့အမှုတရားတွေနဲ့ သားကို လှုပ်မရအောင်ပြောကြတာ .."

သူ့ကိုယ်သူ ခြေရှုံသင်းပင်းတွေနဲ့ ပြုစုခံမင်းသားလေးလို မနေချင်ပါဘူးဆိုပြီး 'သား' အစား 'ကျွန်တော်' လို့ ပြောင်းလဲပြောနေခဲ့တာ



ကြာပါပြီ။

ဒါပေမယ့် ပြာသို အရမ်းပျော်သွားတဲ့အခါဖြစ်ဖြစ် စိတ်ဆိုးသွားတာဖြစ်ဖြစ် 'သား' လို့ပဲ ပြန်ဖြစ်သွားတတ်ကာ၊ တာတေလန်အောင် ဆိုးသွားလိုက်တာလည်း ဟိုးငယ်ငယ်ကအတိုင်း ..။

"သား ဘာမှ ပြန်ခံမပြောချင်လို့ ဘာဖြစ်ဖြစ် တစ်ခွန်းမှမမေးခဲ့ဘူး၊ တစ်ခါနှစ်ခါငြင်းမိလို့ ကိုယ့်ကိုယ်ကိုယ် လွန်ပြီထင်တာနဲ့ ပြန်လျှော့ပေးခဲ့တာ .. ဘာဘထွေး တကယ်လွန်တယ် .."

"သားရယ် .. စေ့စပ်တာကို လက်ခံခဲ့ပြီးမှတော့ တခမ်းတနားဖြစ်တာ မဖြစ်တာ ဘာတွေကွာခြားသွားလို့လဲ .."

"ဘယ်လိုကွာတယ်ဆိုတာ ခုပဲ မေမေ ပြောသွားတာလေ .."

"ဒါဆို သားက ပြီးပြီးရော လက်ခံခဲ့တာလား၊ ငါချစ်တာတွေ့ရင် အချိန်မရွေးယူမှာပဲဆိုပြီးတော့ .."

"သူ့ဘက်က အဲ့ဒီလိုလုပ်သွားရင်ရော မေမေ .."

"မလုပ်ဘူး သား .. အလင်းအိမ် က .."

"မေမေက ဘာကြောင့် အာမခံနိုင်နေတာလဲ .."

ဒေါ်ပြာညိုရောင် က သားတစောင်းကနေ ပြာသို့ မျက်နှာကို စိုက်ကြည့်ကာ ခပ်ဖြည်းဖြည်းခေါင်းညိတ်၏။ ပြီးမှ ...

"ဘာကြောင့် အာမခံတာလဲဆိုတော့ .. အလင်းအိမ်က သား တစ်ပုံကိုမြင်တည်းက သဘောကျနေလို့ .."

ပြာသို မသိမသာနှာခေါင်းရှုံ့လျက် ဆတ်ခနဲမျက်နှာလွှဲ၏။ ပြီးတော့ ဘာမှဆက်မပြောတော့ဘဲ စက်နှိုး၏။

"သားပြောသလိုပဲ သူတို့လူကြီးတွေကလည်း မိသားစုစုံမှ လက်ထပ်ပေးချင်တာ၊ ဒါပေမယ့် အလင်းအိမ် က .."

"သူ့သဘောချည်းပဲပေါ့ .. သူလိုချင်တိုင်းရသွားပြီ၊ ကျွန်တော်ကတော့ ဘာလဲ .."

www.burmeseclassic.com

www.burmeseclassic.com



"သားရယ် .. မိန်းကလေးကစပြီး သားကို .."

"မေမေ့ သားအတွက် အဲ့ဒါတွေ ရိုးအီနေပြီ မေမေ၊ ကိုယ့်ကို သဘောကျတယ်ဆိုတိုင်း ဘဝင်ခွေပြီး လက်ယပ်ခေါ်တိုင်း ပြေးသွားစရာလား.."

"သားရဲ့ ဘကြီးတော်တွေကတော့ သူတို့တူလေးကို သည်းသည်းလှုပ်ချစ်ပြီး နားလည်ပြုစုမယ့် မိန်းကလေးလို့ သတ်မှတ်ခဲ့ကြတာ .."

ပြာသို က မဲ့ပစ်လိုက်ပြီး မအေ မမြင်အောင်လည်း မျက်နှာကွယ်၏။ ပြီးမှ မကြားတကြား ..၊

"ပြောပြချင်သေးတယ် ကိုယ်ကမချစ်ဘဲ အချစ်ခံနေရတဲ့ဒုက္ခ .. ချိုသလား ခါးသလားဆိုတာ .."

ကားက သိမ့်ခနဲထွက်၏။ မကြားတကြားပေမယ့် ဒေါ်ပြာညိုရောင်က ကြားလိုက်သည်မို့ ပြုံးမိ၏။

တွေ့ကြဦးမှာပါ .. ဒီဦးလေး ဘကြီးတွေနဲ့ ပြာသို ..၊



## အခန်း (၂၂)

ကိုယ်တစ်ယောက်တည်း အရင်ရောက်လာသဖြင့် ကားကိုပါကင်မှာ နေရာချပြီးမှ မဆင်းဖြစ်ဘဲ တံခါးတစ်ဖက်ဖွင့်၍ ဒီတိုင်းထိုင်နေလိုက်မိ၏။

နာရီတစ်ချက်ကြည့်ကာ ပီကေတစ်ခု ပါးစပ်ထဲထည့်လိုက်ပြီး ကျွင်မှာ အကျအနမှီနေလိုက်စဉ် ..၊

"ကိုကြီး .. ကိုကြီးလား ဟင် .."

ဒီအသံကို သူ သေချာသိနေသဖြင့် ပြာသို့ ကျောပြင်ကြီး ကျွင်ကနေ ကော့ခနဲကြွတက်သွား၏။ ထိုင်ရာကနေ လည်ပင်းလိမ်ပြီး ကြည့်လိုက်တော့ တကယ်ပဲ ရာရာ ဖြစ်နေကာ ..၊

"ဟုတ်ပါတယ် .. ကိုကြီး မကြားရဘူးလား .. ရာရာ လေ .."

ဖုန်းပြောရင်း ကားနောက်ကိုဖြတ်၍ မြက်ခင်းပြင်ဘက်ကို လျှောက်သွားနေ၏။ သို့သော် သူမ ပုံစံက ခြေထောက်တစ်ဖက်လည်း ထော့နေသေးသည်။ ဖုန်းကို နှုတ်ခမ်းမှာကပ်လိုက် နားနဲ့ကပ်လိုက်ပြောနေပုံက ဖြစ်နိုင်လျှင် ဖုန်းထဲကို လက်နှိုက်ပြီး အထဲက အသံရှင်ကို ဆွဲထုတ်ချင်

www.burmeseclassic.com

www.burmeseclassic.com



တဲ့ပုံ ...၊

"ကိုကြီး ဘာပြောတယ် ..."

သူမ ခြေထောက်ထော့နေရခြင်းအကြောင်းရင်းကို သိနေတာမို့ စိတ်က စာနာခြင်းတွေဖိစီးကာ သူမနဲ့ စကားပြောဖို့အတွက် ကားပေါ်က ဆင်းလိုက်မိ၏။ သို့သော် ...

"ရက်စက်လိုက်တာ ကိုကြီးရယ် ..."

သူမ ချုံးပွဲချငိုနေပြီ ...၊

"ကိုကြီးက မိန်းမကိုတောင်ခေါ်လာဦးမယ်ပေါ့ ...၊ ကိုကြီး ရာရာ့ အတွက် အများကြီးစဉ်းစားပေးတယ်ဆိုတာ ဒါလား ..."

"... ... ... ..."

"တော်ပါပြီ ... ကိုကြီး ရာရာ့ ကို ဘာမှထည့်မတွက်ပါနဲ့၊ ပိုက်ဆံလည်း မပို့နဲ့ ရတယ် ... ကိုကြီး မိန်းမယူလိုက်ပြီဆိုတည်းက ရာရာ အားလုံးကို နားလည်သွားပြီ၊ အချိန်တန်တော့ ပတ်ဝန်းကျင်ကပြောကြသလိုပဲ ရာရာ ပဲ ဒုက္ခတွင်းထဲမှာ ..."

"သွားမယ် ..."

သူမ စကားတွေကို စူးစိုက်နားထောင်ရင်း မျက်နှာမှာ အထင်မြင်သေးခြင်းတွေနှင့် အံ့ဩနေတာကိုလည်း မဖျောက်နိုင်ဘဲ ပြာသို ဒီတိုင်းရပ်ကြည့်နေမိ၏။ ထိုစဉ် ...၊

လက်ကိုလာဆွဲတာက တည်ကြည် ဖြစ်၏။

"သွားမယ်ဆိုကွာ ..."

ဒါပဲထပ်ပြောပြီး ရာရာ့ ကို လှမ်းကြည့်သည်။ သူလည်း ရာရာ့ စကားတွေကို တစ်စွန်းတစ်စကြားလိုက်သဖြင့် မျက်နှာကို သိသာစွာ မဲ့၍ ပြာသို့ ကိုပဲ တွင်တွင်ဆွဲခေါ်၏။

အလှမ်းကွာသည့် နေရာရောက်မှ ...၊

"ငါ ပြောသားပဲ ... အဲဒီကောင်မလေးက အဲဒါပါဆို ..."

"ငါ မထင်ခဲ့ဘူး ..."



"အဲ့ဒါလည်း ပညာပဲ ..."

"ဒီလို မိန်းကလေးမျိုးက သူ့လို နွမ်းပါးတဲ့ပုံပေါက်နေမှာ မဟုတ်ဘူးလို့တွေးခဲ့တာ ..."

"အဲ့ဒီလိုတွေးအောင် တမင်စုတ်ပြတ်ပြတာနေမှာပေါ့ ...၊ မင်း သူ့ကိုယ်ပေါ်က ခပ်စုတ်စုတ်တွေကို ခွာချပြီး ခပ်လန်းလန်းလေးတွေနဲ့ မြင်ကြည့်၊ ကြင်ရာတော် ဖြစ်ထိုက်နေတဲ့ အစစ်အမှန်တွေပေါ်လာလိမ့်မယ် ..."

"မင်းတို့ပဲ ပြောတော့ ချောလည်းမချောပါဘူးဆို ..."

"တောင်းမှာအကွပ် လူမှာအဝတ်လေ ..."

"အဲဒါ ပြောင်ရောင်တာ မပြောင်ရောင်တာနဲ့ပဲဆိုင်တာ၊ မလှတဲ့လူကတော့ လှမလာဘူး၊ လူတတ်ကြီးလုပ်ချင်ရင် သဘာဝကျကျပြော..."

သုန်မှုန်နေသည့် ပြာသို့ မျက်နှာက ရယ်စရာပြောနေတာမဟုတ်မှန်း သိသာနေလျက် ... ကဲန်တင်းကိုရောက်နေကာမှ နောက်ပြန်လှည့်ကြည့်ပြီး နှုတ်ခမ်းမဲ့သေးသည်။ ပြီးတော့ ...၊

"ရေကူးကန်သွားထိုင်မယ် ..."

"ဟင် ..."

နောက်ထပ်ပြန်မပြောတော့ဘဲ ချာခနဲပြန်လှည့်၏။ ဆိုင်ထဲရောက်နေကြပြီဖြစ်သည့် စိုးထက် နဲ့ ဇေက တို့အဖွဲ့က ကြောင်တောင်တောင်လှမ်းကြည့်နေသဖြင့် တည်ကြည် က ထွက်ခဲ့ဖို့လက်ပြသည်။

ဘာတွေဖြစ်ကုန်မှန်း မသိကြပေမယ့် တည်ကြည် ကတော့သိနေသည်။ သိပေမယ့် တွေးကြည့်တော့လည်း အဓိပ္ပာယ်မဲ့နေပြန်ကာ ...၊

"ပြာသို တစ်ခုခု ဖြစ်လာသလားမသိဘူး ..."

ဇေ က ဘယ်သူ့ကိုမှန်းမသိဘဲ မေးသဖြင့် တည်ကြည် ကလည်း မဖြေ ...။ စိုးထက် ကလည်း သိတဲ့လူမဟုတ် ...၊

"ကိုတီ နဲ့ ရန်ဖြစ်လာတာတော့ မဟုတ်ပါဘူးနော် ..."

"ငါတို့ချင်း တစ်ခါမှ ရန်မဖြစ်ဖူးဘူး ..."

www.burmeseclassic.com

www.burmeseclassic.com



တည်ကြည် က ပြာသို့ နောက် အမီလိုက်သွားသဖြင့် အနားမှာ စိုးထက် ပဲ ကျန်ရစ်ကာ ..၊

"ရာသီဥတုအခြေအနေမကောင်းဘူး ဧကေ ..၊ ခင်ဗျားတို့ရဲ့ အလှူဖိတ်ချင်တဲ့ကိစ္စ နောက်မှ ဖုန်းဆက်ပြောလိုက်ပါလား .."

"အောင်မယ်လေးဟယ် .. ကျေးချင်လွန်းလို့ လိုက်နေရတဲ့လူက ခြေတိုတော့မယ်၊ မရဘူး .. တိုမိုလက်စနဲ့ တုံးတိတိဖြစ်သွားလည်း လိုက်ရမှာပဲ၊ ငါတို့က တခြားကိစ္စလေးတွေပါ မေးစရာရှိသေးတယ်.."

အသေးလေး က ပြာသို နဲ့ ငယ်သူငယ်ချင်းဆိုသည့် စတိုင်လ်နှင့် ရှေ့ကဦးဆောင်ချင်၏။ သူ့ကို ပြာသို က မှတ်မိပါသည်လို့ပြောလိုက်တည်းက ဧကေ က တော်တော် သူကပဲ ကဲကဲ ..၊

စိုးထက် က အသေးလေးကို ကြည့်ပြီး ခေါင်းကုတ်၏။ ပြီးတော့ ကြိုက်သလိုလုပ်တော့ဆိုသည့်စိတ်ဒုန်းဒုန်းချကာ တည်ကြည် သွားတဲ့ အတိုင်း ခပ်သုတ်သုတ်လိုက်ကာမှ ..၊

"ဟာလို .."

".... .... .... ...."

"ဘာ .. အို မရဘူး၊ နင် ပြန်သွားလို့မရဘူး ရာရာ၊ ဒါပဲနော် .. ငါက ဒါဆိုဒါပဲ .."

".... .... .... ...."

"ဟုတ်တယ် .. အလုပ်ရှိတယ်၊ ဘာဖြစ်ဖြစ်ပေါ့ .."

".... .... .... ...."

"ရာရာ .. နင် ငါ့ကို မေးခွန်းထုတ်ဖို့မလိုဘူးနော် ..၊ ပါးစပ်ပိတ်ပြီးပြောသလိုလုပ် .."

ရာရာ ချည်းပဲ ထပ်ကြော့ရွတ်နေသဖြင့် ခက်ခက် က တံတောင်နဲ့တို့သည်။ ပြီးတော့ ခြေလှမ်းရပ်ပြီး ပြန်လှည့်ကြည့်နေသည့် စိုးထက်ကို မသိမသာပြ၍ ..၊

"တရာတည်း 'ရာ' မနေနဲ့ ..၊ ငါတို့နဲ့ ပတ်သက်မှန်း သူတို့က



သိတာမဟုတ်ဘူး .."

နှာခေါင်းပွတ်သလိုလို .. ပါးကုတ်သလိုလိုနှင့် ပါးစပ်မလှုပ်အောင် ထိန်းရင်း ပြော၏။ ဧကေ ကိုယ်တိုင်ကြောင်အမ်းအမ်းဖြစ်သွားခဲ့သည်။ စိုးထက် ပြန်လှည့်သွားမှ ခြေလှမ်းနောက်ချန်ခဲ့ကာ ..၊

"ရာရာ နဲ့ သူတို့ ဘာဆိုင်လို့လဲ ..၊ ရာရာ ခေါ်တာနဲ့ သိရအောင် သူတို့နဲ့ ခေါ်ပြောနေတဲ့ မိတ်ဆွေမို့လား .. မဆီမဆိုင် .."

"မသိဘူးလေ .. ဟိုမိန်းမက စကားပြောရင် တ'ရာ' တည်း'ရာ' နေတာ .."

"တ'ရာ' တည်း 'ရာ' နေလည်း ခေါ်ပြောဖူးကြမှသိမှာ .."

ပြောတာကို ဂရုမစိုက်သည့်အပြင် ဧကေ က ဖုန်းခေါ်နေသေးသည်။ စကားပြောတော့မှ ဘယ်သူ့ကိုခေါ်နေတာမှန်း သိလိုက်ရကာ ..၊

"ဟာလို .. မေမေလား .."

".... .... .... ...."

"အင်း .. မေမေ့ကို ပြောစရာရှိလို့ .. ဟာ .. မေမေ အလုပ်လုပ်နေလည်းမရဘူး၊ ပြောတာကိုနားထောင်ဦး မေမေ့ရဲ့ ဘော်ဒီဂတ်မက မဟန်ဘူးနော် .. ငွေအရမ်းလိုနေတိုင်း စပွန်ဆာရှာနေတာ နာမည်ကိုကြီးနေတာပဲ .."

".... .... .... ...."

"မယုံသေးဘူးလား .. ပြီးရော .. သမီး လက်တွေ့ပြနိုင်ပါတယ်၊ ဒါပေမယ့် ဒါမျိုးက လူရှေ့မှာလုပ်တာမဟုတ်တော့ ဖမ်းရခက်တယ်၊ သိပ်မကြာခင် သက်သေနဲ့တကွ မေမေ့ကိုပြမယ် စောင့်သာနေ .."

ပြောပြီး အားပါးတရရယ်လိုက်၏။ ပြီးတော့ မဲ့ကာ ..၊

"တွေ့မယ် ကြင်ရာတော် .. နင်က ငါ့ရဲ့ ရုံရွှေဖော်လုပ်ပြီး နိုက်ဆဲ အသာလေးယူချင်နေတာ၊ နင့်ကို ငါ့နားက လွင့်ထွက်သွားအောင်လုပ်ပြမယ် .."

"နင့်ကို စိတ်မချတော့ပါဘူးဆိုပြီး ဘန်ကောက်ကိုခေါ်သွားရင်

www.burmeseclassic.com

www.burmeseclassic.com



ဘယ့်နှယ်လုပ်မလဲ .. ကြည့်လုပ်ပါဦး ဧကေ ရယ် ...၊ ရာရာ့ လို မိန်းမလောက်ကို ဂရုစိုက်ပြီးတော့များ .."

"နင်မသိဘူး ဧင် .. အဲ့ဒီဟာမက သူ့ကိုခိုင်းနေတာလား၊ ဆရာတင်နေသလား ခွဲခြားတတ်တာမဟုတ်ဘူး၊ ရုပ်က ကျွန်ရုပ်ပေါက်သွားလိုက် သခင်လိုလို ဘုရင်လိုလို မျက်လုံးတဝင်းဝင်းနဲ့ အမောက်ထောင်လာလိုက် .."

"သြော် .. ကျွန်ရုပ်ပေါက်တော့ ခိုင်းလိုက်၊ သခင်ရုပ်ပေါက်လာတော့ ထောင်လာတဲ့ အမောက်ကို ဖနောင့်နဲ့တက်ပေါက်လိုက်၊ နင်တစ်ယောက်တည်းမဟုတ်ဘူး ငါတို့ရှိတယ်၊ သူ့တိုပေါက်ဖို့ ဖနောင့်တွေမှ အများကြီး .."

ပြောပြီး ရယ်နေကြတာ တော်တော်နဲ့ အတောမသတ်နိုင် ...။

ပြီးတော့မှ ခက်ခက် က ရယ်ရှိန်သတ်လိုက်ပြီး ခြေလှမ်းကိုရပ်ပစ်လိုက်ကာ ...၊

"နင် အရမ်းတော်တယ် ဧကေ .."

"ဟ .. အထင်ကြီးသွားတော့လည်း ဘလိုင်းကြီးပါလား .."

"ဟုတ်တယ် .. ပြာသို့ ကိုလည်း ဒုက္ခပေးပြီးသားဖြစ်မယ်၊ ရာရာ့ကိုလည်း ကန်ထုတ်နိုင်တယ်၊ ရာရာ နဲ့ ငါတို့ကို ဆက်စပ်မသိတာကိုက ပြာသို နဲ့ ရာရာ က ငါတို့ရဲ့ နယ်ရုပ်တွေဖြစ်လာတာ .."

"ငါလည်း ပြာသို့ ကို လုံးဝတင်းတယ်၊ သူတို့က ငါတို့အဖွဲ့ကိုများ ရုပ်ဆိုးမအဖွဲ့ကျနေတာပဲ မတူသလိုမတန်သလို .. ဟွန်း .."

"ဒါကတော့ ငါတို့တားနေတဲ့ကြားက ဒီမိန်းမက သိသာအောင် ဖလန်းဖလန်းထပြလိုက်တာကိုး ...၊ ဒီကောင်က တကယ့်အညွန့်အဖူးလေးတွေနဲ့မှ တွဲတာ .."

"ဧင် နော် .. ငါ့ကို နင်က သူတွဲနေတာတွေနဲ့ ဘာမှမဆိုင်ဘူးလို့ ပြောလိုက်တာလား .."

"သူက ဒီတိုင်းသတ်မှတ်ထားတာ အသိသာကြီး၊ သူတင်မကဘူး



သူ့ကောင်တွေကိုက ငါတို့ကို ရင်းနှီးလို့လား .."

သူတို့ဘယ်လိုကြိုးစားရင်းနှီးလို့မှ မရကြတာကို ထည့်မပြောပေမယ့် ကိုယ်စီနှားလည်နေကြကာ မလိုမုန်းတီးခြင်းက ဧကေ မှာသာမကဘဲ သူမတို့အားလုံးရင်ထဲမှာ ကိုယ်စီ အချိုးတူ ...။

"သူ့မင်္ဂလာပွဲမတိုင်ခင် ငါတို့ လှုပ်ရှားစရာရှိတာ လှုပ်ရှားရမယ်.."

"ဟုတ်တယ် .. သူ့မင်္ဂလာပွဲလည်း ပျက်ရမယ်၊ ဒီပွဲပြီးတာနဲ့ ရာရာလည်း ကျောကော့ထွက်စမ်းပဲ .."

"ဟွန်း .. ဒီဟာမကြောင့် ငါတို့ရဲ့ စားပေါက် သွားပေါက်တွေ အကုန်ပိတ်ကုန်တာ၊ ကောင်မ အိညှပ်အိညှပ်နဲ့ ပိုက်ဆံအသာလေးသုံ့ယူနေတာ အရမ်းအသည်းယားတာပဲ .."

"ယားမနေပါနဲ့ မိဧင် ရယ် .. သူများထက်ထူးပြီးသူက ကျွန်ခံရဲတော့လည်း သူများထက် ပိုစားရတာပေါ့၊ မကြာပါဘူး သူ သူတောင်းစားလို လက်ဖြန့်တောင်းတာတောင် ဘာမှရမှာမဟုတ်ဘူး .."

ရန့်ရင်းကြမ်းတမ်းလွန်းသည့်စကားတွေကို အားပါးတရပြောရင်း ရယ်နေကြကာ အပြတ်အသတ်ကြိမ်းဝါးနေကြ၏။

တကယ်တော့ ပြာသို့ ကို တမ်းတမ်းစွဲ ရူးသွပ်ခဲ့တဲ့စိတ်တွေက မရနိုင်မှန်းသိတော့လည်း တပ်ခေါက်လှည့်ပြန်ရုံအပြင် ရှေ့ဆက်တိုးဖို့လည်း မဖြစ်နိုင်တော့ပါ။

ဒါပေမယ့် ရာရာ့ ကို မလိုလားခြင်းက အမုန်းဖြစ်ခဲ့ပြီး ပြာသိုနဲ့ ပူးတွဲပြီးဒုက္ခပေးချင်စိတ်တွေ ဖြစ်လာခဲ့တာကတော့ သူတို့ ကံကြမ္မာပဲပေါ့ ...။

ကိုယ့်လုပ်ရပ်အတွက် ကျေနပ်ဝမ်းသာနေမိရင်း ဧကေ အပြုံးတွေက အနီရောင်သမ်းနေခဲ့လျက် ...၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

"ရာရာ .. အဲ့ဒါတွေမဝတ်ချင်ဘူး .."

"ဟဲ့ .. နင့်ကို ငါ့အင်္ကျီအပေါင်းတွေ ပေးနေတယ်ထင်လို့လား

"မထင်ပါဘူး၊ ဘာဖြစ်ဖြစ် .. အဒီလိုထင်နေတာကြ ရာရာ မဝတ်

ချင်ဘူး၊ ဆံပင်တွေလုပ်တဲ့အတွက်လည်း .."

"ဘာလဲ .. ပိုက်ဆံပြန်ပေးမယ်ကြံမလို့လား .. ဟွန်း .. လာ

တယ် .."

"ဟုတ်ပ .. ဇေကာ ပြောသလိုပဲ .."

'ကျွန်လိုလို သခင်လိုလို' ဆိုသည့်စကားကို အသေးလေးက မျက်

လွှဲပြီး ပွစိပွစိရေရွတ်၏။

ဆံပင့်အလှပြင်ဆိုင်ရှေ့မှာ ဇင် က အင်္ကျီထုပ်ဆွဲထားရတာ

မှုည်ဖြစ်လာကာ ရာရာ့ ရင်ခွင်ထဲကို ဆောင့်အောင့်ပစ်ထည့်လိုက်

"ရော့ .. ရှင်းစရာရှိတာ နောက်မှရှင်းကြ၊ ငါက နင့်အင်္ကျီ

ဆွဲပေးထားရအောင် နင့်ကျွန် မဟုတ်ဘူး .."

'ကျွန်' ဆိုသည့်စကားကို သူမတို့ပါးစပ်မှာ လက်လွှတ်စပယ်



ကြားနေရတတ်သဖြင့် ရာရာ စိတ်ပျက်စွာကြည့်မိ၏။ ပြီးတော့ ရင်ခွင်

ထဲ ရောက်လာသဖြင့် ကိုင်ထားလိုက်ရသည့် ကတ္တူအိတ်ထုပ်ကို ငုံ့ကြည့်

ကာ ...

"ရာရာ မဝတ်ချင်လို့ တောင်းပန်နေတာပါ .."

"အေး .. မဝတ်ချင်လည်း ဝတ်ရမှာပဲ၊ အဲ့ဒါတွေဝတ်မှ အခု နင်ထိုင်

ရမယ့်ဆိုင်က နင့်ကို သူတောင်းစားထင်ပြီး မောင်းမထုတ်မှာ .."

"ဘယ်လို!.."

ရာရာ ပြန်မေးတော့ ဇေကာ က လက်ပိုက်ထားလိုက်ပြီး ...၊

"အခု .. မျှော်စင်ကျွန်းကိုသွားမယ် .."

"သင်တန်းရှိသေးတယ်လေ .."

"သင်တန်းတစ်ရက်ဖျက်မှာ .."

"ဟင်!..."

"ကြီးကြီးကျယ်ကျယ်တွေ ထပ်မပြောနဲ့ ...၊ သင်တန်းတစ်ရက်

ဖျက်တာ ကမ္ဘာမြေတုန်ဟီးသွားမယ့်ကိစ္စမဟုတ်ဘူး၊ နင့် အမေ နေမ

ကောင်းလို့ ငါခေါ်တာ နင် မလာနိုင်တာကျတော့ အဲဒီတစ်ရက် ငါ

ခွင့်ပြုခဲ့တယ်၊ အပြန်အလှန်ပေးကြယူကြတာပေါ့ ...၊ အခု ငါနိုင်းတာ

နင်လုပ်ရမယ် .."

ဆံပင်တွေ လှလှပပညှပ်ပြီး ပိုက်ဆံတွေအများကြီးပေး၍ ပေါင်း

ဆေးတင်ခိုင်းသည်။ အချိန်အကြာကြီး ဒီဆိုင်ထဲမှာ ဆံပင်ကိုအမျိုးမျိုး

ပြုပြင်ပြင်ဆင်ပြီးတော့ အင်္ကျီထုပ်တွေပေးဝတ်ခိုင်းပြန်၏။

သူမတို့ ဘယ်လိုဒုက္ခပေးဖို့ ကြံစည်နေကြပြန်ပြီလဲတွေးမိရင်း ရင်

ထဲမှာ ပူလောင်လာမိလေသည်။ ဇေကာ တို့က ရာရာ့ ကို ခြေဆုံးခေါင်းဆုံး

ကြည့်၍ တစ်ယောက်နဲ့တစ်ယောက် အကြည့်တွေနဲ့ တိုင်ပင်နေကြ၏။

သူတို့မျက်လုံးတွေရဲ့အဓိပ္ပာယ်ကို သူတို့ပဲ နားလည်မှာဖြစ်သော်

ဇင် က မနေနိုင် မထိုင်နိုင်မဲ့၍ ...၊

"အင်း .. အဆောင်အယောင်ကောင်းတော့လည်း ရုပ်ခွေးက ခြသေ့

www.burmeseclassic.com



ဖြစ်သွားနိုင်တာပဲနော် .. အံ့သြစရာ ..''

''ဘာမှမဆိုင်ဘူး ..''

အသေးလေး က ချက်ချင်းဖျက်သည်။ ဇင့် ကိုလည်း မျက်စောင်းရှယ်ပြီး ပြောစရာလားလို့ အပြစ်တင်သည့်အကြည့်နှင့် ..၊

''ဘာနဲ့တူသွားသွား အတုကအတု အစစ်ဖြစ်မလာဘူး ..''

ဆံပင်ပဲ လုပ်ထားရသေးတာ၊ အဝတ်အစားဘာညာတောင် လဲလှယ်ပြင်ဆင်ရသေးတာမဟုတ်ဘဲနဲ့ ဇင် ဆိုတဲ့ မိန်းမ ဘာတွေလျှောက်ပြောနေတာလဲ ..၊

ဒီဟာမလေး မာန်တက်သွားရင် ဘယ်လိုလုပ်မလဲ ..။

အသေးလေး စိတ်တွေတိုနေတာကိုကြည့်၍ အားလုံးကပြုံးစိစိနှင့် ဇေ ကတော့ ဂရုမစိုက်သည့်အကြည့်တွေနှင့် ခေါင်းခါပြကာ ..၊

''ကဲပါ .. သွားကြမယ်၊ နင် အဲ့ဒါကိုလဲဝတ်ပြီးလိုက်ခဲ့ ..၊ နောက်ကျလို့မဖြစ်ဘူးနော် ..''

''မမလေး ..''

ရာရာ က ခြေလှမ်းပြင်လိုက်သည့် ဇေ ကို အမိအရခေါ်၍ ...

''ရာရာ ဒါတွေမဝတ်ချင်ဘူး ..''

ဇေ မျက်နှာ တင်းမာသွား၏။ ရာရာ ကလည်း မျက်နှာလေးကို မတည်မတင်းစေဖို့ ထိန်းရင်း ..၊

''မမလေး ကြိုက်တာခိုင်းပါ .. ရာရာ ဒီတိုင်းလုပ်ပေးပါ့မယ်..''

''အေး .. ပြီးတာပဲ ဒါဆို အခုလိုက်ခဲ့တော့ ..''

သူမတို့ ထွက်သွားသည်နှင့် ရာရာ အကျီထုပ်ကိုဆွဲလျက် ဒီတိုင်းရပ်ကျန်ရစ်၏။ လိုက်သွားရမှာက မျှော်စင်ကျွန်း ..၊ တကယ်တမ်းသူမ ဘာလုပ်ရမည်ကို သိလိုက်သည်နှင့် ရာရာ မျက်လုံးပြူးသွား၏။

''ဘယ် .. ဘယ်လို .. မဇေ ..''

''အံမာ .. ခုချက်ချင်း အခေါ်အဝေါ်တွေပြင်လိုက် ..''

ဇေ က သူမ လက်မောင်းကို ဆောင့်ဆွဲပြီး ကြိမ်းဝါးကာ ..



''ငါ သူ့ရဲ့ပုံတူကိုရမှဖြစ်မယ် .. အဲ့ဒီအတွက် နင့်ကိုငါက သပ်သပ်ငါးသောင်းပေးမှာ .. အလကားမခိုင်းဘူး ..''

''ဒီလူက ရာရာ့ ကို တစ်မျိုးတစ်မည်ထင်နေတာ .. တော်ကြာ..''

''နင့်ကို လက်တို့ပြီး သွားမိတ်ဆက်ခိုင်းတာမဟုတ်ဘူး၊ ကိုယ့်စားပွဲကနေ တိတ်တဆိတ်ထိုင်ကြည့်ပြီး ဆွဲနေရုံပဲ ..''

ရာရာ့ မျက်နှာလေး ညှိုးငယ်သွားလေသည်။ ကော်ဖီရောင် ရဲရဲလေးနှင့် ပျော့နွဲ့နေပြီဖြစ်သည့် ဆံပင်တွေက အရင်လို ခပ်ပွပွအုပ်အုပ်သိုက်သိုက်ပုံစံမဟုတ်တော့သဖြင့် ဖြူဝင်းနေသည့်မျက်နှာလေးက ပေါ်လွင်လာသည်။

နှာတံကော့ကော့လေးက ပိုထင်းလာ၏။ ရာရာ ဆိုသည့် ခပ်စုတ်စုတ်ပုံစံလေးက တစ်မျိုးတစ်မည်ပြောင်းလဲနေတာကတော့ သိသိသာသာပါ။

ထို့ပြင် မျက်မှောင်လေးကုတ်ထားတိုင် မာနကြီးသည့်မျက်ဝန်းလေးတွေက အတွင်းစိတ်သဏ္ဍာန်ကို ဖော်ပြနေသလိုရှိကာ ..၊

''ဟဲ့ .. ပြောတာကြားရင် လိုက်ခဲ့ ..''

သူမကို ဝိုင်းငေးနေကြသည့် အသေးလေး တို့အားလုံးကို တပ်လှန့်သလို ခပ်ဆောင့်ဆောင့်ပြော၍ ဇေ က ဦးဆောင်ထွက်၏။ ရာရာ က ဘာကိုမှ သတိမထားမိပါ။

သူမ ဘယ်လိုပုံစံပြောင်းသွားတာ၊ သူတို့အကြည့်တွေ ဘယ်လိုစူးစိုက်နေတာ ဘာကိုမှမသိ ..။

သူမ သိနေတာက အမေ့ကျန်းမာရေးနဲ့ ကိုကြီး ရက်စက်စွာ လက်ပြနှုတ်ဆက်သွားခဲ့ခြင်း ..။

''ကိုကြီး ပြန်လာမှာပါ၊ ဒါပေမယ့် ဘယ်တော့ဆိုတာတော့ မပြောနိုင်သေးဘူး၊ ဒီလထဲ ဖြစ်ချင်လည်းဖြစ်မယ်၊ နောက်နှစ်ထဲလည်း ရောက်ရှင်ရောက်သွားမယ် ..''

''မင်္ဂလာစရိတ်လည်း ကိုကြီး ဘာသာရှာဖွေလုံးပမ်းပိုက်ရတာလေ၊ အဲဒါကြောင့် ပိုက်ဆံပို့ဖို့ကတော့ အဆင်မပြေသေးဘူး ညီမလေး

www.burmeseclassic.com

www.burmeseclassic.com



ရာ၊ ခရီးကလည်း အဝေးကြီးဖြစ်နေတော့ .. ညီမလေး အန်တီတို့ ချော တို့ဆီက ခဏလှည့်ဆွဲလိုက်ကွာ .."

ပြောသွားသမျှကို ပြန်တွေးမိတိုင်း စိတ်က ပစ္စုပ္ပန်ကနေ အဝေး ကို လွင့်ထွက်မျောပါသွားတဲ့အတိုင်း ..၊

"တိမ် .. တီ .. တီ .. တင် .."

ဖုန်းထဲက မက်ဆေ့ချ်ဝင်လာသည့်အသံကြောင့် ဖွင့်ကြည့်လိုက် တော့ ဟေမာန့် ဆီကဖြစ်ကာ ..၊

"ရာရာ နင့်အတွက် ငါ့ခဲအိုစက်ရုံမှာ အလုပ်ပြောပေးထားတယ်၊ နှစ်ခုလုပ်ချင်တယ်ဆိုလို့ အလုပ်သိမ်းပြီး သန့်ရှင်းရေးအိုဗာတိုင်းမ် လုပ်ချင်ရင်လည်းရတယ်၊ မက်ဆေ့ချ်ပြန်ပို့ဦး .."

မက်ဆေ့ချ်ဖတ်ပြီး ရာရာ ဝမ်းသာသွားသည်။ ကိုယ်တိုင်လည်း အလုပ်တွေ လိုက်လျှောက်ထားသေးသည်။ သူငယ်ချင်းတွေကိုလည်း အကူအညီတောင်းထားခဲ့၏။

ဒီတိုင်းဆို ပြိုင်တူရလာတဲ့အလုပ်နှစ်ခုမှာ ဒီအလုပ်ကိုပဲ အာရုံစိုက် တော့မည်။ တစ်ခုက အချိုရည်စက်ရုံမှာဖြစ်ကာ လစာက တော်တော် နည်း၏။

ဟေမာန့် ဆီကသာ ဒီမက်ဆေ့ချ်မရရင်တော့ လကုန်တာနဲ့ သူမ အချိုရည်စက်ရုံမှာပဲလုပ်တော့ဖို့ ဆုံးဖြတ်ထားခဲ့တာဖြစ်သည်။

လူငယ်ချင်း ဘုရားထူးပြီး 'ကျေးကျွန်' လိုနေနေရသည့် ဘဝထက် စာလျှင် လစာနည်းလို့ တစ်နေ့ကို ထမင်းတစ်နပ်ပဲစားရရင်လည်း ရှိပါစေ..။

ဟေမာန် ပြောတဲ့အလုပ်မှာ သန့်ရှင်းရေးအလုပ်လုပ်ရရင်လည်း လိပ်ပြာသန့်သည်။ နေ့စဉ် နာကျင်မှုတွေနဲ့ မျိုသိပ်ရှင်သန်နေရပြီး ပိုက်ဆံ ကိုင်သုံးခွင့်ရနေခြင်းကသာ သူမအတွက် ငရဲ ..။

စိတ်ထဲမှာ ပျော်သွားကာ ဝေ့ဝဲနေသည့် မျက်ရည်စတို့ကို မျက်တောင် ဖိခတ်ပစ်ရင်း ပြန်လည်သိမ်းဆည်းလိုက်၏။ သူမ ယူထားသည့် ငွေ အတွက် ဒီလကုန်တာနဲ့ ထပ်မယူတော့ရင်ပြီးပြီ ..။



"ရာရာ ရယ် .. ငွေလိုအပ်တာမှန်ပါတယ်၊ နင့်နေရာမှာဆို ဘယ် ..းကလေးဖြစ်ဖြစ် ပျာယာခတ်သွားမှာအမှန်ပဲ ..၊ မအေက စိတ်ဝေဒနာ ..နေတယ်၊ စားစရာရှာရမယ် .. ဆေးဖိုးဝါးခလိုတယ်၊ ကိုယ်မရှိရင်လည်း ..ဖြစ်ပြန်ဘူး၊ ဒါပေမယ့် အခက်အခဲရှိလာရင် ဖြေရှင်းဖို့ နည်းတစ်ခုခု ..တော့ ရှိလာမှာပါ၊ နင် ဒီလိုနည်းနဲ့ ဖြေရှင်းတာက ကိုယ့်ကိုယ်ကိုယ် ..ညွှန့်တုံးစေတယ်ဟ .."

ဟေမာန့် ဆီမှာ အလုပ်ကိစ္စအကူအညီတောင်းတုန်းက ဒီစကား ..တွေကိုပြောခဲ့တာပါ။ ဘယ်သူငယ်ချင်းကဖြစ်ဖြစ် ဧက တို့နဲ့ အလုပ် ..လုပ်ဖို့သာ တားဆီးနေကြသည်။

"ငါမြင်ဖူးပါတယ်၊ မျက်နှာက အသားအရေကြမ်းကြမ်း၊ မျက်လုံး .. ပြူးပြူးနဲ့ သူ့ကိုမြင်လိုက်တာနဲ့ စိတ်ခါတ်ခက်ထန်ပြီး စိတ်ကောင်း ..ရှိဘူးဆိုတာ အရမ်းသိသာတယ်၊ တစ်ဖွဲ့လုံး ဘယ်လိုပုံစံတွေမှန်းမသိဘူး.."

လို့ ပြောကြတာလည်း တစ်ယောက်တည်းကပြောတာမဟုတ် ..။

ခုတော့ သူမ ပေးဆပ်ရမယ့် ဝဋ်ကြွေးကုန်တော့မည်ထင်သည်။ ..အမေ့အတွက် ငွေများများသုံးနိုင်ဖို့လိုပေမယ့် ဒါအတွက် သူမ ထိတ် ..န့်ဗျာများမနေတော့ဖို့ ကိုယ့်ကိုယ်ကိုယ် ဆုံးမထားသည်။

မောင်နှမနှစ်ယောက်ရှိနေပေမယ့် အမေက သူမ လက်ထဲမှာပဲရှိ ..နေသည်။ ဒါဟာ အမေ့ကို သူမ ပြုစုလုပ်ကျွေးလိုက်ဖို့ပဲဖြစ်၏။ ထို့ ..ကြောင့် အမေနဲ့ သူမအတွက် ကမ္ဘာမြေကြီးက စားစရာသုံးစရာရအောင် ..ဖွင့်ပေးလာလိမ့်မည်။

ကိုယ့်ကိုယ်ကိုယ် အားတင်း၍ ခြေလှမ်းတို့ကို ပေါ့ပါးစွာလှမ်းထွက် ..ခဲ့၏။

သို့သော် အရာရာဟာ မျှော်လင့်တိုင်းတော့ ဖြစ်မလာနိုင် ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

"ဘာ … အလင်းအိမ် … ဟုတ်လား …"

သဒ္ဒါ့ မျက်နှာလေးက အနီရောင်သမ်းလာခဲ့လျက် အပြုံးအရယ်တွေ လုံးဝပျောက်ဆုံးသွားခဲ့၏။ ဒီနေ့ ဒီသတင်းကြားရလိမ့်မယ်လို့လည်း မထင် …၊ ပြာသို ဒီလို နာခံသွားနိုင်တယ်လို့ တွေးမိဖို့ဆိုတာ အဝေးကြီး…

"သူ့ကို သို က လက်ထပ်မယ်ဟုတ်လား …"

"ဪ … ဖိတ်စာတောင် ရိုက်နေပါပြီဆိုမှ …"

တည်ကြည် က ဝင်ဖြေ၏။ ထိုစဉ် မှာထားသည့် စားစရာတွေ ရောက်လာပြီဖြစ်ကာ ပြာသို့ အတွက် ကော်ဖီအေးက တည်ကြည့် ဘက်ကို ရောက်နေသဖြင့် တည်ကြည် က ပြာသို့ ဆီ တွန်းပို့ဖို့ကိုင်လိုက်လျှင် သဒ္ဒါ က ဖျတ်ခနဲဆို ဆွဲယူသွားပြီး ပြာသို့ ရှေ့မှာ ထားပေးလိုက်ရင်း…

"သဒ္ဒါ က သို့ ချစ်သူဆိုတာတော့ … သို မမေ့သေးပါဘူးနော်…"

"သဒ္ဒါ ရာ ဆောရီးပါ … အဲဒီကိစ္စတွေကို ကိုယ် ဂဃနဏမသိ…တာအမှန်ပါ၊ ကိုယ်သိတာ စေ့စပ်ထားကြမယ်ဆိုတာပဲ …"

"စေ့စပ်ထားတယ်ဆိုလည်း တစ်ဝက်သေချာထားတဲ့ သဘော…



သို ရယ် … စေ့စပ်တော့မယ်ဆိုတည်းက သဒ္ဒါ သိခွင့်ရှိနေတာမဟုတ်ဘူးလား … ခုတော့ စေ့စပ်ဖို့သေချာပြီးမှ …"

"ကျွတ် …"

ပြာသို့ မျက်နှာ မဲခနဲဖြစ်သွားကာ တစ်ဖက်ကိုလွှဲပစ်၏။ ပြီးတော့ ပြန်…ကြည့်ကာ …၊

"မသိတော့ဘူး သဒ္ဒါ … စေ့စပ်တာနဲ့ လက်ထပ်တာက ကျဉ်းကျပ်မှုခြင်း လှမ်းကွာသေးတာပဲ ကိုယ်သိတယ်၊ ကိုယ့်အိမ်ကို လက်မထပ်ချင်ပါဘူးလို့ ငြင်းခဲ့တဲ့အကြိမ်အရေအတွက် များပြားလာခဲ့တဲ့အတွက် စေ့စပ်ထားချင်တယ်ဆိုတာကို ကိုယ် လက်ခံခဲ့တယ် … ဒါပဲ …"

"အဲဒီတော့ …"

"မင်းရင်ထဲမှာ ဘာတွေဖြစ်သွားလဲ ကိုယ်မသိဘူး၊ ကိုယ့်ဘက်မှာ ဖြစ်နေတာတွေ မင်း နားမလည်ဘူးဆိုရင်လည်း အဆင်ပြေတယ်၊ လောလောဆယ် ကိုယ်တို့ဘာမှမဖြစ်ကြဘူး၊ ဒါတွေ အေးဆေးစားကြမယ် … အိုခေ …"

'အိုခေ' လို့ပြောပြီး ကော်ဖီအေးကို ထပ်ဆွဲယူသည်။ သဒ္ဒါ့ မျက်နှာလေး ရှုံ့တွမဲ့တဲ့တဲ့နှင့် စားပွဲအောက်မှာရှိနေသည့် လက်ဖဝါးလေးတွေသာ လက်သီးဆုပ်လေးတွေဖြစ်နေခဲ့ရလျက် …၊

"သဒ္ဒါ နားလည်ပေးမှာပါ၊ အစတည်းက ရှေ့ကစီနီယာတွေအတိုင်း သွားရမှာပဲဆိုတာ ကြိုတွေးထားပြီးသား …"

ရာသီဥတုက မသာယာတော့ တည်ကြည် နဲ့ စိုးထက် ငို့အသံတိတ်နေကြ၏။ သဒ္ဒါ ဆိုတဲ့ကောင်မလေးကို သိပ်တော့လျှော့တွက်လို့ မရသေး…

သူမက ပညာတတ်အသိုင်းအဝိုင်းကဖြစ်သလို ချမ်းသာသော လူကုံထံအသိုင်းအဝိုင်းကလည်း အတောင့် …၊

ပြီးတော့ သူမလေးက အစ်ကိုဝမ်းကွဲတွေရဲ့ အရေးပေးအလိုလိုက်မှုနဲ့ ကြီးပြင်းလာသလောက် ခပ်ဆိုးဆိုးစွာတာတာပုံလေးပေါက်နေတာက သိသာ၏။

www.burmeseclassic.com

www.burmeseclassic.com



"သဒ္ဒါ .."

ဖုန်းသံမြည်နေတာ သူမ ကြားမယ်မှန်းတော့ သိသည်။ ဒါပေမယ့် ဘာသီချင်းတုလေကြောင်းပြောင်းသွားမလား မျှော်လင့်ချက်လေးနှင့် စိုးထက်က သတိပေးဖို့ခေါ်၏။

သဒ္ဒါ မျက်မှောင်ကုတ်လျက် ဖျတ်ခနဲလှမ်းကြည့်တော့ ဟဲခနဲ ရယ်ပြီးဘာ စားပွဲပေါ်တင်ထားသည့် ဆလင်းဘတ်အိတ်ကို မေးဆတ်ပြ၍ ..၊

"ဖုန်း .. ဖုန်းလာနေတယ် .. လို့ .."

ပြုံးပြုံးလေးပြောပေမယ့် သဒ္ဒါ မျက်စောင်းက အကြောင်းသုံးပါးရွေး နှုတ်ဆက်ရုပ်ပြေးသွား၏။

ဖုန်းထုတ်ကိုင်လိုက်ပြီး မှုန်ကုတ်ကုတ်မျက်နှာလေးနှင့် ..၊

"ဟလို .. ဘယ်သူလဲ .."

"တို့ ဘယ်သူဖြစ်ဖြစ်ပါ .. လောလောဆယ် မင်းက ပြာသို့ ရဲ့ ချစ်သူဆိုတော့ သိသင့်တာလေးတစ်ခု သတင်းပေးစရာရှိလို့ .."

"ဘာလဲ .. ဘာကိစ္စကိုလဲ .."

"တို့ပြောရင် မင်း ချက်ချင်းတော့ လှည့်မကြည့်လိုက်နဲ့နော် ..၊ သူ ထပြေးသွားရင် မင်း ဖမ်းမိမှာမဟုတ်တော့ဘူး၊ မင်းတို့ စားပွဲနဲ့ နောက်ဒိုင်းကျော် အပြင်ထောင့်က သစ်စိမ့်ပင်လေးဘေးက စားပွဲမှာ မိန်းကလေးတစ်ယောက် မင်းရဲ့ ပြာသို ရဲ့ပုံတူကို သေချာထိုင်ရေးနေတယ် .."

ဟင် ..၊

သဒ္ဒါ မျက်လုံးမှာ လျှပ်စီးလက်သွားသည်။ ရင်ထဲမှာ ပေါက်ကွဲချင်နေသည့်ဒေါသတွေက ပြာသို နဲ့ ပတ်သက်ပြီးတော့ပဲ ထပ်ငြိလာသဖြင့် အားကောင်းမောင်းသန် ခေါင်းထောင်ထလာကြ၏။

"သူ့ကို မင်းသိချင်သိမှာ .. ကြင်ရာတော် တဲ့ ..၊ ပြာသို့ နောက်ကို တကောက်ကောက်လိုက်ပြီး ကပ်တွယ်နေတာလေ ..၊ တော်တော်များများ သိကြပါတယ်၊ ပြာသို့ ကိုမေးကြည့်ပါလား၊ သူကတော့ သနားသဖြင့် မပြောဘဲနေတာဖြစ်မှာပါ ..၊ ဒါပေမယ့် ပြာသို့ ပုံတူကို သူ ရသွားရင်



တော့ သူ့ပါးစပ်ထဲမှာ ဘာမဆိုဖြစ်ပြီနော် .."

"တောက် .."

"ဘာဖြစ်လို့လဲ .."

စပ်စုတတ်သည့် စိုးထက် က သိချင်ဇောနှင့် မေး၏။ ပြာသို က ကော်ဖီသောက်နေရင်း မျက်လွှာပင့်ကြည့်သည်။ သဒ္ဒါ က ဘာမှမပြောဘဲ ဘယ်သူ့ကိုမှလည်း မမေး ..၊

နေရာမှ ဆတ်ခနဲထရပ်လိုက်၏။ သူမ ထိုဆီသို့ မျက်နှာမူလိုက်တာနှင့် ပုံတူကို ထုတ်လိုက်နိုင်တာမို့ ချက်ချင်းမလှည့်သေးဘဲ ပင့်သက်ရှိုက်၍ အံကြိတ်လိုက်၏။

ပြာသို တို့ သူမ ဘာဖြစ်သွားမှန်းမသိသလို ပုံတူကိုအပြီးသတ်ဖို့သာ အာရုံစိုက်နေသဖြင့် ရာရာ သူမရဲ့ကံကြမ္မာကို ဂရုမစိုက်မိခဲ့ပေ ..။

ကူးယူနေရသည့်အပိုင်းပြီးတာနှင့် ဆံပင်တွေ အင်္ကျီပုံတွေကို မြန်မြန်ဆန်ဆန်ဖြည့်စွက်၍ အပြီးသတ်နေမိသည်။ ထိုစဉ် သူမဘေးကို လူရိပ်တစ်ရိပ် ကျရောက်လာခြင်းနှင့်အတူ ..၊

"ဒါ ဘာလုပ်တာလဲ .."

ဟင်!..၊

စာရွက်ကိုအကြမ်းပတမ်းဆွဲယူပစ်လိုက်သဖြင့် ဆုပ်ကိုင်ပစ်လိုက်သည့် စာရွက်ထောင့်က လုံးကြေသွား၏။ ဖန်တီးခဲ့သော အနုပညာရှင်၏ နှလုံးသားက ကိုယ့်ရဲ့ ဖန်တီးမှုတစ်ခုကို နင်းချေဖျက်ဆီးပစ်လိုက်သဖြင့် ဆတ်ဆတ်ခါနာသွားခဲ့ပြီး ..၊

"ရာရာ့ ပုံတူပြန်ပေးပါ .."

"ဘာပြောတယ် .. နင်က .."

ရာရာ သူမကို မသိပေ ..။ သိဖို့လည်း အာရုံမရောက်ဘဲ ပုံတူစာရွက်ကို စိုးရိမ်တကြီးလိုက်ကြည့်ကာ အတင်းပြန်လုလိုက်လျှင် ပုံတူကို ပြန်ရလိုက်ပေမယ့် ..၊

"ကောင်မ .. ကဲဟာ .."

www.burmeseclassic.com

www.burmeseclassic.com



"မလုပ်နဲ့ .. ဟော့ .."

ပြာသို ပြေးလာပေမယ့် အချိန်မမီတော့မှန်းသိလိုက်ကာ လှမ်းအော်တားဆီးလိုက်သည့်အသံက မိုးကြိုးပစ်သံလောက် ပြင်းရှသွား၏။

သဒ္ဒါ လက်က အားပါးတရလွှဲမြှောက်လိုက်သည့်အတိုင်း လေထဲမှာ ရပ်တန့်သွားခဲ့၏။ ပြာသို က [illegible]ရောက်လာပြီး မြှောက်ထားဆဲ သဒ္ဒါ လက်ကို ဖယ်ချပစ်လိုက်သည်။

ပြီးတော့ အခြေအနေကိုလည်းဘာမှန်းမသိဘဲ ..၊

"ဘာဖြစ်နေကြတာလဲ .."

"ဘာဖြစ်နေမှန်း[illegible]ကာင်မသိဘဲ ဒီလောက်တောင် လှမ်းအော်တားရသလား သို .."

ပြာသို့ မျက်နှာရဲခနဲဖြစ်သွားသည်။ သဒ္ဒါ ကလည်း ဒေါသတွေနှင့် စိုက်ကြည့်နေ၏။ ကိုယ့်ကိုထားပြီး ဈေးစပ်ဖို့ လက်ခံလိုက်တဲ့ယောက်ျား..၊

မိန်းကလေးတွေ တကောက်ကောက်လိုက်ကြိုက်နေတာကို သင်းလောက် သက်ညှာစာနာတာလည်းမရှိ ..၊

သဒ္ဒါ အကြည့်တွေက ရာရာ မျက်နှာလေးဆီ ပြင်းထန်စွာပြန်လည်ကျရောက်၏။

ဒီလိုအဆင့်မရှိတဲ့ မိန်းကလေးကိုလည်း သူက သနားနေပြန်သေးသည်။

"ဟွန်း .. သူ့လက်ထဲမှာ ဘာလဲ တွေ့လား .."

ပြာသို က စာရွက်ကို ခုမှ သတိထားမိသည်။ ပြေးလွှားရောက်လာကြသည့် စိုးထက် တို့ကလည်း လိုက်ငုံ့ကြည့်၏။

"ပြာသို့ .. မင်းပုံပဲ .."

ရာရာ အခြေအနေကို ခုမှ သဘောပေါက်သွားကာ ပုံတူစာရွက်နဲ့ လက်ကို ဆတ်ခနဲဆန့်ချကာ တင်ပါးလေးနားမှာ ဖိကပ်ကွယ်လိုက်ပြီး..၊

"ဒါက .."

"ပြောလိုက်လေ .. ရှင့်ပုံကိုယူပြီး ကျွန်မ ရည်းစားပါလို့ ကြွားချင်လို့ပါဆိုတာ .."



"မဟုတ်ဘူး .. အဲ့ဒီလို လုံးဝမဟုတ်ဘူး .."

"ဘာမဟုတ်တာလဲ .."

သဒ္ဒါ က ဒေါသတွေကြီးကာ ခြေလည်းဆောင့်သည်။ တအားလည်း အော်သည်။ ဆိုင်ထဲမှာရှိသမျှ လူတွေရော ဘေးပတ်ဝန်းကျင်မှာ သွားလာနေတဲ့လူတွေပါ အလန့်တကြားလှမ်းကြည့်ကြလျှင် သူမမှလွဲ၍ ပြာသို တို့ရော ရာရာ မျက်နှာလေးမှာပါ ရှက်ကြောက်ခြင်းတို့သာ လွှမ်းခြုံသွားခဲ့လျက် ..၊

"သဒ္ဒါ .. အဲဒီကိစ္စကို မင်း ဒီလောက်ထိ မဖြစ်သင့်ဘူးနော် .. ပတ်ဝန်းကျင်မှာ လူတွေနဲ့ .."

"ပတ်ဝန်းကျင်က လူတွေကို သဒ္ဒါ တို့က ရှက်ရမှာမဟုတ်ဘူး၊ မိန်းမနောက်ပိုးလုပ်နေတဲ့သူက ရှက်ရမှာ .."

ပြောလေ အသံကိုပိုမြှင့်အော်လေ ..။

"တောက် .."

ရှက်သည့်ဒေါသတွေက အသိစိတ်တို့ကို ဘာဆိုဘာခွဲခြားချင့်ချိန်ခွင့်မပေးတော့ဘဲ ပြာသို ရာရာ လက်လေးတစ်ဖက်ကို ဆဝ်ခနဲဆွဲယူလိုက်ကာ နေရာမှ လှည့်ထွက်လာခဲ့သည်။

"ရှင် .. ရှင် .. ဒါဘာလုပ်တာလဲ .. ပြာသို .. ရှင်နော် .."

သဒ္ဒါ အသံတုန်ကလေးနှင့် အော်ကာ ဟီးခနဲငိုချလိုက်၏။ မသိလျှင် မယားငယ်လာဖမ်းတဲ့ပွဲလိုလို ..။

စိုးထက် နဲ့ တည်ကြည် ပြာသို့ ကို တစ်ချက်ပဲကြည့်၍ သဒ္ဒါ ဘက်ပြန်လှည့်ကာ မဲ့မလိုရယ်မလို အထင်မြင်သေးသောအကြည့်တို့နှင့်..၊

"စိတ်မကောင်းပါဘူး .."

"သွားမယ်နော် .."

နှုတ်ဆက်ကြပုံတွေထက် ခံပြင်းစရာကောင်းတာက ..၊

"ကဲ .. ပြော .. မင်းဘာလုပ်တာလဲ .."

တောက်လျှောက်ဆွဲခေါ်ထုတ်လာကာ ကန့်လန့်လူရှင်းသည့်နေရာ

www.burmeseclassic.com

www.burmeseclassic.com



ကျမှ လက်ကိုလွှတ်ပေးလိုက်ပြီး ခါးနှစ်ဖက်ထောက်သည်။ ပြီးတော့ မေးဆတ်ကြည့်၍ ...

"ဟော့ .. မေးနေတာပြောလေ .. မင်း ငါ့နောက်ကို ဘာလို့လိုက် လုပ်တာလဲ .."

"ရှင့်နောက်ကို လိုက်နေတာမဟုတ်ဘူး .."

"မဟုတ်ဘဲနဲ့ ဘာဖြစ်လို့ မင်း ငါ့နားမှာပဲရှိနေတာလဲ .. ပြော.."

"မသိဘူး .."

"ဘာ!..."

"ရာရာ ကိုယ့်ကိစ္စနဲ့ကိုယ် သွားလာနေရတာ အဲဒါ ရှင်ရှိတဲ့နေရာ တွေပဲဖြစ်နေတာ တမင်လုပ်ယူတာမဟုတ်ဘူး .."

"မယုံဘူး .."

"မတတ်နိုင်ဘူး .."

"ဟော့ .."

"အို .. ဘာလုပ်တာလဲ .. ဖယ်ပေး .."

ရှေ့တိုးလိုက်သည်မှာ သူက ရှေ့ကဖြတ်ကာလိုက်တော့ ရင်ဘတ်ချင်းမတိုက်မိအောင် ခလုတ်တိုက်မတတ်ပြန်ဆုတ်လိုက်ရ၏။ ဒါကိုပဲ ပြာသို က ရှေ့ထပ်တိုး၍ လက်ဝါးဖြန့်ကာ ...၊

"တို့ ပုံပြန်ပေးခဲ့ .. ပြီးရင် ဒီပုံဆွဲရတဲ့အကြောင်းရင်းကို ဖြေပြီးမှသွား.."

"ပြန်လည်းမပေးနိုင်ဘူး၊ ပြောလည်းမပြနိုင်ဘူး၊ ရာရာ ရှင်တို့ထင် သလိုမဟုတ်ဘူး၊ အဲဒါ ကိုယ့်ကိုယ်ကိုယ်သိဖို့ပဲလိုတယ် .."

"မင်း ဘာပြောတယ် .."

ပြာသို ဒေါကန်သွားသည်။ ရာရာ့ ပခုံးလေးနှစ်ဖက်ကို ဆောင့်ခါ ကိုင်လိုက်ပြီး အနားမှာရှိသည့် ခုံတန်းလေးမှာ နောက်ပြန်ထိုင်ကျသွား အောင် တွန်းထိုးစေခဲ့လျက် ...၊

"မင်းဆွဲထားတာ ငါ့ရဲ့ပုံတူ၊ ငါ သဘောမတူဘဲ မင်းဆွဲခွင့်မရှိ ဘူး၊ ဒါကို လိုချင်တယ်ဆိုရင်တော့ မင်း ငါ့ကိုကြိုက်ပြီး မဟားဒါးရား



ကြိုးစားနေတာပါဆိုတာ ဝန်ခံလိုက် .."

"ဘာ!..."

"ဒါဆို ယူသွားခွင့်ပေးမယ် .."

ရာရာ ဝုန်းခနဲထရပ်လိုက်တော့ မျက်နှာငုံ့ပြောနေသည့် ပြာသို့ ကိုယ်က မတ်ခနဲဖြစ်သွား၏။ မျက်နှာချင်းဆိုင်ဖြစ်သွားသည်နှင့် ရာရာ က ပုံတူကို မျက်နှာရှေ့မှာ ထောင်ပြကာ ...၊

"ရှင့်ပုံကို စိတ်ဝင်စားဖို့မပြောနဲ့ .. ရှင့်ကိုလည်းမသိဘူး၊ ဒါပေမယ့် ဒီပုံကိုလိုချင်နေတဲ့လူက ဆွဲပေးပါဆိုလို့ .."

"ဘယ်သူကလဲ .."

"ဘယ်သူဖြစ်ဖြစ်ပေါ့ .."

"ဖြီးမနေနဲ့ ရာရာ .. သူများခိုင်းတိုင်းလုပ်ရအောင် ဒါမျိုးက .."

"ပိုက်ဆံရတယ်လေ .. ရှင့်ပုံတူဆွဲပေးတဲ့အတွက် ရာရာ ပိုက်ဆံ ရမှာ .."

"မင်း .."

ဖြူနေသည့် ပြာသို့ ပါးပြင်တွေရဲတွတ်သွားသည်။ ချက်ချင်း သတိရလိုက်တာက မကြာသေးခင်ကမှ ကြားခဲ့ရတဲ့ သူမရဲ့ ရှိုက်သံတွေ...။

"ရက်စက်လိုက်တာ ကိုကြီးရယ် .."

"နေပါဦးစေတော့ ကိုကြီး ရာရာ့ ကို ပိုက်ဆံလည်းမပို့နဲ့တော့ .."

သူမ ရှိုက်းငံ့ဗလုံးထွေးနှင့် ပြောနေတာတွေ သူ့နားနဲ့ ဆတ်ဆတ် ကြားခဲ့သည်။ ဒေါသတို့သည် မနေ့တစ်နေ့က ဖြစ်ခဲ့ရတဲ့ ဖောင်းပွနွမ်း ထက် ပိုမို၍ ...၊

"တော်တော်ကို ငွေလိုနေတယ် ဟုတ်လား .. နေဦး .."

ဝတ်ထားသည့် ဘောင်းဘီအိတ်ထဲကနေ ပိုက်ဆံအိတ်ပြားလေး ထုတ်၊ အထဲက တစ်သောင်းတန်တွေ ဆွဲထုတ်လိုက်တာ ဘယ်နှစ်ရွက် မှန်းမသိ ...၊

"ရော့ .."

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် မျက်လုံးအဝိုင်းသားနှင့် ကြောင်ငေးကြည့်နေသည့် ရာရာ့ လက်ကို ဖျတ်ခနဲ ဆွဲယူကာ ပိုက်ဆံတွေကိုထည့်ပေးသည်။

ပိုက်ဆံတွေက သူ့လက်နဲ့ ပြန်ဖိဆုပ်ပေးပေမယ့် လက်ထဲမှာတစ်ချို့၊ လွင့်ဝဲကျကုန်တာတစ်ချို့ ...၊

"မင်းလိုသလောက် ငါပေးနိုင်တယ် .."

မျက်နှာနားကပ်ပြောလိုက်တော့ သူ့နှာခေါင်းဖျားက ကိုယ့်မျက်နှာနဲ့ထိကပ်တော့မလိုရှိကာ ရာရာ့ မျက်နှာလေး နောက်တွန့်သွားသည်။

"ပိုက်ဆံပေးနိုင်းတိုင်း မင်းလုပ်ပေးနေတာဆိုရင် မင်းကိုငါခိုင်းစရာရှိတယ် .. ဘယ်လောက်လိုချင်သလဲပြောလိုက် .."

ရာရာ့ မျက်ဝန်းမှာ မျက်ရည်တွေပြည့်ပြည့်သိပ်သိပ်ဖြစ်လာ၏။ နှုတ်ခမ်းသားတို့ ကတုန်ကယင်ဖြစ်လာကာ သူ့မျက်နှာကို စူးစူးဝါးဝါး ပြန်ကြည့်နေမိ၏။

ပြာသို က မျက်နှာကို ရာရာ နောက်တွန့်သွားသလောက် အတင်းလိုက်ကပ်ငုံ့ကာ ...၊

"ပြောလေ .. မင်းကိုမေးနေတာ .."

"ရှင် -"

ရာရာ မျက်နှာမော့ရှောင်နေရင်း တစ်ကိုယ်လုံး ယိမ်းယိုင်သွားလျှင် ပြာသို့ လက်တစ်ဖက်က ရာရာ့ ခါးလေးကို ဖျတ်ခနဲသိမ်းဖက်ထားလိုက်ပြီး ...

"ပြော .. ကြိုက်သလောက်ပြော ...၊ လိုသလောက် ငါပေးမယ် .."

"လာ မယုတ်မာနဲ့ .. ဖယ်ပေး .."

ရာရာ သူ့ရင်ဘတ်ကို အားကုန်ဆောင့်တွန်းပစ်လိုက်သည်။ ပြီးတော့ သူ အတင်းဖိဆုပ်ပြီးထည့်ထားပေးသည့် ပိုက်ဆံတွေနဲ့ သူ့ရင်ဘတ်ကိုပဲ ပစ်ပေါက်ပစ်လိုက်ပြီး ...၊

"ရော့ .. ရှင့်ပိုက်ဆံတွေ၊ အဲဒီပိုက်ဆံမျိုးတွေကို ရာရာ မလိုအပ်ဘူး၊ ငွေလိုနေတဲ့ မိန်းကလေးတိုင်း ပေးတိုင်းယူတယ်ထင်ရင် ယူမယ့်



သူတွေကို သွားပေးလိုက်၊ နှမချင်းမစာမနာပြောရက်တဲ့ လူယုတ်မာ.."

ရာရာ မျက်ရည်တွေကျနေတာက သပ်သပ်၊ ပြောစရာရှိသလောက်ကို လင်္ကြိုးတည့်တည့်ထိုးပြီး ပြီးအောင်ပြော၏။ ပြောလို့ပြီးမှ ရှိုက်သံလေးထွက်လာပြီး ချာခနဲ လှည့်ပြေးသွားလေသည်။

ပြာသို ရင်ဘတ်တစ်ပြင်လုံး ဟင်းလင်းပွင့် ကျန်ရစ်သလို ဘယ်လိုခံစားချက်ကြီးမှန်းမသိဘဲ နဖူးကိုပွတ်ရင်း ကျွတ်ခနဲစုတ်သပ်သည်။

ပြီးတော့ ခုံတန်းလေးမှာ အရုပ်ကြိုးပြတ်သလိုထိုင်ချလိုက်ကာ၊ ဆုပ်ကိုင်၍ကြေနေသော တစ်သောင်းတန်တွေ ပြန့်ကျဲနေတာကို ငုံ့ကြည့်ငေးနေခဲ့၏။

ပြီးတော့ သူ့ရဲ့ ပုံတူစာရွက်လေး ...၊

သူ လှမ်းကြည့်လိုက်မှ ဖျတ်ခနဲလွင့်ကာ ကန်စပ်နားရောက်သွား၏။ နေရာမှ ကမန်းကတန်းထလိုက်ရင်း စာရွက်ကို အမိပြေးကောက်လိုက်မိသည်။

မျက်လွှာချထားတာလည်းမဟုတ်၊ တည့်တည့်ကြည့်တာလည်းမဟုတ်ဘဲ မျက်တောင်ဖျားတို့ ခပ်စင်းစင်းနှင့် သုံးချိုးနှစ်ချိုးမျက်နှာပုံ...။

ကြည့်လိုက်တာနှင့် သူ့ပုံမှန်း တန်းခနဲသိလောက်အောင် ဆံပင်ပုံနှင့် မျက်နှာကျပုံတွေက အနီးစပ်ဆုံးတူသည်။ ပြီးတော့ သူ့ရှေ့မှာ ကော်ဖီအေးဖန်ခွက်က ပိုက်လေးစိုက်လျက် ...၊

ကော်ဖီအေးရောက်လာမှ ဆွဲလိုက်တာလား .. ဘယ်အချိန်တည်းကလဲ ...၊

ကန်စပ်မှာ မှဆိုးဒူးထောက်ထိုင်လျက် သူ့စိတ်တွေ ရာရာ့ မျက်ရည်..ကြောင့် မွှန်းကျပ်နေခဲ့၏။

သေချာပါသည် ...၊

"အဲဒီမှာ၊ စခဲ့တာ .."

www.burmeseclassic.com



## အခန်း (၂၅)

သုံးယောက်ရဲ့အလယ်မှာ ကြေနေသည့် တစ်သောင်းတန်တ...
နှင့် ရေစိုနေတာက နှစ်ရှက် ...၊

ထိုစဉ် လေတစ်ချက်ဖြူးလာသဖြင့် စိုးထက် က ပိုက်ဆံတွေကို ...
ကတန်းလိုက်ဖိထားသလို၊ တည်ကြည် က သူ့ဖိုင်နဲ့ ပိုင်းကူဖိပေး...

"ကဲ ... ကောက်ထည့်ထားလိုက်ကွာ ...၊ ဒီကောင်လွတ်နေပြီ၊ ...
ကိုရော လူတွေကိုရော ဘာမှမမြင်တော့ဘူး ..."

"အေးကွာ ... ဘယ်လိုကောင်လဲမသိဘူး၊ ကံကောင်းလို့ ငါ...
မီ ရောက်သွားလို့၊ မဟုတ်ရင် သူများတွေ လာဝိုင်းကောက်...
ကန်ထဲအကုန်လွင့်ကုန်မလားပဲ ...၊ ဒါတောင် နှစ်ရှက်က ကန်ထဲ...
တစ်ပြန်ကျော့ကျော့လောက် ခုန်ဆင်းသွားတာ ဘယ်လိုမှ မမီလိုက်...

စိုးထက် က လွယ်အိတ်ထဲကို ပိုက်ဆံတွေကောက်ထည့်ရင်း ...
နေတာ မပြီးတော့ပေ ...။ ပြာသို က အဖြူနဲ့အပြာနု ရောနေသော...
အင်္ကျီကို လက်စတွေခေါက်တင်ပြီး ဝတ်ထားကာ အင်္ကျီရောင်က ...
ဆန်ဆန် လင်းနေသော်ငြား၊ မျက်နှာပြင်ကတော့ ပြုံကျမတတ်...



"ကျွတ် ..."

တိတ်ဆိတ်စွာတွေးနေရင်း တစ်ယောက်တည်း အားမလိုအားမရ စုတ်သပ်၏။ ပြီးတော့ တစ်ဝက်ကျနေပြီဖြစ်သည့် ရေသန့်ဘူးထဲကရေကို ဒီတိုင်းမော့သောက်၏။

"ပြာသို ... မင်း ဗိုက်ထဲမှာ ရေတွေနဲ့ပြည့်နေပြီ ..."

"ပြည့်ပါစေ ..."

"ပြည့်တာက အရေးမကြီးပေမယ့် အဝင်ရှိရင် အထွက်ရှိသေးတယ်..."

"အေးလေ ... ရေကွေချည်းလိုမ့်မျိုနေရအောင် မင်းဘယ်လောက်တောင် ဟိ(ထ်)တက်နေလို့လဲ ..."

"မသိဘူး ... ငါ စိတ်တိုနေတာပဲသိတယ် ..."

"စိတ်ချည်းပဲတို့တာမဟုတ်ဘူး ပြာသို ... မင်း တစ်ခုခုဖြစ်နေတာ..."

"ရာရာ နဲ့ တိုက်ရိုက်သက်ဆိုင်နေပြီ ... ဟုတ်တယ်မို့လား ..."

ပြာသို က ခေါင်းမခါသလို ခေါင်းလည်းမညိတ် ...၊

"မင်းက သူ ဆွဲထားတဲ့ပုံတူကို ပြန်ယူထားလိုက်ပြီးမှ စိတ်မကောင်းဖြစ်နေတာလား ..."

"အဲ့ဒါကို စိတ်မကောင်းစရာလားကွ ...၊ ငါ့ပုံတူကို သူ လိုချင်လို့ ရေးနေတာမှမဟုတ်တာ၊ သူများခိုင်းလို့ ထိုင်ရေးနေတာ ..."

"ဩော် ... သူလိုချင်လို့ယူတာပါဆိုရင်တော့ ပေးမယ်ပေါ့ ..."

"လျှောက်ရစ်မနေစမ်းပါနဲ့ ... ဒီမှာတင်းနေတာ ..."

"ဟား ... ဟား ... ဟား ..."

တည်ကြည် က သူ့ကိုကြည့်ပြီးရယ်သည်။ ပြီးတော့ ခေါင်းခါနေလျက်...

"မင်း ဒီကောင်မလေးကို ငြိနေပြီ ပြာသို ..."

"နေပါဦး ... ရာရာ့ ပုံစံကြည့်ရတာ မင်းထက်တော့ အနည်းဆုံး သုံးလေးနှစ်လောက် ငယ်မှာပဲ ..."

မဆီမဆိုင်ထပြောသဖြင့် တည်ကြည် က မျက်ခုံးနှစ်ဖက် ...သွားကာ...

"ဘာဆိုင်လို့လဲ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဪ .. ငယ်မှာလို့ .."

"အေးလေ .. ငယ်တော့ ဘာဖြစ်လဲလို့ .."

"ငယ်မှာပဲလို့ပြောတာကွာ .. မပြောရဘူးလား .."

"အေးလေ .. ကြီးတာငယ်တာ ဘာမှမှမဆန်းတာ၊ ဘာလို့ထည့်ပြောနေတာလဲလို့ .."

"ဟား .. မင်းတို့က တစ်မျိုးကွာ .."

ပြာသို က ရေသန့်ဘူးကို အသံမြည်အောင် ရွှေ့ချပစ်လိုက်ပြီး ရှုံ့မဲ့ညည်းသည်။ ပြီးတော့ ..၊

"အဲဒီကောင်မလေး ငါ့ရှေ့ကို ရောက်ရောက်လာတိုင်း ဘာပုံစံလေး မှန်းမသိဘူး .."

"အေးလေ .."

"မင်းတို့ပဲ စဉ်းစားကြည့် .."

"အေးပါ .. စဉ်းစားပါ့မယ် .. ပြော .."

"ကန်ပေါင်မှာ ငါ့ရှေ့လာပြီး ချော်လဲတယ် .."

"မင်းရှေ့ကို တမင်လာလဲကာလို့ ပြောချင်လို့လား .."

"နောက်ထပ် စိမ်းလန်းစိုပြည်မှာ ငါ့ကိုပဲလေ .."

"လက်ဆွဲနှုတ်ဆက်သွားတာ .."

"ထိုင်ခုံဖယ်ပေးပါဆိုပြီး လာမောင်းထုတ်တာ .."

"သိတယ် .. မင်းကိုရွဲ့မေးတာ .."

"မရွဲ့နဲ့ .. ရွဲ့နိုင်းတာမဟုတ်ဘူး၊ စဉ်းစားခိုင်းနေတာ .."

"ဟုတ်ပါပြီ .. ပြောပါ၊ ခွေးစုတ်ကောင် သူ့အကြောင်းလေး ပြော နေရရင်ဆိုတဲ့မျက်နှာက .. မပြောလိုက်ချင်ဘူး .."

"အဲဒီကစတာပဲ .."

"နောက်မနေ့ကြနဲ့ .. ဒီကောင်မလေး ငါ့ရှေ့ကိုရောက်လာတိုင်း တမင်တကာတွေချည်းပဲဆိုတာ ထပ်ခါထပ်ခါသေချာနေတာ .."

"နှစ်ထပ်ရှိမှ မှတ်မိတာကွ .. ထပ်ခါထပ်ခါဆိုတော့ .. အင်း .."



"မှတ်မိလွန်းပြီး ဟက်(ထ်)ထိသွားတာ သေချာတယ် .."

"မထိဘူး စိုးထက် .. ဒါပေမယ့် ငါ သူ့ကိုတွေ့လိုက်တဲ့ညဆို အိပ်လို့မရတော့ဘူး .."

"ဟမ် !..."

"ငါ့ခေါင်းထဲကို ရှုပ်ရှုပ်ပွေပွေတွေနဲ့ နေရာယူနေတာ အဲဒီကောင် မလေး .."

"သေချာပါတယ် .. အခု မင်းခေါင်းထဲကနေ ရင်ဘတ်ထဲရောက် နေပြီ .. အဲ့ဒီကစတာပါဆိုမှ .."

"မစဘူး .. ဘယ်လိုပဲဖြစ်ဖြစ်၊ ဘယ်စည်းမျဉ်းနဲ့မှ အမှတ်ပေးလို့ ရတဲ့ အကွက်ရွှေ့နည်းတွေက အောင်မှတ်ပေးချင်လို့ကို မရတာ .."

"ဟော .. ဟော .. အောင်မှတ်ပေးဖို့ သူ စဉ်းစားနေပြီ .."

"အဲ့ဒီက စတာဆိုတာ လက်မခံဘူး .."

"ကျွတ် .."

ပြာသို က စိတ်မရှည်တော့သည့်မျက်နှာနှင့် စုတ်သပ်ရှုံ့မဲ့သွားကာ..၊

"အခု ပြောချလိုက်တာကြည့်ဦး .. ငါ့ပုံတူဆွဲတာ သူ ပိုက်ဆံရမှာ မို့လို့တဲ့ .."

"မင်းက မယုံလို့လား .."

"ယုံစရာလားကွ .. လူကို မျက်နှာတည့်တည့်ကြည့်ပြီး တမင် အကြောင်ရိုက်သွားတာကို .."

"အဲ့ဒါ ဖြစ်နိုင်တယ်လို့ နည်းနည်းပါးပါး မတွေးမိဘူးလား .."

"ဘယ်လို !..."

စိုးထက် က ဆရာကြီးအထာနှင့် ပခုံးတစ်ဖက်ပါသွားအောင် ဟွန့် ခနဲရယ်၏။ ပြီးမှ လက်နှစ်ဖက်စလုံးကို စားပွဲပေါ် သေချာတင်လိုက်ပြီး..၊

"အဲဒီ ပြဿနာတွေတက်ပြီး မင်း သူ့လက်ကိုဆွဲထွက်သွားတော့ ငါတို့လည်း သဒ္ဒါ ကို စိတ်ပျက်တာနဲ့ ထွက်လာကြတာလေ .. အဲဒီမှာ ဘယ်သူတွေနဲ့တွေ့လဲ မင်းသိလား .."

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူတွေလဲ .."

"ဇေကာ တို့အုပ်စု .."

"အဲဒါ ဘာဖြစ်လို့လဲ .. သူတို့နဲ့ ဒီလိုပဲ တွေ့နေကျ .."

သူသွားလေရာ လိုက်နေတတ်လွန်းလို့ ဇေကာ ကိုတွေ့ချင်ရင် ပြာသို ရှိတဲ့နေရာကိုသွားရှာဆိုတဲ့စကားသံတွေတောင် ထွက်ခဲ့ဖူးသေးသည်။ ပြီးခဲ့တဲ့ နှစ်က အဆိုးဆုံး ..။

"မင်းပြောတာ ဟုတ်တယ်လေ .. ဒါပေမယ့် ဒီဘက်ပိုင်းမှာ သူ သဘောပေါက်သွားတယ်မို့လား ..၊ တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးမလို နဲ့ ဘာသိဘာသာတွေ ပြန်ဖြစ်သွားသေးတယ်၊ အခု ပြန်ပြီး ဟိုတုန်းကလို အိစီကလီအပြုံးတွေနဲ့ မင်းနားပြန်ကပ်လာတာ သတိမထားမိဘူးလား .."

ပြာသို က စဉ်းစားနေသည်။ ဒါပေမယ့် စိုးထက် ဘာကိုဆိုလိုချင်လဲဆိုတာ မသိသေးပေ ..။ တည်ကြည် ကလည်း ဒါကိုသိထားပြီးသည့် မျက်နှာနှင့် အေးဆေး ..။

"ငါတို့ သင်တန်းနားမှာ အဲဒီကောင်မလေး ဖုန်းပြောနေတာကြား ပြီး မင်း ဒေါကန်နေတဲ့နေ့က မှတ်မိလား .."

"အင်း .."

"အဲ့ဒီနေ့က ငါ့နားနဲ့ ဆတ်ဆတ်ကြားခဲ့တာ၊ မင်းရဲ့ ရာရာ ကို ဇေကာ တွန့်ထရိုးလ်လုပ်နေတာကွ .."

"ဘာ .. မင်း .."

"ဟုတ်တယ် .. ငါတို့ သူတို့ကိုမြင်တွေ့နေပေမယ့် တစ်ခါမှ ဆက်စပ် မတွေးခဲ့ဘူး၊ ဒါပေမယ့် ရာရာ က ဇေကာ နဲ့ လုံးဝပတ်သက်နေတာ သေချာ တယ် မှုယုံမရှိနဲ့ .."

"ဟုတ်တယ် ပြာသို ...ကန်ပေါင်မှာ ခြေထောက်ထောနင်းထော နင်းနဲ့ ခေါက်တုံ့ခေါက်ပြန်လျှောက်နေတဲ့နေ့ကလည်း မင်းသွားကြည့် နိုင်းလို့ ငါတို့သွားကြည့်ခဲ့တယ်လေ ..၊ အဲ့ဒီတုန်းက ရေသန့်ဘူးတွေ ရော .. မုန့်ထုပ်တွေရော အကုန်လုံး သူ့ဘေးမှာ အပုံလိုက်ပဲ ..၊ ပြီးတော့



သူငိုနေတာ ကလေးလိုပဲကွာ .."

"ဟုတ်တယ် .. ငါတို့ကတော့ အဲ့ဒီကစခဲ့တာပဲ .."

"ဘာ!..."

"သနားသလိုလိုဖြစ်ခဲ့တာလို့ .."

အရေးထဲမှာ စိုးထက် က စပ်ဖြဲဖြဲလုပ်နေသေးသည်။ ပြီးမှ ခပ် တည်တည်ပြန်လုပ်ယူကာ ..။

"အဲဒီနေ့ကလည်း ကန်ပေါင်မှာ ဇေကာ တို့ရှိတယ်၊ ရာရာ နဲ့တော့ တော်တော်အလှမ်းကွာတယ်ကွ ..၊ ငါတို့လည်း အဲဒီတုန်းက ဆက်စပ် တွေးမိပါဘူး .."

"ထိန်းချုပ်ခံနေရတယ်ဆိုတာက ဘာလဲ ..၊ မင်းတို့ဘာသာ ဇာတ် သိမ်းဆန်ဆန်တွေ တွေးနေတာလား .. ခုခေတ်မှာ .."

"ဟော့ကောင် .. ခုခေတ်မှာပဲ ဆင်းရဲမွဲတေနေကြတာကွ ..၊ ငွေဆို ဘာလိုအပ်လာရင် လူတွေလည်း ဖောက်ပြန်လာကြတာပဲ၊ အသိစိတ်လေး နည်းနည်းထည့်ပြီး ဖောက်ပြန်တာနဲ့ ဆင်ကန်းတောတိုးလုပ်ကြတာ ပဲကွာတယ် .. ရာရာ ဘဝကို ဘယ်လောက်ထိဆိုးနိုင်သလဲ မင်းသိလား.."

အဲဒီလောက်တောင်လား ..၊

ပြာသို့ မျက်နှာမှာ မယုံနိုင်ခြင်းတွေနဲ့အတူ တွေဝေငေးငိုင်သွားခဲ့ လေသည်။

"စားစရာမရှိလောက်အောင် မွဲတေစုတ်ပြတ်နေတဲ့ဘဝမျိုးတွေ မင်းမသိပါဘူး ပြာသို ရာ .."

"ငါလည်း အဲ့ဒါတွေတွေးမိပြီး ကောင်မလေးကို သနားသွားတာ ကွ ..၊ အားလုံးကို ခြုံကြည့်လိုက်ရင် ရာရာ တော်တော်သတ္တိကောင်း တယ်လို့ပြောရမယ် .."

"ဘာကိုသတ္တိကောင်းတာလဲ .. ငွေရှာတဲ့နည်းတွေထဲမှာ သူများ အနိုင်းခံပြီး ငွေရှာရဲတာကိုလား .."

"မိန်းကလေးတစ်ယောက်အတွက် ဒါက အဆိုးဆုံးထဲက အကောင်း

www.burmeseclassic.com

www.burmeseclassic.com



ပဲ ပြာသို ...၊ သူ့ဘဝ ဘယ်လောက်ဆိုးသလဲ မင်းမသိဘဲနဲ့ကွာ ...၊ ဆင်းရဲစုတ်ပြတ်နေတဲ့ဘဝကနေ မိလျှံနာသူဌေးကြီးဖြစ်သွားကြတဲ့လူတွေရှိပါတယ်၊ ဒါပေမယ့် လူတိုင်းအတွက်ကတော့ မလွယ်ဘူးကွ ...၊ အထူးသဖြင့် မိန်းကလေးတစ်ယောက်အတွက် မလွယ်ဆုံးပဲ .."

တည်ကြည် က ပြာသို့ ပခုံးကို ခပ်ဖွဖွလှမ်းကိုင်လိုက်ကာ ...၊

"မင်းကိုယ်မင်း မသိလို့ပါ ...၊ သူ့ဖိနပ်ပြတ်လေးကို ဖိနပ်ဆိုင်ထိ မင်းလက်နဲ့ ကောက်ယူလာတည်းက မင်းရင်ထဲမှာ သူရှိနေပြီဆိုတာ ငါတို့ကသိတယ် .."

ပြာသို့ က မျက်မှောင်ကုတ်ပြီး ငိုင်နေသည် ပြီးမှ ခေါင်းခါ၏။

"မဟုတ်ဘူး .."

"မဟုတ်ဘဲနဲ့ .. မင်း သူ့လက်ကို ဘာလို့ဆွဲခေါ်သွားတာလဲ၊ သူနဲ့ ဘာလို့ ရန်တွေသွားဖြစ်ကြသလဲ၊ အဲဒါလည်း မဆိုင်သေးဘူးပေါ့လား ...၊ ဒါဆို သူရေးတဲ့ပုံတူကို ပြန်စန့်သွားအောင် တယုတယပြန်ကိုင်ပြီး သိမ်းထားတာကရော .."

"အေးလေ .. ပိုက်ဆံတွေအထပ်လိုက်ဆွဲတုတ်ပေးပြီး ပေါက်ကွဲတဲ့ ကရုဏာဒေါသတွေက နည်းနည်းနော နော လား .."

ပြာသို ဆတ်ခနဲ ခေါင်းညိတ်လေသည်။ ပြီးတော့ ...

"အဲ့ဒီမှာ စခဲ့တာ .."

"ဟင် !..."

သူပြောချင်နေတဲ့ 'အဲ့ဒီမှာစခဲ့တာ' ဆိုတာ အဲဒီနေရာမှာမှ ကိုယ့်ကိုယ်ကိုယ် နားလည်သွားတာလား ...၊

မေးခွန်းတွေနဲ့ အကြည့်တွေကို ပြာသို က မျက်လွှာပင့်ကြည့်ပြီး ခေါင်းထပ်ညိတ်၏။

"ငါ့ရင်ထဲမှာ ငြိနေပြီ .."



အခန်း (၂၆)

"ဟား .. ဟား .. ဟား .."

"ခစ် .. ခစ် .. ခစ် .."

"ရယ်ရတယ်ကွာ .. ကြည့်ပါဦး၊ သဒ္ဒါ လက်ရွယ်လိုက်တာနဲ့ ဖြစ်သွားတဲ့ မျက်နှာလေးကို .."

"ကျားရှေ့ရောက်သွားတဲ့ ယုန်လေးလိုပဲ .."

ကွယ်ရာကနေ ရိုက်ယူလာခဲ့ကြသည့် ဗီဒီယိုဖိုင်ကို ဖွင့်ကြည့်ပြီး သုံးယောက်သားခေါင်းချင်းဆိုင်ကာ အမျိုးမျိုး ကဲ့ရယ်ရှုံ့ချသည်။ ရယ်မောနေကြသည်။

ဒီထဲမှာ ဧက က သဘောအကျဆုံးဖြစ်နေကာ ပြာသို ရောက်လာသည့်အခန်းကျမှ မဲ့သွား၏။

"ရပြီ .. အဲဒါ ပိတ်လိုက်တော့ .."

"နင်ပဲ အန်တီ့ဆီ ပို့မလို့ဆို .. ခုတစ်ခါတည်း .."

"ဟဲ့ .. ခုတစ်ခါတည်းပို့လိုက်ရင် ငါ့ရဲ့ ကြံစည်မှုတွေကို တစ်ဆောင့်ဟစ်နေရာကနေ မြင်သွားမှာပေါ့၊ ဒါကို ငါကိုယ်တိုင်လိုသလို ဖြတ်

www.burmeseclassic.com

www.burmeseclassic.com



ဆောက်တည်းဖြစ်ပြီးမှ .."

"ဘုန်း .."

သုံးယောက်စလုံး၏ မျက်နှာရှေ့စားပွဲပေါ်ကို ဖိုင်တစ်အုပ်ပစ်ကျလာသဖြင့် မျက်နှာတွေ နောက်တွန့်ကုန်ကြ၏။

ကြည့်လိုက်တော့ ခက်ခက် က ဧဧ တို့ကို စိတ်မရှည်သလိုတစ်ယောက်စီကြည့်ပြီးမှ ခုံလွတ်မှာ ဝင်ထိုင်လိုက်ပြီး ..။

"အက်ဒစ်(ထ်)လုပ်ပြီး ပို့ပို့ .. ဒီတိုင်းပဲပို့ပို့ ဒါကို နင့်အမေဆီပို့လိုက်ရင် ဘာတွေဖြစ်မလဲတော့ ငါမသိဘူး၊ အခု နင်ဘာမှ အက်ဒစ်(ထ်) လုပ်ပေးဖို့မလိုဘဲနဲ့ ရာရာ ဆိုတဲ့ မိန်းမက ဟိုသုံးယောက်ရင်ဘတ်ထဲ ဝင်နယ်တီနဲ့ ဝင်သွားပြီ .."

"ဘာ!..."

"ရှင်းအောင်ပြောစမ်းပါ ခက်ခက် ရယ် .. ဘာတွေလဲ .."

ထုံးစံအတိုင်း အသေးလေး က ပျာယာခတ်သွားကာ လက်ဖျားတွေ ပါခါနေလျက် ..။

"ငါ့ရဲ့ စိုးလေး ရောလား .. စိုးလေး ပါသလားလို့ .."

"အမလေး အသေးမရယ် .. ပြာသို မိန်းမယူတော့မယ်ဆိုတော့ စိုးထက် ဖြစ်သွားပြန်ပြီလား .."

"ဟဲ့ .. ပြာသို့ ကို အစတည်းက မစားကောင်းတဲ့အသီးဆိုပြီးဖယ်ထားပြီးသား .."

"စိုးထက် ကိုတော့ စားကောင်းတဲ့အသီးပေါ့ .."

"ဘာပဲဖြစ်ဖြစ် အဲ့ဒီသုံးယောက်က ဒိတ်ဒိတ်ကြဲတွေချည်းပဲလေ၊ ပြာသို့ လောက် နည်းနည်းလေးပဲ မချောတာ၊ ပြာသို့ လို မချမ်းသာတာ နည်းနည်းလေးပါပဲ ..။ သူတို့သုံးယောက်က အထက်ပါအောက်ပါ အရည်အချင်းတွေ နည်းနည်းလေးစီပဲ .."

"ကဲ .. တော်ပါတော့ အဲ့ဒီနည်းနည်းလေးစီ .. စိတ်ညစ်လိုက်တာ



အသေးလေးရယ် .."

ဧဧ ဝင်အော်တော့ အသေးလေး က မျက်စောင်းထိုး၍ ..။

"အစတည်းက ညစ်ရဖို့ရှိနေတာကို ငါ့ကြောင့်လည်း မဟုတ်ဘဲနဲ့ .."

"ကဲ .. ပြောစမ်းပါ ခက်ခက်ရဲ့ .. ဘာတွေဖြစ်လို့လဲ .. နင် ဘာကြားလာလို့လဲ .."

"ကြားတာမဟုတ်ဘူး .. ငါ့ကို တိုက်ရိုက်လာမေးတာ .."

"ဘာ!..."

"ဘာမနေနဲ့ .. ငါ့ဆီရောက်လာတဲ့မျက်နှာတွေကို မြင်ရရင် နင် ဒေါသထွက်လို့ အကြောပါဆွဲသွားနိုင်တယ် .."

"နင်ကတော့ မထွက်ခဲ့ဘူးလား .."

ဧဧ က မခံချင်သည့်ဒေါသအသံနှင့် မေးသည်။ ခက်ခက် မျက်နှာတင်းခနဲဖြစ်သွားပြီးမှ မဲ့၍ ..။

"ငါကတစ်ယောက်တည်း၊ သူတို့က သုံးယောက်တောင်လေ၊ ပြီးတော့ မျက်နှာတွေက ဂျစ်တိဂျစ်ကန်ရုပ်တွေ .."

"ဟုတ်လား .. ငါတို့နဲ့ ခင်နေကြတာတောင်မှလေ .."

"ဟုတ်တယ် .. ပြာသို က တော်တော် သူတို့က ကဲကဲ ..၊ ငါ့ကို ဘာမေးတယ်မှတ်လဲ .. ကြင်ရာတော့် ကို ဘယ်လောက်ပေးပြီး ထိန်းချုပ်ထားတာလဲတဲ့ .."

"အံမာ .."

"ကြည့်စမ်း .."

"တောက် .."

ဧဧ က တက်ခေါက်လိုက်ပြီးမှ ..။

"အဲ့ဒါ နင်ဘာမှမပြောလိုက်ဘူးလား .."

"ဘာပြောရမှာလဲ .. ဧဧ ကို သွားမေးလို့ပြောလိုက်တာပေါ့၊

www.burmeseclassic.com

www.burmeseclassic.com



ဓာတ ခိုင်းဖို့အတွက် သူ့မိဘတွေက ငှားထားတာ၊ ဘယ်လောက်လဲတော့ မသိဘူးလို့ ..”

“ဟဲ့ .. ဩော် .. မိခက် ရယ်၊ နင်ကလည်း ခက်ခက် ဆိုတဲ့အတိုင်း ခက်ပါ့ ..၊ ဒီနေရာမှာ အဲ့ဒါက ဂုဏ်ယူစရာမဟုတ်ဘူး ..”

“ဘာလို့ ဂုဏ်မယူရမှာလဲ ဇင် .. ငါတို့နဲ့ ရာရှ အဆင့် ဘယ်လို ကွာသလဲဆိုတာ ပြောရမှာပေါ့၊ ခိုင်းရမယ့်လူမို့လို့ ခိုင်းတာလေ ..”

“ဒါပေမယ့် ယောကျာ်းလေးတွေက သနားသွားပြီဆိုရင် အဲဒါ ပစ်ကျတော့တာ ..”

ဇင့် စကားကြောင့် ဒေါသထွက်နေသည့် ဓက မျက်နှာ တစ်မျိုး ပြောင်းသွား၏။ သဝန်တိုစိုးရိမ်ခြင်းတွေနှင့် ချက်ချင်းမျက်လုံးဝိုင်းသွားလျက် ..၊

“အဲ့ဒီတော့ ဘာပြောသွားလဲ ..”

“ရာရှ လိပ်စာ ပြောပြစမ်းပါတဲ့၊ သူ့ကိုပေးထားတာထက် သုံးဆ ပိုပေးမယ်တဲ့ ..”

“အံမာ .. သေနာကျ ..”

“အဲဒါ .. ဘယ်သူပြောတာလဲ ..”

ယမ်းပုံမီးကျသလို ဒေါသတွေ တစ်ယောက်ထက်တစ်ယောက် က ပိုကဲနေကာ၊ ဓက တို့အုပ်စုအရယ်အပြုံးတွေ ဆိတ်သုန်းသွားခဲ့လျက် ပြာသို တို့ကတော့ တစ်လမ်းလုံးရယ်မောမပျက်နှင့် ..၊

“မင်း ပြောချလိုက်တာလည်း လွန်းတယ်တော့လုပ်လိုက် ဟော့ ကောင် .. လိပ်စာမေးတာပဲ ရိုးရိုးမေးပါလား ..”

“မတတ်နိုင်ဘူး .. စိတ်ထဲရှိတဲ့အတိုင်းပဲ ..”

“ဟိုတစ်ယောက်မျက်နှာ ပန်းသီးအညိုကို မီးမြှိုက်လိုက်တာ ကျနေတာပဲ ..”

“ပန်းသီးအညိုဆို ရပြီ .. မီးမမြှိုက်နဲ့တော့ ..”



“တော်ကြတော့ ယောကျာ်းတွေ .. ခု ဘယ်ကိုမောင်းနေတာလဲ ..”

“အန်တီ ဖုန်းဆက်ထားတယ်လေ .. မင်း ဝင်ခေါ်ရမှာမို့လား..”

“မခေါ်တော့ဘူး .. ပြန်မယ် ..”

ပြာသို က နောက်ခန်းထဲမှာ ကိုးရိုးကားရားထိုင်နေရင်း ကိုယ်ငြ မတ်မတ်ပြင်၍ ..၊

“ပြန်မယ် .. အိမ်ရောက်မှ ဦးလေးငွေ ကို လွှတ်လိုက်မယ် ..”

“ဖြစ်ပါ့မလား ပြာသို .. တော်ကြာ အန်တီက မင်းကို သူငယ်ချင်း တွေနဲ့ လျှောက်လိမ့်နေတယ်ထင်ဦးမယ် ..”

“ဟုတ်တာပဲဟာ..”

တည်ကြည် က ကားမောင်းနေရင်း နောက်လှည့်ကြည့်သည် ပြာသို က အေးဆေး ..၊

“ပြာသို ငါတို့က အိမ်ကကားလှမ်းခေါ်လိုက်လည်းရတယ်၊ ငါ ကို မင့်နဲ့နော် ..”

“မင်းတို့ကို ငဲ့ဖို့ အိမ်မက်ထဲမှာတောင် မမက်ဖူးဘူး ..”

“ဩော် ..”

“မေမေ့ကားကို ဦးတိုး မောင်းနေလို့ ဘဘထွန်း တို့ကလည်း ဘ တော့မှ ခေါ်ခိုင်းတာမဟုတ်ဘူး၊ အခု ဦးတိုး နဲ့ သွားပြီးမှ ငါ့ကိုခေါ်တ မင်းတို့သဘောမပေါက်ဘူးလား ..”

“ဘယ်လိုကိစ္စမျိုးလဲ ..”

“ငါတော့ သဘောမပေါက်ဘူး ..”

ဒူကတော့ သိနေသည်။ အခု မေမေ ရောက်နေတာကိုက အလင်းအ ရဲ့ အဒေါ် ဒေါက်တာသီရိနွယ် တို့ ကိုယ်ပိုင်ဆေးခန်းမှာဖြစ်သည် ဟိုရောက်မှ ဒရိုင်ဘာကို ဘာခိုင်းလိုက်လို့ ဘာညာအကြောင်းတွေ သူ့ကိုခေါ်တာ ဖြစ်နိုင်တာတစ်ခုပဲရှိသည်။

အဲ့ဒီမှာ ‘အလင်းအိမ်’ ရှိနေသည်မှတစ်ပါး တခြားမဖြစ်နိုင် ..

www.burmeseclassic.com

www.burmeseclassic.com



"အဲ .. ငါတွေးမိပြီ ပြာသို .."

စိုးထက် က သဘောပေါက်သွားပုံရှိကာ ကူရှင်ကိုကျော်၍ နောက်ကိုလှည့်ကြည့်ကာ ..၊

"ဒါပေမယ့် မရှင်းဘူး၊ မင်းတို့က ဖိတ်စာတွေတောင်ရိုက်နေပြီနော် .."

"အဲ့ဒီတော့ ဘာဖြစ်လဲ .."

"စေ့စပ်တာဆိုပေမယ့် ဒီလောက်တခမ်းတနားကြီး မင်း ကချီကချောင်လုပ်ဖို့တော့ မစဉ်းစားနဲ့ .."

"လုပ်တာမလုပ်တာ ငါ့ကိစ္စ .."

"ဟမ် .."

ရှေ့ခန်းမှာ စိုးထက် နဲ့ တည်ကြည် အကြည့်ချင်းဆုံ၏။

ဒီကိစ္စ သိပ်တော့မရိုး ..၊



## အခန်း (၂၇)

တစ်ယောက်တည်းလမ်းလျှောက်ပြန်လာတုန်း ဆောကဖြတ်သွားသည့် စုံတွဲတစ်တွဲ၏ ချစ်ကြင်နာသံတွေက သူ့နားစည်ကို ပုတ်ခတ်ကျီစယ်သွား၏။

"ကိုကြီးနော် .. နောက်တော့မှ အဲ့ဒီစကားတွေကို မေ့မသွားနဲ့.."

"မမေ့ပါဘူးဗျာ .. လုံးဝမမေ့ဘူး .."

ရယ်သံ ဘွဲ့ ပုံတင်ကျန်ရစ်ခဲ့ပေမယ့် သူ့နားထဲမှာ ကြားယောင်လာတာကတော့ ရှိုက်သံတွေပဲဖြစ်၏။

"ကိုကြီး အရမ်းရက်စက်တယ် .."

ရာရာ့ ကိုကြီးကတော့ ရက်စက်ခဲ့တယ်ဆိုပါလား ..။

သူမလေးကို သနားကရုဏာတွေဖြစ်လာမိလိုက်၊ နားမလည်ခြင်းတွေနဲ့ ရှုပ်ထွေးနေလိုက် ..၊

သူမ ဘယ်လိုမိန်းကလေးလဲ ..၊ ကိုကြီးဆိုတာ ဘယ်ကဗျာဘယ်လိုလူလဲ ..။

သူမ ဘာကြောင့် ဒီလောက်ကျ်တည်းပြီး ဒီအဖြစ်မျိုးနဲ့ ရပ်တည်

www.burmeseclassic.com

www.burmeseclassic.com



နေရတာလဲ ...၊

ထိုစဉ် ဖုန်းဝင်လာသဖြင့် ထုတ်ဖွင့်ကာ ...၊

"ဟလို .. လေးလေး .."

"ကောင်လေး .. မင်းဘယ်မှာလဲ .."

"လမ်းပေါ်မှာ .."

"အေး သိတယ်လေ .. ကားပျက်တာဘယ်မှာထားခဲ့လို့၊ အခု လူက ဘယ်မှာလဲလို့ .."

"ကားပျက်တာ ပျက်တဲ့နေရာမှာ ထားခဲ့တယ်၊ လူက လမ်းပေါ်မှာ .."

"ဟော .. လူလေး .. မင်း လမ်းလျှောက်နေတာလား .."

"ဟုတ် .."

"ဟာကွာ .. ဘာလို့ တက္ကစီမစီးတာလဲ .."

"သင်တန်းမတက်ချင်တော့လို့ ပန်း[illegible]ပဲသွားတော့မယ်၊ သိုပ်မှ မဝေးတော့တာ .."

"ဟုတ်လား .. ဒါဆိုအတော်ပဲ၊ မင်း အ[illegible]နဲ့ အလင်းအိမ် တို့ သားအမိ ပုံနှိပ်တိုက်သွားကြတာ တက္ကသိုလ်ရိပ်သာ[illegible]က်မှာတဲ့၊ လူလေး အခု ဘယ်မှာလဲ .."

ဟင် ...၊

ထိတ်ခနဲဖြစ်သွားကာ မျက်လုံးက ကျီးတိကြောင်[illegible] ဖြစ်သွား၏။

မေမေက ကားကြုံလိုက်မစီးတုတ်ဘူးဆိုတော့ အိမ်က ကားနဲ့ပဲ ဖြစ်လိမ့်မည်။

ပလက်ဖောင်းပေါ်ကနေ အိမ်ကကားကို ဟိုဒီမျှော်ကြည့်ပြီး ရှာ ကြည့်မိ၏။

"လူလေး .. ပြာသို .. ကောင်လေး .."

သားလို့ခေါ်ခဲ့သည့် လေးလေးရဲ့ ခေါ်ခြင်းမျိုးစုံ[illegible] ဆက်[illegible] ထွက်လာပြီးမှ ...၊



"လေးလေး .. ကျွန်တော်က .."

မျက်လုံးထဲမှာ အိမ်ကကားကို အရိပ်အယောင်လေး လှမ်းမြင်လိုက် ကာ ဖုန်းပြောခြင်းက တိခနဲရပ်၏။

ဟုတ်တယ် .. ဒါ အိမ်ကကားပဲ ..။ ကားက ဒီဘက်ကွေ့လာတော့ မည်။

သူ ဘယ်ပြေးရမှန်းမသိဖြစ်သွားစဉ် ဗယာကြော်သည်ရဲ့ရှေ့ကနေ အကြော်ဝယ်ပြီး လှည့်ထွက်သွားသည့် ရာရာ ကို မြင်လိုက်ရ၏။

သူမကိုမြင်လိုက်လျှင် အံ့သြသွားတာရော တိုက်ဆိုင်တာကိုပါ အံ့သြပြီးရင်း အံ့သြရလျက် ...၊

"ရာရာ .."

ဟင်!..၊

ထီးမိုးအောက်ကို မျက်နှာကြီးငုံ့ဝင်လိုက်သဖြင့် ဗယာကြော်ထဲ [illegible] ငရုတ်သီးမှ ထည့်ပေးလိုက်ရဲ့လားလို့ ငုံ့ရှာနေရင်း ရာရာ အလန့် [illegible]ကြားမော့ကြည့်သည်။

"ရှင် .."

"ခဏလေးနော် .."

"ဟင် .. ဘာလုပ်တာလဲ .."

"ခဏလေးပဲ .."

"အို .. မရပါဘူး .."

ပြာသို က ထီးအောက်ကို အတင်းငုံ့ဝင်လိုက်ကာ ထီးကိုင်ထား [illegible] သူမ လက်လေးပေါ်ကနေ ထပ်ဆုပ်ကိုင်လိုက်၏။ ထိုအချိန်မှာ [illegible] ကွေ့လာနေပြီမို့ ပြာသို က ထီးကို လမ်းဘက်ကို အတင်းဆွဲ [illegible]သည်။

ရာရာ က မရမကတောင့်ခံထားပြီး သူမဘက်ကပြန်ဆွဲ၏။

"ခဏလေးဆိုမှကွာ .. ကိုယ့်ကို မေမေ မြင်သွားမှာစိုးလို့ပါ .."

[illegible]ချင်းကပ်မတတ် ငုံ့ပြောနေကာ သူ့ရင်ဘတ်တစ်ခြမ်းမှာ ရာရာ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လေး ရောက်နေ၏။ ဒီလောက် ပူးကပ်နေတာကြီးကို ဘာအခ
ဆဲငြောင့်မှ သည်းမခံနိုင် …।

"မသိဘူး .. သွား .. ရှင့်ကို .. အား …"

သူ့ကိုအတင်းတွန်းဖယ်ပစ်လိုက်လျှင် ပြာသို က သူမပခုံးလေး
ဖက်ထားလိုက်ပြီး ထီးကိုလည်း နှိမ့်ချကွယ်ပစ်၏။

"ဟာ .. ဟေ့ .. ဟေ့ .. လမ်းမပေါ်မှာနော် .."

"တကယ်ပါတော် .. လွန်ကိုလွန်တယ် .."

သူ အတင်းကွယ်လိုက်ရတာက ကိုယ့်အကြောင်းနဲ့ကိုယ်ပါ။ ဒါ
မယ့် ပတ်ဝန်းကျင်က ပြောဆိုကဲ့ရယ်သွားလေသည်။

ကားလွန်သွားတာမြင်မှ ပခုံးကိုရော ထီးကိုပါလွှတ်ပေးလိုက်
ရာရာ မျက်ရည်တွေဝေ့နေလျက် …।

"လူယုတ်မာ .. ဒီထိ ရှင်လိုက်ပြီး နှောင့်ယှက်တယ် .."

"ဟာ .. မဟုတ်ဘူး .."

သူ ရှင်းပြမလို့ပေမယ့် မေမေတို့ကားက ရှေ့အလွန်လေးမှာ
သွားတာမြင်လိုက်ရကာ …।

သွားပြီ …।

သူ ဒီနားမှာပဲလို့ လေးလေး ပြောလိုက်လို့ မေမေ သူ့ကိုရှာနေ
ဖြစ်မည်။ ဒီရက်ပိုင်းကျမှ အလင်းအိမ် နဲ့ သူ့ကို အတူသွားစေ
လာစေချင်တာတွေ မေမေ့ဆန္ဒတွေက အပြီးမသတ်နိုင် …।

"လူကြီးတွေနဲ့ အတူတူစကားပြောကြတုန်း ဟိုဘက်ဒီဘ
မျက်နှာချင်းဆိုင်ထိုင်ပြီး ပြုံးပြနှုတ်ဆက်ဖူးကြတာ လုံလောက်ပြီတဲ့ လ
သားရယ် .. မေမေ့သားက အိမ်ထောင်ရေးကို လေးလေးနက်နက်
ခေါင်းထဲမထည့်ပါလား .."

လို့ ညည်းကာတွေလည်း ခဏခဏ …।

အစက ညည်းညူရုံနဲ့ ပြီးသွားပေမယ့် စေ့စပ်ဖို့ရက်နီးလာ
အလင်းအိမ် နဲ့ အတူသွားလာဖို့အရေးအတွက် မေမေ ကြိုးစားလေ



ဒါပေမယ့် မေမေ ဆူဆူမဆူဆူ သူ့ဘက်ကတော့ ဆောရီး …।

မေမေ့ကားကို ကျောခိုင်းထားလိုက်ကာ ရာရာ့ လက်ထဲက ထီးယူ
၍ ပခုံးပေါ်တင်ဆောင်းထားလိုက်သည်။ သူမရဲ့ သဘောဆန္ဒကို ဂရု
မစိုက်ဘဲ ဖွတ်တရွတ်ရယူနေရသဖြင့် အမူအရာအားဖြင့်သာ တောင်းပန်
နေရကာ …।

"ခဏလေးနေပါဦး .."

သူ့ဆီက 'ခဏ' တွေ ဘယ်နှစ်ကြိမ်သောက်ထွက်ဆိုနေမိသည်
မသိ …။ ရာရာ သူ့လက်ထဲကထီးကို မတောင်းတော့ဘဲ ကွေ့ရှောင်သွား
သဖြင့် ရှေ့ကနေ အတင်းကာထားရပြန်ကာ …।

"မင်းနဲ့မှ အဆင်ပြေမှာမို့လို့ပါ .. နောက်က မီးခိုရောင်က မေမေ့
ကား .."

ရာရာ့ ဒေါသတွေက ခဏတော့ တုံ့ဆိုင်းသွားပေမယ့် …।

"ထီးယူထားလိုက်တော့ .."

"မရဘူး .. ကိုယ်က ထီးဆောင်းပြီး တစ်ယောက်တည်းဆို မေမေ
သတိထားမိမှာ .. ခဏလေးကွာ .."

ရာရာ့ လက်မောင်းကိုပဲ ဖွတ်အတင်းဆွဲယူလိုက်ပြီး နောက်ပြန်
လျှောက်ဖို့ တောင်းပန်နေရသည်။ သူမနဲ့ သူ ပဋိပက္ခတွေနဲ့ ဘယ်လိုမှ
မငြိမ်းချမ်းခဲ့သော်လည်း မေမေ့ကား ထွက်သွားတဲ့အထိတော့ ထိန်းထား
နိုင်ခဲ့ပြီး …।

"ဒီလောက် တောင်းပန်နေတာတောင် မျက်နှာကလည်း တစ်ပတ်
မှ မလျှော့ဘူးကွာ …। မင်းအလှည့်ကျပေ ါ်လိုပဲလား .."

"ဘာပြောတယ် .."

"မင်းကျတော့ မင်း ချော်ချက်လဲတိုင်း ကိုယ့်ရှေ့မှာလေ .."

"ရှင် ပြောပြန်ပြီ .."

"ပြောတာတောင် သိမှမသိဘဲ .."

"ဟုတ်တယ် .. အဲဒီ ဒေါက်ဖိနပ်တွေကို မုန်းလွန်းလို့ အခု ရာရာ

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်ဖိနပ်မစီးတော့ဘူး ..."

"ဟင် .. တကယ်လား .."

သူ ငုံ့ကြည့်လိုက်မိတော့ သူမ ခြေထောက်ဖြူနုနုလေးမှာ အသားရောင် ညှပ်ဖိနပ်ပါးလေးနှင့် ...၊

သူ ငုံ့ကြည့်လိုက်မှ 'မ' ကိုင်ထားသည့် ဂါဝန်စလေးကို ဖျတ်ခနဲ လွှတ်ချပစ်ကာ ရှောင်ထွက်သွား၏။ ပြီးတော့ ခြေသုံးလှမ်းလောက်သွားပြီးမှ ပြန်လှည့်၍ ...၊

"ထီးပြန်ပေး .."

"ဪ .. သတိရသေးသားပဲ .."

သူက ပြန်လျှောက်လာပြီး ထီးကို မပေးဘဲ ဘေးကနေအတူလိုက်လာဖို့ပုံစံနှင့် ...၊

"သွားမယ်လေ .. တို့လည်း အဲ့ဒီဘက်သွားမှာ .."

"ရှင့်ဟာရှင့် ဘယ်ဘက် သွားသွား .. ထီးပြန်ပေး .."

"ရာရာ .."

သူက လူကိုစိုက်ကြည့်ပြီးခေါ်ကာ ဗယာကြော်ထုပ်ဆဲမကြည့်နှာခေါင်းတစ်ချက်ရှုံ့၏။ ပြီးမှ ...

"ဒီတိုင်းလေး လမ်းလျှောက်သွားရင်း ဂကားပြောလို့မရဘူးလား"

"မရဘူး .. ရှင်နဲ့ လေတင်နဲ့လေအောက်တော မယိုင်ချင်ဘူး"

ထီးလည်းမတောင်းတော့ဘဲ ရာရာ က ဆက်လျှောက်သွား၏ သူကလည်း ဒီတိုင်း၊ ဒီးကြီးတကိုင်ကိုင်နဲ့ လိုက်နေခဲ့လျက် ...၊

"ဘာဖြစ်လို့လဲ .. ကိုယ့်ကိုယ်က နံလို့တော့ မဟုတ်ဘူးမို့လား"

ရာရာ က ဘာမှပြန်မပြောတော့ပေ ...။

"အဲလိုကြီးတော့ မလုပ်နဲ့လေကွာ ...၊ ဘေးကလူတွေမြင်ရင် ကိုက မင်းကို ရည်းစားစကားလိုက်ပြောနေတယ်ထင်ကုန်လိမ့်မယ် .."

"ဒါဆိုလည်း ရှင် လှည့်ပြန်သွားပါလား ...၊ ဒီမှာ ကိုပြာသို ရာရာ ကို ထင်တာမှားနေပြီ၊ ရှင့်ကို ရာရာ တစ်ဖက်ကြိုက် .."



"ဟာ .. အဲ့ဒါမဟုတ်ဘူး၊ အခု မင်းကို မထင်တော့ဘူး .. အဲဒီအကာန့်တွေ ပြီးသွားပြီလို့ ထားလိုက်ကွာ .."

"ဟင့်အင်း .. မပြီးဘူး၊ ဖြစ်ခဲ့တာတွေက ရာရာ မကောင်းတာလည်းပါတယ်၊ ဒါပေမယ့် ရှင်တို့ကို ရာရာ မုန်းတယ် .."

"ကိုယ်နဲ့ ဘာဆိုင်လို့လဲကွ .. မင်း ကိုယ့်ရှေ့ကို တိုက်တိုက်ဆိုင်ဆိုင် ရောက်လာတာတွေရော ...၊ မင်းရဲ့ ဇက တမင်လုပ်တဲ့ ရိုက်ချက်တွေရော၊ အဲ့ဒါတွေကြောင့် ကိုယ်လည်း တွေးလို့ရတဲ့အတိုင်းပြောမိတာ၊ ရှင်းရှင်းပြောရရင် ကိုယ့်ဘက်မှာလည်း အဲဒီလိုမိန်းကလေးတွေနဲ့ပဲ ကြုံနေရတာလေ ...၊ မင်းကိုထင်တာ မှားလို့လား .. မှားတယ်ဆိုရင်လည်း အဲဒါ မှားထိုက်တဲ့အမှားပဲ .."

"ရှင် မုန်တယ်ထင်ရင်လည်း မုန်တဲ့အတိုင်းနေပေါ့ .. ရာရာ က အဲဒီလို မိန်းမပဲ .. ဟုတ်တယ် .."

"အခု မင်းကို ကိုယ် နားလည်သွားပြီ .. အဲ့ဒါကြောင့် .."

သူက ရာရာ့ ဘေးကနေ ယှဉ်တွဲလိုက်လာရင်း မျက်နှာလေးကို ငုံ့ကြည့်၍ ...၊

"တစ်ခုတော့ သိချင်တယ်၊ ဇက နဲ့ မင်း ဘယ်လိုပတ်သက်နေတာလဲ .."

ထိန်းချုပ်မှုတစ်ခုနဲ့ နိုင်စားနေတာကို သိထားခဲ့ပြီဖြစ်သည်။ ထိန်းချုပ်မှုဆိုတာကလည်း ငွေပဲဖြစ်ကာ သူမဘက်က ဘယ်လိုဖြေမလဲဆိုတာကို သိချင်သည်။

ဆင်းရဲတာကို ဖုံးဖိကာကွယ်မှာလား .. ဒါကို ကိုယ်တိုင်လက်ခံသွားနိုင်သလား ...။

"ရှင် ဘာကိုမေးတာလဲ .."

"မင်းကို ဇက နဲ့ ပတ်သက်နေတယ်လို့ စိုးထက် တို့ပြောတယ်၊ အဲဒါဟုတ်လား .."

"ဟုတ်တယ် .."

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုပတ်သက်တာမျိုးလဲ .."

ရာရာ ခြေလှမ်းတွေနှေးကျသွားသည်။ ဘာသံမှထွက်မလာပေမယ့် သူလည်း တိတ်ဆိတ်စွာ စောင့်နေလိုက်မိသည်။

ဒီတိုင်း ခြေလှမ်းဆယ်လှမ်းလောက် သွားနေပြီးမှ ...၊

"ရာရာ က ပိုက်ဆံလိုတယ်၊ သူက ပိုက်ဆံပေးနိုင်တယ် .."

တစ်ယောက်တည်း ရေရွတ်ညည်းတွားနေသလိုပြော၍ တိတ်ကျသွားပြန်သည်။ ပြီးမှ ...

"ဒါပဲ .. ဒီ့ထက် ရှင်ပိုပြီးသိချင်ရင်လည်း ရာရာ မပြောနိုင်ဘူး.."

သူမရဲ့ ညှိုးနွမ်းခြင်းတွေက စကားသံလေးတွေမှာသာ ရိုက်ခတ်နေခဲ့ပေမယ့် သူ့မျက်နှာကိုမော့ကြည့်လာသည့် မျက်ဝန်းတွေက အေးစက်စူးရဲနေခဲ့လျက် ...၊

"ဘာဖြစ်လို့လဲဆိုတော့ ရှင့်ကို ရှင်းပြစရာဘာအကြောင်းမှ မရှိလို့ပဲ .."

"ကိုယ်ကလည်း ထပ်မမေးပါဘူး၊ ဒါပေမယ့် လောကမှာ ငွေပေးယူတိုင်းမရတာတွေ အများကြီးပဲ ...၊ မင်းကတော့ အဲဒီအများကြီးထဲက တစ်ခုခုကို အလွယ်တကူလဲလှယ်နေတာပဲ .."

"ဟုတ်တယ် .. ရာရာ ဆိုတဲ့ မိန်းမကို လူတွေအံ့သြနေကြတယ်၊ အထင်မြင်သေးကြတယ်၊ ငွေလိုချင်လို့အလုပ်ရှာကြတဲ့ လူတွေထဲမှာ ရာရာ လုပ်တဲ့အလုပ်ကို ရွံကြတယ် .."

"ရွံစရာကောင်းတဲ့အထိတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ဒီအလုပ်ကြောင့် မင်းဘဝမှာ ဘာတွေဒီလောက်တောင် လိုအပ်နေသလဲဆိုတာ လူတွေသတိထားမိလိမ့်မယ် ...၊ ကိုယ် မပြည့်စုံတာကို လူသိအောင်ကြေညာလိုက်သလိုမျိုး၊ နောက်တစ်ခုက မင်းဘယ်လောက်လိုအပ်ချက်တွေရှိနေနေ .. ဒါကြောင့် ဒီလိုလုပ်ရပါတယ်ဆိုရင် စာနာပေးနိုင်ဖို့မလွယ်ဘူး .."

ရာရာ က ခြေလှမ်းတွေ ရပ်ပစ်လိုက်သည်။



"လူတွေရဲ့ စာနာခြင်းတရားကို ရာရာ လိုအပ်တာမဟုတ်ဘူး .."

မထီမဲ့မြင်တုံ့ပြန်လိုက်သည့်စကားပေမယ့် သူမ မျက်ဝန်းလေးတွေမှာ ခွေးမြေ့ကြေကွဲရိပ်တို့ စွန်းထင်းနေခဲ့သည်။ သေချာစူးစိုက်ကြည့်နေမိရင်း မျက်ရည်စလေးတွေနဲ့ စူးလက်လာတာကိုပါ မြင်နေရ၏။

သူ သက်ပြင်းချမိသည့်အချိန်မှာ သူမက မျက်ဝန်းတွေကိုလွှဲဖယ်သွားကာ ...၊

"လူတိုင်း စုတ်သပ်သနားနေကြရင်လည်း အဲဒီထဲမှာ ယောကျ်ားတွေသနားတာကို ရာရာ အမုန်းဆုံးပဲ .."

"မင်းကို မသနားပါဘူး .. ဒါပေမယ့် လဲလှယ်မှုတိုင်းမှာ ထိုက်တန်တဲ့ တန်ရာတန်ကြေးဆိုတာရှိတယ်၊ မင်းဘယ်လောက်ရထားသလဲ ငါမသိဘူး၊ ဒါပေမယ့် သူ မင်းဆီက အဆမတန်ယူနေတာတွေကို ဘာနဲ့တန်ဖိုးဖြတ်ပြီး မင်း ကျေနပ်နေတာလဲ .."

"ဘယ်ကျေနပ်ပါ့မလဲ .. ဒါပေမယ့် ကျေနပ်ပေးနေရတယ် .."

"ဘယ်အချိန်ထိလဲ .."

"အဲ့ဒါ ရှင်နဲ့မဆိုင်ပါဘူး .."

ဘုဆတ်ဆတ်အသံလေးတွေပြန်ပေါ်လာကာ ခြေလှမ်းတွေပြန်သည်ရွေ့လျား၏။

"ရာရာ .."

"ကိုပြာသို .. ရှင့်ကို ရာရာ ဒီ့ထက်ပိုမပြောချင်ဘူး၊ ရှင်လည်း ရာရာ ကို နားလည်တယ်ဆိုရင် ဒီကစပြီး နောက်ဘယ်တော့မှ .."

"နေပါဦး .. မင်းကို ကိုယ် အမြင်ရှင်းသွားပါပြီလို့ပြောနေတာ...၊ မင်းလိုက်ဖြစ်နေတာမှ မဟုတ်ဘဲ .."

"ရှင်နဲ့ ပတ်သက်နေတဲ့ မိန်းမတွေကို ရာရာ နောက်ထပ်ရင်မဆိုင်ပါရစေနဲ့ .."

ခြေလှမ်းတွေက နှေးကျသွားလိုက်၊ ရပ်သွားမိလိုက်နှင့် ပြီးတော့ သက်လျှောက်မိပြန်ကာ ...၊

www.burmeseclassic.com

www.burmeseclassic.com



"ဧက နဲ့ ရာရာ ဘာတွေဖြစ်နေနေ သူ ဘာလုပ်လုပ် ဟိုနေ့က ဆိုင်ထဲမှာ ပါးရိုက်ခံရမယ့်အဖြစ်မျိုးလောက် ရာရာ တစ်ခါမှ .."

ပြောနေရင်း အသံတွေတုန်ယင်အက်ရှလာခဲ့လျက် ..၊

"ရာရာ .. ရာရာ အဲ့ဒီလိုအပြောဆိုခံထိုက်ပါတယ် .. ဒါပေမယ့်.."

"တော်တော့ .."

သူ ရာရာ့ ပခုံးလေးနဲ့ သူ့ပခုံးတိုက်ပစ်လိုက်ပြီး တားဆီးမိ၏။ သူမရဲ့ မျက်ရည်တွေကို မြင်လိုက်ရတိုင်း စိတ်ညစ်ရတဲ့ညတွေထဲမှာ အဲဒီငိုသံတွေကြောင့် ပိုဆိုးသည်။

ကိုယ့်ရင်ထဲမှာ သူမ အဲ့ဒီလောက်ထိ နေရာယူထားခဲ့တာကို ဘယ်သူမှမသိ ..၊

"နောက်ထပ် ကိုယ့်ကြောင့် မင်းကို ဘယ်သူမှမစော်ကားစေရဘူး။ ပြီးခဲ့တာတွေကိုလည်း ကိုယ့်ဘက်က လွန်ခဲ့တာတွေလို့ပဲ သဘောထားပြီး မင်းကို တောင်းပန်တယ်ကွာ ..၊ ကိုယ်တို့မိတ်ဆွေဖြစ်လို့ရပြီလား.."

"ဟင့်အင်း .."

ရာရာ ခေါင်းခါ၍ ပြတ်သားစွာငြင်းသည်။ ဒီလူ ရည်းစားတွေ ဘယ်လောက်များတာမသိပေမယ့် မိန်းကလေးတိုင်း သတိထားဂရုစိုက်နေတဲ့သူကို ကိုယ့်လိုအဆင့်အတန်းမျိုးက သူလိုငါလိုရောနှောနေလို့ မဖြစ် ..၊

"နေဦး .. ဟော့ .. ရာရာ .."

"ရှင့်ကိုပြောပြီးပြီပဲ ကိုပြာသို .."

"ပြာသို ပဲခေါ်ပါကွာ .. ဒီမှာ .."

ပြာသို က ရာရာ့ ဘေးမှာ ရပ်လိုက်ပြီး ထီးကိုလက်တစ်ဖက်နဲ့ ပင့်ထားလိုက်ကာ ..၊

"ဘာဖြစ်ဖြစ် .. မင်းနဲ့ ကိုယ်က ရင်းနှီးမှုတွေနဲ့ဆုံခဲ့ကြတာ၊ အဲ့ဒီက ချစ်တာ,မုန်းတာတွေနဲ့မဆိုင်တဲ့ ပတ်သက်မှုမျိုးကို ဆိုလိုတာ၊ မင်း ကိုယ် တောင်းပန်တာကို ကျေနပ်တယ်ဆိုရင် ပြီးတာပဲ .."



"ရှင့်ကို ရာရာ က .."

"ဘာအကြောင်းတွေရှိရှိထားလိုက်တော့ .. အခု မင်းကို ကိုယ် ပေးစရာ ရှိတယ် .."

"ဘာ!..."

"ဘာမှမဟုတ်ဘူး .. ဖိနပ်လေးတစ်ရံပဲ .."

ဖိနပ်ဆိုတော့ ရာရာ က နားမလည်သည့်မျက်ဝန်းလေးတွေနှင့် ကြည့်နေ၏။

"ဖိနပ် .."

"ဟုတ်တယ် .. စက်လှေကားပေါ်မှာ မင်း ပြတ်ကျန်ခဲ့တဲ့ ဖိနပ်လေးတစ်ဖက်လေ ..၊ အဲ့ဒီဖိနပ်ကိုကောက်ထားပြီး အသစ်တစ်ရံဝယ်ထားတာ အဲ့ဒီနေ့တည်းက .."

ရာရာ့ ပါးပြင်လေးနှစ်ဖက် ပန်းရောင်ရင့်သွားသည်။ ဒီလိုရှိထားလိမ့်မည်လို့မထင်ခဲ့မိသည့်ထဲမှာ ခုပြောနေတာကိုလည်း မယုံနိုင်၊ ပြီးတော့ ရှက်သလိုလို ထိတ်လန့်သွားသလိုလို၊ သူ့ ဘာမှပြောတာမဟုတ်ဘဲ မျက်နှာမထားတတ်အောင် ဖြစ်သွားခဲ့၏။

သူက ရာရာ့ ထီးလေးကို အသာလေးပြောင်းယူပြီး နှစ်ယောက်လုံးအောင် ဆောင်းထားလိုက်ရင်း ..၊

"အဲဒီနေ့တုန်းကလည်း မင်းကို ဖျတ်ခနဲဆိုတစ်မျိုးတစ်မည် ထင်သွားမိသေးတယ်၊ ဒါပေမယ့် အဲ့ဒီလိုထင်လိုက်မိတိုင်း နောက်ဆက်တွဲဖြစ်လာတဲ့စိတ်က မင်းကို အထင်သေးတာမဟုတ်ဘူးဖြစ်နေတယ်၊ ကိုယ် တကယ်ပြောနေတာပါ .. မင်းနဲ့ ကိုယ် နားလည်မှုလွဲနေတဲ့ကြားက အဆင်မပြေတဲ့ ရင်းနှီးမှုတွေရှိနေခဲ့တာ .."

"ရာရာ့ ကို အထင်မသေးဘူးဆိုလို့ ဒါက ညာတာပဲဖြစ်ဖြစ် ပေးပေး မမပြောပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် အဲ့ဒီဖိနပ်ကို မလိုချင်ဘူး .."

"ဟင်!..."

www.burmeseclassic.com

www.burmeseclassic.com



"လိုလည်းမလိုတော့ဘူး .. ရာရာ ဒေါက်မြင့်ဖိနပ်တွေ လုံးဝမစီးတော့ဘူးလို့ ဆုံးဖြတ်ထားတယ်၊ ဒီဖိနပ်ကပေးတဲ့ သင်ခန်းစာတွေကပဲ လုံလောက်နေပါပြီ .."

"ရာရာ .. အဲဒါတွေ ထပ်မပြောဖို့ ကိုယ်တောင်းပန်နေတာပါ.."

"ရာရာ ကိုလည်း အဲ့ဒီဖိနပ်ထပ်မပေးဖို့ တောင်းပန်ပါတယ် .."

"မဟုတ်ဘူး .. ဒီဖိနပ်ကို 'ကျွန်တော့် သူများဖိနပ်ပြတ်ထားလို့ အလျှော်ပေးဖို့ဝယ်ထားတာ' လို့ အိမ်ကိုပြောထားတာ၊ အဲဒါကြောင့်လည်း ကိုယ်ကားတွေလဲစီးတိုင်း ဒရိုင်ဘာတွေကအစ ဖိနပ်ကို ကားပြောင်းထည့်ပေးကြတယ် .."

သူမ မျက်လုံးပြူးသွား၏။

"မေမေတို့ လေးလေးကျော် တို့ကတောင် သူတို့ကားပေါ်မှာပါသွားရင် ဖုန်းဆက်ပြီး သတိလှမ်းပေးကြတယ်၊ အပြင်မှာ ကိုယ်နဲ့ နီးနေရင် ကိုယ့်ဆီပြန်လှည့်လာပြီး ကားထဲ ပြန်ထည့်ပေးကြတာကွ .."

ဖြစ်နိုင်လို့လား ...၊

အဓိပ္ပာယ်မရှိတာတွေ ဒီလူ ညာပြောနေတာ ...၊

နားထောင်နေရင်း မနေတတ်မထိုင်တတ်ကြီးဖြစ်လာခဲ့၏။ သူ့ကြောင့် ဖိနပ်ပြတ်တာလည်း မဟုတ်ဘဲနဲ့ ဘာဖြစ်လို့ ဒီဖိနပ်ကိုရေးကြီးခွင်ကျယ်လုပ်ခဲ့ရတာလဲ ...။

"ကိုယ်လည်း ဖိနပ်ပြတ်လေးကိုကြည့်ပြီး ကိုယ် အထင်လွဲလိုက်မိတာကို စိတ်မကောင်းဖြစ်သွားခဲ့တာ၊ အဲဒါနဲ့ မရည်ရွယ်ဘဲ ဝယ်လိုက်မိတာပဲ .. မင်းကိုတွေ့ရင် ပြန်ပေးမယ်ဆိုပြီးတော့ .."

"ရှင်နဲ့မှ မဆိုင်တာ .."

"မသိဘူး .. ဆိုင်သလိုကြီးခံစားလိုက်မိတာ၊ အဲ့ဒါက ကိုယ် တလွဲထင်လိုက်မိတဲ့အတွက် တစ်ခုခုပြန်ပေးချင်တာမျိုးဖြစ်မယ်ထင်တယ်...၊ ဒီလောက်ဆို မင်း လက်ခံလို့ရပြီလား .."

ရာရာ ဘာပြောရမှန်းမသိတော့ဘဲ သူ့ကို ငေးနေမိစဉ် ဖုန်းသံ



ကြောင့် ဆတ်ခနဲဖြစ်သွားသည်။

အိတ်ထဲကို ဖုန်းထုတ်ယူတော့ ဇယားကြော်အိတ်လေးက တလှုပ်လှုပ်နှင့် ရှုပ်နေသဖြင့် ပြာသို က ယူထားပေးလိုက်၏။ သူများဖုန်းပြောတာကို ရပ်ကြည့်နားထောင်မနေသင့်ပေမယ့် သူ တမင်ဒီတိုင်းနေလိုက်တာဖြစ်ကာ၊ ရာရာ ကလည်း သူ မရှိစေချင်သည့်ပုံစံမျိုးမပြဘဲ ဖုန်းကိုကြည့်၍ ...၊

"အိမ်နားက ဖုန်းပဲ .."

ခပ်တိုးတိုးရေရွတ်ကာ ...၊

"ဟလို .."

" .... .... .... .... "

"ဟင် .. ဒေါ်လေးစု .. ဘာဖြစ်တယ်၊ အမေ ဘာဖြစ်လို့လဲ .."

" .... .... .... .... "

"ဘာဖြစ်သွားတာလဲ .. မနက်က မဆိုးသေးပါဘူး၊ အခု လာခဲ့မယ်၊ လာပြီ ဒေါ်လေးစု .. အမေ့ကိုကြည့်ထားပေးပါနော် ...၊ ခဏလေးပါ.. အခု လာပါပြီ .."

ဖုန်းပြောရင်း တစ်စစမြန်ဆန်သွားသည့် ခြေလှမ်းတွေက ရပ်တော့မလားလို့ ကြည့်နေရင်း လုံးဝမရပ်တန့်ခဲ့ဘဲ တက္ကစီတစ်စီးကို လက်ပြတားပြီး ပြေးတက်သွားတဲ့အထိ ...။

"ဟား .. ဒီမှာလူတစ်ယောက်လုံးကြီးကို အကျိုးအကြောင်းလေးတောင် ပြောမသွားဘူးကွာ .. ကျွတ် .."

ပြာသို့ မျက်နှာ ရှုံ့မဲ့သွားသည်။

သူ့လက်ထဲမှာ ထီးတစ်လက်နဲ့ ဇယားကြော်ထုပ်လေး ...၊

ဒါက စင်ဒရဲလားပုံပြင် ဆန်းသစ်တာတော့ မဖြစ်နိုင် ...၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

"အမေရယ် .. အဲ့ဒါမဟုတ်ပါဘူး၊ သူက သမီးနဲ့ ဘာမှမဟုတ်ဘူး၊ တခြားကိစ္စရှိလို့ အိမ်ကိုလိုက်လာတာပါ .."

"ညည်း .. ငါ့ကို ညာပြောနေတာလား .."

အမေ့မျက်နှာက ရာရာ တစ်ခါငြင်းလိုက်တိုင်း မျှော်လင့်ခြင်းတွေ ကင်းဝေသွားခဲ့သလို ဖျော့ကျနွမ်းလျသွားခဲ့ရှာကာ ..၊

"ငါ ခုနေ - ခုနေ သေသွားရင်တော့ ညည်း လင်မရသေးတဲ့အတွက် ဒီအိမ်မှာ သရဲမကြီးဖြစ်နေမှာပဲ .."

"အမေ ဘာတွေပြောနေတာလဲ အမေရယ် .."

"ငါက သေတော့မှာ .."

"အမေ နေကောင်းသွားမှာပါ အမေရဲ့ .."

"ငါ့မှာ ကင်ဆာရှိနေပြီ .."

အမေ ဘယ်လိုလုပ်သိသွားတာလဲ ..၊

ရာရာ့ အကြည့်တွေက စံပယ့် ဆီ ရောက်သွားလျှင် စံပယ် က ခေါင်းခါငြင်း၏။ မချို လည်း ရှိနေသဖြင့် သူမကလည်း ရာရာ့ ကို



ခေါင်းခါပြကာ ..၊

"ငါ ဘာမှမပြောဘူး .."

လို့ ခပ်တိုးတိုးဖြေရှင်း၏။ ခေါ်ကြင်ကြင် က အိပ်ရာပေါ်မှာ ပက် လက်ကလေးရှိနေလျက် မျက်ဝန်းမှ မျက်ရည်တို့သည် နားသယ်စပ် ဆံစများထဲသို့ တိုးဝင်စီးနေကြ၏။

"ဘယ်သူမှမပြောဘူး၊ ငါ့ဘာသာ ငါသိတာ ..၊ ဆရာဝန်ကလည်း မပြောဘူး .. ငါ့ဘာသာ ငါချောင်းနားထောင်တာ .."

နှာခေါင်းဖျားတို့ ရှုံ့ပွရှုံ့ပွနှင့် ဘယ်သူမှ မမေးရဘဲ ဝန်ခံနေခဲ့ပြီး ငိုမဲ့မဲ့နှုတ်ခမ်းတို့က ဂငယ်ပုံချိုးနေရှာ၏။ ကလေးလို ငိုရှိုက်နေသေမယ့် အခြေအနေကို သိနေသည့် ရာရာ့ ရင်ထဲမှာ နင့်နေသည်။

အမေ့မှာ ကဲ(န်)ဆာ(ရ်)ရောဂါရှိနေပြီဆိုတာ သူမတို့အရိပ်အမြွက် လေးတောင် မသိခဲ့ရပေ ..။ ငယ်ငယ်တည်းက နှာခေါင်းသွေးယိုတတ် သည့်ရောဂါ ရှိခဲ့သည်။

ညာဘက်သွားဖုံးဇောက အံသွားတွေ ဒုက္ခပေးသဖြင့် ရေစီးကမ်းပြို ဖြစ်တတ်တာလည်းရှိနေသေးသည်။ ထို့ကြောင့် သွားတိုက်တိုင်း သွေးပါ တတ်တာတွေ၊ အလိုလိုနေရင်း သွေးပါလာတတ်တာတွေ၊ ဒါတွေအား လုံးက အမှတ်တမဲ့တွေထဲမှာပဲ ပြီးပျောက်နေခဲ့လေသည်။

ခုကျမှ ချောင်းတွေအဆက်မပြတ်ဆိုးလာကာ ချောင်းဆိုးလို့ ရင် ဘာ…နာသလားမေးဒေါ့၊ ဗိုက်ကြောတွေနာတယ်လို့ပြောတာလည်း ချောင်းဆိုး လို့ပဲထင်လိုထင် ..။

အမေ့ မျက်နှာပေါ်က မျက်ရည်တွေကို သုတ်ပေးရင်း ရာရာ ကြိတ် ၍ ရှိုက်ငိုမိသည်။ အမေ့ရောဂါလက္ခဏာတွေပြလာသည့်အချိန်မှာ သူမက အမေ့ကိုပစ်ပြီး အပြင်ထွက်နေခဲ့ရသည်။

အမေ့ကို ဂရုမစိုက်မိခဲ့တာ အပြစ်လား ..၊ ဒါမှမဟုတ် [illegible] အတွက် ကျပ်တည်းခက်ခဲလာတဲ့ ကံကြမ္မာကို ရိုးမယ်ဖွဲ့ရမည်လား ..

"ကိုယ့်စိတ်ကိုဖြေပါ ညီမရယ် .. သူ့ အခု ကြည်ကြည်လင်လင်

www.burmeseclassic.com

www.burmeseclassic.com



ရှိနေနိုင်တုန်းမှာ .. ညီမက ..”

“ဘာတွေပြောနေတာလဲ ..”

လူမမာက လူကသာ ဝေါက်ခနဲမထနိုင်ပေမယ့် လေသံကတော့ မာနေဆဲဖြစ်ကာ မချို ကို အပြစ်တင်သလိုကြည့်နေခဲ့လျက် ..၊

“ငါ မမာတော့ဘူးဟဲ့ .. ပျော့နေပြီ၊ ကဲ(န်)ဆာ(ရ်)ရောဂါနဲ့ သေတော့မှာ၊ ငါ ဆရာဝန်ပြောတာ ချောင်းနားထောင်လိုက်ပါတယ်ဆို အဲဒါကြောင့်မို့လို့ ရာရာ့ ကို ယောကျ်ားပေးစားရမယ်၊ သူ့အစ်ကိုကလည်း မိန်းမယူသွားပြီ ..”

“ဟင် .. မယူပါဘူး .. အဲဒါရော အမေ့ကို ဘယ်သူပြောတာလဲ..”

“ပြောမှ သိရမှာလားအေ .. ဒီလောက် အကြာကြီးပျောက်နေမှတော့ မိန်းမတွေ့နေလို့ပေါ့ ..”

ဘာတွေဘယ်လို မှန်းဆတွက်ချက်လိုက်သည်မသိပေမယ့် အမေပြောတာတွေ ကွက်တိမှန်သွားသဖြင့် ရာရာ ဘယ်လိုထပ်ပြီး ကာကွယ်ဖုံးဖိရမှန်းမသိတော့ပေ ..။

“သားတွေ မွေးရတာ အဲ့ဒါပဲ အခု ငါကသေတော့မယ်၊ ဒီကောင်မလေး လင်လည်းမရှိ၊ ကျွေးမွေးမယ့်လူကမရှိ ..”

“အမေ ..”

“တော်ပါအေ .. သမီးရှာဖွေစားတတ်တယ်၊ အမေ့ကိုတောင် ရှာကျွေးနိုင်သေးတာ .. ညည်း ဒါတွေပဲပြောမှာ ..”

ပြောရင်း ရှိုက်ငိုပြန်သည်။ စိတ်တွေကယောင်ခြောက်ချားဖြစ်နေသလောက် ငိုလွယ်ရယ်လွယ်ဖြစ်နေတာက ဘယ်လိုမှ ထိန်းမရတော့ဘဲဖြစ်လာခဲ့သည်။

ဘာတွေကိုမေ့မေ့ စိတ်ဘယ်လိုမငြိမ်သက်ပါစေ ရာရာ့ အတွက် အိမ်ထောင်ချပေးခဲ့မှ စိတ်ချရမည်ဆိုသည့်အစွဲကတော့ ပိုလို့သာ ကြီးကျယ်စွဲမြဲနေခဲ့၏။

“ငါ့ကို စန်းမြ ကို ခေါ်ပေးစမ်းပါ၊ သူ့ကို ချက်ချင်း ငါ့သမီးကို



ယောကျ်ားပေးစားဖို့ပြောရမယ်၊ ညည်း မငြင်းနဲ့တော့ ရာရာ ..၊ ငါက သေတော့မှာ .. အဟွတ် .. အဟွတ် ..”

“အမေ ..”

ချောင်းဟန့်ရုံသာသာ တစ်ချက်နှစ်ချက် ဆိုးလိုက်တာနှင့် သွေးတွေ စင်ထွက်လာတာ ရင်ဘတ်ပေါ်မှာ ပိုးပိုးပေါက်ပေါက်ကျ၏။

“အမေ့ ..”

“တွေ့ .. တွေ့လား သွေးတွေ၊ ငါ ဟန်ဆောင်နေတာမဟုတ်ဘူးနော် .. တကယ်သေတော့မှာ၊ အဲဒါကြောင့် ညည်း လင်ယူရမယ် ..”

“အမေရယ် .. အဟင့် ..”

ရာရာ အမေ့ကို ဖက်၍ တအားငိုပစ်လိုက်မိသည်။ သွေးတွေ တကယ်ထွက်လာတာကို အမေ အားပါးတရကြီး သက်သေထူပြနေသည်။ သမီးဖြစ်သူ မငြင်းနိုင်တော့အောင် ပြစရာရပြီဆိုသည့် ဝမ်းသာအားတက်ခြင်းမှလွဲ၍ ကိုယ့်ရဲ့ သေဘေး နီးနေတာကိုလည်း ကြောက်ရမှန်းမသိရှာ..၊

“မငိုစမ်းပါ ` အေ .. ညည်းငိုရင် ငါငိုချင်ပါတယ်လို့ဆိုမှ ..”

ပြောနေရင်း ငုချလိုက်ကာ သူပြောချင်တာကိုပြောရဖို့ ရာရာ့ကိုယ်လေးကိုလည်း ရင်ခွင်ထဲက အတင်းပြန်ဆွဲထုတ်၍ ..၊

“အခု ညည်း ဒုက္ခရောက်တော့မှာကိုသိပြီမို့လား .. မိန်းမတစ်ယောက်က အရိပ်အကောင်းမရှိလို့ မဖြစ်ဘူးဆိုတာလေ ..၊ ‘ဘုရားကောင်းမှ စင်ခံ၊ လင်ကောင်းမှ စံရ’ တယ်တဲ့ ..၊ ညည်း ယောကျ်ားယူလိုက်မှ အားကိုးရမှာ၊ ညည်းအစ်ကိုကို အားမကိုးနဲ့နော် .. အဟွတ် .. အဟွတ်..”

“အမေ .. အမေရယ် .. စကားတွေသိပ်မပြောပါနဲ့ .. အိပ်ရာထဲမှာလှဲနေလိုက်ပါ ..”

“မလှဲပါဘူး .. အား .. ကျွတ်ကျွတ် .. နာလိုက်တာ ..”

“အမေရယ် ..”

“ဖယ်ပါအေ .. ငါ့ကို စန်းမြမြ ဆီ ဖုန်းဆက်ပေးပါဆို၊ ညည်းခုထိ ခေါင်းမာနေတာ ငါဖြင့် အံ့သြ ရာရာ ..၊ ကိုယ့်ယောကျ်ားကမှ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို ရှာကျွေးမှာ၊ ညည်းအစ်ကိုက ညည်းကို ကျွန်လိုပဲထားပြီး သူ့မယားကိုပဲ ရှာကျွေးမှာသိရဲ့လား .."

"သိပါတယ် .. သိပါပြီ အမေရယ် .. အမေ ခဏလှဲနေလိုက်ပါ၊ သမီး အမေ့ကို ဆေးတိုက်မယ်လေ .. နော် .."

"မသောက်ဘူး .. မသောက်ဘူး .. ဆရာဝန်လည်း ငါ့ဖင်ကို ထိုးသွားပြီးပြီ .."

"အဲဒါ ဆေးထိုးတာလေ၊ ဆေးသောက်မှ ဆေးပတ်လည်မှာ အမေရဲ့ ..၊ သမီးကို သနားရင် သောက်လိုက်ပါအမေရယ် .. နော် .."

"ဟုတ်ပါတယ် အဒေါ်ရယ် .. အဒေါ် ကျန်းမာရေးကောင်းမှ ရာရာ့ကို စောင့်ရှောက်နိုင်မှာလေ .."

"ဟဲ့ .. တိတ်စမ်း .."

ဒေါ်ကြင်ကြင် က မချို့ ကို ဒေါသတကြီးအော်ဟစ်လိုက်ပြီးမှ ရင်ဝကိုဖိနှိပ်ပြီးမှဲ့သွားသည်။ သို့သော် ချက်ချင်းမျက်နှာပြန်မော့၍ ..၊

"သမီးအပျိုအရွယ်ကို မိဘစောင့်ရှောက်တာက မလုံခြုံဘူး၊ ခုပဲ ငါသေတော့မယ် ညည်းတို့ကို သေတစ်ပန်သက်တစ်ဆုံးသိ မိဘက စောင့်ရှောက်သွားနိုင်သလား ..၊ ကဲ .. ပြောပါအေ .. စန်းမြ ကို ဖုန်းဆက်ရမှာလား၊ ကိုယ်ကြိုက်တာကိုယ်ယူမယ်ဆိုရင် မိချို ပြောတဲ့ အဲ့ဒီကောင်လေးကိုခေါ်လာခဲ့မှာလား .."

နောက်ထပ် ပြာသို့ အကြောင်းက မဖြစ်မနေပါလာခဲ့ပြန်ပြီ ..။

ရာရာ့ စိတ်ပျက်သည့်အကြည့်တွေက မချို ဆီ ရောက်သွားပြန်သည်။ ချိုချိုမာ က တောင်းပန်သည့်မျက်နှာလေးနှင့် ..၊

"အဲဒါကလေ .. ငါ .. ငါလည်း .."

"တော်ပါတော့ မချို ရယ် .. ရာရာ ဘာလုပ်ရမှန်းမသိတော့ဘူး.."

"ဘာ .. ခုထိ ဘာလုပ်ရမှန်းမသိဘူး ဟုတ်လား၊ အောင်မယ်လေး ငါ့ရင်ဘတ်တွေအောင့်လာပြီ .. မလုပ်ဘူး .."

ဗိုက်ကိုကိုင်လိုက် ရင်ဘတ်ကိုစမ်းလိုက်နှင့် ဒေါ်ကြင်ကြင် မျက်လုံး



ပြူးနေ၏။

"အမေ ဘယ်ကနာတာလဲဟင် .."

"မသိဘူး .. အား .. နာတယ် .. အား .."

ဒေါ်ကြင်ကြင် အိပ်ရာပေါ် မှောက်လျက်လေးကုန်းကျသွားကာ..၊

"ငါ ဟန်ဆောင်နေတာမဟုတ်ဘူးနော် ..၊ တကယ်သေအောင်နာနေတာ၊ ငါသေတော့မှာထင်တယ်၊ သွား .. စန်းမြ ကို ခေါ်ပေး၊ ဟိုကောင်လေးကိုလည်းခေါ်လိုက်၊ ငါ .. အ .. ငါ ကြိုက်တာနဲ့ပေးစားခဲ့မယ်.."

"အမေ့ .."

"သွားခေါ်ပါဆိုအေ .. ငါ .. ငါ ခုနေ အသက်ထွက်သွားရင် မျက်လုံးကြီးပြူးပြီးသေမှာ ညည်းသိလား ..၊ အသေမဖြောင့်တဲ့လူတွေ မျက်လုံးပြူးသေတယ်၊ ငါ့ကို အသေမဖြောင့် .. ဖြောင့် .. အား .. အင့် .. ဝေါ့.."

"အမေ .."

"ဒေါ်လေး .."

"မချို လုပ်ပါဦး ..၊ အမေ သွေးတွေအန်နေပြီ၊ စံပယ် .. ဆရာပေးခဲ့တဲ့ဆေး လုပ်ပါဦး .."

"ဟဲ့ .. ဘာဖြစ်ကြတာတုန်း .."

"မကြင်.. တော်တော်လေးဖြစ်နေတယ်ဆို .."

အိမ်နီးတစ်ချို့ အူယားဖားရားပြေးလာကြသည်။ ဒေါ်ကြင်ကြင် [illegible] တစ်ကိုယ်လုံးတုန်နေလျက် စကားတွေပြောနေဆဲဖြစ်ကာ ဘာတွေ [illegible]သိ ..၊

"မရဘူး ရာရာ .. အိမ်မှာမဖြစ်ဘူး၊ နင့်အမေကို ဆေးရုံတင်လိုက် [illegible] မြန်မြန်လုပ် တစ်ခုခုဖြစ်သွားရင် ငါတို့တွေဘာမှနားလည်တာ [illegible]ဘူး .."

အမေ့ကို ဆေးရုံတင်လိုက်ရတဲ့အထိ ပတ်ဝန်းကျင်က ဖေးမအောင် [illegible]ပေးကြသည်။ ရာရာ ဘာလုပ်ရမှန်းလည်းမသိ၊ မငိုဘဲနဲ့လည်း မျက်ရည်တွေက မစဲခဲ့ပေ ..။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စန်းမြမြ တို့ မိသားစုတွေ ဦးဆုံးရောက်လာကြပေမယ့် ဒေါ်ကြင်ကြင် စကားမပြောနိုင်တော့ပေ ..။ သတိရလိုက် မရလိုက်နှင့် သတိရလာတဲ့အခါ စကားပြောဖို့ချည်း ကြိုးစားနေသဖြင့် ရောဂါရှိနေတာထက် ပိုပင်ပန်းကာ အမေ့အဖြစ်က မကြည့်ရက်ဖွယ်ပါ ..။

"မိဘဆိုတာ မသေခင်ပြုစုရတယ်၊ စားနိုင်သောက်နိုင်တုန်းမှာ ကျွေးမွေးပြုစုရတယ် ..၊ အခု သူ ဘာမှမစားနိုင်တော့ဘူးဆို ဆေးဖိုးဝါးခ ပေါ့အေ .. ရော့ .. ရော့ .."

ပိုရင်းသည့်ဆွေမျိုးတွေက တတ်နိုင်သလောက်တော့ နှုတ်၏ စောင်မခြင်း၊ လက်၏စောင်မခြင်းနဲ့ ကူညီကြ၏။

ဒေါ်စန်းမြမြ ကတော့ အမေနဲ့ရော ရာရာ နဲ့ပါ အရင်းအနှီးဆုံးမို့ ပေးလည်းပေးသလို ပြောလည်းပြောပြ၏။

"ညည်းအမေရဲ့ နောက်ဆုံးဆန္ဒက ညည်း အိမ်ထောင်ပြုဖို့ပဲ ရာရာ၊ ဒါပေမယ့် ယောကျ်ားယူတယ်ဆိုတာ ဈေးပြေးပြီး လိုအပ်တာလေးတစ်ခု ကောက်ဝယ်လိုက်သလိုမရဘူး၊ သူ ဒီရက်ပိုင်းမှာ တဂျီဂျီပူဆာနေတာလည်း ငါ ဥပေက္ခာထားခဲ့ရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူက စိတ်ဝေဒနာရှင်၊ နေရာတကာ သူ့သဘောကျဖြစ်ပေးလို့မရဘူး .."

ပြောသွားတာတွေက ဟုတ်တော့ဟုတ်နေတာတွေချည်းပါ။ ဒါပေမယ့်..၊

"ငါနဲ့လည်း ညီအစ်မတော်ပါတယ်၊ သူ့ကို သံယောဇဉ်မရှိလို့ ပြောနေတာမဟုတ်ဘူး၊ သူ့ကို နောက်ဆုံးအချိန်လေး စိတ်ချမ်းသာပါစေဆိုပြီး ငါက ပြီးပြီးရောလုပ်ပေးလိုက်ရင် ညည်းကလည်း ငါ့တူမပဲ၊ ညည်း ဒုက္ခရောက်သွားမှာ .."

"ဟုတ်ကဲ့ပါ .. အဲ့ဒါကြောင့် အမေ့ကို ရာရာ လည်း အဲဒီဘက်ကို အာရုံမရောက်အောင် တားနေခဲ့တာပါ .."

"အေး .. ငါတို့ရဲ့ ဗုဒ္ဓဘာသာတရားက သေရင် ကိုယ့်နောက် ဘာမှမပါဘူး၊ ဒီခန္ဓာကိုယ်အပုတ်ကောင်ကြီးကိုစွန့်ပြီး တခြားဘဝတစ်



ခုမှာ မွေးဖွားယူနေရတာပဲ ..၊ ဒါကို ကျန်ခဲ့တဲ့လူက သေတဲ့လူ စိတ်ချမ်းသာအောင်ဆိုပြီး ဘာတွေစွန့်လွှတ်ပေးရမလဲ၊ တစ်ခုတော့ရှိတာပေါ့အေ .. လူသာသေတယ် နာမည်မသေဘူးတဲ့၊ မိဘမရှိတော့ပေမယ့် ကိုယ့်ကြောင့် မိဘဂုဏ်သိက္ခာကို ထိခိုက်ပျက်စီးစေတာမျိုးတော့ မလုပ်သင့်ဘူးပေါ့ .."

"စန်းမြမြ .. နင် ရာရာ ကို သိပ်တိုက်တွန်းမနေနဲ့၊ သူ့မှာ အုပ်ထိန်းသူမရှိ၊ ငွေကြေးဥစ္စာမရှိဘဲနဲ့ ရပ်တည်နေရတာ .."

"ဟုတ်တယ် .. ငါတို့ကတော့ ကိုယ်လည်းပြည့်စုံအောင် မထောက်နိုင်ဘူး၊ သူ့ဘဝသူကျောင်းနေရတဲ့ကိစ္စမှာ ဆိုးတာကောင်းတာတွေလည်း ပြောချင်တော့ဘူး .."

ဆွေမျိုးတွေစုမိတာ ခဏလေးပေမယ့် အမျိုးမျိုးသောစကားတွေကို ကြားခဲ့ရသည်။ အမေ့အတွက် နောက်ဆုံးအချိန်လို့ပြောနေကြပေမယ့် အမေ့ကို ဖေးမညှာတာသင့်ကြောင်း ဘာမှမပါ။

သေစကားတွေချည်းထပ်နေအောင်ဆိုလျက် အားလုံးအလယ်မှာ မျက်ရည်အရွှဲသားနှင့် ရာရာ မျက်နှာကိုဘယ်သူမှ စာနာရမှန်းမသိ ..။

"ပြောရရင် မမကြင် ဒီလောက်အဖြစ်ဆိုးသွားတာ သူ့ ပေါ့လျော့မှုလည်းပါတာပဲ .."

"သူလည်း ရာဖွေရှာကန်နေရတာပဲလေ .."

"မှန်ပေမယ့် သမီးမိန်းကလေးဆိုတာ အမေ့ မျက်နှာကို အကြည့်ဆုံးပဲ၊ အပြင်မှာ ထွက်ရှာနေရတဲ့ အိမ်ထောင်ဦးစီးယောကျ်ားတွေကောင်မှ ထမင်းဝိုင်းမှာ ခဏလေးဆုံတာနဲ့ အကြီးကောင် ကျောင်းမှာ … လိုက်နိုင်ရဲ့လား၊ အငယ်မ လပတ်စာမေးပွဲမှာ အဆင့်ဘယ်လောက် … ဆိုတာတွေ မေးချိန်ရတယ် .."

အဒေါ်ဝမ်းကွဲတွေ၊ ဦးလေးအရင်းအဖွားတွေ များသလောက် ပြော… ကြတာ တစ်ယောက်တစ်မျိုး ..။

"သွေးပွက်ပွက်အန်မှ သိရတယ်ဆိုတာ အဒေါ်ပဲစဉ်းစားကြည့်ပါ၊ … အပြင်မှာ ထွက်ရှာနေရတယ်ဆိုတာလည်း သူ့မှာ သင်တန်းတက်

www.burmeseclassic.com

www.burmeseclassic.com



ချိန်တော့ရှိနေတာပဲမို့လား .. ပြီးတော့ အစ်ကိုလုပ်တဲ့သူရဲ့ လစာလည်း ရှိတယ်၊ မအေခမျာ သမီးကိုစိတ်မဖြောင့်လို့ သတိမလစ်ခင်ထိ ဗလုံးဗထွေးတွေပြောနေတုန်း .."

ဘယ်သူတွေ ဘာပြောနေနေ သူမ မဖြေရှင်းနိုင်ပေ။ ဒါတွေကို ဖြေရှင်းဖို့ထက် အမေ့ကို မကယ်နိုင်တော့ဘူးဆိုသောအသိက လှ... မီးလောင်တိုက်သွင်းခံထားရသလိုပင် ...၊

"သေမယ့်လူက သူ့လမ်းသူသွားမှာပဲဆိုပေမယ့် သေခါနီးအ... တစ်ချက်လွဲသွားတာနဲ့ အပါယ်ကျသွားနိုင်တယ်၊ မကျွတ်မလွတ်... နဲ့ ဝဋ်ဒုက္ခတွေခံနေရရင်လည်း ကျွတ်တမ်းဝင်ဖို့ဆိုတာမလွယ်ဘူး၊ ... စွဲလမ်းနေတာကို ဖြေဖျောက်ပေးနိုင်မှ သူ့ရဲ့နောက်ဆုံးထွက်သက်... အေးချမ်းမှာ .."

"ဟုတ်တယ် .. ဒီတစ်ခါသတိလစ်သွားတာ ပြန်လည်မလာ... ဘူးနော် ...၊ အဲဒါ သူ့သမီးအိမ်ထောင်ရေးကိစ္စအတွက် နောက်ဆံ... နေတာဖြစ်နိုင်တာပေါ့ .."

ထင်တာတွေပြောနေကြရင်း တစ်ယောက်ပြီးတစ်ယောက် ထ... သွားကြတာ ညဥ့်နက်မှ လူစုကွဲ၏။

"အမေ .."

ရာရာ အမေ့လက်ဖဝါးကိုဆုပ်ကိုင်ထားရင်း မျက်ရည်ပူတွေ တလိမ့်... ကျလာကြ၏။ ကကြီးပုံ မဟာနဖူးပြေပြေလေးနှင့် နှာတံချွန်ချွန်... ထင်းနေလျက် အမေ့ မျက်နှာက ဖွေးနုလှပနေဆဲပင် ...။

ဒါပေမယ့် အိပ်ပျော်နေသလို လုံးဝပိတ်လျက်ကျနေခဲ့သည့် ... တောင်ဖျားတို့က လှုပ်ခတ်ခြင်းကင်းလျက် နားငြီးအောင် ပြောနေ... သည့် အမေ့နှုတ်ဖျားက စကားသံတွေလည်း ဆိတ်သုဉ်းနေခဲ့၏။

"အမေရယ် .. အမေ ဘာဖြစ်လို့ ဒီလောက်ထိ စိတ်ပူနေရ... အမေ နေပြန်ကောင်းလာအောင် ကိုယ့်ကိုယ်ကိုယ်အားတင်းထားရ... ဘာဖြစ်လို့ ရာရာ ကိုပဲ စိတ်ချလက်ချ ထားခဲ့ချင်နေရတာလဲ ...၊ အမေ ...



...ါနဲ့ .. အမေ့ကို ရာရာ ပြုစုလို့ မဝသေးဘူး၊ အမေ ဘာမှမဖြစ်ရဘူး..."

အမေ့ လက်ခုံပေါ်မှာ နဖူးနဲ့ကပ်ထိရင်း အသံမထွက်အောင် ကြိတ်... ငိုက်နေမိသည်။ ထိုစဉ် အမေ့ လက်ချောင်းတွေလှုပ်လှုပ်ရှရှဖြစ်လာကြ၏။

ရာရာ ဆတ်ခနဲကျိုးထလိုက်မိကာ အမေ့လက်တွေကိုကြည့်လိုက်မိသည်။

"ရာရာ .."

"အမေ .. အမေ သတိရလာပြီ .."

အမေ့ မျက်လုံးတွေပွင့်လာပါပြီ။ သို့သော် မျက်ရည်တွေပြည့်နေခဲ့လျက်...

"ညည်းကိုမှ စိတ်မချတာ ငါ ဘယ်လိုလုပ်သွားရမှာလဲ .."

"အမေရယ် .."

"ညည်းက ငါ့ကိုအရူးဆိုပြီး .."

"မဟုတ်ပါဘူး အမေရယ် .. မဟုတ်ရပါဘူး၊ ရာရာ လေ .. အမေ့... ပြောပြရခက်နေလို့ပါ၊ သမီးတို့ဘဝကိုလည်း အမေ သိနေသားနဲ့ ...အရယ်၊ ကိုယ်က ဒီလောက်ဆင်းရဲနေတာ ဘယ်သားရှင်က သမီးနဲ့ ...ထပ်ပေးချင်ပါ့မလဲ၊ အမေက သမီးကိုစိတ်ချချင်လို့ပေမယ့် စိတ်ချ... ...တဲ့လူနဲ့ မဟုတ်ဘဲ လက်ထပ်ဖြစ်ဖို့အစီကထားပြီး တွေ့ကရာလူနဲ့ ... စိတ်ချနိုင်မလား .."

"ဟုတ်တယ် .. ဒါပေမယ့် အခု ညည်းတစ်ယောက်တည်းကျန်ခဲ့... ရာရာ .."

"ကိုကြီးရှိတယ်လေ .. ကိုကြီးကို မှာထားတယ် အမေရဲ့ .."

"မဟုတ်ဘူး .. မဟုတ်ဘူး .. ခဏနေပါဦး၊ ကျွန်မသမီးကို မှာနေ... ...ပြီးသေးလို့ပါ .."

"အမေ .."

"ငါ့ကိုခေါ်နေကြပြီ .. ငါသေတော့မယ်၊ ငါ မသေချင်သေးဘူး၊ ...ပါဦး .. ငါ ညည်းကို ယောကျ်ားပေးစားဦးမှာ၊ ကျွန်မသမီးကို စိတ်ချ... ...ပါ မခေါ်ပါ... လုပ်ကြပါဦး .."

www.burmeseclassic.com

www.burmeseclassic.com



"အမေ .. အမေ့ကိုမခေါ်ပါနဲ့ .. အမေ့ .."

"ညီမ .. ညီမ သတိထားလေ .."

"ရှင် .."

ရာရာ မျက်လုံးတွေတိတိပပပွင့်လာသည်။ သူမ အမေ့လက်ပေါ်မှာ အိပ်ပျော်သွားခဲ့တာလား ..၊

အမေ့ ခုတင်ဘေးမှာ နိုက်ဂျူတီကျသည့် သူနာပြုဆရာမနှင့်အကူ တစ်ယောက်ရှိနေကာ ..၊

"ဆရာမ .. အမေ သတိရပြီလားဟင် .."

"ခဏ .. တိတ်တိတ်နေပေး .."

ဆရာမ့က အမေ့ကို စမ်းသပ်စစ်ဆေးရင်း အလုပ်ရှုပ်နေကာ ..

"သတိပြန်လစ်သွားပြန်ပြီ .. ဒရစ်ချိတ်တာခဏဖြုတ်လိုက်၊ ဆေး ပိုက်လဲရမယ် .."

ခေါ်ကြင်ကြင် မျက်တောင်ဖျားတွေတလှုပ်လှုပ် နှုတ်ခမ်းသားတွေ လှုပ်ခတ်နေရင်း သူမ ကြည့်နေဆဲမှာပဲ ပြန်လည်ငြိမ်သက်သွား၏။

အမေရယ် ..၊

နှုတ်ခမ်းကိုက်ထားပေမယ့် ရင်ထဲမှာနာကျင်နေသည်။ အားပါး တရမငိုရသည့်မျက်ရည်တွေကြောင့် ရင်ဘတ်က ပွင့်ထွက်တော့မတတ် ဆို့ကျပ်နေခဲ့၏။

သူမ အိပ်မက်မက်နေတာမဟုတ်နိုင်ပေ။ အမေ့စိတ်နဲ့ သူမ စကား ပြောခဲ့ရတာဖြစ်သည်။ အမေ့ မသိစိတ်တွေထဲမှာ သူမအတွက် နောက်ဆုံး တင်းနေတာတွေ တင်းပြည့်ကျပ်ပြည့်ပါလား ..။

သူမ ဘာလုပ်ရမလဲ၊ တစ်ခုခုကို ဆုံးဖြတ်ရတော့မည်ဆိုလျှင် ထို တစ်ခုခုက သူမ တစ်စုံတစ်ယောက်နဲ့ အမြန်ဆုံးလက်ထပ်ဖို့သာဖြစ်၏၊

ဘယ်လောက်အမြန်ဆုံးလဲဆိုလျှင် ..၊



အခန်း (၂၉)

"ချော .. နင်ပြောတဲ့တစ်ယောက်ရော .."

ချိန်းထားသည့်နေရာမှာ ဆုံမိကြပေမယ့် ချော က မျက်နှာမကောင်း..။

"ဟင် .. နင်ပြောတော့ အဆင်ပြေမှာပါဆို .."

"ဟုတ်တယ် .. လက်တွေ့ကျတော့ မပြေဘူးဟ .."

"ဘာဖြစ်လို့လဲဟင် .. ငါ အရမ်းအရေးကြီးနေတာ သိရဲ့သားနဲ့ ချော ရယ် .."

ချော က သက်ပြင်းရှည်ကြီးကိုချလိုက်ပြီး ရာရာ့ မျက်နှာကို ကရုဏာ သက်စွာကြည့်သည်။

"ငါသိပါတယ် ရာရာ ရယ် .. ဒါကြောင့်လည်း အန်တီမြ တို့မသိ အောင် ငါ ကြိုးစားပေးတာပေါ့၊ ဒါပေမယ့် နေဇော် က နင့်ကိုမြင်ဖူး သွားတာနဲ့ တန်းအချိုးပြောင်းသွားတာ .."

"ဘာ!..."

"ဟုတ်တယ် .. အရက် ဆေးလိပ် လောင်းကစား သူမတတ်တာ ဘာမှမရှိဘူး၊ ရုပ်လေးကလည်း ချောတော့ မိန်းမကိစ္စတွေက ရှုပ်သေး

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ငါကလည်း သူနဲ့ပဲ ရင်းနှီးတော့ သူ့ကို အကူအညီတောင်းတာလေ၊ ပြောတော့ ရိုးရိုးသားသားပဲ .. ငါ့ဖုန်းထဲက နှင့်ပုံကိုလည်းတွေ့သွားတော့ စကားပြောပုံက မဟန်တော့ဘူး .."

"သူက ဘာတွေပြောလို့လဲ .."

ချော က ခုံတန်းလေးအစွန်းမှာ ဝင်ထိုင်လိုက်ကာ ..၊

"မပြောပါဘူး .. ပြောရလောက်အောင်လည်း ဘာမှမှမစကြသေးတာ၊ ဒါပေမယ့် သူ့စကားအသွားအလာအရ နောက်ပိုင်းမှာ နှင် ဒုက္ခရောက်နိုင်တယ် .."

ဘယ်လိုပြောပြော ရာရာ က ဒါကိုစိတ်ပျက်လက်လျှော့ချင်ပုံမပေါ်သဖြင့် ချော က ရာရာ့ လက်လေးကို ဆုပ်ကိုင်လိုက်ကာ ..၊

"လက်ထပ်တော့မယ့် ချစ်သူအဖြစ် ဟန်ဆောင်ပေးရုံပဲ၊ တစ်ခါတည်းဆိုတာက ဟုတ်တယ် .. ဒါပေမယ့် ဆေးရုံမှာ အန်တီကြင် ကို သွားတွေ့ရင်တော့ အဲဒီနေရာမှာရှိနေတဲ့ လူတွေသိကြမှာပဲလေ၊ နောက်ပိုင်း နှင့်ကို သူ ဒုက္ခပေးနိုင်တယ် .."

"ဒါပေမယ့် ချော ရယ် .. အမေ့ အခြေအနေက .."

စကားမဆုံးခင် ဖုန်းလာသဖြင့် ဖွင့်ကြည့်လိုက်မိသည်။

"အန်တီမြ ခေါ်တာ .."

"ဟင် .. ဟုတ်လား .."

ချော လည်း မျက်လုံးပြူးသွားသည်။ ရာရာ က ဖုန်းဖွင့်၍ ..၊

"ဟလို .."

"ရာရာ .. ညည်းအခု ဘယ်မှာလဲ .."

"အန်တီ .. ရာရာ မြို့ထဲမှာ .."

"အေး .. ဘယ်မှာဖြစ်ဖြစ် အရေးမကြီးဘူး၊ ခု တော်ကြာအသက်ထွက်သွားနိုင်တဲ့ လူမမာအတွက် ယောက်ျားယူပြဖို့ လင်အတုလိုက်ရှာနေတာဆိုရင်တော့ ညည်းနဲ့ငါတို့ ဆွေခန်းမျိုးခန်းပြတ်ပြီမှတ် .."

ဒေါ်စန်းမြမြ က တစ်စုံတစ်ရာ သေချာသတင်းကြားထားသည့်ပုံ



နှင့် ဒေါသတွေကြီးနေကာ ..၊

"ချော ကိုလည်း သူ့အစ်ကိုတွေနဲ့ ငါ တိုင်ထားပြီးပြီ၊ ကျော်မကောင်းကြားမကောင်းတွေ လျှောက်မလုပ်ချင်နဲ့၊ ပြောရရင် မကောင်းဘူး၊ ညည်းအမေကို ဆန္ဒတွေဘာတွေဖြည့်ပေးလည်း သူက ဘာမှ သိတော့တာမဟုတ်ဘူး .."

"အမေသိတယ် အန်တီ .."

"ဘာအေ့ .."

"အမေ သတိလစ်နေပေမယ့် အဲ့ဒီကိစ္စ အမေ့ မသိစိတ်ထဲမှာ အမြဲရှိနေတယ်၊ အဲ့ဒါကြောင့် ခုလိုဖြစ်နေရှာတာ .."

ပြောပြရင်း ရာရာ ရှိုက်ငိုတော့ ဒေါ်စန်းမြမြ အသံတိတ်နေ၏။

"အားလုံးပြောသလိုပဲ အမေက သေလူပါ ဟုတ်ပါတယ် ..၊ ပြီးတော့ စိတ်ဝေဒနာသည်ပါ၊ ဒါပေမယ့် အမေ ပူပန်နေတာကတော့ သူ့သမီးရဲ့ နောင်ရေးအတွက် မိခင်မေတ္တာအပြည့်နဲ့ပါ အန်တီရယ်၊ အမေ ကယောင်ခြောက်ချားတွေ ဘယ်လောက်ဖြစ်ဖြစ် သားသမီးတွေအတွက်ဆို ဘာတစ်ခုမှ မေ့လျော့ခဲ့တာမရှိဘူး၊ သူ ဘာမှမတတ်နိုင်ပေမယ့် ဖြစ်စေချင်တဲ့စေတနာတွေကတော့ သူ့ရင်ထဲမှာ အချိန်တိုင်းအပြည့်အသိပ်ပဲ .."

"ဟုတ်ပါတယ် .. ငါတို့က ဘယ်သူ့ကိုမှ အပြစ်တင်နေတာ မဟုတ်ပါဘူး၊ ညည်းအမေ ညည်းတို့ကိုချစ်တာလည်း သိတယ်၊ ညည်းတို့က မအေကို ချစ်တာလည်း မသိလို့မဟုတ်ဘူး၊ ဒါပေမယ့် ခေတ်လူငယ်ဖြစ်လျက်နဲ့ အစွဲအလမ်းတွေကြီးပြီး မဆင်မခြင်မလုပ်ရဘူးလေ၊ ခုခေတ်ယောကျ်ားလေးတွေကို ဘာမှတ်လို့လဲ ..၊ အို .. ဘယ်ခေတ်ဖြစ်ဖြစ် ဒီလုပ်ရပ်မျိုးကတော့ အကျည်းတန်နေမှာပဲ၊ သေမယ့်လူ မျက်စေ့တစ်ခတ်စာလေးအတွက်နဲ့ ညည်း ကိုယ့်ကိုယ်ကိုယ် နစ်မွန်းခံဖို့ သဘောမကျဘူး .."

"အန်တီ ရာရာ အတွက် စိတ်ပူလို့ပြောတာကိုသိပါတယ်၊ ဒါ

www.burmeseclassic.com



ပေမယ့် ဒါကို ရာရာ လုပ်မှဖြစ်မှာ .."

"ဘာပြောတယ် .."

"ရာရာ အစွဲအလမ်းကြီးပြီး မဖွယ်ရာတာကိုလုပ်မိခဲ့ရင် အဲ့ဒီအမှားကို ရာရာ အကောင်းဆုံးပြန်ပြုပြင်ဖို့ကြိုးစားနိုင်တယ်၊ အမေသာ ဒါကိုစွဲလမ်းပြီး မကျွတ်လွတ်တဲ့ဘဝ ရောက်သွားခဲ့ရင် ဘယ်လိုပြန်ဆွဲထုတ်မလဲ ..၊ တစ်ယောက်ကိုတစ်ယောက် မသိနိုင်မမြင်နိုင်တဲ့အမှောင်ထဲမှာ အမေ့ဘဝ ဆုံးမှာ .."

ပြောနေရင်း ရင်ထဲမှာ နာကျင်လာမိသည်။ အမေ့ မျက်လုံးတွေ မှိတ်နေပေမယ့် သူမ စကားတွေပြောနေတိုင်း အမေ နားထောင်နေသည်လို့ ခံစားမိနေသည်။

သူမ ကတိတွေပေးနေတာကိုလည်း အမေ ကျေနပ်နေသည်။ ကတိပေးတဲ့အတိုင်း တကယ်လုပ်ပြမှာကို အမေ စောင့်နေခဲ့သည်။ ဒါကြောင့် အမေ့ကို ညက ကတိပေးခဲ့သည့်အတိုင်း သူမ ဖြစ်အောင်လုပ်ဖို့သာ ...။

"ရာရာ .."

"အန်တီ ဘာပြောပြော ငါ လက်မလျှော့နိုင်ဘူး၊ ငါ့ကို မတားပါနဲ့ .."

ဖုန်းပြောပြီး ချော ပါးစပ်ပြင်ရုံရှိသေးသည် ရာရာ က တစ်ခါတည်းပိတ်ပြောသည်။ မျက်ရည်ဝေနေသော မျက်ဝန်းလေးတွေက ကြေကွဲဆို့နင့်မှုတွေကို ချော မကြည့်ရက်ပါ။ သို့သော် ..၊

"နင် ကြိုးစားဖို့အချိန်လည်းမရှိတော့ဘူး ရာရာ ..၊ ဒါမျိုးကို ဖုတ်ပူမီးတိုက်လုပ်ရင် ဘယ်လောက်အန္တရာယ်များသလဲ .."

"ငါ ယောကျ်ားယူဖို့ကြိုးစားနေတာမှ မဟုတ်တဲ့ ချော ရယ် ..၊ အမေ့အတွက် အမေ့ရဲ့ နောက်ဆုံးထွက်သက်အေးချမ်းဖို့ပဲ၊ နင် ကူညီချင်တာ ငါသိပါတယ်၊ ဖြစ်မလာတာကတော့ ဘယ်တတ်နိုင်မလဲ .. ငါ သွားတော့မယ် .."

"ရာရာ .."



ရောက်တည်းက တစ်ချက်မှမထိုင်ဘဲ ပြန်မယ်နှုတ်ဆက်တော့ ချော ကပျာကယာထရပ်မိကာ ..၊

"ခုပဲရောက်တယ် .."

"အမေ့ကို မချို တို့လက်ထဲခဏထည့်ခဲ့ရတာ .. ငါ အကြာကြီးနေလို့မဖြစ်ဘူး .."

"ရာရာ နင့် ချစ်သူအတုခေါ်သွားဖို့ကိစ္စကိုလုပ်ဦးမှာပေါ့ .. ဟုတ်လား .."

"စိတ်မပူပါနဲ့ဟာ .. ငါ နင့်လိုသူငယ်ချင်းတွေနဲ့ပဲ တိုင်ပင်မှာပါ.."

နာရီကို ငုံ့ကြည့်ပြီး နေရာမှ လှည့်ထွက်လိုက်လျှင် သူမရှေ့ လမ်းမအစပ်မှာ ကားတစ်စီးထိုးရပ်သွား၏။

ကားပေါ်ကဆင်းလာကြသူတွေကိုမြင်လိုက်တာနှင့် ရာရာ မျက်နှာပျက်သွားကာ ..၊

"ချော .. နင်ပြန်တော့လေ .."

ချော က ဘာမှပြန်မပြောဘဲ ကေ တို့အားလုံးကိုပဲ မမှိတ်မသုန်ကြည့်နေခဲ့၏။ ကေ အပါအဝင် လေးယောက်စလုံး၏ မျက်နှာတွေက သယ်ဆောင်လာသည့် မုန်တိုင်းအမျိုးအစားကို ဖော်ပြနေကြလျက် ..၊

"ဘယ်လိုလဲ ကြင်ရာတော် .. ပိုက်ဆံတွေလိမ်ယူပြီး ရှောင်ထွက်နေလိုက်တာ၊ အခု ကြင်ရာတော် ဖြစ်ဖို့ကြိုးစားနေပြန်ပြီလား .."

ချော အံ့သြသွားသည်။ ဒီကိစ္စ ဒီတစ်ရက်နှစ်ရက်ကျမှ ရာရာ နဲ့ သူမတို့ ဘယ်သူမှမသိအောင် ကြိတ်ကြံခဲ့ကြတာ ..။

"ဟွန်း .."

ကေ ရဲ့အကြည့်တွေက ချော ရဲ့ အံ့သြသည့်အကြည့်တွေပေါ် ဝေ့ခနဲရောက်လာခဲ့ပြီး ..၊

"တစ်စုံတစ်ခုကို လျှို့ဝှက်ချင်ရင် အပြင်လူတွေသိပ်မသိရဘူးဟ၊ ခုတော့ နင်တို့လုပ်သမျှ ငါတို့ကသိနေတယ်၊ ဘယ်လိုလုပ်မလဲ .."

"ဘယ်လိုမှလုပ်ဖို့မလိုပါဘူး .. ရာရာ ဆိုတဲ့ ငါက မုန်တယ်ထင်

www.burmeseclassic.com

www.burmeseclassic.com



လို့ လုပ်ပြီဆိုရင် ဘယ်သူ့ဘာတွေဖြစ်ဖြစ် ဘာပြောပြော ဂရုမစိုက်ဘူး၊ ဒါကြောင့် နင်တို့အုပ်စုတစ်စုလုံး ဝိုင်းပြီး နိုင်စားနေတာကို ငြိမ်ခံနေခဲ့တာပေါ့ ..."

"နင့်ကို ပိုက်ဆံပေးထားတာ ငုတ်တုတ်ထိုင်ပြီး တံတွေးခံနေရုံပဲ မဟုတ်ဘူးလေ .. ငါ ခိုင်းချင်လို့ခေါ်ထားတာ .. ခု .."

"လကုန်ဖို့ ငါးရက်ပဲလိုတော့တယ် .."

"ဟုတ်တယ် .. အဲဒီ ငါးရက်အတွက် ..၊ ပြီးတော့ အခု ငါခေါ်တာ မလာဘဲနေတဲ့ သုံးရက်အတွက်ရော၊ အားလုံးပေါင်း ရှစ်ရက်အတွက် အလုပ်ပြန်ဆင်းပါ .."

"သူ့အမေ အသည်းအသန်ဖြစ်နေလို့ ဆေးရုံတင်ထားရတာကျတော့ နင်တို့မသိဘူးလား .."

ချော က ဒေါသနှင့် ဝင်ပြောကာ ရာရာ့ ဘေးမှာ ယှဉ်တွဲရပ်လိုက်သည်။

"ပြီးတော့ ကူလူရှင်း နင်တို့ဆက်ဆံကြတဲ့ပုံက သိပ်ရိုင်းလွန်းတယ်"

"ရိုင်းတော့ ဘာဖြစ်လဲ၊ ရိုင်းချင်လို့ အဆမတန်ပေးထားတာ .. ခိုင်းချင်လို့ခေါ်ထားတာ .."

"ဟွန့် .."

ရာရာ က နာကျင်မှုတွေကို နာကျည်းမှုတွေနဲ့ ဆတိုးပေါင်း၍ ဟွန့်ခနဲမဲ့သည်။

"ဒီမှာ ဧက .. ရိုင်းချင်တိုင်းရိုင်းလို့ရတယ်၊ ဒါက နင့်မိဘ နင့်ကို မဆုံးမခဲ့တဲ့အပိုင်း .."

"ဘာ!..."

"ဒါပေမယ့် ခိုင်းချင်တိုင်းခိုင်းလို့ရတဲ့ကာလကတော့ ကုန်သွားပြီ .."

"ဘာဖြစ်လို့ ကုန်ရမှာလဲ .. နင် ဒီလခယူထားပြီးသား ကြိုထုတ်ထားတာတွေလည်း .."



"အဲဒါတွေ နင်ပြောဖို့မလိုဘူး၊ ငါ နင့်အမေနဲ့ အလုပ်လုပ်တာ၊ မကျေနပ်စရာရှိရင် သူ့ကိုပြောလိမ့်မယ် .."

"ဘာပြောတယ် ရာရာ .. နင်လူပါးဝလှချေလား .."

"အေးလေ .. ခုကျမှဘာဖြစ်တာလဲ .. ရူးသွားတဲ့ခွေးကျနေတာပဲ.."

ဇင် က ပစ်ပစ်နှစ်နှစ်ပြောသည်။ ရာရာ့ မျက်လုံးတွေလက်ခနဲဖြစ်သွား၏။

"လူပါးဝတတ်တာက အစတည်းကတတ်တယ်၊ ငါ့အမေရဲ့ ကျန်းမာရေးကြောင့် ငါလိုတဲ့ငွေကို ငါ့အင်အားနဲ့ လောလောဆယ်ဆယ်ရအောင် မရှာနိုင်သေးလို့ သည်းခံနေခဲ့တာ .."

"ဩော် .. ဟော .. ခုတော့ ရှာနိုင်သွားပြီပေါ့၊ ပြောပါဦး ဘယ်လိုနည်းလမ်းတွေနဲ့လဲ .."

ရာရာ က ဧက မျက်နှာကို စူးစူးရဲရဲကြည့်သည်။ တောက်လျှောက်ခံလာရသည့် နာကျင်မှုတွေက သူမကြောင့်ဆိုသည့် နာကြည်းမှုတွေဖြင့် စုပြုံကျပ်ခဲလာခဲ့ပြီး ...၊

"ငါ ဘယ်လိုနည်းနဲ့ပဲ ငွေရှာရှာ၊ သူများကိုမကောင်းရာမကောင်းကြောင်း ချောက်တွန်းဖို့အတွက်နဲ့ မိဘလုပ်စာထင်သလိုသုံးဖြုန်းနေတဲ့ နင့်ထက် အများကြီးသာတယ်၊ သူများကိုဒုက္ခပေးပြီး နေ့စဉ်အကုသိုလ်တက်နေတဲ့ နင်သာ တစ်နေ့နေ့ ခွေးတစ်ကောင်လို ရူးမသွားစေနဲ့ .."

"ကောင်မ .. 'ကျွန်' မကများ လူပါးဝလို့ .."

ဧက က နိုင်နေကျအတိုင်း နိုင်ချင်သည့် လက်က ရိုပ်ခနဲမြှောက်တက်သွားသည်။ လက်ပါလာပြီမှန်းသိလိုက်တာနှင့် ချော က ဧက ကို ကိုယ်လုံးချင်းပစ်တိုက်ချလိုက်၏။

"အံမယ် .. အံမယ် ဝင်မပါနဲ့လေ .."

ဧက လမ်းပေါ်ကိုလက်မြှောက်လျက်သားနှင့် ပုံခနဲလဲကျသွား၏။ နှစ်ယောက်နဲ့ လေးယောက်ပေမယ့် ချော ဝင်ပါလိုက်တာနှင့် အ .. လေးတို့ လန့်ဖျပ်ကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမှန်းသိရင် လဲသွားရုံမဟုတ်ဘူး ပါးကိုဆွဲရိုက်ပစ်လိုက်တယ်၊ တော်တော် အောက်တန်းကျတဲ့ဟာတွေ ..၊ နေစမ်းပါဦး သူက ဘာဖြစ်လို့ နင့်ကို ဒီလောက်တောင်ဖွဲ့ချင်နေတာလဲ ..."

ရာရာ က မျက်ရည်တွေငုံ့သုတ်ရင်း ခေါင်းခါပြသည်။

"မသိတော့ဘူး .. အစတုန်းကတော့ သူ့နားမှာနေတာမကြိုက်လို့ ငါ့ဘာသာ စိတ်ပျက်ပြီးထွက်သွားအောင် လုပ်နေတယ်ပဲထင်တာ .."

"တောက် .."

ချော က ဒေါသထွက်နေပေမယ့် ရာရာ ငိုနေတာကြောင့် ဘာမှလည်း မပြောရက်ပဲရှိကာ ..၊

"ပြီးသွားပြီပဲဟာ .. ထားလိုက်တော့ .. ငါတို့ .."

သူမ စကားမဆက်နိုင်ခင် ကားတစ်စီးက ဘေးမှာလာရပ်သွားသဖြင့် လှမ်းကြည့်လိုက်မိသည်။

"ရာရာ .."

စိုးထက် နဲ့ တည်ကြည် တို့ တစ်ဖက်စီကနေ ဆင်းလာကြကာ..၊

"အတော်ပဲ ဆိုက်ဆိုက်မြိုက်မြိုက် ဒီမှာလာတွေ့တာ .."

"ဟိုနေ့တွေက .."

စိုးထက် ၏ ပြုံးနေသည့်မျက်နှာ တို့လို့တန်းလန်းဖြစ်သွားသည်။ ရာရာ့ မျက်တောင်ဖျားနဲ့ နီနေသော မျက်ဝန်းထဲမှာ မျက်ရည်စတွေကို မြင်သွားလျက် .. ချော ကို ကြည့်တော့လည်း သူမက မျက်ခုံးလေးတွေ တွန့်ကုတ်နေသဖြင့် ..၊

"ဟို .. ငါတို့က ပြောစရာရှိလို့ပါ၊ ပြောလို့ရရဲ့လားမသိဘူး .."

"အင်း ပြောလေ .."

ရာရာ က တစ်ရှူးထုတ်ပြီး မျက်နှာကိုပွတ်ပစ်၏။ ပြီးမှမေး၍..၊

"ဘာပြောမလို့လဲ .."

ပါးပြင်လေးတွေ နီရဲနေလျက် နှုတ်ခမ်းသားတွေလည်း ဆေ ...ည ဥသလိုရဲနေလေသည်။ ပန်းနုရောင်လေးဝတ်ထားသဖြင့် ညနေခင်းအလှ



ဘယ်သူမှ ရန်မဖြစ်ဝံ့ကြသဖြင့် ဇေ ကိုသာ ကမန်းကတန်းဝိုင်းထူပေးကြလျက် ..၊

"တော်တော်စွာတဲ့ မိန်းမတွေ .. လာ ဇေ ဖက်ဖြစ်မနေနဲ့ .."

"ဟွန်း .. အဆင့်မရှိတဲ့ဟာကွ .."

ရာရာ ခါးထောက်၍ ...

"ဘယ်သူက အဆင့်မရှိတာလဲ .. ပါးစပ်ကမနိုင်လို့ ဖက်ကိုက်ချင်တာ ဘယ်သူလဲ ..၊ ခွေးရူးဆိုတာ အဲ့ဒီမှာကြည့်သွား .."

ဇေ ဖင်နာသွားကာ ထရပ်လိုက်ပေမယ့် ယိုင်နဲ့နဲ့ဖြစ်နေခဲ့လျက်..၊

"ကောင်မ .. နင် သိမယ်၊ နင် ငါ့ကိုနိုင်သွားပြီမထင်နဲ့ နင့်ဘဝကို စုတ်ပြတ်သတ်သွားအောင် ငါလုပ်ပြမယ် ..'ကျွန်မ' 'သူတောင်းစားမ' .."

မျိုးစုံအောင် အော်ဆဲသွားသည်။ ကားနဲ့ကာကွယ်ထားသလိုဖြစ်နေပေမယ့် ရန်ဖြစ်နေကြမှန်းသိသည်နှင့် ပတ်ဝန်းကျင်က လူတွေဝိုင်းကြည့်ကုန်ကြ၏။

ဇေ တို့ တံခါးပိတ်သံတွေခပ်ကြမ်းကြမ်းနှင့် ကားကို ကမူးရှူးထိုးမောင်းထွက်သွားကြလျှင် လူတွေ့ရဲ့ကြည့်စရာပစ်မှတ်က သူမတို့ဆီမှာ..။

"လာ .. ငါတို့သွားရအောင် .."

သူများတွေကြည့်ကြသည့် မြင်ကွင်းကလွတ်အောင် ချော က ရာရာ့ လက်လေးကိုဆွဲခေါ်လာခဲ့၏။ လမ်းတစ်လျှောက်မှာ အံကြိတ်ထားသည့်ကြားကနေ မျက်ရည်တွေ တပေါက်ပေါက်လိမ့်ဆင်းကျနေခဲ့ပြီး ..၊

"ငါ ဒီ့ထက် ဘာတွေပေးဆပ်ရဦးမှာလဲ ..၊ အဲဒီပိုက်ဆံတွေပုံပေးပြီး ငါ့ကို ဘဝပျက်အောင် ချောက်တွန်းခဲ့ပြီးပြီ၊ ယောကျ်ားတစ်ယောက်ကို မတန်မရာ တကောက်ကောက်လိုက်ကြည့် ကြိတ်ပိုးနေတဲ့ မိန်းမလို လူလယ်ခေါင်မှာ သိက္ခာကျခဲ့ အရှက်ကွဲခဲ့တာလည်း အားမရနိုင်ဘူး၊ ငါ ဘာတွေထပ်လုပ်ပေးရဦးမှာလဲ .."

"ဖြစ်ရလေ ရာရာ ရယ် .. နင် အဲဒီလောက်ထိတောင်ဖြစ်နေတာလား ..၊ ပြောသွားလိုက်တာလည်း 'ကျွန်' မချင်းကိုထပ်နေတာပဲ၊ တောက်..

www.burmeseclassic.com



မှာ ရာရာ့ မျက်နှာလေးက အနီရောင်လွှမ်းနေပေမယ့် ကလေးဆန်ပြီး လှနေ၏။

ဘာမှ မပြင်ဆင်မခြယ်သဘဲ မိန်းမလှလေးတစ်ယောက်စာရင်းဝင် အောင် နဂိုအတိုင်းလေးလှနေသည့် သူမကိုမှ ရာဇဝင်ထဲက မင်းသား တစ်ပါးလို ခမ်းနားသည့်ဘဝထဲက ပြာသို က စိတ်ဝင်စားနေခဲ့သည်။

ဘဝနှစ်ခုက မိုးနဲ့မြေလို ခြားနားနေသည်။ သူမလေးကလည်း ချစ်ကြင်တာ မြတ်နိုးတာတွေကို စိတ်ဝင်စားပုံမပြခဲ့ပေမယ့် ..၊

"ဒီလိုပါ .. ဟို .. ငါတို့မှာ ဖိတ်စာတော့မပါဘူး၊ မနက်ဖြန် ပြာသို ဧ့စပ်မှာလေ .."

"ဟုတ်လား .. ဘာဖြစ်လို့လာပြောနေတာလဲ၊ အဲဒီလိုပွဲမျိုးတွေကို ရာရာ မတက်နိုင်ပါဘူး .."

သူမ မျက်နှာပေါ်က ပြောင်းလဲခြင်းကို စိုးထက် တို့က တိတ်ဆိတ် စွာ အကဲခတ်နေကြ၏။ သူမက တကောက်ကောက်လိုက်ပတ်သက် နေခဲ့သမျှ ဧက တို့ရဲ့လုပ်ကွက်တွေဆိုတာ သူတို့သိခဲ့ကြပြီးပြီ ..။

ဒါပေမယ့် ပတ်သက်မိခဲ့ကြတဲ့အပိုင်းမှာ ပြာသို့ ရင်ထဲမှာတော့ ထိရှကျန်ရစ်ခဲ့လျက် သူမက ဘာမှမဖြစ်ဘူးလား ..၊ ဖြစ်နေခဲ့သလား ..။

စိုးထက် တို့က ကိုယ့်အတွေးနဲ့ကိုယ် တိတ်နေခဲ့ကြလျှင် ရာရာ ကိုယ်ထင်တဲ့အတိုင်း ပြောလိုက်ပြီးမှ ခပ်အမ်းအမ်းဖြစ်သွားကာ ..၊

"ရှင်တို့ ရာရာ့ ကို ဖိတ်မလို့ပြောတယ်ထင်လို့ပါ .."

"ဟုတ်တယ် .. ဖိတ်မလို့ပါ၊ နင့်ကို ပြာသို လိုက်ရှာနေသေးတယ်၊ ဘယ်လိုပုံစံနဲ့ဖြစ်ဖြစ် ပွဲတက်ပေးဖို့လေ၊ နင်နဲ့သူ မိတ်ဆွေဖြစ်သွားပြီ လို့ပြောတယ် .. သူ့ပွဲမှာ သူငယ်ချင်းအားလုံး စုံစုံလင်လင်လာစေချင် တာ .."

ရာရာ နဲ့ ချော မျက်လုံးချင်းဆုံသွားသည်။ ချော ရဲ့ မျက်လုံးထဲ မှာ ပြာသို နဲ့ ဘယ်တုန်းက ရင်းနှီးသွားတာလဲလို့ မေးချင်နေသော အကြည့်တွေရှိနေခဲ့၏။



ကိုယ့်ဘက်ကတော့ သူငယ်ချင်းမိတ်ဆွေဆိုတဲ့စာရင်းထဲမှာ ပြာသို ကို ဘယ်တုန်းကမှ ထည့်မတွက်ခဲ့ပါ။ သူ့လိုလူနဲ့ ကိုယ်နဲ့ ရင်းနှီးခင်မင် နေပါသည်ပြောရင်တောင် ဟားတိုက်အရယ်ခံရနိုင်သည့် ကိုယ့်အခြေ အနေကို နားလည်ပြီးသား ..၊

"နော် .. ငါတို့ကတွေ့ခဲ့ရဲ့သားနဲ့ မဖိတ်ဘူးအပြောခံရမှာစိုးလို့ပါ၊ ဆက်ဆက်လာခဲ့နော် .. နင်လာရင် ငါတို့ထွက်ကြိုမှာပါ ..၊ ဘာမှ ရှက် နားယ်ဖို့မရှိဘူး၊ ဒီအတိုင်းပဲ ထွက်လာခဲ့ .."

"ဟော့ကောင် .."

"ပကာသနတွေမလိုဘူးလို့ပြောတာပါ၊ ငါတို့သူငယ်ချင်းအုပ်စု တွေချည်းပဲ လွတ်လွတ်လပ်လပ် စားသောက်ဖို့ သေချာစီစဉ်ထားပြီး သား .."

"ဧက တို့အုပ်စုမပါဘူး .."

တည်ကြည် က ရာရာ့ မျက်နှာကိုအကဲခတ်ပြီး အလိုအပ်ဆုံးကို ထည့်ပြောသည်။ ထိုအခါကျမှ စိုးထက် က သတိရကာ ..၊

"ဟုတ်တယ် .. သူတို့က ဧည့်သည်ကဏ္ဍမှာပါရင်ပါလိမ့်မယ်၊ ငါတို့ရဲ့ Best Friends ထဲမှာ လုံးဝမပါဘူး .."

ကိုယ်ကရော ဘယ်လိုကဏ္ဍကနေ Best Friends စာရင်းဝင်ဖြစ် သွားတာလဲ ..

ဒါက မဖြစ်နိုင်သည့်ကိစ္စပါ ..။

ရှုပ်ထွေးနေသည့်စိတ်ထဲမှာ ဝမ်းနည်းကြေကွဲစရာတွေအပြင် ဟို အကြောင်းဒီအကြောင်းတွေပါ ကြားညှပ်ပိ ခဲ့လျက် သူမရဲ့ ခြေလှမ်း တွေက ရှေ့ကိုလှမ်းနေတာလား၊ နောက်ပြန်ဆုတ်နေခဲ့တာလား ..၊

ဒါမှမဟုတ် တွေဝေစွာရပ်နေမိခဲ့သလား ..၊

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃၀)

"ဘာတဲ့လဲ သမီး .."

"လာမယ်လို့ပြောတာပဲ .."

အလင်းအိမ် ရဲ့ မျက်နှာလေးက ပြုံးမဲ့မဲ့လေးဖြစ်နေကာ လူကြီးတွေ ဝိုင်းရံနေသည့်ကြားထဲမှာ ခြေဆင်းဝိုတော့မယ့်အတိုင်း ..၊

"နေပါဦး သမီးရယ် .. အန်တီ သွားပြောပါဦးမယ် .."

ခမည်းခမက်လောင်းတွေရဲ့မျက်နှာကို စေ့စေ့တောင်မကြည့်ရဲအောင် အားနာနေမိသည်။ စေ့စပ်ပွဲစလိုက်တုန်း ခဏလေးပဲ မြင်လိုက်ရကာ ပျောက်သွားလိုက်တာ ဘယ်ရောက်သွားမှန်းမသိ ..။

အလင်းအိမ် က ဂါဝန်လေးတမမနှင့် ခန်းမအပြင်ဘက်ထိ ထွက်ရှာမှ ရေကူးကန်ဘေးမှာဆိုသည့်သတင်းရသည်။

'သူငယ်ချင်းတွေချိန်းထားတာ မလာသေးလို့' ဆိုသည့်အကြောင်းပြချက်က အခု စိုးထက် တို့လည်းရောက်နေကြပြီ၊ အထဲမှာလည်း သူငယ်ချင်းတွေ စားပွဲဝိုင်းနှစ်ဝိုင်းအပြည့် ..။

အခု သွားထပ်ခေါ်တာတောင် ပါမလာတာက ဘယ်သူငယ်ချင်း



ကို စောင့်နေသေးတာလဲ ..၊

"သား .."

စိတ်ကိုထိန်းပေမယ့် ဒေါသကတော့ ဆီလိုအပေါ်ကိုရှာသလားမသိ ..။ ဒေါသထွက်နေပြီမှန်းသိကာ လှည့်ကြည့်လာသည့် ပြာသို့ မျက်နှာကလည်း မကြည့်မလင် ..၊

"လာ..ဟာပေါ့ မေမေရာ .. လေးလေးကျော် တောင် မလာသေးတဲ့ဟာ .."

"ဒါ အကြောင်းပြချက်ကောင်း မဟုတ်ဘူးနော် .. သား .. ၊ သားလုပ်ပုံတွေ လုံး..ဝိုမဟုတ်သေးဘူး .."

"ကျွန်တော်တို့လည်း ခန်းမထဲပြန်သွားဖို့ပြောနေတာ အန်တီ.."

"အဟွန်း .. ကျွန်တော်တို့လည်း ဘာမှမစားရသေးလို့ ခေါ်နေတာ သူက မထတာ .."

စိုးထက် တို့ မလုံမလဲဖြေရှင်းကြ၏။ ဒေါ်ပြာညိုရောင် က ခေါင်းညိတ်ပြကာ သားဖြစ်သူကိုပဲ အကဲခတ်သည်။

အလင်းအိမ် နဲ့ ဆင်တူဝတ်ဖို့ အဖြူရောင်အနောက်တိုင်းဝတ်စုံ စီစဉ်ပေးထားသည်။

သူကတော့ မီးခိုးရောင်ကို အနက်ကျားလည်စည်းနဲ့ လုပ်ချလာ၏။ မိတ်ကပ်လေး နည်းနည်းပါးပါးလုပ်ဖို့ မိတ်ကပ်ဆရာခေါ်ပေးတော့ ခါးခါးသီးသီးခေါင်းခါပြီး ပြန်လွှတ်၏။

တစ်ချိန်လုံး ဂွကျကျတွေလျှောက်လုပ်နေကာ မျက်နှာက အပြုံးအရယ်တစ်စက်မှမရှိ ..။

"သားကို အခု ဘေးမှာ ဘယ်သူမှမရှိတုန်းမေးမယ် .."

ဒါကို ရှင်းရှင်းသိချင်လာကာ ဒေါ်ပြာညိုရောင် စိတ်ကူးရင်း ဆုံးဖြတ်ချက်ချသည်။ ပြီးတော့ ပြာသို့ ဘေးမှာ ထိုင်လိုက်ပြီး ..၊

"သား ဘာဖြစ်နေတာလဲ ..၊ စေ့စပ်ခဲ့ကြတုန်းက မင်း မျက်နှာပေါ်ပါးလွန်းလို့ မေမေတောင် ရင်လေးခဲ့ရတာ .. ခုကျမှ .."

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်ပါဘူး .."

"ဘာမှမဖြစ်ရင် ညှော်ခံပွဲမှာ သားရှိနေမှဖြစ်မှာကို နားလည်ရမှာပေါ့ .."

"စောစောဆိုလို့ စောစောလာနေပေးတာပဲ မေမေ .."

"အဲဒါကလည်း မနေ့တည်းက သားမျက်နှာမကောင်းတာကို အကဲခတ်မိပြီး မေမေ စောနိုင်းလိုက်ရတာပဲ၊ ပွဲကြီး တခမ်းတနားလုပ်နေပြီဆိုမှ နောက်ကျတာတို့၊ ဘာအရေးညာအရေးကိစ္စတို့ ပေါ်လာပြီး လူကြီးချင်း မျက်နှာပျက်ရမှာတွေ ဖြစ်လာမှာစိုးလို့ .."

"ရှင်းရှင်းပြောပါ မေမေရာ .. ကျွန်တော် မိန်းမခိုးသွားမှာစိုးလို့မို့လား .."

"လုံးဝမဟုတ်ဘူး သား .. သားမှာချစ်ရမယ့်သူ မရှိသေးဘူးဆိုတာ မေမေသိတယ်၊ ဒါပေမယ့် လူငယ်တွေကို လွတ်လပ်ခွင့်ပေးထားခဲ့တဲ့အတွက် ဒီလွတ်လပ်မှုတွေရဲ့ နောက်ဆက်တွဲကို မေမေတို့ မသိနိုင်ဘူး၊ ဒါကြောင့် သားကိုပဲ အရိပ်လိုကြည့်နေခဲ့တာ .."

ပြာသို့ မျက်နှာကပို၍ မှုန်ကုတ်ကုတ်ရှုံ့တည်တည်ဖြစ်သွားခဲ့လျက် ..၊

"ကျွန်တော် ဘာမှမဖြစ်ဘူး .."

"မဖြစ်ရင် ခုလိုက်ခဲ့လေ .. ညှော်ခံပွဲက လူစုံလာပြီ .."

"လာပါ့မယ် .."

"လာပါ့မယ်ဆိုရင် ခုလိုက်ခဲ့တော့ .. မေမေ အလင်းအိမ် တို့မိသားစုကို အားနာနေပြီ .."

"ကဲ .. မင်းကလည်း ထပါကွာ၊ ဟုတ်သားပဲ .. အလင်းအိမ် တို့ဘက်က တစ်မျိုးမြင်နေမှာပေါ့ကွ .."

စိုးထက် က ပါးစပ်က ဒီတိုင်းပြောပေမယ့် လက်ကိုဆုပ်ကိုင်လိုက်သည့်နောက်မှာ ပြာသို့ ကို တံတောင်နဲ့တိုက် ပခုံးနဲ့တိုက် အသံတိတ်သတိပေးနေလျက် ..၊



"ထကွာ .. ထကွာ .."

"ကိုယ်မရင်းနှီးတဲ့ မိန်းကလေးနဲ့ လက်ချင်းချိတ်ပြီးတော့ကွာ .."

သူငယ်ချင်းက ဝင်ပါလာမှ ပြာသို့ ဆီက မကျေနပ်သည့်အကြောင်းလေးတစ်ချို့ ထွက်လာခဲ့၏။

"လက်ထပ်တာလည်း မဟုတ်ဘူး၊ သိကြတာလည်းမဟုတ်ဘဲနဲ့ တကယ်ကြောင်တယ် .."

"သားက မသိပေမယ့် အလင်းအိမ် က သားကိုအရမ်းရင်းနှီးတဲ့လူချင်းလို ဆက်ဆံနေတာပဲ ..၊ သူ့မိဘတွေကအစ သားကို ချစ်ချစ်ခင်ခင်ရှိကြတယ် .."

"အဲဒါတွေ မလိုသေးဘူးမို့လား မေမေရာ၊ စေ့စပ်ပွဲကြီးကို မင်္ဂလာပွဲကြီးလို ညှော်ခံနေရတာကိုက သေးသေးကွေးကွေးလေးလို့ ဘယ်လိုမှ သဘောထားလို့မရတာ .."

"ဒါဆိုရင်တော့ စေ့စပ်ထားတာပဲဆိုပြီး လက်မထပ်သေးခင် လုပ်ချင်ရာလုပ်ဖို့ သားမှာ စိတ်ကူးရှိထားတာပဲ .."

မငြင်းပေမယ့် စိတ်ညစ်သည့်မျက်နှာဖြစ်သွားသည့် ပြာသို့ ပုံစံကဆရပ်လိုက်တဲ့အထိ မကြည်လင်ရွှံ့တွတွ ..။

"ဟင်း .."

ထိုပုံစံကိုအကဲခတ်ရင်း ဒေါ်ပြာညိုရောင် သက်ပြင်းရှည်ကြီးချလေသည်။ သားကို သူမ နားလည်ခွင့်မရသေးတာပဲ ရင်မောနေရပါ၏။ ဒီလို ဒီပုံစံတွေဖြစ်လာနိုင်တယ်ဆိုတာ အစတည်းက ကြိုပြီးပူနေလို့ အကဲခတ်နေခဲ့တာလည်း အလကား ..။

"မင်းကလည်း ပြာသို ရာ .. ငါတို့က မင်းနဲ့ပူးကပ်နေတာ၊ တော်ကြာ အန်တီ ငါတို့ကိုပါ တစ်မျိုးမြင်သွားရင်ဒုက္ခ .."

"မင်းတို့ကို တစ်မျိုးမမြင်ဖို့အတွက်နဲ့ ညစ်နေတာကို ဘာဖြစ်သွားသိမ်းထားရမလဲ .. လာပြီး ကွိုင်မရှာနဲ့ .."

"မင်းက ဘာတွေညစ်နေတာလဲ .."

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ .. အစတုန်းက ချစ်ချစ်မချစ်ချစ် သိသိမသိသိ မင်းပဲ လက်ခံခဲ့တာ .."

"တော်ပါကွာ .."

ဒီတိုင်း ဟိုတယ်လ်ထဲ ပြန်ဝင်ဖို့လုပ်တော့ တည်ကြည် က လက်ကိုဆွဲထားပြီး အနားကပ်ကာ ..၊

"မင်းညစ်နေတာ ရာရာ ကြောင့်လား .."

"ညစ်မနေနဲ့ .. လာရဲမှာမဟုတ်ဘူး၊ သူ့အမေကလည်း မကျန်းမာဘူးတဲ့ .. ဘာပဲဖြစ်ဖြစ် ဒီမှာ ဇေ တို့ရှိနေတာသိတည်းက လုံးဝသေချာပြီးသား .. လာမှာမဟုတ်ဘူး .."

"မင်းတို့ ဒီနေရာမှာ ပါးစပ်ပိတ်ရင် ဘယ်လောက်ပေးရမလဲ .."

"မပိတ်ဘူး .. ရွှေဦးမှာ .."

သူတို့တွေ ဘယ်လိုနောက်ကြ၊ စကြပေမယ့် ပြာသို့ မျက်နှာက အပြုံးအရယ်ကင်းမဲ့နေဆဲဖြစ်ကာ ..၊

"ပြာသို .."

ခန်းမထဲဝင်လိုက်တာနှင့် အလင်းအိမ် က သူ့လက်ကိုလာချိတ်သည်။

ဒါမျိုးလုပ်ဖို့ လိုလို့လား ..၊

အဖြူရောင် ခါးကျပ်ဂါဝန်ဖားဖားလေးနှင့် ဆံပင်တွေကိုပိပိပွပွလေး သိမ်းလုန်ကာ စိန်သရဖူလေးတင်ထား၏။

ခေါင်းအုပ်နဲ့ လက်ကိုင်ပန်းသာပါလျှင် တကယ့်သတို့သမီးပုံစံ..

"ဟော့ကောင် .. ငါတို့ ဒီမှာနော် .."

"ဟိုမှာ ပြာသို .. ပြာသို သတို့သားထွက်လာပါပြီ .."

သူငယ်ချင်းတွေထဲက စကားသံတွေကြားလိုက်တော့ ပြာသို့ မျက်နှာပိုတည်သွား၏။

"လာ .. သား .. လာ .."

"သားနဲ့သမီးတို့ ဟိုဘက်က မိတ်ဆွေတွေကို သွားနှုတ်ဆက်ကြဦး .."



အလင်းအိမ် ဘက်က အုပ်ထိန်းသူတွေအားလုံးကအစ ပြာသို့မှ ဘယ်လိုရှိနေနေ ငြိုငြင်ဟန်ဘယ်သူမှ မပြ ..။

"ကွန်ဂရက်ကျူလေးရှင်း .. ပြာသို .."

ဇေ က အနီရဲရဲဝတ်စုံပေါ်မှာ အနီရောင်ပဝါပါးလေးကို လည်ပင်းမှာသိုင်းလျက် သူမရဲ့ အပေါင်းအပါတွေနဲ့အတူ ရောက်လာသည်။ အားလုံးက ရှေ့ဆုံးတက်လာပြီး ထောင့်စားပွဲမှာထိုင်ကာ သူမကတော့ ပြာသို တို့ စုံတွဲဆီ တန်းတန်းမတ်မတ်သွားပြီး သေချာလက်ဆွဲနှုတ်ဆက်၏။

ပြီးတော့ အလင်းအိမ် မျက်နှာနဲ့ တစ်ကိုယ်လုံးကို ခပ်ရှိုင်းရှိုင်းကြည့်ကာ ..၊

"ထင်ပါတယ် .. အဟွန်း .. ခုခေတ်ယောကျ်ားလေးတွေက မခေဘူးသိလား အလင်းအိမ် .."

"ဟင် .. ဘာဖြစ်လို့လဲ .."

သိလည်းမသိကြဘဲ နာမည်ခေါ်ပြီး တရင်းတနှီးပြောနေသဖြင့် အလင်းအိမ် က ကြောင်တောင်တောင်ပြန်ကြည့်ပြီး မေးသည်။

ဇေ က ရယ်လိုက်ပြီး ..၊

"သြော် .. ပြာသို က လိမ္မာတယ်လေ၊ အလင်းအိမ် က သားလိမ္မာလေးရတာပါ .."

"ယူက ဘာကိုပြောချင်တာလဲ .."

"ပြာသို က ချောပေ့လှပေ့ဆိုတဲ့ မိန်းမလှလေးတွေနဲ့ တွဲတယ်လေ၊ ဒါပေမယ့် အချိန်တန်တော့ မိဘသဘောတူတဲ့ မိန်းကလေးကိုပဲ ယူတာ အဟွန်း .. ကျန်ရစ်ဖြစ်ကြတဲ့ မိန်းကလေးတွေကတော့ သနားစရာပေါ့နော် ..၊ ဒီညှော်ခံပွဲထဲမှာတောင် သူတို့တွေ အများကြီးပါတယ် .."

"ဒီမှာ မိန်းကလေး .."

ဦးထွန်းတင် နဲ့ ဒေါ်ပြာညိုရောင် တို့က ဇေ နဲ့ စကားပြောနေမြင်တည်းက အကဲခတ်နေကြတာမို့ ချက်ချင်းအနားရောက်လာကြ

www.burmeseclassic.com



ကာ ...၊

"ဒါ မင်္ဂလာပွဲကျင်းပနေတာဆိုတော့ မင်းပြောတဲ့စကားက မင်္ဂလာမမည်ဘူးဖြစ်နေတယ်၊ မင်း အေးအေးဆေးဆေးသွားထိုင်မနေဘူးဆိုရင်တော့ ကျုပ်တို့ကလည်း အိမ်ရှင်ဝတ္တရားပျက်ရလိမ့်မယ် .."

ဇေ မျက်နှာလေးနီရဲသွားတာ ဝတ်ထားသည့်ဝတ်စုံနှင့် အပြိုင်ပင်..။

"အဟွန်း .. သူက စေတနာနဲ့ သတင်းပေးတာနေမှာပါ၊ ဒါပေမယ့် အိမ့် အတွက်ကတော့ မလိုပါဘူး၊ ဒီအရွယ်တွေမှာ ရည်းစားထားကြတာ ဆန်းတာမှတ်လို့ တစ်ယောက်တစ်လေပဲ ထားဖူးတာနဲ့ ရည်းစားများကြတာပဲကွာတာ .."

သူမမှာလည်းရည်းစားရှိတာပဲလို့ ပြောချင်တာလား သူမလည်း ရည်းစားများတဲ့သူပဲဆိုတဲ့ အဓိပ္ပာယ်လား ...၊ ဒါမှမဟုတ်ရင် ဇေ ကို တမင်မခံချင်အောင်ပြောနေတာလား ...။

အလင်းအိမ် ရဲ့ ရယ်မောမပျက် ပြန်ပြောလိုက်သည့်မျက်နှာလေးကိုကြည့်၍ ဒေါ်ပြာညိုရောင် တို့လည်း မျက်နှာတွေပျက်ကုန်၏။ ပြာသိုကတော့ ဘယ်သူ့စကားကိုမှ မရှင်းဘဲ အေးစက်စက်ကြည့်နေခဲ့လျက်..၊

"ရာရာ .."

သူ့မျက်လုံးတွေ စိတ်ပျက်စွာအမှတ်တမဲ့ဝေ့သွားခဲ့စဉ် အဖြူရောင်အရိပ်လေးတစ်ရိပ်ကို ဖျတ်ခနဲသတိထားမိလိုက်၏။

ရာရာ မှန်း သိလျက်နှင့် လာမည်မထင်ထားခဲ့သဖြင့် သူ မယုံနိုင်..။

ရင်ဘတ်ကနေ လက်ဖျားထိ ဇာအဖြူလေးနှင့် ခါးကနေအောက်ထိ ပုံနေသော ဂါဝန်အဖြူလေးကို ဝတ်ထားသည်။ ဆံပင်တွေကို ဒီတိုင်းချထားပေမယ့် ဘေးစောင်းမှာ ဖဲပွင့်အဖြူလေးပါသော ဘီးကုပ်လေးနဲ့ လှလှပပလေးသိမ်းထား၏။

စားပွဲတွေ အများအပြားနှင့် ဧည့်ခံပွဲခန်းမရှည်ကြီးရဲ့ ဟိုးဘက်အဝင်ဝမှာ သူမ ခဏရပ်သည်။ သူနဲ့ မျက်လုံးချင်းဆုံပြီးမှ ဖျတ်ခနဲပြန်ပျောက်သွား၏။



ဘယ်ရောက်သွားတာလဲ ...၊

"သား .. ဘယ်ကိုလဲ .."

"ခဏလေး .. မေမေ .."

ပြာသို နောက်ပြန်မကြည့်တော့ဘဲ နေရာမှ လှစ်ခနဲထွက်သွား၏။ အားလုံး အမှတ်တမဲ့ပေမယ့် ဒေါ်ပြာညိုရောင် နဲ့ အလင်းအိမ် တို့ကတော့ သူ့ကျောပြင်ကို တစ်စတစ်ဆုံးလိုက်ကြည့်နေခဲ့ကြသည်။

သူ ထွက်လာတာမြင်လိုက်သည်နှင့် စိုးထက် တို့ကမန်းကတန်းထလာကြကာ ...၊

"ပြာသို ဘာဖြစ်လို့လဲ .."

"ရာရာ လာတာ ငါမြင်လိုက်တယ် .."

"ဟုတ်လား .. ဘယ်မှာလဲ .."

သူတို့တွေ ဟိုကြည့်ဒီကြည့်နှင့် ခန်းမအပြင်ကိုရောက်လာကြ၏။ တကယ်တော့ ပြာသို့ ကိုသာ အရိပ်တကြည့်ကြည့်ရှိနေခဲ့ကြသည့် လူတွေအားလုံး ဒါကို သတိထားမိကြလေသည်။

သူတို့ကတော့ ကိုယ့်အာရုံနဲ့ကိုယ် ...၊

"ရာရာ .."

ငွေမှင်ရောင်လက်ကိုင်အိတ်လေးကို လက်နှစ်ဖက်နဲ့ဆုပ်ကာ ဟိုတယ်လ်ဝန်ထမ်းနှစ်ယောက်ကို သူမ ဘာတွေပြောနေသည်မသိ ...။

ပြာသို့ အသံကြားလိုက်တာနှင့် ဖျတ်ခနဲလှည့်ကြည့်သည်။

"ပြာသို .."

ငိုချလိုက်တော့မလို မျက်ရည်ရောင်လဲ့နေသည့် မျက်ဝန်းလေးတွေနှင့် ပြုံးလိုက်တော့ မျက်နှာလေးက သနားစရာ ...၊

"ဝင်မလာဘဲနဲ့ ဒီမှာ ဘာလုပ်နေတာလဲ .."

"သူတို့ .."

ရာရာ က ဝန်ထမ်းနှစ်ယောက်ကို ပြန်လှည့်ကြည့်လိုက်လျှင် ထိုသူတို့က ပျာပျာသလဲလက်ကာ၍ ...၊

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့က တာဝန်အရပါ .. ဖိတ်စာပါမလာလို့ နည်းနည်း မေးကြည့်တာပါ အစ်ကို .. တောင်းပန်ပါတယ်ခင်ဗျာ .."

သူ ဘာမှမပြောတော့ဘဲ ရာရာ့ လက်လေးကိုဆွဲယူလိုက်ကာ ခန်းမထဲကို ဝင်ဖို့ ခြေလှမ်းပြင်လိုက်၏။

"ဟင့်အင်း .. ပြာသို .."

ရာရာ က လက်ကိုပြန်ရုန်းလိုက်ကာ ..၊

"ဟို .. ရာရာ့ ကို တစ်ခုလောက်ကူညီပါ .. အဲ့ဒါလေး ပြာသို့ ကိုပြောချင်လို့ ဒီထိလာခဲ့တာ .."

"နင် .. ပြာသို့ စေ့စပ်ပွဲကိုလာတာမဟုတ်ဘူးလား .."

ရာရာ က စိုးထက် ကိုလှည့်ကြည့်ပြီး ခေါင်းလေးခါပြ၏။ လာတည်းက ပြာသို့ ကို ခေါ်ထုတ်ပြီး ကိုယ့်အခက်အခဲကိုပြောပြချင်လို့ပါ။

ဒါတောင် ဝန်ထမ်းတွေက မဝင်ရပါဘူးဆိုပြီး ခေါ်ထုတ်ခဲ့သေးသည်။

"ဆောရီးပါဟာ .. နင်နဲ့တွေ့တော့ ဖိတ်စာပါမလာတာနဲ့ကြုံလိုက်လို့ ဒီတိုင်းဖိတ်ခဲ့တာပါ၊ အဲ့ဒါကြောင့် ငါတို့ကို စိတ်ဆိုးသွားတာလား.."

"ဟင့်အင်း .. မဟုတ်ဘူး၊ ရာရာ ဒီပွဲမျိုးကို ဧည့်ခံပွဲတက်ဖို့သက်သက်နဲ့ မလာပါဘူး၊ အခုလေ .. ရာရာ အရမ်းအရေးကြီးနေလို့ပါ .."

"အေး .. ဘာဖြစ်တာလဲ ပြောဦးမှာပေါ့ .."

"ကိုယ့်ကို လိုအပ်နေလို့လား .. ပြောလေ .."

ခေါင်းညိတ်ရမှာတော့ အားနာပေမယ့် ရာရာ ခေါင်းညိတ်ပြရင်း မျက်ရည်တွေဝဲလာခဲ့၏။ ပြီးတော့ စိုးထက် တို့ကိုပါ တောင်းပန်သလို ငဲ့ကြည့်လျက် ..၊

"ရာရာ ရှင်းပြချိန်လည်း မရှိလို့ပါ .. ထပ်ပြီးတော့လည်း တစ်မျိုးမထင်ပါနဲ့ .. ဟို .. ရာရာ နဲ့ ဓာတ်ပုံတစ်ပုံလောက် တွဲရိုက်ပေးပါလားဟင် .."

"ဘယ်လို .."



ပြာသို မျက်မှောင်ကုတ်သွားတာမြင်သည်နှင့် ရာရာ့ မျက်နှာလေး တစ်ပြင်လုံး ရဲတက်သွားသည်။ ရှက်လွန်းသည့် ခံစားချက်က လူကို ညှတ်ခွေမတတ်ဆွဲချသွားခဲ့ပြီး မျက်ရည်တွေ ချက်ချင်းပြည့်သိပ်လာ၏။

"ရာရာ့ ကို အထင်မလွဲပါနဲ့နော် ..၊ အမေက ရာရာ့ ကို အိမ်ထောင်ပြုပေးချင်တဲ့စိတ်နဲ့ ဒါကိုပဲ စွဲလမ်းနေလို့ပါ၊ အခု .. အခု အမေ့အခြေအနေက နောက်ဆုံးအချိန်ဖြစ်နေလို့ အမေ့ကို စိတ်ချမ်းသာစေချင်တာပါ၊ မရိုးသားတဲ့စိတ် လုံးဝမပါပါဘူး .."

ဒီလိုအခက်အခဲမျိုးဖြင့် နေနိုင်သည်လို့ ထင်မထားသဖြင့် အားလုံး အံ့ဩသွားကြ၏။ ပြီးတော့ ရာရာ ဝတ်စားလာပုံကို သတိတရပြန်ကြည့်မိကြသည်။

သူမ ပခုံးလေးကျုံ့သွားမှ ပြာသို ကပျာကယာခေါင်းညိတ်မိကာ..၊

"ဓာတ်ပုံရိုက်ပြီးတာနဲ့ မင်းအမေကို ဘယ်လိုပြန်ပြောမှာလဲ .."

ရာရာ့ မျက်နှာလေးမော့လာသည်။ သူမ ပါးပြင်မှာ မျက်ရည်ကြောင်းလေးတွေ စွန်းထင်းနေခဲ့လျက် ..၊

"အမေက သတိမရသေးဘူး .. သတိပြန်လည်တော့မှာ မဟုတ်ဘူးလို့လည်း .."

သူမ အသံလေးတိမ်ဝင်သွားရှာသည်။ ထို့ပြင် မျက်ရည်တွေဖိုးဖိုး ပေါက်ပေါက်ကျလာခဲ့ပြီး ..၊

"အမေ .. အမေက ရာရာ့ ကို နောက်ဆံတင်းနေတာ၊ ကိုကြီးလည်းမရှိဘဲ ရာရာ တစ်ယောက်တည်းကျန်ခဲ့မှာကို သူ စိတ်မချဘူး၊ အမေ သတိမေ့နေပေမယ့် ရာရာ အိပ်ပျော်သွားတိုင်း အမေ ရာရာ့ ကို လာပြောတယ် .."

"အိမ်ထောင်ပြုဖို့လား .."

ပြာသို က ဖြတ်မေးသည်။

"အိမ်ထောင်ပြုတယ်ဆိုတာ ခုသွားယူပါလို့ခိုင်းတိုင်းရတာမှ မဟုတ်ဘဲ အဲဒါကို နင့်အမေက .."

www.burmeseclassic.com

www.burmeseclassic.com



စိုးထက် ရဲ့ စကားမဆုံးခင် ရာရာ က ခေါင်းခါ၍ ..၊

"အမေက စိတ်ဝေဒနာရှင်ပါ .."

"ဟင်!..."

"ဩော် .. ဆောရီး .."

"မင်းကလည်း ပြောတာကိုပဲ နားထောင်စမ်းပါ .."

တည်ကြည် က တံတောင်နဲ့တွတ်နေသေးသည်။ ပြာသို စိတ်မကောင်းဖြစ်သွားမိကာ ဘာမှထပ်မမေးတော့ဘဲ ခေါင်းညိတ်လိုက်၏။

"ရတယ်လေ .. ကိုယ်တို့လက်ထပ်ကြသလို ဓာတ်ပုံရိုက်မှာမို့လား.."

ရာရာ မျက်နှာလေး နီမြန်းနေကာ ခေါင်းမညိတ်ရဲဘဲ အတင်းငုံ့ထား၏။

"နေဦး... နေဦး .. လက်ထပ်မယ်ဆိုတော့ ဒီတိုင်းမဖြစ်ဘူး .."

စိုးထက် က အခန်းထောင့်က ငွေဖလားကြီးနဲ့အလှတင်ထားသောပန်းတွေထဲကနေ သေချာသွားခွဲယူခဲ့ပြီး ..၊

"ရော့ .. ရာရာ ဒါလေးကိုင်ထား .."

"လက်က ပြာသို့ လက်ကွေးထဲထည့်ချိတ်လိုက်လေ .."

ပြာသို က ဘယ်ဘက်ကိုကွေးပြီး ငုံ့ကြည့်သည်။ ရာရာ လက်လေးထည့်ဖို့ပြင်လိုက်ပြီး မထည့်ရဲဘဲ သူ့မျက်နှာကို မော့ကြည့်လိုက်မိ၏။ တစ်ယောက်မျက်ဝန်းထဲကို တစ်ယောက်ငေးစိုက်ကြည့်မိကာ ပြာသိုက ပြုံးပြတော့ ရာရာ ကိုင်ထားသည့်ပန်းတွေ လွတ်ကျကုန်၏။

"ဟောဗျာ .."

"ကဲ .."

စိုးထက် နဲ့ တည်ကြည် တို့က ဖုန်းနဲ့သေချာချိန်နေကြကာမှ ပန်းတွေ လွတ်ကျကုန်သဖြင့် သံပြိုင်ထွက်လာကြ၏။ ရာရာ ယောင်ယောင်မှားမှားတွေဖြစ်ကုန်ကာ တစ်ကိုယ်လုံး ပူထူနေသလိုပင် ..၊

ပန်းတွေကို ငုံ့ကောက်တော့လည်း ပြာသို ကလည်း ငုံ့ကောက်လိုက်သဖြင့် နဖူးချင်းတိုက်မိ၏။



"အ .."

"ဆောရီး .."

နဖူးတွေကိုယ်စီပွတ်မိကြရင်း မော့ကြည့်မိကြတော့လည်း မျက်နှာချင်းက နီးကပ်လျက်ရှိကာ မကြည့်ဘဲနဲ့ အောက်ကပန်းတွေကို ပြိုင်တူကောက်မိကြသဖြင့် ရာရာ့ လက်လေးကို ပြာသို က ဆုပ်ကိုင်လိုက်မိကာ ..၊

"အဲဒါလေးတွေလည်းမဆိုးဘူး .. အကုန်မိအောင်သာ ရိုက်တော့"

သူတို့ ရိုက်ယူနေကြတာကို နှစ်ယောက်စလုံး သတိမထားမိကြပေ။ ရာရာ လက်ကိုပြန်ရုန်းဖို့မေ့နေကာ ပြာသို ကလည်း မလွှတ် ..၊ ပြီးတော့ မျက်ရည်စိုနေသည့် ပါးပြင်လေးကို လက်တစ်ဖက်နဲ့ အသာလေးတို့ထိသုတ်ပေးရင်း

"... ယ .. စိတ်မပူနဲ့ .. နော် .."

ရာရာ ခေါင်းညိတ်၍ မျက်ရည်သုတ်ပေးနေသည့် သူ့လက်ကို အထိတ်တလန့်ဖယ်ပစ်လိုက်မိ၏။

"ဟုတ်ပြီ .. မတ်တပ်ရပ်လို့ရပြီ .. ဟုတ်ပြီ .. အိုခေ .."

နှစ်ယောက်အတူတူ မတ်တပ်ရပ်လိုက်ကြပြီး လက်ချင်းချိတ်ထားလိုက်စဉ် ..၊

"ဒါ ဘာလုပ်ကြတာလဲ .."

အလင်းအိမ် အသံလေး စူးခနဲဝင်လာသည်။ တစ်ဆက်တည်းမှာပဲ ပြာသို နဲ့ ရာရာ လက်ချင်းချိတ်ထားတာကို စိတ်လိုက်မာန်ပါ ဆောင့်ဆွဲဖြုတ်ပစ်ကာ ..၊

"နင်က ဘာမို့လို့ ဒီလိုလုပ်ရအောင် .. ဟင် .. ပြောစမ်းပါ၊ ဒီမှာမင်္ဂလာပွဲလုပ်နေကာမှ ဘယ်ကကြမ်းပေါက်ဖြဝင်လာတာလဲ .."

ရာရာ့ ပခုံးတစ်ဖက်ကို ဆောင့်တွန်းပစ်လိုက်ကာ အလင်းအိမ် ဒေါသတကြီး အော်သည်။ ပြာသို က သူမဘေးကိုတိုးသွားပြီး ..၊

"အဲ့ဒါ မင်း ကိုယ့်ကိုမေးလို့ရတယ် အလင်းအိမ် .."

www.burmeseclassic.com

www.burmeseclassic.com



"မမေးဘူး .. ဘယ်လိုရောက်လာတာလဲဆိုတာ မမေးဘဲနဲ့သိတယ်၊ ယူ့ကို ဘယ်လိုနည်းနဲ့ရရ လိုချင်နေကြတဲ့ သူ့လိုမိန်းမတွေ တစ်ပုံကြီးပဲ .. လူတိုင်းသိတယ် .."

"နေကြဦး .. နေဦး သမီး .."

ဒေါ်ပြာညိုရောင် တို့ မောင်နှမတွေရောက်လာကြကာ အလင်းအိမ်ကို သူမရဲ့အုပ်ထိန်းသူတွေဘက် အသာတွန်းပို့လိုက်ပြီး ရာရှာ ကို ရင်ဆိုင်လှည့်ကြည့်၏။

သူမလေးကလည်း သတို့သမီးဝတ်စုံနဲ့ပါလား၊ ပြီးတော့ လက်ထဲမှာ လက်ကိုင်ပန်းတွေနဲ့ ..၊

"မင်းက ဘယ်သူလဲ .. ဒီပုံစံနဲ့ ဒီကိုဘာကိစ္စလဲ .."

"မေမေ .."

"မေမေ သူ့ကိုမေးနေတာ .."

"အဲဒါ ကျွန်တော်ဖြေလို့မရဘူးလား မေမေ၊ သူ ဘာလို့ရောက်လာတာလဲ ကျွန်တော်သိတယ်၊ ဘယ်သူဖြေဖြေ အကြောင်းရင်းကဒါပဲ.."

ကိုယ့်သားရဲ့ ဒေါသအရှိန်ကို ကြားလိုက်ရကာ ဒေါ်ပြာညိုရောင်က အံ့ဩဟန်နှင့် လှည့်ကြည့်၏။

"ပြာသို .."

ဦးထွန်းတင် က ဘယ်တော့မဆို ပြတ်သားခဲ့တဲ့ သူ ..။

"ဒါဆို ခုမေးပြီကွာ .. သူ ဘယ်သူလဲ၊ မင်းနဲ့ ဘယ်လိုပတ်သက်တာလဲ .."

"အဲ့ဒါ ကျွန်မသိတယ် .."

ဧက အသံက အောင်မြင်ခန့်ညားမှုမရှိပေမယ့် ကျယ်လောင်ပြတ်ရှနေလျက် ..၊

"သူ့အကြောင်းကို ပြာသို ထက် ကျွန်မကပိုသိတယ်၊ အခု လာရတဲ့အကြောင်းရင်းထိ .."

အားလုံးအကြည့်တွေ သူမဆီရောက်လာသလို၊ နောက်ဆ..နဲ ထွက်



လိုက်ပါလာသည့် ဧည့်ခံပွဲထဲက ပရိသတ်တွေကိုပါ မြင်သွားခဲ့ကြ၏။

ဦးထွန်းတင် မျက်နှာကြီး နေလောင်ခရမ်းချဉ်သီးလို ညိုရဲရဲ့တွသွားခဲ့၏။ ဦးကျော်ထင် ကတော့ ခုထိ အံ့ဩမပြေစွာရှိနေခဲ့လျက် ..၊

"နင့်သားက ဘာတွေလျှောက်လုပ်နေတာလဲ .. ပြာပြာ .."

"ကောင်လေး ဘာတွေလုပ်နေတာလဲ .."

မေးခွန်းတွေက ကိုယ့်ကိုမေးပေမယ့် ဒေါ်ပြာညိုရောင် ဘာမှမဖြေနိုင်ဘဲ ပြောပြနိုင်သည်ဆိုသော ဧက ဆီကိုပဲ လှမ်းကြည့်လိုက်မိသည်။

"အဲဒီတစ်ယောက်က ကြင်ရာတော် တဲ့ .. သူ့အမေက အရှုး.."

ဟင် ..၊

ဟင်ခနဲ အသံသည် ဒေါ်ပြာညိုရောင် က ဦးဆောင်လျက် ပရိသတ်ထဲကလည်း တိုးတိုးသဲ့သဲ့ ..။

"မျိုးရိုးစဉ်ဆက်က ဆင်းရဲခဲ့တာပါ၊ ဒါကြောင့် ပြာသို့ ကို သူငွေးသားဆိုပြီး အတင်းကပ်နေတာပေါ့၊ သင်တန်းမှာလည်း အမျိုးမျိုးလိုက်ချိတ်တာပဲ .. သူ ဘယ်လောက်တွန့်မြှေပျက်လောက်အောင်လိုက်သလဲဆိုရင် မသိတဲ့လူကိုမရှိဘူး .."

"ဟုတ်တယ် .."

"ဟုတ်ပ .. အရှက်မရှိတာ လူတိုင်းသိတယ် .."

ဦးထွန်းတင် အကြည့်တွေက ဧကာ နှင့် နောက်လိုက်နောက်ပါတွေဆီ တစ်ယောက်ချင်း စူးစိုက်နေခဲ့၏။ ဒီမိန်းကလေးကို ခုနကပဲ စကားပြောမဆင်ခြင်မှုနဲ့ သူ သတိပေးထားခဲ့သေးသည်။

ပြာသို့ အားက မိန်းကလေးကို လှမ်းကြည့်လိုက်တော့ မျက်ရည်ပြည့်ဝိုင်းနေသည့် မျက်ဝန်းတို့နှင့်ရှိနေကာ ဧက ကို မျက်လုံးအဝိုင်းသားနှင့် ကြည့်နေပုံက မယုံနိုင်ခြင်း၊ အံ့ဩထိတ်လန့်ခြင်းတွေနှင့် ..။

သူမတို့ချင်း ဘယ်လိုချိတ်ဆက်တွေနဲ့လဲ ..၊ သူတို့ချင်းမတွေ့နိုင်မှုတွေက အရင်းခံအကြောင်းရင်းလား၊ ခုဖြစ်နေတဲ့ ပြဿနာကို ထုတ်ချင်တာက အဓိကလား ..။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် .. ရှိခဲ့ဖူးသော အတွေ့အကြုံများအရ ဒီလိုပါဝင်ရှုပ်ထွေးနေသူကို အကြွင်းမဲ့ယုံလို့မဖြစ် ..။

"သူ့ရုပ်လေးက ချောတောမောတောလေးဆိုတော့ ပြောရင် ဘယ်ယုံမလဲ ..၊ အဲ့ဒီလို မျက်ရည်လည်ရွှဲလေးနဲ့ သူက အပျော့ဆွဲဆွဲယူတာလေ၊ ပြာသို က သူ့လိုအဆင့်လောက်ကို မမှန်းဘူးဆိုတာသိတော့ နည်းမျိုးစုံနဲ့ သနားအောင်လုပ်ပြီး တွယ်ကပ်နေတာ အားလုံးသိတယ် .."

"ဧက .. ခင်ဗျားကလည်း စကားပြောတာ တော်တော်ကိုလတ်နေပြီဗျာ .. မိန်းကလေးချင်း .."

စိုးထက် ... သ

လိုက်မိ၏။

"ဟုတ်တယ် .. ပြာသို ရော ငါတို့ရော သူများဖြားယောင်းတာခံရလောက်အောင် မတုံးသေးဘူး၊ ခင်ဗျား သူများအကြောင်းကို ဒီလောက်ဒက်ထိကွက်ကျကြီး .."

"ဒက်ထိကွက်ကျသိနေလို့ ပြောနေတာပေါ့ ..၊ သူက ဧက တို့ရဲ့နိုင်းဖတ်ပဲ .. အဲ့ဒီအတွက် လခပေးပြီး ခေါ်ထားတာလေ .."

"ဧက .."

ပြာသို့ အသံက ပတ်ဝန်းကျင်တစ်ခွင်ကို ငြိမ်သက်ကျသွားလောက်အောင် သြဇာသံညောင်းနေခဲ့လျက် ..၊

"မင်းပြောနေတာတွေမှန်နေလို့ နားထောင်နေတာမဟုတ်ဘူး၊ ငါ ပိတ်ဝင်လိုက်မှ အားလုံးပိုပြီး စိတ်ဝင်စားကုန်မှာစိုးလို့ ကြည့်နေတာ၊ သူ့ကို မင်း ဒီလိုပြောရဖို့အတွက် ဘယ်လိုအကွက်တွေရွှေ့ပြီး လုပ်ကြံအောင်မြင်ခဲ့သလဲဆိုတာ ဘယ်သူမှ မသိပေမယ့် မင်းကိုယ်မင်းသိတယ်.."

"တို့က ပြာသို့ ဘက်က မမျှတလို့ဝင်ပြောပေးတာ .."

"မလိုဘူး .. မင်းကို ခုနက ဘာဘတင် ဝမ်တိန်ပေးထားပြီးပြီဆိုတော့ အခု မင်းမသွားရင် ငါဆွဲထုတ်ရလိမ့်မယ် .."

ပြာသို့ စကားကြောင့် ဧက ဒေါသတွေ ယမ်းပုံမီးကျဖြစ်သွားသည်။



သို့သော် ကြောက်တတ်သည့် သူမရဲ့ နောက်ပါတွေက ပြဿနာကြီး ... သွားလာဖွယ်မြင်တာနှင့် သူမကို ပြန်ထွက်ဖို့ တွင်တွင်ဆွဲနေကာ

"နင့် အမေ ဖုန်းခေါ်နေတာ လေးခါရှိပြီ၊ လာ .. ထွက် ...လိုက်ဦး .. လာပါ .."

ဖုန်းက တကယ်မြည်နေသဖြင့် အလျှောက်ကောင်းတော့ အဆောင်းသက်သာဆိုသလို အံကြိတ်လျက် သက်သက်သာသာလေးထွက်ခွင့်ရသွား...။

ပြာသို က ဦးထွန်းတင် ဘက်ကိုလှည့်၍ ..၊

"ဘာ...ကင် .. ကျွန်တော်တို့က .."

"နေဦး .. နေဦး .. ဒီကိစ္စအတွက်နဲ့ ဒီလိုဖြစ်ဖို့မလိုပါဘူး၊ အားလုံးဟုတ်တယ်နော် .."

အလင်းအိမ် ရဲ့ အမေက အသံစူးစူးနှင့် ရုတ်တရက်ဖြန်ဖြေသလိုဝင်ပြောလိုက်ပြီး အကုန်လုံးကိုလည်း တစ်ပတ်ဝေ့ကြည့်၏။

ပြီးတော့မှ ..၊

"ဘာမဟုတ်တဲ့ ကိစ္စလေးအတွက်နဲ့ ပွဲပျက်လောက်အောင် မဖြစ်ပါဘူး၊ လူငယ်တွေသဘာဝကို တမင်ချန်လှပ်ပြီး စေ့စပ်ထားတဲ့သဘောတိုက ဘာကိစ္စမျိုးဖြစ်ဖြစ် နှစ်ဖက်လိုအပ်ချက်တွေရှိလာရင် ပြင်ဆင်နိုင်ပါ .."

ပြောပြီးတာနှင့် ရာရှု ကို ခပ်စူးစူးလှမ်းကြည့်သည်။ ပြီးမှ ဒေါ်ပြာညို ချောင် တို့ကိုကြည့်ကာ ..၊

"ဟုတ်တယ်မို့လား ဒေါ်ပြာညိုရောင် ရယ် .. ...သား ပြာသို ကို ...အသံသယမှ ဖြစ်ဖို့မရှိဘူး .."

ပြောရင်း ရာရှု ကို ထပ်စောင်းကြည့်ကာ ..၊

"ကြည့်လိုက်တာနဲ့ သိသာနေတာကို ဒါမျိုးအတွက်နဲ့ ကျွန်မတို့ ...ကြီးချင်းလည်း ခင်မင်ပျက်ဖို့မလိုဘူး .."

တစ်ဖက်က ကျေနပ်ပြေလည်နေတော့လည်း ဒေါ်ပြာညိုရောင်

www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းချမိလေသည်။ သို့သော် ...၊

"အိမ် မကျေနပ်ဘူး .. သူ့ကို အခု ဆွဲထုတ်ပစ်လိုက်ပါ .."

အလင်းအိမ် က ရာရာ ကို လက်ညှိုးငေါက်ငေါက်ထိုး၍ တောင်းဆိုလိုက်သည်တွင် ...၊

"သူ့ကြောင့် အိမ် အရှက်ရခဲ့ရတယ်၊ ဒီလိုဝတ်စုံဝတ်ပြီး ရောက်လာတည်းက သူ့ ရည်ရွယ်ချက်က အရှင်းကြီး .."

"မဟုတ်ဘူး .. အဲ့ဒီလိုမဟုတ်ပါဘူးရှင် .. ရာရာ က .. ဟို .."

"အို .. အိညှပ် .. အိညှပ်နဲ့ ဘာတွေရှင်းပြနေတာလဲ ..၊ မလိုချင်ဘူး သွား .. ပြာသို့ ဘက်က ဘာမှမဟုတ်တာမှန်ရင် သူ့ကို ချက်ချင်းဆွဲထုတ်လိုက်ကွာ .."

"မှန်တာ မမှန်တာ ဘာကိုပြောတာလဲ အလင်းအိမ် .."

ပြာသို့ မျက်နှာက တည်ငြိမ်အေးစက်နေ၏။ အခြေအနေကို ဒေါ်ပြာညိုရောင် တို့ တွက်လိုက်မိကြကာ ...၊

"သားကို မေမေ ပြောမယ် .."

ပြာသို့ လက်မောင်းကို ဆုပ်ကိုင်လိုက်ပြီး အမိန့်ပေးသည့် အကြည့်ကားနှင့် ...၊

"ပြာတာ စကားလုံးကြမ်းသွ...ို့ပါ၊ ဒါပေမယ့် သား လုပ်သင့်တာက အခု သူ့ကို ပြန်လွှတ်လိုက်ဖို့ပဲ .."

"ရတယ် ပြာသို .. ရာရာ ပြန်တော့မယ် .."

ရာရာ မျက်နှာလေးငုံ့ကာ အသံကွဲပါတုန်ယင်အက်ရှနေခဲ့၏။ ဘယ်သူ့ကိုမှ မကြည့်ပေမယ့် မျက်နှာလေးပြန်ငှဲ့ကာ ...၊

"ရာရာ့ ကြောင့် အဆင်မပြေဖြစ်ကုန်ရတဲ့အတွက် တောင်းပန်ပါတယ် .. ရာရာ က .."

ဘာမှမဆိုင်ပါဘူးလို့ ရှင်းပြမယ့်စကားက ငိုသံတွေပါလာခဲ့ခြင်းမှာ ဘယ်လိုမှပြောမရတော့ ဘဲ ခေါင်းခါရင်း အားထုတ်ရင်းဖြင့် ...၊

"ပြာသို နဲ့ ဘာမှဆိုင်ပါဘူး .."



စကားသံတွေ ပီပီသသဖြစ်ခဲ့ရဲ့လား .. မဖြစ်ဘူးလား မသိတော့ပေ။ နေရာမှ ချာခနဲလှည့်ပြေးလာခဲ့လျှင် ဟိုတယ်လ်အထွက်မှာ တုန်ယင်နေသည့် ခြေလှမ်းတွေက လှေကားထစ်ငါးထစ်မှာ ဒလိမ့်ခေါက်ကွေးပြုတ်ကျလေသည်။

တံခါးဝမှာ ရပ်နေသည့်ဧည့်ကြိုက ကပျာကယာပြေးလာပေမယ့် ရာရာ့ ကိုလည်း မတွဲရဲဘဲ ဘေးမှာပဲရပ်နေပြီး ...၊

"ရရဲ့လား ညီမ ထလို့ရလား .."

"ဟုတ် .."

ခေါင်းညိတ်လိုက်ပေမယ့် သူမ မျက်နှာမမော့ရဲခဲ့ပေ။ ဘေးလူတွေ လှမ်းကြည့်နေကြလိမ့်မည်။ သူမ ထရပ်တာမမြင်လျှင် မထနိုင်ဘူးထင်ပြီး လာတွဲပေးကြမှာဖြစ်၏။

ထို့ကြောင့် ဘယ်ကိုမှမကြည့်ဘဲ ကိုယ့်ဘာသာပြန်ထရပ်ဖို့ကြိုးစားမိသည်။ ရှက်သည့်စိတ်ကြောင့် နာမှန်းကျင်မှန်းမသိလောက်အောင်ဖြစ်နေခဲ့၏။

တစ်ကိုယ်လုံး မတ်တတ်ရပ်မိကာမှ ကုတ္တိပါခုံမြင့်ဖိနပ်လေးက လိမ့်စောင်းသွားသဖြင့် နာနေသည့်ခြေထောက်က သူမတစ်ကိုယ်လုံးကို ကိုင်လှဲပစ်လိုက်သလိုပင် ...။

"အား .."

မထိန်းလိုက်နိုင်သည့်ကိုယ်က ပစ်စလက်ခတ်ခွေကျသွားပေမယ့် မြေပြင်ကိုမဟုတ်ဘဲ ပြာသို့ ရင်ခွင်ထဲမှာ ...၊

"ပြာသို .."

ရာရာ ထိတ်လန့်သွားကာ မျက်လုံးတွေက ဟိုတယ်လ်ဆီ ဒိုင်းခနဲ ရောက်သွား၏။

"ဘာမှစိုးရိမ်မနေနဲ့ .. သွားမယ် .."

"ဟင့်အင်း .. မသွားဘူး .. ရှင် လိုက်စရာမလိုဘူး .."

ရာရာ အတင်းအကျပ်ပြန်ရုန်းတော့သည်။ ပြာသို့ မျက်နှာက မာထန်

www.burmeseclassic.com

www.burmeseclassic.com



နေကာ အထဲမှာ ဘယ်လိုတွေဖြစ်ပျက်လာခဲ့သည်ကို ဖော်ပြနေ၏။

"ပြာသို .. ရှင် အဲ့လိုမလုပ်ပါနဲ့၊ ရာရာ့ ကို ချပေးပါ ပြာသို ရယ်၊ ရှင့်အသိုင်းအဝိုင်းကလူတွေနဲ့ ရာရာ ထပ်ရင်မဆိုင်ပါရစေနဲ့ .. တောင်းပန်ပါတယ် .. ဟင့်အင်း .."

လူကိုစွေ့ခနဲဆွဲချိုလိုက်သဖြင့် ရာရာ ခြေထောက်လေးတွေ လွှဲယမ်းပြီးချပေးဖို့ပြောနေမိ၏။ ပြာသို က စကားတစ်ခွန်းမှမဆိုဘဲ ကားနားရောက်မှ ရာရာ့ ကို ချလိုက်ကာ တံခါးဖွင့်၍ ..၊

"ခဏထိုင် .."

အပြင်ဘက်မှာ ခြေထောက်တွေချထားလျက် ဆိုဖာမှာ တစောင်းလေးတင်လိုက်သည်။ ပြီးတော့ သူမဘေးကနေ လှမ်းကျော်ပြီး ကားထဲကပစ္စည်းတစ်ခုကိုထုတ်ယူလိုက်ပြီး ရာရာ ခြေထောက်ရှေ့မှာ မှဆိုးဒူးထောက်ထိုင်၍ ..၊

"ဒါလေ .. မင်းအတွက် ကိုယ်ဝယ်ထားတာ .."

မြင်ကွင်းကိုလှမ်းမြင်လိုက်သည်နှင့် မောင်နှမသုံးယောက်စလုံး ခြေလှမ်းတွေတုံ့သွားကြ၏။ ကြင်ရာတော် ဆိုသည့်မိန်းကလေးကို ကိုယ်တိုင် ဖိနပ်စီးပေးနေသည့် ပြာသို့ ကို မြင်နေလျက်နှင့် မယုံနိုင် ..၊

"သီမလေး နင့်သား ဘာမှမဟုတ်ပါဘူးဆို .."

[illegible] သား [illegible] လေးကို ကြိုက်နေတာ .."

[illegible] ခေါင်းခါနေရင်း ..၊

[illegible]"

"မ [illegible] ဘူး .."

ဦးထွန်းတင် မျက်နှာကြီးတင်းမာနေကာ ..၊

"တောက် .. မိဘကိုအရှက်ခွဲတဲ့ သတ္တဝါလေး .."

"ကိုကြီးကလည်းဗျာ .. မမ ကိုကြီးကို သတိပေးနေသားပဲ၊ ကိုကြီးက လုပ်စရာရှိရင် ဖွတ် .."

"ဘာလဲ .. ဘာကိုသတိပေးတာလဲ .. ပြာပြာ .."

"ရှင် .."



"ညည်းက ဘာကိုသတိပေးတာလဲ၊ ကောင်လေးမှာ ရည်းစားရှိနေတယ်ဆိုတာ ကိုကြီးကို တိုက်ရိုက်မပြောဘဲ ဘယ်လိုနည်းတွေနဲ့ ကွယ်ရာမှာ ညည်းတွားနေတာလဲ .."

"အဲလို မသိခဲ့ပါဘူး ကိုကြီးရယ် .. ကိုကြီးတူ ရည်းစားတွေများတာ ကိုကြီးလည်း ကြားနေတာပဲ .."

"ကိုကြီးပြောတော့ အဲ့ဒါတွေမဟုတ်ဘူးလေ၊ အခု ဒါလေးကို သူက မြတ်နိုးနေတာ .."

"ညီမလေးတော့ အဲ့ဒီလိုမထင်ပါဘူး၊ အခြေအနေက ဒီထိဖြစ်သွားအောင် တွန်းပို့နေတာပါ .. ဒီကောင်မလေးကို သနားလို့ ကူညီပေးမနေရင်း .. အခု နင်ပဲင်ဆတွေ ဝိုင်းပြောကြလို့ပဲ သနားပြီး .."

"တော်စမ်း .. တော်စမ်း .. အခြေအနေတွေ အချိန်အခါတွေ ကိုကြီးမလိုချင်ဘူး၊ အခြေအနေအချိန်အခါတွေကို လူကသတ်မှတ်ထားတာ၊ သူတို့ကြောင့် လူက ဘာမှပြောင်းလဲဖို့မလိုဘူး၊ အဲဒါ အကန်းရေတွင်းကျ စကားပြောကြတာတွေ .."

ဦးထွန်းတင် က တစ်ထစ်ချသမားပီပီ တက်ခေါက်ပြီးရင်း တဲက်ခေါက်ကာ မြင်ကွင်းကို မျက်နှာလွှဲသည်။

ဒေါ်ပြာညိုရောင် က ထိုဆီသွားမလို့ ခြေလှမ်းပြင်လျှင် ဦးကျော်ထင်က လက်ကိုဆွဲထားလိုက်ကာ ..၊

"ဆင်းရဲတဲ့လူကို ချမ်းသာတဲ့လူက ယူခွင့်မရှိဘူးလား ..၊ ဘုရင့်သမီးနဲ့ ခိုးသား၊ အညတရနဲ့ ရွှေမင်းသမီး၊ ပြီးတော့ .. 'မင်းတို့စကားမိုးကြိုးသွား' ဆိုတဲ့အတိုင်းတည်ဖို့အတွက် သူတောင်းစားနဲ့ ဘုရင့်သမီး ညားခဲ့သေးတယ် .."

"ကျော် .."

"ထောက်ပြတာပါ .. စင်ဒရဲလားနဲ့ မင်းသားလေးလည်း ညားခဲ့တာပဲ .."

"ငါကလေးမဟုတ်ဘူးနော် .. ပုံပြင်တွေလာပြောမနေနဲ့၊ အထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ငါတို့ဂုဏ်သိက္ခာတွေကို ဖိချေနှင်းမယ့်ပတ်ဝန်းကျင်တွေစောင့်နေကြတယ် ...၊ အဲဒါကို ဘယ်လိုလုပ်ကြမလဲ ..."

"နှင်းဖို့ပြင်တဲ့လူတွေက ပြင်နေတယ်၊ ဒါပေမယ့် အလင်းအိမ်ကတော့ မမသားကို အသေရရ အရှင်ရရ လိုချင်လို့တမင်ပြဿနာရှာနေတာပါ ...၊ သူ့အမေကလည်း သမီးအလိုကိုတော်တော်သိတဲ့ အမေ.."

"ပြဿနာရှာတာမဟုတ်ဘူး .. ပြဿနာကို လျှော့ပစ်ဖို့ကြိုးစားပေးနေတာ .."

'ကြိုးစားမှာပေါ့ .. ပြင်းထန်ရင်ပေါက်ကွဲကုန်မှာလေ၊ ခုပဲကြည့်ပါလား .. မအေက ညင်သာစွာဖောက်ခွဲဖို့ကြိုးစားတယ်၊ သမီးက 'ဆွဲထုတ်ပစ်ပါ .. မောင်းထုတ်ပစ်ပါ' နဲ့ ဝုန်းဒိုင်းထကြဲလိုက်တော့ ကောင်လေးက သူ့ဟာလေးသူ ဆွဲထုတ်ခေါ်သွားပြီ .."

"ကျော် .."

"ဗျာ .."

"မောင်လေးကို သားနောက်လိုက်သွားဖို့ မမ ခုပဲခိုင်းမလို့၊ မင်းက.."

"လိုက်သွားမယ်လေ .. တစ်ခါတည်း လက်မှတ်ထိုးပေးခဲ့ရမှာလား .."

"ကျွတ် .. မင်း တော်တော့ .."

ဒေါ်ပြာညိုရောင် ထမီတစ်စ 'မ'၍ လှည့်ဝင်သွားလျှင် ဦးကျော်ထင်က ပြုံးနေ၏။

'ကျွန်တော်က လူပျိုကြီးပေမယ့် ဒီနေရာမှာ မမထက် ပိုပြီး စာနာတတ်တယ် .. ဆရာ ခေါ်လိုက်တော့ ..'



## အခန်း (၃၁)

ဟင်!...၊

ရာရာ နဲ့ ပြာသို့ ကို မြင်လိုက်တာနှင့် ချော နဲ့ ဒေါ်စန်းမြမြ တို့ မိသားစုတွေ မျက်လုံးတွေပြူးကုန်ကြ၏။ နှုတ်ခမ်းတွေနောက်ဆက်တွဲ ပွင့်ဟလာကြကာ ...၊

"ရာရာ .."

"ရာရာ .. ညည်း .. ညည်း တကယ် .."

"အမေ .."

ရာရာ ဘယ်သူ့ကိုမှ မဖြေဘဲ အမေ့ဆီကို စိတ်စောပြီး ပြေးသွားဖို့ပြင်လိုက်မိ၏။ သို့သော် လှေကားထစ်ပေါ်က ဒလိမ့်ခေါက်ကွေးကျထားသည့် ဒဏ်ရာတွေကြောင့် လူက ညွှတ်ခနဲယိုင်ကျသွား၏။

ပြာသို က ရာရာ့ ပခုံးလေးကို ဖမ်းထိန်းပေးထားကာ သူပဲ ခုတင်နားထိတွဲခေါ်သွားခဲ့၏။ အများ၏အမြင်မှာ မိခင်အတွက် စိတ်ထိခိုက်နေသော မိန်းကလေးကို သူ့ခင်ပွန်းက ယုယကြင်နာစွာ တွဲခေါ်လာသလိုလို ...၊

www.burmeseclassic.com

www.burmeseclassic.com



သတို့သား သတို့သမီးဝတ်စုံတွေနှင့် သူမတို့နှစ်ယောက်ကို ဆရာဝန်တွေနဲ့ သူနာပြုဆရာမတွေကတော့ အံ့ဩ၍ အထင်မြင်သေးသလိုရှိကြလျက် ...၊

"မအေက ဒီလောက်ဖြစ်နေတာကို သူက မင်္ဂလာဆောင်နေတယ်ကြည့်စမ်း ..."

"သမီးမိန်းကလေးတွေ သိတတ်လှချေရဲ့ဆို ..."

"ဟုတ်ပဟာယ် .. အံ့ဩစရာ ..."

ဆေးရုံမို့ လူတွေက မိုးတိုးမတ်တပ်တွေလည်း အများကြီးရှိနေကြ၏။ နောက်ထပ် ရာရာ ကို အပြစ်တင်ကဲ့ရဲ့မည့်ဆွေမျိုးစုတွေ ထပ်ရောက်လာကြလျှင် ဆရာဝန်ကြီးက မသက်သာသောသက်ပြင်းတစ်ရှိုက်နှင့် ခုတင်နားက ခွာ၏။

သူပြုတွေကတော့ သေးလူတစ်ချို့ပြောနေသံတွေကိုကြားကာ 'ဟုတ်တာပဲ' ဆိုသည့်အကြည့်တစ်ချက်နှင့် ဆရာဝန်ကြီးနဲ့အတူ ထွက်ခွာသွားကြလေသည်။

ဘယ်သူတွေသိသိ မသိသိ ချော နဲ့ ဆွေမျိုးတစ်စုကတော့ ရာရာ ဘာလုပ်လာတာကို သိလည်းသိနေကြသည်။ အဓိပ္ပာယ်မရှိတာကို တကယ်အကောင်အထည်ဖော်လာသဖြင့် အမြင်မတော်တာတွေကို ပြောချင်နေကြ၏။

ထို့ပြင် လူကြီးတွေကို ဂရုမစိုက်စွာ လူနာခုတင်နားကို ပြေးကပ်လိုက်တော့ မေးချင်တာ ဆူချင်တာတွေကို မျိုသိပ်၍ အသည်းတယားယားနှင့် ...၊

"အမေ .. အမေ .. သမီး အသံကိုကြားလားဟင် .."

အမြဲတမ်းငိုနေရပေမယ့် မျက်ရည်တို့က အားအင်ကုန်ခမ်းသွားသည်မရှိ ...။ ရင်ဘတ်ပေါ်ထိတင်ထားသည့် ဇောင်ကို ခါးထိခွာချလိုက်ကာ မျက်ရည်စိုနေသည့် ပါးပြင်နှင့် အမေ့ရဲ့ ဘယ်ဘက်ရင်အုံမှာ မေးကပ်၍ ...၊



"အမေ့ .. အမေ့ကို သမီး ပြောပြချင်လို့ပါ၊ မျက်လုံးတွေ ဖွင့်ပါဦးအမေရယ် .. အမေ သမီးကိုစောင့်နေတာမို့လားဟင် .."

"မြင်စရာလားအေ .. သူ့သားကြီးက အဝေးမှာဥစ္စာ .. လူစုံစေချင်တာဖြစ်မှာပေါ့၊ ဘယ်နှယ့် ညည်းကြောင့် ညည်းတာဝန်ချည်းပဲ မှတ်နေရတာလဲ .."

ဒေါ်စိုးစိုး က မတ်တပ်ကနေ ဝင်ပြောလျှင် ပြာသို က လှည့်ကြည့်ကာ ...၊

"ဘယ်သူ့ကြောင့်ပဲဖြစ်ဖြစ် သူ စိတ်ကျေနပ်အောင်ပြောပါစေ အန်တီ၊ လူနာရင်ထဲမှာ ဘာတွေရှိနေသလဲဆိုတာ ဘယ်သူမှသိနိုင်တာမဟုတ်ဘူး၊ သူ့စိတ်သူ ဘယ်လိုပဲဖြေဖြေ ကြည့်နေလိုက်ပါ .."

ဒေါ်စိုးစိုး စိတ်တိုသွားသည်။ ဒီကောင်လေးက ဘာလဲ ...၊ ဘယ်သူ့သဘောမှမပါဘဲ ဒီကမိန်းကလေးတစ်ယောက်ကို ကောက်ရသလို လတ်ထပ်ယူလာပြီး လူကြီးတွေကို ဘာမှတ်နေလို့လဲ ...၊

ပြာသို ကတော့ ဂရုမစိုက်ပါ။ ရာရာ တကယ်ဒုက္ခတွေ့နေတာကို တကယ်မြင်လိုက်ရသဖြင့် သူ အထင်လွဲခဲ့သမျှအတွက် ဖြစ်တည်လာခဲ့သည့် ကရုဏာစိတ်တွေက ဖုံးပေါလအော ...။

ထို့ကြောင့် ရာရာ နဲ့ တစ်ဖက်စီမှာ သွားထိုင်လိုက်ကာ လူနာကိုသေသေချာချာ ငုံ့ကြည့်မိ၏။ လူမမာမို့ ပိန်လှီဖျော့ကျနေပေမယ့် ထင်းနေသော နှာတံရှိုးနှင့် မျက်တောင်ကော့တို့က ပေါ်လွင်နေဆဲ ...။

ပြီးတော့ ဆံပင်တွေကို ခေါင်းအုံးပေါ်မှာတစ်ချို့ ပုံချထားပေမယ့် ကကြီးပုံမဟာနဖူးလေးကလည်း ပေါ်နေသည်။ နုပျိုစဉ်ဆို မိန်းမလှလေးတစ်ယောက်ဖြစ်ခဲ့မှန်း သံသယရှိဖို့မလို ...။

"ငိုမနေနဲ့ ရာရာ .. ဆရာဝန်ဘာပြောသွားတာလဲ အခြေအနေကို မေးကြည့်ရအောင် .."

"ပြာသို .."

ပြာသို ပြန်ထရပ်ဖို့ပြင်လိုက်တာနှင့် ရာရာ က ခေါ်ကာ ...၊

www.burmeseclassic.com

www.burmeseclassic.com



"ဒီနားမှာပဲနေပါ .."

အသံတုန်လေးနှင့်ဆိုရင်း ခေါင်းခါပြစဉ် မျက်ရည်စက်တွေ စင်ထွက်သွားကြ၏။ ဆရာဝန်လက်လျှော့ထားခဲ့တဲ့ လူနာဘဝမှာပဲ အမေ့ရဲ့နောက်ဆုံးထွက်သက်မချုပ်ငြိမ်းနိုင်တာ သူမ သိနေသည်။

ဒါကြောင့် အမျိုးမျိုးသောနည်းတွေနဲ့ အဖြစ်ဆိုးသွားနိုင်တာသိပေမယ့် အမေ့ဆန္ဒပြည့်ဝဖို့ သူမ ကြိုးစားခဲ့မိတာဖြစ်သည်။

"သမီး အမေ့ဆန္ဒကို ဖြည့်ဆည်းပေးခဲ့ပြီလေ .. အမေ သမီးကို အိမ်ထောင်ပြုစေချင်တယ်ဆို မျက်လုံးဖွင့်ကြည့်ပါဦး အမေ .. သမီးခုပဲ လက်ထပ်ပြီးခဲ့ပြီ သိရဲ့လား .."

ရာရာ အမေ့မျက်နှာနားမှာ ကပ်ပြောရင်း ပါးပြင်လေးကို တယုတယ ပွတ်သပ်နေမိသည်။ ပြီးတော့ ရင်ဘတ်ပေါ်တင်ထားသည့် အမေ့လက်ကို လက်ဖဝါးချင်းထပ်ဆုပ်၍ မချိတရိအံကြိတ်ထားမိရင်း ...၊

"အမေ သမီးကို စိတ်ချတော့နော် .. အမေ ဖြစ်စေချင်တဲ့အတိုင်းပဲ အခု သမီး .. သမီးမှာ အရိပ်ကောင်းတစ်ခုရှိနေပြီသိလား၊ သူက သမီးကို ဂရုစိုက်တယ်၊ လိုက်လျောတတ်တယ်၊ ပြီးတော့လေ .. မိဘနဲ့အသိုင်းအဝိုင်းနဲ့ ပြည့်စုံတဲ့လူ၊ သမီးဘဝ ကောင်းစားသွားပြီဆိုပြီး အန်တီမြတို့ကလည်း ချီးမွမ်းနေကြတယ်၊ အမေ ကျေနပ်လားဟင် .. အမေ့ကို ပြောပြနေတာတွေ အမေ ကြားနေရတယ်မို့လား၊ ပြောပါဦး .. အမေ ကြားပါတယ်ဆိုတာ တစ်ခုခုအချက်ပြဦး အမေရယ် .."

ရာရာ မထိန်းနိုင်တော့ဘဲ ဟီးခနဲငိုချလိုက်မိ၏။ ထိုစဉ် ...၊

အမေ့လက်ချောင်းလေးတွေ လှုပ်ရှားသွားသလိုခံစားလိုက်မိ၏။ ရာရာ ငိုသံ ချက်ချင်းတိတ်သွားကာ နှစ်ဖက်ထပ်ဆုပ်ထားသည့် လက်ကို အားရဝမ်းသာငုံ့ကြည့်မိလေသည်။

သူမ၏ ထူးခြားမှုကြောင့် ချော တို့ ဒေါ်စန်းမြမြ တို့အားလုံးပါ ရှေ့တိုးလာကြပြီး ဝိုင်းကြည့်ကြ၏။

"ဟော .. လက် .. လက်တွေလှုပ်နေတယ် .."



"ရာရာ့ ကို ပြန်ဆုပ်ကိုင်ချင်တာတွေ့လား .."

"အမေ .. အမေ သိနေတယ်နော်၊ ရာရာ ပြောတာတွေ အမေ ကြားတယ်ပေါ့ .."

ရာရာ အရူးမလေးလို တတွတ်တွတ်မေးရင်း ရယ်သည်။ ပြီးတော့ အမေ ပြန်ဆုပ်ကိုင်ဖို့ကြိုးစားနေသည့် လက်လေးကို ငုံ့ကြည့်နေရင်း...

"အမေ့ .."

ခြောက်ချားသော ရာရာ့ ခေါ်သံလေးကြောင့် အားလုံးဟင်ခနဲဖြစ်ကုန်ကြ၏။ ကြည့်လိုက်တော့ ဒေါ်ကြင်ကြင် လက်က ရာရာ့ လက်ထဲကနေ ညင်သာစွာလျှောကျသွားခဲ့ပြီး ...၊

"အမေ့ ဟင့်အင်း .. အမေ အဲလိုမြန်မြန်ဆန်ဆန်ကြီးထွက်မသွားပါနဲ့ ...၊ ရာရာ့ တစ်ယောက်တည်းမထားခဲ့ပါနဲ့ .. အမေ့ .."

ဒေါ်ကြင်ကြင် တကယ်ပဲ ကျေနပ်စိတ်ချသွားခဲ့ပြီထင်၏။ မွေ့ရာမှာ ရှိသူအားလုံး မျက်ရည်စတို့ ဝေသီကာ တကယ်ဖြစ်သွားတော့လည်း ဘယ်သူမှ စိတ်မကောင်းနိုင်ကြပေ။

"မကြင် သနားပါတယ် .."

"ရာရာ စိတ်ဖွဲနေတာမဟုတ်ဘူး .. သူ့အမေက သမီးကိုတကယ်စိတ်မချရှာတာ .."

"ခုတော့ စိတ်ဖြောင့်ဖြောင့်သွားပြီပေါ့အေ .. ရာရာ လက်ထပ်လာတာကို သူ သိသွားတာပဲ .."

ရာရာ့ ငိုသံကြောင့် ထိုင်ရမလိုထရမလိုနှင့် ကယောင်ကတမ်းတွေဖြစ်နေခဲ့တာ ပြာသို ဖြစ်သည်။ မွေ့ဖက်ချော့ရအောင် သူက ရာရာ့ ခင်ပွန်းလည်းမဟုတ် ..။

ဒါပေမယ့် သူမ ငိုနေတာကို သူ ဒီတိုင်းကြည့်မနေနိုင်ခြင်းသည်...

"ရာရာ .. စိတ်ကိုဖြေပါကွာ .. သူ ကျေနပ်သွားအောင်မင်း လုပ်ပေးနိုင်ခဲ့တာပဲ .."

သူမဘေးမှာ ပခုံးလေးကို ဖွဖွကိုင်ရင်း နှစ်သိမ့်ပေးမိသည်။ ရာရာ

www.burmeseclassic.com

www.burmeseclassic.com



က ဘယ်လိုမှချော့မရပေ .. မအေကို ဖက်၍တအားရှိုက်ငိုနေလျက်..၊

"ကောင်မလေး ငြိမ်သွားတယ်၊ ဟဲ့ .. ကြည့်စမ်း .. ဘာဖြစ်သွားတာလဲ .."

"ရာရာ .."

ချောက ပြေးကပ်လာပြီး ပခုံးလေးကို လှုပ်ခေါ်၏။ ပြာသို သူမ ပခုံးလေးကိုကိုင်၍ အလောင်းပေါ်ကဆွဲခွာလိုက်မှ သတိလစ်မေ့မျောနေသည့် မျက်နှာလေး သူ့ရင်ခွင်ထဲ ငိုက်ကျလာ၏။

"ဟောတော .."

"ရာရာ .."

"ရာရာ .. သမီး .."

ရာရာ့ ကို ပွေ့ထားသည့် ပြာသို့ ဘေးမှာလူတွေဝိုင်းနေခဲ့စဉ် ..၊

"အမေ .."

နောက်ထပ်က ယောကျ်ားသံတစ်သံကို ကြားလိုက်ရပြီး ..၊

"အမေ ဆုံးပြီ ဟုတ်လား .. ရာရာ ရော .. ညီမလေး .."

ရှိနေသည့်လူတွေမှာ အံ့သြခြင်းတွေတစ်ခုပြီးတစ်ခု မြင်တွေ့နေကြရလျက် ..၊

"မောင်မောင်ဦး .."

"အောင်မယ်လေး .. မင်း လာတယ် ဟုတ်လား .."

"ညီမလေး .."

ပခုံးထက်မှာ ရွှေရောင်ကြယ်ပွင့်လေးနှင့် ဒုရဲအုပ်ဝတ်စုံဝတ်ဆင်ထားသော လူတစ်ယောက်က ဝိုင်းရံနေသည့်လူတွေထဲ တိုးဝင်လာကာ ပြာသို့ လက်ထဲက ရာရာ့ ကို ကတုန်ကယင်ဆွဲပွေ့လိုက်၏။

"ရာရာ .. ညီမလေး .."

ရာရာ့ မေးဖျားလေးကို လှုပ်ခေါ်ရင်း ငိုသံပါလာခဲ့၏။ ရာရာ့ မျက်ဝန်းလေးတွေ တဖြည်းဖြည်းပွင့်လာခဲ့လျက် ..၊

"ဟင်!..."



မောင်မောင်ဦး ကို မြင်လိုက်သည်နှင့် မျက်ဝန်းတွေ ရုတ်ခနဲ ပြူးကျယ်သွားကာ ..၊

"ကိုကြီး .."

"ဟုတ်ပါတယ် ညီမလေးရယ် .. ကိုကြီးပါ .."

"ကိုကြီး အမေ .. အမေ ဆုံးပြီ ကိုကြီးရဲ့ .."

မောင်မောင်ဦး မျက်ရည်တွေဝေ့ဝဲနေရင်း ခေါင်းတွင်တွင်ညိတ်သည်။ ပြီးတော့ ညီမလေးမျက်နှာလေးကို ရင်ခွင်ထဲမှာ မွှေးပိုက်ဖက်ထားလိုက်၏။

အမေ သေဆုံးနေပြီပေမယ့် အမေ့ မျက်နှာကိုတောင် ပြေးမကြည့်ဝံ့တဲ့သားပါ။ အမေနဲ့ ညီမလေးကို သူ ပစ်ထားခဲ့မိသည်။

ခုလည်း ပြန်တော့ပြန်လာဖို့ပေမယ် တရားခံဖမ်းရခြင်းအကြောင်းပေါ်လာ၍သာ အမေ့ရဲ့ နောက်ဆုံးခရီးကို ကံကောင်းထောက်မစွာ မီနိုင်ခဲ့တာဖြစ်၏။

မဟုတ်လျှင် အမေ့ကိုတောင် သူ သင်္ဂြိုဟ်ပေးလိုက်နိုင်မှာမဟုတ်။ ဒီအဖြစ်တွေကိုသာ သိသွားကြရင် သူ့ကို ဘယ်လိုပြောကြမလဲ ..၊

ပြာသို ကတော့ ရာရာ ခေါ်သံကြားဖူးသည့် 'ကိုကြီး' ဆိုသူကို ခုမှမြင်ဖူးတာမို့ မောင်နှမနှစ်ယောက်အဖြစ်ကို ကြည့်နေရင်း သူက ပွဲကြည့်ပရိသတ် ..။

"ဒါနဲ့ မေးပါရစေဦး၊ မင်းက ယူနီဖောင်းနဲ့ဆိုတော့ မအေ့သတင်းကြားလို့လာတာမှ ဟုတ်ရဲ့လား .."

"ငါတော့မထင်ပါဘူး .. သူ တာဝန်နဲ့ပြန်လာတာဖြစ်မှာ .."

ဝမ်းကွဲဦးလေးနဲ့ အဒေါ်တွေက သူ မပြောချင်သည့်ကိစ္စကို အစဖော်လိုက်ကြ၏

"ကြည့်ရတာ အိမ်ရောက်မှ ဒီကသတင်းကြားပြီး လိုက်လာတာထင်တယ် .."

မှန်းချက်တွေက နှမ်းထွက်နဲ့လည်း အံကိုက် ..။

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ဦး က ခေါ်ကြင်ကြင့် အလောင်းဘေးမှာရပ်ငေးနေရင်း အားလုံးရဲ့မေးခွန်းတွေ ပြီးဆုံးငြိမ်သက်သွားမှ …၊

"ဟုတ်ပါတယ် .. ကျွန်တော့်အမေ ကျန်းမာရေးကို ဒီလိုမြန်မြန်ဆန်ဆန် ထဖောက်လာမယ်လို့ လုံးဝကိုမထင်ခဲ့တာပါ .."

"ဆရာ .."

ရဲဝန်ထမ်းတစ်ယောက်အထဲဝင်လာပြီး မောင်မောင်ဦး ကို အရိုအသေပေးလိုက်ပြီး …၊

"တရားခံရဲ့သမီးက သူ့အဘွားဆေးရုံတင်လိုက်ရလို့ သူ့မိဘတွေကို ဆေးရုံခဏလိုက်ကြည့်ခွင့်ပေးဖို့ တောင်းဆိုနေတယ်ဆရာ .."

"မဖြစ်ဘူး ပြစ်မှုကြီးနဲ့ တရားခံကို ငါတို့မှာ အစောင့်ထည့်လိုက်ဖို့လည်း မလုံလောက်ဘူး .."

"အစ်ကို .. အစ်ကိုကြီးရယ် .. ကျွန်မ တောင်းပန်ပါတယ် .."

လာသတင်းပေးနေသည့် ရဲကို တိုးတိုက်ဝင်လာကာ မျက်ရည်တွေအရွှဲသားနှင့် မိန်းကလေးတစ်ယောက်က ရုတ်တရက်ဘယ်သူ့ကိုမှ သတိမထားမိဘဲ မောင်မောင်ဦး ဆီကိုပဲ တန်းတန်းမတ်မတ်ပြေးသွားခဲ့ဖြီး…၊

"အစ်ကိုကြီးရယ် .. ဘွားဘွားက အစတည်းက မကျန်းမာဖြစ်နေတာပါ၊ အခု ဖေဖေနဲ့ မေမေ့ကို သူ့ရှေ့မှာ ဖမ်းမိသွားတော့ .."

စကားတွေအားပါးတရပြောပြီး ဒူးထောက်မတတ်ငိုကြွေးနေရင်း မျက်လုံးတွေက ဘေးကိုရောက်သွားခဲ့လျှင် …၊

ဟင်!…၊

"ရာရာ .."

အဆက်မပြတ်ထိန်းချုပ်မရခဲ့သည့် မျက်ရည်တွေ ချက်ချင်းရပ်တန့်သွားခဲ့၏။

"ပြာသို .."

ဒီဝတ်စုံတွေနဲ့အတိုင်း နှစ်ယောက်စလုံးကိုမြင်လိုက်ရကာ ခုတင်ပေါ်က လူနာလား၊ လူသေအလောင်းလား၊ ပြီးတော့ .. လူတွေဒီမှာစုဝေး



နေတာ နည်းတာမဟုတ် …။

"ငါတို့ စုံစမ်းခဲ့သမျှ လုံးဝအမှန်တွေချည်းပဲ စာ … သူ့အစ်ကိုက ဒုရဲအုပ်၊ မအေကြီးက ရူးနေတယ် …၊ သူ့အစ်ကိုကြီးက အဝေးကြီးမှာ တာဝန်နဲ့သွားနေတယ်တဲ့၊ အခု အဘွားကြီး တော်တော်ဖြစ်နေလို့ ဆေးရုံဝါးခလိုပြီး ဒီမိန်းမ ပျာယာနေတာ .." တဲ့ …။

"အင်း .. ဒါဆို သူ့အမေ ဆေးကုဖို့အတွက် ငါ့ဆီမှာလာပြီး ကျွန်ခံတာပေါ့၊ အားပါးပါး .. တကယ့်သမီးမြတ်လေးပါလား .."

လို့ သူမပြောလိုက်မိတာကိုလည်း သတိရနေပါသေးသည်။ စာရဲ့ အကြည့်တွေ ရာရာ နဲ့ ပြာသို့ ထဲမှာ စူးစိုက်နေစဉ် မောင်မောင်ဦး စာနာစိတ်လေးတစ်ချက်ဝင်သွားတာက ဒီမှာလည်း အမေ့အသက်ကို သူ မမီလိုက်သည့်အဖြစ်ကြောင့် …၊

"စိုင်းမောင် .."

"အမိန့်ရှိပါ ဆရာ .."

"ခေါ်သွား .. အပြင်မှာစောင့်ခိုင်းထားလိုက် .."

"ဟုတ် .."

ရဲက ကိုယ့်အနားရောက်လာကာမှ စာ ပစ္စုပ္ပန်ကိုပြန်သတိရသွားသည်။ လောကသံသရာဟာ ဗုံလုံတစ်လှည့် ငါးပျံတစ်လှည့်ပါလား…။ ရှက်ရွံ့နာကျည်းသည့် မျက်ရည်တွေ နောက်ထပ်ပြည့်တက်လာပေမယ့် တရားရသွားတာတော့ မဟုတ်ပေ …။

ဖေဖေနဲ့ မေမေ ထောင်ကျတော့မည်။ ဘွားဘွားလည်း နောက်ဆုံးထွက်သက်ကို ရင်ဆိုင်နေရပြီဖြစ်၏။ ဒါပေမယ့် သူမှာ ညည်းစိမ်ဥစ္စာတွေ အပြည့်ရှိသေးသည်။

ဘာလို့ ဝင့်လည်ရမှာလဲ .. ငါက သူဌေးသမီး …၊

ဦးဆောင်ခေါ်ယူမည့် ရဲနောက်ကို ခြေလှမ်းက လိုက်ပါသွားပေမယ့် ရာရာ မျက်နှာကို လည်ပင်းလိမ်အောင်ကြည့်၍ ပြုံးလိုက်သည်။

ရာရာ က မတုန်မလှုပ်ဒီတိုင်းရပ်ကြည့်နေပေမယ့် [illegible]

www.burmeseclassic.com

www.burmeseclassic.com



တက်ခေါက်မိ၏။ ပြီးတော့ တံခါးဘက်ကိုမျက်နှာပြန်လှည့်လိုက်လျှင် ...၊

ဟင် !...၊

သူမ ခြေလှမ်းတွေ တုံ့ခနဲဖြစ်သွား၏။ အထဲကို လှမ်းဝင်လာပြီဖြစ်သည့် ဦးထွန်းတင် နဲ့ ဒေါ်ပြာညိုရောင် တို့ မောင်နှမသုံးယောက်ကလည်း သူမကိုကြည့်ကာ တအံ့တဩ ...။ စေ့စပ်ဖို့က ပျက်သွားခဲ့သည်လား ...၊ ဒီမှာ ဒီလူတွေဘာလို့ လာစုနေကြတာလဲ ...၊ ဧက ယောက်ယက်ခတ်အောင်တွေးနေရင်း မကောင်းခြင်းဘက်မှာပဲ အားပါနေခဲ့သည့်စိတ်က ကိုယ့်ရဲ့ပူပင်သောကတွေကိုတောင် မေ့လျော့သွားခဲ့၏။ စေ့စေပ်ပွဲမှာ ဖုန်းလာတုန်းက ဘွားဘွားဆီကနေ မေမေ ဆက်တာဖြစ်သည်။

မေမေတို့ မဲဆောက်နဲ့ မြဝတီ ကူးသန်းရောင်းဝယ်နေကြတာပဲ သိခဲ့သည်။ ဘာတွေလုပ်နေခဲ့တာလဲ၊ ဘယ်တုန်းက ရန်ကုန်ရောက်နေခဲ့ပြီး ရဲတွေဘယ်လိုလိုက်လာခဲ့တာ ဖမ်းဆီးတာတွေ သူမ ဘာမှမသိခဲ့ပေ ...။

ဒါကြောင့် ဖုန်းရတာနှင့် အိမ်ကိုချက်ချင်းပြန်ပြေးခဲ့ရသည်။ စေ့စပ်ပွဲရဲ့ဇာတ်သိမ်းကို မသိလိုက်ရသည့်အဖြစ်ဟာ သူမအတွက် အတွေးများစွာကို ဖြစ်စေခဲ့လျက် ...၊

"ဒီကောင်မလေးက ရဲတွေနဲ့ ဒီမှာ ဘာလာရှုပ်နေတာလဲ .."

ဒေါ်ပြာညိုရောင် က ကိုယ့်ဘာသာရေရွတ်သလိုဆို၏။ ဦးထွန်းတင်ကတော့ တစ်ချက်ပဲစိုက်ကြည့်မိကာ သူများအရေးကိစ္စကို ချက်ချင်းခေါင်းထဲက ထုတ်ပစ်လိုက်တာမျိုး ...၊

ဆေးရုံကြီးထဲက အရေးပေါ်လူနာဆောင်မှာ လူနာရှင်တွေနှင့် ဧည့်သည်တွေ အများအပြားဖြစ်သွားခဲ့လျက် ...၊

"ဘဘတင် .."

သူတို့ရှေ့ကို ဦးဆုံးရောက်လာသူက ပြာသို ဖြစ်ကာ၊ ဦးထွန်းတင်ရှေ့မှာ ပိုကပ်အောင်ရပ်လိုက်ပြီး ...၊

"ရာရာ့ အမေ ခုလေးတင်ဆုံးသွားတယ် ဘဘ .. သူ့ကိုကျွန်တော်



ကူညီနေတာပါ၊ မဖွယ်မရာတွေဘာမှမပြောမိဖို့ တောင်းပန်ပါတယ်.."

ဦးထွန်းတင် မျက်မှောင်ကုတ်သွားကာ အလောင်းရဲ့ဘေးမှာ ရှိနေသည့် ရာရာ နဲ့ ဒုရဲအုပ်ဝတ်စုံနဲ့လူရွယ်ကို လှမ်းကြည့်သေးသည်။

ဆေးရုံဝင်းထဲမှာ တရားခံဖမ်းသည့်ကားနှင့် ရဲကားတစ်စီးကိုလည်း တွေ့သည်။ ရဲတွေလည်း ရှိနေကြ၏။ ဝင်လာတော့မှ ဒီအခန်းထဲမှာလည်း ရဲတွေရှိနေခဲ့သဖြင့် ...၊

"မဖွယ်မရာမပြောမိဖို့က မပြောသင့်တဲ့အကြောင်းရှိမရှိ သိရမှ ဖြစ်မယ် ပြာသို .. ဒီမှာ မအေက ဆုံးနေတာကို ဟိုမိန်းကလေးက မင်္ဂလာဝတ်စုံနဲ့ မင်းသီးပြေးလာပြီး ဓာတ်ပုံရိုက်နေတာက ဘာလုပ်တာလဲ .."

"သူက ဓာတ်ပုံပဲလိုချင်တာပါ .."

"ဘာကိစ္စနဲ့လဲ .."

"သူ လက်ထပ်ပြီးတဲ့အကြောင်း သူ့အမေကို သိစေချင်လို့ .."

"ဘာ!..."

ဦးထွန်းတင် နားလည်သွားလား မလည်ဘူးလား ပြာသို ပြန်လှည့်ကြည့်တော့ပေ ...။ သူ ဒီလောက်ထိ ရပ်တည်ပေးထားတဲ့ မျက်နှာစာဘက်ကို မေမေတို့ ဘယ်လိုမှ ဆုတ်ဖြဲချေမွပစ်မှာမဟုတ်မှန်း ယုံကြည်ကာ ရာရာ တို့ မောင်နှမဘက်ကို ပြန်လှည့်လာခဲ့၏။

"ကြည့်ပါဦး .. ပြောတော့ ဘာမှမဟုတ်ဘူးဆိုတာချည်းပဲ၊ သတ္တိတွေကောင်းနေတဲ့မျက်နှာကို ကြည့်ပါဦး .."

ဦးထွန်းတင် က ညီမဖြစ်သူကို မှုန်ကုတ်ကုတ်လှည့်ကြည့်၍ ...၊

"အဲဒါ နင့်သားပဲ .."

ဒီဘက်ကိုပြန်လှည့်လိုက်သည်နှင့် အမျိုးသမီးကြီးတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက်က ပြေပြစ်သည့်မျက်နှာတို့ဖြင့် ပြုံးသည်ရယ်သည်မဟုတ်ဘဲ သူတို့သုံးယောက်စလုံးကို ခြုံငုံကြည့်လိုက်ရင်း ...၊

"ဒီက အစ်မကြီးတို့က ပြာသို ဆိုတဲ့ကလေးရဲ့ အုပ်ထိန်းသူတွေလားရှင် .."

www.burmeseclassic.com

www.burmeseclassic.com



ဦးဌွန့်တင် တို့က ရုတ်တရက်မဖြေဘဲ ကြည့်နေခဲ့ကြလျှင် ...၊

"ကျွန်မက ဒေါ်စန်းမြမြ ပါ .. 'စန်းမြမြ' ရွှေဆိုင်ပိုင်ရှင်ပါရှင်.."

"သမီးက ချောစုယဉ် ပါ .. ရာရာ .. အဲ့ .. ကြင်ရာတော် ရဲ့ သူငယ်ချင်းဆိုလည်းဟုတ်တယ်၊ ညီအစ်မဝမ်းကွဲလည်းတော်ပါတယ် .."

ထိုစဉ် ဒေါ်စိုးစိုး ကလည်း လှမ်းမြင်ပြီး ခပ်သုတ်သုတ်လျှောက်လာ၏။ သူမတို့အားလုံး ရာရာ့ အတွက် ရှင်းပြစရာတွေရှိနေကြသည်မို့ သေသွားပြီးသည့် လူကို ခဏတစ်ဖြုတ်တော့ ဥပေက္ခာထားရဦးမှာဖြစ်သည်။

ကိုယ်က မပေးကမ်း မထောက်ပံ့နိုင်သေမယ့် ကူကယ်ရာမဲ့ဖြစ်နေသည့် ဒီမောင်နှမအတွက်၊ အထူးသဖြင့် ရာရာ့ ဘဝလေးကို လူတကာ တံတွေးခွက်ထဲမှာ အချောမခံနိုင်ပါ။

ဒီနေ့ သူမလေး ဤသို့ပြုမူဆောင်ရွက်ရခြင်းနှင့် ပတ်သက်၍ သေချာရှင်းပြကြဖို့ ဆုံးဖြတ်ချက်တို့ဖြင့် ...၊



## အခန်း (၃၂)

"ကိုကြီး မှားပါတယ် ညီမလေးရယ်၊ ခုလည်း ကိုကြီးပြန်သွားရင် သူ့ကို ညီမလေးနဲ့လာနေဖို့ခေါ်မယ်၊ သူ မလိုက်နိုင်ရင် ကိုကြီးပဲ ပြန်လာခဲ့မယ် .. ငါ့ညီမကို တစ်ယောက်တည်း ကိုကြီး မထားပါဘူး.."

"အဲ့ဒါတွေကို ဘာမှမလုပ်ခင်က မင်း စဉ်းစားရမှာ မောင်မောင်၊ သူ့ဟာသူ လူကြီးသမီးဖြစ်ဖြစ် သူကြွယ်သမီးဖြစ်ဖြစ် မင်းကို ဘယ်သူက ဓားနဲ့မိုးပြီး ခြိမ်းခြောက်လို့လဲ ..၊ ပြောတော့ အလုပ်က အိမ်ထောင်ပြုခွင့်မပေးသလိုလို .. မပြုသေးဘူးလိုလို .."

နာရေးကိစ္စပြီးသွားသည်နှင့် ရာရာ က သက်မဲ့ရုပ်လေးလို ငေးတိငေးငိုင်ဖြစ်ကျန်ခဲ့လျက် .. အလုပ်တစ်ဖက်နဲ့ မောင်မောင်ဦး ဘယ်လိုပဲ ဘာပြေးချော့ပေမယ့် အခြေအနေက ပြောင်းလဲမလာခဲ့ပေ ...။

"ကဲပါလေ .. ဖြစ်ပြီးတာတွေကို ပြန်ပြင်မရမှတော့ အနာဂတ်ရှာနေကြပါနဲ့တော့ .. မင်းလည်း ရာထူးဌာနန္တနဲ့ အိမ်ထောင်နဲ့ဖြစ်သွား .. အသက်အရွယ်အလုပ်ကိုင်အရ မင်းအိမ်ထောင်ပြုတာကိုလည်း အပြစ်ဆိုလို့မရပါဘူး .."

www.burmeseclassic.com

www.burmeseclassic.com



ဆွေမျိုးတွေထဲက အရင်းနှီးဆုံးဖြစ်သည့် ချော တို့ မိသားစုနဲ့ ဒေါ်ခန်းမြမြ တို့ အိမ်ကိုရောက်လာကြတာဖြစ်ကာ လူငယ်နှစ်ယောက်၏ ရေ့ရေးအတွက် အုပ်ထိန်းသူတွေအနေနဲ့ အတတ်နိုင်ဆုံး၊ အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးဖို့ ရည်ရွယ်ချက်တွေနဲ့ဖြစ်၏။

"ပြီးတော့ .. ပြာသို ရဲ့ မိဘတွေကိုလည်း ရာရှ အကြောင်း ရှင်းပြလိုက်တယ်၊ နောက်ထပ်ပြီး ကိုယ့်ဘက်က သူများအထင်သေးစရာဖြစ်အောင် မနေတော့ဖို့ပဲလို့တာ .."

"ဟဲ့ .. သိလား ရာရှ၊ ကိုကြီးမောင် တို့ ဖမ်းလိုက်တဲ့ ဇက ရဲ့ အဖေနဲ့အမေက မူးယစ်ဆေးရော၊ ရှေးဟောင်းပစ္စည်းတွေ တရားမဝင် ရောင်းဝယ်မှုတွေရော အမှုတွေမှ အများကြီး ကျူးလွန်းထားတာ .."

ချော က မောင်မောင်ဦး ကိုလည်း သက်သေထူသလိုလှမ်းကြည့်သေးသည်။ ပြီးတော့ အားပါးတရပြောပြနေတာ ရွှန်းရွှန်းဝေနေတော့သည်။

မောင်မောင်ဦး က ခေါင်းတော့ညိတ်ပေမယ့် ရာရှ ဆံနွယ်လေးတွေကို ငုံ့ကြည့်ပွတ်သပ်နေရင်း ..၊

"မိချော ဘယ်လောက်စပ်စုလာလဲမသိဘူး .. ကျွန်တော်တို့က ဘုရားခံဖမ်းပေးရတာလေ၊ ကျန်တဲ့အမှုကိစ္စတွေက ဥပဒေရှိတဲ့အတိုင်း ..းမှာပေါ့၊ ကျွန်တော် စိတ်မကောင်းတာ ကျွန်တော့် ညီမလောက် အရွယ် မိန်းကလေးက ခိုကိုးရာမဲ့တစ်ကောင်ကြွက်ဖြစ်ကျန်ခဲ့တာကို.."

"ဟာ .. အဲ့ဒါ ဝမ်းသာစရာပဲ ကိုကြီးမောင် ကလည်း၊ အဲဒီ ဇက က ရာရှ ကို ဘယ်လောက်နှိပ်စက်ထားသလဲ သိရဲ့သားနဲ့ .."

အားလုံးသိပြီးသားပေမယ့် စာနာစိတ်ကတော့ ဖြစ်မိတာမို့ မောင်မောင်ဦး က သက်ပြင်းချကာ ..၊

"အဲ့ဒါ ဝမ်းသာရမှာမဟုတ်ဘူး .. သံဝေဂရစရာလို့ မှတ်ရမှာ.."

ချော က ရာရှ အတွက် ခံပြင်းခဲ့ရတာမို့ မျက်နှာလွှဲပစ်လိုက်ပြီး မဲ့နေဆဲနှင့် ..၊

"ရာရှ ကိုများ 'ကျွန်' ဆိုတာ ပါးစပ်ကမချဘူး၊ ဒီလူတွေ သူတို့



အကုသိုလ်နဲ့သူတို့ဖြစ်တာ .."

မောင်မောင်ဦး က နှစ်သိမ့်သည့်အပြုံးနှင့် ရာရှ ဘက်ပြန်လှည့်ကာ ..၊

"ညီမလေးကရော သူ အဲ့ဒီလိုဘဝရောက်သွားတာကို ကျေနပ်နေလား .."

ရာရှ က ရီဝေဖျော့ကျနေသည့်အကြည့်တို့နှင့် မောင်မောင်ဦး ကို မော့ကြည့်သည်။ မောင်မောင်ဦး က မေးဆတ်၍ ..၊

"ဟင် .. ကိုကြီး မေးတာဖြေပါဦး .."

ရာရှ က ခေါင်းခါ၍ ..၊

"ရာရှ အရမ်းခံစားခဲ့ရတာ ကိုကြီးရယ် .."

"အင်း .. ချော တို့ ပြောပြပါတယ် .."

"ဒါပေမယ့် .."

ရာရှ ဒါပေမယ့်ကြောင့် ချော က အံ့သြဟန်လေးနဲ့ကြည့်နေ၏။

"အမေ မသေခင် ရာရှ ဆေးကုပေးလိုက်ရတာတွေ၊ ကျွေးမွေးပြုစုခွင့်ရခဲ့တာတွေက သူတို့ပေးတဲ့ပိုက်ဆံတွေကြောင့်ပါ .."

"အလကားရတာကျနေတာပဲ .."

ချော က မကြားတကြားလေးပြော၍ မျက်နှာကွယ်ပစ်၏။ ဒေါ်စိုးစိုး က လှည့်ကြည့်ကာ ..၊

"ငါ့သမီးရယ် .. အဲဒါ မြင့်မြတ်တဲ့မေတ္တာစကားပဲ ..၊ ဒါမျိုးက စိတ်ထဲမှာရှိမှပြောထွက်တာ၊ ရာရှ ကို အစက အန်တီလည်းတစ်မျိုးထင်ပြီး စိတ်တိုခဲ့တာပဲ .."

ပြောနေရင်း ရာရှ ဘက်ပြန်လှည့်သွားကာ ..၊

"ဒါပေမယ့် သားသမီးနဲ့ မိဘ စိတ်ချင်းဆက်သွယ်နေတာ အန်တီလေ၊ သူ့အမေ ဘာကြောင့်စိတ်အစွဲကပ်နေတယ်ဆိုတာ ရာရှ သိတယ်၊ ကောင်လေးနဲ့ တွဲပြီး ဝင်လာလိုက်တာနဲ့ တစ်ခါတည်း ကျေကျေနပ်နပ် အသက်ထွက် .."

www.burmeseclassic.com

www.burmeseclassic.com



"မေမေရယ် ဟိုမှာ ရာရာ ငိုနေပြန်ပြီ .. တော်ပါတော့ .."

"ဩော် .. အေး .. အေး .. ပြောရင်း အားပါသွားလို့ပါ .."

ရာရာ က မောင်မောင်ဦး ရင်ခွင်ထဲမှာ မျက်နှာလေးကပ်ထားပြီး ရှိုက်ငိုနေ၏။

"တိတ်ပါ ညီမလေးရာ .. ကိုကြီး သိပ်မကြာဘူးပြန်လာမှာပါ.."

"ဟုတ်တယ် ရာရာ .. မကြင် သေသွားပေမယ့် သိပ်လည်းအားငယ်မနေပါနဲ့၊ ညည်းအစ်ကို ခရီးထွက်တဲ့အခါ ငါတို့နဲ့ လာနေလို့ရတယ်၊ ဆွေမျိုးဆိုတာကတော့ နီးတကျက်ကျက် ဝေးတသက်သက်ပေါ့အေ..၊ မတည့်တဲ့အခါရှိသလို တည့်တဲ့အခါလည်းရှိမှာပဲ .. ပြန်ခေါ်လိုက် ရန်ဖြစ်လိုက်ပေါ့ .."

"အံမယ် .. ရာရာ သမီးတို့နဲ့ လာနေလို့ကတော့ ရန်မဖြစ်ပေါင်.."

"အဟမ်း .. အဟမ်း .."

ဟင်!...၊

ကိုယ့်အုပ်စုနဲ့ကိုယ် စကားကောင်းနေကြတုန်း ဧည့်သည်တွေ အိမ်တံခါးဝထိ ရောက်လာတာကို မသိလိုက်ပေ ...။ တံခါးဝမှာ ဒေါ်ပြာညိုရောင်နဲ့ ဦးကျော်ထင် ...၊

"ဟယ် .. အန်တီတို့ .. ကြွပါရှင့် .."

ချော က လူငယ်ပီပီ ဖင်ပေါ့သည်။ ဖျတ်ခနဲထသွားကာ မျာမျာသလဲကြို၏။ ရာရာ မျက်တောင်ဖျားလေးတွေစင်းကြည့်လိုက်ပေမယ့် လူတွေကိုမြင်လိုက်ရလျှင် ရင်ထဲမှာ ဒိန်းခနဲတုန်ခါသွား၏။

ကိုကြီး ရှိနေတုန်း ဘာတွေလာပြောကြတာလဲ ...၊

အန်တီမြ တို့အားလုံးရှင်းပြလိုက်ပြီးပြီဆိုတာ မကျေနပ်သေးလို့လား ...၊

"ကိုကြီး .."

ရာရာ့ လက်ဖျားလေးတွေ ချက်ချင်းအေးစက်လာတာကို မောင်မောင်ဦး က သတိထားမိသွားကာ စိုးရိမ်စိတ်နှင့် ငုံ့ကြည့်၏။ ပြီးတော့ နဖူးလေး



တစ်ချက်သပ်ကာ ...၊

"ဘာမှမဖြစ်ဘူး .. ကိုကြီး ရှင်းပေးမယ် .."

ကိုကြီး ရာရာ့ ကြောင့် သိက္ခာကျ အရှက်ရမှာကိုပဲ သူမ ကြောက်တာပါ။

မောင်မောင်ဦး က မလွှတ်တမ်းဆွဲထားသည့် ရာရာ့ လက်လေးကို အသာလေးဖြုတ်ချခဲ့ပြီး ...၊

"ထိုင်ပါ အန်ကယ်လ် .. အန်ကယ်လ် တို့က ပြာသို့ ရဲ့ .."

"ဟုတ်ပါတယ် .. အန်ကယ်လ်က ဦးကျော်ထင်၊ မေကတော့ ပြာသို့ အမေ ဒေါ်ပြာညိုရောင် .."

"ဟုတ်ကဲ့ .. ကိစ္စအထူးရှိရင် ပွင့်ပွင့်လင်းလင်းပြောပါ၊ ကျွန်တော်က ညီမလေး ကြင်ရာတော် ရဲ့အစ်ကို မောင်မောင်ဦးပါ၊ အလုပ်နဲ့ နယ်ခဏထွက်နေရလို့ ညီမလေးနားမှာ အမြဲမရှိနိုင်ခဲ့ဘူး၊ အဲ့ဒါကြောင့် တစ်ချို့ဆို ကျွန်တော့်ကို သိပ်မသိကြဘူး .."

"အန်တီတို့ကတော့ မကြာခင်ကပဲ သိခဲ့ပြီးပါပြီ၊ ဒီမှာလည်း နားရေးကိစ္စတွေ ပြီးကာစဆိုတော့ ကိုယ်စိတ်နှလုံးတော့ ကြည်ကြည်သာသာ ရှိကြမှာမဟုတ်ဘူးပေါ့နော် ...၊ ဒါပေမယ့် အန်တီတို့ကလည်း ဒီအချိန်မှာ ပြောသင့်တဲ့စကားလို့ ထင်တာနဲ့လေ .."

"အန်တီ .."

ရာရာ က ထိတ်လန့်စိုးရွံ့နေသော မျက်နှာလေးနှင့် မောင်မောင်ဦး အားက ကြိမ်ကုလားထိုင်မှာ ဝင်ထိုင်လိုက်ကာ ...၊

"အဲ့ဒီနေ့ကကိစ္စတွေကို ရာရာ ပြန်ရှင်းပြပါမယ်၊ ကိုကြီးက အမေ ဆုံးပြီးမှ ရောက်တာ အသက်တောင်မမီလိုက်ပါဘူး၊ ကိုကြီးက ဘာမှ မသိပါဘူး၊ ရာရာ အမေ့အတွက် အရဲစွန့်ပြီး .."

"နေဦး သမီး .. အန်တီတို့က သမီးပြောပြနေတာတွေကို နောက်တစ်ခေါက်ပြန်နားထောင်ဖို့ လာတာမဟုတ်ဘူး .."

"ဟုတ်တယ် .. ဒီက အစ်မကြီးတွေ အန်ကယ်လ်တို့ကို ပြောပြ

www.burmeseclassic.com

www.burmeseclassic.com



ပြီးပြီ၊ ပြီးတော့ ဒီပတ်ဝန်းကျင်က စကားသံတွေကိုလည်း တီးခေါက်မိပါတယ်၊ အန်ကယ်လ်တို့လာတာ စေ့စပ်ပွဲနေ့က ကိစ္စတွေနဲ့မဆိုင်ဘူး .."

ဟင် ..၊

အားလုံး စိတ်ဝင်စားသွားကြ၏။ ရာရာ ကတော့ နောက်ထပ်ဘာအကြောင်းလဲဆိုသည့်ပေါ်မှာ စိုးရိမ်စိတ်တို့နှင့် ရင်ခုန်နေဆဲပင်..၊

ဒေါ်ပြာညိုရောင် ကလည်း ရာရာ့ မျက်နှာလေးကိုပဲ စူးစိုက်ကြည့်နေလျက် ..၊

"အန်တီတို့က သမီးကို အမွေစားအမွေခံသမီးအဖြစ် မွေးစားချင်လို့ .."

"ရှင် .."

"ဗျာ .. ဘယ်လို .."

ဒေါ်ပြာညိုရောင် က ပြုံးလိုက်၏။ ဒီမောင်နှမအကြောင်းကို သူမတို့သိခဲ့ပြီးသည့်နောက် မိခင်အတွက် ကြိုးစားရုန်းကန်ခဲ့ရှာတဲ့ ကြင်ရာတော် ဆိုသူလေးကို ရင်ထဲမှာ နှစ်နှစ်ကာကာ လေးစားသွားမိသည်၊

မိခင်အတွက်ပေမယ့် ဒီလိုနည်းနဲ့ငွေရှာတာက သတ္တိကြောင်တာလို့ ပြောစရာရှိသည်။ သို့သော် မိဘကျေးဇူးသိတတ်ခြင်းအတွက် သူမတို့မောင်နှမအားလုံးကတော့ အမှတ်ပြည့်ပေးခဲ့ပြီဖြစ်သည်။

ထိုပြင် သူမတို့ ဒီအိမ်တံခါးနားကိုရောက်လာတော့ အထဲက စကားသံတွေကိုကြားကာ ခြေလှမ်းတုံ့သွားခဲ့ကြသည်။ နာရေးပြီးကာစ သူမျှားမိသားစုတွေ ကိုယ်ရေးကိုယ်တာတိုင်ပင်ပြောဆိုနေကြတုန်း ဝင်သွားလို့ကောင်းပါ့မလားလို့ စိတ်ထင့်သွားတာဖြစ်၏။

ဒါကြောင့် ရာရာ့ စိတ်ဓာတ်နူးညံ့တာလေးကို သေချာထပ်ကြားခဲ့ရ၏။ ဒီလိုမိန်းကလေးမျိုးက တစ်ပါးသော သူတစ်ထူး၏ ကျေးဇူးတရားကိုလည်း ဘယ်တော့မှ ကျေးစွပ်မှာမဟုတ် ..၊

ယုံကြည်မှုတွေ ပိုမိုခိုင်မာလာရကာ ခုလိုဝင်ရောက်လာခဲ့တာဖြစ်



လျက် ..၊

"ငါတို့က အလုပ်နဲ့ အိမ်ထောင်နဲ့ အဝေးမှာမို့လား ..၊ ဒီမှာလည်း အရင်းအချာမရှိကြတော့ သမီးအတွက် အားလုံးစိတ်မအေးရဘူးလေ၊ အန်တီ့မှာလည်း သားလေးတစ်ယောက်ပဲရှိတာ၊ သားကလည်း သူ့ သူငယ်ချင်းကို ဘယ်လောက်ထိ ကူညီချင်ခဲ့သလဲ အားလုံးသိတဲ့အတိုင်းပဲလေ.."

ချော မျက်နှာမှာ ဝမ်းသာအားရကြီးတရိပ်ရိပ်တက်လာကာ ရာရာ့ကို လှမ်းကြည့်ပြီးရယ်ပြဖို့ပေမယ့် ရာရာ က ပြုံးကြောင်ငေးငိုင်နေဆဲ..၊

"သမီးကို အပိုင်မွေးစားမယ်၊ သူ သင်ယူချင်သမျှ ပညာတွေအားလုံး သင်ပေးမယ်၊ သားနဲ့ တန်းတူအခွင့်အရေးရစေရမယ်၊ ငါတို့လည်း အိမ်ကို အချိန်မရွေးဝင်ထွက်လို့ရပါတယ် .."

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၃)

"နင်ကလည်း ရာရာ ရယ် .. တောင်းပန်မှ ပြောင်းဆန်နေတယ် ဆိုတာလိုပဲ .."

"ငါ ခံစားနေရတာ ငါပဲသိတယ် ချော၊ ဘယ်သူမဆို ဒီအခွင့်အရေးမျိုးကို လက်လွှတ်ခံမှာမဟုတ်ပေမယ့် ငါ မလိုချင်ဘူး .."

ရာရာ့ မျက်နှာလေးကို နားမလည်စွာကြည့်ရင်း နားလည်ပေးရတော့မှာဖြစ်သည့်သက်ပြင်း ခိုးချမိ၏။ ဘေးလူအနေနဲ့ မချင့်မရဲဖြစ်ရရုံအပြင် ဘာမှတတ်နိုင်တဲ့ကိစ္စလည်းမဟုတ် ..၊

"ကိုကြီးမောင် ခမျာလည်း နားလည်ပေးရှာတယ်နော် .. နင် စိတ်ချမ်းသာရင်ပြီးတာပဲတဲ့၊ အန်တီမြ တို့က နင့်ကိုဝိုင်းပြီးနားချပေးဖို့ပြောသေးတယ်၊ ဒါပေမယ့် နင် သူ့ကိုတစ်မျိုးထင်သွားမှာ တော်တော် စိုးရိမ်နေတာ .."

"နင်သွားစရာရှိတာ သွားလေ .. ငါ ဒီမှာနေခဲ့မယ် .."

"နေခဲ့ပြီး ဘယ်ဆက်သွားဦးမှာလဲ .. တစ်ယောက်တည်း .."

ရာရာ က ခုံတန်းလေးရဲ့ ကျောမှီမှာ မှီလိုက်ပြီးမှ ရေပြင်ဘက်ကို



လှည့်၍ခေါင်းခါသည်။

"ဘယ်မှမသွားဘူး .. ငါ ဒီနေရာလေးကို လိုချင်လို့ တမင်အဆောကြီးလိုက်လာတာ .."

ကန်တော်ကြီးဥယျာဉ်ရဲ့ တစ်နေကုန်အရိပ်ကျနေတတ်သည့် ခုံတန်းလေး ..။

ဒီနေရာမှာ မနက်စောစောပဲ နေရောင်ခဏလေးကျသည်။ နေပူရင်လာတာနှင့် အရိပ်ကျသွားတာ တစ်နေကုန် ..၊

"ရာရာ .."

"ဟင် .."

"နေရာတကာ သူ့အတွဲတွေနဲ့သူ ပြီးနေတာမဟုတ်ဘူးနော် .. ဗရုတ်သုတ်ခတွေလည်း လာကြတာပဲ ..၊ နင် ဒီမှာ တစ်ယောက်တည်းထိုင်နေရင် .."

"ငါ စိတ်ညစ်တိုင်း ဒီမှာ လာထိုင်နေကျ၊ ပြီးတော့ .. ရေပြင်ကိုကြည့်ပြီး ငိုလည်းငိုဖူးတယ် .."

"ဖြစ်ရလေ .."

"စနောက်သွားကြတာရှိပေမယ့် ကိုယ်က ဂရုမစိုက်ရင် ဘာမှမဖြစ်ဘူး၊ ဖတ်စရာစာအုပ်လည်းပါတယ် .."

"နင်က စာအုပ်ဖတ်ဖို့လာတာလား .."

"ဒီလိုပဲ လူရှိန်အောင်လို့ ဟိုလှန်ဒီလှန်လုပ်ပြလိုက်တာပေါ့၊ အနားမှာ လူသူကင်းရှင်းသွားတာနဲ့ ဗိတ်ထားလိုက်ပြီး ငေးချင်တာငေး တွေးချင်တာတွေးလို့ရတယ် .."

ဘာမှမတတ်နိုင်တော့ဘဲ ချော ခေါင်းညိတ်လိုက်ရသည်။ သို့သော် သူမဘက်ကိုကျကျလှည့်ထိုင်လိုက်ပြီး မျက်နှာကိုသေချာကြည့်၍ ..

"တစ်ခုတော့ ငါ့စိတ်ထဲရှင်းသွားအောင် ဖြေစမ်းပါ ရာရာ ရဲ့ .. နင် ဒေါ်ပြာညိုရောင် တို့ မွေးစားဖို့ကမ်းလှမ်းတာကို ပယ်ချခဲ့လိုက်တဲ့ အကြောင်းရင်းတစ်ခုလောက် .."

www.burmeseclassic.com

www.burmeseclassic.com



"ငါက ကလေးလေးမှမဟုတ်တာ၊ မိဘမဲ့ဂေဟာမှာ နေနေတာလည်းမဟုတ်ဘူး .."

"နင့်မှာ အဲ့ဒီလိုမာနမျိုးမထားပါဘူး .. ငါသိတယ်၊ ပြီးတော့ နင်တို့မောင်နှမအတွက် အဆင်ပြေပြေနေနိုင်ဖို့က တာကယ်ခဲယဉ်းနေတာလည်း နင် နားလည်နေတယ်၊ နင့်ကြောင့် ကိုကြီးမောင် အနေခက်၊ အသွားခက်ဖြစ်နေတာတွေအားလုံးက ဒါကို လက်ခံလိုက်ရင် အဆင်ပြေသွားနိုင်တာပဲ၊ ငါတို့ကတော့ နင် ကောင်းစားသွားမှာကို ကျေနပ်နေကြတာ၊ အမွေစား အမွေခံဆိုတာက .."

"ဟုတ်တယ် .. ငါ မချမ်းသာချင်ဘူး၊ ငါ့ဘဝကို ငါ ပြည့်စုံချင်တာက အဲ့ဒီလိုတစ်စုံတစ်ယောက်က ကယ်တင်လိုက်တာကြောင့် ဟုန်းခနဲပြောင်းလဲသွားတာမျိုးမဟုတ်ဘူး၊ နောက်ပြီး သူတို့ကအရမ်းချမ်းသာတာ .."

"အရမ်းချမ်းသာတော့ နင့် အများကြီးရတာပေါ့ .."

ရာရာ က ချော မျက်နှာကို နားလည်ရခက်သည့်မျက်ဝန်းတို့နှင့် ငေးကြည့်နေ၏။ ပြီးတော့ ခေါင်းခါသည်။

"သူတို့ကို လေးစားပေမယ့် သူတို့ပေးမယ်ဆိုတာတွေကို ငါမယုံကြည်ဘူး ချော .."

"ဟင် .. ဘာကိုမယုံတာလဲ.."

"ငါ့ဘဝ အဲ့ဒီလောက်ထိ ချမ်းသာပြီးပြောင်းလဲသွားတော့မယ်ဆိုတာ နင်တို့ကဝမ်းသာနေပေမယ့် ငါ့ကိုယ်ငါ မယုံဘူး၊ ပြီးတော့ .."

"ပြီးတော့ ဘာဖြစ်လဲ .."

"ချမ်းသာပြည့်စုံတဲ့ မိန်းကလေးနဲ့ စေ့စပ်ခဲ့တဲ့ယောကျ်ား .."

"နင်ကလည်း အဲဒါက ပျက်သွားပြီလေ .."

"နောက်ထပ်လည်း ရွေးချယ်ခံချင်ကြတဲ့ သမီးရှင်တွေ မိန်းမလှတွေ ပြာသို့ ဆားမှာ ဝိုင်းနေတာပဲ ..၊ စေ့စပ်ပွဲမှာ ပြာသို နဲ့ ငါ့ကို လူတွေ ဟိုလိုဒီလို ထင်သွားကြတဲ့အတွက် ငါ့ကို မွေးစားလိုက်ခြင်းအားဖြင့်



အများကတော့ သူ့သားနဲ့ သဘောတူလို့ ဒီလိုစီစဉ်တာပဲထင်ကြမှာ.."

"ဖြစ်နိုင်တာပဲ ရာရာ .. ပြာသို က နင့်ကိုသံယောဇဉ်ရှိနေတာလေ .. အနေနီးသွားရင် .."

"သူတို့ ဒါကို သိမှာပေါ့ ချော ရယ် .. ဒါကြောင့် ငါ့ကို အမွေစားအမွေခံမွေးဖို့ ကြိုးစားကြတာပါ .."

"ဘယ်လို .. နင်ပြောတာကို ငါ နားမလည်ဘူး .."

"ငါ နားလည်တာတော့ အဲ့ဒီအတိုင်းပဲ .."

"အေးပါ .. ငါ နားလည်အောင်ပြောပြစမ်းပါ .. ဘာတွေလဲ .."

"သမီးအဖြစ် မွေးစားလိုက်တာနဲ့ မိဘတို့ဝတ္တရားရှိသည်နှင့်အညီ သူတို့ ငါ့ကို တစ်ယောက်ယောက်နဲ့ လက်ထပ်ပေးကြတော့မှာ .."

"ဟင် .."

ဒီလိုထိဖြစ်နိုင်လို့လား ..၊ ဖြစ်နိုင်တာကို သိလိုက်တော့ ရာရာ တွေးယူလိုက်တာကို တအံ့တဩဖြစ်သွားမိ၏။ ဒါက ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ဖြစ်လာနိုင်မလားလို့တောင် သူမတို့ မတွေးမိခဲ့တဲ့ ကိစ္စ ..။

"သူတို့နဲ့ အနီးဆုံးမှာ ရှိနေမှ ပြာသို နဲ့ အဝေးဆုံးရောက်အောင် ငါ့ကို စီရင်ပေးလို့ရမှာကိုး .."

"ရာရာ ရယ် .. အဲဒါ ဟုတ်တော့ဟုတ်ပါတယ်၊ နင် အများကြီး တွေးနေတာများ ဖြစ်နေမလားဟယ် .."

သေချာကြည့်တော့မှ ရာရာ့ မျက်ဝန်းမှ မျက်ရည်တွေ စို့သီနေတာကိုမြင်လိုက်ရ၏။ နေ့နေ့ညည မျက်ရည်တို့က ခြောက်သွေ့သည် ရှိကြပေမယ့် သူမ မျက်နှာလေးကတော့ ဖြူဖျော့ချောင်ကျနေပြီဖြစ်၏။

မျက်တောင်ဖျားလေးတွေ ကော့ညွှတ်လျက် မျက်ရည်တွေပြည့်သိပ်လာတိုင်း မျက်တောင်မခတ်ဘဲ တုန်ယင်လှုပ်ခတ်နေတာလေးကို ရာရာ မျက်နှာလေးမှာပဲ မြင်ရတတ်လေသည်။

သူမလေး ငိုတော့မယ်ဆို မျက်ခမ်းစပ်လေးတွေအရင်သုံး ရဲတတ်

www.burmeseclassic.com

www.burmeseclassic.com



လာကြကာ မျက်ရည်မကျသေးဘဲ နှုတ်ခမ်းထောင့်လေးတွေ မဲ့ကျသွားတတ်၏။

ကလေးဘဝတုန်းက ဘယ်လောက်ထိ အငိုသန်ပြီး ကလေးလေးတွေငိုတတ်တဲ့ပုံအတိုင်း ဒီအရွယ်ထိ ငိုနေတာလဲတော့မသိ ...။

သူမ မျက်နှာလေးငိုဖို့ ပတ်ပျိုးနေပြီဆို ကြည့်နေရတဲ့လူက တကယ်ကို နေမထိထိုင်မသာ ...၊

"ဒီလောက်ထိ သောကများခဲ့ရတာကို ထပ်မငိုပါနဲ့တော့ဟာ ...၊ နင် စိုးရိမ်တာလည်း ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် .."

"ဖြစ်နိုင်ချေက 'နှစ်' ရာခိုင်နှုန်းလောက်ပဲရှိနေရင်လည်း ငါမစွန့်စားဘူး ချော .. ပြာသို့ နောက်ကို ငါတကောက်ကောက်လိုက်နေတယ်ဆိုတဲ့အဖြစ်နဲ့ ငါ ရပ်တည်ခဲ့ရပြီးပြီ၊ သူ့မိဘတွေလည်း ဒီလိုထင်ပြီး ငါ့ကို သိမ်းထုပ်လွှင့်ပစ်ဖို့ကြိုးစားလာရင် ငါ ရှက်လို့သေသွားနိုင်တယ်.."

ချော က ခေါင်းညိတ်နေ၏။ ပြီးတော့ ရာရာ့ ပခုံးလေးကိုဖက်ထားလိုက်ကာ ...၊

"ဟုတ်တယ် .. နင် ရိုးသားတာကို ငါသိပါတယ်၊ အဲ့ဒီလို တကယ်ဖြစ်လာခဲ့ရင် စိန်ပုံရွှေပုံပေါ် ဆွဲတင်ပြီး လူကို ကတုံးတုံးပေးလိုက်တာနဲ့ အတူတူပဲပေါ့ .."

သူငယ်ချင်းနှစ်ယောက် တစ်ယောက်ကိုတစ်ယောက်ကြည့်၍ ခေါင်းတွေညိတ်ရင်း နာကျင်မှုကို မျှဝေခံစားနေမိ၏။

"ငါ့ကို နားလည်တယ်ဆိုရင် သူတို့နဲ့ပတ်သက်ပြီး နောက်ထပ်ဘာမှ မတိုက်တွန်းပါနဲ့တော့ .. အန်တီတို့ကိုလည်း .."

"အေးပါ .. စိတ်ချ ...၊ မေမေတို့ကတော့ နင့်ကို ကောင်းစားစေချင်တာပါ၊ ပြာသို နဲ့ နီးစပ်သွားရင်လည်း ကောင်းတာပဲလို့တောင် ပြောနေသေးတယ်၊ ဒါပေမယ့် ငါကတော့ နင် အဲဒါကိုလက်မခံဘူးဆိုရင် ကိုကြီးမောင် နဲ့ လိုက်သွားမှာသိနေလို့ မလိုက်စေချင်တာ .."

"ငါ လိုက်သွားရင်လည်း ဟိုမှာ အမြဲမနေပါဘူး၊ လောလောဆယ်



ငါ ကျန်ခဲ့ရင် ကိုကြီး စိတ်ပူနေမှာစိုးလို့၊ ငါလည်း အန်တီမြ တို့နဲ့ လိုက်မနေချင်ဘူးလေ၊ နင်တို့အိမ်ကျတော့လည်း လူတွေများတယ်၊ ပြီးတော့ နောက်တစ်ခုက အမေနဲ့ နှစ်ယောက်တည်းနေလာခဲ့တဲ့ အိမ်ထဲမှာ အမေ မရှိဘဲနဲ့ ငါ ဘယ်လိုလုပ်နေရမလဲ .."

"သိတယ် .. ဟုတ်ပါတယ်၊ မငိုပါနဲ့တော့ဟယ် .. ကောင်းပါတယ်၊ ခရီးသွားလိုက်တော့ စိတ်ပြေလက်ပျောက်ဖြစ်တာပေါ့၊ ဟိုမှာ ယောက်မချောလေးလည်းရှိနေတာပဲ၊ တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးခွင့်ရတာပေါ့ .."

"အင်း .. ဒါဆို နင်သွားတော့လေ၊ မလတ် တို့နဲ့ ချိန်းထားတာ နောက်ကျနေဦးမယ် .."

"အေး .. ဒါပေမယ့် နင် တစ်နေကုန်ကြီး ဒီမှာ ဖြစ်ပါ့မလား.."

"ဖြစ်ပါတယ်ဆိုမှ .."

အဖြူရောင် အမွှေးပွအိတ်လေးထဲမှာ စာအုပ်တွေထည့်လာတာကို ပုတ်ပြရင်း သွားတော့ဖို့ လက်ကာပြ၏။

တကယ်တော့ တစ်ယောက်တည်းနေရဖို့သာ စိတ်ကစောင့်တနေမိတာဖြစ်သည်။

ခုချိန်မှာ သံယောဇဉ်တွေ .. တွယ်တာတာတွေထက် ဆုံးရှုံးရခြင်းတွေကသာ ရင်ထဲကို ပြင်းထန်စွာ နှိပ်စက်နေခဲ့တာဖြစ်သည်။

ထို့ကြောင့် တိတ်ဆိတ်တဲ့နေရာတစ်ခုမှာ တစ်ယောက်တည်းနေချင်သည်။ ဒါမှမဟုတ် ကိုယ်သိခဲ့မြင်ခဲ့ပြီးသော အရာရာနှင့် အဝေးဆုံးမှာ မေ့မေ့ပျောက်ပျောက်သွားနေချင်၏။

ကိုကြီးနဲ့လိုက်သွားဖို့ပေမယ့် ကိုကြီးကလည်း ဧကေ တို့ အမှုကိစ္စတွေနှင့် ချက်ချင်းကြီး ထပြန်လို့ကမရသေး ...။

"တီ .."

ရုတ်တရက် ကျောနောက်က ကပ်မြည်လိုက်သည့် ကားဟွန်းကြောင့် လန့်သွားမိသည်။ ဒါပေမယ့် ကားတွေဒီလိုပဲ ကန့်လန့်တွေ

www.burmeseclassic.com

www.burmeseclassic.com



ထိုးကပ်ရပ်နေကျမို့ လှည့်မကြည့်ဘဲနေလိုက်၏။

ထိုစဉ် ကားတံခါးပိတ်သံတွေနဲ့ သူမဘေးကို လူရိပ်တွေကျလာကာ ...၊

"ရာရာ .."

စိုးထက် က ရာရာ လုံးဝလှည့်မကြည့်သဖြင့် ကန့်စပ်ထိဆင်းကာ ရာရာ ကို မျက်နှာချင်းဆိုင်ကြည့်၍ ...၊

"နှင် တော်တော်ကို နေနိုင်တာပဲ ရာရာ .."

"ကိုစိုးထက် .."

"ဟုတ်တယ် .. ငါလည်းပါတယ် .."

"ဟင် ..'

ရာရာ လှည့်ကြည့်လိုက်တော့ တည်ကြည် ကလည်း မျက်နှာက ခပ်တည်တည် ...။ နောက်မှာ ဘယ်သူမှပါမလာတော့မှ ရာရာ သူတို့ကို မော့ကြည့်မိကာ ...၊

"ဘာဖြစ်လို့လဲဟင် .. ဘာကိုနေနိုင်တယ်လို့ပြောတာလဲ .."

"အန်တီတို့ လာပြောတဲ့ကိစ္စကို နှင် လက်မခံခဲ့တာ ငါတို့ဘာမှ မပြောပါဘူး၊ ဒါပေမယ့် ပြာသို ဖုန်းဆက်တာကိုတော့ နှင် ကိုင်သင့်တယ် .."

"ရာရာ ကိုင်ပါတယ် .."

"မဟုတ်ဘူး .. နှင် ဖျက်ချလိုက်တာ .."

"ဖျက်ချတာမဟုတ်ပါဘူး၊ လိုင်းပြတ်ကျသွားတာပါ၊ ပြီးတော့.. ရာရာ့ ဟန်းဆက်က သိပ်မကောင်းဘူး ...၊ အဲဒီနေ့က ဖုန်းထဲမှာ ပိုက်ဆံလည်းမရှိတော့လို့ ရာရာ ပြန်မခေါ်တာပါ .."

"ပြန်ခေါ်ချင်တဲ့စိတ်ရော တကယ်ရှိလို့လား ရာရာ .. ငါတို့ မျက်နှာကိုကြည့်ပြီး ဖြေကြည့်ပါဦး .."

ခနဲ့သလို ရွဲ့သလိုပြောနေပေမယ့် စိုးထက် မျက်နှာက တကယ့်ဒေါသတွေကို ရာရာ မြင်နေရ၏။ နှစ်ယောက်စလုံး ဘာကြောင့် ဒီလို



စိတ်တွေတိုနေကြသလဲဆိုတာ သူမ မသိပေမယ့် ...၊

"ရာရာ ညာနေတာမဟုတ်ပါဘူး .. ဖုန်းပြန်မခေါ်တာက .."

"အဲဒါကို ပြာသို ကပဲ သိချင်လိမ့်မယ်၊ ငါတို့သိချင်ရင်လည်း မေးဖို့မသင့်တဲ့ မေးခွန်းမျိုးမို့လို့ ထားလိုက်တော့ ... ပြာသို့ ကို အဆက်အသွယ်မလုပ်ချင်တဲ့အထိ ဖြစ်သွားတာက ဘာကြောင့်လဲ .."

"ဟုတ်တယ် .. အဲ့ဒါကို ငါတို့နားမလည်နိုင်ဘူး၊ အန်တီတို့က နှင့်ဆီလာပြီး ပြာသို နဲ့ ကင်းကင်းနေပေးပါလို့ ပြောသွားတာတော့ မဟုတ်လောက်ဘူးမို့လား .."

ရာရာ ခေါင်းပဲခါပြမိသည်။

"နှင့်ကို သမီးအဖြစ် အမွေစားအမွေခံ မွေးစားဖို့ သွားပြောတယ်ဆိုတာ ငါတို့သိတယ်၊ အဲ့ဒီမှာ ဘယ်လိုမဖွယ်ရာမှုတွေပါသွားလို့လဲ.."

"ကျွတ် .."

သူတို့ချည်းပဲ လှည့်ပတ်မေးနေရင်း စိုးထက် စိတ်မရှည်ဖြစ်လာပြီး ရှုတ်သပ်မိ၏။

"နှင်လုပ်ပုံက ပြာသို ဘာကောင်ဖြစ်သွားလဲ နှင်သိလား .."

"ရာရာ နဲ့ ကင်းကင်းနေလေ ကောင်းလေပဲလို့ထင်တာ .."

"ဘာဟ .."

"ဟား .. သွားပြီ .."

"ရာရာ အဲ့လိုတွေဖြစ်အောင်လုပ်တာမဟုတ်ဘူး ကိုစိုးထက် ...၊ ဘာသိပါ .. ကိုယ့်ဘာသာတော်ရာမှာပဲနေချင်တာ၊ နောက်ထပ် လူတွေ အထိအခိုက်မခံစေရ၊ ပြောစရာဆိုစရာတွေ ဘာမှမလုပ်ချင်တော့ဘူး၊ ရှင်းပြ ချင်တော့ဘူး၊ ရာရာ့ ကြောင့် ပြာသို လည်း .."

"အင်း .. ပြောပါဦး၊ နှင့်ကြောင့် ပြာသို ဘာဖြစ်သွားလဲ .."

"စေ့စပ်ပွဲပျက်သွားတယ်၊ ရာရာ့ လို မိန်းကလေးတစ်ယောက်နဲ့ ထိခိုက်ခဲ့တာတွေခံခဲ့ရတယ် .."

"အဲ့ဒါကြောင့် နှင်က အစ ကိုမောင်မောင်ဦး နဲ့ လိုက်သွားတော့

www.burmeseclassic.com

www.burmeseclassic.com



ဖို့ ဆုံးဖြတ်လိုက်တာပေါ့ ..."

ဟင် ...၊

အဲဒါတွေ သူတို့ဘယ်လိုလုပ် သိသွားကြတာလဲ ...၊

ရာရာ အံ့ဩသွားသည့်မျက်နှာကို သူတို့က ကြည့်ပြီး ခေါင်းညိတ်ကာ ...၊

"အေးပေါ့ .. ကိုယ်ထင်တာ ကိုယ်လုပ်ရရင် စိတ်ချမ်းသာတာပဲ၊ အခု ပြာသို နဲ့ သူ့အိမ်နဲ့ ကွိုင်တက်နေတာ နင်သိလား .."

"ဟင် .."

"နင် ဆုံးဖြတ်လိုက်တာကြောင့် မိသားစုချင်း ဘာလိုလိုတွေဖြစ်ကုန်တာလေ၊ လူကြီးတွေ လာပြောကြတာအကောင်း၊ နင်က ဟင့်အင်းငြင်းလိုက်တာလည်း ပြဿနာမရှိဘူး၊ ဟိုကောင်က ရက်ပြီး အခန်းအောင်းနေတော့ ကွိုင်တွေတက်ကုန်ရော .."

"တော်တော့ စိုးထက် .. ဟိုကောင် လာနေပြီ .. သူတို့ဘာသာပြောလိမ့်မယ် .."

ရာရာ က တည်ကြည် ကပ်ပြောလိုက်တာကိုသိပေမယ့် ဘာပြောတာကို မကြားလိုက်ပေ ...။

ကယ်တော့ ချော ဒီကထွက်သွားချိန်မှာပဲ မနက်ပိုင်း ကန်ပတ်လမ်းအတိုင်းပြေးပြီး စားသောက်နားနေကြသော စိုးထက် တို့နဲ့ ဆုံမိခဲ့ခြင်းဖြစ်၏။

ရာရာ ဒီမှာရှိနေသည်ဆိုတာ သိလိုက်ကာမှ ပြာသို့ ကို သူတို့ဖုန်းဆက်ထားလိုက်ပြီး ဒီကိုလာခဲ့ကြတာဖြစ်သည်။ ပြာသို့ ကားရောက်လာတာရော အနားရောက်လာတာကိုရော ရာရာ ဘာမှမသိ ...၊

"ကိုစိုးထက် .. အခု သူတို့အိမ်မှာ ဘာတွေဖြစ်နေလို့လဲဟင် .."

စိုးထက် က ကြည့်ပဲကြည့်နေပြီး ဘာမှမဖြေ ...၊

ပြီးတော့ လှည့်ထွက်သွား၏။ တည်ကြည် ပါ လိုက်သွားကာမှ ရာရာ နားမလည်နိုင်ဘဲ လိုက်ကြည့်မိလျှင် ...၊



"ပြာသို .."

"အိမ်မှာ ဘာဖြစ်နေလဲ သိချင်တယ် .. ဟုတ်လား .."

ပြာသို က နက်ပြာရောင်ခေါင်းစွပ်ဆွယ်တာပွပွနှင့် ဘောင်းဘီရှည်အနက်ကို ဝတ်ထားကာ မျက်နှာပြင်က ခါတိုင်းလိုဖြူဝင်းနေတာမဟုတ်ဘဲ ပန်းနုရောင်သီသာနေ၏။

သူကလည်း အဖြူရောင်ကော်လံအထောင်လေးနဲ့ တီရှပ်လက်ပြတ်ကို ဆင်ဖွယ်ရောင်သရီးကွာတားလေးနဲ့ ဝတ်ထားသည့် ရာရာ ကို ငုံမိုးကြည့်နေခဲ့၏။

ဟိုတွေ့ ဇ့ော့နှန်းက ဖရိုဖရဲဆန်ဆန် ဆံပင်အုပ်အုပ်လေးက ကော်ဖီရောင်ရင့်ရင့် ပျော့ပျော့စင်းစင်းလေးဖြစ်သွားတည်းက ဖွေးနုနေသည့် သူမ မျက်နှာလေးမှာ နုပိုရိုရင်းစွဲအလှတရားတို့က ထင်ရှားလာခဲ့၏။

ဂါဝန်ရှည်လေးတွေ ဝတ်ထားတိုင်း၊ ဘောင်းဘီရှည်ပွပွ တီရှပ်လက်ပြတ်ခါးပွလေးတွေ တွဲဝတ်ထားတာမြင်ရတိုင်း သူမရဲ့ နုငယ်သောချစ်စဖွယ်အမူအရာလေးတွေက ရင်မှာထင်ကျန်ရစ်၏။

တစ်ယောက်ကိုတစ်ယောက် စူးစိုက်ငေးကြည့်နေမိပြီးမှ ရာရာ ဖျတ်ခနဲမျက်နှာလွှဲပစ်၏။ ပြီးတော့ ကမန်းကတန်းထရပ်လိုက်သဖြင့် ပေါင်ပေါ်ကနေ ပြုတ်ကျကုန်သည့် အိတ်နဲ့ဖုန်းကို ဖရိုဖရဲလိုက်ကောက်ရင်း ...၊

"ထိုင်လေ ပြာသို .. ထိုင် .."

အလုပ်ရှုပ်နေရင်း မော့ကြည့်ဖို့ ကြိုးစားပေမယ့် မျက်နှာဆီအကြည့်မရောက်ဘဲ တစ်ယောက်တည်းအလုပ်ရှုပ်နေ၏။ ပြီးတော့မှ မတ်တတ်ဘောင်းကောင်းရပ်နိုင်ခြင်းသို့ရောက်ကာ ...၊

"ပြာသို ထိုင်လေ .."

"နေပါစေတော့ .."

ပြာသို့ မျက်နှာပေါ်က ခပ်ချဉ်ချဉ်မဲ့ပြုံးကိုပဲ သူမက နားမလည်

"မင်းမာနတွေကို မေမေတို့အားလုံး သိသွားပါပြီ၊ အဲဒါ အားမရ

www.burmeseclassic.com



သေးဘူးလား ..."

"ဟင် .. ဘာဖြစ်လို့လဲ .."

"မင်း ငါ့ကို မဆက်ဆံချင်လောက်အောင် .."

"အဲဒါ မဟုတ်ပါဘူး ပြာသို ရယ် .. ရာရာ တကယ်ပြောတာပါ၊ ကိုယ့်ဘက်က ဆင်ခြင်သင့်တာကို ဆင်ခြင်လိုက်တယ်၊ ဒါကြောင့် ဘာမှ ဖြစ်ကြဖို့မရှိဘူးလို့လည်း ထင်ခဲ့တာ၊ အခု ရာရာ က ဘယ်သူ့ကို စော်ကား သလိုဖြစ်သွားလို့လဲ .."

"ငါ့ရင်ဘတ်ကြီးကိုပဲ .."

"ဟင်!..."

"မင်းနဲ့ငါက မသိခဲ့ဘူးတဲ့ သူစိမ်းတွေလား .."

ရာရာ လွယ်အိတ်လေးကို ဒီတိုင်းပိုက်ထားရင်း ဘာမှမပြောနိုင်..။

"မင်း ငါ့ရှေ့ကိုရောက်ရောက်လာပြီး မင်းဒုက္ခနဲ့ မင်း ဘာတွေ ဖြစ်နေနေ ငါ့ဘက်က မဆိုင်သလိုနေခဲ့ဖူးသလား .."

"ပြာသို .."

"ဘာလဲ .. ပြောပြလိုက်မှ ကျေးဇူးတင်သင့်ပါလားဆိုပြီး အားနာ သွားတာလား .."

"ဟင့်အင်း .."

"တကယ် မထင်ခဲ့ဘူး ရာရာ .. မင်း သိပ်ကို မာနကြီးလွန်းတယ်.."

"ရာရာ မှာ မာနကြီးစရာဘာရှိလို့ မာနကြီးတယ်စွပ်စွဲနေတာလဲ၊ ပြာသို ပြောတာတွေကို ရာရာ ဘာမှမတွေးမိခဲ့ဘူး၊ ရာရာ့ ကို ကူညီခဲ့ တာတွေအတွက် ကျေးဇူးတင်ထိုက်တာတွေမှန်းသိတယ်၊ ဒါပေမယ့် အားလုံးက ရာရာ အနေအထိုင်မတတ်ခဲ့တဲ့ ဗရုတ်သုတ်ခတွေပဲ .."

"ဒါဆို အဲဒီ ဗရုတ်သုတ်ခတွေထဲ ဝင်ပါပြီး ဆရာကြီးလုပ်ခဲ့တာ ငါက အရူးပေါ့ .."

"ရာရာ တောင်းပန်ပါတယ် .. ရာရာ့ ကို မငေါ့ပါနဲ့ ပြာသို ရယ်.."

ငိုချင်လာတော့ ပါးပေါ်က ပါးကွက်လေးနှစ်ဖက်ကို သတိရလိုက်၏။



"နင်တစ်ယောက်တည်းနေတဲ့အချိန်တွေမှာ တစိမ့်စိမ့်တွေးပြီး မငို ပါဘူးလို့ ကတိပေး၊ ဟောဒီ ပါးကွက်တွေပေါ်မှာ မျက်ရည်ကြောင်းတွေ လို့ကတော့ ကတိဖျက်တဲ့ပုဒ်မနဲ့ ရှင် မလွယ်ဘူး ကြင်ရာတော် .."

သနပ်ခါးဘူးလေးဖွင့်၍ ချော က ကိုယ်တိုင်ပါးကွက်လေးကွက် ပေးပြီး သတိပေးထားခဲ့၏။

ဒါပေမယ့် သူမ ငိုချင်နေပြီဖြစ်၏။

"ရာရာ တွေးမိတာက မဆိုင်တဲ့လူတွေကို ရာရာ ဒုက္ခတွေအများ ကြီးပေးခဲ့တယ်၊ ခုကစပြီး အစစအရာရာ ဆင်ခြင်မယ်လို့ ဆုံးဖြတ်ခဲ့ တယ်၊ အဲ့ဒီအတွက် အားလုံးကျေနပ်သွားကြမယ်လို့ပဲ .."

"ကျေနပ်တယ် .. ဟွန်း .."

ပြာသို က သံယောင်လိုက်ရွတ်ပြီး မဲ့သည်။

"မေမေတို့က မင်းရဲ့ဘဝနဲ့ စိတ်ဓာတ်ကိုအများကြီးနားလည်သွား လို့၊ ပြီးတော့ ကိုယ့်ကိုလည်း သူတို့နားလည်သွားကြတယ်၊ အဲဒါကြောင့် မင်းကို အပိုင်မွေးစားဖို့ရည်ရွယ်ချက်တွေထားခဲ့တာ၊ ဒါတွေကိုလည်း မင်း ငြင်းလိုက်တဲ့အတွက် ကျေနပ်သွားကြတယ်ပဲ ထင်တယ်ပေါ့ .."

ရာရာ့ မျက်ဝန်းလေးတွေ အေးစက်စက်လေးဖြစ်သွားခဲ့၏။ ပြီး တော့ ပြာသို့ ကို ငေးကြည့်ကာ ..၊

"အဲဒါကိုရော ရာရာ က ငြင်းခွင့်မရှိဘူးလား .."

"ရှိပါတယ် .. အဲ့ဒီမှာ မင်းရဲ့ မာနတွေကို အားလုံးသိသွားကြတာ၊ ဒါပေမယ့် ဒီထဲမှာ မင်း ငါ့ကိုထည့်တွက်လိုက်တော့ တကယ်ခံရခက် တယ် .."

"မဟုတ်ဘူး .. ပြာသို့ ကို ဘာမှမဟုတ်ဘူး၊ ကျေးဇူးတင်ခဲ့တာ တွေရော၊ ပြာသို့ ကို ခင်မင်လေးစားခဲ့တာတွေရော အားလုံးက ချင် အတိုင်းပဲ ..၊ ရာရာ သူဌေးသမီးမဖြစ်ချင်တာကို အံ့ဩပါ၊ ဒါပေမယ့် မာနပြတာလို့တော့မထင်ပါနဲ့ .. ပြာသို့ ကို မဆက်သွယ်ချင်လို့လည်း မဟုတ်ဘူး .. အားလုံးက .. အားလုံးက ဘာမှမဟုတ်ဘူးဆိုတာ ယုံပါ

www.burmeseclassic.com

www.burmeseclassic.com



ပြာသို ရယ် ..''

''တောက် ..''

ပြာသို ရာရာ့ ရှေ့ကို ဖျတ်ခနဲကပ်လာကာ ပခုံးလေးနှစ်ဖက်ကို စိတ်လိုက်မာန်ပါ ဆုပ်ကိုင်ပစ်လိုက်သည်။

''ဘာမှမဟုတ်ဘူးဆိုတာ ဘာလဲ ..၊ ဒါကိုပဲ ဘာဖြစ်လို့ ထပ်ခါထပ်ခါ ပြောနေတာလဲ၊ မင်းက ဘာမှမဟုတ်ပေမယ့် မင်းပေးတာတွေနဲ့ ငါ့ရင်ဘတ်ထဲမှာ ဘယ်မိန်းမကိုမှ ထည့်လို့ကိုမရတော့ဘူး၊ အဲဒါ မင်းက ဘာမှ မဟုတ်ဘူးပဲလား ..''

''ပြာသို ..''

''မင်းကို ငါအရမ်းချစ်တယ် ..''

ရာရာ့ နှုတ်ခမ်းလေးတွေ ပွင့်ဟသွားသည်။ သူ့ကို မယုံနိုင်စွာမော့ငေးနေရင်း ခေါင်းခါငြင်းသည်။ ပန်ကာဒလက်တွေလို တဖြည်းဖြည်းကနေ သွက်သွက်ခါရမ်းလာခဲ့ပြီး ..၊

''မဖြစ်နိုင်ဘူး .. အဲဒါ မဟုတ်ဘူး ..''

ကိုင်ထားသည့် သူ့လက်တွေကို အတင်းဖြုတ်ချပစ်ကာ ရာရာ နောက်ဆုတ်ရပ်၏။

''ရာရာ အိမ်မက်မက်နေတာမဟုတ်ရင် ရှင် မက်နေတာပဲ .. ဒါမှမဟုတ်ရင် ရှင် ထမင်းလုံးတစ္ဆေခြောက်ခံနေရပြီ ..''

''ဘာပြောတယ် ရာရာ ..''

''ဟင့်အင်း ..''

သူ ရှေ့ထပ်တိုးတော့ ရာရာ က နောက်ထပ်ဆုပ်ကာ ..၊

''ရှင့်အချစ်ကို လက်ခံဖို့မပြောနဲ့ .. ရာရာ ရှင့်ပတ်ဝန်းကျင်မှာနေရဲတဲ့သတ္တိတောင်မရှိဘူး၊ အဲ့ဒါ ညာပြောနေတာမဟုတ်ဘူး၊ ရင်ထဲမှာရှိတဲ့အတိုင်းပဲ ..''

မျက်ရည်တို့သည် မျက်ဝန်းမှာ အကြောင်းမဲ့နေရာယူနေကြလျက် မျက်တောင်ပြင်းပြင်းဖိခတ်လိုက်တာနဲ့ ခုန်ချကြဖို့ အချိန်မရွေးအဆင်



သင့် ..။

''ရာရာ .. ရာရာ့ ကို အားလုံးမုန်းတီးကြတာ၊ လက်တို့ခိန့်ခေါ်ကြတာ .. လူထုထုမှာ အရှက်ခွဲချင်ကြတာ ..၊ အဲ့ဒါတွေက ရှင့်ကိုချစ်တဲ့မိန်းမတွေပဲ၊ ရာရာ ဘာမှမသိလိုက်ခင်မှာ သူတို့တွေ မျိုးစုံပစ်ခတ်ကြတဲ့ လက်နက်တွေနဲ့ ..''

''ရာရာ .. မင်းကို ကိုယ် အဲဒါတွေနဲ့ပတ်သက်ပြီး ..''

''မပြောပါနဲ့ .. ရှင်က ကောင်းကင်ကရွှေမင်းသားပါ၊ ရှင်နဲ့လိုက်ဖက်တင့်တယ်တဲ့မိန်းမတွေက ရှင့်ရဲ့ဘေးကို မတန်မရာရောက်လာတဲ့ ရာရာ့ ကို ကြည့်မရတာ သဘာဝကျပါတယ် ..''

''ကိုယ် ရည်းစားများခဲ့တာတွေအတွက် ဒဏ်ခတ်လိုက်တာလား ရာရာ ..၊ အဲဒီလိုနည်းနဲ့တော့ မနှိပ်စက်ပါနဲ့ ချစ်တဲ့စိတ်ဆိုတာ ..''

''ရာရာ လို မိန်းမရဲ့အချစ်က အဓိကကြီးပဲ ပြာသို .. အားဆေးသွင်းတယ်ဆိုတာလည်း ဆေးရှိန်ကိုလက်ခံနိုင်တဲ့အင်အားရှိမှ သွင်းလို့ရတာ၊ ရာရာ သူဌေးသမီးအဖြစ် နတ်ရေကန်ထဲကျသလို ဘွားခနဲထဖြစ်လာဖို့ ဘယ်တော့မှ စိတ်ကူးမယဉ်ဘူး၊ အဲဒါ သူဌေးကမွေးစားလို့ဖြစ်စေ၊ သူဌေးသားနဲ့ လက်ထပ်လိုက်လို့ဖြစ်စေ .. ဘာကြောင့်ဖြစ်ဖြစ် ..''

''ဒါဆို ကိုယ် သူဌေးသားဖြစ်နေတာက မင်းကို ဟန့်တားနေတာလား ..''

''ရှင် မဟုတ်ပါဘူး၊ ရာရာ အချစ်ကိုမွေးမြူဖို့ စိတ်ကိုမကူးခဲ့တာ၊ အဲဒါတွေက ခု ကြုံခဲ့ရတာတွေနဲ့ ရင်းနှီးလိုက်ရတော့ ပိုပြီးခိုင်မာသွားတယ်၊ ဒီလိုအဖြစ်ဆိုးမျိုးကို နောက်ထပ်ဘယ်တော့မှ မဖြစ်စေရဘူး..''

ရာရာ က ပြာသို့ မျက်နှာကို ရဲဝံ့စွာကြည့်၍ ..၊

''ဆင်းရဲတဲ့လူတွေကို ငွေရှိတဲ့လူတွေ နိုင်စားကြတာဟာ အဲ့ဒီမှာ ဆင်းရဲသမားက ချမ်းသာချင်နေလို့ပဲ ..၊ ရာရာ မဖြစ်မနေ ငွေလိုအပ်ခဲ့လို့ ဘဝ မာနတွေကို သူများနင်းချေတာခံခဲ့ရပြီးပြီ၊ ဒါမျိုးနောက်ထပ်မရှိစေရဘူး ..''

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို .. မင်းရဲ့သတို့သားအဖြစ် ကိုယ့်ကိုအသုံးချခံလိုက်တာ မင်းအတွက် သုံးပြီးတဲ့ တစ်ရှူးတစ်စကိုလွှင့်ပစ်လိုက်သလောက်ပဲပေါ့.."

ရာရာ ဟင်ခနဲဖြစ်သွားသည်။ ပြာသို့ မျက်နှာကို တောင်းပန်အားနာသောအကြည့်တို့နှင့် ငေး၍ ..။

"အဲလိုမဟုတ်ပါဘူး .. အဲ့ဒါတွေက အချစ်နဲ့မသက်ဆိုင်ပေမယ့် ရာရာ့ ဘဝမှာ မမေ့နိုင်လောက်တဲ့ ကျေးဇူးတရားတွေပါ၊ ပြာသို့ ကို ရာရာ ကျေးဇူးအရမ်းတင်ခဲ့တာ .."

"ကိုယ်လိုချင်တာ ကျေးဇူးတွေမဟုတ်ဘူး .."

ပြာသို က ပြောပြီးထိုင်ခုံမှာ ထိုင်ချလိုက်သည်။ ပြီးတော့ ရာရာ့ လက်ဖဝါးလေးကို လှမ်းဆွဲလိုက်ပြီး ..။

"ဒီမှာ ခဏထိုင် .."

"အ .."

ရာရာ က ခုံနဲ့အလှမ်းကွာနေသဖြင့် လက်ကိုဆွဲလိုက်တော့ ဒယိမ်းဒယိုင်ပြိုကျလာ၏။ ပြာသို က သူမကိုယ်လေးကို ဆီးဖွေ့ထားလိုက်ကာ..။

"မင်းနဲ့ ဒီမှာ အပြီးသတ်ဆွေးနွေးမယ် .."

"လွှတ်ပါ ပြာသို ရယ် .. အဲ့လိုကြီးမလုပ်ပါနဲ့ .."

ရာရာ ငိုသံလေးပါလာသဖြင့် သူ အသာလွှတ်ပေးလိုက်ကာ လက်ချင်းတော့ အတင်းဆွဲချိတ်ထားလိုက်၏။

"မင်းမသိပေမယ့် မင်းအတွက် ကိုယ် ဘယ်လောက်အလေးထား ဂရုစိုက်ခဲ့သလဲဆိုတာ ကိုယ့်နားက လူတိုင်းသိတယ်၊ အဲ့ဒါ ဘာဖြစ်လို့လဲ သိလား .. ကိုယ် ဘယ်သူ့ကိုမှ မင်းလောက်ဂရုမစိုက်ခဲ့လို့ .."

သူ့မျက်နှာကပ်လာတော့ ရာရာ တစ်ဖက်လှည့်ပစ်သည်။ ကန်ရေပြင်ရဲ့ အလယ်ကျွန်းဆွယ်လေးမှာ ဗီဒီယိုရိုက်နေကြတဲ့အဖွဲ့တွေရှိသည်၊ စုံတွဲတွေလည်း ပခုံးချင်းထပ်၊ ခေါင်းချင်းကပ်ပြီး ချစ်ခွန်းတို့တင်နေကြတာမြင်နေရ၏။

ထိုပြင် ကိုယ့်ဘေးမှာလည်း သစ်ပင်စိမ်းစိမ်းလေးတွေ ဝိုင်းရံနေ



ကာ၊ နောက်မှာ ပြာသို့ ကားက ရပ်ထား၏။ ပတ်ဝန်းကျင်တစ်ခုလုံးက ကိုယ့်အာရုံနဲ့ကိုယ် ရှိနေကြသည်။

ဘယ်သူ့ကို ဘယ်သူကမှ ဂရုစိုက်သတင်းထောက်မနေကြပေ .. ဒါပေမယ့် သူမ ခံစားနေရတာက ကိုယ့်ကို မျက်လုံးပေါင်းများစွာကြည့်နေကြသည်ဟု ..။

"ပြာသို့ ကို ကြိုက်ပြီး တကောက်ကောက်လိုက်နေတာ .. လူတိုင်းသိတယ် .."

"မျိုးရိုးစဉ်ဆက်က ဆင်းရဲကြတာပါ၊ ဒါကြောင့် သူဌေးသားကို အမိအရလိုချင်နေတာပေါ့ .."

"ပြာသို ကိုယ်တိုင် သူ့ကိုဆွဲထုတ်ပစ်လိုက်စမ်းပါ .."

နားထဲမှာ ပုံရိပ်တွေ စကားသံတွေက အဖန်တလဲလဲကြားယောင်နှိပ်စက်နေကြ၏။

"ရာရာ ကိုယ့်ဘက်ကိုလှည့်ကွာ .."

"ဟင့်အင်း .."

ပြတ်သားစွာ ငြင်း၍ ရာရာ ဆတ်ခနဲထရပ်လိုက်မိသည်။ ဒီသောကများကို သူမ ဘယ်တော့မှ မချစ် ..။

"ရာရာ .."

ပြာသို က လက်ကိုလှမ်းဆွဲလိုက်တော့ ရာရာ ခါးသီးစွာခါချပစ်လိုက်၏။

"ရှင် ချစ်တာတွေ ဘယ်လောက်ပြောနေနေ ရာရာ တုန်လှုပ်မှာမဟုတ်ဘူး ပြာသို၊ အဲ့ဒါ ဘာဖြစ်လို့လဲဆိုတော့ အချစ်ကို ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့လို့ပဲ .."

ပြောပြီး လှည့်ထွက်သွားလျှင် ပြာသို က လက်ကိုခပ်ကြမ်းကြမ်းဆွဲပစ်လိုက်ကာ မတ်တပ်ထရပ်လိုက်၏။

ချာခနဲ ပြန်ပါလာသည့် ရာရာ့ ကိုယ်လေးသည် ပြာသို့ ရင်ခွင်ထဲသို့ ထွေးခနဲပစ်ကျသွားခဲ့ပြီး ..။

www.burmeseclassic.com

www.burmeseclassic.com



"ပြာသို .. ဟင့်အင်း .. လွှတ် .."

အစမ္ပခြွေခဲ့သော အနမ်းများကြောင့် သွေးပျက်ရှက်ရွံ့ခြင်းသည် ရာရာ့ ပါးပြင်ပေါ်သို့ မျက်ရည်စက်တို့အဖြစ် ဝိုးဝိုးပေါက်ပေါက်ကြွေဆင်းလာကြ၏။

"ကိုယ်တောင်းပန်ပါတယ် .."

"ဟင့်အင်း .."

ရာရာ သူ့လက်ကိုပုတ်ချပစ်ကာ ထိုင်ခုံမှာထိုင်လိုက်ပြီး ဟီးခနဲ ငိုချပစ်၏။ ပြာသို က ဘေးမှာထိုင်လိုက်လျှင် ရာရာ က ဇွေ့ခနဲကျော နိုင်းထိုင်ပစ်၏။

ကလေးချင်းမခေါ်ကြသလို ပုံစံလေးကြောင့် ပြာသို ပြုံးလိုက်မိကာ ရာရာ့ ခါးလေးကိုနောက်ကနေ သိမ်းဖက်ထားလိုက်၏။

ဒါလည်း ရာရာ ဆတ်ဆတ်ခါတွန်းဖယ်ရုန်းနေလျက် ..

"ရာရာ မကြိုက်ဘူးသိလား၊ မကိုင်ပါနဲ့ .. ဟင့်အင်း ရာရာ ပြန်မယ် .."

"မပြန်ရဘူး .."

"ဘာ ..."

လူကိုအတင်းဆွဲဖက်ပစ်လိုက်သဖြင့် သူ့ရင်ခွင်ထဲမှာ ကျောလေးကပ်သွား၏။ တကယ်ဖမ်းချုပ်ခံလိုက်ရသလိုထင်ကာ ရာရာ ထိတ်လန့်သွား၏။

"ဒါ .. ဘာလုပ်တာလဲ၊ ရာရာ စိတ်ဆိုးမှာနော် .. လွှတ်ပေးပါ.."

"မတတ်နိုင်ဘူး .. မင်း မကြိုက်တာတွေ ကိုယ် ဖွတ်လုပ်ပစ်လိုက်မိတာ၊ ကိုယ့်ရှေ့ကို မင်း နောက်ထပ်ဘယ်တော့မှ ပြန်ရောက်လာမှာ မဟုတ်တော့ဘူး .. အဲဒါကြောင့် မပြန်ရဘူး .."

"ဘာပြောတယ် .. ဘယ်လို .."

"အစက ကိုယ်တို့ဆွေးနွေးဖို့အချိန်ပေးနိုင်တယ်၊ မင်း ကိုယ့်အတွက် ဘာမှမခံစားခဲ့ဘူးဆိုတာ သိလိုက်ရတော့ မပေးနိုင်တော့ဘူး .."



ပြောနေရင်း ပြာသို က လက်တစ်ဖက်ကနေ ဖုန်းထုတ်ကိုင်လိုက်ကာ ..၊

"စိုးထက် .. သူ့ အစ်ကိုကို ပြောလိုက်တော့ သူညီမကို ငါခိုးသွားပြီလို့ .."

"အို .. မဟုတ်တာတွေ .."

ရာရာ ဖုန်းကိုအတင်းလိုက်လုကာ ..၊

"ပြာသို အဲ့လိုမလုပ်ပါနဲ့ .. ရာရာ့ ကို သနားပါဦး၊ မလုပ်ပါနဲ့ တောင်းပန်ပါတယ် .."

"မရတော့ဘူး .. ခုလောက်ဆို ဟိုကောင်ဖုန်းဆက်နေပြီ .."

ရာရာ လိုက်လုနေသဖြင့် လက်ချင်းတိုက်ကာ ဖုန်းကပြုတ်ကျသွား၏။ ပြာသို က ဖုန်းကိုပြန်မကောက်ဘဲ ရာရာ့ ပခုံးလေးကို အတင်းဖက်ထားလိုက်ပြီး ..၊

"မေမေတို့က သမီး သွားတောင်းတော့ မင်း လက်မခံဘူးလေ ဒါကြောင့် အခု ခွေးမသွားတောင်းကြလိမ့်မယ် .."

"ရှင် .. လျှောက်လုပ်မနေနဲ့ သိလား၊ အဲ့ဒီလိုလုပ်တာတွေ လူကြီးတွေကြိုက်မှာမဟုတ်ဘူး၊ ရှင့်အမေတွေကလည်း .."

"မေမေနဲ့ ကိုယ် အဆင်မပြေဖြစ်ကြတော့ .. လေးလေးကျော် က ဘာပြောလဲသိလား၊ လူကြီးတွေက ပညာတွေထပ်စုံအောင် သင်ပြီးမှ တခမ်းတနား လက်ထပ်ပေးဖို့ကြိုးစားတာကို မင်းတို့တစ်ယောက် တစ်မျိုးစီတစ်လွဲတွေလုပ်နေကြတာတဲ့၊ အဲ့လောက်ဖြစ်နေရင် ခေရှုအောင် သွားခိုးတဲ့ .."

ဟင် ..၊

ရာရာ တစ်ချက်ငိုင်သွားတုန်း နှုတ်ခမ်းချွန်ချွန်လေးကို ပြာသို က မနာအောင်ဆွဲလိမ်ပစ်ထိုင်ကာ ..၊

"ပြောသေးတယ် .. တစ်ခါတစ်လေ လုပ်သလိုဖြစ်ရင် ဖြစ်သလို လုပ်ပစ်လိုက်ရတယ်တဲ့ .."

www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ အုပ်ထိန်းသူတွေ ကိုယ့်ဆီကို စိမ်ကိန်းကြီးနဲ့ ရောက်လာကြတာ မဟုတ်ဘူးလား ..။

"ရာရာ ကိုယ့်ကိုစိတ်ဆိုးနေလား .."

"စိတ်မဆိုးပါဘူး .. ပြဿနာတစ်ခုကို အဲလိုကြီးဖြစ်သလိုဖြေရှင်းတာတော့ မကြိုက်ဘူး ပြာသို ရှင် ဘာလုပ်လုပ် တင့်တယ်နေရင်တောင် ရာရာ က မိန်းကလေး .."

"ကိုယ့်ဇနီးဖြစ်သွားရင် မင်းလည်းဘာလုပ်လုပ် တင့်တယ်သွားမှာပါ .."

"အဲ့လိုပြောတာမဟုတ်ဘူး၊ အခု ရာရာ ပြန်ပါရစေ .. နောက်မှ.."

"အဟွန်း .."

ပြာသို က ပန်းတွေလှုပ်အောင်ရယ်ကာ ရာရာ့ မေးဖျားလေးကို လက်သီးဆုပ်နဲ့ ကပ်တွန်းပစ်၏။ ပြီးတော့ ..။

"လူလည်ကျဖို့ကြိုးစားမနေနဲ့ ..၊ မင်းကိုယ့်ကို နည်းနည်းလေးမှ ထည့်မတွက်ခဲ့ဘဲနဲ့ ခုမှ အချိုသပ်ပြီးတော့ .."

"ဟင့်အင်း .. မဟုတ်ဘူး .."

"ဟုတ် .. ဟုတ် .. မဟုတ်ဟုတ် .."

"ပြာသို .. ရာရာ အိမ်ထောင်ပြုဖို့ ဘယ်တုန်းကမှကို မတွေးဘူးတာ၊ ဘယ်လိုလုပ် အဆင်သင့်ဖြစ်မှာလဲ .. လွှတ်ပါ .. ရာရာ ပြန်ပါရစေ .."

"မပြန်ရဘူးဆိုမှကွာ .."

"ရှင့်ကို မချစ်ပါဘူးလို့ ဒီလောက်ပြောနေတာ ရှင် လက်ထပ်ရဲလို့လား၊ ရှင်နဲ့ ရာရာ မချစ်ကြဘဲနဲ့ .."

"ကိုယ် သင်ပေးမယ် .."

ပြာသို က နည်းနည်းလေးမှ လျှော့မပေးဘဲ ဖုန်းလာတော့လည်း ကောက်မကိုင် ..။

ဘယ်ကဖုန်းလဲလို့ အောက်ကျနေသည့်ဖုန်းကို ရာရာ ငုံ့ကြည့်



ပေမယ့် သူက မကြည့်ဖြစ်အောင် အတင်းဆွဲဖက်ထားတာ ..။

"ကြိုးစားမနေနဲ့ .. မင်းကို ခုတစ်ခါတည်း ခိုးပြေးမလို့ ဆုံးဖြတ်ပြီးသား .."

"ဒါဆို ရှင် ရာရာ့ ကို အနိုင်ကျင့်တာပဲ .."

"ချစ်တာမှန်းသိအောင် ကိုယ် သက်သေပြနိုင်တယ် .."

ရာရာ သူ့ကိုကြည့်နေရင်း ကိုယ့်အဖြစ်ကို နားလည်လာတာ၊ နောက်ထပ် ငိုပွဲဆင်းရလေသည်။ ရင်ထဲမှာ အဆမတန်ကြေကွဲမိရတာက သူ့ကို သူမ မယုံနိုင်ခြင်းကြောင့် ..။

"ကလေးကိုမုန့်ပေးကြိုက်နေရသလိုပဲကွာ .. မင်း ကိုယ့်ကို နည်းနည်းလေးတောင် သံယောဇဉ်မဖြစ်ခဲ့ဘူးလား .."

"သံယောဇဉ်ရှိတာနဲ့ပဲ လက်ထပ်လို့ရရောလား .."

"ရတယ် .."

"ဟုတ်တယ် .. မရှိဘူး .."

"ဟား .. ဟား .. ဟား .."

"ရှင်နော် .."

ပြာသို က ရာရာ့ ပါးလေးနဲ့ သူ့ပါးကပ်ထားပြီး ရယ်နေတာမပြီးနိုင် ..။

"ကိုယ့်ကို မင်းမယုံတာမို့လား .."

"ရာရာ ကိုယ့်ကိုယ်ကိုယ်လည်း မယုံဘူး၊ ရှင်နဲ့ ရာရာ တို့က လက်ထပ်လိုက်ရင် ဘယ်သူမှ စိတ်ချမ်းသာရမှာမဟုတ်ဘူး ပြာသို .."

"ချမ်းသာပါတယ် .."

"ဘာ .."

"မင်း ကိုယ့်နားမှာရှိရင် ကိုယ့်လောက် စိတ်ချမ်းသာတာ ဘယ်သူရှိမှာလဲ .."

"သြော် .. ရှင့်ကျတော့ .."

"မင်းကိုလည်း ကိုယ်ပျော်အောင်ထားနိုင်တယ် .."

www.burmeseclassic.com

www.burmeseclassic.com



ရာရာ မျက်နှာလေး သနားစဖွယ် ငိုင်ကျသွားတော့ သူမရဲ့ပါးပြင်လေးကို အယုတယပွတ်သပ်ပေးမိကာ ..။

"စိတ်ညစ်သွားတာလား .."

ရာရာ မဖြေဘဲ တစ်ဖက်လှည့်ပစ်၏။ ပြာသို က အတင်းပြန်လှည့်ယူ၍ ..။

"မင်းကို ကိုယ်ကချစ်နေဖို့ပဲလိုတာ ရာရာ .. သောကဒုက္ခတွေနဲ့ လုံးထွေးသတ်ပုတ်လာခဲ့ရလို့ အချစ်က မင်းအတွက်ဘာမှန်းမသိပေမယ့် ကိုယ့်အချစ်တွေနဲ့ မင်းဆီက အချစ်ကို သိမ်းပိုက်နိုင်တယ်၊ ပြီးတော့ မင်းဘဝကို အကောင်းဆုံးတွေဖြစ်လာအောင် ကိုယ် ဖန်တီးပေးချင်တယ် .."

ရာရာ မျက်လွှာလေးပင့်ကြည့်လာ၏။ ဒါပေမယ့် သူ့စကားတွေကြောင့် ဝမ်းသာအားတက်သွားတာမျိုးမဟုတ်ဘဲ စိတ်လျှော့၍ ခြေကုန်လက်ပမ်းကျခဲ့တာမျိုး ..။

သူ ရာရာ မျက်နှာလေးကို နီးသထက်နီးအောင် တိုးကပ်စိုက်ကြည့်ရင်း ..။

"မင်းလို မိန်းကလေးမျိုး ကိုယ် ထပ်မရနိုင်တော့ဘူး၊ လှတိုင်းချမ်းသာကြွယ်ဝခြင်းကိုပဲ အလိုရှိနေကြတာမဟုတ်ပါဘူး၊ ကိုယ့်မိဘတွေလည်း စာနာတတ်တဲ့လူတွေပါ၊ ကိုယ်က မြတ်မြတ်နိုးနိုးချစ်တတ်တယ်၊ မင်းနဲ့ကျမှ မြတ်နိုးတတ်ခဲ့သလို မင်းကိုပဲ မြတ်နိုးချင်တာ၊ ဘာဖြစ်လို့ မယုံမကြည်တွေဖြစ်နေတာလဲ .."

"ဟင့်အင်း .."

ဘာမှ ပြန်မဖြေတော့ဘဲ ရာရာ ခေါင်းပဲခါ၏။ ပြီးတော့ မျက်နှာလွှဲပစ်သည်။

"ဒီတစ်ခါ ဟင့်အင်းဆိုရင်တော့ ဒီကားရဲ့ဟိုဘက်လမ်းလယ်ခေါင်ခေါ်သွားပြီး အကြာကြီးဖက်နမ်းပစ်မယ် .. ဘယ်လိုလဲ .."

"ဟင် .."

"ကိုယ့်ကို လက်ထပ်မယ်မို့လား.."



"ဟင် .."

"လာ .. ထ .."

"အို .."

'ဟင့်အင်း' ပြောမလို့ပေမယ့် စကားမဆုံးသေးဘဲ ပြာသို လက်ကိုဆွဲလိုက်ပြီး ထရပ်ဖို့ပြင်သဖြင့် ရာရာ အလန့်တကြားပြန်ရုန်း၏။

ပြာသို က ခပ်တည်တည်မျက်နှာနှင့် အနားကပ်လာပြီး ..

"ထပ်မေးမယ် .. ကိုယ့်ကို လက်ထပ်မှာလား .."

"အခု .. နိုးမပြောဘူးဆိုရင်လေ .."

"ကိုယ်ကလည်း မင်းကိုမှမယုံတာ .."

"ရာရာ ကတိပေးပါ့မယ် .."

"မင်းအစ်ကိုနောက်လိုက်သွားပြီး ကိုယ်ယောင်ပျောက်သွားရင် ကိုယ် ဘယ်လိုလုပ်ရမလဲ .."

"မလိုက်တော့ဘူး .."

"တကယ်လား .."

ရာရာ ခေါင်းလေးညိတ်ပြတာ သေလုမျောပါး ..။

ထို မျက်ဝန်းလေးတွေကို စူးစိုက်ကြည့်ရင်း ပြာသို ရင်ခုန်သံတွေ မြန်နေတာ ကိုယ့်ကိုယ်ကိုယ် သိနေသည်။

ပြီးတော့ သူမ မျက်နှာလေး ကိုယ့်ဘက်ယိမ်းလာအောင် လက်လေးကို ဆွဲယူလိုက်ပြီး ..။

"မင်း ပါးတစ်ဖက်မှာ ပါးကွက်လေးပျက်နေပြီ .."

"ဟင် .."

"ကိုယ်နမ်းတာမဟုတ်ဘူးနော် .. မင်း မျက်ရည်တွေကြောင့် .."

ရာရာ ထိတ်ထိတ်ပျာပျာဖြစ်သွားပုံလေးနှင့် ပါးနှစ်ဖက်ကို လက်ဖဝါးလေးတွေနဲ့ သေချာအုပ်စမ်းနေ၏။ ပြီးတော့ ရှက်သွေးဖျန်းလာကာ ပါးပြင်လေးတွေ ရဲတက်လာကာ ..။

"ဒုက္ခပါပဲ .."

www.burmeseclassic.com

www.burmeseclassic.com



"ဘာဒုက္ခတာလဲ .. ဘက်ညီသွားအောင် နောက်တစ်ဖက်ကို ဖျက်ပေးမယ် .."

"အင်း .. ဖျက်ပေး .."

ရာရာ က သူမ အိတ်အဖြူလေးထဲက တစ်ရှူးထုပ်လေးထုတ်နေတော့ ချစ်ရသူလေးကို မြတ်နိုးမဝစွာကြည့်မိ၏။ ပြီးတော့ တစ်ရှူးပေးသည့် သူမလက်လေးကို ထပ်ဆုပ်ကိုင်ထားလိုက်ပြီး ...၊

"သနပ်ခါးဖျက်ပေးဖို့ တစ်ရှူးမလိုဘူး .."

"ဟင် .. အာ .. မလုပ်နဲ့တော့ .."

ရာရာ ရှောင်လိုက်ပေမယ့် သူ့ရင်ခွင်ထဲမှာမို့ သူပဲအနိုင် ...။

ကိုယ်ဟာ အချစ်နဲ့စိမ်းသက်ခဲ့ပေမယ့် အနမ်းတွေကတော့ နွေးနေခဲ့၏။

ရင်ခွင်သည်လည်း နွေးနေသော်ငြား သူမရင်ထဲမှာတော့ တလှပ်လှပ်တုန်ယင်အေးခဲနေခဲ့သည်သာ ...၊

ဤသို့ နွေးစေအေးစေခြင်းကို ဘယ်လိုရာသီလို့ခေါ်ပါသနည်း...၊

ဒါပေမယ့် ရင်ခုန်သံတွေက အဲ့ဒီမှာစခဲ့တာတင်သည် ...၊

သူ မကြားပါစေနဲ့ ...၊

လရောင်ကျူးရင်